www.burmeseclassic.com

# တက္ကသိုလ်စိန်တင်

## သီပေါဘုရင်နှင့် စုဖုရားလတ်



နံ့.သိုင်းမောင်ကျော်ညွှန့်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သီပေါဘုရင်နှင့်စုဖုရားလတ်

တက္ကသိုလ်စိန်တင်

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၂၀၀၅-ခုနှစ်၊ ဖွန်လ၊ အားမာန်သစ်စာပေ၊ အုပ်ရေ-၂၀၀၀

စာမူခွင့်ပြုချက်

၁၀၃၂/၂၀၀၄(၉)

မျက်နှာဖုံး ခွင့်ပြုချက်

၅၀၀၂၂၉၀၅၀၃

မျက်နှာဖုံးပန်းချီ

ပန်းချီမောင်ကျော်ညွန့်

မျက်နှာဖုံးပုံနှိပ်

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်

အမှတ်-၈၆(ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့၊

စာအုပ်ချုပ်

ပပစိုး၊ ဦးစိုးမြင့်

စာအုပ်ရောင်းဈေး

2200 ကျပ်

ဤစာအုပ်ကို တက္ကသိုလ်စိန်တင်(မြ၊၀၁၀၉၆)၊ ဩောင်ရမ်းစာအုပ်တိုက်၊ မိုးမခမြိုင်၊အမှတ်-၁၁၅၇/၁၁၅၈၊မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးဇော်မင်း၊ ဝိဇ္ဇာဒ် ပုံနှိပ်တိုက်၊ အမှတ် (၁၉၇)၊ ၃၃ လမ်း (ထက်)၊ ရန်ကုန်က ပုံနှိပ်သည်။

# သီပေါဘုရင်

# နှင့်

# စုဖုရားလတ်

## တက္ကသိုလ်စိန်တင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက္ကသိုလ်စိန်တင်နှင့်ဆက်သွယ်ရန်လိပ်စာသစ်


မိုးမခမြိုင်၊ အမှတ်-၁၁၅၇/၁၁၅၈၊
မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။
ဖုန်း - ၅၈၀၄၅၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင်ဓာတ်ပုံများ



(၁) မာရ်အောင်ရတနာစေတီ၊ ရှုခင်းမှာအလွန်တင့်တယ်ဘွယ်ကောင်းမြင်ခဲ့ကြည်


ပေါ်ဘုရင်မင်းမြတ်၏ ကုသိုလ်တော်၊ မာရ်အောင်ရတနာစေတီ၊

ကပ်မြင်ကွင်းမှာ၊ ရှုင်းသန့်ကြည်လင် ဖူးချင်စဖွယ်၊ ထယ်ဝါခဲ့ညားလှဘိ၊

5/13/05, 9:30 AM

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၂) ကြည်ညိုဖွယ်ဘုန်းရှိန်ကြွ မြတ်ဗုဒ္ဓရုပ်ပွားတော်၊ ဦးခိုက်ပူးမြော်
သီပေါဘုရင်မင်းမြတ်ကုသိုလ်၊ မာရ်အောင်ရတနာစေတီတော်၊ အာ[illegible]
တန်ဆောင်းအတွင်းမှ၊ မြတ်ဗုဒ္ဓမတ်ရပ်ရုပ်ပွားတော်မှာ၊ သပ္ပာယ်လှ၏။



[illegible]၁) ထန်းပင်နှင့်ဘုရား၊ တိမ်သားကပြာလဲ့ရီ၊
မာရ်အောင်ရတနာစေတီ

[illegible]လေးရတနာနေပြည်၊ ပြင်ဦးလွင်သွား၊ ကားလမ်းဘေးမှ၊
[illegible]ပေါဘုရင်မင်းတရား၏ ကုသိုလ်တော်၊ မာရ်အောင်ရတနာစေတီ[illegible]
[illegible]ဘေးမြင်ရှုခင်း။

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၄) စေတီတဲ့ "လောကရန်နိမ့်"ဘွဲ့မည်တော်ထင်ရှား ဝပ်ကြွားဘုန်းရှိန်

မန္တလေးရတနာပုံနေပြည်တော်၊ သီပေါဘုရင်မင်းမြတ်၏ ကုသိုလ်တော်

ဆောက်တောင်းပြည့်၊ မဟာလောကရန်နိမ့်စေတီ အနီးမြင်ရှုခင်း။



ပုံ ၅) ကြေးဆင်းတုရုပ်ပွားတော်၊ ဖူးမြော်၍ကြည်နူး

ဆုပန်သူဆန္ဒထူး၊ ပြည့်ဝစေဦး

သီပေါဘုရင်မင်းမြတ် ကုသိုလ်တော်၊ မဟာလောကရန်နိမ့်စေတီ

ဘုရားခံတန်ဆောင်းအတွင်းမှ၊ ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်မှာ

ဆုတောင်းပြည့်အောင်တော်မူစေတီဟု ကြည်ညိုသဒ္ဓါပွားလျက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံ(၆) တိမ်ပြာနှင့်သစ်ပင်၊ အမြင်မှာလွန်တင့်ဆန်း၊ လွမ်းဖွယ်ရုပ်ဆ
မန္တလေးရတနာပုံနေပြည်၊ သီပေါဘုရင်မင်းမြတ်၏ ကုသိုလ်တော်
မဟာလောကရန်နှိမ်စေတီတော်၏၊ လွမ်းစဖွယ်မုခ်ဦးရှုခင်းအလှ။



(ပုံ ၇) သီဟာသနနန်းပလ္လင်၊ ဆင်းရွှေရောင်ထိန်ထိန်ဝင်း၊
လင်းလက်အစဉ်

သီပေါဘုရင်မင်းတရား၊ စံမြန်းခဲ့သော၊ သမိုင်းဝင်၊ သီဟာသနပလ္လင်၊
ရန်ကုန်မြို့၊ အမျိုးသားပြတိုက်တွင် အများပြည်သူတို့ လေ့လာနိုင်ရန်
ထားသည်။

www.burmeseclassic.com

5/12/05, 5:33 PM

www.burmeseclassic.com



ပုံ(၈)ကိန္နရာကိန္နရီအသွင် ဘုရင်နှင့်မိဖုရား၊

မင်းမြောက်တန်ဆာဝတ်ဆင်၊ အလွှန်ပင်ခံ့ညား

သီပေါဘုရင်နှင့်၊ မိဖုရားခေါင်ကြီးစုဖုရားလတ်တို့ မင်းမြောက်တန်ဆာ
ဝတ်စုံဆင်ယင်လျက်၊ ခံ့ညားတင့်တယ်လှသည့်အသွင်။




နန်းရှေ့ကအမြောက်စင်၊ နယ်ချဲ့ရန်ကာကွယ်ရေး၊


မနေ့အာသင့်မြင်

ဘုရင်၏နန်းတော်ရှေ့က၊ အမြောက်ကြီး၊ တကယ်တန်းဗြိတိသျှ
ဝံတပ်ကြီး ချီတက်လာသောအခါ မီးခိုးတိတ်ဆိတ်ငြိမ်လျက်။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၂) မိုးထက်မြင့်နန်းဆောင်တော်၊ ရွှေဘုန်းရှိန်အလွန်မြင့်၊
တင့်လှပေကျော်


မန္တလေးရတနာပုံနေပြည်၊ မြနန်းစံကျော်ရွှေနန်းတော်ကြီး၏၊ မိုးေ
ကင်သို့၊ လွင့်ပျံတက်မည့်အသွင်ရှုခင်း။

ပုံ(၁၃) လှပတဲ့ မဟေသီဆောင်၊
ပြာသာဒ်ချွန်ရွှေရောင်လွှား၊ ခံ့ညားထိပ်ခေါင်

မန္တလေးရတနာပုံနေပြည်တော်၊မြနန်းစံကျော်ရွှေနန်းတော်အတွင်းမှ
ဘုရားခေါင်ကြီးစုဖုရားလတ်၏ ခံ့ညားလှပသည့် မဟေသီဆောင်။

www.burmeseclassic.com

www.burmeseclassic.com



(၁၄) မှန်နန်းဆောင်ပလ္လင်္ကာတင်၊ ရောင်ပျံ့နှင့်ဆင့်ခြယ်၊ လှပါဘိတယ် သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး၊ စုဖုရားလတ်တို့၊ စံမြန်းရာ မှန်နန်းတော်ဆောင်၏၊ ပြိုးပြိုးပြက်ပြက် ဖြိုးဖြိုးလက်နေသောအလှ။




၁၅) ဘုရင်နှင့်မိဖုရား၊ ထင်ရှားတဲ့သမိုင်းပန်းချီ၊ ခံ့ညားလှသည် လေးရတနာပုံနေပြည်၊ သီပေါဘုရင်မင်းမြတ်၏ကုသိုလ်၊ မာရ်အောင် ဘနာစေတီတော် အာရုံခံ တန်ဆောင်းအတွင်းမှ၊ တင့်တယ်ခံ့ညား သော၊ သမိုင်းဝင်ပန်းချီကားရှေ့တွင်။




www.burmeseclassic.com

www.burmeseclassic.com



(၁၆) ဂေါဝိန်ဆိပ် ထိုသမိုင်း ရှိင်းခဲ့တဲ့ရာဇဝင် ကြုံခဲ့ဖြစ်အင်


သီပေါဘုရင်နှင့် စုဖုရားလတ်တို့ ပါတော်မူခရီးအစ၊ မန္တလေးမြို့၊ ဂေါဝိန်ဆိပ်ကမ်း။



(၁၇) စုဖုရားမဟေသီ၊ နန်းမြင့်ပေါ်မျှော်ကာမှန်း၊ ရင်ကွဲမိးခဲ့ပြီ ဘုရားခေါင်ကြီး အဂ္ဂမဟေသီစုဖုရားလတ်သည်၊ ဤနန်းမြင့်ဆောင် ပေါ် တက်ကြည့်စဉ်၊ ရောဝတီဆိပ်ကမ်းမှ ဗြိတိသျှစစ်သင်္ဘောများကို မြင်၍၊ ရင်ကွဲမိးသည်းခိုက်ခံစားခဲ့ရသော မှတ်တမ်းရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



(၁၈) မြန်မာနိုင်ငံ တံဆိပ်တော်၊ တိုင်းပြည်ပေါ်
လွှန်ထင်ရှား၊ ခံ့ညား၍ကျော်

သီပေါဘုရင်မင်းတရား၏ အမိန့်တော်မှတ်တမ်းများတွင်၊ ထင်ထင်ရှားရှား ခပ်နှိပ်ခဲ့သော၊ မြန်မာနိုင်ငံတံဆိပ်တော်။





(၁၉) မြတောင်တိုက်အလှူတော်ရှင်၊
ကေရီစုဖုရားမှတ်သားကြွအစဉ်

ရားခေါင်ကြီး စုဖုရားလတ်၏ကုသိုလ်တော် မန္တလေးရတနာပုံနေ
ည်တော်၊ မဏိရတနာရာမ၊ မြတောင်စာသင်တိုက်ကြီးသည်
နှင့်ထက်မြက်ကျော်ကြားသော၊ စာတတ်အကျော်၊ သံဃာတော်
ပေါ် ထွန်းရာကျောင်းတိုက်ကြီးအဖြစ် ထင်ရှားခဲ့သည်။

5 11/05, 12:48 PM


www.burmeseclassic.com

www.burmeseclassic.com



(၂၀) သင်္ခီရသားကောင်၊ ရှောင်ပေ၍မရ၊
တစ်ချိန်မှာသည်ဘဝ ကြုံကြရမည်ပ

တစ်ရာ့တစ်ပါးသော၊ ထီးဆောင်းမင်းတို့၏ အရှင်၊ ရေမြေသနင်း
သီပေါဘုရင်မင်းမြတ်သည်၊ အိန္ဒိယနိုင်ငံ၊ ရတနဂီရီမြို့ဝယ်၊ နတ်ရွာစံ
ခဲ့ရာ၊ ဤသို့ မလှမပ အုတ်ဂူ၌ မြှုပ်နှံခံရရှာ၏။



၂၁) စုဖုရားလတ် အုတ်ဂူမှာ ရွှေတိဂုံခြေတော်ရင်း
ဝပ်စင်းတည်ကာ

ဘုရားခေါင်ကြီး စုဖုရားလတ် ရန်ကုန်မြို့တွင် နတ်ရွာစံသော အခါ
ရွှေတိဂုံစေတီတော်ခြေရင်း၊ ဦးဉတ္တမပန်းခြံ၌ ဂူသွင်းသဂြိုဟ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၂) နှစ်ဆယ်ရာစုကုန်ဆုံးချိန်၊ နေပူရှိန်လျော့ဆင်း။ အလင်းဖျော့

နှစ်ဆယ်ရာစုကုန်ဆုံးသော ၃၁-၁၂-၁၉၉၉နေ့၊ မန္တလေးရတနာ
နေပြည်တော်၊ မြနန်းစံကျော်ရွှေနန်းတော်၊ နန်းမြို့ရိုး မှ၊ ရာစုနှစ်
နောက်ဆုံးနေဝင်ချိန်အလှ။




၂၃၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့ကိုဖြင့်
ယနေ့တိုင်ပါပြီ၊ မမေ့နိုင်ပါသည်

ဩဂုတ်ဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက်နေ့၊ မန္တလေး
ဝိန်ဆိပ်ကမ်း အရှင်နှစ်ပါးပါတော်မူခဲ့သော၊ ထိုရှုခင်းမှာ၊ သည်း
မ်းဖြေမဆည်နိုင်စရာ။

www.burmeseclassic.com

www.burmeseclassic.com





(၂၄) စလေဒင် လျှင်ပါပေ့လား၊ မြန်မာပြည်မြေသို့
ယွန်းအောင်၊ တွန်းခဲ့သူ...

ဗြိတိသျှစစ်ဗိုလ် ကပ္ပတိန်စလေဒင်သည်၊ ၁၈၈၅ ခုနှစ်တွင် ဗိုလ်မှူး... စလေဒင်အဖြစ်၊ သီပေါဘုရင့်နန်းတော်သို့ဝင်ကာ၊ မြန်မာပြည်သိမ်းတော်... ကို ဦးစီးခဲ့ပြီး၊ နောက် (၄)နှစ်အကြာ၊ ၁၈၈၉ ခုနှစ်တွင်၊ ကွယ်လွန်ခဲ့သည်...

(၂၅) သမိုင်းတွင်ထင်ရှား၊ ကျော်ကြားတဲ့ကင်းဝန်၊ ပြည့်လူရည်ချွန်၊

...၇၇ ခုနှစ်တွင်၊ မြန်မာ့ဦးစွန်း၊ မြေသို့ယွန်းခဲ့၍ ထိုသက္ကရာဇ် ကို၊ ...ရလွယ်အောင်၊ 'ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်'ဟု အဆိုပြု... ၏။ ကင်းဝန်မင်းကြီးဦးကောင်းမှာ မြန်မာ့သမိုင်းတွင်၊ ထင်ရှားခဲ့... သော၊ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည်ကို မငြင်းနိုင်ကြ။

www.burmeseclassic.com

www.burmeseclassic.com





(၂၆) ဘီရိုပေါ်မှာ မောင်နံ့တင်လို့ ဆောင်ပုံအရှင် ဇာတာနွှမ်း
မြန်းရှုရာလေသည် (ရွှေတိုင်ညွှန့်ရေး၊ စိန်ပါတီဆို၊ ပါတော်မူသီးချင်း

မန္တလေးရတနာပုံနေပြည်၊ မြနန်းစံကျော်၊ ရွှေနန်းတော်ပြတိုက်အတွင်း
မှ သီပေါဘုရင်နှင့်စုဖုရားလတ်တို့ ပါတော်မူစဉ်၊ စီးခဲ့သောဘီရိုလှည်းပုံ

(၂၇) သမိုင်းတွင်ထင်ရှား ဦးပိန်တံတားအမည်၊ လေ့လာသူ
အလွှန်များ စည်ကားလှသည်

...လေးရတနာပုံနေပြည်သို့ရောက်သော်၊ တောင်သမန်အင်းက၊
...ိတံတားကိုမရောက်သေးလျှင်၊ မန္တလေးရောက်သည်၊ မမည်အုံ
...ဟုတ်ပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



(၂၈) ကနောင်မင်းသမိုင်းစဉ်၊ အောင်ပင်လယ်

သည်ကန်ဦး၊ ထူးတဲ့ရာဇဝင်

သီပေါဘုရင်နန်းမတက်မီကာလ၊ အိမ်ရှေ့စံကနောင်မင်းသား၊

ရေမြုပ် ဝုံးစမ်းသပ်ဖောက်ခွဲခဲ့သော အောင်ပင်လယ်ကန်

## တက္ကသိုလ်စိန်တင်၏ ထုတ်ဝေပြီးစာအုပ်များ

၁။ နှင်းမှုန်ကြားမှ တပ်နီတော်
၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်
၃။ ဟစ်တလာ၏ သစ္စာကေရီ
၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
၅။ ရဲဘော်သုံးကျိပ်မော်ကွန်း
၆။ ငွေခေါ်းပိုလ်
၇။ အန္တရာယ်တောင်ကြား
၈။ နွေမင်းသားနှင့် ဆောင်းကေရီ
၉။ ကံ့ကော်မြိုင်တန်း လွမ်းပန်းဝေဝေ
၁၀။ နန်းကျဘုရင်သီပေါ
၁၁။ အကျဉ်းခံသီပေါ
၁၂။ မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ
၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
၁၄။ ၁၉၇၃ အာရပ်-အစ္စရေး သဲကန္တာရစစ်ပွဲ
၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
၁၆။ ကေရီစုမှရား
၁၇။ မုန်တိုင်းဗိုလ်ရဲခင်
၁၈။ အိုဘယ့်အနော်ရထာ
၁၉။ ပုဂံမှာ ကျန်စစ်သား
၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို

www.burmeseclassic.com

www.burmeseclassic.com

၂၁။ သိင်္ဂီဆောင်အခန်းအမှတ် (၃)
၂၂။ မိန်းမချောကလေးများ မချစ်ရ
၂၃။ ထို့ကြောင့် မိန်းမဟုခေါ်သည်
၂၄။ စတီရီယိုမင်းသမီး
၂၅။ ကျွန်ုပ်တော်တို့အမေ
၂၆။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်
၂၇။ ပခုက္ကူဦးအုံးဖေ
(ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ)
၂၈။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း
၂၉။ မြန်မာ့တော်လှန်ရေးအာဇာနည် ပုဂံဗိုလ်ချို
၃၀။ ပုဂံရှာပုံတော်-၁
(နရသီဟပတေ့မင်း၊မိဖုရားစောလုံနှင့်မိဖုရားဖွားစော)
၃၁။ မြင်ကွန်းနှင့်ကနောင်
၃၂။ ပုဂံရှာပုံတော်-၂
(အနန္တသူရိယ၊ နရပတိစည်သူမင်းနှင့် ဝေဠုဝတီမိဖုရား)
၃၃။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ၊
စိမ့် (ပညာရေး)နှင့် ပူးပေါင်းရေးသည်။
၃၄။ သီပေါဘုရင်နှင့်စုဖုရားလတ်

စာအုပ်ပြုစုသူ၏ အမှာစာ

# အရှင်နှစ်ပါးရှာပုံတော်

တက္ကသိုလ်စိန်တင်

(၁)

'ရက်ရွေးမနေပါနဲ့ ကိုကိုရယ် + + +
အသက်ကလေးရယ်တဲ့ ရှည်စေလို + + +
မြနန္ဒာရေညို့သန်းတယ် + + +
မန်းတောင်ရိပ်ခို'

စာရေးဆရာတက္ကသိုလ်စိန်တင်သည်၊ ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာ၊ လွတ်လပ်စွာဖြင့်၊ အသက်ရှည်ချင်သူဖြစ်လေသည်။ ထို့ကြောင့်၊ သူသည်၊ ရတနာပုံမန္တလေးမြို့သို့၊ သွားရောက်၍၊ 'အရှင်နှစ်ပါးရှာပုံတော်'ဖွင့်ရန် အကြောင်းကိစ္စရှိလာသောအခါ၊ ရက်ရွေးမနေတော့ဘဲ၊ စိမ့်(ပညာရေး)ကို လက်ဆွဲကာ ဆရာကြီးနန်းတော်ရှေ့ဆရာတင်၏၊ အထက်ဖော်ပြပါ 'မြနန္ဒာ'သီချင်းကို သိဆိုရင်း၊ မန္တလေးရွှေမြို့တော်သို့၊ အပြေးအလွှားရောက်သွားခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့မန္တလေးမြို့ကြီးရယ် ပတ်လည်ဆို့ ---
မှိုင်းပြာပြာမှုန်ဝေဝေ၊ ရေဇလာနဒီမြစ်ညို့ ---
ဧရာဝတီက၊ အလျှံဝင်းပြောင်ညီးတဲ့---
ရန်ကင်းတောင်ကြီး အမြဲခို + - +
ဆရာကိုနန်းတော်ရှေ့၊ တစ်ခါရွှေခေါင်းဆောင်ပဲ +++
မြန်မာရွှေဒေါင်းတောင်တွေ ကိုင်ကာဆို၊ တကယ်ခေတ်
ပြောင်းတော့မယ်၊ အမှန်ဝေကန်မှာ တဖန်ရွှေ မြနန္ဒာ
ဆန်းသော မန်းရိပ်ခို +-+-+"

မြနန္ဒာသီချင်းလေးတအေးအေးနှင့်၊ ခရီးထွက်ခဲ့သော၊ ထိုနေ့မှာ ၂၇-၁၂-၂၀၀၄ နေ့၊ တနင်္လာနေ့ဖြစ်သည်။ အမှန်က မန္တလေးသို့ ခရီးထွက်ရန်၊ မူလက ကြံစည်ထားသည်မှာ ၂၆-၁၂-၂၀၀၄ တနင်္ဂနွေနေ့ဖြစ်သည်။ သို့သော် တနင်္ဂနွေနေ့တွင် အကယ်ဒမီရုပ်ရှင်ဆုပေးပွဲကြီးရှိနေသဖြင့်၊ နောက်တစ်ရက် ရွှေ့ရခြင်းပင်။ တို့ကိုစိန်တင်ကြီးကို၊ ဘယ်သူမှလည်း၊ အဖက်လုပ်ပြီး၊ အကယ်ဒမီဖိတ်စာမပို့။ ထို့ပြင် အချိန်ကုန်ငွေကုန်ခံပြီး၊ လက်မှတ်ဝယ်၍ သွားမကြည့်ချင်သောကြောင့် အိမ်မှာပဲ၊ တီဗွီအဟောင်းကလေးရှေ့မှာ ဇနီးမောင်နှံငုပ်တုပ်ထိုင်၊ ပိုက်ဆံမကုန်အောင် အချောင်လိုက်၍၊ တဝါးဝါးသမ်းဝေကာ၊ ကြည့်ဖြစ်တော့သည်။ ထားပါ။

မန္တလေးသို့၊ ခရီးထွက်မည်ဆိုသောအခါ၊ သွားနေကျအတိုင်း၊ ဒဂုံမန်းရထားဖြင့်ပင် သွားရန်၊ အကြံရသည်။ ဒဂုံမန်းအထက်တန်းလက်မှတ်ရောင်းတာဝန်ခံ၊ ဦးဇော်ဝင်းမှာ၊ မန္တလေးမြို့သို့ ရာထူးပြောင်းရွှေ့သွားပြီတဲ့။ သို့ဖြင့် ထိုနေရာ၌ တာဝန်ထမ်းလာသူဒဂုံမန်းအထက်တန်းလက်မှတ်ရောင်းတာဝန်မှူးသစ်ဦးကြည်မြင့်နှင့် သွားရောက်တွေ့ဆုံမိတ်ဆက်ပြီး "ဖြစ်နိုင်ရင်ပေါ့ဆရာ၊ အိမ်သာနဲ့ဝေးဝေး၊ ထိုင်ခုံကလေးလုပ်ပါနော်၊ ပြီးတော့၊ ဇနီးမောင်နှံစုံတွဲထိုင်လို့ရအောင်၊ နှစ်ခုံတွဲရောင်းပေးပါဗျာ"ဟု နားပူမေတ္တာရပ်ခံရလေသည်။ ဒါကလည်း တစ်ခါတုန်းကလိုဖြစ်မှာစိုးရိပ်၍ပါပဲ။ ထိုတစ်ခေါက်၊ မန္တလေးသွားကြစဥ်မှာ၊ လက်မှတ်ရောင်းဆရာက စေတနာဖြင့်၊ အေ(၈)-ဘီ(၈)နှစ်ခုံတွဲရောင်းပေးပါသည်။ လေးခုံတန်းတွင် ဝဲဘက်ထိုင်ခုံ၊ နှစ်ခုံတွဲ။ သို့သော် အထက်တန်းတွဲထိုးသောအခါ၊ သုံးခုံတန်းတွဲ ဖြစ်နေသောကြောင့် တို့ကိုစိန်တင်ကြီးက လက်ဝဲဘက် အေ(၈) ထိုင်ခုံတစ်ခုံတည်းမှာ။ အဲ...စိမ့်(ပညာရေး)က၊ လက်ျာဘက်၊ ဘီ(၈)နှင့် စီ(၈) နှစ်ခုံတန်းမှာ၊ ဖြစ်ပုံက ကိုစိန်တင်တစ်ယောက်တည်း ထိုင်ခုံတစ်ခုံမှာ ကျန်ခဲ့၊ စိမ့်(ပညာရေး)ခမြာ၊ ဟိုဘက်နှစ်ခုံတန်းမှာ မှတ်ဆိတ်မွှားမွှား၊ အသားမဲမဲ၊ သွားကျဲကျဲ ခရီးသွားအဘိုးအိုနှင့်အတူထိုင်ရတော့မည်။ သည်တော့မှပင်၊ ကိုစိန်တင်အလုပ်ရှုပ်ရပြီ။ ဘူတာရုံပိုင်ကြီးအခန်းသို့ ပြေးပြီး၊ 'ကယ်တော်မူပါဦးခင်ဗျ၊ ကျွန်တော့်ဇနီးအလှပဂေး စိမ့်(ပညာရေး)မှာ၊ သည်လိုက သည်လို၊ ဒုက္ခတွေပိုရပါတော့မည်ဗျာ၊ သနားပါနော်၊ ထိုင်ခုံအဆင်ပြေအောင် ကူညီပါဦး'

အဲသည်တော့မှ ရုံပိုင်ကြီးသနားသဖြင့် ကူညီပေးသောကြောင့် ကိုစိန်တင်နှင့်စိမ်တို့၊ ကိန္နရာချောင်းခြား ဖြစ်မသွားတော့ဘဲ၊ အိုကေမှာ စိုပြေခဲ့ရ၏။

ဤသို့ နှစ်ခုံတွဲ ထိုင်ခုံကိစ္စကို ရေးကြီးခွင်ကျယ်၊ စာဖွဲ့နေခြင်းမှာ၊ အကြောင်းမဲ့မဟုတ်ချေ။ ၃၀-၁၂-၂၀၀၄ နေ့၊ ညနေ (၄)နာရီ၊ ဒဂုံမန်းရထားဖြင့် ကိုစိန်တင်တို့ မန္တလေးမှရန်ကုန်ပြန်ရန်၊ မန္တလေးအဆင့်မြင့်ဘူတာရုံကြီးသို့၊ ဆင်းကြသောအခါ၊ အထက်ပါအခက်အခဲနှင့် တည့်တည့်ကြီးတိုးတော့သည်။ အထက်တန်းထိုင်ခုံလက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်၊ ဝယ်ယူထားခဲ့ရာ မူလ (၄)ခုံတွဲရထားတွဲမှ (၃)ခုံတွဲရထားတွဲသို့ ပြောင်း၍တွဲချိတ်ချလိုက်သည်။ တစ်ခါတည်း တို့စာရေးဆရာ လေးမှာ ကိန္နရာချောင်းခြား ဇာတ်ခင်းရတော့မည့်အသွင်။ ကိုစိန် တင်နှင့်စိမ်တို့ တစ်ကွဲတစ်ပြားစီ ထိုင်ကြရပေတော့အံ့။ ဘာရမလဲ လေ၊ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကြီး၊ တက္ကသိုလ်စိန်တင်က အဆင့်မြင့် ဘူတာရုံကြီး၏ မြင့်မားလှသော လှေခါးထစ်များကို ခွေးကလေးတစ် စိုဖြင့်၊ အပြေးအလွှားတက်၊ အခက်အခဲကို ဟိုတောင်းပန် သည်အပူ ကပ်နှင့်၊ လက်မှတ်ရောင်းဆရာတို့ကို ဆွေးနွေးတော့မှ၊ အခြားတွဲ ထိုင်ခုံသစ်၊ ပြန်ချပေးလိုက်ခဲ့သည်။ ဟူး...တော်ပါသေးရဲ့နော်။ ထားပါ။

မြန်မာ့မီးရထားဌာနကြီးသည် ပြည်သူခရီးသည်တွေကို တစ်ခါတစ်ရံ၊ ဤသို့ ချစ်စနိုးဖြင့်၊ ကြည်စယ်သည် ထင်ပါရဲ့ဗျ။

မီးရထားဌာနကြီးက ခရီးသွားလာမှု၊ လွယ်ကူချောမွေ့စေရန် အတန်တန်၊ အဝဝ၊ ကြိုးစားလုပ်ပြနေသည်ကို တက္ကသိုလ်စိန်တင် မမြင်မဟုတ်ပါ။ မြင်ပါ၏။ မတွေ့မဟုတ်ပါ၊ တွေ့ပါ၏။ ထို့ကြောင့်ပင် 'မမ'ဟု ချစ်စနိုးခေါ်သော၊ မြန်မာ့မီးရထားကြီး၏ အသွင်ဆန်းသော ကြိုးပမ်းမှုများကို၊ တို့စာရေးဆရာ အမြဲဂုဏ်ပြု၍ "မမသို့ စာကလေး တစ်စောင်"ဆောင်းပါးတွေရေးသားပေးခဲ့ပါ၏။ ယခုတော့ဖြင့်လေ၊ ကံခေသော၊ ဤသို့နှစ်ယောက်တွဲထိုင်ခုံပြဿနာမျိုး၊ မကြုံရအောင်၊ ကိုယ့်လူတို့၊ မီးရထားအထက်တန်းတွဲ၊ ထိုးရာတွင် အဆင်ပြေဖို့ (၄)ခုံ တွဲ၊ (၃)ခုံတွဲကိစ္စ၊ သတိပြုကူညီပေးကြပါစို့နော်။ (ဤကားစကားချပ်)



(၂)

၂၇-၁၂-၂၀၀၄ နေ့၊ ညနေ၊ သုံးနာရီဆယ့်ငါးမိနစ် ဒဂုံမန်း ရထားကြီးသည် ရန်ကုန်ဘူတာကြီးမှ၊ မန္တလေးမြို့သို့၊ အချိန်အတိ အကျ ထွက်လေသည်။ သိုင်းကျူးဘဲရီးမတ်၊ မြန်မာ့မီးရထားကြီးရေ၊ အချိန်တိကျစွာ ရထားထွက်ခဲ့၍ ကျေးဇူးပါနော်။

မီးရထားကြီး စတင်ထွက်ပြီဆိုသည်နှင့်၊ အထက်တန်းတွဲ၊ အသံချဲ့စက်မှ၊ မပီမသကြားနေရသော၊ နားမလည်သည့်၊ ခေတ်ပေါ် တေးသီချင်း ဆူဆူညံညံအသံတွေ ရပ်သွားပြီး၊ 'ရွှေမန်းဆီသို့' သီချင်း သံကလေး အေးမြမြသည်၊ ကိုစိန်တင်၏ နားထဲသို့ ရှောခနဲအဆင် ပြေစွာ ဝင်လာလေသည်။

"ရွှေမန်းဆီသို့၊ တစ်ခါတစ်ခေါက်ဖြင့်၊ ရောက်စေချင်သည်၊ ကျုံးတော်ပတ်လည်၊ မြမြို့ရိုး၊ ပြအိုးပစ္စင်ကာရန်ကာအတည်- မြန်မာစံဌာနီ--- သာယာပါဘိသည်---"

တေးသံရှင်၊ မစိမ်းစိမ်း၏၊ ကြည်မြပီသသော၊ တေးသံသာ ကလေးသည်၊ စောစောက၊ လွှင့်ထုတ်နေသော၊ မပီမသ၊ ခေတ်ပေါ် တေးဂီတနေရာတွင်၊ တိုးဝင်လာလေပြီ။ ဤတွင် တို့ကိုစိန်တင်ကြီး သည် သူ၏ အသံပြကြီးဖြင့်၊ သီချင်းလိုက်ဆိုနေမိ၏။ ညာဘက်ထိုင် ခုံမှ စိမ့်က၊ ကိုစိန်တင်၏လက်မောင်းကို ခပ်နာနာလှမ်းဆိတ်လေ တော့သည်။

"ဟော့...စာရေးဆရာ၊ ရထားတွဲထဲမှာ၊ လူတွေနဲ့ရှင့်၊ အရှက် ကလေးမွေးဦး၊ ရှင်တစ်ယောက်တည်း၊ ခရီးသွားနေတာမဟုတ် ဘူး"ဟု စိမ့်က ချိုးကျူးထောပနာပြုလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်စိန်တင်။ ။ "တို့များရဲ့ အရှင်နှစ်ပါးရှာပုံတော်ခရီးအတွက် အများကြီးဝမ်းသာကြည်နူးလို့ အူမြူးမိတာ ခွင့်လွှတ်ပါစိမ့်ရယ်"

အင်း ခုလိုကြီးဆိုပြန်တော့လည်း ရှင်းဦးမှဖြစ်လေမည်။ သည်လိုပါ၊ သည်လိုပါ။ "အရှင်နှစ်ပါးဆိုတာကလေ၊ ဟိုး...ခရစ်နှစ် ၁၈၈၅ ခုနှစ်က၊ အိန္ဒိယပြည်သို့ ပါတော်မူသွားတဲ့၊ တကယ့်အရှင်အစစ်၊ သီပေါဘုရင်နှင့်၊ မိဖုရားခေါင်ကြီး၊ စုဖုရားလတ်ကို၊ ရည်ညွှန်းလိုတာပါဗျ။ ဘယ်ကလာ...ကြားဖူးနားဝနဲ့ပြောနေကြတဲ့၊ အရှင်တွေသခင်တွေ ဟုတ်ရမှာလဲဗျို့။ ထပ်ပြောမယ်နော်။ အရှင်နှစ်ပါးဆိုတာ သီပေါဘုရင်မင်းမြတ်နဲ့၊ ငကရိမိဖုရားခေါင်ကြီးစုဖုရားလတ်ပါဗျ"

ပြောရဦးမည်။ စာရေးဆရာတက္ကသိုလ်စိန်တင်သည် ၁၉၉၄ ခုနှစ်က၊ စာတစ်အုပ်ရေးသားပြုစုခဲ့သည်။ 'သီပေါဘုရင်နှင့်စုဖုရားလတ်'။ သို့သော်၊ ထိုစဉ်က ထုတ်ဝေရန်စီစဉ်ခဲ့သူမှာ၊ အလုပ်မဖြစ်ခဲ့ချေ။ ထို့ကြောင့်၊ အားမာန်သစ်စာပေမှ၊ ဆရာခွန်ဂျာမှိုင်းက "သူထုတ်မည်၊ အဆင်ပြေအောင်၊ ဆက်ကြိုးစားပါ"ဟု အားပေးစကားဆိုခဲ့၏။ ယခု ထိုစာအုပ်ကို၊ အားမာန်သစ်စာပေမှ၊ ထုတ်ဝေရန်အဆင်ပြေပါပြီ။

သည်တော့စကားလက်တံ၊ ရှည်ချင်သူတို့က၊ စောဒကတက်နိုင်ကြမည်။ "ကိုစိန်တင်ရေ၊ ကိုယ့်လူ၊ ရတနာပုံမန္တလေးက၊ အုပ်စိုးသူတွေအကြောင်း၊ ရေးလှချည့်လား၊ ပထမဆုံးရေးတာ၊ နန်းကျဘုရင်သီပေါ(ဘာသာပြန်)၊ နောက်တော့ အကျဉ်းခံသီပေါ (ဘာသာပြန်)၊ တစ်ခါ မင်းတုန်းမင်း၏နောက်ဆုံးနေ့များ...တဲ့။ ငကရိစုဖုရားတဲ့။ မြင်ကွန်းနှင့်ကနောင်...တဲ့။ ဟော ခုလာပြန်ပေါ့ဗျို့၊ ဘာတဲ့ဗျ၊ သီပေါဘုရင်နှင့်စုဖုရားလတ် ဆိုပါလား။ သည်လောက်တောင် ရွှေမန္တလေး



ခတ်ကို၊ စစ်စစ်ပေါက်ပေါက် မီးမောင်းထိုးပြနေတာ၊ ကိုယ့်ဆရာက၊ ဘာရည်ရွယ်ချက်များ ရှိပါလိမ့်ဗျာ"

ဤသို့မေးလျှင်၊ ထိုသို့ ဖြေပါအံ့။ "ငကရိစုဖုရား"စာအုပ်၏ ဗမာစာနိဂုံးတွင် ဤသို့ရေးသားခဲ့ဖူးသည်။

အမှန်ပါပဲ၊ ဆရာသမားတို့ရေ၊ စာရေးဆရာမှာ၊ ပြောပြစရာ တခြားရည်ရွယ်ချက်၊ ဘာမျှမရှိပါခင်ဗျ။ "ရေးလူတွေ မှားခဲ့သလို၊ နောင်းလူတို့ လိုက်နင်းပြီး၊ မှားခြင်းကြီးမက၊ မမှားကြရစေလို့၍"ရေးသားရခြင်းဖြစ်ကြောင်း၊ မှန်ရာကို အစစ်ခံရပေသတတ်။ ထားပါ။

(၃)

ဒဂုံမန်းရထားကြီးသည်။ တာဝန်ကျေပွန်သော လုပ်သားကောင်းတစ်ဦးအသွင်၊ ရတနာပုံမန္တလေးမြို့သို့၊ နံနက် ၆ နာရီတိတိတွင် ဝင်လေပြီ။ မီးရထားဆိုက်ပြီးသည်နှင့် တက္ကသိုလ်စိန်တင်တို့ တည်းခိုမည့် ဟိုတယ်သို့ တန်း၍သွားရန်မဖြစ်သေး၊ ရန်ကုန်သို့ ၃၀-၁၂-၂၀၀၄ ညနေတွင် ပြန်နိုင်ရန်၊ မီးရထားလက်မှတ်ဝယ်ရဦးမည်။

သို့ဖြင့် ကိုစိန်တင်က၊ ရန်ကုန်မှပြောင်းရွှေ့လာသော၊ အထက်တန်းလက်မှတ်ရောင်းဌာနမှူး၊ ဆရာဦးဇော်ဝင်းကို၊ သွားရှာရသည်။ အခန့်သင့်ပင်၊ ကျေးဇူးရှင်ကိုယ်တော်ချောကို၊ တွေ့ရသည်။ ဦးဇော်ဝင်းကား၊ မတွေ့ရသည်မှာ ကြာပြီဖြစ်ပေမယ့်၊ မေ့သွားနိုင်စရာမရှိ။ အရပ်အမောင်း၊ (၆)ပေ၊ (၁)လက်မရှိသော သူ့အရပ်ထောင်ထောင်မောင်းမောင်းကြီးမှာ၊ မီးရထားအထက်တန်းလက်မှတ်ရုံထဲတွင်၊ လူတွေအားလုံးထက်၊ ဦးခေါင်းတစ်လုံး ပိုမြင့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးဇော်ဝင်းက တက္ကသိုလ်စိန်တင်လိုချင်သော၊ မီးရထား လက်မှတ်ကို၊ အလွယ်တကူပင် ရောင်းချပေးရုံမဟုတ်သေး၊ သူက မေတ္တာစကားပါးလိုက်သေး၏။ "ဆရာစိန်တင်၊ မိတ်ဆွေတွေ၊ အခက် အခဲရှိရင်၊ စာရေးပြီးလွှတ်လိုက်ပါ၊ ကူညီမှာပါ"

သာဓုပါဗျာ၊ ကိုဇော်ဝင်းရေ၊ သိန်း (၈၀၀)ထီဆုကြီး ဆက်ကာ ဆက်ကာပေါက်ပါစေဗျာ...နော်။

ရန်ကုန်ပြန်ရန်၊ မီးရထားလက်မှတ်ရပြီဆိုတော့မှ၊ အငှားကား တစ်စီးဖြင့်၊ မန္တလေးရောက်လျှင်၊ တည်းခိုနေကျဖြစ်သော၊ 'နဒီမြန်မာ အင်း'သို့၊ ထွက်လာကြသည်။ ထွန်းဦးစာပေ၊ ကိုထွန်းဦးနှင့် နဂါး စာပေမှ ကိုထွန်းရွှေတို့သည်၊ မန္တလေးမြို့တွင်၊ အလှူ့ဒါနပြုကြလေ တိုင်းပင်၊ တက္ကသိုလ်စိန်တင်တို့ အပါအဝင်၊ ရန်ကုန်မြို့မှ စာပေ မိတ်ဆွေများကို၊ သီးသန့်ဖိတ်ကြား၍၊ မန္တလေးမြို့ရှိ၊ ကောင်းမွန်ဆို သည့် ဟိုတယ်များတွင် နေရာချထားပေးကြသည်။ ထိုစဉ်ကပင် မကြာခဏတည်းခိုဖူး၍ ခင်မင်နေသော၊ 'နဒီမြန်မာအင်း'သို့ ရန်ကုန် က လှမ်းပြီး၊ အခန်းအတွက်၊ စာရင်းပေးထားသည်။ ယခု ကိုစိန်တင် တို့ မန္တလေးရွှေမြို့တော်သို့ရောက်သောအခါ၊ 'နဒီမြန်မာအင်း'မှာ၊ ပိုင်ရှင်ပြောင်းသွား၍ 'သစ္စာပန်းဟိုတယ်'ဟု ဆိုင်းဘုတ် အသစ်ဖြင့် တင့်တယ်နေလေပြီ။

ဟိုတယ်သို့ ကြိုတင်ဖုန်းဆက်စဉ်က၊ 'လမ်းဘက်ကိုမြင်နေရတဲ့ အခန်းပေးနော်'ဟု မှာထားသည့်အတိုင်းပင်၊ စိတ်တိုင်းကျအခန်းကို ရ၍ဝမ်းသာရပေသည်။ သို့သော် ဟိုတယ်သို့ ကိုစိန်တင်တို့ရောက် သွားသော၊ နံနက် (၈)နာရီတွင်၊ ဟိုတယ်အခန်းထဲမှာ ခပ်မှောင်မှောင် နှင့် အလင်းရောင်မရှိတော့ပြီ။ နေ့အချိန်ဖြစ်သောကြောင့် အလင်း



ရောင်အတွက်၊ မီးစက်မောင်းမပေးဟု သိရလေ၏။ ခက်ကပြီ၊ အလင်း ရောင်ကြိုက်တဲ့ စာရေးဆရာကို၊ သစ္စာပန်းဟိုတယ်က အမှောင်ကလေး နှင့် ကြိုလင့်နေလေပြီ။

သစ္စာပန်းဟိုတယ်နှင့်၊ တစ်လမ်းထဲတွင်၊ ယခင်တစ်ခါက ကိုထွန်းရွှေပို့ပေးဖူးသော ယူနီဗတ်စ် UNIVERSE ဟိုတယ်ကြီးရှိနေ ၏။ မီးစက်မောင်းထား၍ ထင်ပါရဲ့ဗျို့။ ထိုဟိုတယ်ကြီးမှာ ထိန်ထိန် ဝင်းဝင်း၊ မီးရောင်တွေလင်းလျက်။ သို့သော် ကိစ္စမရှိပြီ။ မြန်မာစကား ပုံရှိသားမဟုတ်လားဗျို့။ ဘာတဲဗျ၊ 'တက်ကျိုးလျှင်လက်ထိုးလှော် မယ်'တဲ့။ ယခုလည်း ဖော်ရွေလှသော ဟိုတယ်မန်နေဂျာနှင့် အမှု ထမ်းတို့၏ နွေးထွေးသော၊ အပြုံးများ၊ ကူညီမှုများကြောင့်ပင်၊ သစ္စာ ပန်းဟိုတယ်မှာပင်၊ ဖြစ်သလိုတည်းခိုရန်၊ သန္နိဋ္ဌာန်ချရလေ၏။

ဟိုတယ်မန်နေဂျာဦးသန်းမြင့်ဦးက 'ဆရာတို့၊ လူကြီးတွေမို့ စားသောက်ခန်းကို၊ မဆင်းကြပါနဲ့၊ Breakfastနံနက်စာကို၊ အိပ်ခန်း ဆောင်ပို့ပေးပါ့မယ်'ဟု လောကဝတ်စကားဆိုလေတော့၊ ကိုစိန်တင် က ခေါင်းညိတ်လိုက်သည်။ သို့ဖြင့် နံနက်စာကို အိပ်ခန်းထဲမှာပင်၊ ရေဒီယိုနားထောင်ရင်း၊ စားဖြစ်ကြသည်။ သစ္စာပန်းဟိုတယ်တွင် နံနက်စာစား၊ ရေမိုးချိုးပြီး၊ ထွက်လာကြတော့၊ နံနက် (၉)နာရီတိတိ။

တက္ကသိုလ်စိန်တင်။ ။ "စိမ့်ရေ၊ တို့များ ဒေါ်ရှုဘီကြီးကိုတော့၊ သွား ပြီး အားပေးလိုက်ချင်သေးတယ်ဗျ"

စိမ့်(ပညာရေး)။ ။ "မကာန့်ကွက်ရဲပါဘူးရှင်၊ ရာနှုန်းပြည့် ထောက် ခံပါတယ်"

ပြောရဦးမည်။ ဒေါ်ရှုဘီဆိုတာက၊ မန္တလေးရတနာပုံ နေပြည် တော်က၊ နာမည်ကြီး ရန်ကုန်မုန့်ဟင်းခါးဆိုင်ပင်။ ရန်ကုန်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



သော၊ စာရေးဆရာ မောင်နုံသည် မန္တလေးရောက်သော်၊ ဒေါ်ရွှေဘီ မုန့်စင်းခါးမစားဘဲ ရန်ကုန်မပြန်ပေ။ ဒေါ်ရွှေဘီမုန့်ဟင်းခါးက၊ ဘယ်လောက်တောင်ကောင်းပါသတဲ့လဲ၊ မေးချင်ကြမည်။ ဟုတ်ကဲ့ ရန်ကုန် ရွှေမြို့တော်ကြီးတွင် နာမည်တဟိုးဟိုးကျော်ကြားနေကြသော၊ 'စမ်းချောင်းစိန်ဥမုန့်ဟင်းခါး၊ ထိပ်တန်းတင်တင်အေး မုန့်ဟင်းခါး၊ မြောင်းမြဒေါ်ချို မုန့်ဟင်းခါး'ဆိုင်များက ဘူးသီးကြော်၊ ပဲကြော်နှင့် မုန့်ဟင်းခါးတစ်ပွဲ ကျပ် (၁၅၀)ရောင်းနေချိန်တွင်၊ မန္တလေးရတနာ ပုံနေပြည်တော်က၊ ဒေါ်ရွှေဘီရန်ကုန်မုန့်ဟင်းခါးသည် ဘူးသီးကြော် ပဲကြော်နှင့် မုန့်ဟင်းခါးတစ်ပွဲ ကျပ်(၂၅၀)ဖြင့် ခပ်တည်တည် ရောင်းနေလေသည်။ သည်တွင် စကားလက်တံရှည်ချင်သူတွေက မေးစရာ ရှိပါ၏။ 'ဈေးကြီးတဲ့ အဲသည့်ဒေါ်ရွှေဘီမုန့်ဟင်းခါး၊ ရောင်းကော ရောင်းရရဲ့လား"။ ရောင်းရသလား၊ မရောင်းရသလား မမေးပါနဲ့တော့ခင်ဗျား။ တက္ကသိုလ်စိန်တင်တို့ သူ့ဆိုင်ရောက်သွားတော့ နံနက် ၉ နာရီခွဲ၊ ဘူးသီးကြော်ကုန်ပြီ။ ပဲကြော်နှင့်ပဲ ကျေနပ်ရ၏။ ပဲကြော်နှင့်လည်း မုန့်ဟင်းခါးတစ်ပွဲ (၂၅၀)ကျပ်ပါပဲတဲ့ခင်ဗျား။ ကိုစိန်တင်က ထုံးစံအတိုင်း၊ ဟင်းရည်တစ်ပွဲထပ်မှာတော့၊ ဟင်းရည်တစ်ပွဲက ကျပ် (၁၀၀)၊ အရသာ ကောင်းလှ၏။ ဒေါ်ရွှေဘီကြီး မုန့်ဟင်းခါးဟင်းချက် ကောင်းသည်ကားအမှန်ပင်။ စီးပွားရေးလုပ်စားသည်မှာ သူတို့ကိုကြည့်ပြီး အားကျစရာကောင်းပါဘိ။

ဒေါ်ရွှေဘီမုန့်ဟင်းခါးအဝစားပြီးသောအခါ၊ ပထမဆုံး၊ အစီအစဉ်က၊ မန္တလေးရောက်လျှင်၊ ဦးဦးဖျားဖျား ဖူးမြော်နေကျဖြစ်သော 'မဟာမုနိစေတီတော်ကြီး'ကို၊ ဦးခိုက်ဖူးမြော်ရန်တည်း။ သို့သော် ပြဿနာတစ်ခုက ရှိနေ၏။ ကိုစိန်တင်၏ ကင်မရာကလေး ခလုတ်နှိပ်၍ မရသောကိစ္စ။ တက္ကသိုလ်စိန်တင်တို့မှာ၊ ဓါတ်ပုံရိုက်၊ ကင်မရာသုံး

www.burmeseclassic.com



လုံး ရှိသည်။ ညီလေး၊ ကိုဝမ်းမြင့်(စာရေးဆရာ၊ ကိုဝမ်း(ကျွန်တော်ရှိုးဂျော့သမား)နိုင်ငံခြားက လက်ဆောင်ပို့ပေးသော၊ RECOHကင်မရာနှစ်လုံး၊ စိမ့်၏မောင်လေးတို့က၊ တက္ကသိုလ်စိန်တင်တို့ ၂၀၀၁-ခုနှစ်၊ ဗုဒ္ဓဂယာဘုရားဖူးသွားစဉ်၊ လက်ဆောင်ပေးတာက ကင်မရာတစ်လုံး၊ စုစုပေါင်း (၃)လုံးရှိ၏။ ယခုတစ်ခေါက်တွင် ကိုစိန်တင် RECOH ကင်မရာတစ်လုံးတည်း ယူခဲ့မိသည်။ ဟော... တစ်လုံးတည်းသော ထိုကင်မရာသည် အလုပ်မလုပ်ဘဲ၊ ဆန္ဒပြနေလေပြီ၊ ဘယ့်နှယ်လုပ်ရပ့်။

ကိစ္စမရှိချေ။ ဆိုက်ကားဆရာတစ်ယောက်က၊ အိမ်တော်ရာဘုရားအနီးတွင် ဓါတ်ပုံရိုက်ကင်မရာပြင်ဆိုင်ရှိသည်။ သူပို့ပေးမည်တဲ့။ ကင်မရာပြင်ဆိုင်သို့ရောက်၍ နားလည်ကျွမ်းကျင်သော၊ ဆရာသမားဦးနိုင်လင်း၊ လက်ထဲတွင် ကင်မရာကလေးသည် အိုကေမှာ စုံပြေ၊ ပြန်ကောင်းသွားလေသည်။ တက္ကသိုလ်စိန်တင်က ရောက်လေရာမှာ၊ အာချောင်တတ်သည့်အတိုင်း၊ ကလောင်နာမည်ကို၊ ထုတ်ပြောလိုက်၏။ ကင်မရာပြင်ဆရာတွေက ကိုယ့်စာဖတ်ပရိသတ်များ၊ ဖြစ်နေကြ၍ ကင်မရာပြင်ခ၊ တစ်ပြားမှမပေးရဘဲ၊ မေတ္တာဖြင့် ပြင်ပေးကြလေသည်။ ကျေးဇူးပါဆရာတို့ရေ။

ကင်မရာပြင်ဆိုင်က ထွက်လာပြီး၊ လေးဘီးကားတစ်စီးငှား၍ မဟာမုနိစေတီတော်မြတ်ကြီးသို့ ထွက်လာခဲ့ကြသည်။ မဟာမုနိစေတီတော်ကြီးမှာ၊ ဘုရားဖူးများဖြင့် စည်ကားနေသောကြောင့် မြတ်စွာဘုရားရုပ်ပွားတော်ကြီးကို ရွှေသင်္ကန်းကပ်လှူရန် အတော်ပင်၊ ကျပ်ကျပ်တီးတီးကြိုးပမ်းရလေသည်။ ရုပ်ရှင်တော်မြတ်ကြီးကို ရဟန်းရှင်လူ ပြည်သူများစွာတို့၊ ရွှေသင်္ကန်းကပ်လှူနေကြသည်မှာ ကိုး၍မပေါက်နိုင်ပြီ။ မဟာမုနိစေတီတော် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပြီး၊ ထွက်လာကြသောအခါ ကိုစိန်တင်က သီချင်းကလေး ညည်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟာမုနိကိုတောင်၊ ဖူးမြော်ချင်လျက်ကယ်နှင့် ဦးတော်မတင် ရရှာလေသည်"

စိမ့်။ ။ "စာရေးဆရာရေ၊ သီပေါမင်းပါတော်မူစဉ်က မဟာမုနိဘုရားကြီး၊ ဖူးမြော်ခွင့်ရဖို့ တောင်းဆိုသေးတယ်၊ ဖူးခွင့်မရဘူးလား...ဟုတ်စ"

တက္ကသိုလ်စိန်တင်။ ။ "အေးလေ...အဲဒါမှုကွဲဖြစ်နေတာပေါ့၊ သီပေါမင်းတရားက၊ မဟာမုနိဖူးမြော်ချင်တယ်လို့ အရေးဆိုတာ၊ ကာနယ်စလေဒင်က၊ ခွင့်မပြုလို့၊ ဖူးခွင့်မရဘူးတဲ့။ နောက်မှုကွဲတစ်ခုက၊ သီပေါမင်းတရားက၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ခွင့် မတောင်းဆိုပါဘူးတဲ့"

စိမ့်။ ။ "အဲဒါ ဘယ်သင်းက မှန်မယ်ထင်သလဲရှင့်"

တက္ကသိုလ်စိန်တင်။ ။ "ပြောရခက်သားပဲလေ။ ဒါပေမယ့် ထီးကျိုးစည်ပေါက်၊ ရွှေနန်းပလ္လင်ပျောက်နေတဲ့ အချိန်၊ သီပေါဘုရင်မင်းတရား၊ စိတ်တွေညစ်ညူးရှုပ်ထွေးနေလို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်ဖို့ မတောင်းဆိုခဲ့ဘူး ဆိုရင်လည်း၊ အပြစ်တင်စရာ မရှိလှပါဘူး စိမ့်ရယ်"

စိမ့်။ ။ "ဟုတ်ပါ့မလားရှင်၊ အိုးဝေဦးညိုမြရေးတဲ့၊ ကုန်းဘောင်ရှာပုံတော်စာအုပ်ထဲမှာ၊ အရှင်သီပေါမင်းတရား၊ ဂေါဝိန်ဆိပ်ကို ဆင်းပြီး၊ ပါတော်မူရမယ့်နေ့မှာ၊ ကာနယ်စလေဒင်ရဲ့ အစီအစဉ်နဲ့ ဗြိတိန်နိုင်ငံ၊ လန်ဒန်တိုင်းသတင်းထောက်နဲ့သတင်းစာရှင်းပွဲတော်ကို အေးအေးဆေးဆေးလုပ်ခဲ့သေးသတဲ့၊ ရေးထားတယ်။ သီပေါမင်းတရား၊ စိတ်ထားတည်ငြိမ်စွာနဲ့၊ လောကဓံတရားကို ရင်ဆိုင်ခဲ့တဲ့ သာဓကဟာ အထင်အရှားကြီးပါနော်။



(၄)

ထိုနေ့က မဟာမုနိဘုရားကြီးမှ၊ မန္တလေးတောင်တော်ပေါ်သို့ ကားထပ်မငှားတော့ဘဲ၊ လိုင်းကားဖြင့်၊ တက်ရန်စီစဉ်ကြသည်။ ဘုရားကြီးကနေ၊ မန္တလေးတောင်တော်ထိပ်၊ ဓါတ်လှေကားခြေရင်းအထိ၊ လိုင်းကားတွေရှိ၏။ ကားရှေ့ခန်းက စီးလျှင်၊ တစ်ယောက်ငါးရာကျပ်တဲ့။ နှစ်ယောက်တွက်ဆိုတော့ကျပ်(၁၀၀၀)ပေးလိုက်သည်။ တောင်ပေါ်ရောက်သောအခါ၊ တောင်ထိပ်များသို့တက်ဖို့ ဓါတ်လှေကား၊ ပိတ်ထားသည်တဲ့၊ စက်လှေခါးတော့ဖွင့်ထားသည်။ စိမ့်က စက်လှေခါးမစီးရဲဘူးဆိုတော့၊ ကိုယ့်အားကိုယ်ကိုး၊ ခြေထောက်နဲ့ပဲ၊ တက်ရန်စီစဉ်ရလေသည်။ ဘာမှမမြင့်ဘူးဆိုပေမယ့် အကွေ့ အကောက်တွေဝိုက်ပတ်၍ တက်ရသောခရီးတိုကလေးမှာ လူကိုလျှာထွက်မတတ် မောသွားသည်။ သို့သော် စိုင်းထီးဆိုင်သီချင်းထဲကလို ဆိုရသော် မတက်၍မဖြစ်၊ တက်ခဲ့ရသော ထိုခရီးမှာ "မောတော့မောတာပေါ့ ဒါပေမယ့် မမောဘူး"။ မန္တလေးတောင်ထိပ်ဖျားရောက်တော့၊ ကိုစိန်တင်က ဝရံတာသံတိုင်ကိုကိုင်၍ မန္တလေးရတနာပုံ၊ နန်းမြို့ရိုးဆီသို့ လွမ်းလွမ်းဆွေးဆွေး၊ ငေးမျှော်ရင်း၊ သီချင်းတစ်ပုဒ် ညည်းလေသည်။

"မြန်မာပြည်၊ ဇာတ်လမ်းရုပ်သမ္ဘာကို၊ ရွှေကညစ်နဲ့ရေးကာ စာကိုစီ၊ ရာဇဝင်ဂနီ၊ မြနန်းအယုဇ္ဈမှာ၊ ကေရာဇ်နဲ့ ဝေးတာကြာလေပြီ"

စိမ့်(ပညာရေး)။ ။ "အဲဒီပါတော်မူသီချင်းကို၊ ဆရာရွှေတိုင်ညွန့် ရေးခဲ့တာနော်၊ ဆရာက၊ သီပေါဘုရင်နဲ့ မိဖုရားခေါင်ကြီးစုဖုရားလတ်တို့၊ ပါတော်မူကာနီး၊ နန်းတွင်းကအကြောင်းတွေကို၊ ရင်နာနာနဲ့ ရေးခဲ့ပုံရတယ်"

www.burmeseclassic.com



တက္ကသိုလ်စိန်တင်။ ။ "(မန္တလေးနန်းမြို့နှင့်ကျုံးရေအလှကို လွမ်းတငေးမောနေရင်း) "သိပ်ဟုတ်တာပေါ့ကွယ်၊ ဆရာရွှေတိုင်ညွန့်က၊ ပါတော်မူသီချင်းရေးသားလိုက်တဲ့အချိန်မှာ၊ တို့များ၊ မြန်မာပြည်မှာ၊ နယ်ချဲ့ဆန့်ကျင့်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၊ ပြင်းထန်လှတဲ့၊ ၁၉၃၀ ပြည့်လွန်နှစ်များကပေါ့။ တို့ဗမာ အစည်းအရုံးကလည်း (တို့ခေတ်ကျမှ၊ ညှံ့ကြတော့မှာလား) ဆိုတဲ့၊ နှိုးဆော်ချက်နဲ့ တို့ဗမာသီချင်းကို အသံကျယ်ကျယ်သီဆိုနေချိန်မှာ၊ ဆရာရွှေတိုင်ညွန့်က၊ ပါတော်မူသီချင်းရေးပြီး၊ မြန်မာတွေကို နှိုးဆော်သတိပေးခဲ့တာပဲ စိမ့်ရဲ့။ ကြည့်လေ (မြန်မာပြည်ဇာတ်လမ်း ရှုပ်သမျှကို ရွှေ**ဏ**ညစ်နဲ့ရေးကာစာကိုစီ။ ရာဇဌာနီ၊ မြနန်းအယုဇ္ဈမှာ၊ ကေရာဇ်နဲ့ဝေးတာကြာလေပြီ)တဲ့။ သီပေါဘုရင်ပါတော်မူကာနီး ကာလ၊ မြန်မာ့နန်းတွင်း၊ အကွဲအပြဲ အခြေအနေမှန်ကို ဆရာက မီးမောင်းထိုးပြခဲ့တာ။ မြန်မာတွေညီညွတ်ကြ၊ သွေးစည်းကြ၊ သီပေါခေတ်တုန်းက၊ မညီမညွတ်ဖြစ်ခဲ့လို့၊ ကေရာဇ်နဲ့ ဝေးတာကြာခဲ့ပြီ မဟုတ်လား။ သတိချပ်ကြ...လို့၊ မပြောသော်လည်း ပြောဘိသို့၊ မဆိုသော်လည်း ဆိုဘိသို့ ပေါ့လေ..."

စိမ့်(ပညာရေး)။ ။ "ဟိုမှာကြည့်စမ်းကွယ်၊ ရတနာပုံနန်းမြို့ရိုးပေါ်မှာ၊ တိမ်တွေအုံ့ဆိုင်းနေတာ၊ လှလိုက်တာ၊ ခြော် . ဒီလောက်လှပသာယာတဲ့၊ ရွှေနန်းတော်ကြီးအတွင်းမှာ၊ ဆရာရွှေတိုင်ညွန့်သီချင်းထဲကလို၊ ဇာတ်လမ်းအကွဲအပြဲတွေ ရှုပ်ခဲ့တာ မယုံနိုင်စရာပဲနော်"

တက္ကသိုလ်စိန်တင်။ ။ "မယုံချင်ရင်၊ ပုံပြင်လို့ပဲ၊ မှတ်လိုက်တော့စိမ့်ရယ်၊



ကိုစိန်တင်က ထိုသို့ပြောနေစဉ် နန်းတော်ကျုံးရေစပ်တွင် ငါးရှာရန်ထွက်လာကြသော၊ ငှက်ဗျိုင်းဖြူတစ်အုပ်သည်၊ နန်းမြို့ပေါ်က စိမ်းနုနုသစ်ပင်အုပ်ကို ဖြတ်၍ ပျံသန်းနေသည်မှာလှလှလွန်းပေစွ။

စိမ့်(ပညာရေး)။ ။ "ဟိုမှာ၊ အစာရှာထွက်လာတဲ့၊ ငှက်ဗျိုင်းဖြူကလေးတွေ နန်းမြို့ပေါ်မှာ၊ ပျံလာကြတာ၊ လှလိုက်တာရှင်"

တက္ကသိုလ်စိန်တင်။ ။ "အဲဒီဗျိုင်းတစ်အုပ်၊ ကျုံးရေစပ်က၊ ငါးကိုလာစောင့်တာကွယ့်၊ ကြည့်နေ၊ ကြည့်နေ ကျုံးစပ်က ဗေဒါပင်တွေပေါ်မှာ ဗျိုင်းတွေနားကြတော့မယ်၊ ဟိုပါတော်မူချိန်ကုန်းကလည်း နယ်ချဲ့ဗြိတိသျှတွေဟာ၊ တို့များနန်းတွင်းက မညီမညွတ် အကွဲအပြဲသတင်းတွေ ထောက်လှမ်းနားထောင်လို့ ရေစပ်မှာစောင့်ပြီး ငါးဖမ်းစားတဲ့ ဗျိုင်းငှက်တွေလိုပဲ၊ တို့မြန်မာပြည်က အဆီအနှစ်ရတနာတွေကို၊ ကောက်စားသွားခဲ့ကြတာကွယ့်၊ ပြောရရင်ဖြင့်ရင်နာစရာတွေချည်းပါစိမ့်ရယ်"

တက္ကသိုလ်စိန်တင်က အတိတ်သမိုင်းကို ပြန်တွေး၍ ဆွေးနေစဉ်၊ စိမ့်က စကားစာသားပြောင်းရအောင် 'နို့ ရှင့်ပါတော်မူသီချင်းဆက်ဆိုပါဦး၊ ရသေးလို့လား'ဟု ပြောလိုက်သည်။

တက္ကသိုလ်စိန်တင်။ ။"ဟာ... ဟ၊ ပြောမှပြောတတ်ပလေဗျာ၊ အဲဒီပါတော်မူသီချင်းကိုလေ၊ တို့များပုခက်တွင်းကာလမှာ၊ အမေက၊ သီဆိုပြီးချော့သိပ်ခဲ့တာ၊ နှလုံးသားထဲမှာ ကွန်ပျူတာစီပြီး သွင်းထားသလားထင်ရတယ်၊ ခုဆိုပြပါပြောရင် ခုဆိုလို့ရသေးတယ် ... ဘယ်မေ့မှာလဲ၊ အဲဒီသီချင်းကို၊ တို့များဆိုပြချင်သေးတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



စိမ့်။ ။ "မဆိုရင် ဘယ်လောက်ပေးရမှာလဲ၊ စာရေးဆရာ"

ကိုစိန်တင်။ ။ "မနောက်ပြောင်ချင်ပါနဲ့စိမ့်ရယ်၊ တို့က ရတနာပုံရွှေနန်းတော်ကြီးကို လုမ်းမျှော်ပြီး၊ အရှင်နှစ်ပါးကို လွမ်းလို့ ခံစားချက်နဲ့ပြောနေတာပါ"

စိမ့်။ ။ "ဟုတ်လား၊ ဒါဖြင့်ရင် ဆိုစေသတည်း၊ ဆိုစေသတည်း"

ကိုစိန်တင်။ ။ (မေးရိုက်သံကလေးဖြင့်)

"တစ်ထောင်နဲ့နှစ်ရာ၊ လေးဆယ့်ခုနစ်ခုနှစ်မှာအတည်၊ တန်ဆောင်မုန်းလဆုတ် ရှစ်ရက်နေ့ကိုတော့ ယနေ့တိုင်ပါ အတည်၊ မမေ့နိုင်ပါပြီ။ ယနေ့တိုင်ပါ အတည်...ဩော် မမေ့နိုင်ပါပြီ။ ရေမြှေရှင်ကို...ယူငင်သွားတော့၊ လူရှင်များ...က၊ ကြေကွဲကြလို့၊ ရေနည်းငါပုံအညီ...ဩော်...သီပေါရာဇာ ပါတော်မူလေပြီ..."

ကိုစိန်တင်က ကိုယ့်ခံစားချက်နှင့်ကိုယ်၊ မေးကလေးရိုက်ကာ ဆွဲဆွဲငင်ငင်၊ သီချင်းဆိုနေစဉ်၊ စိမ့်က၊ အနားကပ်လာပြီး"ဟိုးဆရာကြီး...ဟိုး...ဟိုး...ဘေးမှာ ဘုရားဖူးနေတဲ့သူတွေနဲ့ ရှင့်၊ တိုးတိုးလုပ်ပါ"

ကိုစိန်တင်က လေသံမလျှော့ဘဲ သီချင်းကိုဆက်ဆိုနေတော့ စိမ့်ကပဲ၊ လက်လျှော့ကာ၊ တစ်ဖက်လှည့်သွားလေ၏။

"ကိုယ့်ဘုရင်...ကိုယ့်သခင်ကို မျှော်မှန်းရည်...ယနေ့တိုင် မမေ့ နိုင်ပါတော့သည်..."

"ဘိရိုပေါ်မှာ မောင်နှံတင်လို့ ဆောင်ပျံအရှင် ဇာတာနွမ်းလို့ မြန်းရရှာလေသည်။ သဘာအလီလီတအားယုတ်စေဖို့၊ အာဋဝီတံခါးကထုတ်လို့၊ မဟာသမုတိကို ဆောင်ပြန်သည်။ မဟာမုနိကိုတောင်ဖူးမြော်ချင်ရက်ကယ်နှင့် ဦးတော်မတင်ရရှာလေသည် "



တက္ကသိုလ်စိန်တင်က ပါတော်မူသီချင်းကို လွမ်းလွမ်းဆွေးဆွေးဖြင့် ဆက်၍ဆိုနေသည်။ စိမ့်(ပညာရေး)က တိုးတိုးဆိုဖို့ မတိုက်တွန်းတော့ဘဲ၊ အဝေးဆီတွင်မြင်နေရသော ရတနာပုံနန်းမြို့ရိုးဆီသို့ မမိုတ်မသုံ ငေးမျှော်ရင်း၊ သီချင်းတစ်ပိုင်းတစ်စကို သူကပင် ခပ်တိုးတိုးလိုက်ဆိုနေပြန်လေသည်။

ထိုနေ့က မီးရထားပေါ်၌ တစ်ညလုံးခရီးပန်းလာသော ဒဏ်ကြောင့်လား၊ မန္တလေးတောင်တော်ပေါ်မှ ရှုမျှော်ရသည့် ရတနာပုံနန်းမြို့မှတစ်ဆင့်၊ သီပေါဘုရင်နှင့်မိဖုရားခေါင်ကြီးကို၊ လွမ်းတ,ရသော ဝေဒနာကြောင့်လား၊ ဘာကြောင့်မှန်းမသိ၊ ကိုစိန်တင်တို့၊ ဟိုတယ်သို့စောစောပြန်လာပြီး၊ အိပ်ပစ်လိုက်မိတော့သည်။

(၅)

"စိမ့်ရေ...ဒီနေ့တော့ အရှင်နှစ်ပါးကို တို့များ တောနင်းရှာရမှာ။ ယူနီဗတ်စ်ဟိုတယ်က ကားဆရာကိုနိုင်ရှိမယ်ထင်တယ်၊ သွားရှာကြည့်ရအောင်"တက္ကသိုလ်စိန်တင်က ဟိုတယ်အခန်းထဲမှာ၊ စာရေးနေရင်းပြောလိုက်၏။

၂၈-၁၂-၂၀၀၄ နေ့

ထိုနေ့နံနက်စောစောထပြီး (၅နာရီ)၊ မနေ့က၊ သွားခဲ့သောခရီးမှတ်တမ်းနှင့်၊ ရတနာပုံနန်းမြို့ဆီ၊ မျှော်မောခဲ့ရသည့် အကြောင်းကို၊ ဖယောင်းတိုင်ကလေးထွန်းပြီး၊ မှတ်တမ်းရေးရသည်။ မှတ်တမ်းရေးနေရင်း၊ ကိုစိန်တင်ပြုံးမိသေးသည်။ ဖယောင်းတိုင်မီး၊ မှုန်တဝါးနှင့်၊ ရတနာပုံအရှင်နှစ်ပါးသမိုင်းကို၊ ရေးမှတ်နေသည် ဆိုတော့၊ 'ဖယောင်းတိုင်က ပြောသောသမိုင်း'ဟု အမည်မော်ကွန်းထိုးရမည်ထင်ပါရဲ့။ ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့နံနက်က၊ ဟိုတယ်မန်နေဂျာစီစဉ်ပေးသော နံနက်စာကို၊ အရသာရှိစွာစားကြရသည်။ ကိုစိန်တင်က မန်နေဂျာဆရာသမားကို၊ ကောက်ညှင်းပေါင်းစားချင်တယ်ဟုမှာထားသည်။ သို့ဖြင့် ခါတိုင်းညှော်ခံကျွေးမွေးနေကျ ထုံးစံနံနက်စာအပြင်၊ ကောက်ညှင်းပေါင်းတစ်မယ်တိုး လာလေသည်။

ပြောရဦးမည်။ မြန်မာအစားအစာ ကောက်ညှင်းပေါင်းကို ရန်ကုန်မြို့က၊ "ဆုထူးပန်ပရိယတ္တိစာသင်တိုက်"၊ ပဓာနနာယက ဆရာတော်ဘုရားကြီး၊ သလ္လာအရှင်ပဏ္ဍိတက၊ အမိပ္ပာယ်ဖွင့်ထားသည်မှာ၊ 'ကောင်းခြင်းပေါင်း'တဲ့။ ဆုထူးပန်စာသင်တိုက်တွင် မကြာခဏပင်၊ ကောက်ညှင်းပေါင်းဖြင့် ညှော်ခံကျွေးမွေးလေ့ရှိ၏။ ဆရာတော်ကြီးထံ၊ အလှူရှင်များက၊ နှစ်စဉ်ကောက်ညှင်းဆန်များ၊ တင်းလိုက်၊ အိပ်လိုက်၊ လှူဒါန်းကြသည်။ ဤတွင် ဆရာတော်ကြီးသည်၊ မကြာခဏပင်၊ 'ကောက်ညှင်းပေါင်း'ဖြင့် ညှော်ခံကျွေးမွေး၏။ သို့သော် ကျောင်းတိုက်အတွင်းရှိ၊ ကြော်ငြာဆိုင်းဘုတ်တွင် ဤသို့ အမြဲမော်ကွန်းတင်ထားလေသည်။

ယနေ့ ဆုထူးပန်ကျောင်းတိုက်၊ နံနက်စာအလှူ

"ကောင်းခြင်းပေါင်း"

ဤတွင် ကောက်ညှင်းပေါင်းစားရမည်ဆိုလျှင်၊ ရှေ့တန်းက ပါဝင်သော၊ တက္ကသိုလ်စိန်တင်သည်၊ ဆုထူးပန်စာသင်တိုက်တွင်၊ 'ကောင်းခြင်းပေါင်း'ကျွေးမည့်သတင်းကို အမြဲနားစွင့်ပြီး၊ မကြာခဏ၊ တစ်ဝတစ်ပြဲ သွားရောက်စားသောက် အားပေးခဲ့လေသတည်း။ (ဤကားစကားချပ်)



ထိုနေ့နံနက်စာ၊ ကောက်ညှင်းပေါင်းနှင့် ကော်ဖီကို၊ သစ္စာပန်းဟိုတယ်၌ အပစားသောက်ကြပြီး၊ မနီးမဝေးရှိ၊ ယူနီဗတ်စ်ဟိုတယ်သို့၊ ကိုစိန်တင်တို့၊ ချီတက်သွားကြသည်။ ယခင်နှစ်က၊ နဂါးကိုထွန်းရွှေတို့ သားရှင်ပြု အလှူမင်္ဂလာပွဲသို့၊ နဂါးစာပေ၏ ဒါနစားရိတ်ဖြင့်ပင်၊ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့၊ ယူနီဗတ်စ်ဟိုတယ်တွင် တည်းခိုခဲ့ကြသည်။ လျှပ်စစ်မီးထိန်ထိန်နှင့် တို့ကိုစိန်တင်ကြီး၊ ပျော်ပျော်ကြီး တည်းခိုဇိမ်ကျခဲ့တာ လွမ်းမိပါသေးတော့။ ထိုစဉ်က ယူနီဗတ်စ်ဟိုတယ်ရှေ့၊ အငှားကားဂိတ်ရှိ၊ ကားဆရာကိုနိုင်၏။ ကားကလေးကို၊ ကျပ် ၈၀၀၀ (ရှစ်ထောင်)ဖြင့် ငှားက၊ မင်းသမီးစောမွန်လှ၏ ရွှေစာရံစေတီသို့ သွားရောက်၍ ဓာတ်ပုံရိုက်ခဲ့ကြသည်။

ဂုဏ်ထူးစာပေမှ၊ ၂၀၀၄-ခုနှစ်တွင် ပဉ္စမအကြိမ်ထုတ်ဝေသော၊ 'အိုဘယ့်အနော်ရထာ'စာအုပ်၌ ရွှေစာရံစေတီဓာတ်ပုံကို၊ ဖော်ပြနိုင်ခဲ့၏။ ထို့ကြောင့်ပင်၊ ယမန်နှစ်က ငှားစီးဖူးသော၊ ကားဆရာကိုနိုင်ကိုပင် သွားရှာခြင်းဖြစ်သည်။ သို့သော် ကားဆရာကိုနိုင်၊ ခရီးတစ်ခုသွားနေသောကြောင့်၊ နောက်တစ်ယောက် ကားဆရာ၊ ကိုမိုးသော်၏ ကားကလေးကို၊ ငှားခဲ့ရသည်။ တစ်နာရီကျပ် (၃၀၀၀)ဆိုပါလားဗျို့။ သူတို့မှာကလည်း လက်ညှိုးထိုးစရာ၊ ဆီဈေး၊ ဘာဈေး၊ ညာဈေးတွေ နှင့် ဖြစ်လေတော့၊ ဈေးမဆစ်ဝံ့။ ကိုစိန်တင် တစ်ခွန်းတည်းသော စကားကိုဆို၏။ "ကဲ...ကောင်းပြီ၊ လာ...သွားကြစို့ မန္တလေးမြို့တစ်ခွင်ဆီ"

ထိုနေ့က တက္ကသိုလ်စိန်တင်နှင့် စိမ့် (ပညာရေး)တို့၊ ပထမဆုံးခရီးမှာ၊ ပြင်ဦးလွင်သွားကားလမ်းဘေးရှိ၊ အရပ်အခေါ်၊ ဝါခင်းကုန်းဘုရား၊ သမိုင်းစာသားဘွဲ့မည်က 'မာရ်အောင်ရတနာ'စေတီတော်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာကြီး၊ ရတနာပုံဖိုးမှတ်စု၊ ပြုစုခဲ့ပြီး ၈၄ လမ်း၊ လက်ဆည်ကန်၊ မန္တလေး၊ ကြီးပွားရေးစာအုပ်တိုက်မှ ထုတ်ဝေသော 'မန္တလေး' စာအုပ်တွင်၊ ဤသို့မော်ကွန်းတင်ထား၏။ ထိုစာအုပ်မှာ၊ စာရေးဆရာကြီး၊ ရွှေစကြာဦးစိုးမြင့်အား၊ စာရေးဆရာကြီး၊ လူထုဦးလှ လက်မှတ်ဖြင့်၊ မေတ္တာလက်ဆောင်ပေးထားခြင်းဖြစ်သည်။

> မာရ်အောင်ရတနာစေတီတော်။ ရတနာဂီရိစံ၊ အရှင်သီပေါမင်းသည်၊ သက္ကရာဇ်၊ ၁၂၄၁-ခုနှစ်၊ ကဆုန်လဆန်း၊ ၄ ရက်၊ အင်္ဂါနေ့တွင်၊ ရွှေမြို့တော်ကြီး၊ အရှေ့တောင်၊ နန်းတော်၏ တောဇအရပ်ဖြစ်သော၊ မဟာသီရိဟေမဝန် ဥယျာဉ်တော်ဝယ်၊ ဖိနပ်တော်၊ ငါးဆယ့်ငါးတောင်၊ အရပ်တော်၊ ငါးဆယ့် ခြောက်တောင်ရှိသော၊ စေတီတော်ကို၊ တံတိုင်းမီးတားနှင့်တကွ၊ တည်လုပ်တော်မူပြီးလျှင်၊ 'မာရ်အောင်ရတနာစေတီ'ဟု သမိုက်တော်မူသည်၊ ဝါခင်းကုန်းအရပ်တွင် တည်ရှိ၍၊ ဝါးခင်း ကုန်းဘုရားဟုလည်း ခေါ်သည်။

ကားဆရာဦးမိုးသော်မှာ၊ ပထမတွင်၊ အရှင်သီပေါမင်းတရား၊ တည်ထားခဲ့သော၊ ဝါခင်းကုန်းဘုရား၊ ဘယ်အနားတွင် ရှိသည်ဟု မသိ။ ကိုစိန်တင်က လူလည်မဟုတ်လား၊ သူလည်း၊ သေချာကျန၊ ပြောတတ်ညွှန်တတ်သည်မဟုတ်။ ထို့ကြောင့် ပြင်ဦးလွင်သွား၊ ကားလမ်းအတိုင်း မောင်းပါ၊ ခရီးဆုံးလျှင် ရှာတွေ့မည်ဟုသာ ပြောရတော့သည်။ အမှန်ကတော့ ညံ့သူမှာ၊ ဤဖေကိုယ်၊ စာရေးဆရာ တက္ကသိုလ်စိန်တင်ပင်။ ဝါခင်းကုန်းဘုရားမှာ၊ သူ့အတွက်၊ အသစ်အဆန်းမဟုတ်။ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလတွင်၊ စာရေးဆရာ၊ သတင်းစာဆရာကြီး အိုးဝေဦးညိုမြ ကွယ်လွန်ခြင်း၊ ဆယ်နှစ်ပြည့်



သတိရအခမ်းအနားတစ်ရပ်ကို၊ ဆရာတော်ဦးပညာ၏ အမရပူရ ကျောင်း၌ ကျင်းပစဉ်ကစ၍ မန္တလေးမြို့ရောက်တိုင်းလိုလို၊ ဝါခင်း ကုန်းဘုရားသို့ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့ မကြာခဏ အဖူးအမြော်ရောက်နေကြမဟုတ်လား။ ဒါဖြင့်ရင်၊ ဘာကြောင့်များ၊ စာရေးဆရာက ယာဉ်မောင်းဆရာ ဦးသော်ကို၊ ဒီကလာ၊ ဟိုကို မောင်းဟု ကောင်းကောင်းလမ်းမပြနိုင်ပါလိမ့်။ ခွင့်လွှတ်ပါဘိ၊ ကိုစိန်တင် အမှတ်သညာနည်းပါး၍ ညံ့ခဲ့ကြောင်း ဝန်ခံရပေသည်။

"ရောက်ပြီ၊ရောက်ပြီ...၊ရှေ့နားကလမ်းကျရင်၊ လက်ဝဲဘက်ချိုးကွေ့တော့၊ ရောက်ပါပြီ"။ ပြောရမည်ဆိုလျှင်၊ ကိုစိန်တင်ထက် အနည်းငယ်ပို၍တော်သည်ထင်ရသူ၊ စိမ့်(ပညာရေး)က ပိုင်ပိုင်ကြီး၊ ဦးဆောင်လမ်းညွှန်မှုပေးသောကြောင့်သာ၊ မကြာမီ၊ ဝါခင်းကုန်း ဘုရားဘွဲ့မည် ခံ၊ မာရ်အောင်ရတနာစေတီတော်ကြီးသို့၊ ခြေတော်ဦးခိုက်၊ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါပြီ။

မာရ်အောင်ရတနာစေတီတော်ကြီးမှာ ဂေါပကအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့်၊ ဘက်စုံပြုပြင်တည်ဆောက်မှုပြုထားသဖြင့် ခမ်းနားတင့်တယ်၊ ကြည်ညိုဖွယ်ရာရှိလှပါသည်။ ဤစေတီတော်ကြီး ကို မြန်မာသက္ကရာဇ်၊ ၁၂၄၁-ခုနှစ်တွင် တည်ထားခဲ့သည်ဟု မော်ကွန်းမှတ်တမ်းက၊ ဖော်ပြခဲ့ပေရာ၊ ထိုနှစ်မှာ၊ အရှင်သီပေါမင်းတရား၊ နန်းတက်စကာလပင် ဖြစ်လေသည်။ သို့သော် သိတော်မူကြသည့် အတိုင်းပင် ဘုရင်သီပေါနှင့် မိဖုရားခေါင်ကြီး၊ စုဖုရားလတ်တို့၊ နန်းပလ္လင်ပေါ် ရောက်ခဲ့စဉ်က မဟာဆိမဟာသွေး၊ မင်းညီမင်းသားများ စွာတို့ကို ကွပ်မျက်ခဲ့သည်မဟုတ်လားဗျို့။ အရှင်သီပေါဘုရင်မင်းမြတ် သည် မိမိနန်းပလ္လင်သို့ သွားရာလမ်းခရီးမှ ဆူးငြောင့်ခလုတ်တို့ကို ပယ်ရှင်းခဲ့ရ၍ စိတ်မသက်မသာဖြစ်ရသောကြောင့်ပင်၊ ဤစေတီ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးကို၊ အပြီးတည်ထား ကိုးကွယ်ခဲ့လေသလား၊ စဉ်းစားဖွယ်ပင်။ အဘယ်ကြောင့်ဆိုလျှင် ပုဂံပြည်တွင်လည်း၊ ခမည်းတော်အလောင်းစည်သူမင်းကြီး နာမကျန်းဖြစ်နေစဉ်၊ ခေါင်းအုံးဖြင့် ပိ၍ဘဝကူးစေခဲ့သော သားတော်နရသူမင်းသည် မိမိကျူးလွန်ခဲ့မိသောပြစ်မှုကြီး၊ ကျေရာကျေကြောင်းအတွက်၊ သမိုင်းဝင်၊ ဓမ္မရံကြီးစေတီတော်ကို ဖူးမြော်တည်ထားခဲ့သည် မဟုတ်လား။

ထိုနေ့က အရှင်သီပေါမင်းတရားကြီး၏ မာရ်အောင်ရတနာစေတီတော်ကို ဖူးမြော်ဦးခိုက်ကြပြီးနောက်၊ အာရုံခံတန်ဆောင်းအတွင်း၌ ထားရှိသော၊ အရှင်သီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး၊ စုဖုရားလတ်တို့၏ ခံ့ထယ်သော၊ ပန်းချီကားချပ်ကြီးအနီးတွင် ကိုစိန်တင်နှင့် စိမ့်တို့ ဓာတ်ပုံတစ်ပုံရိုက်ဖြစ်ကြလေသည်။

ဝါခင်းကုန်းဘုရားစေတီတော်တွင် ဘုရားဖူးမြော်၊ အလှူငွေများလှူဒါန်းကြပြီးလျှင်၊ ကိုစိန်တင်က ပြုပြုသမျှသော၊ ဒါနကောင်းမှုများအတွက်၊ အရှင်သီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး၊ စုဖုရားလတ်တို့အား၊ အမျှအတမ်းပေးဝေရ၏။ ထို့ပြင် နယ်ချဲ့သမားလူရမ်းကားတို့၏ လက်ရသိမ်းပိုက်မှုကို ခံခဲ့ရပြီး၊ တိုင်းတစ်ပါးတွင်၊ မထင်မရှားနတ်ရွာစံရရှာသူ၊ သီပေါမင်းတရားကြီးအတွက်၊ နောက်နောင်၊ ဤအဖြစ်ဆိုးမျိုးသည် ဤဘဝတွင် ဤမျှနှင့် ကျေပါစေတော့ဟုလည်း၊ မေတ္တာပို့၊ ဆုတောင်းခဲ့ပါသေးသည်။

"ကဲ ..ဆရာသော်ရေ၊ ကျွန်တော်တို့၊ မြို့လယ်က အောင်တော်မူဘုရားကို သွားကြစို့ဗျာ"

ကိုစိန်တင်က ယာဉ်ဆရာ၊ ဦးသော်ကို ပြောလိုက်သည်။ မြို့လယ်၊ အောင်တော်မူစေတီတော်ကိုကား၊ ထူးခြားစွာလမ်းညွှန်နေ



ရန်မလိုတော့ပြီ။ ထိုစေတီကိုတော့၊ ဆရာသော်သည် ကောင်းစွာသိပြီးဖြစ်လေသည်။

ရတနာပုံ မန္တလေးမြို့လယ်၊ အောင်တော်မူဆုတောင်းပြည့်စေတီသို့ ရောက်သောအခါ၊ ဘုရားပရဝုဏ်တစ်ပြင်လုံး ဘုရားဖူးများ၊ ပုတီးစိပ်သူများ၊ တရားဘာဝနာရှုမှတ်ပွားသူများနှင့်၊ အပြည့်ဖြစ်နေ၏။ ထို့ပြင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပနေချိန်ဖြစ်သောကြောင့် သာသနအလံများ တလူလူနှင့် ပြည်သူအများ စည်ကားစွာ သွားလာလှုပ်ရှားနေကြလေသည်။ မြို့လယ်ရှိ သီပေါဘုရင့်ကုသိုလ်တော်၊ 'အောင်တော်မူ မဟာလောကရန်နိုင်'၊ စေတီတော်မြတ် တည်ထားကိုးကွယ်ခြင်းနှင့် ပတ်သက်၍ ဘုရားသမိုင်းစာအုပ်တွင် ဤသို့ဖော်ပြလေသည်။

သီပေါဘုရင်မင်းမြတ်သည်၊ ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း (၃)ရက်နေ့နံနက်၊ တစ်ချက်တီးကျော်၊ ခြောက်မောင်းအချိန်၊ အမြောက်သံကြား၍၊ ရွှေမြို့တော်ကြီး၊ အရှေ့တောင်ထောင့်၊ ဇမ္ဗူ့မျက်ရှင်ရပ်၊ သာယာစွာ သော၊ မြေအပြင်တွင်၊ အသျှင်၊ ဘဝရှင်မင်းတရားကြီး ဘုရား၊ နံ့တော်သင့်၊ မဟာလောကရန် နိုင်စေတီတော်၊ ရွှေမြို့တော်ကြီး၊ အရှေ့မြောက်ထောင့်၊ မန္တလေးတောင် အရှေ့ဘက်၊ အာရုံခံဥယျာဉ်တော်အတွင်း၊ အသျှင်မိ ဖုရားခေါင်ကြီးဘုရားနံ့တော်သင့်၊ ရတနာတန်ဆောင် စေတီတော်နှစ်ဆူကို၊ အရပ်တော်နှင့် ဖိနပ်တော်၊ သံခုနစ်တောင်ထား၍၊ ခုနစ်ရက်နှင့်ပြီးပြေအောင်၊ ပွဲ သဘင်အခမ်းအနားတို့ဖြင့် တစ်ချိန်တည်း၊ အုတ်မြစ်စိ ခင်းတည်လုပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကရန်နှိမ်ဘုရားတွင်၊ သေနတ်ဝန်၊ ကင်းဝန်၊ လယ်ကိုင်းမြို့စားဝန်ကြီး၊ အတွင်းဝန်တိုင်တားမြို့စား၊ မြေတိုင်းဝန်ထောက်၊ ညောင်ဝန်းဝန်ထောက်၊ ရတနာတန်ဆောင်ဘုရားတွင် တောင်ခွင်မြို့စားဝန်ကြီး၊ အတွင်းဝန်မြို့သစ်မြို့စား၊ ဝန်ထောက်၊ ဝက်မစွပ်မြို့စား၊ ဝန်ထောက်ကွပ်ရှာမြို့စား၊ ဝန်ထောက်သံချပ်ဝန်၊ ဝန်ထောက် မလွန်မြို့စားတို့၊ သွားရောက် ကြီးကြပ်ရသည်။

တပေါင်းလဆန်း (၁၁)ရက်နေ့တွင်၊ လောကရန်နှိမ်ဘုရား၊ ရတနာတန်ဆောင်ဘုရားများကို၊ အမြောက်သံကြား၍၊ စည်ပင်သာယာ၊ အောင်ပွဲသဘင်ကျင်းပပြီးလျှင်၊ ရွှေထီးအထွတ်တင်လှူတော်မူသည်။

(ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယတွဲ၊ စာမျက်နှာ-၅၈၉)

ပြောရဦးမည်။ အထက်ပါ၊ အသျှင်သီပေါမင်းတရား၏ကုသိုလ်တော် လောကရန်နှိမ်စေတီတော်နှင့်၊ အသျှင်မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ကုသိုလ်တော်၊ ရတနာတန်ဆောင် စေတီတော်နှစ်ဆူကို တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ၊ တည်ထား၍ (၇)ရက်နှင့်ပြီးစီးအောင်တည်လုပ်၊ တစ်ချိန်တည်းမှာ၊ ထီးတော်တင်လှူကြရသည်မှာ ထူးခြားလှပါသည်။ အဆိုပါ၊ ဘုရားနှစ်ဆူ၊ တည်ပြုခဲ့သော၊ မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်ဆိုသည်မှာ၊ အရှင်နှစ်ပါးတို့၊ အိန္ဒိယပြည်သို့၊ ပါတော်မူခဲ့ကြသော ၁၂၄၇-ခုနှစ် မတိုင်မီ၊ သုံးနှစ်အလိုဖြစ်သည်။ ဤတွင် အရှင်နှစ်ပါး၏ ဇာတာတော်ကို ဝေဒပညာရှင်တို့စစ်ဆေးကြပြီး ဇာတာတော်၊ မသန့်၍ ဤကဲ့သို့၊ ယတြာချေရန်၊ စေတီတော်နှစ်ဆူကို၊ တစ်ချိန်တည်း၊ တည်ပြုခဲ့ခြင်းဖြစ်လေသလား၊



စဉ်းစားတွေးဆစရာ ဖြစ်ခဲ့လေသည်။ ကြားဖူးနားဝ ရှိပြီးကြသည် မဟုတ်လားဗျို့။ ဘာတဲ့ 'ယတြာကောင်းလျှင်၊ မင်းလောင်းပျောက်'ရသတဲ့။ ယခုလည်း ကျရောက်လတ္တံ့သော၊ ကံဆိုး၊ ကြမ္မာဆိုးများကို ကြိုတင်၍ ကာကွယ်ရန်၊ အရှင်နှစ်ပါးတို့၊ ယတြာချေခဲ့ကြခြင်း၊ မဖြစ်နိုင်ဘူးလား။

ဤသို့ ရည်ရွယ်၍ ယတြာချေခြင်းဖြစ်သည်ဆိုအံ့။ "ယတြာကောင်း၊ မင်းလောင်းပျောက်"ဆိုသောစကားကို ပယ်ဖျက်ရပေတော့မည်။ အဘယ့်ကြောင့်ဆိုလျှင်၊ အရှင်နှစ်ပါးတို့ လူပင်ပန်း၊ ငွေပင်ပန်းခံ၍ ဘုရားတည်၊ ယတြာချေခဲ့သည်မှာ မအောင်မြင်ခဲ့ရှာ။ အရှင်နှစ်ပါးတို့သည် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၈)ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့စစ်တပ်ကြီးက၊ ဖမ်းဆီးပြီး၊ အိန္ဒိယနိုင်ငံသို့ ပါတော်မူသွားခဲ့ရသည်မဟုတ်လား။ ထားတော့။

၂၉၊၁၂၊၂၀၀၄ နေ့က အရှင်သီပေါမင်း၏ ကုသိုလ်တော်၊ မဟာလောကရန်နှိမ်စေတီတော်တွင်၊ အလှူငွေများ ထည့် ဝင်လှူဒါန်းကြပြီး၊ အမှုအတန်းဝေခဲ့ကြသည်။

မဟာလောကရန်နှိမ် အောင်တော်မူစေတီတော်မှတဆင့်၊ ဆရာသော်၏ကားကလေးကို၊ ရတနာပုံမန္တလေး၊ မြနန်းစံကျော် ရွှေနန်းတော်ကြီးဆီသို့၊ မောင်းဖို့ပြောရတော့သည်။ မြနန်းစံကျော်ရွှေနန်းတော်ကြီးကား၊ တက္ကသိုလ်စိန်တင်တို့၊ မန္တလေးသို့ရောက်တိုင်းရောက်တိုင်း၊ ဝင်ရောက်လေ့လာကြည့်ရှုနေကျ ဖြစ်သည်။ တကယ်ဆိုလျှင် ဤရွှေနန်းတော်ကြီးမှာ၊ ဒုတိယကမ္ဘာစစ်အတွင်းက၊ မီးလောင်ပြီး၊ ပျက်စီးခဲ့သော၊ နန်းတော်ရာဟောင်းတွင်၊ အသစ်ထပ်မံတည်ဆောက်ထားသည်ကို၊ မသိမဟုတ်၊ သိ၏။ သို့သော် ဤနှယ်အသစ်ထပ်မံတည်ဆောက်ထားသော၊ နန်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်းသို့ ဝင်မိလျှင်ပင်၊ သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ် အရှင်နှစ်ပါးကို၊ ဘွားခနဲဖူးတွေ့ရတော့မည်လားဟုပင် ထင်မှတ်မှားမိသည်။

နန်းမြင့်မျှော်စင်ကို တက်ကြည့်မိသောအခါ၊ အဆောင်ဆောင် အခန်းခန်းသော၊ နန်းတော်ဆောင်တွေကို၊ အပေါ်ကစီး၍ မြင်ရတော့သည်။ 'ဟိုမှာ သီဟာသနပလ္လင်ဆောင်၊ ဒီဘက်က၊ မှန်နန်းဆောင်'၊ အဲဟိုဘက်က၊ မိဖုရားခေါင်ကြီးစုဖုရားလတ်စံမြန်းတဲ့ မဟေသီဆောင်၊ စသည်ဖြင့်၊ စိမ့်က၊ လက်ညှိုးတထိုးထိုး၊ နှုတ်က တတွတ်တွတ်အလွတ်ရွတ်ဆိုပြနေ၏။ ကိုစိန်တင်က ဟိုရှေးယခင် အထင်ကရ၊ ခံ့ညားလှစွာဖြင့်၊ တစ်ရာ့တစ်ပါးသော၊ ထီးဆောင်းမင်းတို့၏အရှင်၊ ရေမြေ့သနင်း၊ သီပေါမင်း၏ ညီလာခံကိုစိတ်ကူးယဉ် ကြည့်မိသည်။

ထိုတဒင်္ဂတွင် 'တို့ခေတ်ကျမှ ညံ့ကြတော့မှလား၊ ဟေ့ တို့ဗမာ' ဆိုသော နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲကာလက၊ သီဆိုခဲ့ကြသော၊ သီချင်းစာသားက၊ ရင်ထဲမှာ လှိုင်းခတ်သံပေးလာလေသည်။

နန်းမြင့်ပေါ်ကအဆင်းတွင် အသျှင်မိဖုရားခေါင်ကြီး၊ စုဖုရားလတ်၊ ငိုကျွေးခဲ့သည်ဆိုသော၊ နေရာကိုဖြတ်၍လျှောက်လာကြသည်။ စင်စစ်ဆိုလျှင်၊ အသျှင်မိဖုရားခေါင်ကြီးသည်၊ အမျိုးကိုချစ်သူ၊ ဘာသာကိုမြတ်နိုးသူ၊ သာသနာကိုကြည်ညိုလေးစားတန်ဖိုးထားသော၊ ခေါင်းဆောင်တစ်ဦးမဟုတ်ပါလား။ နယ်ချဲ့သမား၏လက်တွင်းသို့ သက်ဆင်းရတော့မည့် အမိနိုင်ငံတော်အတွက်၊ ရင်ထုမနာကြေကွဲဝမ်းနည်းခဲ့သည်ဆိုလျှင် 'သူလည်းလေလောကီသားပေမို့'ဟု နားလည်ပြီး ကြည်ညိုလေးစားရပေတော့အံ့။



ထိုနေ့က 'သီဟာသနပလ္လင်ဆောင်၊ မှန်နန်းဆောင်၊ မဟေသီဆောင်၊ မြောက်ထားဝယ်ဆောင်၊ လက်ဖက်ရည်တော်ဆောင်' စသည်ဖြင့် တစ်ဆောင်ပြီးတစ်ဆောင်၊ လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ဩော်...သူတို့လည်းလေ ကံကြမ္မာ၏ သားကောင်ပေ မို့... ဟိုရှေးအတိတ်က လူသားတို့ဘဝ မှန်ခဲ့သည်လည်းကြို၊ မှားခဲ့သည်လည်းဖြစ်၊ နန်းတွင်းဇစ်မြစ်ဇာတ်လမ်းစဉ်က၊ ပူပူနွေးနွေး။ မနေ့တစ်နေ့က၊ အကြောင်းတွေနှယ်၊ တွေးတွေးပြီးတော့၊ တဝဲလည်လည်။

မြနန်းစံကျော် ရွှေနန်းတော်ကြီးအတွင်း၌ အရှေ့မှသည် အနောက်၊ တောင်မှသည်မြောက်၊ ခရီးပေါက်အောင် လည်ပတ်လေ့လာပြီးသောအခါတွင်၊ တက္ကသိုလ်စိန်တင်နှင့်စိမ့်တို့...မရောက်သည်မှာ၊ ကြာခဲ့ပြီဖြစ်သော၊ တောင်သမန်အင်းနှင့် ဆရာတော်ဦးပညာ (အမရပူရ)ကျောင်းသို့ ခရီးဆက်ခဲ့ကြသည်။ တောင်သမန်အင်း မရောက်မီ၊ လမ်းဘေးက၊ သစ်ပင်ရိပ်ကောင်းကောင်းမှ၊ ဘူးသီးကြော်ဆိုင်တွင်ဝင်၍ အညာဘူးသီးကြော်နှင့်၊ ရေနွေးကြမ်းပူပူကို၊ လွေးကြသေးသည်။

တောင်သမန်အင်းနှင့်၊ ဦးပိန်တံတားမှာ၊ လေ့လာသူခရီးသည်တွေနှင့် စည်ကားလှပေစွ။ အထူးသဖြင့် လေ့လာသူတွေထဲမှာ၊ နိုင်ငံခြားသား၊ တိုးရစ်ခရီးသည်တွေ၊ ဟိုသွားလိုက်၊ သည်လာလိုက်၊ စုံတွဲတွေလည်းပါ၊ အုပ်စုဖွဲ့ပြီး၊ ကားကြီးတွေနှင့်လည်း တွေ့ရသည်မှာ၊ ပျော်စရာပင်။

တောင်သမန်အင်းတွင်လေ့လာ၊ ဓါတ်ပုံများရိုက်ပြီး၊ ဆရာတော်ဦးပညာ၊ (အမရပူရ)၏၊ တောင်လေးလုံးကျောင်းတိုက်သို့ သွားကြသည်။ နာရီကိုကြည့်သောအခါ၊ နံနက် (၁၁)နာရီ (၄၅)မိနစ်။ ဆရာတော်ဦးပညာမှာ ယခုအချိန်အထိ၊ ဆွမ်းမဘုဉ်းပေးရသေး

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီး သက်န်းရုံနေစဉ်၊ ဒါယကာကိုစိန်တင်တို့ ရောက်သွားခြင်း ဖြစ်သည်။

ဆရာတော်က။ ။"ဒကာတက္ကသိုလ်စိန်တင်ထိုင်အုံးလေ၊ ဖြည်းဖြည်းပေါ့"တဲ့။

တက္ကသိုလ်စိန်တင်။ ။"အရှင်ဘုရား၊ ဘယ့်နှယ်ဆွမ်းမဘုဉ်းပေးရ သေးတာလဲ၊ မွန်းတည့်လုပြီဘုရား"

တက္ကသိုလ်စိန်တင်က ဆရာတော်ဆွမ်းဘုဉ်းပေးချိန်နီးနေသည်ကို သတိပြုမိသောကြောင့်၊ ဆရာတော်အား၊ နဝကမ္မငွေလှူဒါန်း၊ ဦးချကန်တော့ပြီး၊ နှုတ်ဆက်ထွက်လာခဲ့ကြလေသည်။

"ဆရာသော်...အောင်ပင်လယ်ကန်ကို၊ သွားကြရအောင်ဗျာ၊ ပြီးတော့မှ မြို့သစ်ကို၊ ခရီးဆက်ကြမယ်"

တက္ကသိုလ်စိန်တင်ရေးသော၊ "မြင်ကွန်းနှင့်ကနောင်"စာအုပ်အတွက်လည်းကောင်း၊ စိမ့်(ပညာရေး)ရေးသော၊ "ကနောင်မင်းသားနှင့်လှိုင်ထိပ်ခေါင်တင်"စာအုပ်အတွက်လည်းကောင်း 'အောင်ပင်လယ်ကန်'သည်၊ သမိုင်းဝင်နေရာဌာနဖြစ်ခဲ့သည်။ ကနောင်မင်းသားသည် 'အောင်ပင်လယ်ကန်'တွင်၊ ရေမြှုပ်ဖုံးကိုစမ်းသပ်ရင်း၊ ဗြိတိသျှနယ်ချဲ့တို့ ရေတပ်ကြီးကို၊ ဧရာဝတီမြစ်အတွင်းမှာ ရင်ဆိုင်တိုက်ခိုက်ရန် ကြံစည်ခဲ့သည်မဟုတ်လား။

သမိုင်းဝင်အောင်ပင်လယ်ကန်တော်ကြီးမှာ ပြုပြင်ထိန်းသိမ်းခြင်းကင်း၍ ထင်ပေါ်၊ ကောနေသော၊ ကန်ပျက်ကြီးအဖြစ်၊ တွေ့မြင်ရသည်။

ကားဆရာက စိတ်ရှည်လက်ရှည် လိုက်ရှာပေး၍ အောင်ပင်လယ်ဘိုးဘိုးကြီးနတ်နန်း၏ နောက်ဘက်တွင် ရေတော်တော်များများ



နှင့်၊ ဓါတ်ပုံရိုက်ရန်၊ ရှုခင်းကောင်းကောင်းရခဲ့သည်။ တော်ပါသေးရဲ့။

ထိုနေ့က၊ မြို့သစ်ရှိ၊ အငြိမ်းစား တိုင်းပညာဝန် ဦးစံရွှေ၊ ဒေါ်မြညွန့်တို့အိမ်သို့၊ ခေတ္တဝင်ကြသည်။ ဒေါ်မြညွန့်က စိမ့်၏ညီမအရင်းဖြစ်သည်။ မမြညွန့်၊ ကျွေးမွေးညှဉ့်ခံသော ပေါင်မုန့်နှင့်ငါးသေတ္တာ၊ ကော်ဖီတို့မှာ၊ ထိုနေ့အတွက်၊ နေ့လယ်စာထမင်းလွတ်တော့သည်။

ညနေ ဟိုတယ်ပြန်ရောက်တော့၊ ခရီးက မပြီးပြတ်သေး။ ထွန်းဦးစာပေမှ ဦးထွန်းဦးနှင့်စကားပြောချင်သေးသည်။ နဂါးစာပေက၊ ကိုထွန်းရွှေနှင့်လည်း၊ တွေ့ချင်သေးသည်။ ထို့ကြောင့် သစ္စာပန်းဟိုတယ်နှင့် မဝေးလှသော၊ ထွန်းဦးစာပေသို့၊ လမ်းလျှောက်သွားကြသည်။ ကိုထွန်းဦးမှာ စာရေးဆရာနေဝင်းမြင့်နှင့် စကားလက်ဆုံကျနေသည်။ ကိုနေဝင်းမြင့်ကို ထွန်းဦးစာပေမှ 'အိုဘယ့်ရာဇကုမာရ်'စာအုပ်၊ ၁၅၀၀ ကျပ်နှင့်ဝယ်၍မေတ္တာလက်ဆောင်ပေးပြီး၊ သည်စာအုပ်အပေါ် အကောင်းအဆိုး၊ အကျိုးအပြစ်၊ ဝေဖန်စာရေးပေးပါရန် မေတ္တာရပ်ခံခဲ့ရသည်။

ကိုထွန်းဦးက"ဆရာစိန်တင်၊ နက်ဖြန်နံနက်၊ ဆိုင်ကိုလာခဲ့ပါ၊ လက်ဖက်ရည်သောက်ရင်း စကားပြောရအောင်"တဲ့။

"လာခဲ့မည်"ဟု ပြောပြီး ကိုထွန်းဦး၊ မနွဲ့နွဲ့ရီတို့ကို နှုတ်ဆက်၍ နဂါးစာပေတိုက်သို့ လျှောက်လာကြသည်၊ ကိုထွန်းရွှေမှာ၊ သားနှင့်သမီးကျောင်းကြိုသွားနေ၍ မတွေ့ခဲ့ရ။ နဂါးစာပေတိုက်တွင် ကိုထွန်းရွှေ၏ဇနီး၊ မခင်မာဦးနှင့်သာ တွေ့ရလေသည်။ တက္ကသိုလ်စိန်တင်က မခင်မာဦးကို"သမီးရေ၊ ဆရာတို့၊ ကိုထွန်းရွှေကို၊ လာနှုတ်ဆက်တာပဲ၊ နက်ဖြန်ညနေရထားနဲ့၊ ရန်ကုန်ပြန်ကြမယ်"ဟု ပြောခဲ့ရသည်။

ဟိုတယ်သို့ အပြန်တွင်၊ လမ်း၌ မြညွန့်ဆွေစာပေတိုက်သို့ဝင်

www.burmeseclassic.com

www.burmeseclassic.com



၍၊ ကိုအေးဆွေနှင့် ခေတ္တနှုတ်ဆက်စကားပြောဖြစ်ကြ၏။ တက္ကသိုလ်စိန်တင်၏၊ နေသူရိန်စာအုပ်တိုက်က ထုတ်ဝေသော၊ အကျဉ်းခံသီပေါနှင့် စိမ့်(ပညာရေး)၏ ပတ္တမြားငမောက်စာအုပ်များ၊ ပို့ပေးရန်ကိုအေးဆွေကပြော၍၊ ပို့ပေးမည်ဟုပြောရင်း၊ ဟိုအကြောင်းသည်အကြောင်း သောင်းပြောင်းထွေလာ၊ စကားထိုင်ပြောနေကြလေသည်။

(၆)

၃၀-၁၂-၂၀၀၄

သည်ကနေ့ညနေတွင်၊ ကိုစိန်တင်တို့ ရန်ကုန်ပြန်ကြမည်။ နံနက်၊ ၈နာရီတွင်၊ လက်ဖက်ရည်သောက်လာရောက်ရန် ဆရာကိုထွန်းဦးက ဖိတ်မန္တကပြုထားသဖြင့် ကိုစိန်တင်နှင့်စိမ့်တို့ ဘာမှမစားဘဲ၊ ထွန်းဦးစာပေတိုက်သို့ ချီတက်ခဲ့ကြသည်။ ကိုထွန်းဦးမှာရန်ကုန်က ရောက်လာသော၊ ဂျာနယ်တွေတစ်ပုံကြီးနှင့် အလုပ်များနေသည်။ တက္ကသိုလ်စိန်တင်က ရောက်ကြောင်းသတင်းပို့လိုက်သည်နှင့် ကိုထွန်းဦးက သူ့ဂျာနယ်တွေကို ထားခဲ့ပြီး၊ 'လာ…ဆရာ၊ ကားပေါ်တက်လေ နန်းကြီးသုပ်သွားစားမယ်'ဟု ပြောနေသည်။

အောင်မယ်၊ ထိုနေ့က တက္ကသိုလ်စိန်တင်နှင့်စိမ့်တို့ကို၊ ဆရာကိုထွန်းဦး၊ ဖိတ်ခေါ်ကျွေးမွေးသည့် မုန့်တီဆိုင်ကလည်း သာမန်ဆိုင်မဟုတ်။ နံနက် ၈ နာရီခွဲ ၉ နာရီအထိ၊ စားနေသူတွေ မစဲကြသေး။ ထိုပြင် နေရာရအောင် အထူးကြိုးပမ်းရသည်။

"ကိုထွန်းဦး ကျွေးတဲ့ မုန့်တီက အပျံစားပဲဗျ"

တက္ကသိုလ်စိန်တင်က ငါးဖယ်နှင့် မုန့်တီတစ်ပွဲ၊ စိမ့်က ကြက်သားနှင့်မုန့်တီတစ်ပွဲစားကြရင်း၊ စားလို့ကောင်းလှသော၊ မုန့်တီကိုစာရေးဆရာက ထောပနာပြုစကား ပြောကြားရသည်။



ကိုထွန်းဦး "မန္တလေးမှာတော့၊ ဒီထန်းလျက်တန်းက၊ ဒေါ်သောင်းစိန်ရဲ့မလွန် မုန့်တီက နာမည်ကြီးပဲလေ"

ဟုတ်ပါလိမ့်မည်။ ကိုစိန်တင်တို့ မုန့်စားနေစဉ် ကားကြီးကားငယ် အသွယ်သွယ်ထိုးဆိုက်ပြီး၊ အဝတ်အစား၊ တောက်တောက်ကြွားကြွားနှင့် လူကြီးလူငယ်တွေ၊ ဆိုင်ထဲဝင်ထိုင်သည်ကို တွေ့ရလေသည်။

ကိုထွန်းဦး။။ "ဆရာတို့ကို ပန်းဝါကဖီ ပို့ပေးရဦးမယ်"

မုန့်တီအဝစားပြီး၊ ကားပေါ်တက်ကြစဉ်၊ ကိုထွန်းဦးက ပြောနေသည်။ တက္ကသိုလ်စိန်တင်က 'တော်ပြီလေ၊ ကိုထွန်းဦး၊ မုန့်တီနဲ့ပဲ၊ ဗိုက်ဝနေပြီ'။

ကိုထွန်းဦး- "အစပ်စားပြီး၊ အချိုတည်းမယ်လေ၊ ပန်းဝါကဖီးက၊ လက်ဖက်ရည်ကို၊ ဆရာတစ်ကြိမ်သောက်ပြီးရင် အစွဲကြီးစွဲသွားလိမ့်မယ်"

မကြာမီ ပန်းဝါကဖီးသို့ရောက်လေပြီ။ အောင်မယ်၊ ဒီကဖီးဆိုင်ကလည်း၊ ရန်ကုန်မှာ နာမည်ကြီးနေတဲ့၊ စိတ်တိုင်းကျကဖီး၊ မောနင်းစတားကဖီး၊ ကောင်းသန့်ကဖီးတို့လိုပဲ၊ စားသုံးသူတွေအပြည့် ကားကြီးကားငယ်အသွယ်သွယ်တို့မှာ ဟိုနေရာရပ်ရမှာလား၊ ဒီ နေရာရပ်ရမှာလား၊ ကားရပ်ရန်နေရာ ရွေးနေစရာပင်မရှိ။ ကားတွေလူတွေအပြည့်။

ကိုထွန်းဦးခေါင်းဆောင်သောအဖွဲ့ကို၊ ဆိုင်ရှင်ကိုယ်တိုင်၊ ပျူပျူငှာငှာနှင့် ဂရုတစိုက် နေရာချထားပေး၍၊ ဩော်…တို့စာရေးဆရာလည်း မန္တလေးရောက်မှ၊ အရေးကြီးပုဂ္ဂိုလ်ဖြစ်မှန်းမသိ ဖြစ်နေပါလားဟု၊ တွေး၍ ပြုံးမိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်။ ။ "ဆရာဦးထွန်းဦးတို့၊ ဘာသုံးဆောင်ကြမှာလဲခင်ဗျာ"

ဦးထွန်းဦး။ ။ (အသံအနည်းငယ်မြှင့်၍)"ဟပ်တီး၊ ပုံမှန်၊ဆိမ့်"

တက္ကသိုလ်စိန်တင်မှာ ရုတ်တရက်၊ ဘာမှနားမလည်ဖြစ်သွား၏။ ထို့ကြောင့် ဆရာကိုထွန်းဦး အနီးသို့ကပ်၍ တိုးတိုးမေးရသည်။

တက္ကသိုလ်စိန်တင်။ ။ "ကိုထွန်းဦး၊ ဘာအော်လိုက်တာလဲဗျ"

ဦးထွန်းဦး။ ။ "ဆရာစိန်တင်နဲ့၊ ဆရာမစိမ့်တို့ကို၊ တစ်ခါသောက်ရုံနဲ့၊ တစ်သက်လုံးစွဲသွားစေမယ့်၊ ပန်းဝါလက်ဖက်ရည်မှာပေးတာ၊ ကျွန်တော်မရှင်းပြတော့ဘူး၊ လက်ဖက်ရည်ရောက်လာရင်၊ သောက်ကြည့်ပေတော့"

မကြာမီ၊ လက်ဖက်ရည်ပန်းကန်များ ရောက်လာ၍ သောက်မြည်းစမ်းကြည့်ရသည်။ ဟုတ်ပါပေ၏။ မှန်ပါပေ၏။ အို...ခင်မင်သောလက်ဖက်ရည်သမားတို့၊ မန္တလေးမြို့၊ မလွန်ဒိပါးတန်း၊ ၈၅လမ်းနှင့် ၈၆ လမ်းကြား၊ ပြီးတော့ ၃၃ လမ်းနှင့် ၃၄လမ်းကြားရှိ ပန်းဝါကဖီးသို့ တစ်ခါတစ်ခေါက် ချိတက်ရောက်ရှိအောင် သွားကြပါဗျို့။ ဆရာကိုထွန်းဦးညွှန်းသလို၊ ချိုဆိမ့်မွှေး၊ အရသာရှိတဲ့၊ လက်ဖက်ရည်ကလေး၊ လွေးကြရပေအံ့။ ထိုနေ့က "ကောင်းလွန်းလို့ စားကြည့်ပါဦး" ဟု ကိုထွန်းဦးက ပြောပြောဆိုဆို၊ 'ပန်းဝါဘယာကြော်သုပ်'နှင့်၊ 'ပဲပလာတာ'တစ်ပွဲထပ်ပြီး၊ မှာကြားနေပြန်သည်။ ကိုစိန်တင်က "နန်းကြီးသုပ်အဝတီးခဲ့တာ၊ ဘယာကြော်သုတ် ဘယ်စားနိုင်တော့မှာလဲ၊ ဆရာရဲ့"ဟု ကိုထွန်းဦးကို တားပါသေး၏။ မရပါချေ။ ဝေဿန္တရာလက်သစ်၊ ကိုယ့်လူ ကိုထွန်းဦးသည် သူမှာထားသော ဘယာကြော်သုပ်ပန်းကန်ကို၊ တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့ဘက်သို့ တွန်းပေနေ၍၊ သူကျေနပ်အောင်၊ ထပ်စားရပြန်ရတော့သည်။ ကျေးဇူးအထူးတင်ပါတယ် ကိုထွန်းဦးရေ။



ထိုနေ့က ကိုထွန်းဦးသည် စာအုပ်ဆိုင်မှာ ကျန်ခဲ့သော၊ သူ့ဇနီးကလိမ္မာ၊ မနွဲ့နွဲ့ရီအတွက်၊ နန်းကြီးသုပ်နှင့် ဘယာကြော်သုပ်ကထုပ်တွေ၊ မှာခိုင်းနေတာမြင်နေသဖြင့် "အင်း...ဒီဆရာသမားလည်း၊ တို့လိုပဲ မိန်းမချစ်ဆေးဖေါ်တတ်သားပဲ"ဟု တွေးပြီး၊ ကိုစိန်တင် ပြုံးမိသေးသည်။ ထားပါ။

(၇)

"ဆရာတက္ကသိုလ်စိန်တင်ကို ညွှန်သည်တစ်ယောက်လာမေးနေတယ်" ထိုနေ့က ပန်းဝါကဖီးမှအပြန် ထွန်းဦးစာပေ၊ စာအုပ်ဆိုင်ရောက်တော့ ဆိုင်အမှုထမ်း လူငယ်လေးက ပြော၏။ သူပြောသော၊ မိတ်ဆွေဆိုတာကို ကြည့်လိုက်တော့ စာပေမိတ်ဆွေ၊ ကိုစိန်လှ။

ပြောရဦးမည်။ တက္ကသိုလ်စိန်တင်ထံ မြန်မာပြည်အရပ်ရပ်မှ၊ စာပေဝါသနာရှင်၊ အမျိုးသား၊ အမျိုးသမီးများနှင့် ဘုန်းတော်ကြီးများ ပါမကျန်။ တယ်လီဖုန်းလှမ်းဆက်၍ စာပေမိတ်ဆွေဖွဲ့ကြလေသည်။ ယခု ဦးစိန်လှမှာ၊ ကိုစိန်တင်ရေးသော "နန်းကျဘုရင်သီပေါ၊ ငကရီစုဖုရား"စာအုပ်များကို အလွန်ကြိုက်ပါသည်ဟု တယ်လီဖုန်းဖြင့် မိတ်ဆက်ခဲ့သော၊ ရွှေနေ၊ အဆောက်အဦကန်ထရိုက်၊ စာပေသမားပင်။ ယခင်က အင်းစိန်တွင် အချိန်အတော်ကြာမျှ နေထိုင်ခဲ့ဖူး၍ စာရေးဆရာကြီးဦးဌေးမောင်၏သားနှင့်ပင်၊ အတော်ခင်မင်ခဲ့ဖူးသည်ဆို၏။ ယခု ဦးစိန်လှကို ဆရာကိုထွန်းဦးနှင့် မိတ်ဆက်ပေးပြီး မတ်တပ်ရပ်လျက်ပင် စကားဝိုင်းတစ်ဝိုင်းဖွဲ့ဖြစ်ကြသေးသည်။ တဝါးဝါး တဟားဟား၊ ရယ်ကြမောကြ၊ ပြောကြ၊ ဆိုကြ။

ဟိုတယ်သို့ ပြန်ရောက်၊ ပစ္စည်းသိမ်း ဟိုတယ်ခရှင်းပြီး၊ မွန်းလွဲ ၂ နာရီတွင်၊ မန္တလေးဘူတာရုံကြီးသို့၊ ယူနီဗတ်စ်ဟိုတယ်က ကား

www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းလုံးမှာ၍ ဆင်းခဲ့ကြသည်။ ထိုနေ့ညစာကို မီးရထားပေါ်မှာ စားရမည်ဖြစ်တော့ ကိုစိန်တင်က မန္တလေးမြို့တွင်၊ နာမည်ကြီးနေသော "ဒေါ်လေးမေ"ထမင်းဆိုင်မှ ထမင်းတစ်ထုပ်နှင့် ပုဇွန်ထုပ်ဟင်း တစ်ပွဲဝယ်သည်။ ပုဇွန်ထုပ်ဟင်းတစ်ပွဲ၊ ကျပ် ၁၀၀၀ (တစ်ထောင့်ရှစ်ရာ)တဲ့။ အမှန်ကိုဝန်ခံရလျှင်၊ ရန်ကုန်တွင် ကိုစိန်တင်တစ်ယောက် ဈေးမြောက်လှသော ပုဇွန်ထုပ်ဟင်းချက်မစား၊ ထမင်းဆိုင်ကလည်း ဝယ်မစား။ ယခုတော့ ကုန်းသတ္တဝါသား မစားသောစာရေးဆရာ၊ တစ်ခါတစ်လေ၊ ဖြုန်းဖူးတယ်ရှိအောင်၊ သတ္တိမွေး၍ ပုဇွန်ထုပ်ဟင်း တစ်ပွဲကို ရဲရဲကြီးဝယ်လေပြီ။ မဂ္ဂဇင်းတွေက တို့ကိုစိန်တင်ကြီးကို ဆောင်းပါးစာမူခ (၂၀၀၀)ကျပ် ချီးမြှင့်ကြသည်။ အနှစ်နှစ်အလလက၊ ပညာသင်ကြားရာဖွေစုဆောင်းပြီး သုတေသနပြု ရေးထုတ်လိုက်သော၊ ထိုဆောင်းပါးတစ်ပုဒ်၏ စာမူခ ကျပ် ၂၀၀၀ သည် မန္တလေးမြို့က၊ ထမင်းတစ်ထုပ်၊ ပုစွန်ဟင်းတစ်ပွဲနှင့်ပင် ပြောင်တလင်းခါပါရောတဲ့။

သည်နောက်တွင် ဒေါ်လေးမေထမင်းဆိုင်ကတစ်ဆင့် မန္တလေးဘူတာကြီးရှေ့က နာမည်ကျော် မြင့်မြင့်ခင်ထိုးမုန့်ဆိုင်သို့ ဝင်ကြလေ၏။

တက္ကသိုလ်စိန်တင်။ ။ "သမီးလေး ထိုးမုန့် (၁၀)ထုပ်"

ထို့နေက မြင့်မြင့်ခင် ထိုးမုန့်ဆိုင်တွင် မုန့်ဝယ်ရင်း အရောင်းစာရေးမလေးနှင့် စကားစပြီးပြော၊ သူကမေး၍ ကိုစိန်တင်က ရန်ကုန်မှ စာရေးဆရာ တက္ကသိုလ်စိန်တင်ဖြစ်ကြောင်း ပြောပြီး ထွက်လာခဲ့၏။ ကိုစိန်တင် ကားပေါ်သို့ တက်မည်ပြုစဉ်၊ ထိုးမုန့်ဆိုင်ထဲက လူတစ်ယောက် အပြေးအလွှားလိုက်လာသည်။



ထိုလူ ။ ။ "ဆရာ...ဆရာက၊ စာရေးဆရာ တက္ကသိုလ်စိန်တင် လား။ ကျွန်တော်က ဆရာ့စာဖတ်ပရိသတ်ပါခင်ဗျ။ ဆရာရေးတဲ့ စာအုပ်တွေ၊ ကျွန်တော်အမြဲဝယ်ဖတ်ပါတယ်။ အိုဘယ့် ...နေဘ်ရထာစာအုပ်ကို သိပ်ကြိုက်တာပဲဆရာ"

တက္ကသိုလ်စိန်တင်မှာ၊ ခရီးသွားဟန်လွှဲ စာပေမိတ်ဆွေထမင်း ...ရှင်တစ်ဦးနှင့် တွေ့ရ၍ ဖရဏာပီတိ၊ ဂွမ်းဆီထိသလို ပြုံးပြုံးကြီးမှ ...ပြုံးပြုံးကြီး။

ကိုစိန်တင်။ ။ "ဝမ်းသာလိုက်တာဗျာ၊ ဒါနဲ့ နောင်ကြီးက၊ ဘယ်သူ လဲဗျ၊ ဘယ်မြို့ကလဲ၊ နာမည်ပြောပြပါဦး၊ ဒီစာအုပ်ထဲ မှ ...လိပ်စာကလေးရေးပေးဗျာ၊ ရန်ကုန်က ...စာအုပ်ပို့မယ်"

ထိုလူ။ ။ "ကိုကြီးညို၊ နတ်သျှင်ခေါင်ပုံတိုက် ကန့်ဆည်မြို့ စစ်ကိုင်းတိုင်း"ဟု လိပ်စာရေးပေးသည်။

ကိုကြီးညို။ ။ "ဆရာက တက္ကသိုလ်စိန်တင်ဆိုရင်၊ ဟို...ကားထဲမှာ ထိုင်နေသူက ဆရာမစိမ့်(ပညာရေး)ပေါ့နော်၊ဟုတ်လား ဆရာ"

...တက္ကသိုလ်စိန်တင်။ ။ "ဟုတ်ပေသပေါ့၊ မှန်ပေသဗျား"

ကိုကြီးညို။ ။ (ကားနားသို့ ပိုက်လျှောက်လာရင်း) "ဆရာမ စိမ့် ...စာအုပ်တွေလည်း၊ ကျွန်တော်အမြဲဝယ်ဖတ်ပါတယ်။ ...သဘောကျပါတယ်ခင်ဗျ"

ဩော်...စာရေးဆရာ ကဝိမှာ၊ ငွေကြေးမှမ်းသော ကြွယ်ဝသူ ...နှစ်လျှင်သာရှိမည်၊ ရှေးက်လေရား၊ ...ကိုင်း ...ခွင် ...ခင်သူ ...ပေမိတ်ဆွေတို့ကား၊ များမှများ ပေါ်မှပေါ်၊ ...ချင်ပြောချင် မိတ် ...များ ပေါ်ကြွယ်လပ ဘိတကား။

www.burmeseclassic.com



ဤအမှာစာကို နိဂုံးကမွတ်၊ အဆုံးသတ်ပါတော့မည်။ စာရေးဆရာတက္ကသိုလ်စိန်တင်သည် နန်းကျဘုရင်သီပေါ(ဘာသာပြန်) အကျဉ်းခံသီပေါ (ဘာသာပြန်)၊ ငကရီစုဖုရား စသည်ဖြင့် ဘဝရှင်သီပေါဘုရင်မင်းတရားနှင့်၊ မိဖုရားခေါင်ကြီး စုဖုရားလတ်တို့၏ အကြောင်းထုပ္ပတ်၊ စာအုပ်သုံးအုပ်ရေးခဲ့ပြီး ယခု "သီပေါဘုရင်နှင့်စုဖုရားလတ်"စာအုပ်သစ်ကို၊ ရေးထုတ်တင်ဆက်လိုက်ပါသည်။

အမှန်ဆိုရလျှင်၊ ရတနာပုံနေပြည်တော်၊ မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း၊ ခင်းကျင်းပြသခဲ့သော နန်းတွင်းပြဇာတ်တော်ကြီးမှာ စိတ်ဝင်စားသူ၊ သုတေသီတို့အဖို့၊ ရှာ၍မကုန်၊ ဖွေ၍မခန်း၊ ဇာတ်လမ်းတွေ၊ အများကြီး၊ ကျန်ရှိနေဦးမည်ကို ဝန်ခံပါသည်။ ယခုရေးသားတင်ဆက်ပြီးသမျှတို့မှာ၊ ရတနာပုံနန်းတွင်းဇာတ်တော်ကြီး၏ စာမြည်းမျှသာ ရှိပါလိမ့်မည်ကို၊ ဝန်ခံရပေအံ့။

စကားလက်တံရှည်ချင်သူတို့က တက္ကသိုလ်စိန်တင်အား မေးခွန်းထုတ်မည်ဆိုပါစို့။

"စာရေးဆရာရေ၊ ရတနာပုံနန်းတော်တွင်းက ဇာတ်လမ်းတွေကို ဘာရည်ရွယ်ချက်နဲ့၊ အခန်းဆက်ရေးသားထုတ်ဝေနေပါသလဲ"

ထိုသို့မေးလျှင်၊ တက္ကသိုလ်စိန်တင်က ဆရာရွှေတိုင်ညွန့်၏ "ပါတော်မူ"သီချင်းတစ်ပိုဒ်ကို သီဆိုရင်း၊ အဖြေပေးပါရစေတော့ စာချစ်သူ။

"ကိုယ့်ဘုရင်၊ ကိုယ့်သခင်ကိုမျှော်မှန်းရည်...ယနေ့တိုင် မမေ့နိုင်ပါတော့သည်"



ဘယ်လိုမျှော်မှန်းပြီး၊ ဘယ်လိုမမေ့နိုင်တာလဲ။ ရတနာပုံနေပြည်တော် မြနန်းစံကျော် ရွှေနန်းတော်ကြီးအတွင်း၊ မိုးအလင်းကပြခဲ့သော ကိုယ့်ဘုရင်၊ ကိုယ့်သခင်တို့၏ ပျော်ရွှင်ဖွယ် ကြည်နူးဖွယ်၊ ပူဆွေးဖွယ်၊ နာကြည်းဖွယ်၊ သင်ခန်းစာယူဖွယ်၊ သံဝေဂယူဖွယ် ဇာတ်လမ်းအဆက်ဆက်ကို တမ်းတမျှော်မှန်း၊ မမေ့နိုင်သော အလွမ်းဖြင့် ဆင်ခြင်နှိုင်းဆကြနိုင်ပါစေ...ဟူ၍။

တက္ကသိုလ်စိန်တင်

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ
မင်းချမ်းသာကား
သမုဒ္ဒရာ
ရေမျက်နှာထက်
ခဏတက်သည်
ရေပွက်ပမာ
တစ်သက်လျှာတည်း

အနန္တသူရိယ

www.burmeseclassic.com

www.burmeseclassic.com

# ၁။ ပထမကျော် ရှင်လူထွက် နန်းတက်မှုအေး

## က

ရတနာပုံနေပြည်တော်၌ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး နာဖျားမကျန်းဖြစ်ကာ စက်ရာထဲလဲနေသည်။ မင်းတုန်းမင်းတရားသည် အရွယ်တော်က အိုမင်းနေပြီ။ သည်လိုသက်ကြီးရွယ်အိုဘဝ ရောက်ရုံဖြင့် နာဖျားမကျန်း ဖြစ်ရမှာလား။ သည်လိုလည်းမဟုတ်သေး။ အမှန်ကိုဖော်ပြရလျှင် မင်းတုန်းမင်းတရားကို စက်ရာထဲ ဘုန်းဘုန်းလဲအောင် ကြုံခဲ့တွေ့ခဲ့ရသော အရေးတော်ပုံများက နှိပ်စက်ကလူပြုခဲ့သည်လေ။

သည်စကားမှန်ပါလေ၏။ အမှန်ဆိုလျှင် ဘဝရှင်မင်းတုန်းမင်းတရားသည် နိုင်ငံတော်ကို သိမ်းမြန်းစိုးအုပ်ရာ၌ ပန်းခင်းလမ်းကို လျှောက်လှမ်းခဲ့ရသည်မဟုတ်။ ခက်ခဲကြမ်းတမ်းသော နိုင်ငံပြုခရီးလမ်းကို ဟောပန်းနွမ်းယိစွာ ခရီးနှင်ခဲ့ရရှာသည်။

ကြည့်ပါ။ မင်းတုန်းမင်းတရား နန်းရခဲ့သည်မှာပင် တိုက်ပွဲကိုရင်ဆိုင်တိုက်ခိုက်ပြီးမှ ရခဲ့သည်မဟုတ်လား။ ခရစ်နှစ် ၁၈၅၃ ခုနှစ်တွင် မင်းတုန်းမင်းတရားသည် နောင်တော်ပုဂံမင်းကို တော်လှန်ပုန်ကန်ခဲ့သည်။ တော်လှန်ရေး အောင်မြင်ခဲ့၍ အမရပူရရွှေနန်းကို သိမ်းမြန်းနိုင်ခဲ့သည်။



တကယ်တော့ သည်တုန်းက မင်းတုန်းမင်းက နောင်တော်ပုဂံမင်းကို ပုန်ကန်ခဲ့သည်မှာ အာဏာရယူချင်လွန်း၍မဟုတ်။ အမရပူရ နေပြည်တော်မှ မိဘဲဆိုသူ မိန်းမတစ်ဦးအိမ်ကို ဓားပြတိုက်ခံရရာတွင် မင်းတုန်းမင်းသားနှင့် ညီတော် ကနောင်မင်းတို့ကို အကြောင်းမရှိအကြောင်းရှာခဲ့၍ဖြစ်သည်။ ဓားပြတိုက်မှုတွင် မင်းတုန်းနှင့် ကနောင်မင်းသားတို့၏ တပည့်လက်သားများ ပတ်သက်နေသည်ဟု မလိုတမာစွပ်စွဲမှုများရှိလာသည်။ ထိုအမှုနှင့် ပတ်သက်၍ နောက်ဆုံးတွင် တပည့်များ၏သခင်ဖြစ်သူ မင်းသားနှစ်ပါးကို ရန်လိုသော အပြုအမူများ ပြုလာသည်။ အမှုမပေါ်လျှင် မင်းသားနှစ်ပါးကို ပင် ဖမ်းဆီးတော့မည်ဟုလည်း သတင်းတချို့က ဆိုပြန်သည်။

အမှန်ဆိုလျှင် မင်းတုန်းနှင့် ကနောင်တို့ကို ဖမ်းဆီးရန် ပုဂံမင်းတရား၏ အကြံအစည်တွင် အခြားသောအကြောင်းကိစ္စများလည်း ရှိချင်ရှိပါဦးမည်။ မင်းတုန်းနှင့် ကနောင်လို တက်ကြွသော မင်းသားချော မင်းသားလှကလေးများကို နှိမ်ထားမှ၊ ချိုးထားမှ၊ ချုပ်ထားမှဖြစ်မည်ဟု ပူပန်စိုးရိမ်နေကြသူများ အမရပူရ နန်းတွင်းမှာရှိနေသည်။ ဒါကြောင့်ပင် သည်မင်းသားနှစ်ပါးအပေါ် အကြောင်းမရှိအကြောင်းရှာပြီး ဒုက္ခပေးခဲ့တာ မဖြစ်နိုင်ဘူးလား။

မည်သို့ပဲဖြစ်ဖြစ် မင်းတုန်းမင်းသားသည် ညီတော်ကနောင်မင်းသားကို အဖော်ပြုလို့ ရွှေဘိုသို့ ထွက်လာခဲ့ပြီ။ ကနောင်မင်းသားကား ထက်မြက်ထူးချွန်သော အမျိုးကောင်းသားဖြစ်သည်။ ထို့ကြောင့်ပင်ဖြစ်မည်။ ပုဂံမင်း၏တပ်များနှင့် ရင်ဆိုင်တိုက်ရတိုင်း မင်းတုန်းကနောင်တပ်များက အောင်ပွဲခံခဲ့ခြင်းဖြစ်လေသည်။ နောက်ဆုံးတွင် အမရပူရရွှေနန်းကို သိမ်းမြန်းစိုးစံရသည်အထိ မင်းတုန်းကနောင်မင်းသားတို့၏ ရွှေဘုန်းရွှေကံက တက်လေသည်။

မင်းတုန်းမင်းသားကို အမရပူရရွှေနန်းပေါ်သို့ ညီတော်ကနောင်မင်းသားက ပခုံးဖြင့်ထမ်းတင်ပါ၏။ မင်းတုန်းမင်းသားသည် ပုဂံမင်း၏ အရိုက်အရာကို အောင်မြင်စွာသိမ်းပိုက်ခဲ့ပြီလည်းဖြစ်ပါ၏။ ဤအခြေအနေတွင် မင်းတုန်းမင်းအတွက် ပန်းခင်းလမ်းနှယ် ရှေ့ခရီးကချောမွေ့သာယာနေပြီဟုလည်း ပြောနိုင်ကြပါ၏။ သို့သော် မင်းတုန်းမင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ်ဆိုလျှင် တိုက်ပွဲကားမပြီးသေး။ ထိုအချိန်က အမရပူရနိုင်ငံတော်နှင့် ဗြိတိသျှအစိုးရတို့အကြား ဖြစ်ပွားနေသောစစ်ပွဲသည် မပြီးဆုံးသေး။ အောက်ရပ်ဒေသတွင် နှစ်ဘက်တိုက်ပွဲများ ဖြစ်ပွားနေသည်။ ဗြိတိသျှစစ်နယ်ချဲ့ဝါဒီတို့သည် ရခိုင်နှင့်မြစ်ဝကျွန်းပေါ်ဒေသမှသည် မြေသဲမြို့အထိ တိုက်ခိုက်သိမ်းပိုက်ထားကြသည်။

သည်အချိန်ကွင် အမရပူရနိုင်ငံတော်ကို သိမ်းယူအောင်မြင်ခဲ့သော မင်းတုန်းမင်းသည် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ၊ ဒုတိယစစ်ပွဲတို့၏ အကျိုးဆက်များကိုလည်း ပခုံးပေါ်တွင် ထမ်းပိုးယူလိုက်ရလေသည်။

သည်တွင် မင်းတုန်းဘုရင်အတွက် ချိန်ဆဆုံးဖြတ်ရန် ကိစ္စဖြစ်လာသည်။ ဗြိတိသျှတို့နှင့် ဖြစ်ပွားနေသောစစ်ပွဲကို ဆက်တိုက်မှာလား? ရပ်စဲမှာလား?

မင်းတုန်းဘုရင်သည် တွေးခေါ်မြော်မြင်ဉာဏ်ဖြင့် ပြည့်စုံသူဖြစ်လေသည်။ လက်နက်ကြီးရှင် အင်္ဂလိပ်တို့နှင့် ဆက်လက်တိုက်ခိုက်လို့ဖြင့် အကျိုးအမြတ်ထွက်ဖွယ်မမြင်၊ တပါးကျွန်လုံးလုံးဖြစ်သွားဖို့ပဲရှိသည်။ သည်တော့ ထားလိုက်ဦးမည်။ အင်္ဂလိပ်နယ်ချဲ့သမားနှင့် ထိပ်တိုက်မတွေ့ဘဲ ရှောင်လွှဲလို့ရသရွေ့ ရှောင်လွှဲနေမည်။ သည်အတွင်း ဆွေးနွေးညှိနှိုင်းလို့ရလျှင် အောက်ရပ်ဒေသများကို ပြန်လည်လို့ပင် ရနိုင်ကောင်းပါရဲ့။

မင်းတုန်းမင်းသည် ထိုသို့လည်း စိတ်ကူးယဉ်အိပ်မက် မက်နေလေသည်။ မင်းတုန်းမင်းကြီးသည် အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲကို တိုးလိုတန်းလန်းထားလိုက်လေသည်။ စစ်လည်းဆက်မတိုက်။ စစ်ပြေငြိမ်းစာချုပ်လည်းမချုပ်။ ရှိပစေ။ စစ်တိုက်ရမည့် အချိန်ကာလများတွင် နိုင်ငံပြုလုပ်ငန်းများလုပ်မည်။ ပုဂံမင်းလက်ထက်က စစ်ပဲတိုက်နေရသဖြင့် နိုင်ငံတော်မှာ ချွတ်ခြုံကျနေသည်။ အများပြည်သူတို့စီးပွားရေးမှာ ကုန်ကောက်စရာမရှိသည့်အခြေအနေ။ အလားတူပင် ဘာသာရေး လူမှုရေးကိစ္စအဝဝတို့မှာ တောင်လဲရာမြက်ပြတ်အခြေအနေ။

သည်တော့ မင်းတုန်းမင်းတရားသည် ညီတော်ကနောင်မင်းကို အိမ်ရှေ့နန်းတွင်ထားပြီး မိမိကမူ နိုင်ငံပြုလုပ်ငန်းများကို အားသွန်၍လုပ်လေသည်။



မင်းတုန်းမင်းသည် ဗြိတိသျှနယ်ချဲ့သမားကို မုန်းတီးသည်။ နာကြည်းသည်။ ဖြစ်နိုင်လျှင် ဗြိတိသျှဆိုသောအသံကို နားမှလေသံမကြားချင်။ သို့သော် မင်းတရားသည်အတွေးအခေါ်ရှိသောရှေ့ဉာဏ်ရှင်ဖြစ်သည်။ ဗြိတိသျှတို့ကို မုန်းတီး၊ နာကြည်းနေရုံဖြင့် ကိစ္စမပြီး။ သူတို့ထက် လက်နက် လူသူ စီးပွားအင်အား တောင့်တင်းအောင်လုပ်မှဖြစ်မည်။ နိုင်ငံတော်မှာ အင်အားရှိမှသာ ဗြိတိသျှစစ်တပ်ကြီးကို ပင်လယ်ထဲသို့ မောင်းချနိုင်မည်ဟု သူတွေးတောမိသည်။ သည်တော့နိုင်ငံတော် အင်အားကြီးမားစေရန် ပထမ ဘာလုပ်ရမလဲ?

မင်းတုန်းမင်းသည် "သူ့အရိုးနှင့်သူ့ထိုး" ဆိုသည့်စီမံကိန်းကို အကောင်အထည်ဖော်လေသည်။ နန်းတော်တွင်းသို့ ဗြိတိသျှအမှုထမ်း၊ အရာထမ်းဧည့်သည်များကို ဖိတ်ခေါ်၏။ ထိုဧည့်သည်များမှတဆင့် ဗြိတိသျှတို့၏ လုပ်ထုံးလုပ်နည်းများကို လေ့လာ၏။ ထိုအခါ အောက်ပြည်အောက်ရွာ ရန်ကုန်မြို့၏ ကြီးကျယ်တိုးပွားမှု သတင်းများကို သူကြားရလေသည်။

ရန်ကုန်မြို့တွင် မြန်မာဆန်ဆန် ဆောက်ထားသော ဝါးထရံကာ၊ နီမိုးအိမ်များနေရာ၌ တိုက်တာအိမ်ခြေများ တည်ဆောက်ထားကြောင်း ကြားသိရသည်။ နိုင်ငံတကာနှင့် ပင်လယ်ကူး ရောင်းဝယ်ဖောက်ကားရေး လုပ်ငန်း ဖြစ်ထွန်းနေပုံကိုကြားသိရသည်။ ဟုတ်ပြီ။ မိမိတို့နိုင်ငံတွင်လည်း သူတို့လို ကျယ်ပြန့်သောမြို့တော်၊ ခိုင်ခံ့သော စီးပွားကုန်သွယ်မှုမရှိသင့်ဘူးလား? ထိုမှတဆင့် ကြီးမားတောင့်တင်းသော လက်နက်ကိုင် တပ်မတော်ကြီး အတည်ပြု၍ မရနိုင်ပေဘူးလား?

မင်းတုန်းမင်းကြီးသည် ထိုအတွေးအခေါ်များဖြင့် ချောင်ကျသော ဒေသမှ အမရပူရနေပြည်တော်ကို စွန့်ခွာရန်ကြံသည်။ နေပြည်တော်သစ်ကို ဧရာဝတီမြစ်ကမ်းနားအနီး ကျယ်ပြန့်သောလွင်ပြင်၌ တည်ဆောက်ရန်စီစဉ်သည်။ ဤသို့ဖြင့် မန္တလေးရတနာပုံ နေပြည်တော်သစ်ကြီး ပေါ်ထွန်းလာလေသည်။

မန္တလေးရတနာပုံနေပြည်တော်ကား ခံ့ညားထယ်ဝါသော အဆောက်အအုံများ ကျောင်းကန်ဘုရား လမ်းတံတားတို့ဖြင့် အတင့်အတယ်ရှိပါပေ

www.burmeseclassic.com

www.burmeseclassic.com



၏။ စံနစ်တကျတည်ဆောက်ခဲ့သော မြို့တော်မှာ လမ်းအကွေ့အကောက် နည်း၏။ ယာဉ်ရထား အများပြည်သူသွားလာရေး လွယ်ကူသည်။

မန္တလေးတောင်တော်မြတ်သည် နေပြည်တော်ကိုအုပ်မိုး၍ အပေါ်မှ ဖြင့်ကြည့်နေဟန်ရှိ၏။ တောင်ပေါ်၌လည်း ဘုရားပုထိုးကျောင်းကန်တို့ ဖြင့် တင့်တယ်စွာတည်ပြုခဲ့၏။

ဧညဝတီရနိုင်ပြည်မှ ခက်ခဲစွာပင့်ဆောင်ခဲ့ရသော မဟာမြတ်မုနိ ရုပ်ပွါးတော်ကြီးသည် ရတနာပုံနေပြည်တော်၏ ကြီးကျယ်မြင့်မြတ်သော ကျက်သရေဆောင် အထိမ်းအမှတ်ဖြစ်လာလေ၏။ သည်မျှနှင့်မပြီးသေးချေ။

ထိုကျောင်း၊ ထိုကန်၊ ထိုဘုရားများဖြင့် တင့်တယ်လိုက်ဖက်သော မြေနန်းတော်ကြီးကိုလည်း မင်းတုန်းမင်းက အခိုင်အထည် တည်ဆောက်လေ သည်။

မင်းနေပြည်ကား တင့်ရှန်းကျက်သရေ ထွန်းတင့်လှပါပေ၏။ ကြည့် ပါ။ ကျုံးရေပြင်သည် မြို့နန်းပြာသာဒ် အဆောင်ဆောင်အခန်းခန်းကို ဝန်းပတ်စီးဆင်းနေသည်။ နှင်းဆီနီရောင်သန်းနေသော မြို့ရိုးနှင့် သူ၏ အချွန်အမွန်တို့သည် ကျုံးရေပြင်၌ အရိပ်ထင်လျက်ရှိသည်။

ရွှေရောင်ဝင်းဝင်း ထိန်ထိန်လင်းနေသော ဘုရင့်ဖောင်တော်သည် ကရဝိတ်ငှက်၏အမောက်ကို တောက်ကြွားစွာဝင့်ထူ၍ ကျုံးရေပြင်၌ တငြိမ့်ငြိမ့်လှုပ်ခါနေသည်။

သည်ဆီရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း မှန်းမျှော်လေတိုင်း ခံ့ညားသောအဆောက်အအုံများ ဝိုင်းနေသည့်ရွှေနန်းတော်၌ ၁၂၂၁ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး ပြောင်းရွှေ့စံနေတော်မူလေသည်။ မင်းတုန်းမင်းကြီး ရတနာပုံမန္တလေးနေပြည်တော်ကို တည်ပြုသောခုနှစ်ကို မှတ်ရလွယ်စေရန် ဤသို့မော်ကွန်းတင်ကြသည်။ အုတ်ကျစ်ကျော်ဇ မန္တလေး။

မင်းတုန်းမင်းသည် ရတနာပုံနေပြည်တော်ကို တည်ထောင်အုပ်စိုး လျက်ရှိပြီ။ ဘာလိုသေးသလဲ၊ စိတ်တိုင်းကျနေပြည်တော်သစ်ကို မင်းတရား သိမ်းမြန်းစိုးအုပ်နေရပြီမဟုတ်လား။ လိုပါသေးသည်။ ရတနာပုံနေပြည် တော်တွင် အမှန်တကယ်ရတနာများ စုပုံပြည့်စုံနေရန် လိုပါသေးသည်။



မင်းတုန်းမင်းကြီးသည် ထိုသို့ဖြစ်ပေါ်လာနိုင်ရန် ကြိုးပမ်းမှုတစ်ခုပြု လေသည်။

ဗြိတိသျှတို့သိမ်းပိုက်ထားသော မြို့နယ်ကျေးရွာများထဲမှ အခြား မြို့ရွာတွေ ပြန်မရသော်မှရှိစေ။ ပုသိမ်မြို့ကိုတော့ ပြန်လိုချင်လေသည်။ ပုသိမ်မှာ ပင်လယ်သို့ထွက်နိုင်သော ဆိပ်ကမ်းမြို့မဟုတ်လား။ သည် မြို့ကိုသာ တို့များပြန်ရခဲ့သော် မြန်မာပင်လယ်ကူးသင်္ဘောများ ကမ္ဘာသို့ ရိုးဆန့်နိုင်မည်။ ထိုအခါ ရတနာပုံနေပြည်တော်နှင့် ကမ္ဘာ့နိုင်ငံများ အကြား အဆက်အဆံရှိလာနိုင်သည်။ သည်နည်းဖြင့်တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနှင့်စစ်ရေးကိစ္စများ ယခုထက်တိုးတက်လာနိုင် ကောင်းပါရဲ့။

မင်းတုန်းမင်းသည် ထိုကိစ္စကို အကောင်အထည်ဖော်ရန်နေပြည် တော်ရှိ အင်္ဂလိပ်စာသင်ဆရာကြီး ဒေါက်တာမတ်ကို နန်းတော်သို့ ဖိတ် ခေါ်ခဲ့သည်။ ထို့နောက် မိမိမျှော်လင့်ထားသော စီမံကိန်းကို ဒေါက်တာမတ် အား မင်းတရားကြီးက ပြောပြလေသည်။

“ဒေါက်တာမတ်၊ မောင်မင်း လန်ဒန်မြို့တော်ကို ပြန်ရောက်တဲ့အခါ ငါမျိုးမြောက်ဂုဏ်ပြုထားတာတွေ ဝိတိုရိယဘုရင်မကြီးထံ လျှောက်တင်ပါ။ မောင်မင်းတို့လို ဗြိတိသျှနိုင်ငံသား ပြည်သူအများကို ငါကိုယ်တော်တိုင် ကြင်နာစွာ ဆက်ဆံခဲ့တယ်မဟုတ်လား။ အဲဒါတွေလည်းလျှောက်တင်ပါ။ မန္တလေးနေပြည်တော်မှာ မောင်မင်းတို့ ခရစ်ယာန်ဘုန်းကြီးကျောင်းလည်း ဆောက်လုပ်နေထိုင်ခွင့် ပြုထားတယ်မဟုတ်လား။ ပြီးတော့ ဗြိတိန်ပြည့် ရှင် ဝိတိုရိယဘုရင်မကြီးရဲ့ ပုံတော်ကြီးကို ဗြိတိသျှ မစ်ရှင်က လက် ဆောင်ပေးခဲ့လို့ နန်းတွင်းမှာ ချိတ်ဆွဲထားတာ မောင်မင်း မြင်တယ် မဟုတ်လား၊ အဲဒါတွေ ဘုရင်မထံလျှောက်တင်ပါလေ” မင်းတုန်းမင်း တရားကြီး မိန့်ဆိုမှာကြားသမျှကို ဒေါက်တာမတ်က ခေါင်းငြိမ့်ဝန်ခံသည်။

မင်းတုန်းမင်းကြီးက ထပ်မံမိန့်ကြားပြန်၏။

“ဒေါက်တာမတ်၊ ငါပြောတာကိုသေချာစွာနားထောင်ပါ၊ မောင်မင်း လန်ဒန်မြို့တော်ကို ပြန်တဲ့အခါမှာ ဝိတိုရိယဘုရင်မကြီးအတွက် ရွှေ ပန်းအိုးကြီးတစ်လုံး၊ နန်းရင်းဝန်ကြီးဂလက်စတုံအတွက် ရွှေဖလားတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပေးလိုက်မယ်။ ဒီပစ္စည်းတွေကို ငါကိုယ်တော်ရှင်မြတ်က လေးမြတ်ချစ်ကြည်စွာ လက်ဆောင်သတော်မူလိုက်ကြောင်း တင်လျှောက်ပါ လေ . . . ပြီးတော့''

မင်းတုန်းမင်းကြီးက အရေးအကြီးဆုံးအချက်ကို ဆက်လက်မိန့်မှာ လေပြီ။

''မောင်မင်းကိုယ်တိုင် ဝိတိုရိယဘုရင်မကြီးထံသို့ လျှောက်တင်ရမှာက ပုသိမ်မြို့ကို ငါတို့ထံသို့ ပြန်လည်လွှဲအပ်ပေးဖို့ပါပဲ''

မင်းတုန်းမင်းတရား၏ မှာကြားချက်ကိုကြားရသော အင်္ဂလိပ်စာသင်ကျောင်းဆရာ ဒေါက်တာမတ်သည် ကြီးစွာတုန်လှုပ်မိတော့သည်။ စင်စစ်ဆိုလျှင် ဒေါက်တာမတ်သည် သံအမှုထမ်းမဟုတ်ချေ။ ထို့ကြောင့် သံတို့တွင်ရှိအပ်သော ပရိယာယ်ဝေဝုစ်ကို သူနားမလည်ရှာ။ သည်တော့ ဒေါက်တာမတ်သည် မိမိရင်ထဲ၌ရှိသမျှကို တည့်တိုးကြီးတင်လေသည်။

''မှန်လှပါ၊ ကျွန်ုပ်မှာ ကျောင်းဆရာမျှသာဖြစ်၍ နိုင်ငံရေး ကိစ္စများနှင့် လားလားမျှမပတ်သက်ပါ။ သည်းခံတော်မူပါ ဘုန်းတော်ကြီးမြတ်သောအရှင်''

ဒေါက်တာမတ်၏ လျှောက်တင်ချက်ကို ကြားသော မင်းတုန်းမင်းသည် များစွာမှုပင် အမျက်ဒေါသထွက်လေသည်။ သည်နှာခေါင်းချွန်ကျောင်းဆရာနှင့် ဆက်ဆံရသည်မှာ ဘာအကျိုးကျေးဇူးမှ မရှိပါလားဟု ခင်းတရား တွေး တောမိဟန်ရှိ၏။ ထို့ကြောင့်ဖြစ်မည်။ မင်းတုန်းမင်းတရားသည် ဒေါက်တာ မတ်ကို များစွာမကျေမနပ်ဖြစ်ပြီး နန်းတော်အတွင်းမှ အော်ငေါက်နှင်ထုတ် လိုက်၏။ နောက်တစ်ကြိမ် နန်းတွင်းသို့ ဝင်ခွင့်မပြုရန်လည်း ဒေါသတကြီး ပိတ်ပင်လိုက်လေသည်။

မင်းတုန်းမင်းတရားသည် စိတ်ပျက်အားငယ်တော့ ဖြစ်ဟန်မတူချေ။ နေပြည်တော်သို့ နောက်ထပ်ရောက်လာသော ခရစ်ယာန်ဘုန်းတော်ကြီး ဘီဂင်းဒက်ကို လက်သပ်မွေးရန်ကြိုးစားပြန်သည်။ ခရစ်ယာန်ဘုန်းတော်ကြီး ဘီဂင်းဒက်သည် မင်းတုန်းဘုရင်ပေါ်၌ အကောင်းမြင်ဝါဒဖြင့် ဆက်ဆံတတ်သူဖြစ်၏။ ဘီဂင်းဒက် ပြောလေ့ရှိသည့်စကားမှာ ''မင်းတုန်းဘုရင်ဟာ အလွန်ပါးနပ်လိမ္မာတဲ့ နိုင်ငံရေးသမားတစ်ဦးပါ၊ သူက အမှန်တရားကို မြတ်နိုးတယ်'' မင်းတုန်းမင်းကြီးကလည်း ခရစ်ယာန်ဘုန်းကြီး ဘီဂင်းဒက်ကို မိမိ၏ လက်ကတုံးတောင်ဝှေးလို သဘောထား အားကိုးခဲ့ဟန်ရှိသည်။



တစ်ကြိမ်တွင် မြန်မာနိုင်ငံပိုင် ရှမ်းပြည်နယ်နှင့်မဲခေါင်မြစ်သာ ခြားနေသော ကမ္ဘောဒီးယားနိုင်ငံကို ပြင်သစ်အစိုးရက ဝင်ရောက်နယ်ချဲ့လေသည်။

ထိုသတင်းကို မင်းတုန်းမင်းထံ အခစားဝင်သော နိုင်ငံခြားသားတစ်ဦးက တင်လျှောက်၏။ ဘုရင်မင်းမြတ်အကြံရပြီ။ ခရစ်ယာန်ဘုန်းကြီး ဘီဂင်းဒက်ကို ပြင်သစ်တို့ထံသို့စေလွှတ်မည်။ ဘီဂင်းဒက်ချဉ်းကပ်ဆောင်ရွက်ခြင်းဖြင့် ပြင်သစ်တို့ထံမှ ရတနာပုံနေပြည်တော်သို့ အကူအညီရနိုင်ဖွယ်ရှိသလား။ မြန်မာပိုင် နိုင်ငံတစ်စိတ်တစ်ပိုင်းကို ဗြိတိသျှတို့ တရားသိမ်းယူထားသည်။ ထိုနယ်ဒေသများကို ဗြိတိသျှတို့လက်မှ လွတ်အောင် ပြင်သစ်တို့ကူညီလျှင် အလွန်ဟန်ကျတော့မည်။

မင်းတုန်းမင်းက မိမိအကြံအစည်ကို ခရစ်ယာန်ဘုန်းတော်ကြီး ဘီဂင်းဒက်ထံ ဖွင့်ဟပြောပြသည်။ ပြင်သစ်အာဏာပိုင်တို့ထံ ဘီဂင်းဒက် သွားပါ။ မြန်မာနိုင်ငံကိုကူညီကြပါဟု ပြောဆိုမေတ္တာရပ်ပေးပါ။

သို့သော်ပွဲက မလှချေ။ ခရစ်ယာန်ဘုန်းတော်ကြီးဘီဂင်းဒက်သည် မင်းတုန်းမင်း ပေးအပ်သောတာဝန်ကို ခေါင်းရမ်းပြီး ငြင်းဆန်လေသည်။ မင်းတုန်းမင်းတရားကြီး၏ မျှော်လင့်ချက်တောင်ကြီး ပြိုလဲသွားပြန်လေပြီ။

မင်းတုန်းမင်းသည် စိတ်ပျက်အားငယ်ခြင်းမရှိဘဲ ကြံစည်ပြန်လေ၏။ တစ်ကြိမ်တွင် မင်းတုန်းမင်းကြီးသည် သံကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို အိန္ဒိယပြည် ဘုရင်ခံချုပ်ထံ စေလွှတ်ခဲ့သည်။ မြန်မာဘုရင့်ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးတစ်ဦးက ခေါင်းဆောင်၍ ကာလကတ္တားမြို့ရှိ၊ အိန္ဒိယဘုရင်ခံချုပ်ထံ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အိန္ဒိယဘုရင်ခံချုပ်ထံသို့ နှစ်နိုင်ငံ ရှေလမ်းငွေလမ်းဖောက်ကြရန် စကားကမ်းလှမ်းသည်ဆို၏။ အိန္ဒိယဘုရင်ခံချုပ် လောဒ့်ဒါလဟိုဇီထံသို့ မြန်မာဘုရင်မင်းမြတ်က ပေးလိုက်သော လက်ဆောင်မွန်များလည်း ပေးအပ်ခဲ့၏။ ထို့နောက် မင်းတုန်းဘုရင်မင်းမြတ် မှာကြားလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



စကားကို ပြောဆိုမေးမြန်းလေသည်။

“ရန်ကုန်ဆိပ်ကမ်းမြို့ကို မြန်မာဘုရင့်အစိုးရထံ ပြန်လည်ပေးအပ်နိုင်ပါမည်လား”

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလ်ဟိုဇီက မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ကို ဧည့်ခန်းဆောင်ပြတင်းပေါက်ဆီသို့ ခေါ်သွားသည်။ ထို့နောက် ကောင်းကင်တွင်ထွက်ပြူနေသော နေလုံးကြီးထံ လက်ညှိုးညွှန်ပြရင်း အဖြေပေးလေသည်။

“ကောင်းကင်မှာ နေလုံးကြီးထွန်းပနေသမျှ မြန်မာပြည်အောက်ပိုင်းမှာ ဗြိတိသျှအလံတော် တလူလူလွင့်ပျံနေဦးမှာပဲ”

ကြည့်စမ်း။ ဘယ့်ကလောက်များ စော်ကားလိုက်ပါတဲ့ ဗြိတိသျှအာဏာပိုင်ပါလဲ။ မြန်မာဘုရင့်ဆန္ဒကို တုံ့ပြန်ဖြေကြားလိုက်ပုံက မယဉ်ကျေးလိုက်လေ။ “နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြ”တဲ့။ နေနှင့်ဦးပေါ့ အင်္ဂလိပ်တို့ရေ။ တစ်နေ့ အထက်မြန်မာနိုင်ငံ အင်အားတောင့်တင်းလာတဲ့အခါ သင်းတို့ကို ပင်လယ်ထဲ မောင်းချလိုက်ရပေမှာပေါ့။ ဤသို့ မပြောသော်လည်း ပြောဘိသို့ မြန်မာဘုရင်မင်းတုန်းမင်းသည် အမျက်ကို သိဝှက်ရင်း ခန္တီသည်းခံခြင်းပါရမီကို ဖြည့်ကျင့်နေရပြီ။

မင်းတုန်းမင်းတရားသည် အောက်မြန်မာပြည် ပြန်လည်ရယူရေး မအောင်မမြင်ဖြစ်နေချိန်တွင် ပြည်တွင်းသို့ အာရုံပြန်လှည့်ရသည်။ နိုင်ငံအတွင်း၌ ပြုပြင်တည်ဆောက်ရန် ကိစ္စတွေကား များစွ။ ဆည်မြောင်းကန်ချောင်းတွေ ပြုပြင်တည်ဆောက်ဖို့ရှိနေသည်။ ထို့ပြင် သာသနိကအဆောက်အအုံများ၊ ပြုပြင်ရေးလုပ်ငန်းများ၊ အသစ်တည်ဆောက်ရေးလုပ်ငန်းများကလည်း မင်းတရားအဖို့အရေးတကြီး ပြုဖွယ်ကိစ္စများ ဖြစ်နေလေသည်။

သို့ဖြင့် ခရစ်နှစ် ၁၈၇၁ ခုနှစ်တွင် ဘဝရှင်မင်းတုန်းမင်းတရားသည် ပဥ္စမသံဂါယနာတင် အခမ်းအနားသဘင်ကြီးကို ကျင်းပခဲ့လေသည်။ မြတ်စွာဗုဒ္ဓ၏ သားတော် သံဃာ–၂၄၀၀ တို့သည် ဗုဒ္ဓ၏ တရားတော်များကို အညီအညွတ် ညှိနှိုင်းတည်းဖြတ်ပြီး ကျောက်ထက်အက္ခရာတင်ခဲ့ကြသည်။ သံဃာတော်များ ညှိနှိုင်းအတည်ပြုပြီးသော ဗုဒ္ဓကျမ်းစာများကို



ကျောက်ချပ်များတွင် အထင်ကရ မော်ကွန်းသပြီး ခိုင်ခန့်စွာတည်မြဲစေရန် မင်းတုန်းမင်းကြီး ကြိုးပမ်းလေသည်။

မင်းတုန်းမင်းတရားကြီး၏ အလှူတော်များက အဆက်မပြတ်ပေါ်ထွန်းနေလေသည်။ မန္တလေးရတနာပုံ နေပြည်တော်ရှိ ပြည်သူအများကိုးကွယ်နိုင်ရန် လောကမာရဇိန် စေတီတော်ကြီးတစ်ဆူကို မင်းတုန်းမင်းက တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်ကြီးတည်ထားရာတွင် မင်းတုန်းမင်းတရားကြီး သဒ္ဓါတရားပွားများလွန်းလှဟန် ပေါ်လွင်ပါ၏။ စေတီတော်ကြီးအနီး မြေကွက်လပ်တွင် ယာယီနန်းတော်တည်ဆောက်ပြီး စေတီတော်ကြီး၏ ပြုဖွယ်ကိစ္စများကို ဆောင်ရွက်လေသည်။

သည်လိုဘုရားဝေယျာဝစ္စအဝဝကို မင်းတရားကြီး ဆောင်ရွက်နေဆဲတွင် နန်းတွင်း၌ သားတော်မင်းသားငယ်များ၏ ပုန်ကန်မှုဖြစ်ပွားခဲ့သည်။ ပုန်ကန်သူတို့မှာ မြင်ကွန်းနှင့် မြင်းခုန်တိုင် မင်းသားများဖြစ်ကြလေသည်။ မြင်ကွန်း၊ မြင်းခုန်တိုင် ပုန်ကန်မှုသည် မြန်မာ့ထီးနန်း၏ တည်တံ့ခိုင်မြဲမှုကို အထိနာစေခဲ့၏။ နိုင်ငံတော်၏ အားအထားရဆုံးသော စစ်ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင် အိမ်ရှေ့စံ ကနောင်မင်းသားကို မြင်ကွန်းနှင့် မြင်းခုန်တိုင်မင်းသားတို့က အဆုံးစီရင်ခဲ့ကြ၍ဖြစ်သည်။

သိကြသည့်အတိုင်းပါပဲ။ မင်းတုန်းမင်းတရားသည် စာရင်းဝင် မိဖုရား များပြားလှသည်။ စာရင်းအတိအကျကောက်ယူသော် မိဖုရား ၅၃ ပါး ရှိသည်ဟုပင်ဆိုကြလေသည်။ မိဖုရားများသည် သားတော် သမီးတော်များစွာကို မွေးဖွားတော်မူကြ၏။ သမီးတော်များ မွေးဖွားသည်ကတော့ ဘာကိစ္စမှုမရှိ။ သားတော်တွေ တပြုံတမကြီး မွေးဖွားခဲ့သည့်ကိစ္စမှာ တိုင်းပြည်အတွက် တကယ့်အန္တရာယ်မှ အန္တရာယ်ဖြစ်နေလေသည်။ ဘုရင့်သားတော်များမှာ ဓားရေး၊ လှံရေး ကျွမ်းကျင်ကြသည်။ ဘုရင်မင်းမြတ်၏ သားတော်များဖြစ်လေတော့ စိတ်ဓာတ်က ထက်သည်။ ဆောင်သည်။ စွာသည်။ ထစ်ကနဲဆို တုတ်ဆွဲ ဓားဆွဲ။

သည်သားတော်များကို ခေါင်းဆောင်နေကြသူတို့မှာ မင်းတုန်းဘုရင်နှင့် တောင်ရွှေရေးမိဖုရားမှဖွားမြင်သော မြင်ကွန်းနှင့် မြင်းခုန်တိုင်မင်းသား နှစ်ပါး။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသားသည် အိမ်ရှေ့စံကနောင်မင်းကို ယောက္ခမတော်ထား၏။ ကနောင်မင်း၏ သမီးတော်နှင့် မြင်ကွန်းမင်းသားလက်ဆက်ထားသည်။ သို့ပါလျက်နှင့် မြင်ကွန်းမင်းသားသည် ယောက္ခမတော် ကနောင်မင်းသားကို မျက်စိစပါးမွေ့စူးနေလေသည်။ ကနောင်မင်းသား၏ အိမ်ရှေ့နန်းကို စံမြန်းနေသည်မဟုတ်လား။ သည်အတိုင်းဆိုလျှင် ခမည်းတော် မင်းတုန်းမင်း နတ်ရွာစံကံတော်ကုန်သောအခါ နန်းပလ္လင်ပေါ်သို့ ကနောင်မင်းသားသာ လှမ်းတက်ပေတော့မည်။ မိမိတို့လို မင်းသားကြီးများ ရှင်ဘုရင်ဖြစ်ဖို့အရေး ဝေးပါပြီ။ ဝေးပါလေပြီ။

သည်အညှိုးဖြင့်၊ သည်ရန်စဖြင့် မြင်ကွန်းမင်းသားသည် အရေးတော်ပုံ ဖြစ်သည်နှင့် ကနောင်မင်းကို ပထမဆုံး အစတုံးအောင် စီရင်လေသည်။ ကနောင်မင်းသည် နန်းတော်၏ လွှတ်တော်လှေခါးခုံကွင်ကျဆုံးသွားရှာ၏။ တိုက်ပွဲဦးမှာ မိမိတို့၏ ဆူးညောင့်ခလုတ်ဖြစ်နေသော ကနောင်မင်းကျဆုံးပြီ။ သည်တော့ မြင်ကွန်းနှင့် မြင်းခုန်တိုင်မင်းသားတို့မှာ အားတက်ပြီး စိတ်ဇာထထ သွေးတကြွကြွ။

သို့သော် နိဂုံးချုပ်တွင် မြင်ကွန်း မြင်းခုန်တိုင်မင်းသားတို့သည် မှန်းချက်နှင့် နှမ်းထွက် မကိုက်ကြပြီ။ မင်းတုန်းမင်းတရား၏ ကိုယ်ရံတော်ဘက်က ခုခံတိုက်ခိုက်ကြခြင်းကြောင့် မြင်ကွန်း၊ မြင်းခုန်တိုင်မင်းသားတို့မှာ နေညိုချိန်တွင် အရှုံးနှင့် ရင်ဆိုင်ရတော့သည်။ မင်းသားနှစ်ပါးသည် ရေနန်းစကြာအမည်ရှိ ဘုရင့်သင်္ဘောတော်ကို အနိုင်အထက် လုယူပြီး အောက်ပြည်အောက်ရွာသို့ ထွက်ပြေးလွတ်မြောက်သွားကြသည်။

မြင်ကွန်း၊ မြင်းခုန်တိုင် မင်းသားတို့ အရေးတော်ပုံပြီးဆုံးသွားသော်လည်း မအေးသေး။ ပြဿနာများမှာ တစ်ထွေးကြီးကျန်ခဲ့လေသည်။ ကံတော်ကုန်သွားရှာသော ကနောင်မင်းသား၏ သားတော်တစ်ပါးဖြစ်သူ ပန်းတိမ်းမင်းသားသည် တစ်စခန်းထလေသည်။ မင်းသားက ခမည်းတော် ကနောင်မင်း ကျဆုံးသွားခြင်းအတွက် များစွာမကျေမနပ် ဖြစ်နေသည်။ ခမည်းတော်ကနောင်မင်း ကျဆုံးရခြင်းမှာ မင်းတုန်းမင်း၏ တာဝန်မကင်းဟု ပန်းတိမ်းမင်းသားက ဆုံးဖြတ်သည်။ ထို့ကြောင့် မင်းသားသည်



လူစုလူဝေးနှင့် လက်နက်ကိုင်ပြီး မင်းတုန်းမင်းအား ပုန်ကန် တော်လှန်ပြန်လေသည်။

မင်းတုန်းမင်းသည် ပန်းတိမ်းမင်းသား ပုန်ကန်မှုကို ရက်စက်စွာ နှိမ်နင်းခြင်းမပြု၊ အစစအရာရာကို ရှုမြော်ပြီး ညီတော်ကနောင်မင်း၏ မျက်နှာကို ထောက်ထားရလိမ့်မည်။ ထို့ကြောင့် ပန်းတိမ်းမင်းသား ပုန်ကန်မှု ပျက်ပြယ်သွားသောအခါ တူတော်ပန်းတိမ်းမင်းသားကို ကွပ်မျက်ခြင်းမပြုဘဲ အသက်ချမ်းသာပေးခဲ့၏။ တူတော်မင်းသားငယ် အေးအေးသက်သာ အချုပ်ခန်းမှာ စံမြန်းပါစေလေ။

သို့သော်

အခြေအနေအရပ်ရပ်သည် မျှော်လင့်သလို ဖြစ်မလာ၊ ပန်းတိမ်းမင်းသားသည်အချုပ်ထဲတွင် အေးအေးမနေခဲ့။ နှမတော် ရန်အောင်မြင်မင်းသမီးနှင့် တိတ်တဆိတ်ဆက်သွယ်ပြီး နောက်ထပ်ပုန်ကန်မှုတစ်ခု လုပ်ရန် စီမံကြိုးစားသတဲ့။ သည်အခြေအနေတွင် မင်းတုန်းဘုရင်သည် ကြားဝင်ရန်မကြိုးစားဘဲ မျက်ကွယ်ပြု၏။ ထို့ကြောင့် ပုန်ကန်ရန်ကြံသူ ပန်းတိမ်းမင်းသားနှင့် အပေါင်းပါများကို ထုံးစံနှင့်အညီ စီရင်စေဟု လွှတ်တော်က ဆုံးဖြတ်၏။ ပုန်ကန်တော်လှန်ရန် ကြံစည်မှုအတွက် ထုံးစံနှင့်အညီ စီရင်ရမည်ဆိုသည်မှာ "သေဒဏ်"

၈

မင်းတုန်းမင်းတရားသည် ၁၈၇၈ ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့တွင် နတ်ရွာစံကံတော်ကုန်ရှာလေသည်။ ဘုရင်မင်းမြတ်တစ်ပါး ဘဝနိဂုံးချုပ်သွားသည်ကို ဂုဏ်ဒြပ်နှင့် လိုက်လျောညီထွေ ရှိပါစေရန် နတ်ရွာစံတော်မူသည်ဟု ခံ့ညားထယ်ဝါစွာ ရေးသားမော်ကွန်းထိုးရသည်။ တစ်ချို့ကလည်း လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူသည်ဟု ထယ်ထယ်ဝါဝါ ရေးပြန်သည်။ အမှန်ကိုအားမနာတမ်းရေးရသော် သေခြင်းတရားနှင့် သင်္ခါရ သားကောင်တို့ မိတ်ဖွဲ့လိုက်ရခြင်းပဲ မဟုတ်လား။ လူသားရှင်ဘုရင် တစ်ပါးသည် လူသားပီသစွာဖြင့် ဘဝနိဂုံးချုပ်သွားသည်။ နတ်ပြည်စံမည်သို့မဟုတ် ငရဲပြည်ဆင်းမည်ဆိုခြင်းတို့ကား ဗုဒ္ဓဟောကြားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ကံတရားအတိုင်းသာ ရှိပေလိမ့်မည်။ ရှင်ဘုရင်ဖြစ်စေ၊ ဈေးသည်ဖြစ်စေ၊ နွားကျောင်းသားဖြစ်စေ၊ ကောင်းတာလုပ်လျှင် နတ်ပြည်ရောက်မည်။ မကောင်းတာလုပ်လျှင် အဝီစိငရဲသို့ တစ်ပတ်ကျွမ်းနှင့် ဆင်းရမည် ကေန်ပါပဲ။

ထားတော့။ ဒါတွေက အငြင်းပွားဖွယ်ကိစ္စမဟုတ်၍ ပြောဖွယ်ရာ မရှိ။ ပြောချင်သည်မှာ မင်းတုန်းမင်းနတ်ရွာစံလုနီး အချိန်မှာ ကြုံခဲ့ရ သည့်အကြောင်းသာတည်း။

ရှင်းရှင်းဆိုရသော် ပထမကျော်ရှင်လူထွက် နန်းတက်ခဲ့သည့် အရေးအခင်းဆိုပါစို့။

မင်းတုန်းမင်းတရား နတ်ရွာစံ ကံတော်မကုန်မီ အချိန်အတော်ကြာ နာဖျားမကျန်းဖြစ်နေခဲ့ရာ၏။ မင်းတရားသည် စားတော်သောက်တော်မဝင် ကိုယ်တော်က ရောဂါမျိုးစုံနေသည်။ ရောဂါဆိုသည်က ကိုယ်တွင်းက ဥဖြပါးရောဂါအပြင် စိတ်ရောဂါလည်းရှိနေသည်။ အရပ်စကားနှင့်ဆိုရသော် မင်းတရား၏ရောဂါဝေဒနာမှာ “စိတ်ထောင်းကိုယ်ကြေ”

ဘုရင်မင်းမြတ်၏ နန်းပလ္လင်ခရီးမှာ စင်စစ်ပန်းခင်းသောလမ်း မဖြစ်ခဲ့။ နန်းပလ္လင်ပေါ်တက်ရန်အတွက် ပုဂံမင်းတပ်နှင့် တိုက်ရသည်။ နောက် ဗြိတိသျှတို့နှင့် အောက်ပြည်ဒေသ ပြန်ရဖို့ ဉာဏ်ရည်ဉာဏ်သွေး တိုက်ပွဲဝင်ရသည်။ အရှုံးနှင့် ရင်ဆိုင်ရသည်။ နောက် မြင်ကွန်း၊ မြင်းခုန်တိုင် အရေးတော်ပုံ၊ ပန်းတိမ်းမင်းသားပုန်ကန်မှုတို့သည် မင်းတုန်းမင်း၏ အသည်းနှလုံးကို အပ်ဖြင့် မွမွကြေအောင် ထိုးဆွခဲ့သည်မဟုတ်ပါလား။

ဩော်. . . ဒဿနိကဆရာတွေကဆိုကြသည်။ လူ့ဘဝဆိုသည်မှာ ဘာမျှမကြာသော တဒင်္ဂ တခဏကလေးတဲ့။ အဲသည့် တဒင်္ဂကလေးမှာပင် မင်းတုန်းမင်းအတွက် “ကွဲ” ခဲ့ရသောအရေးအခင်းတို့ကား များစွ။ များစွ

သည်ကြားထဲမှာ မိဖုရားတွေ အများကြီးယူထားမိသည်က တစ်ပြဿနာ။ မိဖုရားတွေက သဘောသကာယ ပြည့်သူပြည့်။ မပြည့် သူက မပြည့်။ မိန်းမပီပီ အစအန အလွန်များကြသည်။ မသင့်မမြတ်အလွန် ဖြစ်ကြသည်။ သည်မိဖုရားတွေ ကြားမှာ မင်းတရားသည် ဦးနှင်းပွဲထောင် ပွဲနှင်းဦးထောင်။ ကိုင်တွယ် ထိန်းသိမ်းရခက်သော မိဖုရားတွေကို မင်းတရား



ာ ငေါက်သင့်တာငေါက်၊ ချော့သင့်တာချော့၊ ချေ့စပ်သင့်တာချေ့စပ်၊ အလွန်စိတ်ညစ်ရသည်။

မိဖုရားငါးဆယ်ကလည်း တကယ်တော့ ငြိမ်ငြိမ်နေကြသည်မဟုတ်၊ အားတိုင်း တစ်နှစ်တစ်ယောက် နှစ်နှစ်တစ်ယောက် သားပေါက်ကြသည်။ အဲသည်လို ပေါက်ဖွားခဲ့သော သားတော်တွေကြားမှာ ယခုတော့ ပြဿနာ ကြီးကြီးမားမား ကြုံရတော့မည်။ မင်းတုန်းမင်းတရား နတ်ရွာစံလျှင် နန်းပလ္လင်ပေါ်တက်မည့် မဟာကံထူးရှင်က ဘယ်သူဖြစ်မှာလဲ။

သည်အချိန်တွင် မင်းတုန်းမင်းတရား၏ အရေးအပါဆုံးမိဖုရား ဆင်ဖြူမရှင်သည် ရှေ့တန်းတွင် ထဲထဲဝင်ဝင် လှုပ်ရှားလာလေသည်။ မိဖုရား လှုပ်ရှားပါဝင်ပုံကပင် စိတ်လှုပ်ရှားဖွယ် တစ်ခန်းတစ်ကဏ္ဍ ဖြစ်၍နေလေသည်။

ဆင်ဖြူမရှင် မိဖုရားကြီးနှင့် ထိုအချိန်ကနန်းတွင်း၌ အရေးပါဆုံး ဝန်ကြီးတစ်ပါးဖြစ်သော ကင်းဝန်မင်းကြီးတို့ တိုင်ပင်နေပုံကို လေ့လာ ကြည့်။ အမယ်ဘုတ်ကဲ့ သူ့ချည်ခင်လိုရှုပ်ထွေးနေသော မြန်မာ့နန်းတွင်း အခြေအနေကို လယ်ပြင်ဆင်သွားသလို ထင်ရှားစွာတွေ့ကြရမည်။

၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လတွင် ဘဝရှင်မင်းတုန်းမင်းတရား ကြီးသည် နာဖျားမကျန်းဖြစ်နေရာမှ လွတ်မြောက်နိုင်တော့မည့်အခြေအနေ မရှိဟုသိကြရပြီ။ ထိုအချိန်တွင် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီး တို့ ဆွေးနွေးခဲ့ကြသည်။[၁]

မိဖုရား ။ “ဦးကောင်းရဲ့ မောင်တော်မင်းတရားတော့ ခုလိုပုံ ဖြင့် သည်တောင်က တက်ဖွယ်မမြင်တော့ဘူး”

ဦးကောင်း ။ “မှန်လှပါ၊ ကျွန်တော်မျိုးလည်း သည်လိုပဲထင် မြင် ယူဆမိကြောင်းပါ”

မိဖုရား ။ “ဒီအခြေအနေမရောက်မီ အသင့်စီစဉ်ထားကြ လျှင် ကောင်းမယ်ထင်တာပဲ”

---

၁။ သီပေါမင်းနန်းတွင်းရေး စာ-၃၄၊

www.burmeseclassic.com

www.burmeseclassic.com



**ဦးကောင်း** ။ "ကျွန်တော်မျိုးလည်း ဒီလိုပဲပြုလုပ်ထားသင့်တယ်လို့ မြင်ကြောင်းပါ"

**မိဖုရား** ။ "မဖုရားရဲ့သမီးတော် စလင်းစုဖုရားကြီးနှင့် သီပေါမင်းသားတို့ကို အိမ်ရှေ့နှင်းရန်သင့်မည်ထင်ရဲ့"

**ဦးကောင်း** ။ "အရှင်မဖုရားရဲ့သမီးတော်ကြီးနှင့်သီပေါမင်းသား လက်ထပ်ခြင်းကတော့ သင့်မြတ်လှတာမှန်ပါရဲ့။ သီပေါမင်းသားကလေး ပျော့ညံ့လွန်းနေတာမို့ နောင်ရေးခက်လိမ့်မယ်ထင်ပါတယ်။ ရှင်ဘုရင်ဆိုတာ သတ္တိ၊ ဇွတ္တိ၊ သမ္ဘတ္တိတို့နဲ့ တည့်မတ်ခြင်းဂုဏ် အလွန်လိုအပ်လှတာ"

**မိဖုရား** ။ "အဲဒီလို ပျော့ညံ့တဲ့သူဖြစ်နေတော့လည်း ဦးကောင်းနဲ့ မဖုရားတို့က သွန်သင်ဆုံးမနည်းပေးလမ်းပြ လုပ်ရတာပေါ့။ စားသက်လွန်းတဲ့မင်းသား နန်းပေါ်တင်ထားရင် သူ့အလိုမကျတဲ့အခါ မဖုရားတို့၊ ဦးကောင်းတို့အသက် မခက်ပေဘူးလား"

**ဦးကောင်း** ။ "ယခုအခါ ဆေးကုသခြင်းခံယူနေတဲ့ မကွေးရာ မင်းသားကြီးတို့၊ ညောင်ရမ်းမင်းသားကြီးတို့ဆို ဘယ်လိုနေမလဲ မဖုရား။ အရာရာမှာနှိုင်းချိန်နိုင်တဲ့ ဉာဏ်ပညာ၊ သတ္တိ၊ ဇွတ္တိရှိတယ်၊ ရဲရင့်စွန့်စားဝံ့တဲ့ မျိုးချစ်စိတ်ဓါတ်လည်းရှိကြတယ်။ သခင်မဖုရားလည်း မယ်တော်ဘဝမှာ ရှိမှာမို့ ကိစ္စမရှိနိုင်ပါ။ ဒါမှမဟုတ်လျှင် ကုလားဖြူနိုင်ငံထွက်ပြေးနေတဲ့ မြင်ကွန်းမင်းသားကြီးလည်း မျိုးချစ်စိတ်ရှိသူ၊ မှူးမတ်ပြည်သူတို့နဲ့ အဆင်ပြေနိုင်သူပဲ"

**မိဖုရား** ။ "အမယ်လေး ဦးကောင်းရယ်၊ မကွေးရာနဲ့ ညောင်ရမ်းမင်းသားတို့ တော်တယ်ဆိုတာထားပါတော့၊ မြင်ကွန်းကတော့ ဘထွေးကို သတ်ပြီး အဖေကိုသတ်မယ်လုပ်ခဲ့တဲ့မင်းသားပေပဲ"

ဆင်ဖြူမရှင်မိဖုရားနှင့် ကင်းဝန်မင်းကြီးဦးကောင်းတို့ ဒူးတိုက်ဆွေးနွေးခန်းမှာ သဘောတူညီမှုမရခဲ့၍ တို့လို့တန်းလန်း ဖြစ်နေသည်။ သို့သော် သမီးတော်စလင်းစုဖုရားကို သီပေါမင်းသားငယ်နှင့် သဘောတူညီပုံရသဖြင့် မိဖုရားအဖို့ နေသာထိုင်သာရှိနေသေးသည်။

ဆင်ဖြူမရှင်မိဖုရားကို ကင်းဝန်မင်းကြီးဦးကောင်းက များစွာ မဆန့်ကျင်ဝံ့သည်မှာအမှန်။ သည်မိဖုရားက မိမိဆန္ဒရှိရာကို ဖွတ်လုပ်တတ်သော



သဘောရှိသည်။ တွေ့ကြပြီးမဟုတ်လား။ အလယ်နန်းခေါ် ဒုတိယတန်းမိဖုရားဘဝမှ တစ်ကြိမ်တွင် မင်းတုန်းမင်းတရားနှင့် စကြာဒေဝီမိဖုရားကြီးတို့ ညီလာခံသဘင် ကျင်းပနေစဉ် ဆင်ဖြူမရှင်မိဖုရားကနန်းပလ္လင်ပေါ် အောင်းဝင်ထိုင်ခဲ့သော သာဓကရှိသည်လေ။

ကင်းဝန်မင်းကြီးအဖို့တော့ သည်အခြေအနေတွင် မီးစင်ကြည့်ကနိုင်သာရှိသည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ထိုအခြေအနေမှ တစ်နေ့တွင် လွှတ်ကြည်နန်းတော်အစည်းအဝေးတစ်ရပ် ရုတ်တရက်ကျင်းပဖြစ်ခဲ့သည်။ ထိုအစည်းအဝေးမှာ မင်းတုန်းဘုရင်မင်းတရား၏ အရိုက်အရာကို ဆက်ခံရန် အိမ်ရှေ့စံရွေးချယ်မည့်အစည်းအဝေး။

ထိုအစည်းအဝေးကို ဆင်ဖြူမရှင်မိဖုရားကပင် ဦးစီးဦးဆောင်ပြုလုပ်၍ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ကင်းဝန်မင်းကြီးဦးကောင်း၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ရေနံချောင်းမင်းကြီး၊ တောင်ထားဝယ်ဗိုလ် ဦးဖိုး(နောင်-တိုင်တားမင်းကြီး)၊ ပေါက်မြိုင်အတွင်းဝန်၊ ကျောက်မြောင်းအတွင်းဝန်၊ နိုင်ငံခြားဝန်ထောက်စသော အရေးပါအရာရောက်သူများ တက်ရောက်ကြသည်ဟု ဆိုသည်။

အစည်းအဝေးတွင် ဆင်ဖြူမရှင်မိဖုရား၏ ကြိုတင်စီမံချက်ဖြင့် တောင်ထားဝယ်ဗိုလ် ဦးဖိုးက စတင်စကားပြောလေသည်။

**ဦးဖိုး** ။ "ဘုန်းတော်ကြီးဘုရားလည်း ဒီတောင်ကတက်တော့မယ် မမြင်တော့ဘူး၊ ဒါကြောင့် သဘောသကာယပြည့်ဝတဲ့ သီပေါမင်းသားကလေးကို အိမ်ရှေ့အရာအပ်နှင်းလျှင် သင့်တော်မည်ပ...."

ဦးဖိုး၏အမူအရာမှာ မာဆတ်ဆတ်ဖြစ်နေသည်။ ဒါကိုမြင်တော့ ယောအတွင်းဝန်ဦးဘိုးလှိုင် အံ့သြနေလေသည်။ သည်လူမှာ ရှေးရှေးက တို့များကို အလွန်ကြောက်ရွံ့ရှိသေရသူပါ။ ယခုဘယ့်နှယ်များ ပမာမခန့်ဖြစ်နေရသလဲဟု စဉ်းစားမိသည်။ ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ထိုသို့စဉ်းစားပြီးနောက် ဆွေးနွေးဖွယ်ရာကိစ္စကို ရဲဝံ့စွာပြောလေသည်။

**ယောအတွင်းဝန်** ။ "မဟုတ်သေးဘူး ကိုဖိုး၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမယ့် အရေးဟာ မလွယ်လှဘူး၊ သီပေါမင်းသားဟာ သဘောကောင်းတယ်ဆိုတဲ့ ဂုဏ်ပုဒ်ပဲရှိတယ်၊ နိုင်ငံတော်မှာ အရေးရှိရ

www.burmeseclassic.com

www.burmeseclassic.com



တကယ် သတ္တိ၊ ဖျတ္တိရှိတဲ့ မက္ကရာမင်းသား၊ ညောင်ရမ်းမင်းသား၊မြင်ကွ မင်းသားတို့မှသာ ဆောင်ရွက်နိုင်မှာပေါ့”

ယောအတွင်းဝန်ဦးဘိုးလှိုင်က ဤသို့ အကျိုးသင့်အကြောင်းသ ဝင်ဆွေးနွေးသည်။ သို့သော် ပွဲပျက်အောင်ဖျက်မည့်သူပေါ်လာသည် ရေနံချောင်းမင်းကြီး၏သား ရနောင်မောင်တုတ်နှင့် တောင်ထားဝယ်ဗိုလ် ဦးဖိုးတို့က တုတ်တပျက်စားတပြက်လုပ်ကာ ဒေါနှင့်မောနှင့်ပြန်ပြောသည် အခြေအနေမှာ သိပ်မကောင်းလှ။ ပွဲကြမ်းနိုင်မည့် ရာသီဥတုဖြစ်ကြောင် ယောအတွင်းဝန်ဦးဘိုးလှိုင် သဘောပေါက်သွားသည်။

ဤအခြေအနေတွင် ကင်းဝန်မင်းကြီးဦးကောင်းက ပွဲကိုဝင်ထိန်းေ သည်။ အစီအစဉ်များက မည်သို့မျှ ပြင်ဆင်ပြောင်းလဲ၍ မရတော့ သည်ဆိုလျှင် အေးအေးဆေးဆေး သဘောတူလိုက်လျောကြဖို့သာ ရှိကြောင်း ပြောသည်။ သို့နှင့် အစည်းအဝေး၏ ဆုံးဖြတ်ချက်မှာ သီပေါမင်းသား ကလေးကိုသာ နန်းတင်ရန်ဖြစ်ခဲ့ပြီ။

ဃ

နာဖျားမကျန်းရှိနေသော ဘဝရှင်မင်းတရားကြီးသည် ယခုရက်များ အတွင်း အနည်းငယ် ထူထူထောင်ထောင်ဖြစ်လာသည်။ မင်းတရားကြီး၏ အမိန့်ဖြင့် သားတော်များကို အခစားဝင်ရန် ခေါ်ယူလိုက်သည်။ မက္ကရာ မင်းသား၊ သုံးဆယ်မင်းသားအပါအဝင် မင်းသားတို့သည် ခမည်းတော် မင်းတရားကို ဖူးတွေ့ရန် အမောတကော ရောက်လာကြသည်။ သို့သော် နန်းတော် တောင်ပန်းနံ့သို့ မင်းသားများရောက်လာသည်နှင့် ဘုရင့် လက်နက်ကိုင်တပ်ဖွဲ့က မင်းသားများကို ဖမ်းဆီးလိုက်ကြသည်။ မင်းသား တို့ကို ကြေးတိုက်တွင် ပို့ဆောင်ချုပ်နှောင်ထားလိုက်ကြသည်။

သည်မင်းသားအုပ်များတွင် ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားတို့ မပါဘဲ လွတ်မြောက်သွားကြသည်။ မင်းသားတို့၏ မယ်တော် မြောက်ရှေ့ ရေးမိဖုရားသည် မင်းသားများ ဖမ်းဆီးရေးစီမံချက်ကို လျှို့ဝှက်သိရှိခဲ့သည်။ ထို့ကြောင့်သားတော် ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားတို့အား ရှောင်ကြ လေတော့ဟု သတိပေးလိုက်သည်။ ညောင်ရမ်းညီနောင်ကား ကံကောင်း



လေစွ။ နေပြည်တော်ရှိ ခရစ်ယာန်ဘုန်းတော်ကြီး တစ်ပါး အကူအညီဖြင့် အောက်ပြည်အောက်ရွာသို့ ထွက်ပြေးလွတ်မြောက်ခဲ့လေသည်။

သို့သော် ပြဿနာက သည်မျှနှင့် ကိစ္စမပြီးခဲ့ချေ။

မင်းတုန်းမင်းတရားကြီးသည် သားတော်များအား စုဝေးခေါ်ယူပေးရန် အမိန့်ထုတ်ပါလျက် သားတော်များရောက်မလာခြင်းကို သတိရသည်။

“ဟဲ့ . . . ငါ့သားတော်တွေ စုဝေးခေါ်ယူခိုင်းတာ ဘာဖြစ်လို့ မလာကြတာလဲ၊ ငါ့သလွန်တော်နားမှာ ပဌာန်းတရားရွတ်ပေးနေတဲ့ သားတော်ကြီးညောင်ရမ်းမင်းသား ဘယ်ရောက်နေလဲ”

မင်းတုန်းမင်းတရားကြီး အမေးတော်ရှိသည်ကို ဘာပြန်ဖြေရမှန်းမသိဘဲ အနီးနားရှိ မိဖုရားများငြိမ်နေကြသည်။ မြောက်ရှေ့ရေးမိဖုရားကား မငြိမ်ရှိသည်။ ရဲရင့်သည်။ အဖြစ်မှန်ကို မိဖုရားက ဦးဆောင်၍ တင်လျှောက်လိုက်၏။ သတိဝင်နေပြီဖြစ်သော မင်းတရားသည် အခြေအနေကို ရိပ်စားမိလိုက်ပြီ။ သို့နှင့် ချက်ချင်းအမိန့်ထုတ်လိုက်သည်။

“အကျဉ်းကျသားတော်များကို အမြန်ဆုံးလွှတ်စေ။ ခမည်းတော်ထံ သားတော်များ အမြန်ဆုံးခစားကြစေ”

သည်တစ်ကြိမ်တွင် မင်းတရားကြီး၏ အမိန့်တော်က စူးရှပြင်းထန်ဟန်တူပါရဲ့။ အချုပ်ကျမင်းသားများကို ချက်ချင်းလွှတ်ပြီး မင်းတုန်းမင်းထံ ခစားစေကြသည်။ အကျဉ်းမှလွတ်လာသော သားတော်များသည် ခမည်းတော်မင်းတရားကို အားပါးတရ ဖူးတွေ့ကန်တော့နေကြရှာ၏။ သားတော်ကြီး မက္ကရာမင်းသားသည် ခမည်းတော်မင်းတရားကြီး၏ ကျူးဖူးတော်ကို အောက်မေ့တသရင်း မိမိ၏ ဦးခေါင်းဆံစပ်ဖြင့် မင်းတုန်းမင်းကြီး၏ ခြေတော်အစုံကို ပွတ်သပ်ကန်တော့နေရှာလေသည်။

မင်းတုန်းမင်းတရားက သားတော်များကို အမိန့်တစ်ရပ် ချမှတ်ပေးလိုက်သည်။ မိမိ၏အရိုက်အရာကို ဆက်ခံရန် နန်းလျာမရွေးတော့ပြီ၊ “သားတော်ကြီးသုံးပါးဖြစ်သော ညောင်ရမ်း၊ မက္ကရာနှင့် သုံးဆယ်မင်းသားတို့က မိမိပိုင်နိုင်ငံတော်ကို သုံးနယ်ခွဲပြီး အုပ်စိုးကြ။ အချင်းချင်း သင့်တင့်မျှတစွာအုပ်စိုးကြ။ သည်နေရာမှ လူစုကွဲသည်နှင့် မင်းသားကြီးများက ခမည်းတော်ပိုင် သဘောတစ်စင်းစီယူပြီး မိမိတို့အပိုင်စားရသော

www.burmeseclassic.com

www.burmeseclassic.com



ဒေသများသို့သွားကြ။ ကျန်သောမင်းသားငယ်များက မိမိတို့ကြည်ညိုရင်းနှီး ရှိသော မင်းသားကြီးများနောက်သို့ လိုက်ပါကြစေ”

မင်းသားတို့သည် ခမည်းတော်မင်းတရားအား နောက်ဆုံးကန်တော့ ခြင်းဖြင့် ဦးခိုက်ကန်တော့ကြပြီး လူစုခွဲကြသည်။ ထို့နောက် ခမည်းတော် အပါးမှ ထွက်ခွာလာခဲ့ကြသည်။ မြောက်ဥယျာဉ်တော်တွင် ဆွေမျိုး မိတ်သင်္ဂဟများ မယ်တော် နှမတော်များနှင့် နှုတ်ဆက်စကားပြောကြရန် အစီအစဉ်ရှိသည်။

သို့သော် အခြေအနေတွေက ကပြောင်းကပြန်ဖြစ်ခဲ့လေသည်။ ဘုရင့် လက်နက်ကိုင်တပ်ဖွဲ့သည် မြောက်ဥယျာဉ်တော်၌ အသင့်စောင့်ဆိုင်းပြီး ခင်းသားများကို ဖမ်းဆီးပြန်လေသည်။ မင်းသားတို့အား နိုင်ငံအနှံ့ ခရီးဆန့် စေရန် ခွင့်ပြု၍ ဘယ်သို့ဖြစ်ပါမည်နည်း။ မိမိတို့ပိုင်စားရာဒေသမှ ပုန်ကန် သကြွရန် အခွင့်ကောင်းပေးသလိုဖြစ်တော့မှာပ။ ဆင်ဖြူမရှင်နှင့် ဝန်ကြီးများ သည် ထိုအခွင့်အရေးကို မည်သို့ပေးနိုင်မည်လဲ။

ထို့နောက် သတင်းတွေ ဆက်ကာ ဆက်ကာ ကြားသိလာကြရလေ သည်။ ဘုရင်မင်းမြတ်၏ကိုယ်စား ဆောင်ရွက်ရသော ညီလာခံက သီပေါ မင်းသားကလေးကို အိမ်ရှေ့စံအဖြစ် တစ်ညီတစ်ညွတ်တည်း တင်မြှောက် လိုက်သည်ဆိုသည့်သတင်း၊ မင်းတုန်းမင်းတရားကြီးကိုယ်တော်တိုင်က သီပေါမင်းသားကို အိမ်ရှေ့စံအဖြစ် လက်မှတ်ထိုး အမိန့်တော်ပြန်လိုက် ပြီဆိုသောသတင်း၊ နန်းတော်တွင်းမှ ဆက်တိုက်ထုတ်ပြန်လိုက်လေပြီ။

သည့်နောက်တော့ ရတနာပုံနေပြည်တော်တစ်ဝှမ်းသို့ မင်းတုန်းမင်း တရားကြီးနှင့်ပတ်သက်၍ သတင်းဆိုးတစ်ရပ် ထွက်ပေါ်လာခဲ့သည်။ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုဗ္ဗာ၊ ရတနာခုနစ်ပါးတို့၏ အရှင်သခင် ပဉ္စမသံဂါယနာတင် သာသနာ့ဒါယကာ ဘဝရှင်မင်းတုန်းမင်းတရားကြီး သည် လူ့ပြည်ငြီးငွေ့ နတ်ထီးစံတော်မူခဲ့ပြီ။

နတ်ရွာစံဘုရင်မင်းတရားကြီး၏ ထီးမွေ နန်းမွေ အရိုက်အရာကို အိမ်ရှေ့စံ သားတော်သီပေါမင်းသားက ရွှေဘုံနိဒါန်း ကျမ်းအစောင်စောင်နှင့် အညီ ဆက်ခံရယူလိုက်ပြီ။



ကဲ . . . ပထမကျော် စာမေးပွဲကို အောင်မြင်ခဲ့သော ရှင်လူထွက်
သီပေါမင်းသားသည် ရတနာပုံရွှေနန်းကို သိမ်းမြန်းအုပ်စိုးခဲ့ပါပြီကော။
တဘောင်စကား ရှိပေသားမဟုတ်လား။
“ပထမကျော် ရှင်လူထွက် နန်းတက်မှအေး . . . ” တဲ့။
ယခုတော့ ပထမကျော်ရှင်လူထွက် မင်းသားငယ်သည် တကယ်ပဲ
နန်းတက်သွားလေပြီ။
တဘောင်စာသားအတိုင်း ရွှေနန်း ရွှေနိုင်ငံအတွင်း အေးချမ်းသာယာ
ပါလေစ။
အဖြေကို ဟိုဘက်စာမျက်နှာများတွင် တစ်ခန်းစီ တစ်ကဏ္ဍစီ
ဆင်နွှဲ့စ်ကြည့်ကြဦးစို့ရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ၂။ သီပေါဘုရင်

### က

သီပေါဘုရင်ကို ရတနာပုံ
မြို့တည်နန်းတည် ပဉ္စမသံဂါ
ယနာတင် သာသနာ့ဒါယကာ
ဘဝရှင် မင်းတုန်းမင်းတရားကြီးနှင့်
လောင်းရှည်မြို့စား နန္ဒာဒေဝီ
မိဖုရားတို့မှ ဖွားမြင်ခဲ့သည်။ မွေး
နေ့၊ မွေးလ၊ မွေးရက်မှာမြန်မာ
သက္ကရာဇ် ၁၂၂၀ ပြည့်နှစ်၊
နတ်တော် လပြည့်ကျော် ၁၂ ရက်၊
စနေနေ့ဖြစ်သည်။ ငယ်နာမည်
မောင်ရေစက်။

သီပေါဘုရင်၊ ငယ်မည်
မောင်ရေစက်၏ မွေးဇာတာကို
ဗေဒနက္ခတ် ပညာရှင်တို့က ချက်
ချင်းဇာတာဖွဲ့ပြီး မုချဧကန် မင်း
ဖြစ်မည့်ဇာတာဟု ဟောချက်ထွက်
သည်။ ဗေဒင်အလိုအရ ဓနုလဂ်
ဖြစ်သည်။ ဓနုလဂ် ဖြစ်တိုင်းလည်း



ရှင်ဘုရင်ဖြစ်မည်ဟု မဆိုနိုင်။ သို့သော် ဓနုလဂ်တွင် တနင်္ဂနွေနှင့် ဗုဒ္ဓဟူးပူးနေ၍ အကြီးဆုံးသော ရာဇယုဂ်ကိုရသည်ဟုဆိုသည်။ ဓနုလဂ်မှာ တိုက်ရေးခိုက်ရေးကို ညွှန်ပြသောလဂ်ဖြစ်ပြီး တနင်္ဂနွေနှင့် ဗုဒ္ဓဟူးတို့ ပူးယှဉ်သဖြင့် ရာဇယုဂ်ရနေသည်။ ရှင်ဘုရင့်သား မဆိုထားနှင့် သာမန်အရပ်သား ဆင်းရဲသားပင် ရှင်ဘုရင်ဖြစ်နိုင်သော ဇာတာဟုဟောဆိုကြသည်။[၁] သို့သော် ရှင်ဘုရင်ဖြစ်ရာတွင် ဓနုလဂ်နှင့်တနင်္ဂနွေ၊ ဗုဒ္ဓဟူးတို့ ပူးယှဉ်နေခြင်း အခြေအနေများကြောင့် ကိုယ်တိုင်တိုက်ခိုက်ပြီး ကိုယ်တိုင်အရည်အသွေးဖြင့် မင်းဖြစ်မည်ဟုကား မဆုံးဖြတ်သင့်။ ဦးဆောင်တိုက်ခိုက်ပေးသူက တိုက်ခိုက်ပေးပြီး လွယ်ကူစွာ နန်းပလ္လင်ပေါ် ရောက်သာမည့် မင်းမျိုးသာဖြစ်မည်ဟုဆိုသည်။ ထို့ပြင် လဂ်သခင် ကြာသပတေးက အဓိရန်အိမ်မှာရှိပြီး ၅-တန့် ပုတ္တဘာဝသခင်နှင့် ၁၂-တန့် ဗျာယသခင် အင်္ဂါက ဝိသေသလှမ်းမြင်ထားခြင်းကြောင့် မင်းသား၏ မင်းဖြစ်ရာဖြစ်ကြောင်း သက်တန်းတွင် သွေးထွက်သံယိုမှုများ မြင်သည်။ အပြိုင်အဆိုင် အနှောက်အယှက်များတွေ့မည်။ အတွင်းရန် မကင်းမှုများ မလွှဲမသေတွေ့မည်ဟု ဗေဒင်ပညာရှင်များက ကြိုတင်ဟော ပြောခဲ့ကြသည်။[၂]

---

၁။ ဇောတိသ ဝေဒမဂ္ဂဇင်း၊ ၁၉၈၅၊ ဒီဇင်ဘာလ၊ မဟာသိယ်ရေး နှစ်တစ်ရာ ဆတ်ပေါင်း၊ စိတ်မကောင်းစရာ ဖြစ်ထွေဆောင်းပါး။ စာ ရ၁။

၂။ ဇောတိသဝေဒမဂ္ဂဇင်း၊ ၁၉၈၅၊ ဒီဇင်ဘာလ၊ မဟာသိယ်ရေး၊ နှစ်တစ်ရာ ဆတ်ပေါင်း၊ စိတ်မကောင်းစရာ ဖြစ်ထွေဆောင်းပါး။ စာ ရ၁/ရ၃။ ဇေယျတု သက္ကရာဇ် ၁၂၂၀ ပြည့် ဒီယ ၄၂၂၊ ရသ နတ်တော်လပြည့် ကျော် ၁၂ ရက်၊ စနေနေ့ နံနက် ၄ ချက်တီးကျော် ၁ နာရီ ၁ ပါဒ် ၁၀ ဗီဇနာ ၂ ပြန် ၂ ခရာ ဓနုလဂ် ဖြိဿာစန်း ၂၃ံ မဟာရက် ၅တေးတရင်း၊ ၅တေးနဝင်း၊ နက္ခတ်၂၀နှင့် ပါဒ်ပြည့် ၃ဃဍီ၊ အနုယတိ ၅၄ ထက် လဂ်စီးလျက် ၅၉ ဗဝါး ရလက်သစ်အချိန် ကြည်လင်သဒ္ဒါ၊ ရတနာသုံးပါး၊ ထိပ်ဝယ်ထား၍ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံတော်မူသော သားတော် မြတ်ရေစက်နာကို မယ်တော်မိခင် အလင်းမြင်တော်မူသည်။ အာယုဒီယံ သုခံဘဝတွေ ဖြစ်စေသော်။


www.burmeseclassic.com

www.burmeseclassic.com

ထိုပြင် ၆-တန့်သခင် သောကြာသည် ၆-တန့်ဘာဝကို လှမ်းမြင်ထား၍ အတွင်းရန်ကို အောင်မြင်မည်ဟု ကြိုတင်ယူဆထားကြသည်ထားတော့။ သည်ဟောပြောချက်တို့မှာ ဂြိုဟ်နေဂြိုဟ်ထားကိုကြည့်၍ ဟောပြောကြခြင်းဖြစ်သည်။ တကယ့်ဘဝတွင် ဇာတ်လမ်းစဉ် မည်သို့မည်လဲ။ ဒါကတော့ ရုပ်ရှင်စကားဖြင့်ပြောရလျှင် ငွေရောင်ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားကြရတော့မည်လေ။

သားတော်မင်းသား မောင်ရေစက်ကို ခမည်းတော် ဘဝရှင်မင်းတုန်းမင်းတရားကြီးက ချစ်မြတ်နိုးစွာဖြင့် ရှမ်းတိုင်းရင်းသားတို့ဒေသ သီပေါမြို့ကို စားခွင့်ပေးသနားသည်။ ထို့ကြောင့် နောင်အခါ ငယ်မည် မောင်ရေစက်ကို သီပေါမင်းသားဟုခေါ်ကြသည်။ ခမည်းတော် မင်းတရားကြီးကပင် သားတော်သီပေါမင်းသားကို သီရိမဟာဓမ္မရာဇာဘွဲ့ဖြင့် ချီးမြှင့်ခဲ့သေးသည်။

အမှန်ဆိုသော် ရှေ့မျက်နှာနောက်ထား၍ ပြောကြားရလျှင် သီပေါမင်းသားငယ်သည် လူ့ဘဝသို့ရောက်သည်မှစပြီး ကံညံ့ရှာသည်။ ကြည့်လေ။ သီပေါမင်းသား၏ မယ်တော်လောင်းရှည်မိဖုရား နန္ဒာဒေဝီသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်သူမဟုတ်။ သာမန်အရပ်သူအရပ်သားဘဝ



သီပေါဘုရင်၏ဇာတာ



ဘသူဟု မှတ်စုမှတ်တမ်းများက ဖော်ပြသည်။* သီပေါမင်းသားကို ရှုသန့်စင်ဖွားမြင်ပြီး သုံးနှစ်အကြာတွင် မယ်တော်လောင်းရှည် မိဖုရားသည် ဝတ်ကြောင်ကိုစွန့်၍ သီလရှင်ဝတ်သွားခဲ့သည်။

လောင်းရှည်မိဖုရား ဖြုန်းစားကြီးသီလရှင်ဝတ်သွားရသည်မှာ အကြောင့်လဲ။ အဖြေကို သေချာကျနမသိကြရ။ သို့သော် သိုးကာသိကာ ကြားရသော သတင်းတချို့တော့ရှိ၏။ မိဖုရားသည် ဘဝရှင်မင်းတရားကြီးနှင့် ဆက်ဆံရေးမပြေပြစ်ဟုသိရသည်။ သည်မှာပင် မေးစရာရှိသည်။ ဘုရင်နှင့်မိဖုရားတို့အကြား ဆက်ဆံရေးမပြေလည်ဘူးဆိုတာဘာလဲ။ ဘုရင်ကပဲ အိမ်ထောင်ရေး စည်းဖောက်လို့လား။ ဒါလည်းမဖြစ်နိုင်။ မင်းတုန်းဘုရင်မင်းမြတ်မှာ မိဖုရားအပါး ၅၀ ကျော်ရှိသည်။ ဘုရင်မင်းမြတ်သည် မိမိမြတ်နိုးသော မိဖုရားကို ရွေးချယ်ဆက်ဆံပေလိမ့်မည်များ ဘာဆန်းပါသလဲ။

သည်သို့ဆိုလျှင် မေးစရာရှိလာပြန်သည်။ လောင်းရှည်မိဖုရားကော မင်းတုန်းမင်းအလိုကျ အနေအထိုင်မရှိခဲ့လို့လား။

သည်မေးခွန်းနှင့်ပတ်သက်၍ တင်ပြဖွယ်ရှိသည်။ ပြည်တွင်းပြည်ပမှ အုပ်စာတန်းအချို့က မိဖုရားအပေါ် စာရိတ္တအမူအကျင့်နှင့်ပတ်သက်၍ ရေးကြ၊ ပြောကြ၊ လက်ညှိုးထိုးကြ၏။ သို့သော် စဉ်းစားကြည့်ကြပါတော့။ မိဖုရားသည် မိန်းမတစ်ဦးသာဖြစ်၏။ မိန်းမတို့သဘာဝအတိုင်း ဆူးပေါ်ဖက်ကျလည်းဖက်ပေါက်၊ ဖက်ပေါ်ဆူးကျလည်းဖက်ပေါက်ရမည့်ဘဝ။ မိဖုရားမှာ မိမိကို ကွယ်ရာ၌ အထင်မှား အမြင်မှားဖြစ်အောင်ပြောကြဆိုကြသည်များကို ဘယ်လိုဖြေရှင်းနိုင်မှာလဲ။

ထားပါတော့၊ သီပေါမင်း၏ မယ်တော် လောင်းရှည်မိဖုရားသည် အသက်အရွယ် နုနုငယ်ငယ်နှင့် တကယ်ပဲ သီလရှင်ဝတ်သွားခဲ့သည်။ သီပေါမင်းသားသည် ဥမမယ် စာမမြောက်အရွယ်၌ မိခင်နှင့်အတူမနေရသည့် ကံစိသူငယ်ရှိခဲ့ပေမည်။ သို့သော် မယ်တော် လောင်းရှည်မိဖုရားသည်

* သီပေါမင်းနန်းတွင်းရေး စာ ၃၀။

www.burmeseclassic.com

www.burmeseclassic.com



သားတော်ကလေးကို မျက်ကွယ်ပြုခဲ့သည်မဟုတ်။ ရင်အုပ်မကွာ ဆိုသံ ပြုစုခဲ့သည်ဟု မှတ်တမ်းများရှိသည်။

လောင်းရှည်မိဖုရားသည် မိမိသီတင်းသုံးနေသော တောင်တော် ကျောင်း ဆရာတော်ဘုရားထံ သားငယ်ကလေးကို အပ်နှံခဲ့သည်။ ဗုဒ္ဓ ဘာသာ သင်ခန်းစာများကို သင်ကြားပို့ချပေးရန်တောင်းပန်ရသည်။ ဒါကြောင့်ဖြစ်ပါလိမ့်မည်။ သီပေါမင်းသားသည် ငယ်စဉ်တောင်ကျော ကလေးဘဝကပင် မဂ်လာသုတ်ကိုသင်ယူသည်။ ပရိတ်ကြီးဆယ့်တစ်သုတ် ကို တတ်မြောက်ခဲ့သည်။ မဟာပဋ္ဌာန်းဇာရားတော်ကြီးကို ထုံးလိုရေ ရေလိုနှောက် ပေါက်မြောက်ကျွမ်းကျင်ခဲ့လေသည်။

မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်။

သီပေါမင်းသားကလေး အသက် ၈ နှစ်အရွယ်။

ထိုခုနှစ်တွင် မန္တလေးရတနာပုံနေပြည်တော်တွင် အရေးတော်ပုံကြီး တစ်ရပ်နှင့် ကြုံရလေသည်။

"မြင်ကွန်း၊ မြင်းခုန်တိုင်အရေးတော်ပုံ"

မှန်၏။ မြင်ကွန်းမြို့စားနှင့် မြင်းခုန်တိုင်ရွာစားမင်းသားနှစ်ပါး တို့သည် နိုင်ငံတော်အာဏာကို ရယူရန်ပုန်ကန်ကြသည်။ မြင်ကွန်း အရေးတော်ပုံသည် မြန်မာနိုင်ငံသမိုင်းတွင် အရုပ်ဆိုးသော အမည်းကွက်ကြီး အဖြစ် စွန်းထင်းကျန်ရစ်ခဲ့သည်။ မင်းသားငယ်တို့ အာဏာရူးထသည့် နိုင်ငံတော်၏ အားအထားရဆုံး ကာကွယ်ရေးအကြီးအမှူး အိမ်ရှေ့ ကနောင်မင်းကျဆုံးခဲ့ရသည်။

သည်အရေးတော်အတွင်း၌ သူ့ကိုကိုယ်သတ်၊ ကိုယ့်ကိုသူသတ်နှင့် လူသတ်ပွဲကြီး ဆင်နွှဲကြသည်။ တန်ဖိုးရှိသော ဝန်ကြီးဝန်ငယ်၊ မင်းညီ မင်းသားတို့သည် ဘာမျှတန်ဖိုးမရှိသော အာဏာလုပွဲတွင် အသက်ပေးသွား ကြရသည်။ ထိုစဉ်က သီပေါမင်းသားကလေးမှာ အင်္ဂလိပ်စာသင်ကြား မန္တလေးရတနာပုံနန်းတွင်းသို့ မယ်တော်ကပြန်ပို့ထားဆဲဖြစ်သည်။ မြန်မာ သမိုင်းတွင် ဆရာမှတ်ကြီးကျောင်းဟု မော်ကွန်းတင်ရသော အင်္ဂလိပ် စာသင်ဆရာကြီး ဒေါက်တာမတ်၏ကျောင်းသို့ သီပေါမင်းသားကလေး သည် နောင်တော်၊ အစ်မတော်များနှင့်အတူ တက်ရောက်သင်ကြားနေသည်



မန္တလေးနန်းတွင်း၌ အရေးတော်ပုံဖြစ်ပြီး လူသတ်ပွဲကြီးဆင်နွှဲနေပုံ သတင်းကြားသော် တောင်တော်ကျောင်းတိုက်ရှိ သီလရှင် လောင်းရှည် မိဖုရား သောကပွားရသည်။ နားမလည်၊ ပါးမလည် မျက်စိသူငယ်နှင့် သားတော်ကလေး သီပေါမင်းသားငယ် ဘယ်သူ့ဓားချက်မှာ အသက်ပါသွား လေမည်လဲ စိုးရိမ်ပွားမိသည်။ မိဖုရားသီလရှင်သည် ဝတ်စုံသင်္ကန်း ကိုသိဘတ်သိနှင့် ရွှေနန်းတော်သို့ အပြေးအလွှားသွားသည်။ ထို့နောက် သီပေါမင်းသားကလေး၏ အဆောင်သို့ဝင်သည်။ သားတော်ကလေးကို တွေ့မှ ဩော်. . .သင်းမသေသေးပါလားဟုစိတ်ချပြီး ဝမ်းနည်းဝမ်းသာ ငိုယိုမိတော့သည်။ သီလရှင် လောင်းရှည်မိဖုရားသည် သားတော်သီပေါ မင်းသားကလေးကို လက်ဆွဲပြီးနန်းထဲမှ ပြေးထွက်လာသည်။ သီပေါ မင်းသားကလေးမှာ မယ်တော်သီလရှင်၏ ကိုယ်ဝတ်လွှာကို တအား ဆုပ်ကိုင်ပြီး မယ်တော်နှင့်အတူ ခြေကုန်သုတ်၍ ပြေးလိုက်ရရှာသည်။

လောင်းရှည်မိဖုရား သီလရှင်သည် သားတော်သီပေါမင်းသား ကလေးကို မိမိသီတင်းသုံးရာ တောင်တော်ဆရာတော်ကျောင်းသို့ ခေါ် သွားဝံ့ချေ။ မီးနိုးကြွက်လျှောက်လိုက်လာပြီး သားတော်ကလေးကို သတ်သွားမှာစိုးရိမ်ရသည်။ ထို့ကြောင့် မန္တလေး ရန်ကင်းတောင်အနီး လိန်ပင်ကျောင်းတိုက်သို့ သွားပို့ပြီး ပုန်းအောင်းနေစေသည်။ မိဖုရားသည် သီပေါမင်းသားကလေးကို လိန်ပင်ကျောင်းတိုက်မှာ သုံးလေးရက်ထား ပြီးသော် စိတ်မချဖြစ်လာသည်။ မြင်ကွန်းညီနောင်တို့ အရေးနိမ့်ပြီး ကောက်ရပ်ဒေသသို့ ပြေးပြီဟု သတင်းကြားရပါရဲ့။ သို့သော် ရတနာပုံ နေပြည်တော်ကြီးမှာ အေးဆေးငြိမ်သက်နေပြီမဆိုနိုင်။ ဟိုနားက ဖြိုးဖြိုးဖျောက်ဖျောက်၊ ဒီနားက ဖြိုးဖြိုးဖျောက်ဖျောက် သတ်ပွဲဖြတ်ပွဲ သတင်းတွေက နားမဆံ့အောင် ကြားနေရဆဲ။ သည်တော့ မိဖုရားသည် သားတော်ကလေးအတွက် သောကမအေး ပူပန်ရပြန်သည်။

သည်တွင် လောင်းရှည်မိဖုရားသည် လိန်ပင်ကျောင်းတိုက်သို့ ပြေးပြန်သည်။ လူယုံတော်တစ်ဦးထံ သီပေါမင်းသားကလေးကို အပ်၍ ကျေးတောသားအသွင် ရုပ်ဖျက်စေသည်။ ထို့နောက် လူယုံအား ပြီးနောက် "သားတော်သီပေါမင်းသားကလေးကို ရှင်တော်တန်း

www.burmeseclassic.com

www.burmeseclassic.com



ဆီး ဆဲါသွားပါ။ ဟိုမှာ ရက်အတန်ကြာပုန်းအောင်းနေပါစေ။ သည်ငွေစကို သုံးပြီး သားတော်ကလေးကို ဘေးမသီရန်မခအောင် စောင်မကြည့်ရှုပါ ဟု မှာကြားစေလွှတ်ရပြန်သည်။ မယ်တော်လောင်းရှည်မိဖုရား၏ မိခင် ဓေတ္တာကား ကြီးမားမြင့်မြတ်ပေစွ။

မိဖုရား၏ လူယုံတော်သည် ရုပ်ဖျက်ထားသော ကျေးတောသား အသွင် သီပေါမင်းသားကလေးကို လက်ဆွဲပြီး မန္တလေးရတနာပုံ နေပြည်တော်မှ ရှမ်းတောင်တန်းအဝင် နောင်ပိန်ရွာကလေးအထိ ပြေးခဲ့ ရသည်။ နောင်ပိန်ရွာတွင် မိဖုရား၏ မိတ်ကောင်းဆွေစစ် ရှမ်းအမတ် ကြီးတစ်ဦးရှိသည်။ အမတ်ကြီးသည် သီပေါမင်းသားကလေးကို နွေးထွေးစွာ ဆောင့်ရှောက်ကူညီပါ၏။ သီပေါမင်းသားကလေးမှာ ဤသို့ဖြင့် ဘေးမသီ ရန်မခ ပုန်းအောင်းနေခဲ့ရသည်။ ထိုရှမ်းအမတ်ကြီးမှာ မြန်မာအမျိုးသား ခစ်စစ်ဖြစ်သည်။ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် မောင်ဝမ်းကွဲတော်စပ်သူဟု ဆိုကြသည်။[၁]

ထိုအမတ်ကြီး၏ အစောင့်အရှောက်ဖြင့် ကောင်းမွန်ချမ်းသာစွာနေ ခြင်းမှာ သီပေါမင်းသားသည် ကလေးဘဝကပင် ဆင်ဖြူမရှင်သမီး စုဖုရားလတ်နှင့် နန်းတွင်း၌ ကစားဖော်ကစားဖက်ဖြစ်၍ဟုဆိုသည်။

မြင်ကွန်းမင်းသားအရေးတော်ပုံကြီး ဖြစ်ပွားပြီးသည့်နောက် နိုင်ငံ တော်မှာ အေးချမ်းသည်မရှိသေး။ အရေးတော်ပုံကြီးတွင် ကျဆုံးရှာသော ကနောင်မင်း၏သားတော် ပန်းတိမ်းမင်းသားသည် မိမိခမည်းတော် အသတ်ခံခဲ့ရခြင်းအပေါ် မကျေမချမ်းဖြစ်သည်။ ဒေါသအမျက် ပြင်းစွာ ထွက်သည်။ ထို့ကြောင့်မင်းသားသည် လူစုပြီး ဘဝရှင်မင်းတုန်းမင်းတရား ကြီးအား ထောင်ထားပုန်ကန်ခဲ့ပြန်သည်။ ပန်းတိမ်းမင်းသားသည် နေပြည်တော်ပြည်ပသို့ထွက်ပြီး နန်းကိုပဲအပ်မည်လော၊ အသက်ကို အသေခံမည်လောဟု ဘကြီးတော်မင်းတုန်းမင်းတရားထံ ရာဇသံပို့လေ သည်။

ထိုစဉ်က တိုင်းနိုင်ငံအတွင်း ဒုတိယအကြိမ် လက်နက်ကိုင်သောင်း ကျန်းမှုကို မင်းတုန်းမင်းကြီး ကြုံရပြန်ပါသည်။ သို့သော် ထိုအရေးအခင်း

၁။ သီပေါမင်းနန်းတွင်းရေး စာ- ၃၁။



အချိန်ကာလ သိပ်မကြာမီမှာပင်ပြီးဆုံး၏။ ပန်းတိမ်းမင်းသားနှင့် အပေါင်း အပါတို့က ထိုရတနာပုံအချုပ်ခန်း၌ စံမြန်းနိုင်စေခဲ့ပြီးနောက် နိုင်ငံတော် သည် တည်ငြိမ်အေးချမ်းမှုရှိလာခဲ့လေသည်။

နိုင်ငံတော်အေးချမ်းသာယာမှု ပြန်ရသောအခါ လောင်းရှည်မိဖုရား သည် သားတော်ကလေးသီပေါကို မန္တလေးရတနာပုံ နေပြည်တော်သို့ ပြန်လည်ခေါ်ယူလိုက်သည်။ ထို့နောက် သားတော်ကလေးကို မူရင်း သင်ကြားမြဲရှိသော ဗုဒ္ဓဘာသာကျမ်းစာများကို တောင်တော်ကျောင်းတိုက် မှာပင် ဆက်လက်သင်ကြားနေစေခဲ့သည်။

ခ

သီပေါမင်းသားသည် ဗုဒ္ဓကျမ်းစာများ သင်ကြားနေခိုက်မှာပင် ခမည်းတော်မင်းတုန်းမင်းတရားကြီး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်ဘာသာ စနစ်တတ်အောင် သင်ကြားခဲ့သည်။ သီပေါမင်းသားနှင့်အတူ အင်္ဂလိပ် ဘာသာသင်ကြားသူများတွင် နန်းတွင်းရှိ မင်းညီမင်းသားများ ပါဝင်ခဲ့ ကြသည်။ သင်ကြားပေးသူဆရာမှာ မန္တလေးရတနာပုံနေပြည်တော်တွင် အင်္ဂလိပ်ဘာသာ စာသင်ကျောင်းဖွင့်လှစ်ထားသူ ဒေါက်တာမတ်ဖြစ်၏။ မြန်မာတို့အခေါ်အဝေါ်မှာကား ဆရာမှတ်ကြီး။

ဒေါက်တာမတ်၏ အင်္ဂလိပ်စာသင်ကျောင်းတွင် သီပေါမင်းသား အမည်ကောင်းရခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ အနောက်နိုင်ငံ စာရေးဆရာများကပင် ဤသို့ ထောပနာပြုရေးသားခဲ့ကြသည်။[၂]

"သီပေါမင်းသားငယ်သည် အရွယ်ရလာပြီးလျှင် မြန်မာ လူငယ်တို့ ထုံးတမ်းစဉ်လာအရ ရှင်ပြုမင်္ဂလာပြုရသည်။ ဘုန်း တော်ကြီးကျောင်းတွင် သင်္ကန်းဆည်းရခြင်းဖြစ်သည်။ ဒေါက်တာ မတ်ထံတွင် ပညာသင်ကြား နေသူများထဲတွင် သီပေါမင်းသား သည် အမြဲရှေ့ဆုံးမှနေ၍ ပညာတော်သူ ဖြစ်ခဲ့သည်။ စာတော် ခြင်းနှင့် လက်ရေးလက်သားလှပခြင်းကြောင့် သူသည်အမည်း

၂။ They Reigned in Mandalay by E. C. V. Foucar

www.burmeseclassic.com

www.burmeseclassic.com



တော်မင်းတရား၏ သဘောကျခြင်းခံယူရသည်။ စာမေးပွဲများတွင် အမှတ်ကောင်းကောင်းရရှိနေသော သီပေါမင်းသားအတွက် မင်းတုန်းဘုရင် ကိုယ်တိုင် မကြာခဏ နှုတ်မှထုတ်ဖော်ကြွားဝါလျက်ရှိခဲ့သည်။

သီပေါမင်းသားငယ်၏အနာဂတ် မည်မျှတောက်ပြောင်လိမ့်မည်ဆိုခြင်းကို ကောင်းစွာမသိရသေးမီကပင် အလယ်နန်းမတော် ဆင်ဖြူမရှင် မိဖုရားသည် သမီးတော်စုဖုရားလတ်နှင့် သီပေါမင်းသားတို့အကြား ရင်းနှီးကျွမ်းဝင်မှုရှိစေရန် သမီးတော်ကို အားပေးအားမြှောက်ပြုခဲ့သည်။ သီပေါမင်းသားသည် ဘာသာရေးတွင် ကိုင်းညွတ်သူဖြစ်၏။ ဤအရည်အချင်းသည် မင်းတုန်းဘုရင် မျက်စိကျစရာဖြစ်သည်”

သီပေါမင်းသားလေးကို ဤသို့ ချီးမွမ်းသူနောက်တစ်ဦးရှိသေးသည်။ အခြားသူဟုတ်ပါရိုးလား။ သီပေါမင်းသား၏ ငယ်ဆရာရင်း ဒေါက်တာမတ်ဖြစ်သည်။ ဒေါက်တာမတ်က သူ၏ ကိုယ်ရေးမှတ်တမ်း စာအုပ်ဖြစ်သော “မြန်မာပြည်ဝယ် နှစ်လေးဆယ်” စာအုပ်တွင် သီပေါမင်းသားကို ဤသို့ ဂုဏ်ပြုရေးသားခဲ့လေသည်။[၁]

“ကျောင်းတက်လာသောမင်းသားများတွင် သီပေါမင်းသားမှာ အမှတ်စဉ် ၂၅ တွင်ရှိသည်၊ မင်းသားသည် အလွန်တည်ငြိမ်ပြီး မည်သူ့ကိုမျှ ရန်မရှာတတ်၊ ပညာသင်၍လည်း တတ်လွယ်သော လူငယ်တစ်ဦးဖြစ်သည်။ သီပေါသည် သင်သမျှကြားသမျှကို ရိုရိုသေသေ နာယူပြီး ဆရာပြောသရွေ့ကို တိတိကျကျ လိုက်နာဆောင်ရွက်တတ်သည်။ ဆရာကိုဒုက္ခပေးခြင်းနည်းပါးပြီး ရောင့်တက်သောအမူအကျင့်မရှိ။ မိမိ၏ အဆင့်အတန်းအတွက် အထူးဂရုစိုက်ခြင်းကို ခံယူလိုဟန်မပြ။ ကိုယ်နှုတ် နှလုံး စောင့်စည်းပြီး အားကိုးအားထားရာနေချိန်ဖြစ်သည်။ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ သူ့ကိုလွှမ်းမိုးနိုင်သော ကာလဖြစ်သည်။ ကံဆိုးသည်မှာ ကောင်းမွန်သော အမူအကျင့်တို့ကို

၁။ Forty Years in Burma by Dr Mark



သင်ကြားပေးလိုက်ရန် ကျွန်ုပ်တို့နှင့်အတူ သူ ကြာကြာ မနေရခြင်းဖြစ်၏။

သီပေါမင်းသားမှာ ဗုဒ္ဓကျမ်းဂန် ဓမ္မဒေသနာတော်များ သင်ကြားရာတွင် ထူးချွန်လှသဖြင့် ဘုရားအလောင်းတော်များ ဖြစ်လေမလားဟု ဖခမည်းတော် မင်းတုန်းဘုရင်၏ ထင်မှတ်ကိုးစားခြင်းခံရသူဖြစ်သည်”

သီပေါမင်းသားအပေါ် ဆရာရင်းဖြစ်သူ ဒေါက်တာမတ်၏ မှတ်တမ်းတင် ရေးသားမှုမှာ များစွာတန်ဖိုးရှိလှသည်။ ဒေါက်တာမတ်သည် နောင်တွင် သီပေါဘုရင်နန်းတက်ခဲ့သောအခါ သီပေါဘုရင်၏ ချီးမြှောက်သခြင်းကို ခံရသူမဟုတ်။ သူသည် သီပေါဘုရင်နှင့်တွေ့ခဲ့ခြင်းမရှိ၊ သို့ပါလျက်နှင့် သီပေါမင်းသားအပေါ် ကောင်းသောမှတ်ချက်ပေးခဲ့ခြင်းမှာ စိတ်ရင်းစေတနာမှန်နှင့်ရေးသားခြင်းဟု အသိအမှတ်ပြုရတော့မည်။ ဒေါက်တာမတ်က ဤသို့ ဆက်လက်ရေးခဲ့သေး၏။

“သီပေါဘုရင်က ကျွန်ုပ်အကြောင်းကို မကြာခဏ စုံစမ်းမေးမြန်းသည်ဟုသိရ၏။ သူနန်းစံပြီးသည့်နောက် ကျွန်ုပ်က သူ့ထံ လာရောက် တွေ့ဆုံခြင်းမပြုသည်ကိုလည်း အံ့ဩနေခဲ့သည်ဟု ၁၈၈၆ ခုနှစ်တွင် ထားဝယ်မြို့၌ ဆင်ဖြူမရှင်မိဖုရားက ပြန်ပြောပြ၍သိရသည်”

သီပေါမင်းသား၏ ငယ်စဉ်က ဆင်းပြင်ကလျာချောမွေ့ပုံကို အနောက်တိုင်း သမိုင်းဆရာတစ်ဦးကလည်း ဤသို့ မော်ကွန်းတင်ခဲ့သည်။[၁]

“သီပေါသည် ပုဆိုးအဝါရောင်နှင့် အနားကွတ်ထားသော အဖြူရောင်အင်္ကျီကို ဝတ်လေ့ရှိသည်။ ထို့ပြင် သင့်တင့် လျောက်ပတ်စွာ ထုံးနှောင်ထားသော သူ၏ဆံထုံးနှင့်အတူ ဆင်ယင်ထားသော စိန်ဆံထိုးများ၏ အရောင်က ဝင်းဝင်းလက်နေ၏။ သူ့လက်တွင် ဆင်ထားသော နီလာလက်စွပ်ကလည်း အရောင်တဖိတ်ဖိတ်။ နန်းမတက်မီ တစ်နှစ်ခန့်က သူသည် အလွန်လှပ

၁။ Thibaw's Queen by H.Feilding,

www.burmeseclassic.com

www.burmeseclassic.com



ချောမွေ့သူဖြစ်၏။ မြန်မာနိုင်ငံတွင် အချောဆုံးယောကျ်ားတစ်ဦး ဖြစ်သည်ဟု ဆိုလျှင်ပင်ရနိုင်၏။ တောက်ပနက်မှောင်သော သူ့ မျက်လုံးနှင့် သံလွင်သီးရောင် သူ့အသားအရေမှာ လိုက်ဖက်လှ သည်"

သီပေါဘုရင်၏ ငယ်ဘဝကို စိတ်ဝင်စားသူ အိန္ဒိယနိုင်ငံသား ပါမောက္ခတစ်ဦးကလည်း ဤသို့ သူ့အမြင်ကို တင်ပြခဲ့သေးသည်။[၁]

"ခမည်းတော်နတ်ရွာစံသဖြင့် နန်းတက်လာသော သီပေါ ဘုရင်မှာ အသက်၁၉နှစ်ရွယ် လူငယ်တစ်ဦးမျှသာဖြစ်၏။ သူ သည် ပါဠိကျမ်းဂန်စာပေကို ကျွမ်းကျင်၍ ခေတ်ပညာကိုလည်း သင်ယူခဲ့ဖူး၏။ နေပြည်တော်တွင် ဖွင့်လှစ်ထားသော ခရစ်ယာန် ဘုန်းတော်ကြီး ဒေါက်တာမတ်၏ အက်စ်၊ပီ၊ဂျီ မစ်ရှင်ကျောင်း တွင် သီပေါမင်းသားသည် နောက်တော်ပါခုနစ်ဦးနှင့်အတူ ခေတ်မီပညာရပ်များကို သင်ကြားနေ၏။ သူသည် တပည့်ကောင်း တစ်ဦးဖြစ်ခဲ့ပြီး အင်္ဂလိပ်ဘာသာ အပြောနှင့်အရေးကို ကျွမ်းကျင် တတ်မြောက်သည်အထိ သင်ကြားခဲ့သည်။ ထို့ပြင် သီပေါ မင်းသားသည် ခရစ်ကက်ဘောကစားရာတွင်လည်း ထူးချွန်သူ ဖြစ်ခဲ့၏"

သီပေါမင်းသားနှင့်ပတ်သက်၍ ပြည်ပစာရေးဆရာအချို့၏ အမြင်များသည် သမိုင်းတွင် တန်ဖိုးမဖြတ်နိုင်သော အကြောင်းအချက်များ ကို ပေးသည်မှာ ငြင်းကွယ်၍မရ။ လူဆိုသည်မှာ ကောင်းတာကို ထုတ်ဖော် ပြောခဲသည်။ မကောင်းတာ မဟုတ်တာကိုမှ ပြောချင်ဆိုချင်ရှိကြသည်။ ကောင်းသတင်းထက် အတင်းအဖျင်းသတင်းဆိုးကိုသာ ပြောချင်ရေးချင်ကြ သည်။ အထူးသဖြင့် အနောက်တိုင်းသမိုင်းဆရာတို့သည် မြန်မာ့ နောက်ဆုံး ဘုရင် သီပေါမင်းအပေါ် အမနာပ ရေးကြသားကြ ပြောကြဆိုကြရှိသည်။

၁။ The Deposed King Thibaw of Burma in India by Professor Dasai



ညိုခင်လျက် ယခုသီပေါမင်းသားနှင့် ပတ်သက်၍ အကောင်းကိုပြော အကောင်းကိုရေးသားကြခြင်းမှာ စိတ်ရင်းစေတနာမှန်ဖြင့် ရေးကြခြင်း ဖြစ်ပေမည်။

သီပေါမင်းသားနှင့်ပတ်သက်၍ ပြည်တွင်း စာရေးဆရာများ၏ အမြင်ကိုလည်း ဤသို့တွေ့ရသည်။[၂]

မြင်ကွန်းမင်းသား၏ သူပုန်ရန်လည်းအေးငြိမ်း တိုင်းတော် ပြည်တော်များလည်း သာယာလာသဖြင့် သီပေါမင်းသားကလေး ကို နေပြည်တော်သို့ ပြန်လာစေပြီးလျှင် ပညာတော်များကို ဆက် လက်သင်နေစေလေရာ ပဋိသန္ဓေဉာဏ်တော်ကလည်းထက်မြက်၊ လုံ့လဝီရိယကလည်း ရှိတော်မူသည့် အားလျော်စွာ မည်သည့် မင်းသားမှ မစွမ်းနိုင်သော ပထမပြန် သုံးကြိမ်အောင်သော မင်းသားဟူသော ဂုဏ်ထူးဝိသေသ ရရှိတော်မူပါသတည်း။

အခြားအခြားသော မင်းသားများသည်ကား ပညာသင်ရင်း ဖြစ်စေ၊ မည်သည့်နေရာကိစ္စမျိုး၌မဆို လူတစ်ဖက်သားကို အနိုင် ကျင့် အထက်စီးပြုမူကြခြင်း၊ မိမိတို့အိပ်ရာနေရာများကို ကျောင်း နေဖက်သူငယ်ချင်းများက မတော်တဆ ကျော်မိ၊ လွှားမိ၊ ထိုင်မိ ကြလျှင် အိပ်ရာနေရာများကို လွှင့်ပစ်ခြင်း၊ ဓားနှင့်ခုတ်ခြင်း၊ မြည်တွန်တောက်တီး ကြိမ်းဝါးဆဲဆို ရိုက်နက်ခြင်း စသည်တို့ ဖြင့် ကြမ်းကြမ်းတမ်းတမ်း ပြုလုပ်ကြကုန်သော်လည်း သီပေါ မင်းသားကလေးကား ထိုမင်းသားတို့ကဲ့သို့ မပြုမူရုံမျှမက ရံခါ မိမိကပင် သူများ၏ အနိုင်အစေများကို ခံတော်မူရခြင်း၊ မိမိကို သူများက မတရားပြုမူကျင့်ကြံသည်ကို သည်းခံတော်မူရခြင်း စသည်ဖြင့် အလွန်တရာ သဘောတော် နူးညံ့သိမ်မွေ့သည်။

ယင်းမှာ သီပေါမင်းနန်းတွင်းရေးစာအုပ်တွင် ရှင်ဥတ္တမဗုဒ္ဓိ၏ မှတ်တမ်းဖြစ်သည်။

ဤမော်ကွန်းမှတ်တမ်းများကို ကောက်ချက်ချရလျှင် သီပေါမင်းသား ကလေး၏ငယ်စဉ်ဘဝ ပညာကြိုးစားမှု ဘာသာရေးစာပေကျွမ်းကျင်မှု

၂။ သီပေါမင်းနန်းတွင်းရေး စာ-၃၁။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားသဘောထား နူးညံ့သိမ်မွေ့မှုတို့ကို သိနိုင်ကြပြီ။

ထိုမင်းသားငယ်သည် သူ့မွေးဖာတာခွင်၌ ယူဆဖော်ပြကြသည် အတိုင်း မှန်ပြီလား။ ကုန်းဘောင်ရွှေနန်းကိုရယူစဉ် သွေးထွက်သံယိုမှုမျ ဖြစ်ခဲ့မည်။ အပြိုင်အဆိုင် အနှောက်အယှက်များတွေ့မည်။ မိမိကိုယ်တို အရည်အသွေးဖြင့် မင်းဖြစ်ခြင်းမဟုတ်။ ဦးဆောင်တိုက်နိုက်ပေးသူ တိုက်နိုက်ပေးပြီး နန်းပလ္လင်သို့ အလွယ်တကူရောက်လာမည့် မင်းမျ ဖြစ်သည်ဟု နန်းတွင်းနန်းပြင် ပညာရှိသခမိန်များ ဟောကြားခဲ့ကြသည် သည်အဆိုအမိန့်များ မှန်ပါရဲ့လား။

ဂ

မင်းတုန်းမင်းတရား နန်းရှာစံတော်မူပြီးနောက် ရုပ်ကလာပ်တော် ရက်သတ္တ ခုနစ်ပတ်မျှ ထားရှိပြီး ပူဇော်ကန်တော့ သင်္ဂြိုလ်ခဲ့သည်။

ထိုစဉ်ကာလအတွင်း နိုင်ငံတော်အတွင်း၌ သတင်းတွေအမျိုးမျ ထွက်နေသည်။ သီပေါမင်းသားကလေးသည် နန်းလျာအဖြစ် အိမ်ရှေ ဖြစ်လာပြီဆိုသောသတင်းကို ကြားကြသည်။ တစ်ချိန်တည်းမှာ မင်းညီမင်းသားများကို ဖမ်းဆီးသည့် သတင်းများကိုလည်း တိုင်းပြည်တွ မကြားချင်အဆုံးရှိနေသည်။ မှန်သည်လည်းရှိ၊ မမှန်သည်လည်းရှိ ကြာ သည့်သတင်းတွေက အကောင်းမဟုတ်၊ အဆိုးချည်းသာ။

သီပေါမင်းသားကလေးအား နန်းလျာတင်သောသတင်းကို ပြည် တစ်ချို့က မယုံချင်ကြ။ သဘောမပေါက်ကြ။ ဟုတ်မှဟုတ်ပါရဲ့လာ သာမန်မိဖုရားတစ်ပါးမှ မထင်မရှား ထိုသားတော်သည် နန်းပလ္လင်ပေါ် ဘယ်ခြေလှမ်းဖြင့် တန်းတန်းမတ်မတ်ရောက်ခဲ့လေသနည်း။ စဉ်းစာ ပါလား။

စဉ်းစားမနေကြနှင့်။ တွေးတောမနေကြနှင့်။ လက်ရှိမျက်မြင် သီပေါမင်းသား ဘုရင်ဖြစ်ခဲ့တာ အသေအချာပါပဲ။ ကြည့်ပါလား။ နတ်ရှ ဘုရင်မင်းမြတ်၏ မသာတော်အခမ်းအနားမှာ သီပေါမင်းသားသည် ဘု တစ်ပါးအသွင်ဖြင့် ဆင်ယင်၍တင့်တယ်ခံ့ညားစွာ ပါဝင်ခဲ့သည်ကို



မင်းတုန်းဘုရင်မင်းမြတ်၏ အလောင်းတော်ကို ရတနာပုံနန်းတော် တွင်း၌ မွန်းလွဲ ၂ နာရီတွင် နောက်ဆုံးကန်တော့ သင်္ဂြိုဟ်ကြသည်။ ရင်မင်းမြတ်၏ အလောင်းတော်တင်သော ပန်းရထားကို မှန်နန်းဆောင် သို့ ပိတ်ဖြူကြိုးဖြင့် ဝန်ကြီးများက ဆွဲယူလာကြသည်။ မြန်မာဘုရင့် ဘုံနိဒါန်းလာ ထုံးထမ်းစဉ်လာအရ အဖြူရောင်သည် ဝမ်းနည်းသည့် ထိမ်းအမှတ်ဖြစ်သည်။ လွှတ်တော်ဝန်ကြီး မှူးမတ်များကစ၍ မင်းမိဖုရား မှုထမ်းများသည် ဝမ်းနည်းခြင်းအထိမ်းအမှတ် တော်ဝင်ဝတ်စုံအဖြူကို င်ယင်ထားသည်။

မင်းတုန်းဘုရင်မင်းမြတ်၏ အလောင်းတော်ကို ရွှေသလွန်ပေါ်၌ ညားစွာ တင်ဆောင်ပူဇော်ထားသည်။ ရွှေသလွန်သည် နဝရတ် ၉ ပါး ျာက်သံပတ္တမြားတို့ဖြင့် ဖိတ်ဖိတ်လက်နေသည်။ ဘုရင်မင်းမြတ်၏ က်နှာတော်ကိုသော်လည်းကောင်း၊ လက်တော်တို့ကိုသော်လည်းကောင်း ပိန်းချထားသည်။ သလွန်တော်၏ ဘေးတစ်ဘက်တစ်ချက်၌ ထီးဖြူ ာ်ရှစ်လက်ဖွင့်ပြီး မိုးကာထားသည်။ သလွန်တော်နှင့်ကပ်လျက် ရွှေမ မကိုဋ်တော်၊ ကျောက်သံပတ္တမြား ဝန်းပတ်စီခြယ်ထားသော ကွမ်းအစ် ာ်နှင့် ထွေးခံတော်တို့လည်း ချထားရသည်။ မင်းတုန်းမင်းတရား၏ လောင်းတော်ကို မိဖုရားအချို့နှင့် ဘုရင့်သမီးတော်များက ဒေါင်းမြီးယပ် ခတ်လျက် အရိုအသေပြုနေကြသည်။ ဤတွင်ထူးခြားချက်ကို ဖော် ဦးမည်။ မင်းတုန်းမင်းတရား၏ အလောင်းတော်မြတ်အား သားမြီးယပ် ာ်မည့်သူတို့ကို ဆင်ဖြူမရှင်မိဖုရား၏သဘောကျ မိဖုရားများ သမီးတော် အား ရွေးခြယ်ရသည်။ ဆင်ဖြူမရှင်မိဖုရား သဘောမတွေ့သူ မည်သူမျှ ရင့်အလောင်းတော်၏အနားသို့မကပ်ရ။ မလာရ။ မဖူးရ။ မတွေ့ရ။

နန်းမြို့တံခါးများကိုမူ အမြဲမပြတ်ဖွင့်ထားစေသည်။ နတ်ရွာစံ ရင်မင်းမြတ်ကို ချစ်ကြည်ညိုသောပြည်သူအများ လာရောက်ကန်တော့ခွင့် ားရန်ဖြစ်သည်။ ပဌမသံဂါယနာတင် ဘုရင်မင်းမြတ်အပေါ် ကြည်ညို ၍ပွားကြသော ပြည်သူထောင်ပေါင်းများစွာတို့ လာရောက်ဦးချ ်တော့ခွင့်ရကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ရွာစံဘုရင်မင်းမြတ်က အမှာစကားရှိထားသည်။ မိမိနတ်ရွာ သော် မိးမသဂြိုလ်ကြနှင့်။ ယခုလည်း မင်းတရားကြီး၏ ဆန္ဒအတိုင်း နန်းမြို့အတွင်း ခံ့ထယ်သော အုတ်ပြသာဒ်ကို တည်ဆောက်ထားသည်။

ဘုရင့်မသာတော်အခမ်းအနားတွင် ထူးခြားသည်မှာ ဗြိတိသျှ ကိုယ်စားလှယ်သံအမတ်အတွက် နေရာသီးသန့် ပေးထားခြင်းပင်ဖြစ်၏။ ထိုစဉ်က ဗြိတိသျှသံအမတ်မှာ မစ္စတာ အမ်အမ်ရှောဖြစ်၏။ ရှောသည် နောင်တက်လာမည့် သီပေါဘုရင်နှင့် မိမိတို့အကြား ဆက်ဆံမှု မြင့်မားလိ မည်ဟု ကြိုတင်တွက်ဆနေ၏။ ယခု ဘုရင့်မသာတော်အခမ်းအနား၌ ဗြိတိသျှသံကိုယ်စားလှယ်အား ခံ့ညားစွာနေရာပေး ဖိတ်ခေါ်ထားခြင်းမှာ သီပေါဘုရင်သစ်က မိမိတို့အပေါ် အလေးအမြတ်ပြုခြင်းသဘောဟု သူ ယူဆလေသည်။

ဘုရင်သစ်ကလေး သီပေါနှင့်အဆက်အဆံမြင့်မားလိုသော ဗြိတိသျှ သံအမတ် မစ္စတာရှောသည် ခန့်ညားသစ်လွင်သော ယူနီဖောင်းကို ဝတ် ဆင်လျက် ပြောင်လက်နေသောရှူးဖိနပ် ပန်းဖွားချည်ထားသော ဖားရှည်ဖြင့် ဖြင့် မသာတော်အခမ်းအနားသို့ အကျအနတက်ရောက်လာသည်။ သံအမတ်မစ္စတာရှောကို ခရစ်ယာန်ဘုန်းတော်ကြီး မစ္စတာ ကောလ်ဘတ် နှင့် လက်ထောက်သံမှူးအရာရှိများက ဝန်းရံလျက်လာ၏။ နောက်ထပ်ထူး ခြားသောအခွင့်အရေးတစ်ရပ်မှာ သံအမတ်မစ္စတာရှောနှင့် အဖွဲ့ကို သီပေါ ဘုရင်၏ ရှေ့တော်မှောက်တွင် ရှူးဖိနပ်စီးထားခွင့်ပေးထားခြင်းဖြစ်သည်။ ဤအချက်ကလည်း ဘုရင်သစ်သည် သဘောထားပျော့ပျောင်း၍ (သို့မဟုတ်) ဗြိတိသျှတို့နှင့် အဆက်အဆံတိုးတက်လိုသူဖြစ်လေဟု အကဲခတ်မိကြသည်။

ဘုရင့်မသာတော် အခမ်းအနားကျင်းပရေးမှာ အချိန်ဖင့်နွှဲနေသည်။ သီပေါဘုရင်မင်းမြတ် မရောက်လာသေး။ သီပေါဘုရင်မှာ ယခုအခါ နန်းတော်တွင်း၌ ဘုရင်အဖြစ် ဘိသိက်သွန်းလောင်းနေဆဲဖြစ်သည်။ ပုဏ္ဏားတော် ဟူးရားဖြူ၊ ဟူးရားညိုတို့သည် သီပေါဘုရင်အား ရေစက် သွန်းလျက် နန်းတက်မင်္ဂလာ အခမ်းအနားသဘင်ကို ဆင်ယင်နေ ဖြစ်လေသည်။



အတော်ကြာ စောင့်ဆိုင်းနေရပြီးမှ သီပေါဘုရင်မင်းမြတ် ကြွချီလာ ပြီဟု ကြေညာသံကြားလိုက်ရပြီ။ မင်္ဂလာစည်တော်သံသည် ခံ့ညားစွာ ထွက်ပေါ်လာ၏။ စည်တော်သံဆုံးသည်နှင့် လူ ၄၀ ခန့် ထမ်းလာသော ထမ်းစင်လာဝေါတော်တွင် သီပေါဘုရင်မင်းတရားသည် မင်းမြောက်တန်ဆာ ငါးပါးကို တင့်တယ်စွာဆင်ယင်လျက် ပြုံးပြုံးပြက်ပြက် အရောင်တလက် လက်ဖြင့် ခံ့ညားစွာကြွချီလာပါပြီ။ ဘုရင့်ဝေယာဉ်တော်ကို တူညီဝတ်စုံ ဝတ်ဆင်ထားသော ကိုယ်ရံတော်တပ်သားများက နှစ်လုံးပြူးသေနတ်များ ထမ်းလျက် ခြံရံလာသည်။

သီပေါမင်းတရား ပထမဆုံးတက်ရောက်လာသော အခမ်းအနားမှာ ခံ့ညားထယ်ဝါလှပါပေ့။ ဤသို့သော အခမ်းအနားကို ဤသို့ခံ့ထယ်စွာ တက်လာရန် လျှောက်လှမ်းလာခဲ့ရသောခရီးကို မင်းတရားငြီးငွေ့စိတ်ပျက် ဖြစ်လေသလားမသိ။ သီပေါဘုရင်၏ မျက်နှာတော်မှာ ကြည်ကြည်လင်လင် မရှိ။ သုန်သုန်မှုန်မှုန်ဖြစ်နေသည်။

မင်းတရားမျက်နှာတော် ကြည်ကြည်လင်လင်မရှိသည်မှာ ဘာဆန်း ပါလိမ့်မလဲ။ တကယ်တော့ နန်းပလ္လင်ပေါ်သို့ တက်လှမ်းလာရသော ခရီးဝယ် ဆူးညှောင့်ခလုတ်တို့ကားများစွ။ အရံအတားတွေက အထပ်ထပ်။ အခက်အခဲတွေက အစီအရီ။ ညီတော်၊ နောင်တော်၊ နှမတော်၊ ဆွေတော် မျိုးတော်များကို ကြေးတိုက်သို့ပို့ပြီး သည်မင်းမြောက်တန်ဆာငါးပါးကို ဝတ်ဆင်လှမ်းကြွခဲ့ရသောခရီးမှာ သီပေါဘုရင်ကလေးအဖို့ ဘယ်နည်းနှင့် များ စိတ်ချမ်းသာပျော်ရွှင်ဖွယ် ဖြစ်ပါမည်နည်း။

သီပေါမင်းနန်းတက်ပြီး မကြာမီရက်များတွင် ဖမ်းဆီးထားသော မင်းညီမင်းသားများကို ထုံးစံနှင့်အညီ စီရင်ခဲ့သည်ဆိုသောသတင်းများ ထွက်ပေါ်ခဲ့သည်။ ထုံးစံနှင့်အညီဆိုသော စာသားမှာ စင်စစ် ကွပ်မျက် ခြင်းပင်ဖြစ်သည်။ မှန်လည်းမှန်သည်။ သုံးဆယ်မင်းသား၊ မကွေးရာမင်းသား အပါအဝင် မင်းညီမင်းသား ဆွေတော်မျိုးတော်တို့ကို ၁၈၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နေ့များတွင် ကိုင်းတား မင်းကြီးဦးဖိုးနှင့် ပါးကွက်အာဏာသားများက ကွပ်မျက်ခဲ့သည်။ ဤ ဖြစ်ရပ်သည် မြန်မာနိုင်ငံသမိုင်းတွင် ဖျောက်ဖျက်၍မရသော အမည်းကွက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအဖြစ် မော်ကွန်းတင်ကျန်ရစ်ခဲ့သည်။

ထိုလူသတ်ပွဲကြီးနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းစာဂျာနယ်များက အကျယ်ချဲ့၍တစ်မျိုး အကျဉ်းချုံး၍တစ်သွယ် ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။ သို့သော် သီပေါမင်းတရား၏ ချေပပြောကြားချက်တို့ကိုမူကား အသိအမှတ်ပြုဖော်ပြခဲ့သည်ကိုမတွေ့ရ။ မှတ်မှတ်ရရဖော်ပြရလျှင် သတင်းစာဆရာဦးသိမ်းမောင်၏ သီပေါမင်းတရားအတွင်းရေးမှူးစာအုပ်တွင်သာ သီပေါမင်းတရား၏ ချေပပြောဆိုမှုကို ဖော်ပြထားသည်။

သီပေါမင်းတရားကြီးသည် နန်းတက်စအခါ၌ နန်းတော်အတွင်းရှိ ဆွေတော်မျိုးတော်များ သေဆုံးကြရပုံများကို အလုံးစုံသိပါသလော။ သီပေါမင်းကိုယ်တိုင် ကြံရာပါဖြစ်လေသလော ဟူသော တွေးတောချက်များသည် မြန်မာအမျိုးသားတို့၏ စိတ်တွင် အမှန်သို့ မရောက်နိုင်ဘဲရှိခဲ့ကြသည်။ နောင်အခါတွင် သီပေါမင်းတရားကြီး ရတနာဂီရိသို့ ပါတော်မူပြီးနောက် အပ်ချုပ်တော်မြဲ အတွင်းဝန် ဦးစံရွှေက သီပေါမင်းတရားထံ လျှောက်ထားမေးမြန်းခဲ့သည်။ သီပေါမင်း၏နှုတ်မှ ဖွင့်ဟမိန့်ဆိုချက်များကို နားထောင် မှတ်သားပြီး ဖြစ်ရပ်အမှန်ကို ဆင်ခြင်နိုင်ကြမည် ဖြစ်သည်။ သီပေါမင်းတရား၏နှုတ်မှ မိန့်ကြားချက်အပြည့်အစုံမှာ ဤသို့ဖြစ်လေသည်။

“မဟုတ်ဘူး။ တို့ကိုအကြည်ညိုပျက်အောင် မုန်းထားအောင် အပြစ်ဆိုတဲ့ စကားများဖြစ်တယ်။ အမှန်မှာ မောင်စံရွှေမိန်းမ ပင်းယမင်းသမီးလည်းရှိတယ်။ မေးကြည့်၊ ပြောပြလိမ့်မယ်။ နန်းတော်မှာ တစ်ညနေ အနောက်ပိုင်းမှာ ပင်းယ၊ နဂါးဆင်၊ ကျောက်ပန်းတောင်းထန်းတပင်၊ တောင်ငူမြို့စား အပျိုတော်များနဲ့ တို့နှစ်ပါး (သီပေါနှင့် စုဖုရားလတ်) ရယ်မောစကားပြောနေစဉ် မယ်တော်(ဆင်ဖြူမရှင်) ရုတ်တရက် ပျာယီပျာယာဝင်လာပြီး “မောင်ရင် မောင်ရင် ဒီနန်းစည်းစိမ်ကို မလိုချင်ပါနဲ့၊ ဘုရင်မင်းမြတ်လည်းမလုပ်ချင်ပါနဲ့၊ မောင်ရင့်ညီတော် နောင်တော် နှမတော်များ ရှိသေးရဲ့လားလို့ပြောတယ်”



“တို့တတွေမှာ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ပြီး ငါက အရှေ့ထွက်ပြီး ညီလာခံအစည်းအဝေး အမြန်ခေါ်တယ်။ “မင်းကြီးများ ကျုပ်ကို ထိန်မဝှက်ဘဲ မှန်သည့်အတိုင်း တင်ကြစမ်းပါ။ ချုပ်နှောင်ထားတဲ့ ညီတော်၊ နောင်တော်၊ နှမတော်များ ယခုရှိမရှိသိချင်သည်”ဟု မေးမြန်းခဲ့တယ်။

မင်းကြီးများက “ဘုန်းတော်ကြောင့် အမှန်တင်ရမည်ဆိုလျှင် ဘုရင့်သားတို့ဟာ ရွှေထီး ရွှေနန်းကို အမှန်ကြံစမြဲဖြစ်လို့ ကျွန်တော်မျိုးများ၏ ဆောင့်ရောက်ရသောတာဝန်သည် အလွန်မှ ကြီးလေးပါသည်။ သို့ဖြစ်သောကြောင့် အချုပ်မှလွတ်ထွက်ပုန်ကန်လျှင် ဆင်းရဲသား သတ္တဝါ အများအပြား သေကျေပျက်စီးကြမှာမြင်၍ သုတ်သင်ရှင်းလင်းရပါသည် ဘုရားလို့ လျှောက်တင်ကြတယ်။ ငါကြားလျှင် အလွန်တရာမှ ထိတ်လန့်ပြီး အသည်းအလုံးတုန်လှုပ်၍ ကြက်သည်းမွေးညင်းထမိတယ်။ ညီတော် နောင်တော်များသားရန် နန်းမြင့်နားမှာ တိုက်တန်းရှည်ကြီး ဆောက်လုပ်ခိုင်းထားတာမှာ အတော်အတန်ပြီးပါပြီ။ တိုက်တန်းကြီး ပြီးစီးသည့်ကာလ ညီတော် နောင်တော်များကို သား၊ မယား အခြွေအရံများနှင့် ပျော်ရွှင်စွာ နေကြပါစေ။ အပြင်က အစောင့်အရှောက်ထား နောင်ကိုထွက်ပြေးပုန်ကန်မှသာအပြစ်ပေးလျှောက်စီရင်ကြပါ မှာထားခဲ့တယ်”

“ထိုသို့ မှာထားပါလျက် သည်ကဲ့သို့ ရက်စက်စွာပြုလုပ်ကြတာကို ငါ့အများကြီးဝမ်းနည်း စိတ်မကောင်းဖြစ်ရတယ်လို့ အပြစ်တင်ပြောဆိုခဲ့တယ်”

“ကျန်ရစ်တဲ့မင်းသားများ စာရင်းပေးပါလို့တောင်းတော့ ကျပင်းမင်းသား၊ ကောလင်းမင်းသား၊ ပျဉ်းမနားမင်းသား၊ မြင်စိုင်းမင်းသား၊ ထယ်ကြားမင်းသားတို့ကိုရရှိပြီး ခေါ်ဆောင်သက်န်းဝတ်စေလို့ ဆရာတော်များထံ အပ်နှံရတယ်။ ဒီမင်းသားတွေ ငါ့ကြောင့် အသက်ရှည်ရတယ်၊ ယခုတိုင် အချို့ရှိပါသေးတယ်။ မေးလျှင်ပြောလိမ့်မယ်။ ရနောင်မင်းသားရဲ့ အခါလည်ကျော် သမီးတော်ကလေး ကျန်ရစ်ကြောင်းသိရလို့ အသက်မသေခင် မိန်းမစိုးမောင်မှဲ့ကို ခေါ်ဆောင်စေပြီး တောင်တွင်းစစ်သား မောင်မြစ်သား မိပုံ အထိန်းထားပြီး မွေးလာလို့ အသက်ချမ်းသာရာရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တို့နှစ်ပါးမှာ ညီတော် နောင်တော်များ သေဆုံးကြောင်းသိရပြီး သည်ကစလို့ စိတ်နှလုံး ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ပြီးနေ့စဉ် တောင်စမုန်က ထွက်ပြီး သံဃာတော်များကို ဆွမ်းကြီးလောင်းခဲ့တယ်။ ငါလည်း အလွန် စိတ်မကောင်း တုန်ဆွေလည်းကြောက်လို့ နန်းတော်တွင်းမှာ နေ့နေ့ညည ဆူဆူညံညံရှိအောင် ပွဲခံစေတယ်။ ဟိုစဉ်အခါ ငါကလည်းငယ်၊ အသက် နှစ်ဆယ်ရွယ်တုံးက မင်းကြီးများ စီရင်လိုက်ကြတာပါ။ နောင် မိုးခေါင်လို့ ပညာရှိ ဘုန်းတော်ကြီးများကပြောလျှင် သည့်အခါ တိတ်တဆိတ် အလောင်း များကိုတူးဖော်ပြီး အိုးတုပ်နှင့်ထည့် လှည်းမှာတင် မြစ်ဆိပ်ယူ ပြီး ရေလယ် မြစ်ထဲချကြတယ်"

သီပေါမင်းတရား၏ ဖြေကြားရှင်းလင်းချက်တို့မှာ စဉ်းစားဖွယ် ဖြစ်သည်။ ချင့်ချိန်နိုင်းရည့်ဖွယ်ကိစ္စများဖြစ်သည်။ သီပေါမင်းဘုရင် နန်းတက်စကာလ ၁၈၇၉ ခု နှစ်ဆန်းချိန်ခါတွင် ဘုရင်ကလည်း ငယ်ငယ် ဝန်ကြီးဝန်ငယ်တို့ကလည်း ပရိယာယ်ကြွယ်ကြွယ်နှင့် တကယ်ရှိခဲ့သော အခြေအနေတို့မှာ မှန်းဆရခက်လှသည်။

အမှန်ဆိုသော် သီပေါမင်းတရားသည် အရွယ်ပင် ငယ်လှသော် လည်း ချင့်ချိန်ဝေဖန်နိုင်သော အသိဉာဏ် အသိတရား ခေါင်းပါးသူတော့ မဟုတ်တန်ရာ။ သီပေါမင်းတရား နန်းတက်သောကာလက မြန်မာဘုရင် သစ် တစ်ပါးအနေဖြင့် သတင်းထောက်တစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုစဉ် က တကယ့်"ထိပ်"ဟုဆိုနိုင်မည့် London News သတင်းစာ၏ သတင်းထောက်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အောက်ပါမှတ်တမ်းသည် ထိုသတင်းစာဆရာနှင့် တွေ့စဉ်က သက်သေ သာဓကတစ်ရပ်ဖြစ်လေသည်။

"၁၈၇၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ တနင်္လာနေ့"

"မန္တလေးနေပြည်တော်ရှိ ပြည့်ရှင်ဘုရင်"

"သတင်းစာဆရာကြီးများအား ရှေ့တော်ဝင်ခွင့်ပေးခြင်း"

"လန်ဒန်နယူးစ်၏ မန္တလေးသတင်းထောက်ထံမှ"

ဥယျာဉ်စံနန်း အိမ်တော်ဝဲဘက်မှ တံခါးတစ်ချပ်ပွင့်လာ၍ သက်ရွယ် ကြီးရင့် ကြံ့လိုပြီး မုတ်ဆိတ်ကျင်စွယ် ကင်းမဲ့သောသူတစ်ယောက်၊ မိန်းမဆိုး မှူး ရှေးဦး ဝင်လာသည်။



သူ၏နောက်၌ကပ်လျက် အခစားမပါ၊ ရှင်ဘုရင်တစ်ပါးတည်း ကြွချီလာသည်။ ခြေလှမ်းခပ်မြန်မြန်ဖြင့် လာရောက်၍ အခန်းအလယ်၌ ခင်းထားသည့် သလွန်ပေါ် အနီရောင်လက်တင်ခုံပေါ်၌ ညာလက်တင် ပြီးထိုင်သည်။ ပိုးအင်္ကျီအဖြူနှင့် တောက်ပသည့် အစိမ်းအဝါရောင် ပိုး ပုဆိုးကို ဝတ်ဆင်ထားသည်။ အဆင်တန်ဆာအဖြစ်ဖြင့် စိန်နားတောင်း တိုသာ နားတွင်ပန်ဆင်ထားသည်။ ရှင်ဘုရင်ကြွရောက်လာစဉ် အားလုံး ခပ်တွားခစားနေရသည်။

ရှင်ဘုရင်နေရာတော်၌ စမ္ပါယ်တော်မူပြီးနောက် သံတော်ဆင့်တစ်ဦး သည် ပြားပြားဝပ်နေလျက်ပင် ကျွန်ုပ်၏ သက်သေခံ အထောက်အထား စာများကို ကျယ်လောင်စွာ ဖတ်ကြားလျှောက်ထားလေသည်။ ဤလျှောက် ထားလွှာကို အတိအကျဘာသာပြန်သော် ဤသို့ဖြစ်လေသည်။

"လန်ဒန်မြို့ ဒေလီနယူးစ် သတင်းစာဆရာကြီးက ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် ရွှေ တွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုဗ္ဗာ၊ နီလာ၊ ဂေါမုတ်၊ ဥဿဖယား အစရှိ သော ရတနာတွင်းများ၏သခင် သုနာပရန္တ၊ တမ္ဗဒီပစသည့် တိုင်းကြီး များ၏ ဧကရာဇ်ဘုရင် ထီးဆောင်းမင်းအပေါင်းတို့၏သခင်၊ သာသနာ ဒါယကာ၊ မဟာဓမ္မရာဇ်၊ အာဒိစ္စနွယ်ဖွား၊ ဘဝရှင်မင်းတရားကြီး၊ ခင်းထက်မင်းဖျား၊ မင်းတရားဖြစ်၍၊ လောကအားလုံး၏အရှင်၊ ကြီးမား သက်မြတ်သော၊ ဉာဏ်ပါရမီရှင် ဘုရင်မင်းမြတ်အားအောက်ပါလက်ဆောင် ပဏ္ဏာတော်များကို တင်ဆက်ပါကြောင်းဘုရား"

ဖတ်ကြားပုံမှာ အသံသြဖြင့် သံနေသံထားရွတ်ဆိုနေခြင်းဖြစ်၍ ကျွန်ုပ်တို့၏ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ဝတ်တက်နေပုံနှင့် အလွန် တူသည်။ အပြီးသတ်၌ ဘု...ရား...အားဟု ဆွဲဆွဲငင်ငင် ရွတ်ဆိုရာတွင် ဝတ်တက်အဆုံး၌ အာမင်ဟုဆိုပုံနှင့် တသေရာတည်းဖြစ်သည်။

တင်ဆက်လွှာကို ဖတ်ကြားပြီးနောက် ကျွန်ုပ်အား လက်ဆောင် ပြန်ရန်ပစ္စည်းများကို အရာရှိတစ်ဦးကကောက်ယူ၍ ကျွန်ုပ်အားသို့ လာရောက်စုပုံပေးအပ်သည်။ ထိုအချိန်တွင် ဘုရင်သည် ကွမ်းစား ဆေးလိပ် သောက်၍ ခပ်မဆိတ် ကြည့်ရှုနေသည်။ မကြာမတင် ရှင်ဘုရင်သည်

www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်ပြတ်သားသောအသံဖြင့် ဖြည်းဖြည်းလေးလေး စကားစတင် ပြောကြားသည်။

**သီပေါဘုရင်** ။ "သူဘယ်သူလဲ"

ကျွန်ုပ်အားဆက်သွင်းသူ ဒေါက်တာဝီလျံက မြန်မာဘာသာဖြင့် ပြန်လည်တင်လျှောက်လေသည်။

"လန်ဒန်မြို့ ဒေးလီးနယူးစ်သတင်းစာက စာရေးဆရာဖြစ်ကြောင်း ပါ အရှင်မင်းကြီးဘုရား"

**သီပေါဘုရင်** ။ "ဘာကြောင့်လာတာလဲ"

"အရှင့်တိုင်းတော်ပြည်တော်ကိုကြည့်ရှုရန်နှင့် ရွှေမျက်နှာတော် ဖူးမြော်ခွင့် မျှော်လင့်လျက် လာရောက်ခြင်းပါ ဘုရား"

**သီပေါဘုရင်** ။ "ဘယ်ကလာသလဲ"

"ကာဗူးမင်းသားနှင့် စစ်တိုက်နေတဲ့ အာဖဂန်နစ္စတန်ပြည်မှ ဗြိတိသျှစစ်တပ်များမှ လာရောက်ခြင်းပါဘုရား"

**သီပေါဘုရင်** ။ "ငါတို့အကြည်တော် အင်္ဂလိပ်များ စစ်နိုင်ကြရဲ့ လားကွယ့်"

"အလွန်အောင်မြင်လှ၍ ကာဗူးမင်းသား ထွက်ပြေးသွားပါတယ် ဘုရား"

**သီပေါဘုရင်** ။ "ကက်ရှမီယနှင့်စာလျှင် ကာဗူးက ဘယ်အေးသလောက်ရှိသလဲ"

"ကက်ရှမီယနှင့် ပါသျှပြည်ကြား တောင်အလွန်ထူထပ် အေးချမ်းတဲ့ နယ်ပယ်များ ဖြစ်ကြောင်းပါဘုရား"

**သီပေါဘုရင်** ။ "ကင်းဝန်မင်းကြီး ဘယ်မှာလဲ"

"လွှတ်တော်တွင် ရှိကြောင်းပါဘုရား၊ လွှတ်တော်နေ့ဖြစ်ကြောင်းပါ အရှင်ဘုရား"

**သီပေါဘုရင်** ။ "သင့်မြတ်လှပေတယ် မင်းကြီးများ၊ လွှတ်တော် နေ့စဉ်တက်ပြီး အမှုလက်ကျန်ရှိကြောင်း မတိုင်တန်းကြအောင် အမှုသည် များကို မြန်မြန်ဆန်ဆန် စစ်ဆေးကြိုးပမ်းကြစေလိုတဲ့ ဆန္ဒရှိတော်မူတယ်"



ဤသို့ မိန့်ကြားပြီးနောက် ဘုရင်မင်းမြတ်သည် သလွန်တော်မှထ၍ ကြွသွားလေသည်။ မြန်မာဘုရင် ပြည့်ရှင်မင်းသည် အသက်အရွယ်အား ဖြင့် နှစ်ဆယ်ကျော်ရုံမျှသာဖြစ်၍ ထီးနန်းတက်ခဲ့သည်မှာ လေးလမျှသာ ရှိသေးသည်။ အရပ်မြင့်၍ ကိုယ်ခန္ဓာကြံ့ခိုင်ရည်မွန်သော လူရွယ်ကလေးပင် ဖြစ်သည်။ အသားဖြူသည်။ ကောင်းသောနဖူး၊ ကြည်လင်တည်ငြိမ်သော မျက်နှာ၊ နှစ်လိုဖွယ်နှုတ်ခမ်းများရှိသည်။ မေးစေ့သည် ပြည့်ဖြိုး၍ ကာမ အာရုံ အတန်ငယ် ပြင်းပြပုံရှိသည်။ သို့သော် ယောကျ်ားပီသ၍ ပွင့်လင်း သော မျက်နှာဟန်ရှိသည့် သူငယ်ပျိုကလေးဖြစ်သည်။ နန်းတက်စကကဲ့သို့ ဗျာမငြိမ် တုံလှုပ်ချောက်ခြားသော အမှုအရာများမရှိတော့ဘဲ တည် ငြိမ်သော ကာယိန္ဒြေနှင့် ပြည့်စုံလာပြီဟု ပြောကြသည်။ ကိုယ်ပိုင်ထူး ခြားသော အင်္ဂါလက္ခဏာများ ပေါ်ထွက်လာခြင်း မရှိသေးသော်လည်း ဘုရင်ကလေး၌ သူ့သဘောအလျောက် ပြုလုပ်လိုသော စိတ်ဓာတ်မရှိ ဟုတ်သည့်အပြင် ဘုရင့်အာဏာ အခွင့်အရေးကို ထိပါးလာလျှင် မနှစ် သက်ကြောင်း အချို့ကိစ္စများ၌ သက်သေပြနေပေပြီ။

ရှေတော်ဝင်ပြီးနောက် နန်းတော်တွင်းမှထွက်လာစဉ် နန်းမြို့တွင်း တစ်နေရာမှ အိမ်တစ်ဆောင်ကိုပြ၍ ၎င်းအိမ်တွင်း၌ နတ်ရွာစံဘုရင်ကြီး ၏မကျန်းဖြစ်နေစဉ် မင်းညီမင်းသား၂ဝခန့် ဖမ်းဆီးအကျဉ်းကျခဲ့ဖူးကြောင်း ပြောပြကြသည်။ ယခု နန်းစံဘုရင်သည် ဘုရင့်သားတော်များတွင် အငယ် ဆုံးဖြစ်၍ မိန်းမပိုင်း ဩဇာလွှမ်းမိုး၍လည်းကောင်း၊ ထိုသူအား နန်းတင် လျှင် မိမိတို့လိုလားသော ဟရားဥပဒေဖြင့် အုပ်ချုပ်ပုံစနစ် ပြောင်းလဲရေး အစီအစဉ်ကို မနှောက်ယှက်ပေဟု မှူးမတ်ကြီးများက ယုံမှတ်ခဲ့၍ လည်းကောင်း၊ ထီးနန်းတင်မြှောက်ခံခဲ့ရခြင်းဖြစ်သည်ဟုသိရသည်။

မလှမ်းမကမ်းရှိ မြင်းဇောင်းထဲတွင် လွန်ခဲ့သောတစ်လခန့်က ဖမ်းဆီးချုပ်နှောင်ခဲ့သော အမတ်ကြီး ၃ ဦးရှိနေသည်ဟုသိရသည်"

လန်ဒန်နယူးစ် သတင်းထောက်နှင့် သီပေါဘုရင် တွေ့ဆုံခန်းတွင် သီပေါဘုရင်သည် ကမ္ဘာ့ပထဝီအနေအထားကို စူးစမ်းခဲ့ကြောင်း တွေ့နိုင် သည်။ အနောက်နိုင်ငံ စာရေးဆရာတစ်ချို့ ဖော်ပြသလို မြန်မာဘုရင်သည် ရွှေနန်းတော် ကွက်ကွက်ကလေးအတွင်း၌သာ အကျဉ်းကျနေ

www.burmeseclassic.com

www.burmeseclassic.com



သည့်ဟန်မဟုတ်။ သီပေါဘုရင်သည် မြန်မာနိုင်ငံနယ်စပ်ကိုကျော်ပြီး ကမ္ဘာသို့ မျှော်ကြည့်လေ့လာနိုင်သော အဆင့်တွင်ရှိကြောင်း သိသာနိုင်ကြသည်။ သတင်းစာဆရာ၏ ရေးသားချက်များထဲမှ နုငယ်သော မင်းပျို မင်းလွင်တစ်ဦး၏ ရုပ်သွင်အား သရုပ်ဖော်ထားသည်ကို တွေ့ကြရမည်။ သို့ဆိုလျှင် နန်းတက်စကာလ သီပေါဘုရင်၏ရုပ်သွင် ပျို့နုချောမောမှုအတွက် အငြင်းပွားဖွယ်ရာ မရှိတော့ပြီ။

## ၃။ စုဖုရားလတ်

က

သီပေါဘုရင်၏မိဖုရား စုဖုရားလတ်ကို ရတနာပုံမြို့တည် နန်းတည် ပဉ္စမ သံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးနှင့် အလယ် နန်းမတော် မိဖုရားကြီး ဆင်ဖြူမရှင်တို့မှ ဖွားမြင်ခဲ့သည်။ မွေးနေ့ သက္ကရာဇ်မှာ မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့ ဖြစ်သည်။

အလယ်နန်းမတော် မိဖုရားဟုလည်းကောင်း၊ ဆင်ဖြူမရှင် မိဖုရားဟုလည်းကောင်း၊ ရတနာပုံ ရွှေနန်းတွင် ထင်ရှားခဲ့သော မယ်တော်မိဖုရားကား နယ်နယ်ရရ မထင်ကြနှင့်။ ကုန်းဘောင်ဆက် သမိုင်းတွင် နန်းမတော်မယ်နု အမည်ဖြင့် ရေးထားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com




မိဖုရားတစ်ပါးကို ကြားဖူးကြသည် မဟုတ် လား။ ဆင်ဖြူမရှင်မိဖုရားသည်
နန်းမတော်မယ်နု၏ ရင်မှဖြစ်သော သမီး အရင်း။


နန်းမတော်မယ်နု၏မြေး၊ မင်းတုန်းမင်းနှင့် ဆင်ဖြူမရှင်မိဖုရားတို့၏
သမီးတော် စုဖုရားလတ်၏ ဇာတာတော်မှာ ဤသို့ဖြစ်သည်။

"ဓမ္မေယျတု သက္ကရာဇ် ၁၂၂၁- ၁ဒီယ- ၄၂၃ ရသ၊ နတ်တော်
ပြည့်ကျော် ၄ ရက်၊ ၃ဂ်ါနေ့ည၊ တစ်ချက်တည်းကျော် နာရီပြည့် ၁ပါ
၁ဗိဇနာ၊ ၂ပြန် ၇ခရာ၊ သိဟ်လက်၊ ကရကင့်စန်း၊ ၁နွေသောရ
၃ဂ်ါတရင်း၊ ၃ဂ်ါနဝင်း၊ နက္ခတ်၉လုံး၊ ၁ပါဒ်ဃငိုပြည့်ထက် လဂ်စီးလျ
အသဝဏနက္ခတ် မွန်းတည့်ချိန် ကြည်လင်သဒ္ဒါ၊ ရတနာသုံးပါ
ထိပ်ဝယ်ထား၍ ဘုန်းပညာ ကြန်အင်လက္ခဏာ ပြည့်စုံတော်မူသော
သမီးတော်မြတ်ရတနာကို မယ်တော်မိခင်အလင်းမြင်တော်မူသည်။"[၁]

ရတနာပုံနေပြည် ရွှေနန်းတော် အနောက်နန်းမတော်ဆောင်န




စုဖုရားလတ်ဇာတာ




၁။ ဇာတိသဝေဒ မဂ္ဂဇင်း ၁၉၈၅ ဒီဇင်ဘာလ နှစ်တစ်ရာ ခေတ်ဟော
ဆောင်းပါး (မဟာသိင်္ဂ) စာ-ရရ။



င်းလမ်းမတော်သာခြားပြီး တပြေးညီရှိနေသော အလယ်နန်းမတော်
မိဖုရားကြီး ဆင်ဖြူမရှင် အဆောင်တော်ပတ်လည်တွင် နှင်းများပြို့ဆင်း
နေသည်။ လဆုတ်ခါစသော ရှိသေးသည်။ ယခု ညဥ့်တွင် ငွေလဝန်းက
အရှေ့ဘက် ဦးထိပ်တံခါး ပြအိုးထက်တွင် ထိန်ထိန်လင်းလို့နေသည်။
ဝန်းအနီးတွင် ဖုသျှနက္ခတ် ဝန်းရံနေချိန် ဖြစ်သည်။

ထိုအချိန်၌ တောင်စမုတ်ဆောင် မိဂါသနပလ္လင်တော်ရှေ့တွင် ဘုရင့်
ပုဏ္ဏားတော်များနှင့် ဗေဒနက္ခတ်ပညာရှင်များသည် အလယ်နန်းမတော်
မိဖုရား မီးရှူးသန့်စင်ဖွားမြင်မည့်အချိန်ကို ငံ့လင့်နေကြသည်။ အလယ်
နန်းမတော်မိဖုရားကြီး၏ သန္ဓေသား ဝမ်းမှမွေးဖွားတော်မူချိန်ကို အတိအကျ
မှတ်သားရန် စောင့်ဆိုင်းနေကြသည်။

ပဟိုရ်စင်မှ ညဥ့်တစ်ပဟိုရ်ရိုက်တီးသံက သာယာငြိမ့်ညောင်းစွာ
ထွက်ပေါ်လာသည်။ အလယ်နန်းမတော်ဆောင် ပြဿဒ်ဦးတည့်တည့်သို့
အသဝဏီနက္ခတ်ရောက်လာချိန် အရှေ့မိုးကုပ်စက်ဝိုင်းအစတွင် သိဟ်ရာသီ
ကြယ်အစု အဝေးမှ ကေသရာဇာခြင်္သေ့မင်း ခြေစ၍ဆင်းချိန်။ အသိလိသ
နက္ခတ်ပေါ်ထွက်ပြီး မာဃသံကောက်ရေးရေးစ၍ပေါ်ချိန်။

သည်အချိန် သည်ကာလတွင် အလယ်နန်းမတော် မိဖုရားကြီးသည်
ဆောင်အခါ၌ ရတနာပုံနေပြည်တော်ရွှေနန်းကို စားထက်စွာ စိုးမိုးအုပ်ချုပ်
မင်းလုပ်တော်မူမည့် ရဲရင့်ထက်မြက်သူ သမီးတော်ရတနာကို မီးရှူးသန့်စင်
ဖွားမြင်တော်မူလေပြီ။

နောက်တစ်နေ့ နံနက်။

ရတနာပုံ ရွှေနန်းတော် တောင်စမုတ်ဆောင်တွင် ပုဏ္ဏားတော်များ
နက္ခတ်ဗေဒင်ပညာရှင်များသည် ယမန်နေ့ညဥ့်က မီးရှူးသန့်စင် ဖွားမြင်
တော်မူသော သမီးတော်၏ ဇာတာတော်ကို စုပေါင်းညှိနှိုင်း တွက်ချက်နေ
ကြသည်။ ထိုသို့တွက်ချက်ပြီးသည်နှင့် ဗြဲတိုက်ဆောင်သို့ ချက်ချင်း
သွားရောက်ကြသည်။ ဂဓာသနပလ္လင်တော်ထက်တွင် စံမြန်းနေသော
အရှင်မင်းတုန်းမင်းတရားကြီးထံသို့ သမီးတော်ကလေး၏ ဇာတာခွင်
အနေအထားကို လျှောက်တင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါဘုရား။ ဘုရားကျွန်တော်မျိုး ပုဏ္ဏားတော် ပညာရှိဝန်များက ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား။ အရှင်အလယ်နန်းမတော် မိဖုရားကြီးမှ မီးရှူးသန့်စင် ဖွားမြင်တော်မူလာသည့် သမီးတော်ရတနာ၏ ဇာတာတော်ကို ဘုရားကျွန်တော်မျိုးများ သေချာဂန စစ်ဆေးတွက်ချက်ကြပါသည်ဘုရား"

"သမီးတော်ကလေး၏ ဇာတာတော်တွင် လဂ်သခင် ၄-တန့်တွင် ရပ်နေခြင်းကြောင့် အထွတ်အမြတ်ရတော်မူနိုင်ကြောင်း တွေ့မြင်ရပါသည်။ ထူးခြားသည့်အချက်မှာ သိဟ်လဂ်ရရှိခြင်းကြောင့် ကေရာသီဓိပတိ ဖြစ်နေသည့်အတွက် သာမန် နန်းရ ဆောင်ရမိဖုရားပင် မဟုတ်ကြောင်း၊ အဂ္ဂမဟေသီဒေဝီ မိဖုရားခေါင်ကြီးသာလျှင် ဖြစ်ထိုက်သော သမီးတော်ကလေး ဖြစ်ပါသည်ဘုရား"

"ဇာတာတော်တွင် ၅-တန့်သခင် ကြာသာပတေးသည် ပရံမဥစ် အံသာအနားတွင် ရပ်တည်ပြီး ကသစ်မူသောစန်းနှင့် ၉ အံသာအတွင်း ပူးယှဉ်နေသောကြောင့် အင်အားကောင်းသော စန္ဒြဂုရုယုဂ် ရရှိကြောင်း၊ ယင်းစန္ဒြဂုရုယုဂ်ကိုရသော ကြာသပတေးကပင် လဂ်သခင် တနင်္ဂနွေကို ၅-တန့်အမြင်နှင့် ဝိသေသလှမ်း၍ မြင်ထားပြန်သည်ဖြစ်၍ ဘိသိက်တော်ခံ အဂ္ဂမဟေသီ မိဖုရားခေါင်အထွတ်အထိပ်ကိုရရှိရန် တိကျသေချာလှသော အကြောင်းအချက်များ ဖြစ်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရိုကျိုးရှိခိုးလျက် လျှောက်ထားဝံ့ပါသည်ဘုရား"

အို … ကောင်းလိုက်လေ၊ ဖရဏာပီတိ ဝှမ်းဆီထိသို့ ပီတိသောနှသပွားဖွယ်ကောင်းလှသော ဟောစာတမ်းပေတကား။ ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ဖွားမြင်လာသော သမီးတော်ကလေးအတွက် ဝမ်းသာအားရဖြစ်မိပြီ။ သမီးတော်ကလေးသည် ရတနာပုံရွှေနန်းတွင် အထင်ကရ အုပ်စိုးနန်းစံတော့မည့် ဘုရင်၏အဂ္ဂမဟေသီဒေဝီ မိဖုရားခေါင်ကြီး ဧကန်ဖြစ်တော့မည်ဆိုပါလား

ဤနေရာတွင် မေးစရာရှိလာပြီ။ ပုဏ္ဏားပညာရှိ လှူပညာရှိတို့သည် ဘဝရှင် မင်းတုန်းမင်းတရားကြီးထံ မိမိတို့သိမြင်သမျှ အကုန်အစင် တင်ခဲ့ရဲ့လား။ လျှောက်ခဲ့ရဲ့လား။ အမှန်ဆိုသော် ပုဏ္ဏားတော်တို့သည် မင်းတရားကြီးထံ တစ်ကွက်နှစ်ကွက်ချန်၍ တင်လျှောက်ခဲ့ခြင်းဖြစ်၏။ ကြည့်လေ။ တကယ်လို့သာ အမှန်အတိုင်းတင်လျှောက်လျှင် ဘာဖြစ်မည်ထင်ပါသလဲ။ ယခုလို မင်းတရားကြီး မင်္ဂလာယူနေချိန်၌ ဗေဒင်ပညာအရ တွေ့ခဲ့သော "အဆိုး"တွေကိုတင်လျှောက် မုချပြဿနာဖြစ်တော့မည်။ မင်းတရားကြီးလည်း စိတ်မသက်သာဖြစ်မည်။ မိမိတို့လည်း ဒုက္ခဖြစ်ဖို့ပဲရှိသည်။



ယခုမီးရှူးသန့်စင်ခဲ့သော သမီးတော်ကလေး၏ ဇာတာတော်၌ ကြာသပတေးသည် ၅ တန့်သခင်ဖြစ်ရုံသာမက ၈ တန့် မရဏဘာဝ ဒုဋ္ဌာနသခင်ဖြစ်နေခဲ့သည်။ ဤဒုဋ္ဌာနသခင် ကြာသပတေးသည် ၁၂ တန့် ဗျာယဘာဝသခင် စန်းနှင့်ပူးခြင်းသည်လည်းကောင်း၊ ဗျာယဘာဝဒုဋ္ဌာန အိမ်တွင် ရပ်တည်ခြင်းသည်လည်းကောင်း၊ လဂ်တွင်ပါပဂြိုဟ်၊ စနေနှင့် ပါပဂြိုဟ်ဆိတ်တို့ ပူးနေခြင်းတို့သည်လည်းကောင်း ရရှိထားသော ရာဇယုဂ်ကြီးကို အနှောက်အယှက်အဖျက်အဆီးဖြစ်နေသည်။

ထို့ပြင် စနေသည် ၇ တန့်သခင်ဖြစ်ရုံမက ၆ တန့်ဒုဋ္ဌာနသခင်ဖြစ်နေသည်။ ယင်းစနေသည် တနင်္ဂနွေနှင့် အံသာ ၉၀ ကျော်ကွာပြီး အဓိပတိအိမ်တွင်ရပ်တည်နေ၍ ရရှိထားသော ရာဇယုဂ်နှင့် ဇာတာရှင်၏ဘဝကို အနှောက်အယှက်ပြုနေပြန်သည်။ သည်မျှမဟုတ်သေး၊ ၃ တန့်တွင် သဟဇကာရကဂြိုဟ် အင်္ဂါရပ်တည်နေခြင်းသည် သာမန်အားဖြင့် ဆွေတော်မျိုးတော်များက အထောက်အကူပြုမည်ဆိုနိုင်သော်လည်း ၆ တန့်သခင် စနေက လှမ်းမြင်ထားသည်ဖြစ်ခြင်းကြောင့် အထောက်အကူသည် ကောင်းကောင်း မွန်မွန်ရလာမည့် သဘောမသက်ရောက်ဘဲ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာမည့် အထောက်အကူများသာ ဖြစ်သည်ဟုဆိုရတော့မည်။

တော်ကြပါစို့။ တကယ်ဆိုတော့ နက္ခတ်ဗေဒင် ဝေါဟာရများက နားရှုပ်ဖွယ်ကောင်းပါဘိ။ အများတကာ နားလည်နိုင်မည့် စကားလုံးတွေ မဟုတ်။ နက္ခတ်ဗေဒင်ဆရာများက ပြောချင်သောအကြောင်းချင်းရာများကို သေချာစွာ မီးမောင်းထိုးပြသော် အထင်ကရ နှစ်ချက်သာတွေ့ရသည် မဟုတ်လား။ ဒါက (၁) ယခုမွေးဖွားသော ဘုရင့်သမီးငယ်သည် မုချစင်စစ်

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးဖြစ်မည်။ (၂) ထိုသို့ မိဖုရားဖြစ်ရာတွင် ရှုပ်ရှုပ်ထွေးထွေး အရေးအခင်းများနှင့် ပတ်သက်ပြီးမှဖြစ်လိမ့်မည်။ ဒါပဲမဟုတ်လား။

ကဲ... သည်တော့ မွေးဖွားလာသော ဘုရင့်သမီးတော်ကလေး၏ ငယ်ဘဝကို လေ့လာကြည့်ကြရအောင်။ မင်းသမီးကလေး လျှောက်လှမ်း မြင့်တက်ခဲ့ရသောလမ်းက ဘယ်သို့ရှိပါလိမ့်။ ပန်းခင်းလမ်းလား။ ဆူးခင်း ကြမ်းလား။ ဘုရင့်သမီးတော်တစ်ပါးပဲ။ ဆူးနင်းကြမ်းလမ်းကို ဘာ လျှောက်ရလိမ့်မလဲ။ ပန်းခင်းလမ်းပဲဖြစ်လိမ့်မည်ပေါ့။ ဒါများ မေး လိုသေးလား။ ပြောဖို့လိုသေးလား။

ထားပါတော့။ သို့ဆိုလျှင် မွေးဖွားလာသော ဘုရင့်သမီးတော် ကလေး၏ ငယ်ဘဝကိုလေ့လာကြည့်ကြရအောင်။ စူးစမ်းကြည့်ကြရ အောင်။ အကဲဖြတ်ကြည့်ကြရအောင်။

မင်းတုန်းဘုရင်တွင် စာရင်းဝင်မိဖုရား ၅၃ ပါးရှိသည်။ သည်မိဖုရား များစွာတွင် ယခုမီးဖွားသော မိဖုရားမှာ ဆင်ဖြူမရှင်ဘွဲ့ခံ အလယ် နန်းမတော်မိဖုရား။ အလယ်နန်းမတော်ဆိုတာက မိဖုရားခေါင်ကြီးမဟုတ်၊ မိဖုရားခေါင်ကြီး၏နောက် ဒုတိယအမြင့်မားဆုံး မိဖုရားဆိုပါတော့။

မင်းတုန်းမင်းတရားကြီးနှင့် ဆင်ဖြူမရှင်မိဖုရားတွင် သမီးတော် သုံးပါးရှိ၏။ စုဖုရားကြီး၊ စုဖုရားလတ်နှင့် စုဖုရားငယ်။

သည်သမီးတော်သုံးပါးတွင် ယခုမီးရှူးသန့်စင် ဖွားမြင်သော စုဖုရားလတ်က "အစွာဆုံး"ဖြစ်သည်ဟု သမိုင်းမှတ်တမ်းများက ဆို ပြကြသည်။ ထို့ပြင် "အသွက်ဆုံး၊ အထက်ဆုံး"လည်းဖြစ်သည်ဟု ဆိုလေသည်။

ဒါကလည်း ထူးသည် ဆန်းသည်မဟုတ်ပါတော့လေ။ ဘုရင့် သမီးတော်ဆိုတော့ နန်းတွင်းမှာ အရှိန်အဝါကြီးပါလိမ့်မည်။ တန်ခိုးဩဇာ ထွန်းပါလိမ့်မည်။ သည်အရှိန်အဝါ၊ သည်တန်ခိုးဩဇာတို့ကို အသုံးချ ပြီး စုဖုရားလတ်ဆိုသော မိန်းမချောကလေးသည် ရတနာပုံရွှေနန်းတွင်း ငယ်စဉ်က မည်သည့်ဇာတ်လမ်းများ ကပြခဲ့ပါသလဲ။

ခဏစောင့်ပါဦး။ စုဖုရားလတ်အကြောင်းကို သောင်းပြောင်းထွေလာ စိပ်ဖြာမကြည့်မီ သည်သမီးတော်ကလေး၏ မယ်တော်ကို လေ့လာကြည့်



လိုက်ပါဦး။ သမီးတော်ကလေး၏ မယ်တော်ရဲ့အခြေအနေကို အလျင်ဦးစွာ သိထားသင့်သည်မဟုတ်လား။

စုဖုရားလတ်၏မယ်တော် ဆင်ဖြူမရှင်မိဖုရားသည် စင်စစ် အလယ် နန်း မိဖုရားသာဖြစ်သည်။ ရွှေဘုံနိဒါန်းခေါ် နန်းဓလေ့ဥပဒေအရဆိုပါက အလယ်နန်းမိဖုရားသည် ဒုတိယတန်းမှ တစ်နေရာတွင် နေရသူဖြစ်သည်။ ထိပ်ဆုံးအမြင့်ဆုံး မိဖုရားကြီးဖြစ်သူ တောင်နန်းမိဖုရား၏ မျက်နှာရိပ် မျက်နှာကဲကို အမြဲကြည့်နေထိုင်ရသည့် အခြေအနေတွင်ရှိသည်။ သို့သော်

ဆင်ဖြူမရှင်မိဖုရားက သည်သို့မဟုတ်။ ကိုယ့်နန်းနှင့်ကိုယ်၊ ကိုယ့် အရှိန်အဝါနှင့်ကိုယ်။ သည်လောကမှာ ဘယ်သူ့ကိုမှ "မှု" စရာမလိုဟု ဆုံးဖြတ်ထားသူ။ ဒါလည်းမပြောနှင့်လေ။ ဆင်ဖြူမရှင်မိဖုရားဆိုတာ ကုန်းဘောင်ရွှေနန်းမှာ ဓားတရမ်းရမ်းနှင့် "စွာ"ခဲ့သော နန်းမတော်မယ်နု၏ သမီးဆို မဟုတ်လား။ မအေ့သွေးကပါလေတော့ ဆင်ဖြူမရှင်မိဖုရား "ကဲ"ပေမှာပေါ့။ "ရဲ"ပေမှာပေါ့။ "စွာ"ပေမှာပေါ့။ "မာ" ပေမှာပေါ့။ ဒါဆန်းသလား။

ဒါဖြင့် မေးပါရစေဦး။ အဲသည် ဆင်ဖြူမရှင်မိဖုရားက ရတနာပုံ ရွှေနန်းတွင်း၌ ဘယ်သို့များ "ကဲ"ဖူးခဲ့သလဲ။

ပြောပြပါမည်။ ကြားချင်လျှင် နားဆင်ကြပါ။

အလယ်နန်းမတော်မိဖုရား ဆင်ဖြူမရှင်သည် မိဖုရားခေါင်ကြီး အပေါ်တွင် မနာလိုဝန်တို ရှိခဲ့သည်။ လူချင်းတူပါလျက် သူက ဘာဖြစ်လို့ ဘုရင့်မိဖုရား အဆင့်(၁) ရနေတာလဲဟုလည်း မကျေမနပ် ဖြစ်နေခဲ့သည်။ ငါမိလည်း မင်းတုန်းဘုရင်မင်းမြတ်၏ တော်ဝင်မိဖုရား တစ်ပါးပေပဲ။ ငါမိလည်း အဆင့်(၁) မိဖုရားနေရာကို ဘာဖြစ်လို့ မရနိုင်မှာလဲ။

ဆင်ဖြူမရှင်မိဖုရားသည် မိမိ၏ချွန်မြသော အစွယ်ကိုပြသရန် အခွင့်ကောင်းကို "ချောင်း"နေခဲ့သည်။ တစ်နေ့တွင် ထိုအခွင့်ကောင်းသည် ဆင်ဖြူမရှင်၏လက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလေသည်။

ထိုနေ့က ဆင်ဖြူမရှင်၏ သမီးတော်အငယ်ဆုံး စုဖုရားငယ်၏ နားသမင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပနေသည်။ နားသမင်္ဂလာပွဲကို မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့က ပလ္လင်ထက်ပေါ်မှ ရှုစား

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ဆိုင်းတော်မဟာသည် ငြိမ့်ငြောင်းသာယာသော ဘုန်းတော်သွဲ့များကို သီဆိုတီးမှုတ်ဧည့်ခံလျက်ရှိသည်။ အခမ်းအနားကို မကြာမီအချိန်တွင် စတင်တော့မည်ဖြစ်၍ ဘုရင်နှင့်မိဖုရားခေါင်ကြီးတို့၏ရှေ့တွင်နိုင်ငံခြားသံတမန်များ၊ ဝန်ကြီး၊ ဝန်ငယ်၊ မှူးကြီးမတ်ငယ်များ၊ သူတို့၏ဇနီး၊ ဘားသမီးများလည်း ရိုကျိုးတုပ်ကွ ခစားလျက်ရှိကြသည်။

ထိုအချိန်တွင်–

ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့၏ နောက်မှ ရွှေတံခါးနှစ်ချပ်သည် ဖျတ်ခနဲပွင့်သွား၏။ တံခါးအလယ်တွင် ထင်ရှားစွာပေါ်လာသူကား အလယ်နန်းမိဖုရားဆင်ဖြူမရှင်။

ဆင်ဖြူမရှင်မိဖုရားသည် ဘုရင်မင်းမြတ်၏ ဘုန်းတော်သိက္ခာကိုသော်လည်းကောင်း၊ မိဖုရားခေါင်ကြီး၏ ဣန္ဒြေသိက္ခာကိုသော်လည်းကောင်း၊ မိမိကိုယ်တိုင်၏ မြင့်မြတ်သော ဂုဏ်ကျက်သရေကိုသော်လည်းကောင်း၊ ထောက်ထားစာနာခြင်းမရှိဘဲ မင်းပွဲသဘင်ကို ရုတ်တရက်ကိုင်လှုပ်လိုက်လေသည်။

မိဖုရားသည် ဖြည်းဆေးညင်သာစွာ လှမ်းကြွလာပြီး မင်းတုန်းဘုရင်မင်းမြတ်၏ဆောင်းတွင် ဝင်၍နေရာယူလိုက်၏။ ဘယ့်နှယ်ဖြစ်ကုန်ပါပြီလဲ။ မင်းမိဖုရားနှစ်ပါး ခံ့ညားဘယ်ဝါစွာ စံစားနေသော ပွဲမဟာတွင်သည်မိဖုရားက ဘာဖြစ်လို့ ခပ်တည်တည် ဝင်ရောက်နေရာယူခဲ့ပါသလဲ။

မင်းတုန်းမင်းတရားသည် ပညာရှိဘုရင်တစ်ပါးဖြစ်၏။ သူသည် အဖြစ်အနေအရပ်ရပ်ကို ထိန်းသိမ်းရမည်ဟု နားလည်သဘောပေါက်သည်။ ထို့ကြောင့် ရုတ်တရက်နေရာဝင်ယူသော ဆင်ဖြူမရှင်မိဖုရားကို အနည်းငယ်သာ စောင်းငဲ့ကြည့်လိုက်သည်။ ထို့နောက် ရာဇဣန္ဒြေကိုထိန်းလျက်အခမ်းအနားတစ်ရှုသို့ မျက်နှာတော်ကို ပြန်၍လှည့်လိုက်သည်။ ဘာမျှမပြော။ ဘာမျှမဆို။ ဘာမျှမဝေဖန်။

သို့သော် ရာဇဣန္ဒြေကို မထိန်းသိမ်းနိုင်အောင် ဒေါသအမျက်ခြောင်းခြောင်းထွက်နေသူတစ်ဦးကား ရှိနေ၏။ သူက မိဖုရားခေါင်ကြီး



ဖြစ်သည်။ ဘယ့်နှယ်လဲ။ "ကဲ"လည်း"ကဲ"လွန်းလှပါတဲ့ အလယ်နန်းမိဖုရားပါပဲလား။ ကိုယ့်နေရာ ကိုယ်မနေဘဲ ဘဇာကြောင့်များ သည်မင်းပွဲသဘင်ထက်သို့ မျက်နှာပြောင်တိုက်ပြီး ဝင်ခဲ့ပါသလဲ။

သည်သို့ ခံစားချက်ပြင်းစွာဖြင့် မိဖုရားခေါင်ကြီးသည် တစ်စုံတစ်ရာကို ယတိပြတ် ဆုံးဖြတ်ချက်ချ၏။ ထို့နောက် နန်းပလ္လင်ပေါ်မှ ထရပ်ပြီးပလ္လင်တော်ရွှေတံခါးကို တွန်းဖွင့်လျက် ထွက်ခွာသွားလေတော့သည်။ မင်းပွဲသဘင်သည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီ။ မင်းပရိသတ်တို့သည်မြင်လိုက်ရသော ရှုခင်းအတွက် တီးတိုးတီးတိုး သဖန်းပိုးလုပ်ကြသည်။ မင်းတုန်းမင်းတရားကြီးသည် မင်းခမ်းမင်းနားသဘင်၏ လတ်တလောအခြေအနေကိုမြင်၏။ သို့သော် မြင်သော်လည်း မမြင်သလို၊ တွေ့သော်လည်း မတွေ့သလို၊ မသိလိုက်မသိဖာသာ နေလိုက်သည်။ နားသမင်္ဂလာသဘင်လည်း ဆက်ပြီးကျင်းပနေလိုက်ရ၏။

ကဲ တွေ့ကြပြီမဟုတ်လား။ မိဖုရားဆင်ဖြူမရှင်ဆိုတာ အဲသည်လိုမိန်းမမျိုး။ လူချင်းတူပါလျက် အသက်ရှူဘာခြင်းကွဲရမှာတဲ့လား။ သူလည်းမိန်းမ ငါလည်းမိန်းမ။ သူလည်းဘုရင့်မိဖုရား ငါလည်းဘုရင့်မိဖုရား။ မိန်းမချင်းအတူတူ မိဖုရားခြင်းတူပါလျက် ဘယ်သူက ဘယ်သူ့ထက်ပိုပြီး အခွင့်အရေးယူနေခွင့်ရှိသလဲ။ အဲသည်လိုတွေးပြီး နန်းပလ္လင်ကြီးပေါ်ခေါင်းမော်ပြီး တက်ပြခဲ့သည်လေ။

သည်သို့သည်နှယ် "ထက်"ခဲ့သော ဆင်ဖြူမရှင်မိဖုရား၏ သမီးတော်အလတ် စုဖုရားလတ်ကလည်း ငယ်စဉ်ကတည်းကပင် မအေလိုပဲ နန်းတော်ထဲမှာ ခပ်ရဲရဲ၊ ခပ်စွာစွာနေခဲ့သည်။ ဇာတ်လမ်းကလေးများရှိခဲ့ဖူး၏။ ပမာပုံပြရလျှင် နောင်အခါ မိမိ၏ ကြင်ယာတော်ဖြစ်လာမည့် သီပေါမင်းသားကလေး၏ခေါင်းကို ဒိုးဒိုးဒေါက်ဒေါက် ခေါက်ခဲ့ဖူးသည့် ဇာတ်လမ်း။

ပြောမည်ဆိုလျှင် ယုံချင်စရာမရှိသော ထိုဇာတ်တွင် အခါက သရုပ်ဆောင်မှာ မင်းသမီးစုဖုရားလတ်။

www.burmeseclassic.com

www.burmeseclassic.com



ခ

နောင်အခါတွင်“ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုဏ္ဏာ ရတနာခုနစ်ပါး တို့၏အရှင်၊ တစ်ရာသောထီးဆောင်းမင်းတို့၏ဘုရင်” ဖြစ်လာမည့် သီပေါ မင်းသားငယ်ကလေး၏ ယပ်ထိပ်ကို စုဖုရားလတ်မင်းသမီးကလေးက တကယ်ပဲ“ခေါက်”ခဲ့ဖူးသည်တဲ့။

သည်တုံးက စုဖုရားလတ်မင်းသမီးကလေးမှာ အပျိုဖော်ဝင်ကာစ မိန်းမသွေးကြွချိန်ဖြစ်သည်။ ရတနာပုံရွှေနန်းတော်မှာ ဘုရင်သမီးတော် အဖြစ် မော်မော်ကြွားကြွား၊ သွားသွားလာလာ ဘယ်အရာကိုမျှ “မှု”ရ မလိုဟု ယူဆထားသောသမီးတော်ကလေး။

စုဖုရားလတ်က သူ့ကစားဖော် အပျိုတော်ကလေးနှင့်တိုင်ပင်သည်။

“ဟေ့ . . . နင့်အစ်ကိုရဲ့ဝတ်စုံတစ်စုံ ခဏယူခဲ့နော်၊ စုဖုရား အသုံးတော်တစ်ခုရှိလို့”

အပျိုတော်ကလေးက မျက်နှာလိုမျက်နှာရယူလာတော့ စုဖုရားလတ် သဘောတွေ့သွားပြီ။ အပျိုတော်ကလေးထံမှရသော အမျိုးသားဝတ်စုံကို စုဖုရားလတ်က ဝတ်ဆင်သည်။ ပြီးတော့ မိုးသည်းညနေ ညီအစ်ကို မသိတသိအချိန်မှာ စုဖုရားလတ်သည် မင်းသားတစ်ပါးဟန်ပန်နှင့် မင်းသား တို့၏ အဆောင်များသို့ ဟိုဝင်သည်ထွက် သည်ဝင်ဟိုထွက်။

စုဖုရားလတ်က မောင်နှမဝမ်းကွဲတော်စပ်သော သာဂရမင်းသား ကလေးနှင့် တွေ့ချင်သည်။ နန်းတွင်းမှာက အမျိုးသားအဆောင်ကို အမျိုးသမီးမဝင်ရ၊ အမျိုးသမီးအဆောင်ကို အမျိုးသားမကူးသန်းရ၊ အကယ် ၍ သည်အမှုကို ကျူးလွန်သည်ရှိသော် ပြစ်ဒဏ်က ကြီးလေးပါသတဲ့။ ဟိုယခင် မင်းအဆက်ဆက်ကဆို ဒါမျိုးတွေ့သော် ခြေကျူးခြေဖြတ်၊ လက်ကျူးလက်ဖြတ် ဆိုသကိုး။ ယခုအခါမှာတော့ ပြစ်မှုက သေဒဏ်။

စုဖုရားလတ်သည် မင်းသားငယ်တို့၏ အဆောင်များကို တစ်ဆောင် ဝင် တစ်ဆောင်ထွက်ပြီး သာဂရမင်းသားကလေးကို ရှာဖွေနေသည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ စကားပြောလျှင် မိန်းမတွေအထင်ကြီး လောက်အောင် တည်ငြိမ်သူ သာဂရမင်းသားကို စုဖုရားလတ် သဘောတွေ့



နေသည်။ မနောတွေ့နေသည်။ သည်မင်းသားလေးနှင့်အတူ စကားပြော နေရလျှင် ကောင်းမှာပဲဟုလည်းဆန္ဒဖြစ်သည်။ ထို့ကြောင့် မတွေ့တွေ့အောင် ရှာပုံတော်ဖွင့်ရပြီ။

နန်းတော်မင်းသားပျိုများ အဆောင်တစ်ကွေ့တွင် စုဖုရားလတ်သည် သီပေါမင်းသားငယ်နှင့် အမှတ်မထင်တွေ့လေ၏။ သီပေါမင်းသားငယ်ကို စုဖုရားလတ်ကမေးသည်။

“ဟေ့ . . . သာဂရမင်းသားလေးကို မတွေ့မိဘူးလား” သီပေါ မင်းသားက ချက်ချင်းဆိုတော့ ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ သည်မင်းသားငယ်ကို မြင်ဖူးသလိုလိုပါလား။ ဆင်းပြင်ရုပ်သွင်ကတော့ မင်းသားဟန်ပေါက်ပါရဲ့၊ ဒါပေမယ့် ကိုယ်ဟန်ကတော့ မိန်းမတစ်ယောက် ကန့်ကလျှဟုလည်း သီပေါမင်းသား တွေးတောနေမိလိမ့်မည်။

“ဘာကြည့်နေတာလဲ...သာဂရကိုယ်တော်လေးကို မတွေ့ဘူးလား” စုဖုရားလတ်သည် မိမိအား ပြူးပြူးကြောင်ကြောင် ကြည့်နေသော သီပေါ မင်းသားငယ်ကို အားမလိုအားမရဟန် ဖြစ်လာဟန်တူပါရဲ့။ စုဖုရားလတ် က သီပေါ၏ယပ်ထိပ်ကို ဒိုးဒိုးဖတ်ဖတ် လက်ဖြင့်ခေါက်လိုက်သည်။

သည်တော့မှပင် သီပေါမင်းသားကလေးက ထိပ်ထိပ်ပျာပျာဖြင့် ဖြေလေသည်။ “ဟို . . . ဟိုအဆောင်ထဲမှာရှိတယ်”

စုဖုရားလတ်က သီပေါမင်းသား လက်ညိုးညွှန်ပြလိုက်သော မင်းသားတို့အဆောင်ထဲသို့ ပြေးဝင်သွား၏။ သို့သော် အခြားမင်းသား သုံးလေးပါးသာတွေ့ရ၏။ သာဂရမင်းသားလေးနှင့်ကား မတွေ့ရ။

မြောက်ဥယျာဉ်တော်ကူးပြီး မင်းသားတို့အဆောင်ကို ခိုးဝှက် ဝင်ရောက်ခဲ့သော စုဖုရားလတ်သတင်းက မယ်တော် ဆင်ဖြူမရှင်၏နားသို့ ပေါက်ကြားသွားသည်။ မင်းနားတစ်ထောင်ဟု ဆိုကြသည်မဟုတ်လား။ နန်းတော်ထဲမှာ အထောက်တော် သူလျှိုတွေအများကြီးဆိုတော့ သတင်းကို တစ်ဦးကမတင် တစ်ဦးက တင်လိမ့်မည်။

ဆင်ဖြူမရှင်မိဖုရားသည် သမီးတော်ကလေး စုဖုရားလတ်ကို အရပ်သူအရပ်သား မိန်းကလေးတွေလို ပေါင်တွင်းကြော ဆွဲလိမ်သည်ဟု ဖြစ်၍ သတင်းစကားမှတ်သားခြင်းမရှိ။ သို့သော် သမီးတော်ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်နာနာကလေးဖိပြီး ဆုံးမခဲ့သည်ဟုတော့ သိရသည်။ စုဖုရားလတ်ကို အဆောင်တော်အတွင်းမှာ အချိန်အတော်ကြာအလုံပိတ်ပြီး ခြေချုပ်ချထားသည်။ နောင်အခါ သည်လို မတော်မသင့်လုပ်တာမျိုး ကြားရလျှင် ခမည်းတော် မင်းတရားထံအပ်ပြီး အပြစ်ပေးခိုင်းမည်ဟုလည်း ခြိမ်းခြောက်သည်။

သို့သော် စုဖုရားလတ် အသွားအလာများသည့်ကိစ္စကို ဆင်ဖြူမရှင်မိဖုရားက ခမည်းတော်မင်းတုန်းမင်းတရားထံ တိုးတိုးတိတ်တိတ် တိုင်ကြားအသိပေးခဲ့သည်ဟုလည်း သိရသည်။ ထိုက်သင့်သောပြစ်ဒဏ်ပေး၍ အဆောင်ထဲမှာ အလုံပိတ်ထားကြောင်း ပြောပြ၏။ မင်းတုန်းမင်းကြီးက မိန့်၏။

"သမီးတော် ခုလိုအတင့်ရဲတာ နိုင်ငံခြားသူတွေနဲ့ အဆက်အဆံရှိလို့ အဇာခိုးမှားတာဖြစ်မယ်။ သမီးတော်ဆီ နိုင်ငံခြားအပျိုတော်တွေ မခစားစေနဲ့။ မဝင်စေနဲ့"

ဘုရင့်သမီးတော်များ၏ တစ်ပင်တိုင်မြနန်းဆောင်သို့ နိုင်ငံခြားသူအပျိုတော်တွေ၊ ညှိသည်တွေ အဝင်အထွက်ရှိသည်။ နိုင်ငံခြားသူတွေထဲက ပြည်ပနိုင်ငံတို့မှ ခေတ်မီ ရေမွှေး၊ ပေါင်ဒါမှအစ မိန်းမအသုံးအဆောင်ပစ္စည်းကလေးတွေ မကြာခဏ လက်ဆောင်ရသည်။ ဒါကို မင်းသမီးတွေရော မိဖုရားတွေပါ သဘောကျ၏။ မက်မော၏။ မြတ်နိုးခင်မြင်ကြ၏။ ယခုတော့ စုဖုရားလတ်လုပ်ပုံကြောင့် နိုင်ငံခြားအပျိုတော်မမတို့ ရတနာပုံရွှေနန်းသို့ ဝင်ခွင့်မရတော့ပြီ။ မင်းတုန်းဘုရင်မင်းမြတ်ထံ အလုပ်တာဝန်ဖြင့် မကြာခဏ အခစားဝင်ရသော ဂရိနိုင်ငံသား မစ္စတာကာလူဂရီဒီ၏ သမီးကလေး"မတ်တီ"မှာ ယခင်က စုဖုရားလတ်ထံ တစ်ပတ်တစ်ကြိမ် နှစ်ပတ်တစ်ကြိမ် အခစားဝင်ခွင့်ရှိသည်။ ယခုတော့ မတ်တီအဖို့ သမီးတော်များအဆောင်သို့ ဝင်ခွင့်မရတော့ပြီလေ။

မတ်တီမှာ စုဖုရားလတ်၏ အချစ်တော်ဧည့်သည်ဖြစ်၏။ နန်းတော်ထဲသို့ တံခါးမရှိ၊ ဓားမရှိ၊ ဝင်ခွင့်ရစဉ်က မတ်တီနှင့် စုဖုရားလတ်တို့ တပူးတွဲတွဲ။ ဂရိအမျိုးသား ကာလူဂရီဒီနှင့် မြန်မာအမျိုးသမီးမိခင်မှ မတ်တီကို ဖွားမြင်ခဲ့သည်။ တစ်ကြိမ်တွင် စုဖုရားလတ်နှင့်မတ်တီတို့



န်းတော်ဥယျာဉ်၌ လှေစီးတမ်းကစားကြသည်။ ပန်းတွေခူးကြ၊ ဒန်းစီးကြ၊ ပိုပြာကလေးတွေဖမ်းတမ်းကစားကြ၊ ပြီးနောက် စုဖုရားလတ်က လှေစီးချင်သည်ပူဆာ၍ မတ်တီနှင့်စုဖုရားလတ်တို့ လှေတစ်စင်းပေါ်တက်ပြီး ဆော့ခတ်ကစားကြသည်။

ရေကန်ထဲမှာ ပဒုမ္မာကြာပွင့်နီနီကြီးတစ်ပွင့် ပွင့်နေသည်။ လှေဦးမှာ ထိုင်နေသော စုဖုရားသည် ပန်းမြင်သောအခါ မိန်းမတို့သဘာဝ အငမ်းမရ ခူးလေသည်။ လှေပဲ့ပိုင်းမှလှော်ခတ်နေသော မတ်တီကလှမ်းအော်ပြီး ားပါသေး၏။ မရ။ စုဖုရားကား လိုချင်တာကို မရအရယူတတ်သူ ဖြစ်၏။ ကြာပွင့်ကိုအရယူသည်။ ထိုအခါ လှေစောင်းသွားပြီး မှောက်လုနီး ဖြစ်သွား၏။ လှေထဲသို့ ရေတွေဒလဟောဝင်လာလေသည်။ မတ်တီ သံကုန်ဟစ်၍အော်၏။ စုဖုရားလတ်က ကြောက်ကြောက်လန့်လန့် ပြန်ထိုင်ချလိုက်မှ လှေလည်းပြန်တည့်သွားသည်။ တော်ပါသေးရဲ့၊ ဦးစလုံး ရေနစ်သေဆုံးကြမည့်ဘေးဒဏ်က လွတ်လာသည်မှာ ကံသီမပေ့သာ။

နောင်အခါတွင် စုဖုရားလတ်သည် သီပေါမင်းသားကလေးနှင့် လွမ်းသင့်ခဲ့သည်။ သီပေါမင်းသားကလေးနှင့် သမီးရည်းစားဖြစ်ခဲ့သည်။ ည်းစားရပြီဆိုတော့ မေတ္တာသဝဏ်လွှာတွေ ကမ်းရသည်ကိုး။ ထိုအခါ သီပေါမင်းသားထံ သဝဏ်လွှာရေးရန် နိုင်ငံခြားဖြစ် ပန်းရောင် စာရေးစက္ကူကလေးတွေ မတ်တီက လက်ဆောင်ပေးသည်။ စုဖုရားလတ်တို့များ ဘယ်လောက်တောင် စာသဝဏ်ရေးကောင်းသည်မသိ၊ သီပေါမင်းထံ စာရေးရန် ပန်းရောင်စာရေးစက္ကူများကို မတ်တီက နိုင်ငံခြားသို့ ကြေးနန်းရိုက်၍ပင် မှာယူပေးရသတဲ့။

နိုင်ငံခြားသူမတ်တီလည်း အရွယ်ရောက်၍ အိမ်ထောင်ရက်သား ကျသွားသည်။ နိုင်ငံခြားသားသဘော်ာ ကပ္ပိတန်တစ်ဦးနှင့် အိမ်ထောင်ကျသွားသည်။ အိမ်ထောင်ရှင်မကြီးဖြစ်လာသော မတ်တီသည် ရွှေနန်းတော်သို့ တစ်ပတ်ကြော့ပြီး အခစားဝင်ခွင့်ရသည်။ ထိုအခါ စုဖုရားလတ် မင်းသားအားရဖြစ်ရသည်။ မိန်းမတို့သဘာဝ မိမိချစ်သူ သီပေါမင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကလေးအကြောင်း စုဖုရားလတ်က ဖောက်သည်ချ၏။ ငယ်ငယ်တုန်း
သီပေါမင်းသား ငယ်ထိပ်ကို ခေါက်ခဲ့တာကိုတော့ ချန်ထားသည်။
"သီပေါမင်းသားကလေးက စာသိပ်တော်တာမတ်တီရဲ့၊ ပထ
ပြန် စာမေးပွဲမှာလေ သုံးဆင့်ကြီးများတောင်အောင်သွားပြီ။ သုံးတန်းလုံး
ပထမချည်းဗိုလ်စွဲခဲ့တာ၊ အခုတော့ ပထမကျော်အောင်ပြီပေါ့။ ခမည်းတော်
ဘဝရှင်မင်းတုန်းမင်းတရားကြီးကဆို သီပေါမောင်တော်ဘုရားကို သ
မျက်နှာသာပေးတာ၊ ခမည်းတော်ဘုရားက ဘာသာရေးသမားမဟုတ်လာ
သည်တော့လည်း ဘာသာရေးစာမေးပွဲမှာ ထိပ်ကအောင်တဲ့ မောင်တော်
ဘုရားကို ဖူးဖူးမှုတ်ထားတာပေါ့လေ"
ဟုတ်တာလည်းပါမည်။ မဟုတ်တာလည်းရောမည်။ ချစ်
သီပေါမင်းသားကလေးအကြောင်း စုဖုရားက အဲသည်လို ခပ်ကြွားကြွား
ကလေး ပြောလေသည်။
သည်မှာပင် စုဖုရားလတ်၏ အကြိုက်ကိုလိုက်ပြောရင်း မတ်တီ
သီပေါမင်းသားထံစာရေးဖို့ ပန်းရောင်စက္ကူ လှလှကလေးတွေ လက်ဆော
ပေးသည်။ ကုန်သွားသောအခါ ရန်ကုန်ရှိ ခင်ပွန်းသည် သင်္ဘောကပ္ပိတန်
ကြေးနန်းရိုက်ကြား၏။ "စာရေးစက္ကူ လှလှကလေးတွေ ပို့ပေး
အမြန်ပို့ပေးပါ၊ သည်တစ်ပတ် သင်္ဘောအပတ်အမီ ပါလာပါစေ။ သည်
ဘုရင့်သမီးတော် ခေါင်ဖုရားအတွက် အရေးတကြီး လက်ဆောင် ပေး
လိုအပ်နေပြီ"

## ၈

စုဖုရားလတ်မင်းသမီးကလေးသည် တစ်ကြိမ်တွင် မယ်တော်
ဆင်ဖြူမရှင်မိဖုရားနှင့် ထိပ်တိုက်တိုးရမည့် ပြဿနာနှင့်ကြုံသည်
မယ်တော်မိဖုရားသည် သမီးတော်သုံးပါးကို ရွှေ၊ ငွေ၊ လက်ဝတ်ရတနာ
အပြည့်အစုံ စီရင်ပေးထားသည်။ စုဖုရားကြီးလက်ကောက် တစ်ရံဆိုလျှင်
စုဖုရားလတ်နှင့် စုဖုရားငယ်တို့လည်း သည်အတိုင်းရသည်။ စုဖုရားကြီး
မြဘယက်တစ်စုံဆိုလျှင် စုဖုရားလတ်နှင့် စုဖုရားငယ်တို့လည်း သည်အတိုင်း
ပဲရသည်။ ခမည်းတော် မင်းတရားကြီးကလည်း စလင်းစုဖုရားကလွဲလျှင်



င်ဖြူမရှင်မိဖုရား၏ သမီးတော်သုံးပါးကို အချစ်ဆုံး၊ အမြတ်နိုးဆုံး၊
တွယ်တာဆုံး။ သည်တော့ သမီးတော်စုဖုရားသုံးပါးမှာ ရွှေ၊ ငွေ၊ ရတနာ
က်ဝတ်ပစ္စည်းဆို၍ လိုလေသေးမရှိ။
သို့သော် –
စုဖုရားလတ်က အသုံးအစွဲအလွန်ကြီးသည်။ ချစ်သူရည်းစားလည်း
နေပြီဆိုတော့ လက်ဆောင်ပစ္စည်းတွေ ဝယ်ပေးရ၊ စားသောက်ဖွယ်များ
ဆောင်ရနှင့် အကုန်အကျများသည်။ ပြီးတော့ မိန်းမပျိုကလေး မဟုတ်
ား။ မိန်းမပျိုမှ သာမန် မိန်းမပျိုမဟုတ်။ ဘုရင့်သမီးတော်လေး၊ လှချင်
ချင် ဝတ်ချင်စားချင်သော အရွယ်လည်းဖြစ်သည်။ သည်တော့ အဆန်း
သည်နှင့် ကိုယ်ပေါ်တင်ရမှ၊ လှလှကလေးတွေသည်နှင့် ဝယ်ဝတ်လိုက်ရ
နိုင်ငံခြားပစ္စည်း အသစ်အဆန်းဆိုတာနှင့် စုဖုရားလတ်ထံမှာ ရှိနေ
ရောက်နေပြီ။ သုံးနေပြီ။ စွဲနေပြီ။ သို့နှင့် ခမည်းတော်နှင့် မယ်တော်များ
င်ယင်ထားသော ရတနာပစ္စည်းတွေထဲက တစ်ချို့ကို ရောင်း၊ တစ်ချို့ကို
ါင်၊ တစ်ချို့ကို အလကားပေးလိုက်တာလည်းရှိသည်။ ပြီးတော့ မိမိ
ချင်သောပစ္စည်းကို မရ ရအောင် ရှာဝယ်သည်။ သီပေါ ကိုယ်တော်လေး
ကြိုက်နှစ်သက်မည်ထင်သော နိုင်ငံခြားဖြစ် ဝတ်လဲတော်များ၊ ရေမွှေးများ၊
ါင်ဒါဗူးများလည်း ဝယ်ပြီးလက်ဆောင်ပို့ရသည်။
ထို့ပြင် စုဖုရားလတ်သည် သီပေါကိုယ်တော်လေးလိုပဲ ဘာသာရေး
ပ်ငန်းများတွင် စိတ်ပါဝင်စားသည်။ အလှူအတန်းရက်ရောသည်။
တနာသဒ္ဓါတရား ထက်သန်သည်။ မိမိလှူတန်းချင်ပြီဆိုလျှင် လက်ဝတ်
တနာ ရောင်းချပြီး လှူတန်းသည်အထိ စေတနာသဒ္ဓါ ကောင်းလှသည်။
သို့နှင့် သမီးတော်သုံးပါးအပေါ် ကြက်သားအုပ်မကြီးသဖွယ်
မြဲမျက်စိကစားနေသော ဆင်ဖြူမရှင်မိဖုရားသည် အခြေအနေအရိပ်ရိပ်ကို
သိလိုက်ပြီ။ သမီးတော်အလတ်ထံမှာ ဆင်မြန်းပေးထားသော လက်ဝတ်
တနာအချို့ မတွေ့တော့ပါလား။ ဘယ်ရောက်သွားသလဲ။
မယ်တော်မိဖုရားက သမီးတော်အလတ်ကို နှစ်ကိုယ်ချင်း ခေ
းမြန်းလေသည်။ ပထမတော့ စုဖုရားလတ်ကဖုံးသည်။ ဖိသည်။
ွယ်သည်။ မှသားသုံးသည်။ လက်ဝတ်ရတနာတွေမှာ ပြယုဉ်တော်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းက ရေကန်ထဲမှာပဲ ကျခဲ့သလိုလို နန်းတော်ထဲက မင်းပွဲသဘင် ပျောက်ခဲ့သလိုလို ခပ်ဝါးဝါးတားတားပြောသည်။ မယ်တော်က သမီးတော် အလတ်၏စကားကိုကြားတော့ ပထမတစ်ကြိမ်ယုံသည်။ လက်ဝတ်ရတနာ များ ပြန်လုပ်ပေးသည်။ ဒုတိယတစ်ကြိမ်လည်းယုံသည်။ လက်ဝတ် ရတနာများ ထပ်လုပ်ပေးသည်။ သို့သော် ကြိမ်ဖန်များလာသော ဆင်ဖြူမရှင်မိဖုရားသည် ကောင်းစွာသဘောပေါက်သွားဟန်ရှိသည် နောက်ထပ် လက်ဝတ်ရတနာ အစစ်များလုပ်မပေးတော့။ ရွှေအစစ်မဟုတ် သော လက်ဝတ်ရတနာများ ဆင်ပေးလိုက်သည်ဟုဆိုသည်။ သည်တော့ စုဖုရားလတ်၏ လက်ဝတ်ရတနာ အပေါင်အရောင်းကိစ္စကြီး ပြီးပြ သွားတော့သည်။

သည်ကိစ္စတွေက နစဉ်အခါတုံးကပါ။ ပြောရမည်ဆိုလျှင် စုဖုရားလတ်၏ ငယ်ဘဝပုံပြင်ကလေးများသာ။ မင်းတုန်းဘုရင်မင်းမြတ် နတ်ရွာစံတော်မူသောအခါ နိုင်ငံတော်ပြည်အရေးတို့သည် ရှုပ်ထွေး ပွေလီလျက်ရှိသည်။ မင်းတုန်းမင်းတရားကြီး၏ သားတော်သမီးတော်များ လှည့်ဖျားပြီး ဖမ်းဆီးလိုက်သည်။ သည်အချိန်မှာ ဆင်ဖြူမရှင်၏ သမီးတော် အလတ် စုဖုရား၏ ကံဇာတာတက်လေပြီ။

စုဖုရားလတ်က သီပေါကိုယ်တော်ကလေးနှင့် ရည်ငံနေသည်မဟုတ် လား။ သီပေါမင်းသားကို နန်းပေါ်ချွဲတင်လိုက်လျှင် သမီးတော်စုဖုရားလတ် သည် အဂ္ဂမဟေသီဒေဝီ မိဖုရားခေါင်ကြီးဘဝသို့ အလိုအလျောက် ရောက် သွားလိမ့်မည်။ ဟန်ကျလိုက်လေ။ ဘုရင့်ယောက္ခမတော်အဖြစ် စည်းစိမ်ခံ နိုင်မည့်ဘဝကို ဆင်ဖြူမရှင်မိဖုရား မက်မောချင်လည်း မက်မောနိုင် ပါလိမ့်မည်။ သို့သော် သည်မျှလောက်နှင့်တော့ ဆင်ဖြူမရှင် မိဖုရားသည် သမိုင်းမှာနာမည်ပျက်ခံပြီး သီပေါဘုရင်ကို နန်းတင်မည် မဟုတ် သည့်ထက်ပို၍ မက်မောဖွယ်အကြောင်းအရာရှိနေသည်။ ဒါက ဘာလဲ။ ဒါက အာဏာလေ။

သီပေါမင်းသားငယ် နန်းတက်ပြီးသည့်အခါ သမီးတော်စုဖုရားလတ် နှင့် နှစ်ပြားရွှေကို တစ်ပြားတည်းခတ်၍ စုလျားရစ်ပတ် လက်ထပ်ကြတော့ မည်။ ထိုအခါတွင် သည်ဘုရင်နှင့် သည်မိဖုရားတို့မှာ နန်းတွင်းအုပ်ချုပ်ရေး



အာဏာကို ဘာမှ နားလည်သဘောပေါက်ခြင်း ရှိကြဦးမည်မဟုတ်။ ဒီလိုဆိုလျှင် မိမိနှင့်ဝန်ကြီးအဖွဲ့ပင် ရှင်ဘုရင်အပေါ်ကစီးပြီး နိုင်ငံကို ချုပ်ကိုင် ထားနိုင်မည် မုချ။ ထိုအခါ နိုင်ငံအုပ်ချုပ်ရေးအာဏာသည် ဆင်ဖြူမရှင် လက်ထဲက ဘယ်ထွက်ပြေးမှာလဲ။

ဆင်ဖြူမရှင်မိဖုရားက ထိုသို့ "တွက်" သည်။ ထိုသို့ "ချင့်ချိန်" သည်။ ထိုသို့ "စိတ်ကူးယဉ်" သည်။ သို့သော် တကယ့်လက်တွေ့ ဖြစ်ရပ်များသည် စိတ်ကူးရုပ်ပုံနှင့် တစ်ခါတစ်ရံ၌ ဆန့်ကျင်ဖက်လုံးလုံးကြီး ဖြစ်တက်သည် မဟုတ်လား။ ယခုလည်းကြည့်လေ။ သီပေါမင်းတရား နန်းတက်ဘိသိက် ခံယူပြီးသည်နှင့် စုဖုရားလတ်နှင့် စုလျားရစ်ပတ် လက်ထပ်သည်။ စုဖုရား လတ်သည် သီပေါဘုရင်မင်းမြတ်၏ မိဖုရား ဖြစ်ပြီ။ သည်အချိန်တွင် ဆင်ဖြူမရှင်မိဖုရား၏ စိမ်ကိန်းကြီး ဘယ် အခြေအနေရောက်သွားသလဲ? ဖြေပါမည်။ အရှေ့ဥဒည်စွန်းမှ သီပေါဘုရင်ဆိုသော ဘာဏုရာဇာ နေမင်း ကြီး ထွက်ပြူလာသောအခါ ဆင်ဖြူမရှင်၏ စိတ်ကူးယဉ်အာဏာ ရေခဲတောင်ကြီးသည် အလို အလျောက် ပြို၍ပြို၍ ဆင်းသွားပါလေ၏။ ဘာဖြစ်လို့လဲဆိုတော့ သီပေါ ဘုရင်မင်းမြတ်ကို "စစ်တုရင်နယ်ရုပ်" တစ်ရုပ်နယ် ကိုင်တွယ်မည့် ဆင်ဖြူမရှင်၏ အတွေးအကြံအစည်တို့ကို သီပေါဘုရင်၏ မိဖုရား စုဖုရားလတ်က လက်ဝယ်ပိုင်ပိုင်ရရှိသွားလို့ပေကိုး။

မှန်၏။ ပုဂံသမိုင်းရာဇဝင်တွင် "အမေ့ထက် သားတစ်လကြီး" ဟူ၍ ပြောစမှတ်ရှိခဲ့သည်မဟုတ်လား။ ယခုကုန်းဘောင်ရာဇဝင်တွင်တော့ "အမေ့ထက် သမီးတစ်လကြီး" ဟုဆိုရတော့မည်။

ဟုတ်သည်လေ။ မယ်တော်မိဖုရား ဆင်ဖြူမရှင် လိုချင်မက်မောခဲ့ သော အာဏာ "ဓား" သည် ယခုတော့ သမီးတော်စုဖုရားလတ်၏ လက်ဝယ်ပိုင်ပိုင်နိုင်နိုင်ကြီး ရောက်ရှိသွားပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၄။ သီပေါဘုရင်၏နန်းတက်စ နေ့ရက်များ

က

ရတနာပုံရွှေနန်းကို သီပေါမင်းတရား သိမ်းမြန်းစိုးအုပ်ခဲ့ပြီ။ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ မင်းတုန်းဘုရင်မင်းမြတ်၏ အရိုက်အရာကို သားတော် သီပေါမင်းသားက တရားဝင်ရယူခဲ့ပြီဖြစ်၏။ ကဲ သည်လို သီပေါမင်းတရား နန်းတက်ခဲ့ပြီဆိုတာတော့ သိရပါပြီ။ နန်းပလ္လင်ပေါ်သို့ စွေ့ကနဲရောက်လာခဲ့သော သီပေါဘုရင် အတွက် ပထမဆုံး ပြုဆောင်ဖွယ်ရှိသည်က ဘာပါလဲ?

ဪ မေးနေရသေးသလား။ အရပ်သားပြည်သူတွေ အရွယ်ရောက်သော် ဃရာဝါသ သမ္ဗန္ဓဟု၊ ကိစ္စများမြောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်သက်မွေး ခြံနှယ်မြွေးသားဟု ဆိုရိုးစကား



ရှိသည်မဟုတ်လား။ ရှင်ဘုရင်လည်း လူထဲကလူပဲ။ သည်တော့ ရှင်ဘုရင်လည်း ရှင်ဘုရင့်ဟန်ဖြင့် ဃရာဝါသ သမ္ဗန္ဓရပေလိမ့်မည်။

ဟုတ်သည်။ သီပေါမင်းနန်းတက်ပြီးသောအခါ ပထမဦးဆုံး ဆောင်ရွက်ရမည့်ကိစ္စမှာ အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးတင်မြှောက်ရေး ဖြစ်သည်။ ဒါများ ဘာခက်ပါသလဲ။ မင်းတုန်းဘုရင်မင်းမြတ်နှင့် စကြာဒေဝီ မိဖုရားခေါင်ကြီးတို့မှ ဖွားမြင်သော စလင်းစုဖုရား ရှိပေသား မဟုတ်လား။ စလင်းစုဖုရား ငယ်သည်။ နုသည်။ ချောသည်။ လှသည်။ ပျိုသည်။ ဖြူသည်။ နွဲ့သည်။ မြင်ဖူးသူတွေက မိုးပေါ်က ကျလာသော နတ်သမီးကလေးပေလားဟု ထင်ရအောင် လှပချောမွေ့ပါပေသည်ဟု ပြောစမှတ်ပြုသည်။ သို့သော် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင်က သမီးတော်ကလေးကို ချစ်မြတ်နိုးတော်မူသဖြင့် နောင်တက်လာမည့် ရှင်ဘုရင်အတွက် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးလောင်းလျာအဖြစ် သတ်မှတ်ပြီး တစ်ပင်တိုင်မြနန်းဖြင့် သီးသန့်ထားသည်။ အပြင်လူ အထဲမဝင်ရ၊ အထဲလူ အပြင်မထွက်ရ။ ယောကျာ်းဆို ယင်ဖိုတောင်မှ မသမ်းရအောင် လုံခြုံသန့်စင်စွာထားရှိသော သမီးတော်မြတ် သမီးတော်မွန်ကလေး။

ပြီးတော့ စလင်းစုဖုရားမှာ ကြီးမားသောတန်ဖိုးရှိသည့် မိန်းမပျိုကလေး ဖြစ်နေသည်။ ဒါကဘာလဲဆိုတော့ ဗုဒ္ဓတရားတော်များကို ကြည်ညိုသဒ္ဓါ ပွားများစွာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်နေတတ်သူ။ ဗုဒ္ဓမှတစ်ပါး ကိုးကွယ်ရာမရှိဟု အားထားလေးစားနေသူ။ သမထဘာဝနာတရားတော်များကို မပြတ်ဆောင်ရွက်နေသူဟုလည်း သတင်းက သင်းသင်းပျံ့လို့မွှေးနေသည်။ မွှေးမွှေးပျံ့လို့လည်း သင်းနေလေသည်။

ယခုသီပေါမင်းတရား နန်းတက်ပြီဆိုတော့ ရွှေဘုံနိဒါန်းခေါ် ဘုရင့်ဓမ္မသတ် ဖွဲ့စည်းပုံဥပဒေအရ ထိုတစ်ပင်တိုင်မြနန်းစံ မင်းသမီးကလေးကိုပဲ တောင်နန်းစံအဂ္ဂမဟေသီ ဒေဝီမိဖုရားကြီး တင်မြှောက်ရတော့မည် ဧကန်မုချ။ သို့သော် –

စလင်းစုဖုရားသည် သီပေါမင်းတရား၏ မိဖုရားခေါင်ကြီးဖြစ်လေသလား။ ထို့ကြောင့် သီပေါမင်းနန်းတက်ပြီဟု သိရသည်နှင့် ရဟန်းကျောင်းသို့သွားကာ ကတုံးရိတ်ပြီး သီလရှင်ဝတ်သွားလေသည်။ စလင်း

www.burmeseclassic.com

www.burmeseclassic.com



ငှဖုရား၏နှုတ်မှ ဘာမျှမပြော၊ ဘာမျှမဆို။ ဘာမျှမကြေညာ။ မိမိသည် ဃရာဝါသ လုပ်ရပ်များကို ငြီးငွေ့ရွံရှာသဖြင့် မြတ်စွာဘုရား၏ သမီးတော် စင်စစ်အဖြစ် ဘိက္ခုနီအဖြစ် သန့်စင်စွာ အရိုးထုတ်တော့မည်ကို လက်တွေ့ ပြသွားတော့သည်။

သည်မှာပင် ပြဿနာအစွန်းအစကရှိလာသည်။ စလင်းစုဖုရားက ယခုလို ဘုရင်သစ်၏မိဖုရားခေါင်းကြီးအဖြစ် မခံယူလို၍ သီလရှင်ဝတ် သွားသည်ကို ကြိုတင်သတင်းမပို့ရကောင်းလား။ ဤသို့အပြစ်တင်၍ စလင်းစုဖုရား၏ တစ်ပင်တိုင်နန်းအမှုထမ်းများကို ဖမ်းဆီးအပြစ်ပေး အရေးယူကြပြန်သည်။ မည်သို့ပင်ဖြစ်စေ တစ်ပင်တိုင်မြနန်းစံ စလင်းစုဖုရား ကတော့ဖြင့် လောက၏အေးငြိမ်းရာ ဒေသရိပ်မွန်ကို ရှာဖွေတွေ့ရှိသွား ပြီ။

သီပေါမင်းတရားမှာ စလင်းစုဖုရားကို လက်လွှတ်သွားသဖြင့် အားငယ်စိတ်ပျက် ဖြစ်သလား၊ မဖြစ်သလားတော့ မှတ်သားထားသည့် သမိုင်းမော်ကွန်းမရှိ။ သို့သော် ဘာခက်ပါသလဲ။ စလင်းစုဖုရားလိုပဲ တစ်ပင်တိုင်မြနန်းဖြင့်ထားသော နောက်ထပ်သမီးတော်များရှိသေးသည်ပဲ။ သူတို့က ဆင်ဖြူမရှင်၏သမီးတော်သုံးပါး၊ စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားငယ်။

သည်တော့ စုဖုရားကြီးသည် သီပေါဘုရင်မင်းမြတ်၏ လက်ျာစံ အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးဖြစ်လာရတော့မည်။ ပြဿနာက သည်က စလေသည်။

သီပေါဘုရင်က မိမိ၏ မိဖုရားခေါင်ကြီးအဖြစ် စုဖုရားကြီးကို မတင်မြှောက်လို။ မိမိ၏ ငယ်ချစ်စုဖုရားလတ်ကိုသာ မိဖုရားခေါင်ကြီး တင်မြှောက်မည်ဟု ဇွတ်ပဲတင်းခံနေသည်။

စုဖုရားလတ်ကလည်း မိမိသာလျှင် ရှေ့ကနောက်ပုံ ရွှေနန်းကျွန်း ... နန်းစံ အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးဖြစ်ရမည်ဟု တထစ်ချ သန္နိဋ္ဌာန် ချထားသည်။

သည်ကိစ္စနှင့်ပတ်သက်ပြီး ခိုတ်ဝင်စားဖွယ်မှတ်တမ်းကလေးတစ်ခု ပြောပြစရာမှတ်ကျန်ရစ်လေသည်။ သီပေါမင်းတရားနန်းတက်ပြီး မကြာမီတွင်



နန်းတွင်းသို့ နိုင်ငံခြားအပျိုတော် မတ်တီ အလည်အပတ် အခစားဝင်ခဲ့ သည်။ထိုနေ့က ဆင်ဖြူမရှင်မိဖုရားကြီးသည် နန်းစဉ်ရတနာသေတ္တာကြီးကို ဖွင့်၍ ရတနာပစ္စည်းများကို စစ်ဆေးကြည့်ရှုနေသည်။ စိန်၊ ပတ္တမြား၊ မြ၊ နီလာ၊ပုလဲရတနာများသည် ရွှေထည်များဖြင့်မွမ်းမံပြီး ဖိတ်ဖိတ်တောက် နေသည်။ စုဖုရားလတ်နှင့်မတ်တီတို့သည် ရတနာသေတ္တာအနီးတွင်ထိုင် ပြီး စကားပြောနေကြသည်။ စုဖုရားလတ်က ရတနာသေတ္တာထဲမှ စိန်ဘယက်ကြီး တစ်ခုကိုယူ၍ မိမိလည်ပင်းမှာဝတ်ကြည့်လိုက်သည်။ ပြီးတော့စုဖုရားလတ်က ညှိသည်အပျိုတော်မတ်တီထံ လှည့်ပြီးပြောသည်။

"သည်မှာကြည့်စမ်းမတ်တီ၊ ဒီလိုဆိုတော့ စုဖုရားက မိဖုရား ခေါင်ကြီးနဲ့ မတူဘူးလား"

သည်တွင် ဆင်ဖြူမရှင်မိဖုရားကြီး ဒေါမာန်ပွားပြီး စုဖုရားလတ် လည်ပင်းမှ စိန်ဘယက်ကို ဇွတ်ဆွဲချွတ်သည်။ ပြီးတော့ ဒေါနှင့်မာန်နှင့် ပြောချလိုက်၏။

"သမီးတော်စုဖုရား၊ နန်းတော်ထဲမှာ မိဖုရားခေါင်ကြီးဆိုတာ စုဖုရားကြီး တစ်ပါးထဲရှိတယ်လို့ မှတ်ထားလိုက်စမ်း"

ဆင်ဖြူမရှင်တို့က အဲသည်လိုပြတ်သားသည်။ ပြီးတော့ သည်နေရာ မှာ မိဖုရားခေါင်ကြီး ဖြစ်ကိုဖြစ်ရမည်ဟု စွဲမှတ်ထားသော စုဖုရားလတ်က မယ်တော်မိဖုရားကြီးထံ သွေးတိုးစမ်းလိုက်သည်ဟုယူဆ၍ အဲသည်လို တိတိကျကျ ပြန်ကြားလိုက်တာလည်း ဖြစ်နိုင်သည်လေ။ ထားတော့။

စုဖုရားလတ်သည် မယ်တော်မုရား၏ လုပ်ရပ်ကိုဆန့်ကျင်ရန် ချက် ချင်းဆုံးဖြတ်လေ၏။ သူက ဘုရင်သစ်ကလေး သီပေါကိုယ်တော်ထံ သဝဏ်လွှာတစ်စောင် ရေးသားပေးပို့လိုက်၏။

မောင်တော်ဘုန်းတော်ကြီးဘုရားရဲ့ ဆံကေသာတော်ကို ရှင်းလင်းပေးရန် နှမတော်စုဖုရားကို မောင်တော်၏ အဆောင် တော်သို့ အမြန်ဆုံးခေါ်ယူပါ။ နှမတော်ကို မယ်တော်ဆင်ဖြူမရှင် ထံမှာ မထားပါနှင့်။ မယ်တော်က သဘောတူမှ မတူဘူ ဘုရင့်အမိန့်နှင့် နှမတော်ကို အမြန်ဆုံးခေါ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

သီပေါဘုရင်သည် စုဖုရားလတ်၏သဝဏ်လွှာကိုရသည်နှင့် ချက်ချင်း အမိန့်ထုတ်ပြန်သည်။

'တော်ကြီးဘုရားရဲ့ ရှုပ်ထွေးနေသော ဆံကေသာတော်ကို ရှင်းလင်းရန် နှမတော်စုဖုရားလတ်အား မိမိအဆောင်တော်သို့ အမြန်ပို့ပေးရန် အမိန့်တော် ချမှတ်သည်' ဘုရင့်အမိန့်တော်ဆိုတော့ မည်သူက ဆန့်ကျင်ဝံ့မည်နည်း။ သည်ဘုရင်ကား နှယ်နှယ်ရရမဟုတ်ပါဘဲလား။ ရတနာပုံနေပြည်တော်တွင် တန်ခိုးအာဏာအရှိဆုံးပုဂ္ဂိုလ်၊ ရဟန်းရှင်လူ၊ ပြည်သူအများ၏ အထွတ်အထိပ်မှာရှိနေသော သက်ဦးဆံပိုင် ဘုရင် မဟုတ်လား။ မှန်သည်ဖြစ်စေ၊ မှားသည် ဖြစ်စေ ဘုရင့်အမိန့်တော် ဆိုတာက သေဆိုလျှင်သေ၊ ရှင်ဆိုလျှင်ရှင်။

သည်တော့ ရွှေဘုံနိဒါန်းခေါ် နန်းတွင်းထုံးဓလေ့ကို ဘေးဖယ်ထားလိုက်ရသည်။ တရားဝင်ဘိသိက်တင် မင်္ဂလာလက်ထပ်ပွဲ မပြုရသေးဘဲနှင့် ခပ်ရဲရဲတောင်းဆိုလာသော ဘုရင့်အမိန့်ကို မလွန်ဆန်နိုင်ကြပြီ။ စုဖုရားလတ်ကို သီပေါဘုရင်မင်းမြတ်၏ အဆောင်တော်သို့ အမြန်ဆုံးပို့ပေးလိုက်ရတော့သည်။

သို့သော် ဆင်ဖြူမရှင်မိဖုရားသည် တော်ရုံဖြင့် အရှုံးပေးသူမဟုတ်ချေ။ သူက ရွှေဘုံနိဒါန်း နန်းတွင်းဥပဒေများကို ထောက်ပြပြီး ဝန်ကြီးမှူးကြီးများထံ စာသဝဏ်လွှာပို့သည်။ သီပေါဘုရင်ထံလည်း သဝဏ်လွှာပို့သည်။ ဘိသိက်သဘင် မင်္ဂလာပွဲ မကျင်းပရသေးဘဲနှင့် သမီးတော် စုဖုရားလတ်ကို ဘုရင့်အဆောင်တော်၌ မထားသင့်။ ထို့ကြောင့် အမြန်ဆုံး ပြန်ပို့ပေးပါ။ သီပေါမင်းတရားမှာ မယ်တော်ဆင်ဖြူမရှင်ထံမှ တစ်နေ့တစ်နေ့ ရောက်လာသော လွှာသဝဏ်တွေဖတ်ပြီး စိတ်မသက်သာ။ ကင်းဝန်မင်းကြီးကလည်း တင်သည်။ ယောအတွင်းဝန်ဦးလှိုင်ကလည်း လျှောက်သည်။ တိုင်တားမင်းကြီးကလည်း ပန်ကြားသည်။ အခြားဝန်ကြီးမှူးကြီးတွေကလည်း နားပူလောက်အောင် အတင်လျှောက်တွေများသည်။ "သမီးတော် စုဖုရားလတ်ကို ဘုရင့်အဆောင်တော်မှာ ယခုလို မထားသင့်ကြောင်းပါ ဘုရား။ မယ်တော်မိဖုရားကြီး တောင်းဆိုသည့်



အတိုင်း ပြန်ပို့ပေးလိုက်ပါ ဘုရား။ နန်းဓလေ့ ထုံးစဉ်လာနှင့် မညီမညွတ်ဖြစ်နေသော အကြောင်းခြင်းအရာကို ပြုပြင်ဆောင်ရွက်ပါဘုရား"

ခက်ပါကလားဟရို့၊ ရှင်ဘုရင်တစ်ပါး မိဖုရားမြှောက်ရန် ကိစ္စကသည်မျှပဲ စိတ်ညစ်ဖို့ကောင်းသတဲ့လား။ အရပ်သူအရပ်သားတွေလို ကိုယ်ကြိုက်တာကိုယ်ယူ ကိုယ်နှစ်သက်သူကိုယ်လက်ထပ်လို့ မဖြစ်ဘူးတဲ့လား။ ဘယ့်နှယ်များ ရှင်ဘုရင်ကျကာမှ ဥပဒေတွေ နန်းထုံးနန်းစဉ်လာတွေနှင့် လာငြိနေရသတဲ့လဲ။ သီပေါမင်းတရား နန်းပလ္လင်ပေါ်ရောက်တာ ရက်ပိုင်းပဲရှိသေး။ စိတ်ကြီးများတောင်ညစ်မိပါပြီ။

သို့သော် သီပေါဘုရင်က သည်ကိစ္စကို လွယ်လွယ်ဖြင့် အလျှော့မပေးချေ။ မိမိ၏ဆုံးဖြတ်ချက်ကို မပြင်နိုင်ကြောင်း၊ ဖိုးဖိုးဝန်များကို ယတိပြတ် ပြောခဲ့သည်။ ထို့ပြင် ချစ်မြတ်နိုးတော်မူရင်းဖြစ်သော စုဖုရားလတ်ကိုသာ မိဖုရားခေါင်ကြီး မြှောက်ရလိမ့်မည်ဟုလည်း ဘုရင်မင်းမြတ်က အနိုင်အမာ ပြောဆိုနေပြန်သည်။ ရွှေနန်းတော်ညီလာခံခန်းမဆောင်မှာ ဝန်ကြီးများသည် ကြမ်းပြင်မှာဝပ်တွားနေရင်း စိတ်အိုက်နေကြရာသည်။ ခက်ကပြီ။ သည်ရှင်ဘုရင်အသစ်သည် မိဖုရားမြှောက်ရန် ကိစ္စမှာပင် အဆင်ခြင်နည်းစွာ သည်လောက်ခေါင်းမာနေပါကလား။ သည်သို့ဆိုလျှင် နိုင်ငံတော်ပြည်အရေး ကိစ္စများပေါ်ပေါက်လာခဲ့သော် ဘယ်သို့လုပ်ကြမှာလဲ။

ခ

သည်အချိန်မှာပဲ ရွှေနန်းတော်ထဲတွင် အခြားပြဿနာတစ်ရပ်နှင့် ကြုံရပြန်သည်။ ဒါက တစ်ခြားတော့မဟုတ်။ အများသိပြီးသည့် ကိစ္စပါပဲ။ ရွှေနန်းတော်ကြေးတိုက်မှာ ဖမ်းဆီးထားသော မင်းညီမင်းသား(၈၀)တို့ကိစ္စ။

ယခုတလော ဖုံးမရ၊ ပိတ်မရ၊ တားမရ၊ ဆီးမရဖြစ်လာသောသတင်းမှာ နန်းတော်အတွင်းရှိ ကြေးတိုက်မှ မဟာဆီ၊ မဟာသွေးရှစ်ဆယ်ကျော်ကို ကွပ်မျက်လိုက်သည့်ကိစ္စ။

ထိုကိစ္စနှင့်ပတ်သက်၍ သီပေါကိုယ်တော် ဘာမျှမသိလိုက်ရသည့် အကြောင်း၊ ဘုရင့်နှုတ်မှ ဖွင့်ဟခဲ့သည့်အကြောင်း၊ ရေစာမျက်နှာ တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



၌ ဖော်ပြခဲ့ပြီ။ ယခုဖြစ်နေသည်ကား မင်းညီမင်းသားများကို ကွပ်မျက်သည့်ကိစ္စအပေါ် ဗြိတိသျှအစိုးရက တားမြစ်ပြစ်တင်ခဲ့သည့်အကြောင်းခြင်းရာ။

မန္တလေးနေပြည်တော်တွင်ထားရှိသော ဗြိတိသျှသံကိုယ်စားလှယ် မစ္စကာရောက ထိုကိစ္စနှင့်ပတ်သက်၍ ပြင်းထန်သော စကားလုံးများဖြင့် စာတစ်စောင် ရေးသားကန့်ကွက်လာသည်။

ဗြိတိသျှသံကိုယ်စားလှယ်၏စာတွင် ဤသို့ မြန်မာဘုရင်အစိုးရက မင်းညီမင်းသား လူအများကိုသတ်ဖြတ်နေခြင်းအပေါ် ဗြိတိသျှအစိုးရသည် များစွာ စိတ်မချမ်းမသာဖြစ်ရကြောင်း၊ ဤလုပ်ရပ်ကို အမြန်ဆုံး ရပ်ဆိုင်းရန်ဘောင်းဆိုကြောင်း၊ အကယ်၍ထိုသို့ ဆက်လက်ပြုလုပ် သတ်ဖြတ်နေပါလျှင် ရတနာပုံနေပြည်တော်ရှိ ဗြိတိသျှသံရုံးကိုပင် အပြီးအပိုင် ရုပ်သိမ်းသွားရလိမ့်မည်ဖြစ်ကြောင်းဖြင့် ကန့်ကွက်စာ၌ ဖော်ပြထားလေသည်။

ဗြိတိသျှသံတို့ ကန့်ကွက်စာကို မြန်မာဘုရင်အစိုးရက ခါးခါးသီးသီး ပယ်ချခဲ့လေသည်။ ကင်းဝန်မင်းကြီးဦးကောင်းက လက်မှတ်ရေးထိုး၍ ပြန်ကြားသောစာ၌ ဤကိစ္စသည် ဘုရင့်အစိုးရ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း၌ ဆောင်ရွက်သော ပြည်တွင်းရေးကိစ္စဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးအတွက် မလုပ်မဖြစ်သဖြင့် လုပ်ဆောင်ရသော ကိစ္စတစ်ခုဖြစ်၍ ဗြိတိသျှအစိုးရ၏ ကန့်ကွက်ချက်ကို အလေးဂရုမပြုနိုင်ကြောင်း အဓိပ္ပါယ်ပါရှိသော စာတစ်စောင်ကို ကင်းဝန်မင်းကြီးက ပြန်ကြားခဲ့သည်။

မြန်မာဘုရင့်အစိုးရ၏ ပြန်ကြားချက်ကို ဗြိတိသျှအစိုးရက မကျေနပ်ဟန်ပြသည်။ ဗြိတိသျှအစိုးရ စစ်ပြင်ဆင်မှုများလုပ်ခဲ့သည်။ သည့်လိုဆိုတော့လည်း မြန်မာဘုရင့်အစိုးရက အဆင်သင့်ပါပဲ။ သီပေါဘုရင်အစိုးရသည် ရှမ်းတောင်တန်းမှ တပ်မတော်သားအများကို စည်းရုံးဆင့်ခေါ်လိုက်၏။ နေပြည်တော်သို့ စစ်သားများ၊ တပ်သားများ၊ အင်နှင့်အားနှင့် ရောက်လာ၏။ မြန်မာဘုရင့်တပ်မတော်သားတို့သည် နေပြည်တော်၌ စစ်ချီစစ်တက်၊စစ်ရေးပြကြသည်။ စင်စစ်ဆိုလျှင် မြန်မာဘုရင့်တပ်မတော်သည် ခေတ်မီ လက်နက်အင်အားနည်းပါးပါ၏။ သို့သော် သောင်းသိန်းချီ၍ မြင်တွေ့နေရသော တပ်မတော်သားတို့ကို မြင်ရသည်မှာ အားတက်ဖွယ်ကောင်းလှလေသည်။ ဘုရင့်တပ်မတော်သားတို့သည် နေပြည်တော်ကို



သေးဘက် လေးတန်မှ ဝန်းဝိုင်းလျက် ကာကွယ်ထားသည်။ နယ်ချဲ့အင်္ဂလိပ်သူသည် ဘယ်လမ်းကလာမည်နည်း။ လာချင်သည့်လမ်းကလာကြ။ မြန်မာ့တပ်မတော်သည် လက်နက်စုံအညီနှင့် တိုက်ပွဲဝင်ရန်အသင့်။

ဗြိတိသျှသံရုံးရှေ့တွင်ထားရှိသော မြန်မာစစ်တပ်၏အင်အားကို တိုးချဲ့လိုက်၏။ သံရုံးအဝင်အထွက်လှုပ်ရှားမှုများအား ယခင်ထက်ပို၍ ကြပ်မတ်ရန်လည်း အစောင့်တပ်သားများကို သတိပေးထားသည်။

ဧရာဝတီမြစ်ကြောင်းတွင် ရေကြောင်းကာကွယ်ရေးလုပ်ငန်းများသည်း ထပ်မံတိုးချဲ့လိုက်ရသည်။ ဧရာဝတီမြစ် ဝဲယာဆိပ်ကမ်းအသီးသီးမှ တပ် များကိုလည်း ပို၍ခိုင်မာတောင့်တင်းအောင်စီမံရသည်။ လာကြစမ်း၊ ဗြိတိသျှ စစ်သားတွေ ရေကြောင်းကတက်မည်လား။ ကြည်းကြောင်းကလာမည်လား။ ဘယ်နေရာကပဲ လာခဲ့လာခဲ့ မြန်မာ့တပ်မတော်သည် ဆက်သွေးချွေး ပေးဆပ်ပြီး ရင်ဆိုင်ရန်အသင့်။ အသင့်။

သည်အချိန်တွင် ဗြိတိသျှ၊ မြန်မာ ဆက်ဆံရေးအခြေအနေများ ဆိုးဝါးရန်ဖြစ်ပေါ်လာသည်။ ဗြိတိသျှသံအမတ်ကြီး မစ္စတာရောသည် ပါးရောဂါဖြင့် မန္တလေးရတနာပုံနေပြည်တော်၌ ကွယ်လွန်သွား၏။ သည်တွင် မစ္စတာရော၏နေရာ၌ နောက်ထပ်သံအမတ်သစ် တစ်ဦးကို ဗြိတိသျှအစိုးရက ခန့်ထားခြင်းမပြုဘဲထားလေသည်။ ဒါကဘာကြောင့်လဲ။ ညာရှိမြန်မာဝန်ကြီးများ ကြပ်ကြပ်ကြီးစဉ်းစားရန် အခြေအနေဖြစ်ပေပြီ။ ဝံပုလွေနှင့်သိုးငယ်တို့၏ ပုံပြင်ကို ကြားဖူးကြသည်မဟုတ်လား။ ဝံပုလွေညစ်သည် သိုးငယ်ကလေးအား ရေကို အနယ်ထအောင် နှောက်သည်မှာ နင်မဟုတ် နင့်အဖိုးပဲဟု အပြစ်ရှာပြီး ကိုက်သတ်ခဲ့သတဲ့။ ယခုလည်း ဗြိတိသျှဝံပုလွေသည် သိုးငယ်အပေါ် အပြစ်ရှာတော့မည်လား။

ဗြိတိသျှအစိုးရ၏ အကောက်ဉာဏ်မှာ ပို၍ပို၍ပင် သိသာလာလေတော့သည်။ ဗြိတိသျှတို့သည် မန္တလေးနေပြည်တော်ရှိသံရုံးကို ၁၈၇၉ ခုနှစ်တွင် အပြီးသတ်ပိတ်ပစ်ရန် ဆုံးဖြတ်ခဲ့သည်။ ဘင်္ဂါလီအမျိုးသားတစ်ဦးဖြစ်သူ မစ္စတာစိန္တဘာတီကို ဦးဆောင်ဦးရွက်ပြုစေပြီး မန္တလေး၏ ဗြိတိသျှသံရုံးကိုပိတ်၍ ပတ်စာခွာ ဖျာသိမ်းရန် ညွှန်ကြားလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာစိန့်ဘာဘီသည် ဗြိတိသျှသံရုံးပိတ်သိမ်းရန်ကိစ္စကို မြန်မာ ဘုရင့်အစိုးရသို့ကြိုတင်အသိမပေး။ လုံခြုံရေးအတွက် သူက လျှို့ဝှက်ထား သည်။ စိန့်ဘာဘီနှင့်ဗြိတိသျှသံအဖွဲ့ ဧရာဝတီမြစ်ကမ်းရှိ သင်္ဘောပေါ် တက်တော့မှသာ သံရုံးပိတ်သိမ်းပြီး ပြန်မည့်အကြောင်းကို မြန်မာဘုရင့် အစိုးရထံ တရားဝင်အကြောင်းကြားလေသည်။

မစ္စတာစိန့်ဘာဘီက မန္တလေးရတနာပုံနေပြည်တော်ရှိ တခြားနိုင်ငံ ခြားသားများကိုလည်း မိမိတို့နှင့်တစ်ပါတည်းလိုက်ပါ ထွက်ခွာရန် လျှို့ဝှက် နှိုးဆော်သေး၏။ အီတလီနိုင်ငံအစိုးရ၏သံမှူး ချီဗေလိယာအင်ဒရီယို ထိုနှိုးဆော်ချက်ကို ငြင်းပယ်သည်။ မြန်မာဘုရင့်အစိုးရနှင့် အီတလီအစိုး အကြား ဘာပြဿနာများမှမရှိ။ ထို့ကြောင့် မိမိနှင့်အဖွဲ့ ရတနာ နေပြည်တော်မှ ထွက်ခွာရန်အကြောင်း မမြင်ဟု သူကချေပသည် အင်ဒရီယိုမှာ မန္တလေး နေပြည်တော်တွင် အရှိန်အဝါကြီးမားရှိသူဖြစ်၏ ထို့ပြင် သူသည် ဧရာဝတီ ဖလုတ်တီလာခေါ် ရေကြောင်းသွား သင်္ဘော ကုမ္ပဏီ၏ ကိုယ်စားလှယ်တော်လည်းဖြစ်နေလေသည်။

ဗြိတိသျှသံအမတ်ရုံးကို ရုပ်သိမ်းသွားရာတွင် ဗြိတိသျှတို့၏ ခရစ်ယာန်ဘာသာရေး မစ်ရှင်ခေါင်းဆောင် ဘုန်းတော်ကြီး မစ္စတာ ကောလ်ဘတ်နှင့်အဖွဲ့လည်း လိုက်ပါသွားကြသည်။ သွားကြပစေ၊ သွား ပစေ။ ဗြိတိသျှတွေ အားလုံးသွားကြပစေ။ ဒါမှရတနာပုံနေပြည်တော် သန့်သွားမည်။ ရှင်းသွားမည်။ လင်းသွားမည်။ တို့ရတနာပုံနေပြည်တော် တိုင်းခြားမိစ္ဆာကောင်တွေ တစ်ကောင်တစ်မြီးမှမရှိလျှင် ကောင်းမည် မြန်မာဘုရင်အစိုးရက သဘောထားဟန်ရှိ၏။ ဗြိတိသျှသံရုံးလုပ်ခဲ့သော အိမ်ကြီးကို မြန်မာဘုရင်အစိုးရက ပြန်လည်လွှဲယူလိုက်၏။ ခရစ်ယာန် ဘုန်းတော်ကြီး ကျောင်းတော်အဖြစ် နတ်ရွာစံမင်းတုန်းမင်းက စေတနာ သုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းခဲ့သော အိမ်ဝင်းကိုလည်း မြန်မာ ဘုန်းကြီး ကျောင်းအဖြစ် ပြောင်းလဲလိုက်လေသည်။ ယခုကဲ့သို့ ဗြိတိသျှအစိုးရ အကြောက်ကြီးကြောက်ကာ တိတ်တဆိတ် သံရုံးပိတ်ပြောင်းသွားသည် မြန်မာဘုရင်အစိုးရက သဘောထားကြီးစွာ ထားလေသည်။ မန္တလေး ရတနာပုံ နေပြည်တော်တွင် ထုတ်ဝေသော နေ့စဉ်သတင်းစာ၊ ရတနာပုံ



မြန်မာဘုရင့် အစိုးရက ဤသို့တရားဝင် ကြေငြာလေသည်။ မြန်မာ ဘုရင့်အစိုးရသည် မည်သည့်ကိစ္စကိုမျှ တရားလက်လွှတ်လုပ်မည်မဟုတ်၊ မန္တလေးနေပြည်တော်တွင် ကျန်ရှိနေခဲ့သော အခြားဗြိတိသျှ အမျိုးသားများ နှင့် ပတ်သက်၍ မေတ္တာ၊ ဂရုဏာ၊ မုဒိတာတရားများ အပြည့်အဝ ထားရှိမည်ဖြစ်သည်ဟု ရတနာပုံသတင်းစာကဖော်ပြသည်။ သည်မျှသာ မဟုတ်သေး။ ဗြိတိသျှ အမျိုးသားများအပါအဝင် မည်သည့်နိုင်ငံခြားသား၊ အမျိုးသားတို့၏ ရွှေ့ ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မည်သည့်ပစ္စည်းကိုမျှ ဘုရင့်အစိုးရက မထိပါး၊ မနှောက်ယှက်၊ မသိမ်းယူ။ ဤသို့ အာမခံချက်ပေးကြောင်း သဘောထားကြီးစွာ ဖော်ပြလေသည်။

မြန်မာဘုရင့်အစိုးရသည် နောက်ထပ် သဘောထားကြီးကြောင်း ပြသရန် သံအဖွဲ့တစ်ဖွဲ့ကို အိန္ဒိယဘုရင်ခံချုပ်ထံ စေလွှတ်ခဲ့၏။ သို့သော် အချည်းနှီးဖြစ်ခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် သရက်မြို့မှ ကျော်လွန်ပြီး ရှေ့ဆက်ခရီးသွားခွင့် မရခဲ့ချေ။ ရှိပစေ၊ မြန်မာတို့ဘက်က သူသားပီသစွာဖြင့် ဆောင်ရွက်သင့်သော ကိစ္စအဝဝကို ယခုပြုလုပ်ခဲ့ ပြီးပြီမဟုတ်လား။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေဘူးလေ။

## ၈

မြန်မာဘုရင်သစ်ကလေးသည် ယခုအခါတွင် ရတနာပုံရွှေနန်းဦး ဌင်လန်းချမ်းမြေ့စွာ စိုးစံလျက်ရှိပေပြီ။ သည်အချိန်မှာ အကြောင်းအရာ တစ်ရပ်က နန်းပလ္လင်ရှေ့သို့ရောက်လာခဲ့သည်။ ဒါကအခြားမဟုတ်။ ဘုရင် သစ်သည် ရာဇဘိသေက မင်္ဂလာအခမ်းအနား ကျင်းပရဦးမည်လေ။

သည်တော့ မေးစရာရှိလာပြီ။ သည်ဘုရင်သစ်ကလည်း ရာဇဘိသေ က မင်္ဂလာအခမ်းအနား မကြာခဏကျင်းပလှချည့်လား။ မင်းတုန်းမင်း တရားကြီး နတ်ရွာစံစဉ်ကလည်း ဒီဘိသေကပွဲ ကျင်းပခဲ့သည် မဟုတ် လား။

ဟုတ်ပါရဲ့၊ ဒါပေမယ့် ဟိုတုန်းက ကျင်းပသည်မှာ သီပေါဘုရင် အိမ်ရှေ့တောင်တက်ပွဲမျှသာပဲလေ။ သီပေါမင်းသားကို အိမ်ရှေ့စံအရာ ဘုရင့် ရာဇပလ္လင်ပေါ်သို့ တင်ပို့သည့်ပွဲသာဖြစ်ပါ၏။ ထိုစဉ်က ကြီးမားသော

www.burmeseclassic.com

www.burmeseclassic.com



မင်းခမ်းမင်းနားမပါ၊ မိဖုရားမရှိ၊ ဘုရင်တစ်ပါးကို နန်းပလ္လင်သို့ တင်
သည့် ပွဲသာပဲလေ။

ယခုတော့ ရွှေဘုံနိဒါန်းလာ ရာဇာဘိသေက မင်္ဂလာပွဲကြီးကို ဖွဲ့
ကျင်းပရမည့်အချိန် ရောက်နေပါပြီ။ ဘုရင်တစ်ပါးအဖို့ ရာဇာဘိသေ
မင်္ဂလာပွဲကို ကျင်းပပြီး အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီး၏ လက်ကိုဆွဲ
နန်းပလ္လင်တက်ပွဲကျင်းပမှသာ အရာရာပြည့်စုံမည်မဟုတ်လား။ ယခုတော
ဖြင့် အဲသည့် ရာဇာဘိသေကမင်္ဂလာပွဲကို မလွှဲမသွေ ကျင်းပရပေတော့မည်
အမှန်က သည်ပွဲမင်္ဂလာကို သီပေါရာဇာ၏ မိဖုရားစုဖုရားလတ်ကပဲ တ
ထဲရွေ့၊ တပြောင်းတည်းပြောင်းခဲ့သည်မဟုတ်လား။ ဘာဖြစ်လို့လည်း
တော့ အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးတင်မြှောက်ရန် ကိစ္စကြောင့်လေ

သည်ရာဇာဘိသေက မင်္ဂလာပွဲကျင်းပရန်ကိစ္စ၊ ခါးခါးသည်းခြင်
သည်မှာ စုဖုရားလတ်မှ စုဖုရားလတ်ပဲဖြစ်သည်။ ရာဇာဘိသေက မင်္ဂလာ
တွင် မောင်တော်ဘုရား သီပေါဘုရင်သည် အစ်မတော်စုဖုရားကြီး၏လက်
ကို ဆွဲပြီး နန်းပလ္လင်ကြီးပေါ် တက်တော့မှာတဲ့။ အမယ်လေး။ သည်ရှုခင်း
ကို စုဖုရားလတ်က ဘယ်ရင်ဘတ်နှင့်ကြည့်ရမှာလဲ၊ ဘယ် နှလုံးသားနှင့်
ခံစားရမှာလဲ။

ထို့ကြောင့်ပင် စုဖုရားလတ်က သည်ပွဲကို ပိတ်ပင်တားဆီးခဲ့သည်
ရက်ပေါင်း အတန်ကြာခဲ့ပါပေါ့လား။ သည်လိုဖြင့် မဖြစ်ကောင်း
မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးက သမီးလတ်စုဖုရားကို နားချရသည်
ဖြောင်းဖျရသည်။ ညှိနှိုင်းရသည်။

"သမီးတော်စုဖုရား၊ နားထောင်စမ်း။ မယ်တော်ရှင်းပြမည်
ယခုအခါတွင် ဗြိတိသျှအစိုးရသည် သံရုံးကိုပိတ်ပြီး လာလမ်းကိုပြန်သွား
ပြီ။ သည်မိစ္ဆာကောင်တွေဆိုတာ စိတ်မချရ။ မြန်မာ့ရွှေနန်းကို ဘယ်လ
က ဝင်သိမ်းရမလဲ တကဲကဲကြံစည်နေကြသည်မဟုတ်လား။ နေပြည်တော်
က ထွက်ပြေးသွားသော ညောင်ရမ်းမင်းသားကလည်း နယ်စပ်မှာ
လှုပ်လှုပ်ရှားရှားလုပ်နေသည်။ တို့မြန်မာဘုရင့်တပ်ကို လာတိုက်နေသည်
မကြာခဏပဲမဟုတ်လား။ အရေးကြီးဆုံးက အပြည့်ပြည့်သော၊ တစ်
တစ်ပါးသော၊ ထီးဆောင်းမင်းတွေအလယ်မှာ တင့်တယ်စေဖို့က ရာဇ



သိက်ခံ ဘုရင်မှသာ ဖြစ်လိမ့်မည်။ မိမိ၏ အတ္တကိုယ်ကျိုးတစ်ခုတည်း
ကြည့်ပြီးတော့ ဒီပွဲကို ရှောင်လွှဲနေသည်မှာ လုံးဝမသင့်တော်ဘူး။ သမီး
တော်။ ဆင်ခြင်ပါ။ စဉ်းစားပါ။ လေ့လာပါ။ သုံးသပ်ပါ။ နိုင်ငံတော်
ည်ရေးနှင့်ယှဉ်သော် မိမိအရေးသည် ဖုံ့မွှားသာ ဖြစ်ရလိမ့်မည်" မယ်တော်
ဆင်ဖြူမရှင်မိဖုရားကြီး၊ ပြီးတော့ ကင်းဝန်မင်းကြီးနှင့် တိုင်တား
င်းကြီးတို့ကလည်း တစ်လှည့်ဝင်ရောက် ခစားကြပြန်သည်။ ကင်းဝန်
ကြီးဘိုးဆိုတာက သီပေါမင်းသား နန်းပလ္လင်ပေါ်ရောက်အောင် ပခုံးနှင့်
ခမ်းတင်ခဲ့သူ။ တိုင်တားမင်းကြီးဆိုတာက သီပေါမင်းသားကို နန်း မတင်
နေရအောင် တုတ်တပြက်၊ ဓားတပြက် လုပ်ခဲ့သော၊ တကယ့် ဒေါက်တိုင်
ကြီး။ သည်ဝန်နှစ်ပါးကိုယ်တိုင်က သီပေါဘုရင်၏ ရာဇာဘိသေကမင်္ဂလာ
ပွဲကျင်းပရန် အရေးကြီးပုံကို တိုးတိုးတမျိုး၊ ကျယ်ကျယ် တစ်မျိုးတင်ကြ
သည်။

သည်တော့မှ စုဖုရားလတ်က အလျှော့ပေးသည်။ "ဟယ် . . .
နောင်ခါလာ နောင်ခါချေးပေါ့။ ယခုတော့ ဘာပဲဖြစ်ဖြစ် သည်တစ်ပွဲတွင်
အလံဖြူတင်ရမည့်ကိန်း ဆိုက်ပါပေါ့"ဟု အလျှော့ပေးလိုက်ရတော့သည်။

ဗြိတိသျှသံအဖွဲ့ ရုပ်သိမ်းသွားပြီး နောက်တစ်နှစ် ခရစ်သက္ကရာဇ်
၁၈၈၀ ပြည့်နှစ်တွင် သီပေါဘုရင်မင်းမြတ်၏ ရာဇာဘိသေကမင်္ဂလာအခမ်း
အနားကြီးကို ဖွဲ့ချီးကျင်းပရတော့သည်။ ဘိသိက်ခံပွဲနှင့်အတူ သမီးတော်
စုဖုရားကြီးကိုလည်း အဂ္ဂမဟေသီ ဒေဝီမိဖုရားခေါင်ကြီးအဖြစ် တစ်ပါးတည်း
တင်မြှောက်ရသည်။ သီပေါဘုရင်သည် စုဖုရားကြီးကို ရွှေလက်ဆွဲ၍
အမရာသန နန်းပလ္လင်ကြီးပေါ်သို့ ခေါင်းမော်ပြီး တက်ရပေတော့သည်။

ဘိသိက်မင်္ဂလာသဘင် ဆင်ယင်သောနေ့က နန်းတော်တစ်ခုလုံး
ပျော်ရွှင်မြူးထူးနေသည်။ အရုဏ်တက်ချိန်တွင် သံဃာတော်များအား ဆွမ်း၊
ဘွယ်၊ ဘောဇဉ်တို့ဖြင့်လည်းကောင်း၊ ပရိက္ခရာငါးပါးဖြင့် လည်းကောင်း
ဆက်ကပ်လှူဒါန်းကြရ၏။ ဘိသိက်ခံရန်၊ နန်းပြဿဒ် အဆောင်သုံးဆောင်
ဆောက်လုပ်ရသည်။ ပထမပြဿဒ်ဆောင်တွင် ဘုရင်နှင့်မိဖုရားနှစ်ပါး၊
စုဖုရားကြီးနှင့်စုဖုရားငယ်တို့ ရေချိုး၊ ကိုယ်လက် သန့်စင်ပြီး ခေါင်းဆေး
မင်္ဂလာပြုရန်ဖြစ်၏။ ဒုတိယပြဿဒ်ဆောင်၌ ဘိသိက်မင်္ဂလာပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ရမည့် ဝတ်လဲတော်များကို ဘုရင်နှင့် မိဖုရားတို့ လဲလှယ်ရန် ဝတိယပြဿဒ်ဆောင်၌ ဘမရာသနပလ္လင်တော် ခန်းမသို့မဝင်မီ ဘုရင်နှင့် မိဖုရားတို့ ခေတ္တစံမြန်းနေရန် ဖြစ်လေသည်။

နေ့မွန်းတည့် ၁၂ နာရီတိတိ။ သီပေါဘုရင်မင်းမြတ်သည် မိဖုရား ခေါင် စုဖုရားကြီးကို လကျာလက်ကလည်းကောင်း၊ စုဖုရားလတ် သက်ဝဲလက်ဖြင့်လည်းကောင်း လက်တွဲပြီး ဘမရာသနပလ္လင်ခန်းမဆော သို့ကြွလှမ်း၍လာလေ၏။

အမှန်တော့ စုဖုရားလတ်သည် ဒုတိယအဆင့်၊ မိဖုရားအဖြစ်သာ ဤအခမ်းအနားသို့ တက်ရောက်လာခြင်းဖြစ်၏။ သို့သော် စုဖုရားလတ် မိမိကိုယ်မိမိ အထူးမွန်းမံခြယ်သထားသည်။ မိဖုရားခေါင်ကြီးဖြစ်လာ လိမ့်မည့် စုဖုရားကြီးနှင့်ယှဉ်သော် စုဖုရားလတ်က ခေတ်ရှေ့သို့ခြေတစ်လှမ်း ပြေးနေ၏။ စုဖုရားကြီးမှာ သိကြသည့်အတိုင်း ရိုးရိုးကြီး ဆင်ယင်လာ သည်။ သို့သော် ကျက်သရေဖြင့် တင့်တယ်သော စုဖုရားကြီး၏ မျက်နှာ အလှသည် အဂ္ဂမဟေသီဒေဝီ မိဖုရားခေါင်ကြီးဘွဲ့နှင့်ကား တင့်တယ်ပါပေ ၏။ ရာဇဘိသေကမင်္ဂလာပွဲသည် သီပေါဘုရင်အားဝစ်ရသောထီးဆောင်း မင်းတို့၏ ဧကရာဇ်အဖြစ် တင်မြှောက်သလို သီပေါဘုရင်နှင့်စုဖုရားကြီး တို့၏ ထိမ်းမြန်းမင်္ဂလာ လက်ထပ်ပွဲကြီးဟုလည်း ဆိုနိုင်ကြ၏။ ကြည့်လေ သည်ပွဲမှာပင် စုဖုရားကြီးကို သီပေါဘုရင်မင်းမြတ်၏လကျာတော်စံအဂ္ဂ မဟေသီဒေဝီ မိဖုရားကြီးအဖြစ် တရားဝင် ကြေငြာခဲ့သည်ပဲမဟုတ်လား

BURMESE CLASSIC .com

ရာဇဘိသေက မင်္ဂလာပွဲ၌ ပုဏ္ဏားတော်များက ဂါထာမန္တန်များ ရွတ်ဖတ်၏။ ဧကရာဇ်ဘုရင်မင်းမြတ်နှင့်မိဖုရားခေါင်ကြီးတို့ကမင်းကျင့် တရားဆယ်ပါးနှင့်အညီ ကျင့်ကြံအုပ်စိုးမည်ဖြစ်ကြောင်း သစ္စာပြုကြရသည် ပြီးတော့ ဝန်ကြီး၊ ဝန်လတ်၊ ဝန်ငယ်တို့က သီပေါဘုရင်မင်းတရား ဘုန်းတော်အနန္တ၊ ကံတော်အနန္တ ကြီးမြတ်ပုံကို ဂုဏ်တင်လျက် ရွတ်ဆိုခြ လျှောက်တင်ကြလေသည်။

စုဖုရားလတ်သည် ထိုနေရာမှာပင် ဘဝင်မကျဖြစ်ရသည်ထင်ပါရဲ့ ရာဇဘိသေကပွဲကျင်းပပြီး ဘာမျှမကြာသေးမီ ခေါင်းအုံသည်ဟု အကြောင်း ပြပြီး၊ အခမ်းအနားက ထွက်ခွာသွားလေသည်။ ခေါင်းအုံတာမှ တကယ်



ဟုတ်ပါစ။ ဘာဖြစ်လို့လဲဆိုတော့ ဘမရာသနပလ္လင်ပေါ်မှာ စုဖုရားလတ် က ထိုင်ခွင့်မရှိဘူးမဟုတ်လား။ စုဖုရားလတ်သည် ဘမရာသနနန်းပလ္လင် ပေါ်ရှိ မောင်တော်ဘုရင်မင်းတရားနှင့် အစ်မတော် စုဖုရားကြီးတို့ တူစုံတွဲ မြန်းနေသည်ကို မျက်စိစပါးမွေး စူးနေဟန်ရှိ၏။ မိမိစံမြန်းရာသလွန်တော် မှနေ၍ ဘမရာသနပလ္လင်တော်ပေါ်ရှိ ဘုရင်နှင့်မိဖုရားခေါင်ကြီးတို့ထံ စုဖုရားလတ်က မျက်စောင်းတခဲခဲရှိနေသည်။ ခဏအကြာ ဘိသိက်ပွဲအပြီး မင်းမိဖုရားတို့ ပွဲသဘင်ကြည့်တော့မည့်ဆဲဆဲတွင် စုဖုရားလတ်က ချက်ချင်း ကြီး ထပြန်သွားခြင်းဖြစ်လေသည်။

စုဖုရားလတ်သည် ပွဲသဘင်ကို ရှုစားခြင်းမပြုတော့ဘဲ အခြွေအရံ များ ဝန်းပတ်လျက် ရုတ်တရက်ထပြန်သွားသည်။ နှမတော်ဖုရား စိတ်ကသိ ကအောက်ဖြစ်ကာ ထပြန်သွားသည်ကို ဘမရာသနပလ္လင်တော်မှ သီပေါ မင်းတရား သိလိုက်၏။ မင်းတရားသည် ရာဇပလ္လင်ကို ငုံ့ကွက်မအားဘဲ ခေါင်းငုံ့၍လိုက်ကြည့်သည်။ စုဖုရားကြီးလည်း ဘမရာသနပလ္လင်ပေါ်မှ နေ၍ သီပေါမင်းမျက်စိကစားရာသို့ လိုက်ကြည့်သည်။ မောင်တော် ဧကရာဇ်ဘုရင်မင်းမြတ် အဖြစ်သည်းနေပုံကို မိဖုရားခေါင်ကြီး ရှုမြင်လိုက်ရ ပြီ။ မိဖုရားခေါင်ကြီးသည် သက်ပြင်းတစ်ချက်ကို ခိုးပြီးချလိုက်ရှာ၏။ ထိုသည်သက်ပြင်းကို "ဇော"ကပ်နေသော မင်းတရားသည် သတိမမူမိ လိုက်ရှာ။ သို့သော် မိဖုရားခေါင်ကြီး စုဖုရားကြီးသည် ညဦးအချိန်ကျရောက် သောအခါ ယခုလို သက်ပြင်းရှည်ကြီးချပြီး တစ်ညဦးလုံး စိတ်သောက ရောက်ခဲ့ရရှာသည်။ အကြောင်းမှာ တစ်ရာသော ထီးဆောင်းမင်းတို့၏အရှင် သီပေါဘုရင်သည် ထိုနေ့ညဦးတွင် မိဖုရားခေါင်စုဖုရားကြီး အဆောင်တော် သို့ လုံးဝလှမ်းမကြွခဲ့။ ထိုအချိန်တွင် သီပေါဘုရင်သည် ချစ်လှစွာသော နှမတော်စုဖုရားလတ်၏ အဆောင်တော်ဝယ် စိတ်ကောက်နေသော ချစ်သူ ကို ချော့မော့ရင်း ချစ်တေးပွင့်များ သီကျူးနေမည်မှာ မြေကြီးလက်ခတ် ငွဲ။

တကယ်ဆိုသော် အတိုင်းတိုင်း အပြည်ပြည်ပေါ် ကြားလို့မှမတော် သည့် သတင်းစကားပေပဲ။ ဘယ့်နှယ်လဲ။ ဘိသိက်ခံ ဘုရင်မင်းမြတ်သည် ဘိသိက်ပွဲသဘင် ဆင်ယင်သည့်နေ့တွင်ပင် မိဖုရားခေါင်ကြီးအဆောင်သို့

www.burmeseclassic.com

www.burmeseclassic.com



မကြွဘဲ တစ်ဆင့်နိမ့်သော ဒုတိယမိဖုရားအဆောင်တော်မှာပဲ တစ်ညဉ့်လုံး စံတော်မူလေသတဲ့။

ဒါကတော့ ထူးသည်လည်းမဆိုသာ။ ဆန်းသည်လည်းမပြောနိုင်။ အပြစ်တင်စကားလည်း လျှောက်ကြားလို့မဖြစ်။ သီပေါဘုရင်က ရှင်ဘုရင် မဟုတ်လား။ ပြောစမှတ်ရှိသားပဲလေ။ "ငါ့ရှင်ဘုရင်၊ ဘယ်နှစ်ပတ် ပတ်ပတ်" တဲ့။ သည်မှာပင် ပြောစရာစကားကလေးတစ်ခု သတိရပါသေး

သီပေါမင်းတရားသည် ချစ်မြတ်နိုးတော်မူရင်းရှိသော နှမတော် စုဖုရားလတ်၏ အဆောင်တော်သို့ ကြွလှမ်းသည့်အခါ အချိန်အကန့် အသတ်မရှိ သဘောဆန္ဒတော်ပြည့်သလို စံမြန်းလေ့ရှိ၏။ ဘုရင်မင်း မြတ်တို့မည်သည် မိဖုရားများ၏ အဆောင်တော်သို့ ကူးသန်းသွားလာသည့် အခါ အလိုတော်ပြည့်ဝလျှင် ဘုရင့်စက်ရာခန်းဆောင်သို့ ပြန်ကြွမြဲဖြစ်၏။ သီပေါမင်းတရားမှုကား ထိုသို့မဟုတ်။ စုဖုရားလတ်၏အဆောင်တော်သို့ ရောက်လျှင် သန်းခေါင်ယံလည်းမပြန်၊ ကြက်ဦးတွန်လည်း သတိမပြု အရုဏ်နီလာလျှင်လည်း ဂရုမထား၊ အဲဒီလိုနေထိုင်ပါများတော့ မှူးကြီး မတ်ကြီးတို့က ဘုရင်ကိုအကြံပေးကြသည်တဲ့။ မသင့်တော်ပါဘုရား မလျော်ကန်ပါဘုရား။ နန်းဓလေ့ထုံးစံနှင့် မညီညွတ်ပါဘုရား။ ရွှေညဏ်ရှင် ဆင်ခြင်သင့်ပါသည်ဘုရား။

ထိုအခါ သီပေါဘုရင်မင်းတရားက ဘယ်သို့ မိန့်တော်မူပါသလဲ။ "ထုံးစံရှိတယ်ဆိုပေမယ့် လုပ်ရင်လဲဖြစ်တာပါပဲ ဘိုးဘိုးတို့ရယ်"ဟု မိန့်ကြားသည်ဟု ဆိုလေသည်။[၁]

သီပေါဘုရင်မင်းမြတ်နှင့် စုဖုရားလတ်မိဖုရားတို့ကား သူတော်ချင်း ချင်း၊ သတင်းလွှေလွှေ၊ ပေါင်းဖက်တွေ့ဟုဆိုရမည်ထင်ရဲ့။ စုဖုရားလတ် သည် ရွှေနန်းသုံး ကာမသျှတ္တရကျမ်းကို အသုံးမလိုတော့ပြီဟု သတ်မှတ် ပြီး မာရ်အောင်ရတနာစေတီတော်အတွင်း၌ ဌာပနာမြှုပ်နှံပစ်စေသည်ဟု ဆိုသည်။ ထိုအချက်နှင့်ပတ်သက်၍ သီပေါမင်းနန်းတွင်းရေးစာအုပ်တွင် ဤသို့ ဖော်ပြခဲ့လေသည်။[၂]

၁။ သီပေါမင်းနန်းတွင်းရေး စာ – ၆၉။

၂။ သီပေါမင်းနန်းတွင်းရေး စာ – ၅၉။



"ရှေးရှေး ဘေးတော်၊ ဘိုးတော်များ ဖြစ်တော်မူကြကုန်သော မြန်မာဘုရင် မင်းကောင်းမင်းမြတ်အဆက်ဆက်တို့သည် မြန်မာပြည် ဦးနန်းကို အရှည်တည်တံ့အောင် သဏ္ဌိ၊ ဗျတ္တိတို့နှင့်ပြည့်စုံသော သားကောင်းရတနာပွားမြင်နိုင်သော ကောင်းမြတ်ခြင်းလက္ခဏာ အစုံအလင် ပါရှိသော မိဖုရားကောင်း၊ မိဖုရားမြတ် ရွေးချယ်နိုင်ကြစေခြင်းငှာ အထူး သဖြင့် ရွှေသားအဖုံး အဖိုးတန် ကျောက်မျက်ရတနာများစီ ရွှေပိန်းချလျက် ရွှေမင်ရေး ကောင်းမွန် သေချာကျနစွာ ပြုလုပ်ထားသော ကာမသျှတ္တရ ကျမ်းရှိသတည်း။ ရှေးရှေးကမင်းများသည် ထိုကာမသျှတ္တရကျမ်းလာ အတိုင်းပင် စိစစ်ရွေးခြယ်ပြီးမှသာ မိဖုရားမြှောက်ကြသည်။ ကုန်းဘောင်မင်း ဆက်ဖြစ်သော ဘကြီးတော်မင်းတရားသည် နန်းစဉ်ကာမသျှတ္တရကျမ်း ကို မလိုက်နာဘဲ ဆင်းရဲသားအမျိုးအနွယ် အသိအလိမ္မာဉာဏ်အမြော် အမြင်လည်းမရှိ သူတစ်ပါးတို့အပေါ် မေတ္တာကရုဏာ အလွန်တရာနည်းပါး သော မယ်နုကိုကောက်ယူကာ မိဖုရားတင် အမှားကြီးမှားသောကြောင့် ထိုမင်းလက်ထက်ကစ၍ မြန်မာရာဇဝင်ငြိုးလေ၏"

ထိုနန်းစဉ်ပရပိုက် ကာမသျှတ္တရကျမ်းစာကို မိဖုရားစုဖုရားလတ်က သေချာစွာကြည့်ရှုပြီးလျှင် ထိုကျမ်းကို မန္တလေးမြို့အရှေ့ဘက် ဝါခင်းကုန်း ဘုရား ဟုခေါ်သော မာရ်အောင်ရတနာစေတီတော်ကြီးအတွင်း၌ သွတ်သွင်း ဌာပနာကာ မြှုပ်နှံသဂြိုဟ်ပစ်ခဲ့သည်။

အထက်ပါကျမ်းလာ ဖော်ပြချက်ကိုလေ့လာပြီးနောက် မေးစရာရှိလာ ပြီ။ မိဖုရားစုဖုရားလတ်သည် နန်းစဉ်ကာမသျှတ္တရကျမ်းကို အဘယ့်ကြောင့် ဤသို့ ဖျောက်ဖျက်ပစ်ခဲ့သလဲ။ နန်းစဉ်ကာမသျှတ္တရကျမ်းလာ မိန်းမတို့၏ ဘြန်အင်လက္ခဏာနှင့် စုဖုရားလတ်က ညီညွတ်ခြင်းမရှိလို့လား။ ဆန့်ကျင် နေလို့လား။ တိတိကျကျကား ဘာမျှမပြောနိုင်။ မဆိုနိုင်။ မဝေဖန်နိုင်။ ဖြစ်ရပ်အမှန်ကို စုဖုရားလတ်မိဖုရားကသာ မိန့်ဆိုနိုင်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅။ ပြိုလဲသွားသော စိတ်ကူးယဉ်နိုင်ငံတော်

## က

နန်းတော်တွင် မိဖုရားခေါ်
စုဖုရားကြီး တန်ခိုးရှိန်ဝါ နည်းပါး
နေသည်နှင့်အမျှ စုဖုရားလတ်၏
တန်ခိုးရှိန်ဝါ ကြီးထွားနေလေသည်။
စုဖုရားလတ်သည် နေ့ညီလာခံများ
သို့ ဘုရင်မင်းမြတ်နှင့်အတူ နန်း
ကိုယ်ယှဉ်တွဲပြီး တက်လေ့ရှိသည်။
ဘုရင်စီမံခန့်ခွဲနေသည့် နိုင်ငံတော်
ကိစ္စရပ်များတွင် အထင်ကရပါဝင်
၍အကြံပေးသည်။ စီမံသည်
ဆောင်ရွက်သည်။

သည်မှာပင် စိတ်မကောင်း
စရာကလေးတွေဖြစ်လာသည်။
ဝန်ကြီး မှူးကြီး မတ်ကြီးတို့
အလျှောက်အတင်များကို စုဖုရား
လတ်က သဘောမကျသော် မိဖုရား
သည် ပျစ်ပျစ်နှစ်နှစ် အပြစ်တင်
တတ်သည်။ တစ်ခါတစ်ရံ မောင်းမဲ



ကြိမ်းဝါးသည်အထိ ပြုတတ်ပြောတတ်သည်။ သီပေါဘုရင်က မိဖုရား၏ စကားအပြောအဆိုကို မနှစ်သက်။ ဘာသာရေးအဆုံးအမများ၏ ရိုပ်သာမှာ ကြီးပြင်းလာသောမင်းတရားသည် ချစ်မိဖုရား၏ အပြောအဆိုရင့်သည်းမှုအပေါ် သဘောမကျ။ မိဖုရားက ကိုယ့်အဘိုးအရွယ် ဝန်အို၊ မတ်အိုကြီးများအား ရင်ပဲ့ဆဲ ပြောဆိုနေသံကို ကြားရသော် "နှမတော်ကလဲ ဒီလိုတော့ မပြောသင့်ပေဘူး"ဟု ဖျောင်းဖျသည်။ နားချသည်။ သို့သော် စုဖုရားလတ်က အလျှော့မပေး။ မိဖုရား၏ မာနတံခွန်သည် ကောင်းကင်တွင်တလူလူ။ သို့သော် ဒါကလည်းအမြဲတော့မဟုတ်။ ဘုရင်နှင့်မိဖုရားတို့သည် တစ်ခါတစ်ရံ တစ်စိတ်ထဲတစ်ဝမ်းထဲဖြစ်ကြသည့် အချိန်အခါများလည်း ရှိတတ်သည်။ တစ်ခါတစ်ရံ စုဖုရားလတ်က ဒေါသအကြီးအကျယ်ဖြစ်၍ ဒေါက်ကွဲနေပြီဆိုလျှင် သီပေါဘုရင်ဝင်၍ ဖျောင်းဖျသည်နှင့် အရာခတ်သိမ်း ငြိမ်းချမ်းခဲ့သည်များ ရှိဖူးပါ၏။ ဥပမာပြရသော် မိဖုရားအချစ်ဆုံး နိုင်ငံခြားမှ သဘော်ခွေးကလေး သေဆုံးခဲ့စဉ်က အဖြစ်ကိုပဲကြည့်ပါ။

စုဖုရားလတ်သည် တစ်ကြိမ်တွင် နိုင်ငံခြားခွေးကလေးတစ်ကောင် လက်ဆောင်ဆက်သခြင်းခံရ၏။ နိုင်ငံခြားခွေးလက်ဆောင်ဆိုတော့ ဆက်သသူက ဘယ်သူဖြစ်ဦးမှာလဲ။ စုဖုရားလတ်ထံမှာ အမြဲမပြတ်ခစားနေသော နိုင်ငံခြားအပျိုတော် မတ်တီပဲဖြစ်မှာပေါ့။ ထားပါ။ ပြောချင်တာက ခဲသည့်ခွေးကလေး အနိစ္စသဘောနှင့် ကိစ္စချောခဲ့သောအကြောင်း။

မိဖုရားက ခွေးဖြူကလေးကို ချစ်လွန်း၍ "ပုလဲ"ဟုအမည်ပေး၏။ သဘော်ခွေးဖြူကလေးမှာ အလွန်ချစ်စရာကောင်းလှသည်။ လူစကား ပြောရုံတမယ်ပဲ။ သူ့ကိုဘာပြောပြောသိသည်။ ငေါက်လိုက်လျှင်အမြီး ကလေးကုပ်ပြီး တံခါးကြားထဲ ဝင်ပုန်းနေတတ်သည်။ သူ့ကိုချော့မြူကလူ ကြည့်စယ်လျှင် လူ့ခြေထောက်ကို ခေါင်းကလေးနှင့်တဝှေ့ဝှေ့။ စုဖုရားက လက်ခုပ်တီးလိုက်လျှင် ခွေးဖြူကလေးသည် မြေပြင်မှာဖင်ထောင်ပြီး လက်ကလေးနှစ်ဖက်ကို တမြှောက်မြှောက်နှင့် ရှိခိုးပြသည်မှာ ချစ်စရာ ကောင်းစရာ၊ ကြည်နူးစရာ။

တစ်နေ့တွင် မိဖုရား၏ အချစ်တော်ခွေးကလေး ရုတ်တရက်ပျောက် သွားသည်။ မိဖုရား၏ အပျိုတော်ငါးရာတို့သည် နန်းတော်အနှံ့ လှည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှာကြဖွေကြသည်။ သို့သော် ခွေးဖြူကလေး"ပုလဲ"ကို ရှာမရ ဖွေမရ မိဖုရားဒေါသမီးကို ဓာတ်ဆီနှင့်ပက်သလို ဖြစ်နေပြီ။ မိဖုရား၏ဒေါသအိုး သည် တုတ်မထိုးဘဲ ပွင့်အာလေပြီ။

"ဟဲ့ ငါ့ခွေးဖြူကလေး ဘယ်သူခိုးသွားသလဲ၊ ရှာကြစမ်း။ ဖွေကြ စမ်း။ ခွေးခိုးတဲ့တရားခံကိုတွေ့ရင် အသေသတ်မယ် ဒါပဲ"

မိဖုရားသည် ဒေါသတကြီး အော်ဟစ်မာန်မဲ၍နေရှာသည်။ မိဖုရား ဒေါသပွားလျှင် အနားမှာ ဘယ်သူမှ မနေရဲကြ၊ မနေဝံ့ကြ။

အပျိုတော်ခေါင်းများကတော့ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပဲ တင်ပြ လျှောက်ကြရသည်။ သည်ခွေးကလေးကို ဘယ်သူမှ ယူဝံ့မည်မဟုတ် ခိုးဝံ့မည်မဟုတ်။ တစ်နေရာရာတွင် သေချာစွာရှိပါလိမ့်မည်။ ရှာနိုင်ဖွေနိုင် လျှင် တွေ့မည်ဧကန်ပါပဲဟု မရဲတရဲရှင်းပြကြရသည်။ မိဖုရား၏ ဒေါသကားမပြေ။ အဖြေကားမရ။

သို့သော် မကြာမီပင် မိဖုရားအတွက် အဖြေရပါပြီ။ မိဖုရားသည် အလွန် "မှန်"ကြိုက်သည်။ မိဖုရားက မှန်ကိုနှစ်သက် မြတ်နိုးသည်ဟု သည်။ မြန်မာစကားပုံကတော့"အကျည်းတန် မှန်ကြိုက်"ဟု ဆိုရိုးရှိသည် သို့သော် မိဖုရားစုလတ်၏ဓါတ်ပုံများကို အားလုံးမြင်ဖူးကြသည် စုဖုရားလတ်သည် စင်စစ် အကျည်းတန်သူမဟုတ်ရှာပါ။ အချောအလှကြီး မဟုတ်ခဲ့လျှင်တောင် မိဖုရားတပါးအဖြစ် ကြည့်ပျော်၊ ရှုပျော်၊ ကြည်ညို လေးစားဖွယ်ရှိသည့် ဥပဓိရုပ်ပါ။ ထားတော့။

ယခုပြောချင်သည်မှာ အဲသည့်မှန်ကိစ္စ။ နန်းတော်တွင်းမှာ ကြေး မှန်ချပ်ကြီးတွေက ဟိုတစ်ချပ် ဒီတစ်ချပ်၊ နံရံမှာကပ်သည်ကကပ်၊ ခွာသည် ကခွာ၊ မှီသည်ကမှီ၊ ရွှေ့သည်ကရွှေ့၊ ပြောင်းသည်ကပြောင်း။

အဲသည်လို ရွှေ့ပြောင်းရာက ပြဿနာစလေသည်။ မိဖုရား၏အမိန့် ဖြင့် ကြေးမုံမှန်ချပ်ကြီးတစ်ခုကို နေရာရွှေ့ကြသည်။ နေရာရွှေ့သူတွေ နန်းတွင်းရှိ ဘုရင့်စစ်သည်တော်တွေ။ ခွေးကလေးမှာ ထိုနေ့က ရွှေ့ ပြောင်းသော မှန်ချပ်ကြီးနောက်မှာကပ်ပြီး အသက်ပျောက်နေသည်။ အ တော်တစ်ချို့က ကြေးမုံမှန်ချပ်ကြီးအနားမှာ ပုတ်စော်နံနေသည်ဟုပြော မှန်ချပ်ကြီးကို လူလေးငါးဆယ်ယောက် ဝိုင်းမကြည့်သည်။ ထိုအခါမှ



မှန်ချပ်ကြီးနောက်မှာ ခေါင်းညှပ်ပြီး အသက်ပျောက်နေသော ခွေးဖြူကလေး ကိုတွေ့ရသည်။ ခွေးကလေးမှာ အသံထွက်အောင် မအော်သွားနိုင်ဘဲ ခေါင်းပြား၍ သေရှာလေသည်။

သည်အကြောင်းခြင်းရာကို တင်သည့်အခါ မိဖုရားသည် ယမ်းပုံမီး ကျ ဒေါထတော့သည်။ "ငါ့ခွေးကလေးကို သတ်ပစ်တဲ့ အကောင်တွေ ဘယ်သူလဲ၊ ကြေးမုံမှန်ချပ်ကြီးကို ရွှေ့ခဲ့တဲ့စစ်သည်တွေကို အပြစ်ပေးရမယ် ငါ့ခွေးကလေးသေသလို ဒင်းတို့လဲ သေရမယ် သေရမယ်"

မိဖုရား၏ဒေါသအိုး ပေါက်ကွဲပြီမဟုတ်လား။ အနားကို မည်သူမှ ကပ်ရဲကြ။ မသီရဲကြ။ တော်တော်ကြာ သေဒဏ်ပေးသည့်စာရင်းထဲ ပါသွားလို့ ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားလိမ့်မည်။

BURMESE CLASSIC .com

သည်အချိန်မှာ မိဖုရားအပါးသို့ သီပေါမင်းတရားရောက်လာပြီး ချောင်းဖျလေသည်။ "သည်းခံနှမတော် သည်းခံပါတော့၊ ဤလောကတွင် အနိစ္စသဘောတရားသာ လွှမ်းမိုးနေသည်မဟုတ်လား။ ဘယ်သူမှအမြဲမရှိ သော အဓိပ္ပါယ်ကို နှမတော်ဆင်ခြင်သင့်သည်မဟုတ်လား။ သည်ခွေး ယ်ကလေးသည် သူ့ကံကြမ္မာနှင့်သူမပြေသော သဘောတရား၏ နှိပ်စက် ခြင်းကို ခံသွားရခြင်းမဟုတ်ပါလား။ သည်ကြေးမုံမှန်ချပ်ကြီးမှာ လူ ဆယ့်လေးငါးယောက်ဝိုင်းမမှသာ နေရာရွှေ့နိုင်မည်။ သည်မှန်ချပ်ကြီးကို င်းမခဲ့သူ လူတွေ၏အသက်ကို ခွေးတစ်ကောင်နှင့် လဲလှယ်ရတော့မှာ လား။ သည်လူတွေကို အဆုံးစီရင်လိုက်၍ကော သည်ခွေးကလေး အသက် ပြန်ရှင်လာနိုင်မည်လား။ စဉ်းစားဖွယ်၊ ချင့်ချိန်ဖွယ်၊ နှိုင်းရှည့်ဖွယ်တွေကား များစွ။ များစွ" ပထမကျော်ရှင်ဘုရင်သည် တရားဓမ္မနှင့်ယှဉ်သော စကား ကို ပြောပါလေပြီ။ တရားဓမ္မနှင့်ပြည့်ဝသော အသုံးအနှုန်းကို သုံးပါလေ ပြီ။ တရားဓမ္မနှင့်နွယ်သော အဆုံးအမဖြင့်ဆုံးမလေသည်။

တကယ်တော့ စုဖုရားလတ်သည် ရွှေဉာဏ်ရှင်မို့ ဆင်ခြင်နိုင်မည် ပင်သည်။ မောင်တော်သီပေါမင်းတရားက ရှည်လျားသော အဓိပ္ပါယ်တစ် စုံ အဖြေထုတ်ပြသောအခါ မိမိဘာလုပ်သင့်သည်ကို နားလည်သွားရှာ သည်။ မိဖုရားသည် မောင်တော်ဘုရား၏ပခုံးကို သိုင်းဖက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com





ပြီးတော့ မောင်တော်ဘုရား၏ရင်ခွင်မှာ ခေါင်းသိပ်ရင်း ယူကြုံးမရ ငိုကြွေး နေရှာလေသည်။

ရှင်ဘုရင်နှင့် မိဖုရားတို့၏ဆက်ဆံရေးက ဤသို့ ကိုင်းကျွန်း ကျွန်းကိုင်းမှီ။ တစ်ဦးနှင့်တစ်ဦး ပစ်ပစ်ခါခါမရှိ။ နှစ်လွှာပေါင်းမှတစ်ရွ ဆိုသော စွယ်တော်ချက်မေတ္တာဆိုတာ ဒါမျိုးများဖြစ်နေမည်လားမသိ။

စဉ်းစားကြည့်ကြပါတော့။ အရှင်နှစ်ပါးတို့မှာ ထိုစဉ်အခါတုန်း အသက်အရွယ်ကငယ်သည်။ နှစ်ဆယ်ပင် မပြည့်ကြသေးဟု ဆိုသည် မဟုတ်လား။ သည်တော့ အသည်းလေး နုနုငယ်ငယ် တကယ်ပဲ ချစ်ခ ကြ၊ ကြင်နာကြ၊ မြတ်နိုးကြ၊ တွယ်တာကြသည်။

ငယ်ရွယ်သူတို့ဘာဝ အရှင်နှစ်ပါးတို့ ဘယ်လောက်တောင် ပျော်ရွ ကြင်နာခဲ့ကြသလဲ။ မယုံလျှင် ပုံပြင်မှတ်ကြတော့။ ဘုရင်နှင့်မိဖုရားသည် အားလပ်သည့်အခါ နန်းတော်ထဲမှာ ဂူတူပုန်းတမ်း ကစားကြသတဲ့ ထမင်းချက်တမ်း ကစားကြသည်တဲ့။ ဟုတ်ပါရဲ့လား။

ဟုတ်သမှ သိပ်ဟုတ်ဟုပင်ဆိုရတော့မည်။ ဘုရင်နှင့်မိဖုရားသည် တစ်ကြိမ်တွင် အပျော်တမ်း ထမင်းချက်စားကြသော ဖြစ်ရပ်မှာ ရွှေနန်း တော်တွင်းက ပုံပြင်များအဖြစ် ပြောစမှတ်ကျန်ခဲ့သည်လေ။

နွေ နေ့လည်ခင်းတစ်ခုမှာ ဘုရင်နှင့်မိဖုရားတို့ ထမင်းဟင်းချက် တမ်း ကစားကြသည်တဲ့။ "ဟဲ့ ငါတို့ ထမင်းဟင်းချက်တမ်း ကစားကြ မယ်၊ ဟင်းချက်စရာတွေကို စားဖိုဆောင်က သွားမယူကြနဲ့၊ လိုတာတွေဝ ပေး" ဟု မိဖုရားကခိုင်းသည်။ အပျိုတော်ကလေးတွေမှာ ဘုရင်နှင့်မိဖုရား ထမင်းဟင်း ချက်တမ်းကစားကြမည်ဆိုတော့ ပြုံးချင်ရယ်ချင်ကြသည် သို့သော် မပြုံးရဲကြရှာ။ မရယ်ဝံ့ကြရှာ။ နန်းတော်ထဲမှာ အပြုံးမတတ်လျှ သေပွဲဝင်သည်အထိ ကြမ္မာဆိုးသွားနိုင်သည်။ သို့နှင့် ခိုင်းသမျှကိုစေ့ငှအော လုပ်ပေးကြရသည်။

သီပေါဘုရင်က မီးမွှေးပေးသည်။ ဘုန်းကြီးကျောင်းသား လုပ်ခဲ့ သော ရှင်ဘုရင်ခမြာ မီးမွှေးနည်းပညာကို မေ့နေလေပြီ။ ထမင်းအိုးတည် အုတ်ခဲတည်တာကအစ ဆရာမပြ နည်းမကျ။ သည်တော့ အပျိုတော် ကလေးတစ်ဦးက ပြန့်ကျဲနေသော အုတ်ခဲသုံးလုံးကို ဖိုခနောက်ဆိုင်တည်

ပေးရသည်။ မီးမွှေးတော့လည်း မီးက ထင်းစမှာမစွဲလောင်။ ဒါလည်း အပျိုတော် ကလေးကပင် ဝင်ပြီးကူညီရသည်။ ဆန်လည်းမဆေးတတ်။ ရေလည်း မထည့်တတ်။ ချက်သည့်ထမင်းကလည်း မနပ်တနပ် ခိမ်း တတ်ဇတ်။

ထိုနေ့ကဟင်းမှာ ရွှေဖရုံသီးဟင်း။ ရွှေဖရုံသီးကို အခွံပင်မနွှာတတ်။ အခွံကိုဘယ်လိုပယ်ရှင်းရမည်ဟု မသိတော့ သည်အတိုင်းပဲ တုံးတစ်ပြီး ချက်သည်။ ရွှေဖရုံသီးအတုံးတွေမှာ လက်မလောက်၊ ခြေမလောက်မှသည် အက်သီးဆုပ်လောက် ကြီးတာလည်းပါသည်။ ဖရုံသီးဟင်းထဲ ထည့်မည့် ငြုပ်သီးတွေကလည်း မနည်းပါလား။ ငြုပ်ဆုံထဲငြုပ်သီးတွေ တစ်ဆုပ်တစ်ခဲ ထည့်ပြီးထောင်းတော့ မညက်နိုင်။ အပျိုတော်ကလေးတစ်ဦးက ငြုပ်သီး ညက်အောင် ရေစိမ်ပြီးထောင်းရတယ်ဟု အကြံပေး၏။ ဘာခက်သလဲ ငြုပ်ဆုံထဲ ရေနည်းနည်း ထည့်ပေးလိုက်ရင် ပြီးတာပဲဟု မိဖုရားက ပြောပြောဆိုဆို ရေထည့်ပြီးထောင်းသည်။ အဲသည်တော့မှ ဒုက္ခတွေပင်လယ် ဆင့်ပြီ။ ငြုပ်သီးမှ ရေက မိဖုရားမျက်လုံးထဲဝင်တော့ မိဖုရားခမြာ ကယ်ပါ ယူပါ တစာစာအော်နေရရှာပြီ။ ရုတ်ရုတ်သဲသဲဖြစ်ပြီး မကြာခင်မှာပင် မီးဖိုပေါ်တွင် ဟင်းအိုးတည်ပြီးသွား၏။ ငြုပ်သီးတွေက ရဲရဲတောက်၊ ဆီတွေကအိုင်ထွန်း၊ သည်အတွင်း ဖရုံသီးဟင်းထဲမှာ မဆလာမှုန့်တွေလည်း ထည့်ထားသေး၏။ သည်ဟင်းမျိုးကို ဘယ်သူချက်တတ်ပါ့မလဲ။ မကြာခင် ဟင်းကျက်ပြီဆိုပြီး မိဖုရားက ဟင်းအိုးကို မီးဖိုမှချ၏။ လက်နှီးမကိုင် အဝတ်စမကိုင်နှင့် မိဖုရားခမြာ လက်ပူလောင်မှပင် သတိရတော့၏။ "အောင်မလေး ပူလိုက်တာဟဲ့ ဘာနဲ့ကိုင်ရသလဲ၊ ဘာတဲ့၊ လက်နှီး၊ ဟုတ်လား ပေးစမ်း ပေးစမ်း"

ထမင်းလည်းကျက်ပြီ။ ဟင်းလည်းကျက်ပြီ။ ထမင်းကရေစပ်စပ်နှင့် နပ်တနပ်။ ဖရုံသီးဟင်းကလည်း အတုံးလိုက်အတစ်လိုက်၊ ငရုပ်သီးကရဲရဲ၊ ဆီကရွှဲရွှဲ၊ မဆလာနံ့ကဲကဲ။ ဘယ်လိုလုပ်စားကြရပါ့လဲ။

ဘာပူစရာရှိပါလိမ့်။ မိဖုရားကအပျိုတော်တွေကို အမိန့်တော် ချတ်လေသည်။ "ဟဲ့ ငါတို့မဆာသေးဘူး၊ ညီးတို့ပဲစားလိုက်ကြတော့"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လိုပဲ ဘုရင်နှင့်မိဖုရားတို့သည် နေ့ညီလာခံ၊ ညဥ့်ညီလာခံ စဲချိန်မှာ အပျင်းတော်ပြေရအောင် နည်းအမျိုးမျိုးနှင့် ကစားကြသတဲ့။ အပျိုတော်များမှာတော့ အခစားဝင်ကြရင်း ဘုရင်နှင့်မိဖုရားတို့ မျက်နှာတော် အရိပ်အကဲကို ကြည့်နေကြရသည်။ ဘုရင်နှင့်မိဖုရားတို့ ဘာလုပ်တမ်း ကစားချင်ကြသလဲ။ အရှင်နှစ်ပါး ဆန္ဒများအတိုင်း တသွေမတိမ်း ဆောင်ရွက်ပေးနိုင်ရန် အစဉ်အသင့်။

တစ်ကြိမ်တွင်တော့ မိဖုရားအရိပ်အကဲကို နားမလည်ရှာသော အပျိုတော်ကလေးတစ်ဦးမှာ ပျာယီးပျာယာနှင့် ဘာလုပ်ရမှန်းမသိ၊ ဘာကိုင်ရမှန်းမှသိ ဖြစ်ဖူးလေသည်။

ထိုနေ့က ဉယျာဉ်တော်အတွင်းက ရေကန်တော်မှာ ဘုရင်နှင့်မိဖုရား တူတူပုန်းတမ်း ကစားကြသည်။ မိဖုရားက ပုန်းလိုက် ဘုရင်ကရှာလိုက်၊ ဘုရင်ကပုန်းလိုက် မိဖုရားကရှာလိုက်နှင့်။ ကြာတော့ ဘုရင်မင်းမြတ်မှာ သည်လိုပုန်းရတာကို ငြီးငွေ့လာသည်ထင်ရဲ့၊ ရေကန်စောင်းက သလွန်နန်းမှာ အပန်းဖြေရင်း ထိုင်နားနေ၏။

သည်အချိန်မှာ မိဖုရားစုဖုရားလတ်က မနားချင်သေး။ မထိုင်ချင်သေး။ ထို့ကြောင့် အပျိုတော်တွေကိုခေါ်ပြီး "ညီးတို့နဲ့ငါ တူတူပုန်းတမ်း ကစားကြမယ်" ဟုပြောသည်။

အပျိုတော်ကလေးများမှာ ထိတ်ထိတ်ပျာပျာဖြစ်ကြရရှာပြီ။ မိဖုရားနှင့် တူတူပုန်းတမ်းကစားရမည်ကို သူတို့ခမြာ လန့်ကြရှာ၏။ ထိတ်ကြရှာ၏။ ဘယ့်နှယ်လဲ၊ မိဖုရားက ရေကန်ယံက ကြာဖက်ကြာရွက်တွေကြားမှာ ပုန်းတတ်သည်။ သို့သော် မိဖုရားပုန်းနေတာ တွေ့လို့တွေ့ကြောင်း မပြောဝံ့ကြ။ မြင်လို့မြင်ကြောင်းမဆိုဝံ့ကြ။ သည်လို လွယ်လွယ် တွေ့လျှင် အရှင်မိဖုရားက ဒေါပွသည်။ မကျေမနပ်ဖြစ်သည်။ မျက်နှာပုပ်ပြသည်။ မိဖုရားပုန်းအောင်းနေတာတွေ့လျှင် မမြင်ချင်ယောင်ဆောင်ပြီး ရှာကြဖွေကြ။ မတွေ့မမြင်ဟန်ဆောင်ပြီး ချွေးတလုံးလုံး ဒုက္ခရောက်နေဟန်ပြမှ "ဟဲ့ ညီးတို့မျက်စိတွေ ကန်းနေကြသလား၊ ငါဒီမှာ"ဆိုပြီး ခြုံကွယ်မှ ထွက်လာလေသည်။



သည်ကနေ့လည်း မိဖုရားက တူတူပုန်းတမ်းကစားမည်ဟုဆိုပြန်၏။ အပျိုတော်ကလေးတွေမှာ တစ်ဦးမျက်နှာတစ်ဦး ပြန်ကြည့်ရင်း စိုးတထိတ်ထိတ်။ သို့သော် ဘာမျှပြန်မပြောရဲကြ။ သို့နှင့် မိဖုရားက အရင်ပုန်းလေ၏။ မိဖုရားသည် ရေကန်အလယ်က ကျောက်ဆောင်နောက် ဝါးရုံပင်ရိပ်တွင် ကုန်းကုန်းပုန်းနေ၏။ မိဖုရားသွားပုန်းနေစဉ် အပျိုတော်ကလေးတွေက မျက်နှာကိုပုဝါအုပ်ပြီး ခေါင်းငုံ့ထားရသည်။ "တူ"သံကြားမှ လိုက်ရှာကြရ၏။ လိုက်ရှာကြသည်ဆိုပေမယ့် အပျိုတော်ကလေးများ တစ်ဦးမျက်နှာကို တစ်ဦးကကြည့်ပြီး ခြေပြလက်ပြနှင့် တိတ်တိတ်နေကြရန် အချင်းချင်း သတိပေးရသည်။

သည်လိုသတိပေး၊ အရိပ်အခြည်ပြသည်ကို အရွယ်ရောက်ပြီး အပျိုတော်များ နားလည်ကြသည်။ သို့သော် အပျိုတော်ကလေးများထဲ၌ ၉ နှစ်ရွယ် အပျိုတော်ကလေးပါလာသည်။ သည်မိန်းကလေးမှာ အရွယ်ကငယ်သေးသည်။ အရိပ်အကဲဆိုတာနားမလည်။ ပရိယာယ်ဆိုတာ လုံးလုံးမသိ။ သည်တော့–

"ဟိုမှာ ဟိုမှာ တွေ့ပြီ တွေ့ပြီ"ဟု ၉ နှစ်ရွယ် အပျိုတော်ကလေးက အော်ပြောသည်။ လူမမယ်ကလေးအရွယ် မဟုတ်လား၊ သည်အရွယ်ဆိုတာ အဆိုးအကောင်းဘာမျှမသိ။ ပုန်းနေသော မိဖုရားကိုတွေ့လျှင် ဆုလာဘ်ပင် ပြီးမည်ထင်ရှာသည်။ ထို့ကြောင့် သူခမြာ အသံခပ်ကျယ်ကျယ်ကလေးပင် အော်နေမိရှာသည်။

ထိုအချိန်၌ မိဖုရားသည် ဝါးရုံပင်ရိပ်မှ လေ၏လျှင်မြန်ခြင်းဖြင့် ပြေးထွက်လာ၏။ ပြီးတော့ စိတ်ဆိုးနေသောမိဖုရားသည် အော်ဟစ်နေသော အပျိုတော်ကလေးနား တိုးကပ်သွား၏။

"ဟဲ့ ဘာဖြစ်လို့အသံကုန်ဟစ်ပြီး အော်နေတာလဲ" မိဖုရားစုဖုရားလတ်က ပြောပြောဆိုဆိုနှင့် အပျိုတော်ကလေးကို ဖျန်းကနဲ ရိုက်ချလိုက်သည်။ အပျိုတော်ကလေးသည် ရုတ်တရက်ထိတ်လန့်သွားရှာ၏။ ပြီးတော့မှ ကလေးပီပီ အော်ဟစ်ငိုယိုပြီး နေရာက ထွက်ပြေးရှာတော့သည်။ အပျိုတော်တွေမှာလည်း ထိတ်ထိတ်လန့်လန့်ဖြစ်သွားကြသည်။ သူတို့ခမြာ မိဖုရား ဒေါသပေါက်ကွဲပြီဆိုလျှင် နေစရာမရှိ ထိုင်စရာမရှိ

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေရမလို၊ ထိုင်နေရမလို၊ ထွက်ပြေးရမလို။ တကယ်တော့ ပြေးလည်း မပြေးရဲ။ ထွက်ပြေးမိသော် နောက်ကလိုက်လာမည့် အပြစ်ဒဏ် ကြီးပေသကိုး။ များပေသကိုး။

ခ

သို့သော်

အထက်ပါဖြစ်ရပ်များသည် စင်စစ်ဆိုလျှင် ဘုရင်နှင့်မိဖုရားတို့ နန်းပလ္လင်ပေါ်သို့ရောက်ပြီးကာစ အချိန်များကလို့သာပြောရချိမ့်မည်။ လူ သည်မှာ အသိဉာဏ်ရှိသည်။ အတွေးအခေါ်ရှိသည်။ ဆင်ခြင်တုံတရား ရှိသည်။ သည်တော့ လူသားစင်စစ်ထက် တစ်ပြားသားမှမလျော့သော မပိုသော ရှင်ဘုရင်နှင့်မိဖုရားတို့သည် နန်းသက်ကလေး အနည်းငယ်ရလာ သောအခါ အပြုဘက်ကိုပြောင်းသွားသည်။ အကောင်းဘက်ကိုဆင်ခြင် လာသည်။ အပြင်ဘက်ကိုလှည့်ကြည့်လာသည်။

ဟုတ်ပါရဲ့။ နိုင်ငံတော်ကောင်းမွန်တိုးတက်ရန် ပြုပြင်တည်ဆောက် ရေးလုပ်ငန်းများဆီသို့ ဘုရင်နှင့်မိဖုရား မျက်နှာမူခဲ့ပုံ ဖြစ်ရပ်ကလေးတစ် ပြောပြရပေဦးမည်။

စုဖုရားလတ်သည် မိမိထံ ဝင်ထွက်ခစားနေကြသော မတ်တီတို့လို နိုင်ငံခြားအပျိုတော်များနှင့် စကားစပ်မိတိုင်း အတိုင်းတိုင်း အပြည်ပြည် ဗဟုသုတဖြစ်ဖွယ်များကို ကြားရသည်။ သူတို့နိုင်ငံမှာ တိုးတက်နေသတဲ့။ ဖွံ့ဖြိုးနေသတဲ့။ ကောင်းစားနေသတဲ့။ နိုင်ငံရပ်ခြားမှာ မြန်မာနိုင်ငံတော်က အတုယူစရာ သင်ကြားစရာ နည်းမှီစရာတွေ များစွာရှိသတဲ့။ ကြားရသည် ကပင် သွားရည်ကျဖွယ်ကောင်းသည်။ ဟုတ်မှာပါပဲလေ။ နိုင်ငံတော်မှာ မြင်ကွန်းအရေးတော်ပုံတုန်းက အိမ်ရှေ့စံ ကနောင်ကိုယ်တော်ကြီး ဆုံးပါး ကတည်းက တိုးတက်ဖွံ့ဖြိုးမှုတွေ ရပ်ဆိုင်းခဲ့သည်။ ဘိုးဘိုးကင်းဝန်တို့က လည်း နတ်ရွာစံ ခမည်းတော်မင်းတုန်းမင်းတရား လက်ထက်တော်မှာ ကမ္ဘာလှည့်ခရီးသွားခဲ့ဖူးသည်။ ဘိုးဘိုးကင်းဝန် ပြောပြသည်တို့ကို နားထောင်ရသည်နှင့် နိုင်ငံရပ်ခြား ဒေသများဆီက ပညာရပ်အသီးသီးကို စုဖုရားလတ် စိတ်ဝင်စားခဲ့သည်။ သို့နှင့် စုဖုရားလတ်သည် နိုင်ငံခြ



လုပ်ငန်းများလုပ်ရာတွင် ပါဝင်ထမ်းဆောင်နိုင်မည့် နိုင်ငံခြားပညာတော်သင် များစေလွှတ်ရသော် မကောင်းပေဘူးလားဟု မောင်တော်သီပေါမင်းတရား နှင့်တိုင်ပင်သည်။ သီပေါမင်းတရားလည်း အတွေးအခေါ်မည့်။ ဟုတ်သား ပဲ နှမတော်၊ တို့နိုင်ငံ ကြီးပွားတိုးတက်လာအောင် နိုင်ငံရပ်ခြား ပညာသင် စေလွှတ်ကြည့်ရအောင်၊ မောင်တော်တို့ဘဝက ရေကန်ထဲရှိ ကြာဖက် အောက်က ဖားသူငယ်ပုံစံမျိုးဖြစ်နေသည်။ မျက်စိကိုဖွင့်ရအောင်။ နားကိုစွင့် ရအောင်။ ကဲ နိုင်ငံခြားပညာသင်တချို့ စမ်းသပ်လို့ စေလွှတ်ကြည့်ကြစို့။

မိဖုရားသည် ပထမဦးဆုံး နိုင်ငံခြားပညာသင်အဖြစ် မိမိ၏ အပျိုတော် ၄ ဦးကို စတင်ရွေးခြယ်လိုက်သည်။ သည် မိန်းမပျိုသုံးဦးကို သူတို့ဆီက ယဉ်ကျေးမှုအနုပညာများသင်ယူရန် အစမ်းသဘောဖြင့်စေလွှတ် ကြည့်မည်။ သူတို့၏ အခြေအနေကိုကြည့်ပြီး တိုးတက်မှုခရီးကို ဆန်းစစ် ကြတာပေါ့။

ပထမတွင် အနောက်နိုင်ငံ၏ သဘာဝအခြေအနေများနှင့် ဆက်စပ် ကျွမ်းဝင်ရအောင်လုပ်ရမည်။ အပျိုတော် ၄ ဦးကို နေပြည်တော်ရှိ ရိမန်ကက်သလစ်ခရစ်ယာန် သီလရှင်တစ်ပါးထံ အပ်နှံရသည်။ နိုင်ငံ ခြားသို့ရောက်သည့်အခါ ထမင်းစား ရေသောက် ပြောတတ်ဆိုတတ်အောင် အင်္ဂလိပ်ဘာသာစကား အနည်းငယ် သင်ပေးပါဟုလည်း မှာရသည်။ ကြားရသည်။

ခရစ်ယာန်သီလရှင်သည် အပျိုတော် ၄ ဦးကို အင်္ဂလိပ်စာသင်ပေး သည်။ စကားလည်းသင်သည်။ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းခြင်းရာ များကိုလည်း မချွင်းမချန်သင်ပေးသည်။ ပြီးတော့ ထိုသီလရှင်ကပင် အပျိုတော် ၄ ဦးကို ဗြိတိန်နိုင်ငံသို့ ပညာသင်ကြားရန်ခေါ်ယူသွားလေသည်။

ခရစ်ယာန်သီလရှင်သည် မြန်မာနန်းတွင်းသူ အပျိုတော် ၄ ဦးကို ပထမတွင် အိန္ဒိယနိုင်ငံသို့ စတင်ခေါ်ယူသွားသည်။ အိန္ဒိယနိုင်ငံ၌ ရက်လ တာကြာနေပြီးတော့မှ လန်ဒန်သို့ ခရီးဆက်ကြသည်။

မြန်မာအပျိုတော် ၄ ဦးသည် ဗြိတိန်နိုင်ငံတွင် သူတို့ယဉ်ကျေးမှု၊ သူတို့ဘာသာစကား၊ သူတို့လူမှုရေး နည်းပညာများကို အနှံ့အားမရှိ လေ့လာရပါ၏။ သူတို့အစားအသောက်၊ သူတို့ဂီတ၊ သူတို့ဓာတ်သဘင်

www.burmeseclassic.com

www.burmeseclassic.com



ပညာများကို ကြည့်လည်းကြည့်၊ နည်းလည်းယူ၊ မှတ်လည်းမှတ် ထို့
အဆက်မပြတ် ပညာဆည်းပူးသည်မှာ ၂ နှစ်မျှကြာသွားလေ၏။ ပညာ
ပြည့်စုံကုံလုံစွာတတ်မြောက်ပြီးသောအခါ အပျိုတော် ၄ ဦးသည် ရတနာ
နေပြည်တော်သို့ ချောချောမောမော ပြန်ရောက်လာကြလေသည်။

နိုင်ငံခြားမှ ပညာတော်သင် မြန်မာ့နန်းတွင်းအပျိုတော် ၄ ဦး
ပြန်ရောက်လာတော့မည်ဟု ကြားသိရတော့ မိဖုရားစုဖုရားလတ်မှာ ပျော်
သည်။ ရွှင်နေသည်။ ကြည်နူးနေသည်။ အသက်ကလည်းငယ်ရသေးတော့
ကလေးငယ်တစ်ဦး ကစားစရာအသစ်ရတော့မည့်ပုံ ဖြစ်နေသည်။ ယ
ပြန်ရောက်လာမည့် သည်အပျိုတော်ကလေးများသည် မိမိစိတ်ကူးယဉ်
တည်ဆောက်ထားသော နိုင်ငံတော်တွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်
လုပ်ဆောင်နိုင်ကောင်းပါရဲ့။ မိဖုရားသည် ထိုသို့လည်း မျှော်လင့်အားထား
နေရာလေသည်။

ပညာတော်သင် အပျိုတော် ၄ ဦး ပြန်ရောက်လာသောအခါ
ရွှေတော်သို့ အမြန်သွင်းစေဟု မိဖုရားကအမိန့်ချသည်။ သက်ဆိုင်ရာတာဝန်
ရှိသူ အပျိုတော်အုပ်များက ပညာတော်သင်များကို ချက်ချင်းပဲရွှေတော်သို့
သွင်းလာလေသည်။

မိဖုရားသည် မိမိအပျိုတော် ၄ ဦးကို ပထမတွင် ရုတ်တရက်မမှတ်မိ
ချေ။ မျက်လုံးကို အကြိမ်ကြိမ် ပွတ်သပ်ကြည့်မိသည်။ သည်ကောင်မ
ကလေးတွေ သင်္ဘောများဆိုက်လာတဲ့ နိုင်ငံခြားသူတွေများ ဖြစ်နေမလား
မိဖုရားက အတွေးများပင် မှားမိပါသေး။ နောက်တော့မှ ကိုယ့်တိုင်
ကိုယ့်ပြည်က စေလွှတ်ခဲ့သော အပျိုတော် ၄ ဦးမှ သူတို့ ၄ ဦး အစစ်
အမှန်ဖြစ်ကြောင်းသိရပါပြီ။

ကြည့်ကြပါဦး။ အပျိုတော် ၄ ဦး ဖြစ်ခဲ့ပျက်ခဲ့ပုံတွေ အပျိုတော်များ
သည် မိမိတို့၏ဆံကေသာကို လည်ကုပ်အထက်မှ တိုတိုကလေးဖြတ်ထား
ကြသည်။ ဝတ်ဆင်ထားသည်က ဒူးပေါ်ပေါင်ပေါ်နှင့်၊ ဥရောပသူတို့၏
ဂါဝန်တိုတို မိန်းမချင်း ကြည့်ပင်မကြည့်ဝံ့။ မြင်ပင်မမြင်ဝံ့။ မျက်နှာမှာ
လိမ်းကျံခြယ်သထားသော အမွှေးနံ့သာတွေက နီနီရဲရဲ လွန်လွန်ကဲကဲ။



ရှိပစေ။ သည်အဝတ်အစား၊ အပြင်အဆင်၊ အခြယ်အသဆိုတာ
ဒဂ် တခဏအတွင်းမှာပဲ ပြောင်းလဲပစ်၍ ရနိုင်လိမ့်မည်။ အရေးကြီးတာ
သည်မိန်းကလေးတွေ ဘာသင်ယူခဲ့သလဲ။ ဘာပညာတွေ ကျွမ်းကျင်ခဲ့
သလဲ။ ဘာအမှုအကျင့်ကောင်းတွေ အတုမြင်အတတ်သင်ခဲ့သလဲ။
ကြောဝေဖန် အကဲဖြတ်ကြည့်ကြရအောင်။

အဲသည်လို အကဲဖြတ်မည်ဆိုတော့မှ အခြေအနေက စိတ်မကောင်း
ရာတွေ ဖြစ်ပါလေပြီ။ အပျိုတော် ၄ ဦးမှာ ဘိုဆန်နေကြပြီမဟုတ်လား။
သူတို့သည် မိဖုရားရွှေတော်မှောက်သို့ အခစားရောက်လာရာတွင် ယခင်က
ပုဆစ်ဒူးတုတ်ရန် မေ့နေကြသည်ထင်ရဲ့။ မိုးတိုးမတ်တပ်ကြီး ရပ်နေကြ
သည်။ သူတို့မျက်နှာတွေကလည်း တင်းမာခက်ထန်လှပါဘိသနဲ့။ တကယ်
မိဖုရားရွှေ အခစားဝင်ပြီဆိုကတည်းက ခေါင်းငုံ့ရမည်။ ဒူးတုပ်ရမည်။
မျက်နှာအနေအထားက ရိုကျိုးနှိမ့်ချလျက်ရှိရမည်။ ဒါနန်းပုံစံ၊ နန်းမလေ့၊
နန်းအမူ၊ နန်းအကျင့်ပဲမဟုတ်လား။ ခုတော့ဖြင့် မဟုတ်ပေါင်။ ကြောင်
တောင်တောင်၊ ငူတူတူရပ်နေကြသော အပျိုတော် ၄ ဦးကို စုဖုရားလတ်က
ကြည့်ပြီး အားမလိုအားမရ ဒေါသထွက်ရပြီ။ ရွှေတိုးနိုင်းပြီး အရေခွံဆုပ်၊
သည်မြို့ကို တုပ်နှင့်ပင်ရိုက်ချင်စရာ။

သူတို့ဖြစ်နေပုံကိုကြည့်ပြီး မိဖုရားက မိန့်ကြားလိုက်သည်။

"ဟဲ့ ထိုင်ပြီးခစားကြလေ။ ဘယ်လိုဖြစ်နေကြတာလဲ"

အပျိုတော် ၄ ဦးသည် မိဖုရား၏အမိန့်သံကိုကြားသော် တစ်ဦး
မျက်နှာ တစ်ဦးကြည့်သည်။ ပြီးတော့ ဘာညာကွိကွ ကွိကွနှင့် မိဖုရား
နားမလည်သော အင်္ဂလိပ်စကားများကို ပြောကြသည်။ ထိုင်ပါဆိုလည်း
မထိုင်ကြ၊ မိဖုရားမှာ အားမလိုအားမရ စိတ်မရှည်နိုင်ဖြစ်ရပြီ။

"ဟဲ့ ဒီမိန်းမတွေ ထိုင်ခစားကြပစေ"

မိဖုရားက စိတ်မရှည်နိုင်ဘဲ အော်ပြောလိုက်တော့မှ အပျိုတော်အုပ်
က နိုင်ငံခြားပြန် မိန်းမ ၄ ဦးကို အတင်းလက်ဆွဲချပြီး ထိုင်ခိုင်းရသည်။
ဒါတောင်မှ တင်ပေါ်၊ ဒူးပေါ်၊ ဂါဝန်တွေနှင့် ထိုမိန်းမ ၄ ယောက်မှာ
ပုံမကျ ပန်းမကျ။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားသည် သူ့အပျိုတော် ၄ ဦးကိုကြည့်ပြီး သက်ပြင်းအကြိမ်ကြိမ် ချမိရာသည်။ သွားပြီ၊ သွားပြီ။ မိဖုရား စမ်းသပ်တည်ဆောက်ကြည့်သော ခေတ်မှီယဉ်ကျေးမှုဗိမာန်သည် အဦးအစမှာပင် ရေထဲမျောသွားပြီ။ မျော အဖတ်မဆည်ရတော့အောင် ဖြစ်ခဲ့သည်ဆိုပါစို့။

တစ်ကယ်တော့လေ ဟိုနတ်ရွာစံ ဘုန်းတော်ကြီးဘုရား မင်းတုန်း ဘုရင်မင်းမြတ် လက်ထက်တော်ကစပြီး နိုင်ငံခြားသို့ ပညာသင်များစေလွှတ် တာအကြိမ်ကြိမ်အခါခါ။ ယောကျ်ားတွေစေလွှတ်စဉ်က ခုလိုပုံမျိုး ပန်းပျက်၊ အပျက်တကာ့ထိပ်ခေါင် ယောင်တောင်ပေါင်တောင် အဖြစ်မျိုး မကြားရ၊ မကြုံရ၊ မသိရ၊ မမြင်ရ။

ဘယ့်နှယ့်၊ ခုသည်မိန်းမ ၄ ယောက်ကို မျှော်လင့်ကြီးစွာဖြင့် တိုင်းခြားက ခေတ်မှီတဲ့ပညာများ သင်နိုင်းမိကာမှ ငါးပါးမှောက်ပါမယ့် မှီလိုက်တဲ့ခေတ်။ သည်လိုခေတ်မှီလာတာမျိုးကိုတော့ မရချင်လည်းရှိပါစေ စုဖုရားတို့က ဝေါင်ဝေါင်ရှေးပါလို့ ဝေးဝေးရှောင်ပါရစေတော့။

၈

မိဖုရားစုဖုရားလတ်သည် ထိုသို့ဤသို့ နန်းတော်တွင်းမှာ မောင်ဖုရား သီပေါဘုရင်နှင့်ပျော်ရွှင်စွာ စည်းစိမ်ခံစားရင်း၊ ဥယျာဉ်တော်မှာ လိပ် ပြာကလေးလိုက်ဖမ်းရင်း၊ တူတူပုန်းတန်းကစားရင်း "နှုတ်ငုံတော်" ရှိလာခဲ့ သည်။ အို ဘာလဲ၊ နှုတ်ငုံတော်ရှိတယ်ဆိုတာ ဘာစကားလဲ၊ ကြားလည်း မကြားဖူးပါလားဟု တစ်ချို့ကမေးကြမည်။

ဖြေပါမည်။ "နှုတ်ငုံတော်" ရှိသည်ဆိုတာ ယဉ်ကျေးစွာသုံးနှုန်း ပြောဆိုရသော "တော်ဝင်" စကားဖြစ်ပါသည်လေ။ အမှန်ပြောချင်သည်က "နှုတ်ငုံတော်" ရှိသည်ဆိုတာ မိဖုရားမှာ ပဋိသန္ဓေရှိလာခြင်းကို ဆိုလိုပါ သတဲ့။ တကယ့်တော်ဝင်၊ တန်းဝင် ဂုဏ်မြင့်သည့်အဆင့်အတန်းဝင် ပုဂ္ဂိုလ် တွေကျတော့ ခုလိုပဲ နုနယ်ယဉ်ကျေးသည့်စကား သုံးရသည်ကိုး။

စုဖုရားလတ်တွင် ကိုယ်လေးလက်ဝန် ရှိလာပြီဆိုတော့ ဝန်ကြီး ဝန်ငယ် တွေ၊ မှူးကြီး မတ်ငယ်တွေ အလုပ်များကြရပြီ။ "ဟဲ့ မိဖုရားကြီး နှုတ်ငုံတော် ရှိလာပြီတဲ့၊ သွားကြ၊ ဝင်ကြ၊ အိပ်ဖန်စောင့်ကြ၊ လိုလေသေး



ရှိအောင် ပြုစုကြ၊ ယုယကြ၊ ခစားကြ" ဤသို့မိမိတို့ အိမ်သို့ပြန်ပြီး "ကတော်" များကို နှိုးဆော်ထားရသည်။ စုဖုရားလတ် မိဖုရားအနားကပ်ဖို့ သည်လိုအခွင့်အရေးမျိုးကို ဝန်ကတော် မတ်ကတော်တို့ စောင့်နေသည်မှာ ကြာပြီ။ နန်းတော်တွင်းမှာ စုဖုရားလတ်သာ အာဏာအရှိဆုံး၊ ပါဝါ ကြီးဆုံး၊ ဩဇာအထက်ဆုံး မဟုတ်လား။ သည်တော့ မိဖုရားကို ယဝပ်တွားခစားဖို့ အခွင့်အရေးကို ရတုန်းရခဲ အားခဲလို့ယူရပေမည်။ ဖုရားလတ် ကိုယ်တိုင်ကလည်း ရင်သွေးတော်ကလေး နှုတ်ငုံတော်ရှိ ပြီဟုသိရကတည်းက အနေအထိုင်ဆင်ခြင်သည်။ အသွားအလာသတိ ထားသည်။ အစားအသောက် ဂရုပြုသည်။ မီးရှူးသန့်စင် ဖွားမြင်မည့် ရင်သွေးတော်ကလေးသည် "သားတော်" စင်စစ်ဖြစ်ခဲ့သော် အတိုင်းထက် အလွန် တံခွန်နှင့်ကုက္ကား၊ ဘယ့်ကလောက် လိုက်ဖက်တင့်တယ် သွားလေ လဲ။ သည်သို့လည်း မိဖုရားက စိတ်ကူးယဉ်သည်။

သို့သော် ဝန်ကတော်၊ မတ်ကတော်တွေ ဝင်ချင်တိုင်းဝင်ခွင့်မရ။ စားချင်တိုင်းခစားခွင့်မရ။ စည်းနှင့်ကမ်းနှင့်၊ နည်းနှင့်လမ်းနှင့်၊ ဝင်ခွင့် ရသည်။ ခစားခွင့်ရသည်။

ပြီးတော့ သည်နေရာမှာလည်း အကန့်အသတ်ရှိရဦးမည်။ မိဖုရား ကိုယ်လေးလက်ဝန်ရှိပြီဟု ကြားရသူ "ကတော်"တိုင်း နန်းတွင်းသို့ ဥဒဟို ဝင်ခွင့်ရသည်မဟုတ်။ မိဖုရားနှင့်အလွမ်းသင့်သော ဝန်ကတော်တွေ၊ အဆင် ပြေသောဝန်ကတော်တွေ ဝင်လေ့၊ ထွက်လေ့၊ ခစားလေ့ရှိသော ဝန်ကတော် တွေသာ အများဆုံးဝင်ခွင့်ရသည်။ နောက်မှပေါက်သည့် ရွှေကြာပင်တွေ ခစားခွင့်မပြောနှင့်၊ အနားပင်သီခွင့်မရ။ ဝေးဝေးမှာပင်နေကြ။

မိဖုရားစုဖုရားလတ်သည် ကိုယ်လက်လှုပ်ရှားနိုင်ရအောင် နေ့စဉ် ဥယျာဉ်တော်မှာ နေပူစာလှုံလေ့ရှိသည်။ မိဖုရား နေစာလှုံရာမှာ ဝန်ကြီး ကတော်၊ ဝန်ငယ်ကတော်တွေ တန်းစီပြီး အဆင့်အတန်းအလိုက် နောက်က ခစားခွင့်ရကြသည်။ မိဖုရား ဘာအစားအစာများ သုံးဆောင်ချင်ပါသနည်း။ အချိုလား၊ အချဉ်လား၊ အငံလား၊ အစပ်လား၊ "သုံးဆောင်ချင်သည်များကို အမိန့်တော်ရှိပါဖုရား၊ တစ်မျိုးနှင့်တစ်မျိုး မထပ်ရအောင်၊ မလစ်လပ်ရ အောင် ဖွမ်းဆောင်စီမံချက်ပြုတ်လျက် ဆက်သပါရစေဖုရား"

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကတော် မတ်ကတော်တို့ ဤသို့လျှောက်တင်ကြသည်။ စုဖု လတ်က ကိုယ်လက်မအီမသာဖြစ်လို့ စား၍သောက်၍မကောင်း ဖွတ်ဥ ချင်သည်ဟုဆိုသည်။ ဖွတ်ဥမှာ ကိုယ်ဝန်ဆောင်မိခင်လောင်းများ အားရှိ သောအစာ သန္ဓေသားကို ဖွံ့ထွားစေသောအစာဟု သမားတော်တို့ ဆိုခဲ့သ လေ။ စားဖိုမှူးတို့က ဖွတ်ဥကို မရအရရှာဖွေ၍ ချက်ပြုတ် ဆက်သ သည်။ မိဖုရားက စားဖိုမှူးတွေကို ဖွတ်ဥမှာကြားနေသောသတင်းသ ဝန်ကြီး၊ ဝန်ငယ်၊ မှူးကြီး မတ်ငယ်တို့ထံသို့ရောက်သွား၏။ ထိုသတင်း ဝန်ကတော်တို့ထံ လက်ဆင့်ကမ်းလိုက်သောအခါ "ကတော်မျာ ခမြာ" အားရဝမ်းသာလှုပ်ရှားကြရှာပြီ။

"ဟဲ့ ဈေးကိုပြေးစမ်း။ တောကိုသွားစမ်း။ ရွာကိုဝင်စမ်း။ ဖွတ်ဥ ဖွတ်ဥတဲ့၊ မိဖုရားကြီး အာသာပြေစားချင်တဲ့ဖွတ်ဥကို မရရအောင်ရှာ ဖွေကြ၊ ဝယ်ကြ၊ ခြမ်းကြ၊ ဘယ်လောက်ပေးရပေးရ၊ ဘယ်ဈေးပဲဆို ရမှဖြစ်မယ်ကွယ့်"

ပြောရမည်ဆိုလျှင် မိဖုရားကိုယ်လေးလက်ဝန်ရှိလာခြင်းမှာ ဖွ သတ္တဝါတွေ ကံဆိုးမိုးမှောင်ကျခြင်းများ ဖြစ်လေမလားနော်။

ဒါက ဖွတ်ဥတစ်မျိုးတည်းရှိသေးသည်။ မိဖုရား အာသာ ပြင်းပြသည့် စားသောက်ဖွယ်ဟူသမျှကို စားဖိုမှူးတွေက မရိုးရအော မထပ်ရအောင် ကြံဆောင်ပေးရသည်မှာ များစွာမှများစွာ။

တစ်ကြိမ်တွင် မိဖုရားအတွက် အထူးအဆန်းဟင်းတစ်ခွက် စားဖိုမှူးတို့ ချက်ပြုတ်ဆက်ကပ်ကြရသည်။ မမွေးဖွားရသေးသော ကိုယ် ဆောင်နွားမကြီး၏ဝမ်းတွင်းမှ သန္ဓေသား နွားကလေးအသားကို မိဖု စုဖုရားလတ်အတွက် ချက်ပြုတ်ပေးရန် စားတော်ကဲများကစီမံ၏ စားဖိုမှူးတို့က နွားကလေးကိုယ်ဝန်သားကို မရ အရ ရှာဖွေချက်ပြုတ် ကြရသည်။ သည်မှာပင် ပြဿနာကလေးတစ်ခု ပေါ်လာသည်။ နတ်ရွာ ဘုန်းတော်ကြီးဘုရား မင်းတုန်းဘုရင်က နိုင်ငံတော်အတွင်းမှာ အမဲသာ မစားသုံးရန် ဥပဒေပြဋ္ဌာန်းထားသည်လေ။ လယ်ယာစိုက်ပျိုးမှုတွင် အားထားရသော နွားသတ္တဝါတို့မှာ လူတို့၏အသက်သခင် ကျေးဇူးရှင်



"နွားမသတ်ရ။ နွားသားမစားရ။ ထမင်းသခင် ကျေးဇူးရှင်နွားသတ္တဝါ သတ်ဖြတ်စားသူအား ကြီးလေးသော ပြစ်ဒဏ်ခံစေ"

ခုတော့ သည်ဥပဒေကို မိဖုရားတစ်ပါးတည်းအတွက် "ကင်းလွတ် ခွင့်" ပြုကြရမှဖြစ်မည်လေ။ မိဖုရားကျန်းမာဖို့၊ မိဖုရားချမ်းသာဖို့၊ မိဖုရား ပျော်ဖို့၊ မိဖုရားအဟာရဖြစ်ဖို့ လိုအပ်သော "ဟင်းလျာသား"ကို ချက် ပြုတ် ဆက်ကပ်စေ အမိန့်တော်။

စုဖုရားလတ် မိဖုရား ကိုယ်လေးလက်ဝန်ရှိလာခြင်းမှာ ဘိသိက်ခံ မိဖုရားခေါင်ကြီး စုဖုရားကြီးအတွက် ကံဆိုးမိုးမှောင်ကျသည်ဟု ဆိုရတော့ မည်။ ဘာဆိုင်လဲ၊ အဝေးကြီးပဲဟုဆိုသူက ဆိုကြမည်။ ဆိုင်ပါသည်။ ဆိုင်ပုံကိုပြောပြရလျှင် မျက်ရည်တောင်ကျဖို့ ကောင်းသေးတော့။ တစ်ကြိမ် တွင် စုဖုရားလတ်ထံ လျှို့ဝှက်သတင်းတစ်ပုဒ် ရောက်လာသည်။ နန်းမတော်ဆောင်တွင် စံမြန်နေသော မိဖုရားခေါင်စုဖုရားကြီးသည် ဘုရင်နှင့် မိဖုရား ဒုက္ခများအောင် ဆေးဖယောင်းတိုင်တွေထွန်းနေသတဲ့။

ထိုသတင်းကို စုဖုရားလတ်က သီပေါဘုရင်ထံတင်၏။ "မောင်တော် ဆရာများနဲ့ ရွှေလည်တွဲပြီး ပျော်ပွဲမဝင်ရလို့ မကျေနပ်ဘူးထင်ပါရဲ့။ မယ်မတော် စုဖုရားကြီးက နှမတော်နဲ့မောင်တော် ဒုက္ခရောက်အောင် ဆေးဖယောင်းတိုင် တွေ ညစဉ်ထွန်းနေသတဲ့"

သီပေါဘုရင်က ပညာရှိပုဂ္ဂိုလ်ဖြစ်သည်။ ကြားရသောသတင်းကို ဘုရင်က အရမ်းမယုံကြည်။ "ဟုတ်ရဲ့လားနှမတော်ရယ် သေသေချာချာ စုံစမ်း မေးမြန်းတော်မူဦးမှပေါ့"

သီပေါဘုရင်မင်းမြတ်၏ အမိန့်တော်အတိုင်း စုဖုရားလတ်က လိုက်နာ၏။ သို့သော် မိဖုရား၏ ညွှန်ကြားမှုကို လိုက်နာဆောင်ရွက်သူ မင်းမှုထမ်းတို့က ကဲကြသည်။ လွန်ကြသည်။ ကျွံကြသည်။ မင်းမှုထမ်းတို့ သည် စုဖုရားကြီးစံမြန်းရာ နန်းမတော်ဆောင်သို့ အကာလ ညအခါတွင် ဝင်ကြသည်။ "ရှာကြဟဲ့၊ ဖွေကြဟဲ့။ ဘာတွေရှိသလဲ။ အင်းကွက်တွေ ရှိသလား။ ဂါထာစုတ်ထားတဲ့အရုပ်ရှိသလား၊ မဟုတ်မတရားလုပ်ထားတဲ့ ဆေးဖယောင်းတိုင်မြင်သလား၊ အထင်ကရ တွေ့သမျှသိမ်း၊ မြင်သမျှ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေး၊ သိသမျှစုံစမ်း၊ ဘယ်လမ်းကမှ မလွတ်စေနဲ့ကွယ်။ ဒါတော် ဘုရားရဲ့အမိန့်တော်"

တွေ့ပါပြီ။ နန်းမတော်စုဖုရားကြီး၏ အပျိုတော် မိန်းမကြီးသ ရွှေချထားသော ဖယောင်းတိုင်များကို စီကာန်းပြီး မီးထွန်းညှိ၍ ဘု ပူဇော်နေ၏။

ဖယောင်းတိုင်များမှာ ဘုရင်နှင့်မိဖုရားဒုက္ခပွားအောင် ဆေးစီရင် သည်မဟုတ်လားဟု အပျိုတော်ကြီးကိုမေး၏။ စစ်၏။ သို့သော် အပျို ကြီးက ငြင်းရှာသည်။ မဟုတ်ရပါဘူး၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ကြည် သဒ္ဒါပွားပြီး ဖယောင်းတိုင်မီး လှူဒါန်းခြင်းဖြစ်ပါကြောင်းပြောပြ၏။

သို့သော်

တိုင်ကြားသူကတိုင်ကြားသည်။ စစ်ဆေးသူကစစ်ဆေးသ တွေ့သူကတွေ့သည်။ သို့နှင့် စွဲချက်တွေလည်းချဲ့ကားထွက်လာ စုဖုရားကြီးကိုကား ဘာဒုက္ခမျှမပေး။ သို့သော် အပျိုတော်ကြီးကို ဖမ်း ခေါ်ဆောင်သွားပြီး စစ်ဆေးကြပြန်သည်။ အပျိုတော်ကြီးကလည်း ယခ အတိုင်းထွက်ဆိုသတဲ့။ သည်တော့ ဖမ်းထားသော အပျိုတော်ကြီး စစ်ကိုင်းဘက်ကမ်းသို့ မင်းမိန့်ထုတ်၍ ပို့လိုက်သည်ဟုသိရလေသည်။

သည်အမှုအခင်းဖြစ်ပြီး မကြာမတင်မှာပင် စုဖုရားလတ်သ ကိုယ်ဝန်လွယ်ရပြီဆိုသောသတင်းက နန်းတွင်းသို့ပြန့်လာသည်။

မိဖုရားစုဖုရားလတ်သည် ယခုစံမြန်းနေသော ဘုရင်မင်းမြတ် အဆောင်တော်၌ "ရင်သွေးတော်"ကို မီးရှူးသန့်စင် ဖွားမြင်တော်မူ မဖြစ်။ သည်တော့ မိဖုရားမီးဖွားရန် သီးသန့်အဆောင်တစ်ဆော လိုအပ်လာသည်။ 'ကဲ ဒါဖြင့် မိဖုရားကိုလျှောက်ကြားမေးမြန်းကြ ရွှေနန်းတော်အတွင်းက ဘယ်အဆောင်၊ ဘယ်နန်းမှာ သားဖွားဖို့ ရည်မှ ပါသလဲ'

"ဘယ်အဆောင်၊ ဘယ်နန်းကို ရည်မှန်းသလဲ မသိကြဘူးလား ဝန်အို၊ မတ်အိုတို့ရဲ့၊ ဒါကလေးများ မေးနေရသေးသလား၊ ပြောဖို့လို လား။ စုဖုရားကြီးစံမြန်းနေတဲ့ အဂ္ဂမဟေသီဒေဝီ နန်းမတော်ဆောင် လွဲလို့ ဘယ်နန်းကိုမှ စုဖုရားမလိုချင်ဘူး။ သည်နန်းမှ သည်နန်



ည်အဆောင်မှသည်အဆောင်ပဲ လိုချင်သပေါ့"

ယခုနေအခါများမှာတော့ ရတနာပုံရွှေနန်းမှာ တစ်သွေး၊ တစ်သံ၊ စ်မိန့်ထဲရှိသည်။ စုဖုရားလတ်၏ အမိန့်သံသည် ရတနာပုံရွှေနန်း၏ စ်ခုတည်းသောအမိန့်၊ တစ်ခုတည်းသောအသံ။ စုဖုရားလတ်၏ မိန့်အတိုင်း ဘုရင်မင်းမြတ်ကဆက်၍ အမိန့်ပေးပါလိမ့်မည်။

စုဖုရားကြီးသည် နန်းမတော်ဆောင်က ဖယ်ရှားပေးရန် ဘုရင့်အမိန့် ာ်ကို နားဖြင့်ဆတ်ဆတ်ကြားရသောအခါ အံ့သြဟန်မပြ။ စိုးရိမ်သောက ဖြစ်။ ကြုံလာရသည့် အရေးအခင်းကို၊ ကြံ့ကြံ့ခံ၏။ လောကဓံတရား ိုတာ ဒါပဲဟု ရဲရဲတွေးသည်။ ဖယ်ရှားပေးလိုက်တာပေါ့ဟု သက်တောင့် က်သာ ဆိုလေသည်။

ဒါက "ဟန်ကိုယ့်ဖို့"လုပ်ရခြင်းသာ။ တကယ်တော့ စုဖုရားကြီး ည် များစွာစိတ်မကောင်းဖြစ်ရှာသည်။ ပထမ မိမိ၏အထိန်းတော်ကြီးကို ကြောင်းမဲ့အပြစ်ရှာ၍ ဖမ်းဆီးသွားသည်။ သူ့ခမြာ သေသလား ှင်သလား သတင်းစကားကလေးမှ မကြားရ။ မသိရ။ နောက်တော့ ိကိုယ်တိုင်ကိုပင် နန်းမတော်ဆောင်က နှင်ထုတ်ခြင်းခံရပြီ။ တကယ်ဆို စ်အူတုံဆင်း ညီအစ်မရင်းတွေပဲ မဟုတ်လား။ ညီမတော်စုဖုရားလတ်က ည်မျှရက်စက်စွာဆုံးဖြတ်ရသလား။ ညီမတော်က မသိနားမလည်လို့ ုသည်ပဲထားတော့ မောင်ဘုရားဘုရင်မင်းမြတ်က သဘောတူ အမိန့်ပေး ညတဲ့လား။

သည်အချိန်မှာ စုဖုရားလတ်ကတော့ အကျေနပ်ကြီးကျေနပ်နေ သည်။ ဘိသိက်မင်္ဂလာပွဲမှာ ချစ်တဲ့မောင်ဘုရားနဲ့ ရွှေလက်တွဲပြီး ာမရာသန ပလ္လင်ပေါ်တက်ခဲ့တဲ့ အစ်မတော်ဘုရား။ ယခုတော့ စွမ်းနိုင် သးရဲ့လား။ စုဖုရားလတ်က မပြောသော်လည်း ပြောဘိသို့။ မဆိုသော် ည်းဆိုဘိသို့။

သီပေါဘုရင်မင်းတရားသည် မိဖုရားတွင်နှုတ်ငုံတော်ရှိပြီဆိုကတည်း ာ ဖရဏာပီတိ ဝမ်းဆီထိသို့ ဝမ်းသာကြည်နူးမှုအပြည့်။ ပြီးတော့ ိဖုရား၏ ပဋိသန္ဓေသည် မိမိ၏ အရိုက်အရာကိုဆက်ခံမည့် သားတော် န်းလျာ ဖြစ်ရမည်ဟုလည်း မျှော်လင့်အားထားနေ၏။ စုဖုရားလတ်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဤသို့ပင်မျှော်လင့်သည်။ မိမိသာ သားတော်နန်းလျာကလေး
ဖွားမြင်မြောက်ခဲ့လျှင် မောင်တော်ဘုရားက မိမိအပေါ် အချစ်ပိုလိမ့်မည်
သဒ္ဓါ ကဲလိမ့်မည်။ သစ္စာမြဲလိမ့်မည်။ ဤသို့လည်းမိဖုရားက ကေန်
မျှော်လင့်ထားပါလိမ့်မည်။

ထို့ကြောင့်ပင်ဖြစ်မည်။ နန်းတွင်းနန်းပြင် ပုဏ္ဏားပညာရှိ လူပညာ
တွေကို ဖိတ်ကြားခေါ်ယူသည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့၏ အဘ
တော်များကို တွက်စစ်စေသည်။ သေသေချာချာ တွက်စစ်ကြစမ်းဘိုးဘိုးတို့
သားတော်ဖွားမည်လား၊ သမီးတော်ဖွားမည်လား။ နက္ခတ်က ဘယ်လို
သလဲ၊ ဂြိုဟ်ခွင်က ဘယ်သို့ရှိသလဲ၊ မဟာဘုတ်တိုင်ကို ခိုင်ခိုင်မတ်မ
ထူ၊ ရှေ့တူရူက ကံကြမ္မာအနေအထားကို ခွဲခွဲခြားခြားဟော၊ ပြတ်ပြ
သားသား ပြော။

ပညာရှိအများ တစ်သဘောထဲထား၍ ထွက်လာသော ဟောချက်
ရှင်းသည်။ သားတော်တစ်ပါး ကေန်ဖွားမြင်မည်မလွဲ။

ဗေဒင်ဟောချက်မှန်လေသည်။ တော်လိုက်တဲ့ ဗေဒင်ဆရာတွေ
တတ်လိုက်တဲ့ ပညာရှင်တွေပါပဲ။ သူတို့ရဲရဲကြီး ဟောသလို စုဖုရားလ
သည် သားတော်တစ်ပါးကို ဖွားမြင်ခဲ့လေသည်။ ဟူးရားဖြူ၊ ဟူးရာ
ပုဏ္ဏားပညာရှိ လူပညာရှိတွေလည်း ယခုမှပင်သက်မချ၍ အိပ်ပျော်နိုင်
ရှာသည်။ မိမိတို့ဟောချက်က သွေးထွက်အောင်မှန်ခဲ့ပြီလေ။ ဟောသ
အတိုင်းသာ မမှန်ဘဲ သမီးမွေးခဲ့လျှင်ဗေဒင်ဆရာတို့မှာ ပြေးစရာမြေမ

သားတော်ကလေးမီးရှူးသန့်စင် ဖွားမြင်သောအခါ သီပေါဘုရင်မ
မြတ် ဝမ်းသာလုံးဆို့ရှာသည်။ ငါဟဲ့ယောကျ်ား သည်ဖမ္မျူမှာ ငါလို
ရှိသေးရဲ့လားဟုပင် မြေပြင်ကိုဖနောင့်နှင့်ပေါက် ဝေါက်လိုက်ချင်သည်
ဟောက်လိုက်ချင်သည်။ ဘုရင်ဖြစ်နေ၍ မသင့်တော်တော့ ချုပ်တီးနေ
ရှာသည်။ မိဖုရားစုဖုရားလတ်လည်း သည့်နှယ့်မခြား မောင်ဘုရားအတွ
နန်းပလ္လင်ကို ဆက်ခံမည့် သားတော်နန်းလျာကို မွေးဖွားခဲ့ပြီမဟုတ်လာ
ထူးလိုက်သည့်ကံ။ မြတ်လိုက်သည့်ကံ။ မှန်လိုက်သည့်ကံ။

သို့သော် . . .

ထို "သို့သော်"သည် သီပေါဘုရင်မင်းမြတ်နှင့် မိဖုရား စုဖုရားလ



တို့အတွက် မျှော်လင့်ချက်ဗိမာန်ကြီး ပြိုပျက်သွားသည့် "သို့သော်"

ဘုရင်နှင့်မိဖုရားတို့သည် ဖွားမြင်လာသော နန်းလျာသားတော်ကလေးကို အထူးအထိန်းတော်၊ အထူးအချီတော်၊ အထူးအချော့တော်များနှင့်ထားသည်။ စိန်ပုခက်၊ မြပုခက်၊ ပတ္တမြားပုခက်တို့ဖြင့် ခံ့ညားစွာ ပြုစုယုယသည်။ သားတော် နန်းလျာကလေးအတွက် "နန်းလျာဆောင်"မှာ သီးခြားစံမြန်းစေသည်။ ဤသို့ အသွယ်သွယ် အဆန်းဆန်းပြုစုယုယထားစဉ်မှာ သားတော်ကလေးသည် ရုတ်တရက်ကူးစက်ရောဂါဖြစ်ပြီး နတ်ရွာစံသွားရှာလေသည်။

ခရစ်နှစ် ၁၈၈၀ ပြည့်နှစ်တွင် မန္တလေးရတနာပုံနေပြည်တော်သည် ကံဆိုးမိုးမှောင်ကျလေသည်။ နေပြည်တော်တစ်ဝှမ်းတွင် ကျောက်ကြီးရောဂါ ကူးစက်ပြန့်နှံ့ခဲ့သည်။ မြို့သူမြို့သားတို့ အဖိတ်အစဉ်များကြ၏။ မင်းတုန်းဘုရင်မင်းမြတ်နှင့် ကနောင်မင်းတို့က တော်လှန်ပုန်ကန်၍ နန်းမှချခဲ့သော ပုံမင်းမှာ ထိုကျောက်ကြီးရောဂါ ကပ်ဘေးတွင်ပါဝင်ပြီး နတ်ရွာစံသွား၏။ ကျောက်ကြီးရောဂါသည် နန်းမြို့အတွင်းသို့လည်း မခေါ်ပင့်ဘဲ ရောက်လာလေသည်။ နန်းမြို့အတွင်းမှ အပျိုတော်များ မင်းမှုထမ်းများ အဖိတ်အစဉ်ရှိ၏။ ထိုရောဂါဆိုးသည် သီပေါဘုရင်မင်းမြတ်နှင့် စုဖုရားလတ်မိဖုရားတို့ မျှော်လင့်အားထားနေကြသော နန်းလျာသားတော်ကလေးကိုပင် အကြင်နာကင်းမဲ့စွာ တမလွန်သို့ပို့လိုက်လေပြီ။

နန်းလျာသားတော်ကလေး နတ်ရွာစံ ကံတော်ကုန်သွားရှာခြင်းမှာ သီပေါဘုရင်နှင့်မိဖုရားစုဖုရားလတ်တို့၏ "အိပ်မက်နိုင်ငံတော်" ပြိုလဲသွားခြင်းပင်ဖြစ်တော့သည်။ အစမူလက မောင်ဘုရားနှင့်စုဖုရားတို့ အားထားမျှော်လင့်ခဲ့သော ဗိမာန်ကြီးမှာ တစ်ဒင်္ဂ၊ တစ်ခဏအတွင်းမှာ အစအနရှာမရအောင် ဖြစ်ခဲ့ပါပြီကော။ ဘုရင်နှင့်မိဖုရားတို့ မူလကမျှော်လင့်ထားသည်က နန်းလျာသားတော်ကလေးကို နွေးထွေးစွာပြုစုပျိုးထောင်မည်။ ပညာတတ်အောင်သင်ကြားပေးမည်။ ယောကျ်ားတို့တတ်အပ်သည့် ၁၈-ရပ်သော အဋ္ဌာရသပညာများ သင်ကြားပေးမည်။ အချိန်တန်အရွယ်ရောက်သောအခါ သားတော်နန်းလျာကလေးကို သင့်တော်မြင့်မြတ်သည့် အမျိုးကောင်း သမီးပျိုနှင့်ထိမ်းမြား လက်ထပ်ပေးမည်။ ထို့နောက် သားတော်ကို

www.burmeseclassic.com

www.burmeseclassic.com



ရာဇဘိသေကခံ မင်္ဂလာသဘင် ဆင်ယင်ကျင်းပပေးမည်။ ထိုအခါ မိမိတို့က ဘုရင့်ခမည်းတော် ဘုရင့်မယ်တော်နေရာမှာ တစ်သက်တာလုံးခံ့ညားစွာ စည်းစိမ်တော်ခံပေရော့။

ယခုတော့...

ထိုသို့မျှော်မှန်းခဲ့သော ဘုရင်နှင့်မိဖုရားတို့၏ အိပ်မက်နိုင်ငံတော်သည် နွှေနေ့လည်ခင်း အိပ်မက်တစ်ခုလို ပြိုလဲပျောက်ကွယ်သွားပါပြီကော။

## ၆။ သီပေါဘုရင်နှင့် ဒိုင်းခင်ခင်

က

နန်းလျာသားတော်ကလေး အဖတ်မတင် ဖြစ်ခဲ့ခြင်းကြောင့် ဘုရင်နှင့် မိဖုရားတို့ များစွာမှဝင်သောကရောက်ခဲ့ရသည်။ လူလုံးမလှအောင် အပူလုံးကြွ ဖြစ်ရှာသည်။ ရင်မှဖြစ်သော ရင်သွေးတော်ကလေးမဟုတ်လား။ ပြီးတော့ နောင်အနာဂတ်အတွက် စဉ်ဆက်မပြတ်အားကိုးအားထားပြုရမည့် သားကောင်း ရတနာကလေး မဟုတ်လား။ သားတော်ကလေး ရေတိမ်တွင် နစ်ခဲ့ရခြင်းအတွက် ပင့်သက်အကြိမ်ကြိမ်ချမိသည်။ သို့သော် ဘုရင်မင်းမြတ်နှင့် မိဖုရားတို့သည် ရာဇရုပ်သွင်ကို အမြင်မလှမဖြစ်စေရ။ နေ့ညီလာခံ ညဉ့်ညီလာခံများမှာ အရှင်နှစ်ပါးထံဝန်တို့အခစားမပျက်စေရ။ မယွင်းစေရ။ မလစ်ဟင်းစေရ။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားစုဖုရားလတ်သည် ညီလာခံများသို့ လှပခံ့ထယ်စွာခြယ်သ၍ မှန်မှန်ကြီးတက်ရောက်လေသည်။ အပူရှပ်ကို မပူလုပ်၍ဖုံးထားသည် ပြီးတော့ မိဖုရားသည် တစ်သားမွေး၍ ဘစ်သွေးလှခဲ့ပြီမဟုတ်လား။ အလှ ပြင်သလောက်ပင် မိဖုရား၏ ကျက်သရေရှိသောဆင်းရှုပါက တောက် လာလေသည်။

မိဖုရားက မောင်ဘုရား၏မေတ္တာကို ဟန်ဖိုးထားသည်။ မောင်ဘုရား ချစ်ခင်ကြင်နာနေဖို့ကို အစဉ်မျှော်လင့်သည်။ မိမိမှာ တစ်သားမွေးခဲ့ပြီ သားသည်မိခင်တို့မည်သည် နကိုယ်အလှပျက်ယွင်းတော့မည်။ သည်တော့ ယခင်ကထက် မိမိကိုယ်ကို လှအောင်ပြင်သည်။ ပအောင်ဆင်သည်။

စဉ်းစားစရာတစ်ချက်ရှိသည်။ မိဖုရားသည်သီပေါဘုရင်အား တခြား ခြားသော မိန်းမများနှင့် သွားသွားလာလာ မရှိစေရအောင် မေတ္တာကြိုး ဖြင့် ချုပ်နှောင်ထားသည်။ အရပ်စကားဖြင့်ဆိုရလျှင် ရှင်ဘုရင်ကို တစ်လင် တစ်မယားစံနစ်ဖြင့် နှောင်တဲထားသည်။ သီပေါဘုရင်ကလည်း ဘာသာရေး အဆုံးအမများအောက်မှာ နေခဲ့ရသူမဟုတ်လား။ တဏှာပေမ၏ ညစ်ညမ်း ပေကျံမှုကိုမခံရအောင် ရှောင်ရှားသည်။ ဆင်ခြင်သည်။ ပြီးတော့ ဘုရင့် အာရုံထဲမှာ ငယ်ချစ်မိဖုရား စုဖုရားမှ စုဖုရား။

ဒါကြောင့်ပဲ ဖြစ်မည်လေ။ သီပေါဘုရင်ကို သမီးတော်စုဖုရားကြီးနှင့် စုလျားရစ်ပတ် လက်ထပ်လို့ နန်းအပ်ခဲ့တာတောင် ဘုရင်သည် စုဖုရားကြီး အဆောင်သို့ အနားကိုမျှမသီခဲ့ဘူးမဟုတ်လား။ တကယ်ဆို ကိုယ်က ယောကျ်ားသားပဲ။ ကိုယ်ကဘုရင်ပေပဲ။ ကိုယ့်မှာ ကာမဂုဏ်အာရုံကို ဝါသနာ ထုံသလောက် စွမ်းစွမ်းပေါက်ပေါက် ခံစားနိုင်ခွင့်ရှိသည်။ သို့သော် သီပေါ ဘုရင်က ထိုသို့မဟုတ်။ ကာမဂုဏ်အာရုံခံစား စံစားလိုသောဆန္ဒ ရှိချင် ရှိမည်။ ရှိလျှင်လည်း ပညာစွမ်း ချွန်းကဲ့သို့အုပ်ထားသည်ထင်ပါရဲ့။

တကယ်ဆိုတော့ ရှင်ဘုရင်တစ်ပါး၏ဘဝမှာ စည်းစိမ်တော်အ အပြည့်ရှိသည်။ ဘုရင်နှင့်မိဖုရားတို့သည် မိမိတို့စက်ရာဆောင်တွင် စိတ် တိုင်းကျ စက်တော်ခေါ်နေနိုင်ကြသည်။ အိပ်လိုသလား အိပ်၊ နိုးထလို သလား ထ။ ဘယ်သူမှ ဘုရင်နှင့်မိဖုရားကို စက်ရာဆောင်မှ နှိုးခွင့်မရှိ



မိဖုရားစုဖုရားလတ်သည် တစ်ခါတစ်ရံသာ စက်ရာဆောင်တွင် နေ့က်နေထန်းတဖျားရောက်သည်အထိ အိပ်ချင်အိပ်နေတတ်သည်။ ဒါတ တစ်ခါတစ်ရံ ကိုယ်လက်မအီမသာ ဖြစ်သည့်အခါများမှသာပါ။ ပုံမှန်အား ဖြင့်တော့ မိဖုရားသည် နံနက်အရုဏ်မတက်မီ ၄ နာရီခန့်တွင် စက်ရာ သလွန်မှ နိုးထလာလေ့ရှိသည်။

ထိုအချိန်တွင် မိဖုရားသည် စက်ရာသလွန်မှထ၍ အပျိုတော်များကို ခေါ်ပြီး တစ်နေ့တာစားသုံးလိုသော စားသောက်ဖွယ်တို့ကို တိတိကျကျ မှာကြားသည်။ အပျိုတော်များက မိဖုရားမှာကြားသမျှကို စာရင်းမှတ်သား ပြီး စားတော်ကဲထံ မှာကြားခိုင်းစေရသည်။

ဘုရင်နှင့်မိဖုရားတို့ စက်ရာသလွန်မှနိုးထလာသည့်အခါ မျက်နှာ သစ်တော်သစ်၊ ကိုယ်လက်သန့်စင်ပြီးချိန် နံနက်စာ လက်ဖက်ရည်တော်များ ဆက်သကြရသည်။ ထို့နောက်တွင်မှဘုရင်နှင့် မိဖုရားတို့ ချိုးရေတော် သုံးကြသည်။ ရေမိုးချိုးပြီးနောက် အမွှေးနံ့သာများလိမ်းကျံပြီး ဝတ်လဲတော် များ လဲလှယ်ကြသည်။ ဘုရင်နှင့် မိဖုရားတို့သည် တစ်နေ့တာအတွင်း ဝတ်လဲတော် ၄ ကြိမ် လဲလှယ်ကြသည်ဟုဆိုသည်။ နံနက်စောစော ထမဆုံးအကြိမ် ဝတ်လဲတော် လဲလှယ်ကြခြင်းဖြစ်သည်။

သည်နေရာတွင် စိတ်ဝင်စားဖွယ်အကြောင်းရပ်ကလေး ပြောပြရဦး မည်။ မိဖုရားချိုးရေတော်သုံးနေစဉ် အပြင်မှအပျိုတော်များက ပရိတ်တရား တော်များ ရွတ်ဖတ်သရဇ္ဈာယ် နေကြရသည်ဆို၏။ ဘာဖြစ်လို့ပါလိမ့်။ သော် သိပြီ သိပြီ၊ မိဖုရားသည် ရေသုံးသပ်နေစဉ် ခန္ဓာငါးပါးအစုအဝေး၏ တည်မမြဲ ဖောက်ပြန်ယိုယွင်းတတ်သော သဘောသဘာဝကို တရားမျှ ဖြင့် ဆင်ခြင်လိုဟန်တူရဲ့။

ရေသုံးသပ်ပြီးသော် မိဖုရားကို အပျိုတော် ရံရွေတော်များက ခေါင်း ရောမတိုင်းဖြစ် နူးညံ့သိမ်မွေ့သော မျက်နှာသုတ်ပဝါဖြင့် ရေသုတ်ပေးကြ သည်။ မကြာခဏပင် မိဖုရားက ခေါင်းလျှော်လေ့ရှိသည်။ ခေါင်းလျှော် သည့်အခါ မိဖုရားဆံကေသာကို နူးညံ့သော်မွေးပွ မျက်နှာသုတ်ပဝါဖြင့် အပျိုတော်များက ရေသုတ်သန့်စင်ပေးရသည်။ ပြီးတော့မှ မိဖုရား တစ်ကိုယ်လုံးကို ပြင်သစ်ပြည်လုပ် ရေမွှေးအကောင်းစားဖြင့် ဆွတ်ဖျန်း

www.burmeseclassic.com

www.burmeseclassic.com



မွှေးကြိုင်စေသည်။ "မောင်တော်မင်းတရားက အမွှေးနံ့သာဆို အလွန်နှစ်သက်သကွယ့်။ ခေါင်ဖုရားကို ရေမွှေးများများဆွတ်ပေးကြ၊ နံ့သာများများ လိမ်းပေးကြပါဦးကွယ်တို့"

မိဖုရားက အပျိုတော်များကို အဲသည်လိုပဲ မှာကြားစေခိုင်းလေ့ရှိသည်။

မိဖုရား၏ ဆံကေသာတော်ကို ရွှေဘီးတော်များဖြင့် ဖြီးသင်သန့်စင်ပြီးလျှင် နိုင်ငံခြားဖြစ် ဆံသဆီမွှေးများဖြင့် ညင်သာစွာလူးပေးရသည်။ မိမိ၏ဆံကေသာတွင် ရတနာဆံထိုးများ ရှုပ်ပွေအောင်ဆင်ယင်ထားသည်ကို မိဖုရားကမနှစ်သက်။ ထို့ကြောင့်ဆံထုံးကိုသာ လှပခံ့ထယ်စွာ ထုံးပေးရသည်။ စိန်ဆံထိုးတစ်ချောင်းသာ ခေါင်းမှာထိုးပေးရသည်။ စိန်ဆံထိုးနှင့် ပန်းကလေးတစ်ပွင့်သည် မိဖုရား၏တင့်တယ်လှပသော ဆံထုံးနှင့် လိုက်ဖက်ရှုမောပါဘိ။

မိဖုရားစုဖုရားလတ်သည် မြန်မာမိန်းကလေးပီသလွန်းပါပေ၏။ မိဖုရားက မြန်မာသနပ်ခါးကို အလွန်ပင် ကြိုက်နှစ်သက်လှသည်။ ရေမိုးချိုးပြီးသည့်အခါ သနပ်ခါး နုနုညက်ညက်ကလေးသွေးပေးပြီး အသားပေါ် လိမ်းတင်လိုက်ရသည်ကို အလွန်သဘောမွေ့၏။ မနောတွေ့၏။ မျက်နှာတော်အလှမှာ သနပ်ခါးရေကျဲကလေး ဖွေးရုံမျှခြယ်ပြီးသော် မိဖုရား၏ မျက်ခုံး၊ မျက်တောင်နှင့် နှုတ်ခမ်းနားတဝိုက်က သနပ်ခါးတွေကို အပျိုတော်များက ပဝါပါးကလေးဖြင့် ပွတ်သပ်ညှိဆွဲ သန့်စင်ပေးရ၏။

မိဖုရားသည် နှုတ်ခမ်းနီ၊ ပါးနီဆိုးခြင်းကို သဘောလောက်သာ ကြိုက်နှစ်သက်၏။ နီနီရဲရဲ၊ ရိုင်းရိုင်းရင့်ရင့်ကြီး ပြင်ဆင်ပေးသည်ကို မနှစ်သက်။ ထို့ကြောင့် ပြင်သစ်ပြည်လုပ် နှုတ်ခမ်းနီဆိုးဆေးကို ပါးပါးလျလျကလေးသာ မိဖုရားနှုတ်ခမ်းမှာ ဆိုးပေးရသည်။ မိဖုရား၏ပါးမှာ သနပ်ခါးအပေါ်က ပန်းနုရောင်ပြေးကလေးသာ ဆေးရောင်ခြယ်သပေးရသည်။

ကဲ မိဖုရားသည် ရေမိုးချိုး၊ ဆံကေသာလည်းပြင်ဆင်၊ မျက်နှာတော်လည်း ခြယ်သပြီးပြီ။ ဘာကျန်သေးသလဲ။ ဝတ်လဲတော်များ လှလှပပ ကျကျနန လဲလှယ်ရဦးမည်လေ။



မိဖုရားက ခါသာပိတ်နှင့် ပိုးအင်္ကျီ၊ ပိုးထမီများ ဝတ်ဆင်လဲလှယ်လေ့ရှိသည်။ ဒါတွေက ညီလာခံတက်သောနေ့များတွင် ဆင်ယင်နေကျဝတ်လဲတော်များဖြစ်သည်။ ညီလာခံမတက်ရသောနေ့များတွင်မူ မိဖုရားသည် သာမန်ဝတ်လဲတော်များသာ ဝတ်ဆင်၏။ သည်အခါ ကန့်လန့်စင်းများ ပါသောထမီနှင့် အကွက်စိတ်ကလေးများဖေါ်ထားသော ထမီများကို မိဖုရားက နှစ်ခြိုက်စွာ လဲလှယ်ဆင်မြန်းလေသည်။

ထူးခြားသော အခမ်းအနားသဘင်များရှိသလား။ ထိုအခမ်းအနားများတွင် မိဖုရားသည် အဆင်အသွေးအမျိုးမျိုး ခြယ်သသော ပိုးထမီများကို ထပ်ရအောင် ရွေးချယ်ဆင်သသည်။ ထမီအောက်ခံထည်မှာ ခါသာပိတ်ကိုသာ ချုပ်ဝတ်လေ့ရှိသည်။

ထမီကိစ္စတော့ပြီးပြီ။ အင်္ကျီကော ဘယ်အသား၊ ဘယ်အသွေး၊ ဘယ်အဆင်ကို မိဖုရားကြိုက်နှစ်သက်ပါလိမ့်။ ပိုးသားအထည်များ ခါသာပိတ်များသာ မိဖုရားက နှစ်သက်စွာ ဆင်သလေ့ရှိသည်။ မိဖုရားက အလွန်ခေတ်မှီသူမဟုတ်လား၊ တချို့မြန်မာတွေလို အင်္ကျီနှင့် ထမီ ဝတ်ချင်သလိုဝတ်၊ ဆင်ချင်သလိုဆင်၊ တွဲချင်သလိုတွဲတာကို မနှစ်သက်။ ထမီရောင်နှင့် အင်္ကျီရောင်ပြေပြေကလေး ညီညွတ်အောင် မိဖုရားက ဆင်ယင်ရမှ ကျေနပ်သည်။ ဘုရင်မင်းတရား၏အမြင်တွင် ကိုးလိုးကန့်လန့်ကြီး စွဲထင်နေမည့် အဆင်အသွေးများကို မိဖုရားကရှောင်ရှားသည်။ ထမီနှင့်အင်္ကျီ အရောင်အသွေးကို ပြေပြေကလေးလိုက်လာမည့် အရောင်နှဝါကလေးကို ကိုယ်မှာလွှမ်းခြုံလိုက်သောအခါ ဝတ်လဲတော်အဆင်အပြင် ပြည့်စုံပါလေပြီ။

မိဖုရားသည် လည်တိုင်တွင် အရှည်အသွေး အမြင့်မားဆုံး. စိန်ဆွဲကြိုး သုံးကုံးကို အဆင့်ဆင့်ထပ်၍ဆွဲသည်။ နားမှာတော့ တစ်ပွင့်တည်းနှင့် လက်လက်တောက်နေသော စိန်တစ်လုံးနားကပ်ကို ဆင်သလေသည်။ ပွဲလန်းသဘင်မရှိသော သာမန်နေ့များတွင် ကိုယ်ပေါ်မှာ ရတနာတွေ "သီး" အောင် မိဖုရားက မဆင်တတ်၊ တကယ့်မင်းပွဲသဘင်များ ဆင်ယင်ချိန်မှာတော့ မိဖုရား၏ကိုယ်မှာ စိန်၊ မြ၊ ပတ္တမြား၊ နီလာ၊ ဂေါမုတ်စသော နန်းစဉ်ရတနာများကို လက်လက်ပွားအောင် ဝတ်ဆင်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နှင့်မိဖုရား၏ ဝတ်လဲတော်များမှာ ပြည်တွင်းဖြစ်လည်းပါသည်။ နိုင်ငံခြားသို့လည်းမှာယူသည်။ ဘုရင်နှင့်မိဖုရား ဝတ်ဆင်ရန်ဝတ်လဲတော်များကို နန်းတွင်းရှိ ဘုရင့်ရက္ကန်းရုံမှ စနစ်တကျရက်လုပ်ရသည်။ ထို ရက္ကန်းရုံများတွင် နိုင်ငံခြားမှခေါ်ယူထားသော တိုင်းခြားလုပ်သားမိန်းမငယ်များရှိသည်။ မြန်မာအမျိုးသမီးငယ်များနှင့်ပူးတွဲ၍ အဝတ်အထည်များ ရက်လုပ်ရလေသည်။

စုဖုရားလတ်သည် ပြည်တွင်းဖြစ်အထည်များကိုလည်း အားပေးဝတ်ဆင်ပါ၏။ ပြည်ပမှခေါ်ယူလာသော တိုင်းခြားသူများရက်လုပ်သောဓတ်ရုံလွှာနှင့် မြန်မာ့ရိုးရာ ကြိုးကြိုးချိတ်၊ ရွှေချည်ထိုး၊ ငွေချည်ထိုး အဝတ်အထည်တို့ကိုလည်း မျှတစွာအားပေးဝတ်ဆင်ပါ၏။ သို့သော် တစ်ချိန်တည်းမှာပင် နန်းတွင်း၌ ခစားလာသော တိုင်းခြားအပျိုတော်များ သဘော်မာလိန်မှူးများမှတစ်ဆင့် နိုင်ငံခြားဖြစ် ကောင်းမေ့၊ ညွှန့်မေ့၊ လှမေ့၊ ဆိုသောအထည်များကိုလည်း လက်မလွှတ်တမ်း ဝတ်ဆင်သည်။ စုဖုရား ယဉ်မှ၊ လှမှ၊ နုမှ၊ မောင်တော်ဘုရားချစ်မည်လေ။ မောင်တော်ဘုရား ကြင်နာမည်လေ။ မောင်တော်ဘုရား မြတ်နိုးမည်လေ။ သည်သို့သည်နှယ် စုဖုရားလတ်သည် မိမိကိုယ်မိမိ အလှဆုံး မိန်းမပျိုတစ်ဦးအသွင် ပြုပြင်ဆင်ယင်နေဆဲမှာပင် သီပေါဘုရင်သည် ဒိုင်းခင်ခင်ဆိုသော မိန်းမချောကလေးနှင့် အချစ်မျော်ရုံတောအတွင်းမှာ ပက်ပင်းကြီးတိုးမိလေသည်။

ခ

စုဖုရားလတ်သည် ဒုတိယအကြိမ် ပဋိသန္ဓေရှိခဲ့ပြန်၏။ သည်တစ်ကြိမ်တွင် နတ်ရွာစံသားတော်ကလေးအစား နောက်ထပ်သားတော်တစ်ပါး ရလာဦးမည်ဟု ဘုရင်နှင့်မိဖုရားတို့ အားခဲထားကြ၏။ သို့သော် "ခဲလေသမျှသဲရေကျ"ကြရသည်။ စုဖုရားလတ်သည် သားတော်မဖွားဘဲ သမီးတော်ကလေးတစ်ပါးကိုသာ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့၏ သမီးတော်ကလေးကို လွယ်လွယ်ပင် ခေါ်ဝေါ်နိုင်ကြပါ၏။ "ပထမသမီးတော်"။

သီပေါဘုရင်မင်းမြတ်သည် စုဖုရားလတ်စံမြန်းနေသော နန်းမတော်



အဆောင်သို့ အမြဲမပြတ် ကြွချီလာလေ၏။ နုနုရွရွ လှပတင့်တယ်ပေသော သမီးတော်ကလေးကို ဘုရင်မင်းမြတ်က "ငုံ" ထားမတတ် ချစ်ခင်မြတ်နိုးရှာသည်။ ထို့ကြောင့် မိဖုရားအဆောင်တော်ရှိ သမီးတော်ကို တစ်နေ့တစ်ကြိမ်တွေ့သည်။ နှစ်ကြိမ်လည်းရောက်သည်။ သုံးကြိမ်လည်း၊ လေးကြိမ်လည်း၊ ငါးကြိမ်လည်းကြွလှမ်းသည်။ အဲသည်လို ကြွလှမ်းပါများတော့ ဘုရင်မင်းမြတ်သည် မိဖုရား၏အပျိုတော် ဒိုင်းခင်ခင်နှင့်စုရပ်တစ်ခုတွင် ရင်ဆိုင်တိုးမိသည်ထင်ပါရဲ့။

ဒိုင်းခင်ခင်သည်။ လှ၏။ ချော၏။ ယဉ်၏။ နွဲ့၏။ နု၏။ အေး၏။ ပြီးတော့ ထူးခြားသည်မှာ ထိုမိန်းမပျို၏မျက်နှာ။ အမြဲပြုံးနေသည်လား၊ မပြုံး။ သို့သော် ပြုံးနေသည်ထင်ရအောင် ကျက်သရေရှိသော အပြစ်ကင်းစင်သည့် မျက်နှာသည် တစ်ကြိမ်တစ်ခါ ကြည့်ပြီးလျှင် ထပ်မံကြည့်ချင်လောက်အောင် ညို့ဓာတ်ကြီးလှချေ၏။ ညို့ဓာတ်ကြီးသည်ဆို၍ ဘဏ္ဍာပေမနှင့်ယှဉ်သော ပူလောင်သည့်ညို့ဓာတ်မဟုတ်။ မေတ္တာစစ်မေတ္တာမွန်နှင့်နွယ်သော ကြည်လင်အေးမြသည့် ရေစင်တစ်ပေါက်နှယ် အားရှိသောညို့ဓာတ်။

ထိုညို့ဓာတ်၏ မမြင်ရသောစွဲငြိဖွယ် နှောင်ကြိုးတစ်မျှင်သည် ဘုရင်မင်းမြတ်၏ "ဘဝင်"ကို ဘယ်သို့များ ရစ်ပတ်နှောင်ဖွဲ့ခဲ့ပါလိမ့်။ ကဲ သည်သို့ မေးပြီဆိုပါစို့။

ဖြေပါမည်။ ဖြေမည်ဆိုမှ ကကြီးရေက အစမှအဆုံးတိုင် ပိုင်ပိုင်နိုင်နိုင်ပဲ ဖြေဆိုပြပါတော့မည်။ ဒိုင်းခင်ခင်ဆိုသော အပျိုတော် ချောချောလှလှကလေးသည် ကန္နီမြို့စား ဒိုင်းဝန်မင်းဦးဘိုးကြီး၏ သမီးဖြစ်၏၊ ဒိုင်းဝန်သမီးဆိုပေမယ့် သမီးအရင်းတော့မဟုတ်၊ ဒိုင်းဝန်ဦးဘိုးကြီးတို့မှာ သားသမီးမထွန်းကား။ သည်တော့ ဝန်ကတော်၏မောင် ဦးဘိုးတင်၏ သမီးငယ်ကလေးကို ချစ်မြတ်နိုးလှသဖြင့် သမီးအရင်းအဖြစ် ခေါ်ယူမွေးစားခဲ့သည်။ နာမည်ကိုလည်း ချောမောလှပသောသမီးကလေးနှင့်လိုက်ဖက်အောင် ခင်ခင်ကြီးဟုပေးခဲ့သည်။ ထို့ပြင် ခင်ခင်ကြီးမှာ ခန့်းပဟ်ဝန်ကြီး၏ မြေးတော်စပ်သည်ဟုလည်း သတင်းပြေးနေသည် ပြီးတော့ ပုဂံအတွင်းဝန်၏ တူမတော်ဟုလည်း ပြောကြဆိုကြသည်

www.burmeseclassic.com

www.burmeseclassic.com



အို... သည်လိုဆိုတော့ သည်မိန်းကလေးရဲ့မျိုးရိုးက ဘယ်ဆိုးလို့လဲ ဘယ်ညံ့ လို့လဲ။ တကယ့် မျိုးကြီးဆွေကြီးထဲကပါလား။

*သီပေါဘုရင်သည် မိဖုရား၏နန်းမတော်အဆောင်တော်သို့ ကြွလာ* သည့်အခါတိုင်း ထိုမိန်းမပျိုကိုတွေ့၏။ မြင်၏။ အစမူလ မြင်တွေ့စ ဘာမှမဖြစ်။ သို့သော် နန်းမတော်ဆောင်သို့ ကြွချီဖန်များသော် ထိုအပျိုတော် ချောချောလှလှကလေးကို မြတ်နိုးချင်စိတ်ပွားလာသည်။ တွယ်တာချင်စိတ် ပေါ်လာသည်။ ကြင်နာယုယချင်သောစိတ်တွေ ဖြစ်ပေါ်လာသည်။ သို့သော် ဘုရင်မင်းမြတ်သည် ရာဇဣန္ဒြေကိုထိန်းသည်။ ဘာမျှမပြော၊ ဘာမျှမဆို ဘာမျှမဖွင့်ဟဘဲ အကဲခတ်နေသည်။

သို့သော် ထိုအခြေအနေသည် ဘုရင့်နှလုံးသားအတွင်းမှ မေတ္တာ ဓာတ်ကို ကြာရှည်ကြာမြော သိုဝှက်ထိန်းသိမ်းထားနိုင်ဖွယ်မရှိ။ ခက်ပါသ် တော့။

သို့နှင့် သီပေါဘုရင်သည် ယုံကြည်စိတ်ချရသော လူယုံတော်တစ်ဦး ကို နန်းတွင်း၌ ရှာဖွေကြည့်မိသည်။ တွေ့ပြီ။ တိုင်တားမင်းကြီးဦးဖိုး။

သိကြသည် မဟုတ်လား။ သီပေါမင်းသားကို နန်းတင်ပေးရ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြတုန်းက သီပေါမှသီပေါဟု တစ်ပြားသား မလျှော့ဘဲ ရဲရဲကြီး ပြောခဲ့သော တောင်ထားဝယ်ဗိုလ်ဦးဖိုး။

သီပေါဘုရင်လက်ထက်တော်တွင် နန်းတွင်း၌ ရာထူးအမြင့်ဆုံးသို့ တက်ခဲ့၏။ ဦးဖိုးသည် မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် ပထမ လက်ဖက်ရည်တော်ကိုင်ရာထူး၊ နောက် စလင်း၊ ကျပင်း၊ စတ လယ်ကိုင်းလေးမြို့၏ စစ်ကဲဖြစ်လာသည်။ နောက် မင်းတုန်းတောင်ဆ ခုနစ်ခရိုင်ဝန်၊ ပြီးတော့မှ တောင်ထားဝယ်သေနတ်ဗိုလ် ဖြစ်လာသည်။ နောက် မိုင်းလုံမြို့ဝန်၊ သည်မှ မဟာမင်းထင်ကျော်ခေါင်ဘွဲ့နှင့် ကြည်းတပ် ကို အုပ်ချုပ်သော သူရဲဝန်။ ၁၂၄၀ ပြည့်နှစ်တွင် မင်းကြီးမဟာမင်းခေါင် ဘွဲ့နှင့် လွှတ်တော်အတွင်းဝန် ခန့်ထားခြင်းခံရသည်။ တိုင်တားမြို့ကို စားခွင့်ရပြီး တိုင်တားမင်းကြီးဟုတွင်သည်။ နောက်တွင် သတိုးမင်းကြီး မဟာမင်းလှ မင်းခေါင်ဘွဲ့နှင့် ဝန်ကြီးအဆင့်သို့ တိုးမြှင့်ခံထားခြင်းခံရသည်။



လွှတ်တော် ဝန်ကြီးရာထူးနှင့်တွဲဖက်၍ သမီးတော်တာဝန်ဝတ္တရားများလည်း ထမ်းရွက် ရလေသည်။[၁]

ယခု သီပေါဘုရင်မင်းမြတ်၏ "ငါ့ဝမ်းပူဆာ၊ မနေသာ" ရောဂါ ဆေးနှာကို ကယ်တင်ကုသစောင်မပေးမည့် သမားတော် ကြီး တာဝန်ကို တိုင်တား မင်းကြီး ဦးဖိုးက ယူလေသည်။

တိုင်တားမင်းကြီးသည် သီပေါဘုရင်မင်းတရား၏ နှားပူနှားဆာ ကိုက်မှုကို သက်သာစေရန် ဆွေနီးမျိုးစပ်တစ်ယောက်ကိုရှာရသည်။ အသက် ၁၄ နှစ်ရွယ် တူတော်သူ လူငယ်တစ်ဦးကိုတွေ့၏။ သည်ကိစ္စ မျိုးမှာ မိမိ၏မျက်နှာ ကိုယ်တိုင်ကိုယ်ကျပါဖို့မသင့်။ လူမသိသူမသိ တစ်စုံတစ်ဦးကို လွှတ်၍ စေ့စပ်သော် သင့်တော်လိမ့်မည်။

တိုင်တားမင်းကြီး၏ တူတော်သူ လူငယ်ကလေးက အပျိုတော် ကလေး ခိုင်းခင်ခင်ထံ ချဉ်းကပ်သည်။ ပြီးတော့ သီပေါဘုရင်၏ဆန္ဒကို ဆပို့သွယ်ဆောင်ပေးလေသည်။ အပျိုတော်ကလေး ခိုင်းခင်ခင်မှာ မထင် မှတ်သောစကားကိုကြားတော့ မိမိနားကိုပင် မိမိမယုံ။ ဟုတ်မှဟုတ်ပါရဲ့ လား။ ဘုန်းတော်ကြီးဘုရားက မိမိလို အပျိုတော် သာမန်မိန်းကလေးကို မြက်နိုးချစ်ကြင်တော်မူသတဲ့။ ကြားရသည့်သတင်းက ပျော်စရာတော့ ကောင်းသလိုလို။ သို့သော် မပျော်ဝံ့ဝံ့ ပျော်ဝံ့ဝံ့ဟု ဆိုရမည်လား။ ကျော လည်းချမ်းမိပါရဲ့။ မတော်လို့ သည်သတင်းစကားသည် ကြမ်းကြားလေ ကြားလွင့်ပါးပြီး မိဖုရားကြီးထံရောက်သော် အသက်ပျောက်ရမည့်ကိန်းပါ လား။ ကြောက်ပါ၏။ ရွံ့ပါ၏။ စိုးရိမ်ပါ၏။ ထိတ်လန့်ပါ၏။ သည်တော့ ခိုင်းခင်ခင်က အလိမ္မာသုံးလေသည်။ မိမိအား ဘုန်းတော်ကြီးဘုရား မြတ်နိုးတော်မူသည်ဆိုလျှင် မိမိ၏ ဦးလေးတော်သူ ပုဂံအတွင်းဝန်ထံ ဆက်သွယ်ပါ။ ပြောဆိုပါ။ စေ့စပ်ပါ။ ဦးလေးတော် မင်းဘုရားကသာ အရာရာကို ဆုံးဖြတ်ပြန်ကြားပါလိမ့်မည်။

ခိုင်းခင်ခင်က သည်လိုအလိမ္မာသုံးတော့ သီပေါဘုရင်အဖို့ စဉ်းစားရ ကျပ်သွားသည်။ မိမိက အဲသည်လို လူကြီးလူကောင်းတွေကို အသိပေး

---

၁။ နှစ် ၂၀၀ မြန်မာနိုင်ငံသမိုင်း အဘိဓါန်၊ စာ ၁၅၀။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန် ဆန္ဒမရှိသေး။ နှစ်ကိုယ်ကြား သဘောထားလဲလှယ် ထား သာ အကြံရှိနေသည်။ ထို့ကြောင့်ပင် ဘုရင်မင်းမြတ်က ဒိုင်းခင်ခင် တိုက်ရိုက် ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။

သီပေါဘုရင်သည် အခြေအနေအရပ်ရပ်ကို မင်းသား ရနော မောင်မောင်တုတ်ထံ ဖွင့်ဟတိုင်ပင်လေသည်။ မှတ်မိကြပါရဲ့လား။ ရနော မောင်မောင်တုတ်ဆိုတာ သီပေါဘုရင် နန်းပလ္လင်ပေါ်ရောက်ဖို့ တိုင် ကြံသော အစည်းအဝေးတွင် ဝင်ရောက်ခြိမ်းခြောက် ပြောဆိုခဲ့သူ သူ့ကို သီပေါမင်းက ကောင်းကောင်းကြီးစောင့်ရှောက်ခဲ့၏။ ကောင်းကော ကြီး ကြည့်ရှုခဲ့၏။ ကောင်းကောင်းကြီး ကျေးဇူးတုံ့ပြန်ခဲ့၏။ မင်းသ အဆောင်အယောင်ပေးပြီး အပါးတော်မှာ ခစားစေခဲ့လေသည်။

တစ်နေ့တွင် သီပေါဘုရင်သည် အဆောင်အယောင်မပါဘဲ ရနော မင်းသား မောင်မောင်တုတ်အိမ်သို့ လှမ်းကြွခဲ့သည်။ သီပေါဘုရင် ရနောင်မောင်မောင်တုတ်ထံ မိမိလာရင်းကိစ္စကို ဖွင့်ဟသည်။ "ကန္တော အတွင်းဝန်ရဲ့ သမီးကလေးလေ၊ သိကယ် မဟုတ်လား။ ခင်ခင်ကြီး စုဖုရားရဲ့အပျိုတော် ကလေး၊ အဲဒါ ကိုယ်တော်ဘုရား သနားချင်တယ် ကလေးမကလေးက နုနုရွရွ လှလှကလေးကွဲ၊ တို့များမှာတော့ ရှာ ဣန္ဒြေလည်း ဆောင်ရတယ်၊ ပြီးတော့ စုဖုရားစိတ်ခတ်လည်း အသိသာ မဟုတ်လား။ ဘယ်လိုမှကျေနပ် မှာ မဟုတ်ဘူး။ သိုသိုသိပ်သိပ်ကလေး လုပ်မှ .. လုပ်မှ"

ရနောင်မင်းသား မောင်မောင်တုတ်သည် သီပေါဘုရင်၏ မိန့်ကြား ချက်ကို ကြားရသော် ပြုံး၍ ခေါင်းညိတ်၏။ ခေါင်းညိတ်ရင်းလည်း ပြုံးသည်။ "ကိုယ်တော်ကြီးဘုရား ခုမှပဲ နားလည်သဘောပေါက်ပြီလား ရှင်ဘုရင်ဆိုတာ မိဖုရား ၄ ပါး အပြည့်အစုံထား။ ကိုယ်လုပ်တော် တွေလည်း တပြုံကြီးနှင့် စည်းစိမ်တော်ကို အလိုရှိသမျှခံစားပါ။ စံစားပါ ရယူပါဟု အကြိမ်ကြိမ်အခါခါ လျှောက်ထားစဉ်က၊ ခေါင်းတခါခါ လက်တရမ်းရမ်းနှင့် စုဖုရားလတ်မှ စုဖုရားလတ်။ လောကကြီးမှာ သည်မိဖုရားတစ်ပါးတည်းသာ မိန်းမဟူ၍ရှိတော့သည့်ပုံ။ ယခုတော့ဖြင့် အရေးတော်ကြုံပြီလားဘုရား။ စိုးရိမ်တော်မမူပါနှင့်ဘုရား။ သော



တော်မမူပါနှင့်ဘုရား။ ပူပန်တော် မမူပါနှင့်ဘုရား။ သည်တာဝန်များကို မောင်မောင်တုတ် ပခုံးပေါ်တင်ထားလိုက်ပါဘုရား။ အရာရာသည် ပန်းခင်းလမ်းလို ပျံ့သင်းလှပ ချောမွေ့စေပါမည်ဘုရား... စေပါမည်ဘုရား"

ရနောင်မောင်မောင်တုတ်သည် လက်အုပ်ကို အကြိမ်ကြိမ်ချီရင်း ခေါင်းတမော်မော် လည်တညိတ်ညိတ်နှင့် အကြိမ်ကြိမ် အာမဝန်တာ ခံလေသည်။ ဘယ့်နှယ်လဲ။ သည်တစ်ပွဲမှာမှ ဘုန်းတော်ကြီးဘုရားကို ကျေးဇူးဆပ်ခွင့်မကြုံလျှင် ဘယ်ပွဲမှာကြုံရမည်လဲ။ မိမိသည် ယခင်က သာမန်အရပ်သား အမှုထမ်း။ ဘာမျှဂုဏ်သရေထွားသူမဲ့ဟုတ်။ ဒါကို ဘုန်းတော်ကြီးဘုရားက မင်းသားဘွဲ့မည်သပြီး အဆောင်အယောင် မ ခဲ့သည်ပဲ။ ယခု ဘုန်းတော်ကြီးဘုရား အလိုဆန္ဒကို ပြည့်ပြည့်ဝဝ ဘုညီဆောင်ရွက်ပေးနိုင်လျှင် မြင့်မြင့်သမျှ အခွင့်အရေးတွေ "မောင်မောင် တုတ်"ထံ ရောက်လာမည်ကေန်။ မောင်တုတ် ဘာလုပ်ချင်သလဲ့လုပ်။ မောင်တုတ် ဘာယူချင်သလဲယူ။ မောင်တုတ် ဘာဆန္ဒရှိလေသလဲ .. ပြည့်စေ။

သို့နှင့် ဘုန်းတော်ကြီးဘုရား သီပေါဘုရင်သည် ဘဝင်ချမ်းမြေ့ ရွှင်လန်းမွေ့ပြီ။ ဟန်ကျပြီ။ သည်လူကို မင်းသားဘွဲ့ပေး။ ရာထူးကလေးနှင့် မြှောက်စားခဲ့သည်မှာ အသာဖြင့်ကျပါပေါ့။ သူ့စွမ်း သူ့အားနှင့်ပင် ခင်ခင်ကြီးဆိုတဲ့ ရတနာရွှေစင်သည် ဘုရင်မင်းမြတ်၏ရင်ခွင်သို့ အဆင်သင့် ကျလာ တော့မည်ထင်ပါ့။

ရနောင်မင်းသားက လက်တွေ့သမားဖြစ်ဟန်တူ၏။ သူသည် လုပ်ရန်ရှိသောကိစ္စဟူသမျှကို နေ့နေ့ညည ရွှေ့ရန် ဆန္ဒရှိဟန်မတူ။ ကိစ္စ တစ်ခုကြုံလျှင် လက်ငင်းရှင်းတတ်ဟန်တူသည့်လူ။ သည်တော့ ရနောင် မင်းသားက သီပေါဘုရင်ကို မိမိစံအိမ်တော်အတွင်းမှာထားခဲ့ပြီး အိမ်တော် အပြင်သို့ထွက်ခဲ့သည်။ အိမ်တော်အတွင်းရှိ လူယုံတော်တစ်ယောက်ကိုခေါ် ၏။ ပြီးတော့ သေချာကျနစွာမိန့်မှာလေသည်။

"ကန္တီမြို့စားအတွင်းဝန်သမီး ခင်ခင်ကြီးကို သိတယ်မဟုတ်လား။ ချောချောလှလှ ကောင်မကလေးလေ။ သူ့ကိုသွားခေါ်ခဲ့စမ်း။ ရနောင် ကိုယ်တော် အခေါ်လွှတ်တယ်လို့ပြော၊ သျှို့သျှို့ဝှက်ဝှက်လုပ်၊ လူမသိ

www.burmeseclassic.com

www.burmeseclassic.com



သူမသိလုပ်၊ အထူးသဖြင့် မိဖုရားကြီးမသိအောင်လုပ်၊ ကြားရဲ့ မေးစရာရှိသေးလား”

ရနောင်မင်းသား၏ လှုယှံရဲဘော်သည် ခေါင်းကိုတဆတ်ဆတ်ညိတ်သည်။ မေးစရာမရှိပါ။ အမိန့်တော်က တိကျပြတ်သားပြီးပြီ။ ခင်ခင်ကြီးကို တွေ့ရာဒေသမှ ရှာဖွေခေါ်ယူခဲ့ရမည့် အမိန့်တစ်ခုတည်းမဟုတ်လား။ “စိတ်ချတော်မူပါဘုရား၊ အမိန့်တော်အတိုင်း မဆိုင်းမတွ တိကျစွာ ဆောင်ရွက်ပါမည်ဘုရား”

ထိုနေ့က အပျိုတော်ကလေး ခင်ခင်ကြီးသည် ရနောင်မင်းသား မောင်မောင်တုတ်၏ အိမ်တော်သို့ရောက်လာခဲ့သည်။ ရနောင်မင်းသား အခေါ်လွှတ်လို့ လိုက်ခဲ့ရန်အမိန့်ပါတယ်ဆိုလို့ ကသီကရီလိုက်လာခဲ့သည်။ ဘာကိစ္စမှန်း မသိရှာ။ ဘာအကြောင်းကြောင့် ခေါ်သည်လည်းမသိရှာ။ ရနောင်မင်းသား မောင်မောင်တုတ်အိမ်သို့ ခင်ခင်ကြီးရောက်လာပြီ။ ခင်ခင်ကြီးရောက်လာသည်နှင့် ရနောင်မင်းသားက ဘာမပြော၊ ညာမပြောနှင့် အပျိုစင်ကလေးကို ပခုံးကကိုင်ပြီး သီပေါဘုရင်ရှိနေသော အိမ်ခန်းအတွင်း တွန်းပို့ပေးလိုက်၏။ ဒါပါပဲ။ သီပေါဘုရင်နှင့် ဒိုင်းခင်ခင်တို့ ပဏာမ တွေ့ခဲ့၊ ဆုံခဲ့၊ ကြုံခဲ့ရသည့်ဇာတ်လမ်းက အဲသည်လို ပျော်စရာကောင်းပါသေးတော့။ ခင်ခင်ကြီးဆိုတာက အဖိုဆိုလို့ ယင်ဖိုမှ မသမ်းဘူးသေးသည့် တကယ့်အပျိုစင်။ ခု သည့်ပန်းနုပွင့်သီကလေးသည် လူမရှိ သူမရှိ ခန်းဆောင်အတွင်းမှာ ဝတ်ရည်သုံးမည့်လိပ်ပြာကလေးနှင့် တွေ့ရှာပြီ။ “ကြောက်နေသလား၊ ရွံ့နေသလား၊ စိုးရိမ်နေသလား။ ပူပန်နှောင့်ယှက်လို့ ကြောင့်ကျတော်မမူပါနဲ့ နှမတော်ကလေးရယ်။ မောင်ဘုရားကလေ နှမတော်ခင်ခင်ကို စင်မြင့်ဆီသို့ အသေအချာပို့ပေးမှာပါ။ မောင်ဘုရားနဲ့ နှမတော်တို့ နှစ်ကိုယ်တွဲပြီး ချစ်ဗိမာန်ကလေး ဆောက်ရအောင်၊ ချစ်တေးကလေးတွေ ဆိုရအောင်၊ ချစ်ပန်းချီကားကလေးတစ်ချပ် ဆွဲကြရအောင်”။

သီပေါဘုရင်သည် ခန်းဆောင်အတွင်း ကသုတ်ကယက် လှမ်းဝင်လာသော ခင်ခင်ကြီးကို မြင်လိုက်ရသော် ပထမ အံ့ဩသွားသည်။ ပြီးတော့ တွေဝေသွားသည်။ မိမိမျက်စိကိုမှ မိမိမယုံနိုင်။ နောက်တော့ သဘောပေါက်သွားသည်။ မိမိအလွန်တရာမှ ချစ်ခင်စွဲလန်းနေမိသော



အပျိုစင်ကလေးသည် မိမိတစ်ဦးတည်းရှိနေသော ခန်းဆောင်သာသို့ အသေချာချာကြီး ရောက်လာပါပြီကော။

သီပေါဘုရင်သည် ခင်ခင်ကြီး၏ နူးညံ့အိစက်နေသောလက်ကလေးကို အသာအယာလှမ်းကိုင်လိုက်၏။ ပြီးတော့ ရာဇဣန္ဒြေတို့ ဘာဣန္ဒြေ၊ ညာဣန္ဒြေတို့ မဆောင်နိုင်ရှာဘဲ ကလျာနုနုထွေးကလေးကို ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည်။ နောက်တော့..

ထိုနေ့က သီပေါဘုရင် နန်းဆောင်သို့အပြန်တွင် လှုပျိုတော်သားကလေးတစ်ယောက် နောက်တော်ပါးမှာ လိုက်ပါသွားလေသည်။ သူကတော့ သိပြီးကြသည့်အတိုင်း ဒိုင်းခင်ခင်ဆိုသော အပျိုတော် ချောချောကလေးပါ။ သည်မိန်းမပျိုကလေးကို ရနောင်မင်းသားက ယောကျ်ားအသွင် ဆင်ပေးလိုက်သည်။ လိမ်းထားသောသနပ်ခါးတွေဖျက်၊ လက်ဝတ်လက်စားတွေချွတ်၊ မားလွှတ်ကိုင်ထားသော ဘုရင့်ကိုယ်ရံတော် တပ်သားအသွင် နန်းတော်သို့ဝင်စေသည်။

၈

သီပေါဘုရင့်နန်းဆောင်အတွင်းမှာ ခင်ခင်ကြီးသည် ရက်အတန်ကြာ ပျော်ရွှင်စွာစံခဲ့သည်။ “စိုးရိမ်တော်မကြီးနှင့် နှမတော်ခင်ခင်။ နှမတော်ကို မောင်တော်ဘုရားက မြောက်နန်းမိဖုရားတင်မြှောက်ပေးမယ်။ သည်ကိစ္စကို ရနောင်မင်းသားနဲ့ တိုင်ပင်ပြီးပြီ။ ဝန်ကြီး၊ ဝန်ငယ်၊ မှူးကြီး၊ မတ်ငယ်တို့နဲ့ တိုင်ပင်အပြီးမှာ နှမတော်ခင်ခင်ဟာ မြောက်နန်းမိဖုရားအဖြစ် ဘွဲ့ခံလို့ စံဖို့ပြင်ပေတော့”

သီပေါဘုရင်က မိမိရင်ခွင်ထဲမှ ခင်ခင်ကြီး၏လည်တိုင်ကို အသာအယာ ထိနမ်းနေရင်း တစ်လုံးချင်းပြောနေသည်။ ခင်ခင်ကြီးမှာ မြောက်နန်း မိဖုရားဆိုသည့် စကားလုံးအပေါ်မှာ တမ်းတ သာယာစွဲမက်ခြင်းမရှိပါ။ မိမိသိသည်မှာ ဟောဒီ မောင်တော်မင်းတရားနှင့် ရွှေလည်တွဲပြီး နန်းထဲမှာ စံစားချင်နေတာတစ်ခုထဲ။ အဖိုနှင့်တွေ့ရသော ကြည်နူးဖွယ်အရသာကို ကလျာနုနုထွေးက မေ့မရနိုင်ပြီ။ “ခုနေအချိန်မှာ ရာထူးတွေ၊ ရာခံတွေ၊ ဘွဲ့ထူးဘွဲ့မြတ်တွေ သတ်မှတ်ပြောဆို အချိန်

www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းမနေပါနှင့် မောင်တော်မင်းတရား။ အချိန်ရှိခိုက် လုံ့လစိုက်လို့ အချ
သစ်ပင်ကလေး ရှင်သန်အောင် ပျိုးထောင်ကြပါစို့ဘုရား။ အချစ်ပန်းကလေး
တွေ တစ်ပွင့်ပြီးတစ်ပွင့် သီသွယ်ဖို့ ရည်ရွယ်ပါစို့ မောင်တော်ဘုရား။

ခင်ခင်ကြီးခမြာ အတွေ့ထူးမှာ မြူးနေမိတော့ နောင်ရေး
မတွေးချင်။ နောင်အခါ ဘာတွေပဲ ဖြစ်လာဖြစ်လာ ထားလိုက်ပါတော့
ယခုတဒင်္ဂ တခဏကလေးမှာ အဖိုနှင့်အမ၊ အဆိုနှင့်အက စည်းကျအော
လှုပ်ရှားနိုင်ဖို့ပဲလိုသည်။ အဲသည်သဘောကို မက်မောတမ်းတစွာ တွေး
ရှာသူက ခင်ခင်ကြီးပဲ ဖြစ်ဟန်တူပါရဲ့။

သို့သော် သီပေါဘုရင်အနေဖြင့် ခင်ခင်ကြီးကို သည်လို ချစ်နေ
ဖြင့် အားရတင်းတိမ်ခြင်းမရှိ။ သည်မိန်းကလေးကို ဘောင်ဝင်အော
ပြုဆောင်ပေးနိုင်မှ အစစအရာရာ သာယာချော့မွေ့မည်။ သည်တော့
သီပေါဘုရင်သည် ရနောင်မင်းသား မောင်မောင်တုတ်မှတဆင့် ခင်ခင်ကြီး
၏ ဦးလေးတော်သူ ပုဂံအတွင်းဝန်ထံ နားဖောက်ရသည်။ ပုဂံအတွင်းဝန်နှင့်
ဝန်ကတော်တို့ကို နန်းတွင်းသို့ပင့်ဖိတ်လိုက်၏။ သီပေါဘုရင်က မိမိ၏
စိတ်ဆန္ဒကိုဖွင့်ဟသည်။ "တော်ကြီးဘုရားက ခင်ခင်ကြီးကို မြတ်နိုး
ချစ်ကြင်နေပြီ။ သည်မိန်းမအပျိုကလေးကို မြောက်နန်းမိဖုရား
တင်မြှောက်ရန် ရည်ရွယ်ရင်းစွဲရှိသည်။ ဒါကြောင့် ယခုခင်ခင်ကြီးကို
ခေတ္တပြန်ခေါ်ပြီး မိဖုရားတို့၏ အမူအကျင့်ကိုသင်၊ မိဖုရားတို့၏
အပြောအဆိုကိုကျင့်၊ မိဖုရားတို့၏ အနေအထိုင်သဘောသဘာဝကို
လေ့လာပါစေ။ အရာရာကို လှို့လှို့ဝှက်ဝှက်၊ ပိပိယိယိကြဲ။ တစ်နေ့သော
အခါမှာ ရတနာပုံ ရွှေနန်းတွင် ခင်ခင်ကြီးသည် မြောက်နန်းမိဖုရား
စင်စစ်ဖြစ်လာရမယ်ကောန်"

ပုဂံအတွင်းဝန်နှင့် ဝန်ကတော်တို့သည် တူမတော်မိဖုရားလောင်း
ကလေးကို မိဖုရားတစ်ပါး၏ အမူအကျင့်များ သင်ကြားပေးရန် နန်းတွင်းမှ
ပြန်ခေါ်သွားကြသည်။ ထိုအတွင်း သီပေါဘုရင်ကလည်း နန်းတွင်းမှာ
အစီအမံတွေ လုပ်နေရသည်။ မြောက်နန်းမိဖုရားမတင်မီ ခင်ခင်ကြီးကို
ခေတ္တစံမြန်းနေစေရမည့်အဆောင်ကို မောင်မောင်တုတ်နှင့်တိုင်ပင်၍ စီစဉ်
လေသည်။ မောင်မောင်တုတ်က နန်းတွင်းရှိအရေးပါသော ဝန်ကြီး၊ မှူးကြီး



များထံ ချဉ်းကပ်၍တိုင်ပင်ရသည်။ နန်းဓလေ့၊ နန်းထုံးစံနှင့်အညီ ခင်ခင်ကြီး
ကို မြောက်နန်းမိဖုရားမြှောက်ဖို့ ဘိုးဘိုးတို့ ကူညီဝိုင်းလို့ မှိုင်းမကြပါအုံး။
ဘုံနိဒါန်းလာ ဥပဒေစာနှင့် ညီညွတ်မျှတအောင် ဘိုးဘိုးတို့ စီစဉ်ဆောင်
ရွက်ပေးကြပါအုံး။

မကြာမီ ခင်ခင်ကြီးသည် ရတနာပုံနန်းတွင်းသို့ ပြန်ရောက်လာ၏။
ယခုတစ်ကြိမ်တွင် ခင်ခင်ကြီးကို သီပေါဘုရင့်အဆောင်တော်မှာ ယောကျ်ား
ကလေးအသွင် မမြင်ကြရတော့ပြီ။ ဘုရင့်လက်သုံးတော် လူပျိုတော်
သားများ နေထိုင်သော လူပျိုဆောင်အနီးတွင် မိဖုရားအဆောင်တစ်ဆောင်
ဆောက်လုပ်ပေးထား၏။ ထိုအဆောင်တွင် ခင်ခင်ကြီးသည် မိဖုရားတစ်ပါး
အဖြစ် အပျိုတော်များနှင့် ညဥ့်အိပ်ဖန်စောင့် နေ့အိပ်ဖန်စောင့်နှင့်၊ အချီတော်
အချော့တော် စုံလင်စွာနှင့်၊ တင့်တယ်ခံ့ညားစွာ ခံစားခွင့်ပြုလိုက်လေသည်။
အခေါ်ပွါယ်က ခင်ခင်ကြီးသည် နန်းရမိဖုရားကြီး မတင်မြှောက်ရသေးမီ
အဆောင်ရမိဖုရားငယ်။

သည်ကာလများအတွင်း မိဖုရားစုဖုရားလတ်သည် ဒုတိယ
သမီးတော်ကို ပဋိသန္ဓေရှိပြန်လေသည်။ မိဖုရားသည် ကိုယ်ဝန်အရင့်အမာ
ဖြစ်လာချိန်တွင် လှုပ်လှုပ်ရှားရှားမရှိတော့ဘဲ နန်းမတော်ဆောင်တွင်
အေးအေးဆေးဆေး စံနေလေသည်။ သည်အတွင်း ရနောင်မင်းသား၏အစီအမံ
ဖြင့် ဘုရင့်ဗေဒင်တော်ပညာရှိတို့ထံက ဟောစာတန်းထွက်လာသည်။ ဘုရင်
နှင့်မိဖုရားတို့သည် ဥယျာဉ်တော်သို့ထွက်၍ သီးသန့်အဆောင်များဖြင့်
စံမြန်းရင်း ရှစ်ပါးသီလကို စောင့်ထိန်းဆောက်တည်ကြရန် လိုအပ်ကြောင်း။
ထိုသို့ ဥပုသ်ဆောင်ဝင်ခြင်း၏ အကျိုးဆက်သည် ရတနာပုံနန်းမွေကိုဆက်ခံ
မည့် သားတော်တစ်ပါး ချောမောအောင်မြင်စွာ ဖွားတော်မူလာရန်ဖြစ်
ကြောင်း စသည်ဖြင့် ဟောစာတန်းကဆို၏။ သီပေါဘုရင်က ထိုအစီအစဉ်
ကိုလက်ခံ၏။ မိမိလည်း သီးခြားအဆောင်ဖြင့်စံမြန်းပြီး ဥပုသ်ဆောင်ဝင်
မည်။ နှမတော်စုဖုရားလည်း ဥယျာဉ်တော်ရှိ သီးခြားအဆောင်တော်မှာ
ဥပုသ်တော်ဝင်ပါစေ။

ဤသို့ဖြင့် မိဖုရားစုဖုရားလတ်သည် ဘုရင့်ဗေဒင်တော်ပညာရှိများ
အဆိုအမိန့်အတိုင်း ဥပုသ်ဆောင်ဝင်၍ တရားဘာဝနာ အားထုတ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလေ၏။ မိဖုရား၏အာရုံတွင် ဖွားမြင်မည့်သန္ဓေသားသည် သားတော် စင်စစ် ဖြစ်စေလို၏။ ဒါမှလည်း နန်းမွေနန်းလျာကို သေချာစွာ ဆက်ခံနိုင်မည့် ရင်သွေးတော်ကလေး ရရှိလာလိမ့်မည်။ သားတော်ကလေးတစ်ပါး ချောချောမောမော မီးရှူးသန့်စင် ဖွားမြင်တော်မူနိုင်အောင် စုဖုရားလတ်သည် တရားဓမ္မ ရှုပွားအားထုတ်ရင်း၊ ရဟန်းသံဃာများထံ ပစ္စည်းလေးပါး ပို့ဆောင်လှူဒါန်း အမှုအတန်းဝေရင်း အချိန်ကုန်စေလေသည်။

ထိုအချိန်မှာ သီပေါဘုရင်နှင့် မင်းသားရနောင်မောင်မောင်တုတ်အတွက် အခွင့်ကောင်း အခါကောင်း ဖြစ်တော့သည်။ ခင်ခင်ကြီးဆိုသော အပျိုတော်ကလေး ရတနာပုံရွှေနန်းမှာ ခံ့ညားစွာ စံမြန်းစေခဲ့ပြီ။ ထိုသို့ စံမြန်းနေပုံသတင်းကို မိဖုရားစုဖုရားလတ်ထံ မရောက်ဖို့ကိစ္စမှာ ထိပ်တန်းလျှို့ဝှက်။ သည်သတင်းသာ မိဖုရားထံပေါက်ကြားခဲ့သော် သတင်းပေးပို့သူ ထိုက်သင့်စွာ ခံယူရမည်မှာ "သေဒဏ်"

## ၇။ ရွှေဓားနှစ်လက်နှင့် နန်းတွင်းအရုပ်တော်ပုံ

### က

စုဖုရားလတ်သည် ဥယျာဉ်တော်၌ ဥပုသ်ဆောင်ဝင်သည့် အဓိဋ္ဌာန် ရက်စေ့သွား၏။ သို့နှင့် နန်းမတော်ဆောင်သို့ ပြန်လာခဲ့သည်။ ဥပုသ်ဆောင်မှပြန်လာပြီး ရက်မကြာမီမှာပင် စုဖုရားလတ်သည် သမီးတော်ကလေးတစ်ပါး ထပ်မံဖွားမြင်ပြန်လေသည်။

သည်တစ်ကြိမ်တွင်လည်း မျှော်လင့်ရည်မှန်းချက်နှင့်လွဲပြန်လေပြီ။ နန်းလျာသားတော်ကလေးဖွားမြင်ဖို့ ကြိုးစားလေသမျှမှာ အကျိုးမပြု၊ အရာမထင် ဖြစ်ရပြန်ပြီကော။ ခဲလေသမျှ သဲရေကျသည်ဆိုခြင်းမှာ ဒါမျိုးပဲ ဖြစ်လိမ့်မည်လေ။

သို့သော် သမီးတော်ကလေး ဖွားမြင်သဖြင့် ဘုရင်နှင့် မိဖုရားတို့သည် စိတ်ပျက်အားငယ်သော

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မိကြ။ ဗုဒ္ဓတရားတော်၏ အဆုံးအမများတွင် တည်မှီသော ဘုရင်နှင့် မိဖုရားတို့သည် ကံနှင့်ကံ၏ အကြောင်းတရားတို့၏ စီမံခြင်းတရား ကောင်းစွာနားလည် လက်ခံ ပေသည်။

ဒုတိယအကြိမ်ဖွားမြင်သော သမီးတော်ကလေးကို လွယ်လွယ် ခေါ်လိုက်ကြရတော့မည်။ ဒုတိယသမီးတော်။ သမီးတော်ကလေးမှာ အသား တော်က ဖြူဖြူနုနုကလေး၊ နှင်းစိုင်နှင်းခဲကလေးတွေ မုပုံထားသည် ဖောင်းဖောင်းပြည့်နေသော ပါးနုနုကလေးမှာ ပန်းဆီရောင်သွေးပြေးနေ သီပေါဘုရင်နှင့်မိဖုရားစုဖုရားလတ်တို့မှာ ပထမ သမီးတော်ကလေး ချစ်ခင်မြတ်နိုးခဲ့သလိုပင် ဒုတိယသမီးတော်ကလေးကိုလည်း အသည်း အောင် ချစ်ခဲ့ကြရှာပေသည်။

ဒုတိယသမီးတော်ကလေးကို ဖွားမြင်တော်မူပြီး ရက်သတ္တနှစ်ပ တွင် ရတနာပုံနန်းတွင်း၌ မမျှော်လင့်သော အရေးအခင်းတစ်ရပ် ပေါ်ပေါ ခဲ့လေသည်။ ရှုပ်ထွေးပွေလီမ်နေသော ထိုအရေးအခင်းကို ကကြိုးရော ပြန်စလို့ ပြောရလျှင် . . .။

ထိုနေ့က သွေးနုနု သားနုနု စုဖုရားလတ်သည် အိတာလျံဆောင်တွင် ငြိမ်သက်အေးချမ်းစွာ စံစားလျက်ရှိသည်။ အယက်အညာဒေသ၏ ‌ေ အတိုင်း မိုးဖွဲသောနေ့ရက်များတွင် လေတစ်သုတ်တိုက်လိုက် မိုးတ ပြိုက်ရွာလိုက်နှင့် အေးစိမ့်၍နေလေသည်။

အိတာလျံဆောင်ကို ရွှေနန်းတော်အတွင်း၌ ရေပန်းဆောင်ဟုလည်း ခေါ်ဝေါ်ကြသည်။ အိတာလျံဆောင်ဟု ခေါ်ကြသည်က ဝါ၊ နီ၊ ပြာ စိမ်း ရွှေရောင်သစ်လွင်သော အိတာလျံကျောက်ပြားများ ဖိတ်ဖိတ်တော အောင် ခြယ်သထား၍ဖြစ်မည်။ ရေပန်းဆောင်ကလည်း အဓိပ္ပါယ်ရှိသည် အဆောင်၏မျက်နှာစာတွင် ရေပန်းများပွားကျနေအောင် စနစ်တကျတပ်ဆင် ထားသော ရေတိုင်ကလေးများရှိနေသည်၊ ဘုရင်နှင့်မိဖုရားတို့သည် ပူအိုက် သော နွေရာသီ၌ အိတာလျံဆောင်တွင်နားနေရင်း အေးမြသန့်စင် ကြည် လင်နေသော ရေပန်းကလေးများကိုကြည့်၍ အပန်းဖြေနိုင်ကြပေသည်။

ထိုနေ့က မိဖုရားစုဖုရားလတ်သည် အိတာလျံဆောင်တွင် အေးဆေး စွာ ခံနေရင်း နိုင်ငံခြားသူဧည့်သည် မဟ်တီနှင့်စကားစမြည် ပြောနေသည်။



ခုအခါ မဟ်တီ၏ခင်ပွန်း သဘော်ကပ္ပတိန်မှာ နာဖျားမကျန်းဖြစ်၍ ယ်လွန်သွားရှာပြီဖြစ်၏။ မုဆိုးမငယ်ငယ်ကလေးမဟ်တီသည် အချိန် ားရတိုင်း မိဖုရားစုဖုရားလတ်ထံ အခစားဝင်နေမြဲဖြစ်လေ၏။ စုဖုရား တော်ကလည်း မုဆိုးမကလေးမဟ်တီကို ကြင်နာသနားစွာဖြင့် ပြုစု ောင့်ရှောက် အားပေးစကားများ ပြောလေ့ရှိသည်။

ထိုတဒင်္ဂတွင် မိဖုရားထံသို့ အခြားနိုင်ငံခြားသူတစ်ဦးက အခစားဝင် ် ကြိုးစားနေ၏။ အစောင့်အကျပ်များက မိဖုရားနားနေ အပန်းဖြေ နေ့တော်မူခိုက်ဖြစ်၍ ဝင်ခွင့်မပြု၊ ဖူးမျှော်ရန်အခွင့်အရေးမပေးဘဲရှိသည်။ သော် ထိုနိုင်ငံခြားသူက အတင်းအဓမ္မ အခစားဝင်ပါ့မည်လုပ်နေ၍ ဆောင်ဝင်းဝတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

စုဖုရားလတ်သည် နန်းဆောင်ပေါ်မှနေ၍ ထိုအကြောင်းအရာကို မ်းမြင်သည်။ ထို့ကြောင့် အပျိုတော်များကိုခေါ်၍ ဘာဖြစ်ကြတာလဲဟု းနိုင်းလိုက်ရသည်။ "တိုင်းခြားသူ ဧည့်သည်တစ်ဦး အခစားဝင်ခွင့် ောင်းနေတာပါဖုရား"ဟု အပျိုတော်တစ်ပါးက မိဖုရားထံ လျှောက်ကြား ၏။ မိဖုရားက တိုင်းခြားသူကို သနားသွားသည်။ "ဘာကိစ္စရှိလို့ပါလိမ့် နားပါတယ် . . . ဝင်ပါစေ"

သို့နှင့် ဧည့်သည်ကို ရှေ့တော်သွင်းလိုက်သည်။

သည်မှာပင် ဇာတ်လမ်းအစကို မှတ်တမ်းရလိုက်ပြီ။ သည် တိုင်း ခြားသူကလေး၏အမည်မှာ မစ္စဒင်းနီးဂါး။

မစ္စဒင်းနီးဂါးက ဖြစ်ကြောင်းကုန်စင်ကို နတ်သံမနှောတဲ တင်ပါလေ ပြီ၊

ဒင်းနီးဂါးမှာ ဘုရင့်ရတ္တန်းစက်ရုံမှ ပြင်သစ်အမျိုးသားဆရာကြီး စ္စတာဒင်းနီးဂါး၏ သမီးဖြစ်သည်။ မစ္စဒင်းနီးဂါး၏ အစ်ကိုတော်သူ ိုင်ငံခြားဧည့်သည်တစ်ဦးသည် မကြာမီက ရတနာပုံမင်းနေပြည်သို့ အလည် ပတ်ရောက်၏။ နေပြည်တော်၌ ရက်အတန်ကြာ နေထိုင်လည်ပတ် ြီး ယခု အောက်ပြည်အောက်ရွာ ရန်ကုန်မြို့သို့ ပြန်သွားခဲ့သည်။ ရတနာ နေပြည်တော်ရှိ အင်ဂျင်နီယာတစ်ဦးက ထိုဧည့်သည်ထံ၌ အောက်ပြည် အောက်ရွာ ရန်ကုန်မြို့မှတဆင့် ပြင်သစ်ပြည်သို့ပေးပို့ရန် ရွှေအား လက်ကို

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ပိုးလျက် လှူကြဲပါးလိုက်သည်။ ဗြိတိသျှပိုင်နယ်မြေသို့မကူးမီ အထေ မင်းလှမြို့ အောက်နယ်စပ် စခန်းတစ်နေရာတွင် မြန်မာအာဏာပိုင်တို့က ထိန်းသိမ်းထား ထိုစည်သည်၏ ပစ္စည်းများကို ရှာဖွေစစ်ဆေးလေ၏။ သေချာစွာထုပ်ပိုးထား သော ရွှေဓားနှစ်လက်ကိုတွေ့ပြီ။ မေးပြီ။ စစ်ဆေးပြီ။ ထိုရွှေဓားနှစ်လက် သည် ဘာကိစ္စ၊ ဘာအကြောင်းဖြင့် နယ်စပ်မှတဆင့် အောက်ပြည်သို့သွား သလဲ။

မေးရလိမ့်မည်။ စစ်ဆေးရလိမ့်မည်။ "ဘောင်းတော်လုံခလို့ ကျောင်း တော်ကရန်စ" ရှိနေသည်မဟုတ်လား။ ဗြိတိသျှတို့ပိုင် နယ်မြေတွင် မင်းတုန်းမင်းတရား၏ သားတော်နှစ်ပါး ညောင်ရမ်းနှင့်ညောင်အုပ်မင်းသား တို့ ရှိနေသည်လေ။ သည်မင်းသားနှစ်ပါးမှာ ရတနာပုံနေပြည်တော်၌ မင်းတုန်းမင်းတရား၏ သားတော်များကို လုပ်ကြံဖမ်းဆီးစဉ်က လွတ် ထွက်ပြေးသွားခဲ့သူတွေ။ သူတို့က ယခု ဗြိတိသျှနယ်မြေမှာ တပ်ထောင်ရန် လူစုပြီး ဗိုလ်လုပ်ဖို့ ရတနာပုံနေပြည်တော် တက်လာမည်တကဲကဲ။ ယခု ရွှေဓားနှစ်လက်သည် ထိုမင်းသားတို့ကိုင်စွဲဖို့ ဖြစ်လေသလား?

စစ်ဆေးမေးမြန်းရာမှ ရရှိသောအဖြေကရှင်းပါ၏။ ခရီးသည်ပြင်သစ် အမျိုးသားသည် မန္တလေးနေပြည်တော်ရှိ ဖခင်နှင့်ညီမထံ အလည်အပတ် လာသည်။ အပြန်ခရီးမှာ နေပြည်တော်ရှိ ပြင်သစ်အင်ဂျင်နီယာ ဗွန်ဗီလီ က သူ့ဆွေမျိုးများထံ လှူကြဲပါးသည့် ရွှေဓားနှစ်လက်ကို ယူဆောင်သွား သည်။ ဒါအမှန်အကန်ပဲ။

နယ်စပ်ရှိ မြန်မာအာဏာပိုင်တို့က ခရီးသည်ပြင်သစ်အမျိုးသားကို ခရီးဆက်ခွင့်ပြုလိုက်သည်။ ရွှေဓားနှစ်လက်ကိုသိမ်းယူပြီး အမှုတွဲနှင့်အတူ မန္တလေးနေပြည်တော်သို့ ပို့လေ၏။ ထိုအမှုသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ယူဆောင်ထားရသော ရနောင်မင်းသား မောင်မောင်တုတ်ထံ ရောက်လာ၏။ သည်တွင် မောင်မောင်တုတ်က အမိန့်ထုတ်ဆင့်လေသည်။ ပြင်သစ်ရက္ကန်းအင်ဂျင်နီယာ မစ္စတာဒင်းနီးဂါးနှင့် အင်ဂျင်နီယာ ဗွန်ဗီလီ ကို ဖမ်းဆီးပြီး သတင်းအမှန်ရအောင် စစ်လေ၊ မေးလေ။



သို့နှင့် ယခု မိဖုရားစုဖုရားလတ်ထံရောက်လာသူ မစ္စဒင်းနီဂါးက မိမိ၏ဖခင် ရက္ကန်းအင်ဂျင်နီယာကြီးမှာ အပြစ်မရှိပါ။ အမြန်ဆုံးပြန် လွှတ်ပေးပါဟု တောင်းပန်အသနားခံရှာသည်။

မိဖုရားစုဖုရားလတ်သည် မိမိရှေ့တွင် ငိုကြွေးတောင်းပန် အသနားခံ နေသော မစ္စဒင်းနီးဂါးကိုမြင်သော် စိတ်မကောင်းဖြစ်မိ၏။ အမှုမှန်ပေါ် အောင် မေးမြန်းပြီး အပြစ်မရှိခဲ့လျှင်လွှတ်ရမှာပေါ့ဟုလည်းအာမခံသည်။ သိကြသည်မဟုတ်လား၊ စုဖုရားလတ်၏စိတ်ဓါတ်ကပြတ်သည်။ရှင်းသည်။ ကိစ္စတစ်ခုကို ရင်ထဲမှာ တအုံနွေးနွေးမထားတတ်။ သည်တော့ မိမိထံ ရောက်ရှိနေသော နိုင်ငံခြားဧည့်သည် မဒိုးမကလေးမတ်တီနှင့် ဒင်းနီးဂါးတို့ ကို သည့်အတိုင်းထားခဲ့ပြီး အိတာလျံဆောင်မှ ထွက်ကြွသွားခဲ့သည်။

မိဖုရားသည် မောင်တော်ဘုရင်မင်းမြတ် စံမြန်းနေသော နန်းတော် ဆောင်သို့ သတင်းစကားမေးရန် ထွက်ခွာသွား၏။

ထိုအချိန်၌ မဒိုးမကလေးမတ်တီမှာ သောကအကြီးအကျယ်ပွား ပြီး ကျန်ရစ်ရှာသည်။ စောစောက ကြားလိုက်ရသော ပြင်သစ်အင်ဂျင်နီယာ ဗွန်ဗီလီန်မှာ မဒိုးမကလေးမတ်တီနှင့် ဘာလိုလို ညာလိုလိုဖြစ်နေကြသည်။ ပြင်သစ်အင်ဂျင်နီယာကလည်း မဒိုးမငယ်ငယ်လှလှကလေးကို သနားပိုနေ သည်။ မဒိုးမမတ်တီကလည်း အင်ဂျင်နီယာဗွန်ဗီလီန်ကိုကြည့်ပြီး အားကိုး ချင်စရာ ယောကျ်ားသား ကြွက်သားအဖုအထစ်တွေနှင့် ချစ်ချင် အားကိုးချင် စရာကောင်းလှသော သူ့ရဲကောင်းဟုထင်နေသည်။

ယခုဗွန်ဗီလီန်ကို ဖမ်းထားသည်ဟုကြားရပြီ။ မတ်တီနှလုံးသားမှာ ပူပန်သောကတို့ဖြင့် လောင်မြိုက်နေရှာသည်။ ဒုက္ခပါပဲလား ဘုရားသခင် ကယ်တော်မူပါ၊ ချစ်သူဗွန်ဗီလီန်တစ်ယောက် ဘေးရန်အန္တရာယ်က လွတ် ပါစေ။ ကင်းပါစေ။

မိဖုရားစုဖုရားလတ်သည် မောင်တော်ဘုန်းတော်ကြီးဘုရားထံသို့ ရောက်သွားသည်။ ဘုရင်နှင့်အတူ အမြဲမကွာရှိနေတတ်သော ရနောင် မင်းသား မောင်မောင်တုတ်နှင့်လည်းတွေ့သည်။ အခန့်သင့်သည်မို့မိဖုရား က အဖြေရအောင်မေးသည်။ သီပေါဘုရင်ကလည်း သည်ကိစ္စကိုရှင်းစမ်းပါမိန့်

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ရနောင်မောင်မောင်တုတ်ကလည်း သည်ရွှေစားနှစ်လက်နှင့် ပတ်သ
သော အကြောင်းအရာများကို ချဲ့ကားပြီးလျှောက်တင်လေသည်။

"တင်ပါသည်ဘုရား၊ သည်ကိစ္စကို နှယ်နှယ်ရရ မထင်လိုက်ပြ
နှင့်။ ရွှေစားနှစ်လက်ကို နိုင်ငံပြင်ပသို့ ခိုးဖွက်ထုတ်ယူသွားသည်
ဘယ်သူနှင့် ပတ်သက်နေသည်ထင်ပါသလဲ။ ညောင်ရမ်းနှင့်ညောင်
မင်းသားတို့ ကိုင်စွဲဖို့ ပေးပို့ခဲ့သော ဓားနှစ်လက်ဖြစ်ကြောင်း စစ်ဆေး
ရပါပြီဘုရား"

ညောင်ရမ်းနှင့်ညောင်အုပ်ဆိုသောအသံကိုကြားသော် ရေမြေ
သီပေါဘုရင်သည် ခေါင်းနဘမ်းကြီးသွားလေသည်။ "မြတ်စွာဘုရား က
တော်မူပါ။ သည်ရွှေစားနှစ်လက်ဆိုတာ ပုန်ကန်တော်လှန်နေသော မင်းသ
နှစ်ပါးအတွက်ဆိုပါလား။ သည်လိုပုံဆို ခက်ရချည့်ရဲ့။" ဟု မောင်တု
သည်ကိစ္စကိုပေါ့ဆဆလုပ်မနေနဲ့။ အပြစ်ရှိတဲ့လူကိုရှိသလိုစီရင်။ ကြ
ထောက်ထားသနားနေရင် ရွှေနန်းတော်ကြီး မီးလောင်တိုက်သွင်း
မယ့်ကိန်းကွယ့်"

စုဖုရားလတ်သည် သီပေါဘုရင့်အဆောင်တော်မှ စိတ်လက်မရွှင်
ဖြင့် ပြန်လာခဲ့သည်။ အိတာလျှံဆောင်ရောက်တော့ မုဆိုးမမတ်တီနှင့်အ
မစွဒင်နီးဂါးလည်း လည်ပင်းတရှည်ရှည်နှင့် မျှော်နေကြသည်ကိုတွေ့ရ

မိဖုရားက မိမိထံ ရနောင်မောင်မောင်တုတ်လျှောက်တင်သမျှ
ပြောပြသည်။ သည်လိုပုန်ကန်ခြားနားသည့် အမှုအခင်းမျိုးကို ဝင်ကယ်
မလွယ်ကူကြောင်းလည်း မျက်စိပျက် မျက်နှာပျက်နှင့် စုဖုရားလတ်
ဆက်လက်မိန့်ကြားပါလေပြီ။

ဒင်းနီးဂါးလည်း ဒင်းနီးဂါးအပူနှင့်၊ မတ်တီလည်း မတ်တီအပူနှင့်
မစွဒင်နီးဂါးက ဖခင်ကြီးအတွက်ပူရသည်။ မတ်တီက မိမိအား
အားထား ပြုရမည့် ချစ်သူခင်သူ ဗွန်ဗီလိန်အတွက်ပူပန်ရသည်။ သို့သော်
ယခု လောလောဆယ်တွင် ရနောင်မောင်မောင်တုတ်လက်ထဲမှာ သည်
နှစ်ယောက် အသက်ပျောက်ရမည့်ကိန်း ဆိုက်နေပါပကော။

သည်တွင် မတ်တီသည် ထိုလူနှစ်ယောက်အသက်ကို ကယ်နိုင်
ကောင်းပါရဲ့ဟူသော မိန်းမအတွေးဖြင့် တစ်စုံတစ်ရာကို "ဖွင့်ချ"ရ



သန္နိဋ္ဌာန်ချလိုက်သည်။ ယခုကိစ္စတွင် ရနောင်မောင်မောင်တုတ် လုပ်နေသမျှ
ကို အထုပ်ဖြေပြလိုက်လျှင် အရှင်မိဖုရားအမြင်ရှင်းတော့မည်။ မိဖုရားသည်
ရနောင်မောင်မောင်တုတ်၏ "ဘီလူးရုပ်"ကိုမြင်သော် မောင်မောင်တုတ်
သိုထားသော ရွှေစားနှစ်လတ်ဇာတ်လမ်းသည် ပေါ့ပျက်ပျက် ဖြစ်သွားလိမ့်
မည်။

"မှန်လှပါနန်းမတော်ဖုရား၊ ထားလျှင်လည်းရှင်၊ သတ်လျှင်လည်း
သေရမည့် ကျေးတော်မျိုး ကျွန်တော်မျိုးမ လျှောက်တင်ပါရစေဖုရား။
သည်ကိစ္စ၏ အရင်းအမြစ် ဇာတ်လမ်းအစစ်အမှန်ကို နန်းမတော်ဖုရား
ရွှေဉာဏ်ရှင် ဆင်ခြင်တော်မူပါဖုရား၊ နားဆင်တော်မူပါဖုရား..."

စုဖုရားလတ်က "ဟဲ့ ...မတ်တီရဲ့၊ နင့်စကားကလည်း တယ်ဆန်း
ကြယ်ပါလား၊ ကဲ...တင်စမ်း...လျှောက်တင်ဖွယ်ရှိသမျှ မချွင်းမချန်
လျှောက်တင်စမ်း"

သည်သို့အခွင့်ရသော် မုဆိုးမမတ်တီက ဖြစ်ပုံပျက်ပုံအလုံးစုံကို
အကုန်လုံးပင် မချွင်းမချန်တင်လေသည်။

"ယခုအမှုမှာ ကွင်းဆက်များဖြင့် ရှုပ်ထွေးလျက်ရှိသည်။ ရနောင်
မောင်မောင်တုတ်မှာ အရှင်နန်းမတော်ဖုရား၏ ရှင်ဘုရင်နှင့် တစ်လင်
တစ်မယားစနစ်ကို ဖျက်လိုဖျက်ဆီးလုပ်နေသူဖြစ်ပါသည်။ အရှင်နန်းမတော်
ဖုရား၏ ပျက်စီးရာပျက်စီးကြောင်းများကိုလည်း အမြဲကြံစည်နေသူဖြစ်
ပါသည်။ ဥပမာပြရလျှင် အရှင်နန်းမတော်ဖုရား ကြီးကြပ်ကွပ်ကဲနေသော
ရတ္တန်းစက်ရုံမှ အင်ဂျင်နီယာ ဒင်းနီးဂါးနှင့် အင်ဂျင်နီယာ ဗွန်ဗီလိန်တို့ကို
ယခုလိုအပြစ်မရှိ အပြစ်ရှာပြီး ဖမ်းဆီးခဲ့သည်ကိုပဲကြည့်ပါ။ အရှင်မိဖုရား၏
လုပ်ငန်းဆောင်တာများ ပျက်စီးရာ ပျက်စီးကြောင်းကို ကောင်းကောင်းကြီး
ကြံစည်နေခြင်းဖြစ်ပါသည်။ ပြီးတော့လည်း ဘုန်းတော်ကြီးဘုရားနှင့်
ဒိုင်းခင်ခင်တို့မှာ..."

မိဖုရားစုဖုရားလတ်သည် မုဆိုးမမတ်တီတင်လျှောက်နေသည်များကို
ကြားတစ်ချက် မကြားတစ်ချက် နားထောင်နေရာမှ "ဘုန်းတော်ကြီးဘုရား
နှင့် ဒိုင်းခင်ခင်" ဆိုသောစကားကိုကြားသော မှိုအုံးတွင် လက်ထောက်ထား

www.burmeseclassic.com

www.burmeseclassic.com



ရာမှ နိုးကနဲ ဖတ်ကနဲ ကိုယ်ကို မတ်လိုက်သည်။ ပြီးတော့သံပြ
ဖြင့် မေးနေသည်။

"ဟဲ့...ဘယ်သူ၊ မောင်တော်ဘုရားနဲ့ဘယ်သူ"

မတ်တီက "ဒိုင်း ခင်ခင်နဲ့ပါဘုရား၊ ရနောင်မောင်မောင်တုတ်
အစီအမံနဲ့ ဘုန်းတော်ကြီးဘုရားက ဒိုင်းခင်ခင်ကို မြောက်နန်းမိဖုရာ
မြှောက်ဖို့ ရှိပါတယ်ဘုရား"

**စုဖုရားလတ်** ။ မျက်မှောင်ကြုတ်လျက် အံ့သြစွာဖြင့်"ဟဲ့.. မတ်တီ
အဲဒီ ဒိုင်းခင်ခင်ဆိုတာ ဘယ်ကကောင်မလဲ"

**မတ်တီ** ။ "မှန်လှပါ ကန္နီမြို့စား ဒိုင်းအတွင်းဝန်ရဲ့သမီး ခင်ခင်ကြ
ပါဖုရား၊ ယခင်က အရှင်နန်းမတော်ဖုရားထံမှာ ခစားနေတဲ့ အပျိုတော်
ဖုရား"

စုဖုရားလတ်သည် ရုတ်တရက်ဆော် တွေဝေသွားသည်။ ထိတ်လ
သွားသည်။ ရွှေနန်းတော်ထဲမှာ အပ်ကျတာကိုပင် အစဉ်ကြားခဲ့၊ သိခဲ့ရသော
မိဖုရား။ ယခုသော်ကား...။

စုဖုရားလတ်သည် နေရာမှထရပ်လိုက်သည်၊ ဝတ်လဲတော်ထမိ
ပြင်ဝတ်သည်။ ပြီးတော့ ရှေသို့တစ်လှမ်းနှစ်လှမ်းလျှောက်သည်။ ဆော
တည်ရာမရ ဖြစ်သွားသော မိန်းမတစ်ဦးအသွင်။ ငါဘာလုပ်ဖို့နေရာ
ထရပ်တာလဲ၊ ငါဘယ်ကိုသွားမလို့ ခြေလှမ်းလှမ်းတာလဲဟု တွေးလိုက်တော့
ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်ခဲ့ကြောင်း၊ နားလည်လိုက်သည်။ ပြီ
တော့မှ နေရာ၌ပြန်ထိုင်သည်။ ဧည့်သည်တစ်ဦးရှေ့မှာ ရာဇဏ္ဍမြေ
ဆည်ဦးမှဟု သတိပြန်ရသည်။

မိဖုရားသည် အီတာလျံဆောင်အပြင်ဘက်ရှိ ရေပန်း၊ ရေမွှားကလေ
များကို ငေးကြည့်နေသည်။ ယခင်ကတော့ သည်ရေပန်းကလေးများ
ကြည့်ရသည်မှာ ရင်ထဲအေးသွားနေကျ။ နှလုံးသားကို နှင်းပွင့်နှင်းဖတ်မျာ
ဖြင့် ပက်ဖျန်းခံရသလို ခံစားတွေးထင်ရသည်။ ယခုတော့ ထိုသို့မဟုတ်
သည်ရေပန်းတွေက ရေနွေးပူတွေ ပန်းထွက်နေသလားထင်လိုက်မိသည်
အေးမြခြင်းမရှိတော့။

"ဟဲ့ ရေပန်းကို ပိတ်လိုက်စမ်း"



စုဖုရားလတ်က အပျိုတော်တစ်ဦးကိုအမိန့်ပေးလိုက်၏။ အပျိုတော်
က ရေပန်းခလုတ်ကိုသွားပိတ်လိုက်သည်။ "အို ငါဘာဖြစ်လို့ရေပန်းကို
ပိတ်ခိုင်းရတာလဲ"ဟု ပြန်တွေးမိသည်။ ထို့ကြောင့် "ဟဲ့ ရေပန်းကို
ပြန်ဖွင့်" မိဖုရား၏ ခုပိတ်၊ ခုဖွင့် အမိန့်သံကိုကြားရသောအခါ ဝေးဝေးမှာ
ခစားနေကြသော အပျိုတော်များ နားမလည်နိုင်ကြဘဲ တစ်ဦးမျက်နှာကို
တစ်ဦး ပြန်ကြည့်ကြသည်။ "သခင်မဖုရား ဘာဖြစ်သွားတာလဲ" ဆိုသော
သဘောဖြင့် မျက်လုံးချင်းမေးကြသည်။ အသံတော့ဖြင့် မထွက်ရဲကြ။

မတ်တီသည် မိမိဆောင်ရွက်အပ်သောတာဝန်များ ပြီးဆုံးပြီ၊
လုံလောက်ပြည့်စုံပြီဟု ဆုံးဖြတ်မိသည်ထင်ရဲ့။ မိဖုရားကိုနှုတ်ဆက်ပြီး
နားထောက်အရှိအသေပြုကာ နေရာမှ ပြန်လည်ထွက်ခွာသွားသည်။

ထိုအချိန်တွင် သီပေါဘုရင်သည် မိဖုရားစုဖုရားလတ်ထံ လှမ်းကြွ
လာသည်။ စောစောက စုဖုရားမေးခဲ့သော ဖြစ်ရပ်ဇာတ်လမ်းကို မင်းတရား
က သိလိုသည်။ ဘာတွေဖြစ်လို့ ဘာပျက်ခဲ့သည်လဲ မေးမြန်းရန် ကြွလှမ်း
လာခြင်းဖြစ်လေသည်။ သို့သော် ထူးဆန်းပါဘိ။ ဘုရင်မင်းမြတ် ကြွလှမ်း
လို့လာသည်ကို မိဖုရားက အသိအမှတ်ပြုဟန်မရှိ။ ခရီးဦးကြိုမပြု၊ ထိုင်ရာ
ကပင် တစ်လက်မကလေးမျှမရွေ့။ ခေါင်းလှည့်လိုလည်းမကြည့်။

သီပေါဘုရင်က မိဖုရားဘာဖြစ်နေသည်လဲသိရန် အနီးသို့တိုးကပ်
ပြီး နေရာယူသည်။ မိဖုရား၏ လက်မောင်းတစ်ဖက်ကို မင်းတရားက
ညင်သာစွာကိုင်လိုက်သည်။ မိဖုရားကရုန်းပြီး လက်ကိုဖယ်လိုက်၏။
ပြီးတော့ မိဖုရားက သီပေါဘုရင်နှင့် ခပ်ခွာခွာထိုင်ပြီးပြောလိုက်သည်။
"အနားမကပ် လာပါနဲ့ဘုရာ့၊ ဘုရင်မင်းမြတ်ကြီးရဲ့ကိုယ်တော်က ကျွန်တော်
နံလွန်းလို့ဘုရာ့"

သီပေါဘုရင်သည် မိဖုရား၏စကားကိုကြားတော့ နားမလည်သည့်
ဟန် တွေဝေသွားသည်။ ဘုရင်ကမိဖုရားထံ တိုးကပ်သွားပြီး မိဖုရား၏
လက်မောင်းကို ကိုင်ရန်ပြင်လိုက်သည်။ နှုတ်ကလည်း "နှမတော် စုဖုရား ဘာတွေ
မိန့်ကြားနေတာလဲ"

မိဖုရားသည် သီပေါဘုရင်ကိုတွန်းဖယ်လိုက်၏။ ပြီးတော့
မဆည်နိုင် မတန့်နိုင်သောဒေါသဖြင့် ဘုရင့်မျက်နှာတော်ကို ဖမ်းဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ကုပ်ဖဲ့လိုက်မိသည်။ ဘုရင်သည် နောက်သို့လျှင်မြန်စွာ ဆုတ်ခွာလိုက်ပါသေး၏။ သို့သော် ဘုရင်မင်းမြတ်၏မျက်နှာတွင် စုဖုရား၏လက်သည်းခြစ်ရာပင် ထင်သွားလေသည်။

“ငယ်ငယ်ကတည်းက မြတ်နိုးချစ်ကြင်ရတဲ့ မောင်ဘုရား၊ ဘုရင်မင်းမြတ်ကြီးက သာမန်အပျိုတော်ကို မြှောက်နန်းမိဖုရား မြှောက်တော့မလို့ဆိုဘုရား၊ ဒါတွေခုမှသိရပါတယ်ဘုရား၊ ခုမှသိရပါတယ်ဘုရား”

စုဖုရားလတ်သည် ရင်တွင်းမှာ ကြိတ်မနိုင် ခဲမရ ခံစားနေရသောဝေဒနာတံခါးကို ဖွင့်ချလိုက်ပြီ။ သည်တော့မှပင် ဘုရင်မင်းမြတ်သည် အခြေအနေကို သဘောပေါက်သွားတော့သည်။ မိမိတို့လုပ်ဆောင်ထားသောအစီအစဉ်ဟူသမျှကား မိဖုရား၏နားသို့ ပေါက်ကြားသွားပါပေါ့လား။

ဘုရင်မင်းမြတ်သည် ပညာရှင်ဖြစ်၏။ ယခုမိဖုရားခံစားနေရသောဝေဒနာမှာ ကုရာနတ္ထိဆေးမရှိ။ ဒါကိုဘုရင်သဘောပေါက်သည်။ ထို့ကြောင့်ရောက်နေသော သည်ဌာနက ရှောင်ခွာမှသင့်မည်ဟု ဆုံးဖြတ်သည်။ ထို့ကြောင့်ပင် ဘုရင်မင်းမြတ်သည် အိတာလျံဆောင်က တစ်ခဏချင်းမှာထွက်ခွာလာခဲ့သည်။ အဆောင်မှထွက်ခွာမည်ပြုစဉ်မှာ အပျိုတော်ကလေးတစ်ဦးကို ဘုရင်မင်းမြတ်က မှာကြားခဲ့သည်။

“စုဖုရားမယ်တော်ကို အမြန်ပင့်ခေါ်လိုက်ကြ”

အပျိုတော်တစ်ဦးက မယ်တော်ဆင်ဖြူမရှင်၏ အဆောင်တော်သို့ပြေးသွားပြီး ဘုရင်မင်းတရားအမိန့်တော်ကို လျှောက်ထားရသည်။ မယ်တော် ဆင်ဖြူမရှင်သည် ဖြစ်ပုံပျက်ပုံဇာတ်လမ်းစုံကိုကြားသိရ၍ အပြေးအလွှားပင် ကြွလှမ်းလာသည်။

မယ်တော်ဆင်ဖြူမရှင်က သမီးတော်စုဖုရား၏ နှလုံးသားဝေဒနာကို သေချာစွာကုသရန် ကြိုးစားရှာသည်။ သမီးတော်စုဖုရားလတ်ကို နန်းမတော်ဆောင်သို့ မယ်တော်ဆင်ဖြူမရှင်က အသာအယာချော့မော့ ချောင်းဖျပြီး ခေါ်ယူသွားသည်။ ထိုနေ့ညဥ့်က မယ်တော်မိဖုရားကြီးသည် သမီးတော် စုဖုရား၏ နန်းမတော်ဆောင်မှာပင် စက်တော်ခေါ်ရရှာသည်။ သို့သော် အိပ်လို့ကားမပျော်နိုင်ပါ။ မယ်တော်နှင့်သမီးတော် သားအမိနှစ်ယောက် ခေါင်းချင်းဆိုင်ငိုကြ၊ ခေါင်းချင်းဆိုင်တိုင်ပင်ကြ၊ အနာဂတ်ဘဝမှာကြားဝင်လာသော ဒိုင်းခင်ခင်ဆိုသည့် မြှောက်နန်းမိဖုရားလောင်းကို ကောင်းကောင်းကြီး ပညာပေးဆုံးမနိုင်ရန် ဘယ်သို့ကြံကြမည်လဲ၊ မယ်တော်မိဖုရားက သမီးတော်ကို ဖျောင့်ဖျရ၏။



“သမီးတော်ရဲ့၊ ဒီပြဿနာမျိုးဆိုတာ ခုလိုရုတ်ရုတ်သဲသဲလုပ်လို့ကဖြင့် ကိုယ့်ဘက်ကအရှုံးချည်းသာမှတ်ပေတော့။ သမီးတော်စုဖုရားကခုမှ သည်တစ်ကြိမ်တည်း တွေ့ကြုံရတာ။ သမီးတော်ရဲ့ခမည်းတော်ခေတ်ရှာစံ မင်းတုန်းဘုရင်မင်းမြတ်ဟာ တရားဝင်မိဖုရား ၅၃ပါး ရှိခဲ့တော့မယ်တော့် ရင်ပတ်မှာ ဒဏ်ရာတွေအများကြီးပါကွဲ့။ ဒါနဲ့တောင် မယ်တော်ဟာ သည်အခြေအနေထိ လျှောက်လှမ်းလာနိုင်ခဲ့တာ ဘာဖြစ်လို့လဲ။ အရာရာ ကို ပညာစွမ်း ချွန်းကဲ့သို့ အုပ်ရမတဲ့ကွယ်။ အရပ်သူအရပ်သားတွေကားနဲ့ပြောရရင် လင် မယားငယ်နေလို့ မယားဒိန်းဒလိန်းနတ် ဖမ်းစားခံရတယ်ဆိုတာမျိုး မဖြစ်အောင်ထိန်း။ သည်းခံစိတ်ရှည်ခြင်း၊ တောင်ဓားကိုမြဲမြဲကိုင်ပြီး ကြံ့ကြံ့ခံရပ်နိုင်ဖို့ကြိုးစား မိမိအဖို့ အောင်ပွဲများမယ်သာမှတ်” မယ်တော်ဆင်ဖြူမရှင်၏ ဖျောင်းဖျနှစ်သိမ့်ခြင်းကို သမီးတော်စုဖုရားလတ်က ကောင်းစွာ လက်ခံ သဘောပေါက်ဟန်ရှိလေသည်။

မိဖုရား စုဖုရားလတ်သည် နောက်တစ်နေ့နံနက် အရုဏ်တက်တွင် စက်ရာဆောင်မှ ကြည်လင်ရွှင်ပြစွာဖြင့် နိုးထလာလေသည်။ စက်ရာသလွန်မှ ထပြီး ကိုယ်လက်သန့်စင်ပြီး ဘုရားဆောင်သို့ဝင်သည်။ ပန်း၊ ဆီမီး၊ ရေချမ်းများကို ဗုဒ္ဓရှင်တော်ဘုရားအားကပ်လှူပြီး မေတ္တာပို့အမျှအတန်းဝေသည်။ ဘုရားဆောင်မှထွက်လာသောအခါ မိဖုရား၏နှလုံးသားမှာ အသစ်ပြုပြင်ထားပြီး ဖြစ်နေပြီ။ ယမန်နေ့က လောဘ၊ ဒေါသ၊ မောဟ မီးတို့မှာ ယခုအခါ မိဖုရား၏မျက်နှာပြင်တွင် ရှုမြင်ရန် မရှိတော့ပြီ။

မိဖုရားသည် နန်းတွင်းရှိ အာဏာပိုင် မင်း မှူးမတ်အချို့ကို ခေါ်ယူလိုက်၏။ ရနောင်မောင်မောင်တုတ်အမိန့်ဖြင့် ဖမ်းဆီးထားသူတွေ ဘယ်နှစ်ဦးရှိသည်လဲ မေးမြန်းစုံစမ်းသည်။ ဖမ်းထားသူအားလုံးကို စုဖုရား၏ တစ်ချက်လွှတ်အာဏာဖြင့်လွှတ်။ သည်တွင် ပုန်ကန်နေကြသော ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားတို့ထံ ရွှေဓားနှစ်လက်ပေးပို့သည်ဆိုမှ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဖမ်းဆီးထားသော ရက္ခန်းအင်ဂျင်နီယာကြီး ဒင်းနီးဂါးနှင့် အင်ဂျင်နီယာ ဗွန်ဗီလိန်တို့ အကျဉ်းမှလွတ်ကြပြီ။ မုဆိုးမကလေးမတ်တီ ကြီးစားရကျိုး နပ်ပြီ။ အားထုတ်ရကြိုးနပ်ပြီ။ ကြံစည်သမျှအောင်မြင်ပါလေပြီ။ မတ်တီ၏ အောင်ပွဲသည် သီပေါဘုရင်မင်းမြတ်အတွက်တော့ ရှုံးပွဲဖြစ်၏။ ရနော် မင်းသား မောင်မောင်တုတ်အတွက်လည်း ရှုံးပွဲဖြစ်၏။ ဘာဖြစ်လို့ သိကြသလား။ သီပေါဘုရင်နှင့်ရနောင်မောင်မောင်တုတ်တို့ တကြိတ်တည်း တညာဏ်တည်းကြံစည်ခဲ့သော မြောက်နန်းမိဖုရားလောင်း ဒိုင်းခင်ခင်၏ ဇာတ်လမ်း နိဂုံးချုပ်ရန် နိဒါန်းစာမျက်နှာ ဖွင့်လှစ်ခဲ့ပြီတည်း။

ခ

စုဖုရားလတ်သည် သီပေါဘုရင်ထံ သဝဏ်လွှာတစ်စောင်ပို့လိုက် ၏။ "နှမတော်စုဖုရား၏ ပြုမိမှားသမျှအတွက် ပညာရှင် မောင်ဘုရားက သနားညှာတာစွာ ခွင့်လွှတ်တော်မူပါ။ ရုတ်တရက်ချက်ချင်းဖြစ်ခဲ့သော အရေးအခင်းတွင် ဈေညာဏ်ရှင်စုဖုရားမှာ မဆင်ခြင်ဘဲ မှားခဲ့ပါပေါ့။ မြောက်နန်းမိဖုရားလောင်း ခင်ခင်ကြီးကို နှမတော်စုဖုရားထံ အမြန်စေလွှတ် တော်မူပါ။ မိဖုရားတစ်ပါး၏ ပြုမူကျင့်ကြံ ဆောင်ရွက်ရန်ကိစ္စအဝဝကို နှမတော်ကိုယ်တိုင် ပြုပြင်၊ သွန်သင်၊ ဆင်ယင်ပြီး ခင်ခင်ကြီးကို မြောက်နန်းမိဖုရားအဖြစ် နှမတော်ကိုယ်တိုင် တင်ပေးပါရစေ"

သီပေါမင်းတရားမှာ ထိုသဝဏ်လွှာကိုရတော့ မိမိမျက်စိကို မိမိမယုံ။ မိမိကိုယ်ကို မိမိမယုံ။ ဟုတ်မှဟုတ်ရဲ့လား။ သည်သဝဏ်လွှာကိုရေးသူမှာ နှမတော်စုဖုရားမှဟုတ်ရဲ့လား။ ဒါလည်း သံသယပွားစရာမရှိ။ စုဖုရား၏ လက်ရေး၊ စုဖုရား၏လက်မှတ်၊ စုဖုရား၏စကားအသုံးအနှုန်းတွေက အမှန်အကန်ပဲ၊ အကြံအဖန်လုံးဝမဟုတ်။ ဘယ်သို့များဖြစ်ပျက်ကုန်ပါလိမ့်။ နှမတော်ခင်ခင်ကြီးကိစ္စကြောင့် မနေ့ကပင် ထိန်းမနိုင် သိမ်းမရ၊ သိမ်းမနိုင် ထိန်းမရ၊ ဒေါသမာန်ထခဲ့သော နှမတော်စုဖုရား၊ ယခုတော့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ တိုးလျှိုးတောင်းပန် အသနားခံနေသည့်ပုံစံပဲ။ ဘယ်သို့ လုပ်ရပါ့။ ဘယ်သို့ကိုင်ရပါ့။ ဘယ်သို့ဆုံးဖြတ်ရပါ့။

သီပေါဘုရင်သည် သဝဏ်လွှာကိုဖတ်ပြီး ကြံရာမရ။ သည်တော့ အားကိုးအားထားပြုရာ ရနောင်မင်းသား မောင်မောင်တုတ်ကို ခေါ်ရတော့



သည်။ မောင်မောင်တုတ်လည်း စုဖုရား၏သဝဏ်လွှာကိုဖတ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိရပြီ။ နောက်ဆုံးတော့ ရနောင်မင်းသားကအကြံပေး၏။

"မယ်တော်ဆင်ဖြူမရှင်ကို တိုင်ပင်သင့်ကြောင်းပါဘုရား"

သို့နှင့် မယ်တော်ဆင်ဖြူမရှင်မိဖုရားကို ပင့်ခေါ်ကြရသည်။ မယ်တော်မိဖုရားကပြော၏။ စိုးရိမ်နောင့်လို့ကြောင့်ကျပူပင် မဖြစ်ကြနှင့်။ မယ်တော်သည် သမီးတော်စုဖုရားကို အများကြီးနားချပြီးပြီ။ ဖြစ်သင့် ဖြစ်ထိုက်တာမှန်သမျှကို စုဖုရားက အကြေအလည် သဘောပေါက်ပါ ပြီ။ သည်တော့ သားတော်သီပေါမင်းတရားရဲ့ မြောက်နန်းမိဖုရားလောင်း ကလေး ခင်ခင်ကြီးကို စုဖုရားထံ အမြန်ပို့ပေးကြ။ စုဖုရား၏ ဆင်ယင် သွန်သင် ပဲ့ပြင်မှုဖြင့် ခင်ခင်ကြီးသည် ရတနာပုံရွှေနန်း၏ ခမ်းနားတင့်တယ် သော မြောက်နန်းမိဖုရားဖြစ်ပါစေ့မည်။

မယ်တော်မိဖုရားကြီးကိုယ်တိုင် အာမခံ ကတိတွေကြိမ်ဖန်များစွာ ပြုတော့ သီပေါဘုရင်မင်းမြတ်မှာ "ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်ရှာတယ်" ဆိုသောသီချင်းနှယ် တကယ်ပဲ မျက်ရည်လည်မိပြီ။ မောင်တော်ဘုရားကို နားလည်လက်ခံတဲ့စုဖုရား၊ ရှေ့နောက်တွေးခေါ် ဆင်ခြင်တိုင်းထွာဉာဏ်ဖြင့် ပြည့်စုံသောပညာရှင်စုဖုရား၊ သဘောထား မြင့်မြတ်တည်ကြည်သောစုဖုရား။ သည်မိဖုရား၏ ကျေးဇူးတော်အဝဝက ဖြင့် ပေးဆပ်လို့ပဲ ကုန်နိုင်တော့မည်မဟုတ်။

ကဲ . . . ကဲ အချိန်ဖင့်ဆွဲနေတော့မည်။ နှမတော်ခင်ခင်ကြီးကို စုဖုရားရဲ့ဆန္ဒအတိုင်း နန်းမတော်ဆောင်ကို အမြန်ပို့ပေးကြရန် ဘုရင်မင်း မြတ်က စီစဉ်သည်။ မြောက်နန်းမိဖုရားလောင်း ဒိုင်းခင်ခင်ကို နန်းမတော် ဆောင်သို့ မယ်တော်ဆင်ဖြူမရှင်ကိုယ်တိုင် ကြီးကြပ်ဆောင်ယူ၍ ခေါ် ဆောင်သွားသည်။ စိတ်အားငယ်တတ်သောခင်ခင်ကြီးမှာ သီပေါဘုရင်၏ မျက်နှာတော်ကို မော်၍မော်၍ ဖူးမျှော်နေ၏။ ဟုတ်မှဟုတ်ရဲ့လား မောင်တော် ဘုရားရယ်ဟု မမေးသော်လည်း မေးသည့်သဘော ခင်ခင်ကြီး၏ မျက်လုံးလှလှကလေးတွေက မယုံတစ်ဝက် ယုံတစ်ဝက်။

ဘယ်သို့ပဲဖြစ်ဖြစ်လေ၊ နောက်ဆုံးတော့ ခင်ခင်ကြီးသည် စုဖုရား လတ်၏ နန်းတော်ဆောင်သို့ တန်းတန်းမတ်မတ် ရောက်သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်ကိုတွေ့လျှင် ငယ်ကြောက်ဖြစ်လေတော့ ခင်ခင်ကြီးခမျာ ဒူးတုပ်၍ လက်အုပ်ကလေးတချီချီနှင့် မဝင့်ဝံ့၊ ဝင့်ဝံ့ဝံ့ ဖြစ်ရှာသည်။ စုဖုရားလတ်က ခင်ခင်ကြီးကို လက်ဆွဲပြီး ကြမ်းပြင်မှ ထူလိုက်သည်။ ပြီးတော့ သလွန်တော်ပေါ်မှာပဲ ရဲရဲတင်းတင်း ထိုင်စေသည်။ စုဖုရားသည် ခင်ခင်ကြီး၏ ကိုယ်မှာဆင်ယင်ထားသော လက်ဝတ်ရတနာများကို အသေအချာကြည့်ပြီး တအံ့တသြဖြစ်ဟန်နှင့်။

"အို မောင်တော်ဖုရားက ညီမငယ်ကို ဘာတွေဆင်ပေးထားတာလဲ ဖြုတ်စမ်း၊ ဒီဆွဲကြိုးတွေ၊ နားကပ်တွေ၊ လက်ကောက်တွေက နန်းသုံးတော်သုံးတွေမှ မဟုတ်ပါဘဲလား၊ အံ့ပဲအံ့ပါရဲ့။ ကဲ ကဲ နန်းစဉ်ရတနာရွှေသေတ္တာကို သွားယူစမ်း" စုဖုရားလတ်သည် ခင်ခင်ကြီး၏ ကောင်းနိုးရာရာ ကိုယ်မှာဆင်ယင်ထားသော အဖိုးတန်ကျောက်မျက်ရတနာ အဆင်တန်ဆာများကို ဆွဲချွတ်ပြီး သလွန်အောက်သို့လွှင့်ပစ်လိုက်သည်။ ပြီးတော့ နန်းစဉ်ရတနာရွှေသေတ္တာထဲမှ ရတနာလည်ဆွဲ နားကပ်၊ လက်ကောက်များကို ထုတ်ပြီး ခင်ခင်ကြီးကို ဆင်ပေးတော့သည်။

စုဖုရားလတ်က ခင်ခင်ကြီးကို နန်းမတော်အဆောင်အနီးတွင် သီးခြားအဆောင်တစ်ဆောင်ဖြင့် စံမြန်းစေသည်။ အပျိုတော် ကိုယ်ရံတော် လုံလောက်အောင်ပေးထားသည်။ သို့သော် သီပေါဘုရင်နှင့် ခင်ခင်ကြီးတို့မှာ ယခင်ကလို လွတ်လပ်စွာတွေ့ခွင့်မရ၊ ချစ်ခွင့်မကြုံ၊ ယုယခွင့်မရှိ။ အချိန်တိုင်းမှာ ခင်ခင်ကြီးသည် စုဖုရား၏ မျက်စိအောက်တွင် ရှိနေသည်။ သီပေါဘုရင်နှင့်ခင်ခင်ကြီးတို့ မတွေ့ရသည်တော့မဟုတ်။ ဥယျာဉ်တော်တွင် သီပေါဘုရင်နှင့်စုဖုရားတို့ အပန်းဖြေစံမြန်းခိုက်မှာ အနား၌ ခင်ခင်ကြီးကို ခေါ်ထားသည်။ စုဖုရားလတ်၏ အစီအမံသည် တဖြည်းဖြည်းနှင့် သီပေါဘုရင်မင်းတရား၏ နှလုံးသားကို အပ်နှင့်ပေါက်သည့်သို့ခံရပြီ။

သည်အကြောင်း သည်အဖြစ်ကို သီပေါမင်းတရားက လက်စွဲတော် ရနောင်မောင်မောင်တုတ်ထံ ရင်ဖွင့်သည်။ မိမိမှာ နမတော်ခင်ခင်ကြီး အနားကပ်ခွင့်မရဖြစ်နေပြီ။ ခင်ခင်ကြီးကို စုဖုရားက သူ့ကွပ်ကဲမှုအောက်မှာ ထားနေတော့ မတွေ့ရတာ ကြာညောင်းပါပေါ့၊ သည်အခြေအနေအတိုင်း ကြာလျှင်အခက်ကြီးခက်တော့မည်။



ရနောင်မောင်မောင်တုတ်က သီပေါဘုရင်ကို အားပေးအားမြှောက်သည်။ "တင်ပါသည်ဘုရား သည်အခြေအနေတွင် သခင်မင်းတရားသည် ယောကျာ်းတို့မာန ယောကျာ်းတို့ အယူအဆ ယောကျာ်းတို့အပြုအမူကို ရဲရဲကြီးဖော် ရဲရဲကြီးသုံး ရဲရဲကြီးဆောင်ရွက်သင့်ပါပြီဘုရား"

ရနောင်မောင်မောင်တုတ်က သီပေါဘုရင်မင်းမြတ်ကို စုဖုရားလတ်နှင့် ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းရန် အားပေး အားမြှောက်ပြုလေသည်။ ဘုရင်မှာ အလိုလိုကမှ ဘဝင်မကျ၊ လိုအင်ဆန္ဒကမပြည့်၊ မှောင်တကော့ မှောင် အမှောင်ဆုံးသော အမှောင်မှာ ကျနေသည်။ သို့နှင့် လက်စွဲတော် သံလျက်ကို ဒေါမာန်ပါပါကိုင်ပြီး စုဖုရား၏ အဆောင်တော်သို့ ရဲရဲကြီးချီလေသည်။

ထိုနေ့ကနန်းမတော်ဆောင်တွင် ဘုရင်နှင့်မိဖုရားတို့ စာရင်းရှင်းလင်းမှာ စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းပါဘိ။ ဘုရင်က ဒိုင်းခင်ခင်အပေါ် စုဖုရားလတ်၏ ချုပ်ချယ်တားဆီးမှုများကို မကျေနပ်ကြောင်း ဒေါသဖြင့်မိန့်သည်။ မိဖုရားကလည်း သည်းမခံနိုင်ပြီ။ ကုန်းဘောင်မင်းဆွေ မဟုတ်လား။ တစ်ခွန်းမကျန်ပြန်အော်သည်။ သည်တော့ ဘုရင်မင်းတရား၏ ဒေါသယမ်းအိုးကို မီးတုတ်ဖြင့်ထိုးသလိုရှိတော့သည်။ သီပေါဘုရင်သည် လက်ထဲက သံလျက်ကို အိမ်မှဆွဲချွတ်လိုက်၏။ ပြီးတော့ စုဖုရားလတ်ပြေးလာသည်။

စုဖုရားလတ်သည် မောင်တော်သီပေါဘုရင်၏ မဆည်နိုင် မတန့်နိုင်သော ဒေါသကိုမြင်သော် အခြေအနေကို နားလည်ပါပြီ။ ရာဂမာန်ယစ်နေသော မောင်ဘုရားသည် စုဖုရားကိုသနားရမည်ပင် မသိတော့ပါလား။ လက်စွဲတော်သံလျက်ဓါးဖြင့် တအားခုတ်ပိုင်းဖို့ လာနေပါပေါ့လား။ နောင်မှနောင်ခါရွေး ခုတော့ပြေးနိုင်မှလွတ်မည့်အခြေအနေ။ စုဖုရားလတ်သည် သလွန်တော်မှဆင်း၏။ ပြီးတော့ နန်းတော်တိုင်လုံးကြီးများကို ကွယ်ပတ်၍ရှောင်ပြေး၏။ ထို့နောက် ဤကမ္ဘာလောကတခွင်၌ မိမိ၏ အားအထားဆုံး ရွှေတောင်ကြီးမားမား မယ်တော်မိဖုရားထံ တစ်ချိုးတည်း ရောက်ပြေးရှာလေသည်။ ဆင်ဖြူမရှင်မိဖုရားက သမီးတော်ကို အဆောင်တော်အတွင်းဝင်စေပြီး တံခါးပိတ်ထားလိုက်သည်။ ခဏအကြာတွင်

www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်သည် သံလျက်ဓါး တဝင်းဝင်း ဒေါသမာန်တဖွားဖွားနှင့် ရောက်လာသည်။

ဆင်ဖြူရှင်မိဖုရားက တည်ငြိမ်စွာမိန့်၏။ “သားတော်မင်းတရား ဒေါသရှေ့ထားလျှင် မှားတော့မည်ပ။ ပညာဉာဏ်ရှင်မို့ ဆင်ခြင်ပြီးဆုံး ဖြတ်ပါလေ။ ယခုခေတ္တအနားယူလိုက်ပါသားတော်။ ဒေါသမာန်များ အေး ငြိမ်းသွားတဲ့အခါ သားတော်ဆန္ဒအတိုင်း မဆိုင်းမတွ ဖြစ်ရစေမယ်”

သီပေါဘုရင်သည် ဆင်ဖြူမရှင်မိဖုရား၏ မျက်နှာတော်ကိုမော်ကြည့် လိုက်၏။ ကျေးဇူးရှင်မယ်တော်မိဖုရားပါလားဆိုသော အသိက ဘုရင်၏ ဒေါသမုန်ယစ်နေသော အခြေအနေကို ထိန်းကွပ်ပေးလိုက်၏။ မိမိ၏ နန်းတင်ပေးခဲ့သော မယ်တော်ဆင်ဖြူမရှင်မိဖုရား၏ သြဇာကို မင်းတရား မလှန်ဝံ့သည်မှာအမှန်။ သီပေါဘုရင်သည် နှုတ်မှ တစ်ခွန်းတစ်ပါဒမျှ မပြော။ မဆို။ လက်စွဲတော်သံလျက်ကို ကိုင်ပြီး လာလမ်းအတိုင်း ပြန် လျှောက်သွားရရှာလေသည်။

နောက်တစ်နေ့နံနက်တွင် သီပေါဘုရင်သည် စက်ရာဆောင်မှ သိမ်မွေ့ နူးညံ့သည့်စိတ်ထားဖြင့် ထွက်ကြွလာ၏။ မနေ့က ဒေါသ ရှေ့ထား၍ မှားခဲ့ပုံ အလုံးစုံကို အကုန်အစင် ပြန်စဉ်းစားသည်။ ဘာသာ တရား၏ အဆုံးအမတွင် တည်သောမင်းတရား၊ ရှက်များပင်ရှက်မိပါရဲ့။ မိမိသည် မနေ့တုန်းက မပြောသင့် မဆိုသင့် မလုပ်သင့်သော လုပ်ရပ်များကို မှားယွင်းစွာ ပြောခဲ့ ဆိုခဲ့ လုပ်ခဲ့မိပါပေါ့လား။

ဘုရင်မင်းတရားသည် မယ်တော်ဆင်ဖြူမရှင်၏ အဆောင်သို့ ဖြည်းညှင်းစွာ ထွက်ကြွလာ၏။ ဘုရင်မင်းမြတ်ကို စုဖုရားလတ်နှင့် ဆင်ဖြူမရှင်မိဖုရားတို့က ပျူငှာစွာ ကြိုဆိုကြသည်။ ထိုနေ့က တွေ့ကြသော ရှုခင်းမှာ မနေ့ကနှင့် လုံးဝမတူတော့ပြီ။ သီပေါဘုရင်က ယခင်အတိုင်း ကျိုးကျိုးနွံနွံဆက်ဆံသည်။ ချစ်သောမိဖုရား စုဖုရားလတ်ကိုလည်း ဘုရင်က ကြင်နာယုယစွာဆက်ဆံသည်။ မှားခဲ့ပြီ၊ ယွင်းခဲ့ပြီ၊ ရှေ့ဆီမှာ သည်အမှား အယွင်းမျိုး မဖြစ်အောင် ကြိုးစားဆောင်ရွက်မည်ဟု ဘုရင်မင်းမြတ်က ကတိပေးသည်။ ပြီးပြီ။ ပွဲသိမ်းပြီ။



အခြေအနေအရပ်ရပ်မှာ ကြည်စေ အေးစေ ဖြစ်ပါပြီ။ ယခုအချိန် တွင် ခင်ခင်ကြီးမှာ စုဖုရားလတ်၏ လက်ခုပ်ထဲကရေ။ သွန်လိုကသွန်၊ မှောက်လိုကမှောက်၊ သောက်လိုကသောက်။

ဂ

မိဖုရားစုဖုရားလတ်သည် သီပေါဘုရင်ထက် ပို၍တွေးခေါ်မြော် မြင်သော ပညာရှင်ဖြစ်မည်။ သူသည် မောင်တော်မင်းတရား ယခုလို သဘောထားသိမ်မွေ့နေသည့်အခြေအနေကို အမြတ်ထုတ်လိုသောဟန် ဆန္ဒမရှိ။ ဆန္ဒစောသည့်အသွင် တစ်ဆံခြည်မျှင်မျှမတွေ့ရ။ အရာရာကို အချိန်က ပြုပြင်ဆင်ခြင်ဆုံးဖြတ်သွားလိမ့်မည်။ သည်သို့သဘောပိုက်ဟန်တူ သည်။ ထို့ကြောင့် စုဖုရားက ဤသို့စီစဉ်၏။ ခင်ခင်ကြီးလည်း သူ့အနေ အထားအတိုင်း အဆောင်တော်မှာ စံမြဲစံနေပါစေ။ နန်းတော်ထဲမှာ ယခင် အတိုင်း မဆိုင်းမတွ ရှိကြပါစေ။

သို့သော် စဉ်းစားဖွယ်တစ်ခုရှိသည်။ ရနောင်မောင်မောင်တုတ်ကိစ္စပဲ ဖြစ်သည်။ သည်လူက မင်းသားဘွဲ့ခံပြီး အမျက်စောင်းမာန်အပြည့်နှင့်။ အစွယ်ကလေးတသသ တန်ခိုးရှိန်ဝါကလေးတပြပြ။ နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးဌာနတွင် ရနောင်မောင်မောင်တုတ်လို လူမျိုး ရှိသင့်ပါရဲ့လား၊ စဉ်းစားစရာ။ ဘုရင်မင်းမြတ်ကို တစ်ဘက်က မြှောက်ပင့်ပေးပြီး အမှားကြီး များစေခဲ့ပြီ။ ဒါမောင်မောင်တုတ်လုပ်တဲ့အကြံ။ မောင်မောင်တုတ်ရဲ့ဉာဏ်။ သည်အဖြစ်မျိုးနောက်ထပ်တစ်ကြိမ် နန်းတွင်းမှာမဖြစ်ပေါ်လာရအောင် ဘယ်လိုဆောင်ရွက်ရပါ့။ ဘယ်လိုအားထုတ်ရပါ့။ ဘယ်လိုစီမံရပါ့။ .

မိဖုရားစုဖုရားလတ်သည် မယ်တော်မိဖုရားကြီးနှင့် တိုင်ပင်သည်။ သချာကျန ကိုင်တွယ်ရမည့် ထိုကိစ္စမှာ အရာရာကို ပေါ့ပေါ့တွေး၍မရ ကြောင်း စုဖုရားလတ်က ကောင်းစွာသဘောပေါက်လေသည်။

သည်တွင် စုဖုရားလတ်နှင့် မတ်မတ်ကြီး ထိပ်တိုက်တိုးနေသော ရနောင်မင်းသား မောင်မောင်တုတ်အကြောင်းကို သိထားဖို့လိုဦးမည်။ ဟဲ...အရပ်သားစင်စစ်က အရှင်လတ်လတ်မင်းသားဖြစ်လာသော ထို မောင်မောင်တုတ်သည် ဘယ်ကလာသလဲ၊ မေးကြစို့။

www.burmeseclassic.com

www.burmeseclassic.com



ဖြေပါမည်။ သည်လူအကြောင်း သောင်းပြောင်းထွေလာကို သေသေချာချာကိုပြောရလျှင် စကားလက်တံ အနည်းငယ်ရှည်မှုဖြစ်လေမည်။

မောင်မောင်တုတ်မှာ အမည်ရင်းရှိသည်။ မောင်ညိုတုတ်။ မောင်ညိုတုတ်၏ဖခင်သည် နတ်ရွာစံမင်းတုန်းမင်းတရားကြီး၏ ကျွန်တော်ရင်းဖြစ်သည်။ မင်းတုန်းမင်းနှင့်ကနောင်မင်းသားတို့ ရွှေဘိုထွက်ပြီး ပုန်ကန်ကို ပုန်ကန်စဉ်က မောင်ညိုတုတ်၏ဖခင်မှာ တိုက်ရင်းခိုက်ရင်း ကျဆုံးရှာသည်။ သို့နှင့် ဖတဆိုးသားအဖြစ် မောင်ညိုတုတ်ကျန်ခဲ့ရှာသည်။ မင်းတုန်းမင်းတရားကြီးက သည်ကောင်ကလေး မောင်ညိုတုတ်ကိုသနားသည်။ မိမိနန်းရေးအတွက် အသက်စွန့်ခဲ့သော ကျွန်ရင်း၏သားငယ်အဖြစ် ကြည်ရှုစောင့်ရှောက်ခဲ့သည်။ မောင်ညိုတုတ်၏မိခင်မှာ ဆင်ဖြူမရှင်မိဖုရားနှင့် ကျွမ်းဝင်သည်။ သို့နှင့် သမီးတော် စုဖုရားလတ်ကို မီးဖွားစဉ်က မောင်ညိုတုတ်၏မိခင်ကပင် နို့တိုက်မွေးမြူခဲ့သည်ဟု သိရပြန်သည်။ သို့ဆိုလျှင် မောင်ညိုတုတ်နှင့်စုဖုရားလတ်တို့က နို့စို့ဘက်တွေပါလား။

ပြီးတော့ မောင်ညိုတုတ်နှင့်သီပေါမင်းသားတို့မှာ တစ်ကျောင်းတည်း စာသင်ခဲ့ဖူးသည်။ သီပေါမင်းသားက မောင်ညိုတုတ်ကို အလွန်ခင်တွယ်၏ မောင်ညိုတုတ်ကလည်း သီပေါမင်းသား၏ နောက်ပါးမှာအမြဲခစားပြီး တက်အားသမျှ ကူညီသည်၊ ပံ့ပိုးသည်၊ ဆောင်ရွက်သည်။

တစ်နေ့သ၌

ဘုန်းတော်ကြီးကျောင်းဝင်းထဲတွင် သီပေါမင်းသားနှင့်မောင်ညိုတုတ် အပါအဝင် ကျောင်းသားများကစားနေကြသည်။ ထိုစဉ် သီပေါမင်းသားငယ်၏ ခေါင်းပေါင်းအဝတ်ကို သိန်းစွန်ရဲတစ်ကောင်က သုတ်ချီပြီး ကျောင်းဝင်းအတွင်းရှိ ခေါင်မိုးပြဿဒ်ဖျားမှာ ချိတ်ထားခဲ့၏။

အံ့ဖွယ်သရဲ ထူးကဲသော ဖြစ်ရပ်ပါလား။ မြင်ရသူအများမှာ သည်ရှုခင်းကိုကြည့်ပြီး လက်ညှိုးတထိုးထိုး။ တီးတိုးတီးတိုးပြောသူကပြောသည့်အချိန်မှာ သီပေါမင်းသား၏ အနီးတွင်ရှိနေသော မောင်ညိုတုတ်က စကားတစ်ခွန်း ပြောလိုက်လေ၏။

"ကိုယ်တော်လေး ရှင်ဘုရင်ဖြစ်လိမ့်မယ်၊ ကိုယ်တော်လေး အထွဋ်အထိပ်ရောက်ရင် ကျွန်တော်မျိုးကို မေ့မထားပါနဲ့" သီပေါမင်းသား



မင်းနိမိတ်ဖတ်တဲ့အတိုင်းသာ ဖြစ်ပါစေကွာ၊ ငါမင်းကို စောင့်ရှောက်မှာပါ"ဟု ကတိစကားပြန်ပြောသည်။ သီပေါမင်းကား မြင့်မြတ် တည်ကြည်သော ယောကျ်ားဖြစ်လေသည်။ သီပေါမင်းသား ဘုရင်ဖြစ်လာသောအခါ မောင်ညိုတုတ်သည် နန်းတွင်း၌ အမှုတော်ထမ်းလျက်ရှိပြီး သီပေါမင်းသားကလေးကို နန်းလျာရွေးမည့် အစည်းအဝေး၌ မောင်ညိုတုတ်က လုံခြုံရေးတာဝန်ယူရသော အမှုထမ်းအဖြစ် ဆောင်ရွက်ရသည်။

သီပေါဘုရင်က သူငယ်ချင်းမောင်ညိုတုတ်ကို ခေါ်ယူပြီး မိမိအနားမှာထားသည်။ ပြီးတော့ ရနောင်မြို့ကိုစားစေသည်။ ထိုပြင် မင်းသားဘွဲ့ပင် ချီးမြှင့်လိုက်ပါသေး၏။ ရနောင်မင်းသားမောင်မောင်တုတ်ဆိုပဲ။

ထိုပြင် သီပေါဘုရင်က မောင်မောင်တုတ်ကို ထပ်မံပြီး အခွင့်ထူးပေးပြန်သည်။ "မောင်တုတ်၊ ငါ့တစ်သက်တာမှာတော့ မောင်မင်းဟာ ငါ့ဓါး ဖြင့် မသေစေရ"

ကောင်းလိုက်သည့်ဆုပါလား။ ဒါကို "သက်တော်ရှည်"ဆုဟု ခေါ်ကြသည်။ သည်ဆုမျိုးကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင်သာ ချီးမြှင့်နိုင်ခွင့်ရှိလေသည်။ မောင်မောင်တုတ်၏ ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ ဘုရင့် အမှုတော်ကို ကျေပြွန်စွာထမ်းဆောင်ခြင်းများအတွက် ချီးမြှင့်သော ဘုရင့်ဆုလာဘ်တော်က ကြီးမြင့်လှပါဘိ။

သီပေါမင်းတရားက ရနောင်မင်းသားမောင်မောင်တုတ်ကို သည်လို ဘွဲ့ထူး ဂုဏ်ထူးချီးမြှင့်ရသော အဓိက အကြောင်းတစ်ချက်ကို ပြောရအုံးမည်။ မင်းတုန်းမင်းတရားကြီး၏ သားတော်မင်းသားများကို ကြေးတိုက်ထဲမှာ ဖမ်းထားစဉ်က သီပေါမင်းသားလည်း တစ်ခါထည်း ပါသွားခဲ့သည်။ နောက်မှ သီပေါမင်းသားကို နန်းလျာတင်တော့ ကြေးတိုက်ထဲသို့ လျှို့ဝှက်ပြီးဝင်၍ သီပေါမင်းသားကို ရွေးထုတ်ခေါ်ယူရသည်။ ထိုစဉ်က ကြေးတိုက်ထဲက သီပေါမင်းသားကိုကျောမှပိုး၍ ထမ်းထုတ်လာသူမှာ ဘယ်သူဖြစ်မည် ထင်သလဲ။ မောင်တုတ်ပါပဲ။

ကဲ မောင်မောင်တုတ်၏ အနေအထားကို သိကြရပြီ။သည်ပုဂ္ဂိုလ်၏ ဆင်းရည်သွင်ပြင်ကို ကြည့်ကြဦးစို့၊ မောင်မောင်တုတ်သည် ကိုယ်လုံးကိုယ်ထည်တောင့်တင်းသည်။ အသားညိုသည်။ မျက်နှာ၌ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရာကလေး တစ်ပေါက်နှစ်ပေါက်ရှိသည်။ မှတ်ဆိတ်ကျင်စွယ်တော် နှစ်ပင်က သူ့မျက်နှာတွင် ထူးခြားသောအသွင်။

သူ့မျက်လုံးများသည် စူးရှသည်။ တောက်ပြောင်သည်။ သူ့အသား ဩဇာမာန်အပြည့်။ ရုပ်ရည်ရူပကာယ ခံ့ညားချောမွေ့သည်ဟန် မောင်မောင်တုတ်ပိုင်ဆိုင်ထားသည်။ ဆိုကြပါစို့။ မောင်မောင်တုတ်ပုံ မိန်းမများ သဘောကျနှစ်သက်သော ကြွက်သားအဖုအထစ်တွေနှင့် ပြီး ခရာချင်စရာ တာချင်စရာ ရုပ်ရည်မျိုး။

သည်တွင် ရနောင်မင်းသား မောင်မောင်တုတ်နှင့်မန္တလေးနေပြည် တော်က မိန်းမချော မိန်းမလှကလေးများ၏ ဘဝမှာ အညမည ဖြစ်ရ သည်။ မိန်းမချော မိန်းမလှကလေးတွေက ယောကျာ်းပီသသော မင်းသား ဘွဲ့ခံ မောင်မောင်တုတ်ကိုကြိုက်၏။ မောင်မောင်တုတ်ကလည်း မျှ တူးတူး မူးရင်ပြီးရောဆိုသည့်ပုံဖြင့် မိန်းမချောမိန်းမလှကလေးတွေ အသေရရ အရှင်ရရ၊ စွဲမှစွဲ၊ မက်မှမက်၊ ကြိုက်မှကြိုက်။

သည်မှာပင် ပြဿနာတွေက ဟိုတစ်စ သည်တစ်စ ရှုပ်ထွေးမွေ လှသည်။ ကျေနပ်သူ မကျေနပ်သူတွေက ဟိုကပွပွည်း ဒီကပွပွည်း ပြောဝံ့တာလည်းရှိ မပြောဝံ့တာလဲရှိ ဘယ်သို့အခြေပင်ဆိုက်ဆိုက် ခေါင်းငုံ့ လိုက်ရတာက များသည်။ ဖြစ်တော့မှာပေါ့၊ မောင်မောင်တုတ်တို့ သော ကျန်းပုံက လင်ရှိရှိ မရှိရှိ ပျိုပျိုအိုအို၊ နုသည်ဖြစ်စေ ရင့်သည်ဖြစ်စေ ပိန်သည်ဖြစ်စေ ဖောင်းသည်ဖြစ်စေ မောင်မောင်တုတ်ကြိုက်လျှင်လိုက် မောင်မောင်တုတ်စွဲလျှင်ဆွဲ၊ မောင်မောင်တုတ်မက်လျှင်ဆက်။

ရနောင်မောင်မောင်တုတ်ကံထူးပါပေ၏။ နန်းတွင်းနန်းပြင်မှာ ရှင်ဘုရင့်နောင်တော်အဖြစ် တန်ခိုးထွားလှသည်။ ထိုသို့ တန်ခိုးထွားနိုင်ရေး လည်း သီပေါဘုရင်က ဘွဲ့တပ်ပေးသည်။ ရာထူးတိုးပေးသည်။ ရနောင် မင်းသားမောင်မောင်တုတ်မှာ မဟာမင်းလှမင်းထင်စည်သူဘွဲ့ဖြင့် ချီးမြှင့် ခြင်းခံရသည်။ ပြီးတော့ ပတ္တမြားကျောက်စီဓားကိုလွယ်၍ ခစားခွင့်ပြုသည်။ ထို့ပြင် ရာထူးသစ်ဖြင့် တိုးမြှင့်ခန့်ထားပေးလိုက်သည်။ မြောက်ထားဝယ် ဗိုလ်။



မြောက်ထားဝယ်ဗိုလ်ဖြစ်လာတော့ တပ်တော်သား ၆၁၂ ဦးကို ကြီးမှူးကွပ်ကဲရသည်။နန်းတော်တွင်းပြင်မှာ လုံခြုံရေး အကြီးအကဲလည်း ဖြစ်သည်။ သည်လိုဆိုတော့ ရနောင်မင်းသားမောင်မောင်တုတ်တို့က ခန့်နှမဝါလည်း ကြီးမားပါပေ့။ တန်ခိုးလည်းကြီးထွားပါပေ့။

ရနောင်မောင်မောင်တုတ် ဘယ်မျှတန်ခိုးထွားခဲ့သည်လဲ သိချင်ကြ သလား။ ပြောရဦးမည်။ မြန်မာဇာတ်သဘင်လောက သမိုင်းတွင် ဆင်ခိုး လေးအမည်ဖြင့် တင့်တယ်ထွန်းကားသော မင်းသမီးတစ်ဦး ရှိခဲ့သည်။ သည်မိန်းကလေးက မြေလတ်ဒေသ တောင်တွင်းကြီးက။

သဘင်ပွဲတစ်ခုတွင် ထိုမင်းသမီးငယ်ကို ရနောင်မောင်မောင်တုတ် မြင်ခဲ့ တွေ့ခဲ့သည်။ စွဲခဲ့မက်ခဲ့သည်။ ချစ်ခဲ့ခင်ခဲ့သည်။ မောင်မောင်တုတ် စွဲပြီမက်ပြီ ချစ်ပြီဆိုလျှင် သည်မိန်းမကို အရယူတော့မည့်ကိစ္စမှာ မြေ ကြီးလက်ခတ်မလွဲပြီ။ မောင်မောင်တုတ်သည် ထိုမင်းသမီးကို တောင်တွင်း ကြီးမှ ဆင်ဖြင့်တင်၍ ခိုးယူလာသည်ဆို၏။ သည်တွင် မင်းသမီးငယ်မှာ နာမည်သစ်ဖြင့် တင့်တယ်ပါလေရော။ ဆင်ခိုးမလေး။

နောင်တွင် ဇာတ်ကလေရာဒေသတွေမှာ ဆင်ခိုးမလေး မင်းသမီး သတင်းကြီးလေသည်။ ဆင်ခိုးမလေးမှာ လွတ်လပ်သူမဟုတ်။ တရားဝင် ခင်ပွန်းလင်ရှိ၏။ မင်းသမီးယောကျာ်းကို မောင်မောင်တုတ်က ရွှေငါးပိသာ လျော်ကြေးပေးသည်။ ထို့ပြင် မြို့သူကြီးရာထူးလည်း ခန့်ထားပေးလိုက် သည်ဟု မော်ကွန်းမှတ်တမ်းရှိလေသည်။

တကယ်ဆိုတော့ မောင်မောင်တုတ်လှမ်းနေသည့်လမ်းနှင့် သီပေါ ဘုရင့်မိဖုရားစုဖုရားလတ်တို့လှမ်းနေသည့် လမ်းက ပြဒါးတစ်လမ်း၊ သံ တစ်လမ်း။ စုဖုရားလတ်က ရှင်ဘုရင်ကို တစ်လင်တစ်မယားစနစ်ဖြင့် ထိန်းချုပ်အုပ်စီးချင်သည်။ မောင်မောင်တုတ်က ဝင်းခြံကြီးဖြင့် မိန်းမတွေ မွှေပေါက်သလိုယူထားသူ။ ပြီးတော့ မိမိသခင် ရှင်ဘုရင်ကိုလည်း မိဖုရားတွေ အများကြီး ယူစေချင်သူ၊ ရှာဖွေလို့လည်း ပေးခဲ့သူ။

စုဖုရားလတ်နှင့် မောင်မောင်တုတ်တို့အကြား ကွာဟချက်များက အဲသည့်လောက်ကြီးမားနေပါပေါ့လား။

www.burmeseclassic.com

www.burmeseclassic.com

## ၈။ စကားပြောသော ရွှေသေတ္တာ

### က

ရတနာပုံနန်းတော်တွင်းသို
အခြေအနေများ မူလအတိုင်း ပုံမှ
ပြန်၍လည်ပတ်နေလေပြီ။ သီပေါ
ဘုရင်ကလည်း နေ့ညီလာခံ ညနေ
ညီလာခံများဖြင့် မအားမလပ်
စုဖုရားလတ်ကလည်း ဘုရင်မင်း
မြတ်အနားမှ တစ်ဖဝါးမကွာ
ဒိုင်းခင်ခင်ကလေးခမြာမှာလည်း
သူ့ အဆောင်တော်မှာ ကျန်းမာ
ပြကတေ့ ဘေးရန်မတွေ့ဘဲ စံမြန်း
လျက်သာ။

ထိုအချိန်တွင် ဘုရင့်မိဖုရား
စုဖုရားလတ်သည် နိုင်ငံတော်နှင့်
ပတ်သက်ပြီး အရေးကြီးသော
စီမံကိန်းတစ်ရပ်ကို အကောင်
အထည်ဖော်လေသည်။ရွှေသေတ္တာ
စီမံကိန်း။



တစ်နေ့တွင် ဘုရင်နှင့်မိဖုရားတို့သည် ရတနာပုံနေပြည်တော်အတွင်း လှည့်လည်၍ ပြည်သူတို့၏ အပူဇော်ခံတော်မူမည်ဟုကြေငြာသည်။ ဘုရင်နှင့် မိဖုရားတို့သည် ထယ်ဝါခံ့ညားသော ရွှေကရဝိတ် ဖောင်တော်ကြီးဖြင့် ကျုံးတော်အတွင်းလှည့်လည်၍ ပြည်သူတို့နှင့်တွေ့မည်။ ပြည်သူတို့ အပူဇော်ခံမည်။ ပြည်သူတို့၏ ရင်ခုန်သံကိုနာခံမည်။ ထိုအချိန်တွင်ပြည်သူတို့သည် မိမိတို့ရင်တွင်းမှ ခံစားချက်အဝဝကို ဘုရင်နှင့်မိဖုရားတို့ထံ တင်ကြ လျှောက်ကြ သနားခံကြ။ ပြည်သူတို့တင်ပြချက်များကို ဘုရင်နှင့်မိဖုရားတို့က ကြားနာမည်။ လေ့လာမည်။ စဉ်းစားမည်။ ဆုံးဖြတ်မည်။ ကယ်တင်မည်။

သို့သော် ပြည်သူတို့သည် ဘုရင်နှင့် မိဖုရားကိုရှေ့တော်သို့ဝင်ပြီး လျှောက်တင်ခွင့်ရမည်ကားမဟုတ်။ မိမိတို့တင်ပြလျှောက်ထားချင်သည်ကို စာဖြင့်ရေးပြီး လမ်းဆုံလမ်းခွဦချထားသော ရွှေသေတ္တာကြီးများအတွင်း ထည့်သွင်းရန်ဖြစ်သည်။ ပွင့်ပွင့်လင်းလင်းတင်ကြ။ ထင်ထင်ရှားရှား ရေးသားကြ။ ထိုသို့တင်လျှောက်ရေးသားခြင်းဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ အပြစ်ဒဏ်မခံစေရ။ ဘုရင့်အမိန့်တော်။

ရတနာပုံမြို့ပြင်လေးရပ်မှာ မှူးကြီးမတ်ရာသေနာပတိတို့ကိုယ်တိုင် မောင်းကြေးနင်းခတ်ပြီး ကြေညာလေသည်။

သီပေါဘုရင်နှင့်မိဖုရားစုဖုရားလတ်တို့ ပြည်သူများ၏ အပူဇော်ခံမည့်နေ့သို့ရောက်လေပြီ။

ဘုရင်နှင့်မိဖုရားတို့သည် ရွှေရောင်တဝင်းဝင်း စိန်ရောင်တလင်းလင်း ခြယ်သထားသော ကရဝိက်ဖောင်တော်ကြီးဖြင့် ကျုံးတော်တွင်းမှာ ခံ့ညားစွာ ကြွချီလာတော်မူပါပြီ။ ဘုရင်နှင့်မိဖုရားတို့ကိုယ်မှာ ဆင်ယင်ထားသော နန်းစဉ်ရတနာလက်ဝတ်တော်တို့၏ ပြိုးပြိုးပြက်ပြက် လင်းလက်သော အရောင်သည် ကရဝိက်ဖောင်တော်မှ စိမ်း နီ ပြာ ဝါ ပဒေသာရောင်စုံနှင့် ပဏ္ဏာတင့် လိုက်ဖက်လှပါ၏။

ကရဝိက်ရွှေဖောင်တော်ပေါ်၌ လှပခံ့ထည်သော ရွှေသလွန်ချထား၏။ သလွန်ထက်တွင် အနောက်တိုင်းဖြင့် ရောင်စုံခြယ် မွေ့ရာကော်ဇော ကြီးခင်းထားသည်။ သည်ကောဇောကြီးပေါ်၌ ခံ့ထည်သောဆင်းပြင်

www.burmeseclassic.com

www.burmeseclassic.com



တင့်တယ်သောရုပ်သွင်ဖြင့် ဘုရင်နှင့်မိဘုရားတို့ စံမြန်းလိုက်ပါလာကြသည်။ ပြည်သူတို့မှာ ဘုရင်နှင့်မိဖုရားကို မြင်ရတွေ့ရသော် ကြည်ညိုသဒ္ဓါ ထုံး လာဖြင့် မြေပြင်မှာဝပ်တွားရှိခိုးကြ၏။ အသက်ကြီးသူ အသက်ငယ်သူ မဟူ မည်သူမျှ အရှင်နှစ်ပါးကိုယ် ရှိမခိုးဘဲ မနေနိုင်ကြ။ ဘုရင်နှင့်မိဖုရား ဘုန်းရှိန်မြင့်မားလို့ပဲလား၊ ဘုရင်နှင့်မိဖုရားကို ရှိခိုးကန်တော့ခြင်းမပြုသော် အရေးယူ အပြစ်ပေးခံရမှာ စိုးရိမ်လို့လား၊ ဘာဖြစ်လို့လဲ သည်းကွဲစွာမသိ ကြည့်ရသည့် သည်ရှုခင်းမှာတော့ ပြည်သူတို့သည် ကြီးငယ်မဟူ ရှင်ဘုရင် နှင့်မိဖုရားကို မြေပြင်မှာဝပ်တွားကန်တော့နေကြသည်။

ဘုရင်နှင့်မိဖုရားတို့ကို ကန်တော့ဦးခိုက်နေကြသော ပြည်သူတို့သည် ကရဝိက်ဖောင်တော်လွန်သွားသည်နှင့် နီးစပ်ရာ စတုဒိသာဆိုင်များမှာ အခမဲ့စားသောက်ခွင့်ရကြသည်။ မြန်မာမုန့်၊ မြန်မာထမင်းဟင်း၊ မြန်မာ ဒေသစားအစာ စုံလင်စွာဖြင့် ဘုရင့်အမှုတော်ထမ်းတို့က ပြည်သူတို့ကို သဒ္ဓါ အပြည့်ဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ပြည်သူတို့သည် မဏ္ဍပ်အသီးသီးမှ ကျွေးမွေးဧည့်ခံသမျှကို တဝတပြဲသုံးဆောင်ရင်း ရွှေမေတ္တာပို့နေကြသည်။ တို့ဘုရင် သက်တော်ရာကျော်ရှည်ပါစေ။ တို့မိဖုရား သက်တော်ရာကျော် ရှည်ပါစေ။ အရှင်နှစ်ပါး ဘုန်းရှိန်ကြီးလို့ စည်းစိမ်ပွားနိုင်ကြပါစေ။ အစေ အရာရာ ရေတွေ့ကြာပမာ လန်းဖြာ တင့်တယ်ကြပါစေ။

ဘုရင်နှင့်မိဖုရားအား ကန်တော့ပူဇော်ပွဲတွင် အထင်ကရမြင်ကြသည့် ရှုခင်းမှာ အံ့သြဖွယ်ပါ။ မြို့ပြင် လေးရပ်တွင်ချထားသော ရွှေသေတ္တာကြီး များအတွင်းသို့ ပြည်သူတို့က မိမိတို့ဆန္ဒလွှာများကို လာထည့်ကြသည်။ မိမိတို့ ပြောချင်သမျှ ရင်ဖွင့်လိုသမျှ တိုင်ကြားလိုသမျှကို စာရေးပြီးလာထည့် ကြသည်။ ကြေညာထားသည်မဟုတ်လား၊ ပြောလိုသမျှပြော၊ ရေးလိုသမျှ ရေး၊ တင်လိုသမျှတင်၊ တိုင်ကြားလိုသမျှတိုင်ကြား ဘုရင်နှင့်မိဖုရားတို့က ကြားနာမည်။ လေ့လာသည်။ နားထောင်မည်။ မတရားမှုများရှိက တရားမှု များဖြင့် အစားထိုးဖြေရှင်းပေးမည်။ သည်လိုတိုင်ကြားတင်ပြခြင်းဖြင့် မည်သူမျှအရေးယူအပြစ်ပေးခံရခြင်း မရှိစေရ။

ကရဝိက်ရွှေဖောင်တော်မှအဆင်း အရှင်နှစ်ပါးသည် ဥယျာဉ်တော်သို့ တန်းတန်းမတ်မတ် ကြွလှမ်းလာခဲ့သည်။ လူတွေလူတွေ အုံးအုံးကျွက်ကျွက်



ကြွက်လောကိုထလျက်ရှုမြင်ခဲ့ရတော့ အရှင်နှစ်ပါးမှာ ငြိးစီစီကြီးဖြစ် လာသည်။ စိတ်ရောကိုယ်ပါ ပင်ပန်းလာခဲ့သည်။ သို့နှင့် ဥယျာဉ်တော်မှာ အနားယူမည်။ အပန်းဖြေမည်။ ငှက်ကလေးတို့၏ ကြည်နူးဘွယ်တေးသံကို နားဆင်ရင်းအပန်းဖြေမည်။ ပြီးတော့ ရွှေသေတ္တာကြီး ၄-လုံးထဲက ပြည်သူတို့၏ ရင်ဖွင့်သံများကိုလည်း အရှင်နှစ်ပါး နားဆင်မည်လေ။

ဘုရင်နှင့်မိဖုရား အချိန်အတော်ကြာအနားယူပြီးကြပြီ။ အထူးစီမံ ချက်ပြုတ်ထားသော နံနက်စာပွဲတော်များကိုလည်း သုံးဆောင်တော်မူ ပြီးကြပြီ။ သည်အချိန်မှာ ဘုရင်နှင့်မိဖုရားတို့၏ ညွှန်ကြားသံ ထွက်ပေါ် လာသည်။

"ကဲ ကဲ ရွှေသေတ္တာကြီးတွေကို ဖွင့်ကြ ဖွင့်ကြ၊ ငါတို့ပြည်သူတွေ ဘာပြောချင်ကြသလဲ နားဆင်ရအောင်"

ခ

သော့ပိတ်ထားသော ရွှေသေတ္တာကြီး၄လုံးကို တစ်လုံးစီသယ် ဆောင်သွားပြီး အရှင်နှစ်ပါးရှေ့တော်မှောက်မှာ မှူးမတ်တို့က ဖွင့်ကြသည်။ စာတွေစာတွေ ရေးထားကြသည်မှာ ပွက်ပွက်ကိုညံပါလေရော။ ဘုရင့် အမှုထမ်းတွေ လာဘ်စားသတဲ့။ ဘုရင့်အမှုထမ်းတွေ မဟာရား ရမ်းကား သတဲ့။ မှူးကြီးမတ်ရာ သေနပတိတွေက မတရားအခွင့် အရေးယူကြသတဲ့။ ပြည်သူတို့၏ သမီးပျိုကလေးများ စော်ကားမော်ကားခံရသတဲ့။ ငွေများ တရားနိုင်သည့်ခေတ်မှာ ငွေမပါသော ပြည်သူတို့ လူလုံးမလှ အပုလုံးကြွ ကုန်းခံနေရပါသတဲ့။ တိုင်လိုက်တဲ့စာတွေ၊ ရေးလိုက်တဲ့သဝဏ်တွေ ကြားရသူအရှင်နှစ်ပါးမှာ ရင်များပင်ပူလာပါလေရော။ ပြီးတော့။ သည်စာ များတွင် အဓိကပစ်မှတ်ထားပြီး တိုင်ကြားခံရသူမှာ ဘယ်သူများ ထင်ကြပါသလဲ။ ဘယ်သူဖြစ်ရမှာလဲ။ နာမည်ကျော် "တေတ်ကြီး"

ဟုတ်ပါလေ၏။ မှန်ပါလေ၏။ သီပေါဘုရင်မင်းတရားက မင်းသား ဘွဲ့ပေး၊ ပတ္တမြားကျောက်စီဓါးကိုင်ခွင့်ပြု၊ ဘွဲ့မည်အထပ်ထပ် ချီးမြှင့်ခံ ထားရသော ရနောင်မင်းသားမောင်မောင်တုတ်အား အရေးယူရန် စာ အတော်များများက တိုင်ကြားထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါသည်ဘုရား မောင်မောင်တုတ်သည်. . .

"တင်လျှောက်ဝံ့ပါ၏ဘုရား ရနောင်မင်းသားက. . .

"လျှောက်တင်ပါရစေဘုရား ရနောင်ကိုယ်တော်လေးသည်

"ဟဲ့. . . ရနောင်မောင်တုတ်နဲ့ ပတ်သက်တဲ့စာတွေက များလှချည်လား မောင်မင်းတို့ဟာ ဟုတ်ကောဟုတ်ကြရဲ့လား မှန်ကော မှန်ကြရဲ့လား တို့နောင်တော်ရနောင်မောင်တုတ်က ဒီလိုပဲရဲရဲကြီး လုပ်ပါ့မလား"

သီပေါဘုရင်က စုဖုရားဘက်သို့တစ်လှည့်၊ ဝန်ကြီးတွေကိုတစ်လှည့် အပြန်ပြန်ကြည့်ပြီး ထိုစကားကိုပြောလေသည်။ ထိုစဉ်ခဏတွင် တိုင်စာတစ်စောင် ထွက်လာ၏။ သည်စာက သီပေါဘုရင်နှင့်မိဖုရားတို့ ခေါင်းပေါ်တွင် ဗုံးတစ်လုံး ဖေါက်တင်လိုက်သလို ခံစားလိုက်ရပြီ။

"တင်ပါသည်ဘုရား ရနောင်မောင်မောင်တုတ်သည် ရတနာပုံရွှေနန်းကို သိမ်းမြန်းစိုးအုပ် ဘုရင်လုပ်ရန် အကြံကြီးကြံနေပါသည်ဘုရား။ ရနောင်မင်းသားသည် အရှင်နှစ်ပါး၏နန်းပလ္လင်ကို အလျင်ဦးစွာသိမ်းပြီး နိုင်ငံတော်အာဏာရယူဖို့ လက်နက်လူသူ ပြင်ဆင်နေပါသည်ဘုရား"

"ဟဲ့ ဟဲ့ . . . သည်စာက ထိတ်စရာ လန့်စရာကြီးပါလား ရေးသူက ဘယ်သူတဲ့လဲ "

သီပေါဘုရင်က စာတော်ဖတ်၏ အသံကို နားခံပြီး ထိတ်လန့်စွာ မေးသည်။

"မှန်လှပါ. . .နန်းတွင်းသားတစ်ဦးလို့ပဲ ရေးထားပါတယ်" ထိုစဉ်ခဏတွင် ဝန်ကြီးတစ်ဦးက စာလွှာတစ်စောင်ကို တင်လာပြန်သည်။

"သည်စာက ဘာဆိုချင်သတဲ့လဲ. . ."

"ရနောင်မင်းသားမောင်မောင်တုတ်ဟာ ရတနာပုံရွှေနန်းကို သိမ်းမြန်းစိုးအုပ်ရန် သူ့အိမ်တော်၌ မင်းမြောက်တန်ဆာ ငါးပါးကို အသင့်စီမံထားရှိကြောင်းပါဘုရား. . ."

ရနောင်နှင့်ပတ်သက်သောစာတွေ သဝဏ်တွေ ထွက်လာလိုက်သည်မှာ ပလူပျံသလိုပါပဲ။ သည်လောက်တောင် စာတွေများလှတော့ သီပေါမင်းတရားက မိန့်ပါပြီ။



"ဟဲ့. . . ရနောင်မင်းသားနဲ့ပတ်သက်တဲ့ စာတွေတခြားဖယ်ထား၊ တစ်စုတဝေးထဲထား၊ ဒါတွေက အလေးထားစဉ်းစားရမယ့် ကိစ္စပဲ၊ ကဲ ကဲ. . .နောက်ရွှေသေတ္တာကိုဖွင့်စမ်းပါဦး"

နောက် ရွှေသေတ္တာသုံးလုံးကိုဖွင့်သောအခါလည်း စာသဝဏ်စာတော်များများက ရနောင်မင်းသားကိုပဲ မျှားပြထားကြသည်။

ရနောင်မင်းသားနှင့် ကြံဖော်ကြံဖက်တွေလည်းရှိပါသေး။ တခြားဘယ်သူများထင်လို့လဲ။ ဒိုင်းခင်ခင်ရဲ့ဖခင် ကန္တီအတွင်းဝန်တဲ့။ ဦးရိုးတော်ဂုဏ်အတွင်းဝန်တဲ့။ သည်ဝန်တွေက ရနောင်မင်းသားနန်းစံသည့်အခါ အကြီးအမှူးများလုပ်လို့ နိုင်ငံကိုအုပ်ချုပ်ကြတော့မည်။ ယခုပဲ ရနောင်မင်းသားအိမ်တော်မှာ မြောက်ထားဝယ်တပ်သားတွေ နေ့စဉ် စစ်လေ့ကျင့်ခန်းများလုပ်နေသည်။ အနောက်တိုင်းဖြစ် ရိုင်ဖယ်သေနတ်နှင့် ကျည်ဆံတွေသည်း ကန္တီအတွင်းဝန်၏အိမ်အောက်မှာ လျှို့ဝှက်မြှုပ်နှံထားပါသတဲ့။

ပြဿနာက လက်ငင်းမကြာ ဖြေရှင်းမှ ဖြစ်တော့မည့် အခြေအနေပါလား။ ကြားရသောသတင်းစကားတွေက မကြားဝံ့မနာသာ။ စဉ်းစားစရာတစ်ချက်ရှိနေ၏။ ဒါက ခင်ခင်ကြီးပြဿနာနှင့်ပတ်သက်ပြီး နန်းတော်ကြီးမှာ ပြဿနာမီးလောင်ကတည်းက ရနောင်မင်းသားက နန်းတော်သို့ အခစားမဝင်ဘဲ နေခဲ့သည်။ ပျောက်ခြင်းမလှပျောက်နေသော ထိုပုဂ္ဂိုလ်သည် မျက်မာန်တော်ညိုပြီး အခစားပျက်နေသည်လား၊ သို့မဟုတ် ယခုကြားရသိရသလိုပင် တပ်ထောင်ရာဗိုလ်ထုနှင့် လူစုပြီး နန်းလုရန် ကြံနေသည်ပဲလား။ သည်နေရာတွင် သီပေါဘုရင်မှာ အကျပ်အတည်းတွေ့နေရှာ၏။ တကယ်သာ ရနောင်မောင်တုတ်က မိမိကိုပုန်ကန်ရန် ကြံပြီဆိုပါစို့။ "သည်တစ်သက်မှာ ညီတော်ဓါးဖြင့် နောင်တော်မသေစေရ" အာမဘာဏ္ဍာခံ၍ သက်တော်ရှည်ဘွဲ့ ပေးခဲ့သည်မဟုတ်လား။ နိုင်ငံပုန်ကန်မှု၏ အကြီးမားဆုံးပြစ်ချက်က "သေဒဏ်" သို့သော် ရနောင်မင်းသားကို မည်သို့ သေဒဏ်ခံစေရမည်နည်း။

ထိုကိစ္စအတွက် သီပေါဘုရင်အား စုဖုရားလတ်က အကြံပြုပေးသည်။ "အခု အခိုက်အတန့်မှာ သူ့ကို ထိန်းသိမ်းထားလိုက်ပေါ့၊ နောင်

www.burmeseclassic.com

www.burmeseclassic.com



ကြဉ်ရှံသာ အကျဉ်းချပြီး သူ့သတိတရားရတဲ့အခါ ပြန်လွှတ်ပေးလိုက်တာပေါ့”

သီပေါဘုရင်သည် မိမိထံအမြန်အခစားဝင်ရန် ရနောင်မောင်မောင်တုတ်ကို အမိန့်ထုတ်လိုက်သည်။ ရနောင်မင်းသားသည် ဘုရင့်အမိန့်နာခံပြီး ချက်ချင်းပဲ နန်းတော်သို့ အခစားဝင်သည်။ ဒိုင်းခင်ခင် ပြဿနာဖြစ်ကတည်းက နန်းမတော်မိဖုရားမျက်နှာကို မကြည့်ရဲမကြည့်ဝံ့သဖြင့် ရှောင်လွှဲနေခဲ့သော မောင်မောင်တုတ်မှာ ဘုရင်နှင့်မိဖုရားရှေ့တော်တွင် မျက်နှာပူပူဖြင့် ခေါင်းငုံ့ခစားနေရှာသည်။

သီပေါဘုရင်သည် ရနောင်မင်းသားကို မြင်သော် သက်ပြင်းတစ်ချက်လေးတွဲစွာချ၏။ မိမိအား ကြေးတိုက်တွင်းမှ ကျောပိုးထုတ်လာပြီး နန်းပလ္လင်သို့ပို့ခဲ့သော ကျေးဇူးတရားသည် ဘုရင့်အတွေးမျှင်သို့ လင်းလင်း ဝင်လာသည်။ ထို့ကြောင့် ပြောရမည့်စကား မိန့်ကြားရမည့်အကြောင်းခြင်းရာကို ရုတ်တရက် နှုတ်မှပြောမထွက်။ ထိုအချိန်တွင် စုဖုရားလတ်သည် မောင်တော်ဘုရား ခံစားနေရသောဖြစ်အင်ကို နားလည်သည့်အသွင်ဖြင့် ဘုရင်ကိုစိုက်ကြည့်နေ၏။ သီပေါမင်းတရားသည် မိဖုရား၏ အကြည့်ကို အင်အားအဖြစ်သုံးပြီး ဝုန်းကနဲဒေါမန်ပါပါ ထရပ်လိုက်လေသည်။

ဘုရင်သည် လက်စွဲတော် ပတ္တမြားကျောက်စီဓါးကို ဓါးအိမ်မှချွတ်၏။ ပြီးတော့ ဓါးရိုးကိုမြဲမြဲစွာဆုပ်ကိုင်ပြီး ရနောင်မောင်မောင်တုတ်၏ လည်ဂုတ်ပေါ်မှာ တင်လိုက်သည်။

“ကဲ မောင်တုတ်၊ မောင်မင်းက လူသူလက်နက်စုဆောင်းပြီး ကိုယ်တော်မြတ်ရဲ့နန်းပလ္လင်ကိုလုပ်ကြံဖို့ စီစဉ်နေတယ်ဆို၊ မိုက်လုချည့်လား မောင်မင်းငြင်းဆိုချင်သေးသလား၊ မှသားပြောရင် နေရာတွင်ပဲ အဆုံးစီရင်လိုက်မယ်”

ဘုရင်မင်းမြတ်၏ဟန်သွင်မှာ ရုပ်ရှင်စကားဖြင့်ဆိုရသော် ယခုမှ Mood ဈာန်ဝင်လာသည့်ပုံ လက်ကဓါးသွားသည် အလင်းရောင်တွင် ပြောင်ပြောင်လက်လက်တုန်ခါနေ၏။ ဘုရင်မင်းတရား ပြောကြားမိန့်မြွက်သည့် စကားသံကလည်း ခက်ထန်တင်းမာပြီး မာန်အပြည့်။



ရနောင်မောင်မောင်တုတ်သည် အံ့သြခြင်း ကြီးစွာ ဖြစ်ရပြီး သို့နှယ့်များ ကြုံရပါလိမ့်။ မိမိလည်ဂုတ်ပေါ်မှာ ဓါးဖြင့်ခုတ်တော့မည့်ပုံ ပြုနေသည်မှာ မိမိအား သက်တော်ရှည်ဘွဲ့ အပ်နှင်းခဲ့သော သီပေါမင်းတရားမှ ဟုတ်ပါလေစ။ ရနောင်မင်းသားသည် မိမိ၏ မျက်နှာအနီးတွင်မြင်နေရသော သီပေါဘုရင်၏ ခြေအစုံကို မမှိတ်မသုံ ကြည့်နေသည်။ နှုတ်မှမူ ဘာကိုမျှမဆို။ ဘာမျှအသံမထွက်။

“ဘယ်လိုလဲကွယ့်မောင်တုတ်၊ မောင်မင်းကို မင်းသားဘွဲ့ချီးမြှင့်မြှောက်စားတဲ့ ငါကိုယ်တော်မြတ်ကို ကျေးဇူးဆပ်တာလား၊ ငါ့ကိုလုပ်ကြံပြီး နန်းပလ္လင်ကို လုမယ်လို့ဆို၊ မောင်မင်း ဘာများလျှောက်ထားဦးမှာလဲ”

ရနောင်မင်းသားမောင်မောင်တုတ်သည် ရုတ်တရက်ဆုံးဖြတ်ချက်တစ်ရပ်ကိုချပြီး လျှောက်တင်လိုက်၏။ မိဖုရား စုဖုရားလတ်၏ရှေ့တော်မှောက်တွင် အောက်ကျခံပြီး ဘာလျှောက်ထားအသနားခံဖို့ လိုသေးသလဲ။ ထို့ကြောင့် မိမိအဖို့ ဘာမျှလျှောက်ထားရန်မရှိ၊ ဘုရင်မင်းတရား၏ ဓါးဖြင့်သေရမည်ဆိုလျှင် အစဉ်အသင့် သေဖို့ရှိနေကြောင်း လျှောက်ထားလိုက်တော့သည်။

ထိုနေ့က ရနောင်မောင်မောင်တုတ်ကို အချုပ်ချထားရန် ဘုရင်မင်းမြတ်က မိန့်မှာလိုက်သည်။ ကြေးတိုက်သို့ မောင်မောင်တုတ်ကို ပို့လိုက်၏။ မောင်မောင်တုတ်၏အိမ်ကို ဘုရင့်တပ်သားတို့က ဝိုင်းဝန်းပိတ်ဆို့ရှာဖွေကြသည်။ ဘုရင်ထိုင်သော သလွန်တော်၊ မင်းမြောက်တန်ဆာငါးပါး ခေတ်မီသေနတ်၊ လက်နက်၊ ကျည်ဆံများရှာဖွေတွေ့ရှိသည်ဆို၏။ ထိုပစ္စည်းများကို သီပေါဘုရင့်ရှေ့တော်သို့ လာပို့ပြသကြသည်ဟုလည်း သတင်းကဆိုသည်။ ခိုင်မာလုံလောက်ပြီလား။ ရနောင်မောင်မောင်တုတ်ကို ရာထူးမှနှုတ်၍ အချုပ်ထားရန် သက်သေခံပစ္စည်းတွေ အခိုင်အမာရပြီလား။

နောက်ရက်များမကြာမီတွင် ကြေးတိုက်အတွင်းမှသတင်းဆိုးတစ်ရပ်ထွက်လာ၏။ ရနောင်မောင်မောင်တုတ်သည် အချုပ်ခန်းတွင် ကပ်ကြေးယောင်းတစ်လက်ဖြင့် မိမိကိုယ်မိမိ သေကြောင်းကြံပြီး အဆုံးစီရင်သွားပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သည့်တွင်မေးစရာ မေးခွန်းများပေါ်လာ၏၊ ရနောင်မောင်မောင်တုတ် ကိုယ့်ကိုယ်ကို သတ်သေသွားတယ်ဆိုတာအမှန်ပဲလား။ အချုပ်ခန်းအတွင်း မှာ ကပ်ကြေးဟောင်းတစ်လက်က ဘယ်သို့ရခဲ့သလဲ။

မသိချင်ကြနှင့်တော့။ မမေးချင်ကြနှင့်တော့။ အမှန်ဆိုလျှင် နေပြည်တော် လေးရပ်မှာ ရွှေသေတ္တာကြီးများချထားခြင်း အဓိပ္ပါယ်ကို ရနောင်မောင်မောင်တုတ်က အသက်ရင်းပြီးအဖြေရှာပေးခဲ့ပါပြီ။

ဂ

ရနောင်မောင်မောင်တုတ်နှင့်အတူ အဖမ်းခံရသူများတွင် ဒိုင်းခင်ခင်၏ မွေးစားဖခင် ကန္တီအတွင်းဝန်နှင့် ဦးရိုးတော် ပုဂံအတွင်းဝန်တို့လည်း ပါဝင်ကြသည်ဆို၏။ ထိုပြင် သည့်ပုဂ္ဂိုလ်များ၏ အစေအပါးအမှုထမ်း များစွာလည်း အရာနှုတ်၍ အချုပ်ထဲရောက်ကုန်ကြသည်။ ကန္တီအတွင်းဝန် နှင့် ပုဂံအတွင်းဝန်တို့ကို ဖမ်းဆီးပြီး ပြန်လွှတ်သည့်သတင်းကိုကား မကြားရ။ သည်သို့ဆိုလျှင် ဘုရင့်အချုပ်ထောင်ဆိုသည်မှာ အဝင်သာရှိ ပြီး အထွက်မရှိဘူးဆိုတာ မှန်လေမည်လား။ ဟုတ်လေမည်လား ထားတော့။

မေးဦးမည်။ ခင်ခင်ကြီးကို နန်းပလ္လင်သို့ပို့ခဲ့သော ရနောင် မောင်မောင်တုတ်ကတော့ အနိစ္စသဘောဖြင့် ကိစ္စချောခဲ့ပါပြီ။ သတို့သမီး ငယ် ဒိုင်းခင်ခင်ရဲ့ပြဿနာက ဘယ်လိုများ ပြီးပြေခဲ့ပါလိမ့်။

ပြောပါမည်။ ခင်ခင်ကြီးကို သီပေါဘုရင်ထံပို့ခဲ့သော ရနောင် မောင်မောင်တုတ်မှ မရှိတော့ပြီဘဲ။ ပြီးတော့ ခင်ခင်ကြီးရဲ့ဖခင် ကန္တီဝန် ဦးရိုးတော်ပုဂံဝန်တို့လည်း အသံတိတ်သွားကြပြီပဲ။ ခင်ခင်ကြီးကတော့ ဘာသားထုထားတာမို့ ခံနိုင်ရမှာလဲ။ အရင်းလဲသော် အဖျားထင်းဖြစ်ဟု ဆိုကြသည်မဟုတ်လား။

သည်လိုလည်း ကံသေကမ္ပ စွပ်စွဲ၍မဖြစ်သေးပေ။ စုဖုရားလတ်သည် ခင်ခင်ကြီးနှင့်ပတ်သက်သော အရေးကိစ္စကို အရုပ်ဆိုးဆိုးကြီး မဖြစ်စေရ အောင် ဟတ်နိုင်သရွေ့စီစဉ်ပါ၏။ စုဖုရားလတ်က ခင်ခင်ကြီးကို နန်းတော်



ထဲမှာပင် သီးခြားအဆောင်တစ်ဆောင်ဖြင့်နေခွင့်ပြုထားသည်။ ခင်ခင်ကြီး သတင်းမှာ တဖြည်းဖြည်းတိမ်သွား၏။ ဘာသတင်းမှမကြားရ။ မသိရ။ ဘယ်သူကမှလည်း မမေးဝံ့။ မမြန်းဝံ့။ မေးလာလို့မှ ဖြေဆိုရဲသူကမရှိသည့် အခြေအနေ။

နောက်တော့ မိဖုရားစုဖုရားလတ်က ခင်ခင်ကြီးကို တိုင်တားမင်းကြီး ဦးဖိုးအိမ်သို့ ပို့ထားလိုက်သည်။ "ကျိုးစောင့်ကြက်နှင်" အသုံးတည့်ပါလိမ့် မည်။ သို့သော်တိုင်တားမင်းကြီးဦးဖိုးသည် မြောက်နန်းမိဖုရားလောင်း ခင်ခင်ကြီးကို သည်သို့ ရက်ရက်စက်စက် မဆက်ဆံဝံ့သာပါ။ ခင်ခင်ကြီးကို ကောင်းကောင်းမွန်မွန် ပြုစုထားရှိသည်။ တစ်ကြိမ်တွင် တိုင်တားမင်းကြီး အိမ်၌ပွဲခံ၏။ အငြိမ့်သဘင်ခင်းကျင်းဧည့်ခံသည်။ ဂုဏ်သရေရှိ မင်းပရိသတ် များ ကြွရောက်ကြသည်။ ထိုပွဲသဘင်သို့ မိဖုရားလောင်းကလေး ခင်ခင်ကြီး လည်း တက်ရောက်ခဲ့သည်ဟု သတင်းတစ်ရပ်ကဆို၏။ ခင်ခင်ကြီးသတင်း သည် နန်းမတော်စုဖုရားလတ်ထံရောက်သွားသည်။ သည်လိုသတင်းမျိုးကို စေတနာ့ဝန်ထမ်း ဖြန့်ချိပေးမည့်သူတွေက ဒုနဲ့ဒေး။

ထိုသတင်း စုဖုရားလတ်ထံရောက်ရှိသွားပြီးနောက် တိုင်တားမင်းကြီး အိမ်မှ ခင်ခင်ကြီးပျောက်သွား၏။ သည်မိန်းကလေး၏ ကြမ္မာကဘယ်သို့ ရှိပါလိမ့်။ သူ့သတင်းအစအနကို ဘာမျှမကြားရတော့။ ခင်ခင်ကြီးခမျာ ကြမ္မာဆိုးနှင့် တိုးလေပြီထင်ရဲ့။ အချုပ်ထောင်သို့ ရောက်သွားပြီဟုလည်း ပြောသူတွေက ပြောကြသည်။ ဟုတ်များဟုတ်လေမည်လား။ အချုပ်ထောင် အတွင်းရောက်သွားလျှင် အရှင်ထွက်မရှိတော့ဘူးဆို။

တကယ်တော့ မြောက်နန်းမိဖုရားလောင်း ခင်ခင်ကြီးတစ်ယောက် အချုပ်ထောင်အတွင်း၌ အသက်ပျောက်ခဲ့ပြီဆိုလျှင်ပင် မဟုတ်မမှန်ပါဟု မည်သူက ငြင်းနိုင်မည်နည်း။

မှန်၏။ မည်သူကမျှသည်ကိစ္စကို ငြင်းဆိုမပြနိုင်ကြ။ ဘာဖြစ်လို့ လည်းဆိုလျှင် ယခင်ကလည်း နန်းတော်တွင်းမှာ အလားတူဖြစ်ရပ်တွေ ကြုံခဲ့သေးသည်မဟုတ်လား။

မောင်တုဆိုသော အရုပ်သားကလေးတစ်ဦးနှင့်မင်းသမီးတစ်ပါး မေတ္တာဇာတ်လမ်းတစ်ပုဒ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားကြီး၏ သမီးတော် မင်းကင်းမင်းသမီးကလေးသည် သီးသန့်အဆောင်တော်ဖြင့် စံမြန်းနေ၏။ တစ်နေ့တွင် မင်းကင်းမင်းသမီးကလေးသည် ဥပုသ်သီတင်းဆောက်တည်ရင်းဖြင့် ဘုန်းကြီးကျောင်းသားကလေး မောင်တုနှင့် ချစ်ခင်ကျွမ်းဝင်မိ၏။ မောင်တုသည် အသားဖြူဖြူ ရုပ်ရည်ဆင်းပြင် ယဉ်ယဉ်နုနုရှိလှသည်။ မင်းကင်း မင်းသမီးကလေးသည် ဘုန်းကြီးကျောင်းသားမောင်တုကို အချစ်ကြီး ချစ်မိသည်။ အစွဲကြီး စွဲရှာသည်။ အမြတ်နိုးကြီးမြတ်နိုးမိပြီ။ သည်တော့ အကြံထုတ်၍ မလုပ်အပ်သော အလုပ်ကိုလုပ်မိပြီ။ တစ်နေ့ မင်းကင်း မင်းသမီးကလေး ဥပုသ်စောင့်ရာက အပြန်တွင် အပျိုတော်သစ်ကလေး တစ်ဦးပါလာလေသည်။ မောင်တုသည် မိန်းမပျိုကလေးတစ်ဦးအသွင် ဝတ်ဆင်ခြယ်သပြီး ရွှေနန်းအတွင်းသို့လိုက်ပါလာသည်။ မင်းကင်း မင်းသမီးကလေး၏ အဆောင်တော်တွင် ဘုန်းကြီးကျောင်းသားကလေး မောင်တုသည် အပျော်ကြီးပျော်နိုင်ပါပြီ။ အမော်ကြီးမော်နိုင်ပါပြီ။ အရွှင်ကြီးရွှင်နိုင်ပါသည်။ "အိစက်ညက်ညောတဲ့ ဖဲမွေ့ယာပေါ်ဝယ် နှစ်ယောက်ထဲပျော်မယ် ချစ်ဇျူဟာကျင်းတဲ့ တူမောင်မယ်" ဆိုသော သီချင်းထဲကလို မင်းကင်း မင်းသမီးကလေးနှင့် မောင်တုတို့ ခန်းဆောင်သာယာမှာ ပျော်ရွှင်မှု အထွတ်အထိပ်များ ခံစားနေစဉ်ဝယ်။

တစ်နေ့တွင် မောင်တုသည် မင်းကင်းမင်းသမီးကလေး၏ အဆောင်တွင်း၌ မပျော်ပိုက်ဟန်နှင့် ဟိုနားသည်နား ခြေများမိသည်။ နန်းတွင်းနန်းပြင် ဟိုဝင်သည်ထွက် ကသုတ်ကယက်လုပ်မိရှာသည်။ သည်တွင် မောင်တုကို မြင်ပြီး နန်းတွင်းစောင့်တပ်သားတို့မျက်စိရှုပ်ကြပြီ။

"ဟဲ့ နင်ဘယ်သူလဲ၊ ဘယ်သွားမလို့လဲ"

နန်းစောင့်တပ်သားတစ်ဦးက စစ်မေးတော့ အပျိုတော်ကလေးအသွင် ဝတ်ဆင်ထားသောမောင်တုက အံ့ဩထိတ်လန့်စွာဖြင့် "ခင်ဗျားနှင့် ကျွန်တော်နှင့်" ပြောသည်။ ဆိုသည်။ ပေါ်ကုန်ပါပြီ။ မင်းကင်းမင်းသမီးကလေး အဆောင်တော်မှာ မိန်းမအယောင်ဆောင် ယောကျ်ားတစ်ဦး ရဲရဲဝံ့ဝံ့ကြီး ဝင်ရောက်နေထိုင်သောအမှုမှာ လုံးလုံးကြီးပေါ်ပါလေပြီ။



သည်တွင် မင်းကင်းမင်းသမီးကလေးကို သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကိုယ်တိုင် စစ်ဆေးမေးမြန်းကြသည်။ မင်းကင်းမင်းသမီးကလေးကလည်း မထိန်မဝှက်ဘဲ မှန်ရာကို အစစ်ခံလေသည်။ မင်းကင်း မင်းသမီးဆိုတာက တခြားသူမှ မဟုတ်ဘဲ။ အဖေတူ အမေကွဲ မောင်နှမလည်းဖြစ်တဲ့၊ ညီအမလည်းတော်စပ်သည်ကိုး။ သို့ဖြင့် မင်းကင်းမင်းသမီးကို သဒ္ဒါပေးပြီးမှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။ သို့သော် အချုပ်ထဲမှာထားစေဟု အမိန့်တော်မြတ်မှတ်၏။ အချစ်တရားခံမောင်တုကိုလည်း အချုပ်ထဲမှာထားသည်။ သို့သော် နောင်တွင်မောင်တုမှာ အချုပ်ခန်းထဲမှာပဲ သေဆုံးသွားသည်ဟုသိကြရသည်။ မင်းကင်းမင်းသမီးကလေး၏ သတင်းကိုကားသည်သို့မျှမကြားရတော့ပြီ။ မသိရတော့ပြီ။ သေလေသလား၊ ရှင်လေသလား၊ ကွဲကွဲပြားပြား ဘယ်သူများပြောနိုင်ကြမည်နည်း။

ယခုဒိုင်းခင်ခင်ကိစ္စတွင်လည်း...... ။

www.burmeseclassic.com

www.burmeseclassic.com

# ၉။ မဟာသူဌေးမင်းဘွဲ့နှင့်ရတနာပုံထိ

## က

ရတနာပုံရွှေနန်းတွင် ယခုအခါ အခြေအနေအရပ်ရပ်သည် ပြီးပြတ် ပြေငြိမ်းသွားဟန်ရှိလေသည်။ ဘုရင်မင်းမြတ်သည် နေ့ညညီလာခံများသို့ မှန်မှန်တက်၏။ အလုပ်တာဝန်များ ဆက်တိုက်လုပ်ကိုင်ဆောင်ရွက်နေရလျှင်မကြည်မလင်ဖြစ်နေသော စိတ်အာရုံများ အနားပေးသလိုရှိမည်။ ဘုရင်သည် ဤလောကတွင် ဘာကိုမျှမစဉ်းစားချင်၊ ဘာကိုမျှမတွေးတောချင်၊ ဘာကိုမှလည်း လိုချင်တပ်မက် မရှိချင်တော့သည့်ဟန်။

တစ်ခါတစ်ရံတော့ ဘုရင်မင်းမြတ်သည် နောင်တော် ရနောင်မောင်မောင်တုတ်ကို သတိရ၏။ ကျောင်းသားသူငယ်ဘဝတုန်းက



မုန့်တစ်ခုရခဲ့သော် တစ်ဖဲ့စီစားခဲ့ ကောသူငယ်ချင်း။ ကြီးပြင်းလာသောအခါ မိမိကို ကျောပိုးပြီး ကြေးတိုက်ဆောင်တွင်းကထုတ်လို့ နန်းပလ္လင်သို့ အပြေးနှင်ပို့ခဲ့သော ရောင်းရင်း။ သြော် သူခမြာ ခုနေခါ ဘယ်ဘဝ ဘယ်ဇာတိမှာ ဝိညဉ်စွဲငြိနေပါလိမ့်မည်လဲ။ နားထဲတွင်ပင် မောင်တုတ်အသံကို ကြားမိပါသေးတော့။ ဘုရင်မင်းတရား၏ခါးဖြင့် သေရမည်ဆိုလျှင် အစဉ်သေဖို့ အသင့်ပါတဲ့။ လျှောက်ကြားလာတဲ့စကား နားထဲကပင် မထွက်တော့။ ယခုတော့ နောင်တော်မောင်တုတ်ကို ဘယ်သကောင်သားကဝင်ပြီး ဓိဝိန် ဖြုတ်ခဲ့ပါလိမ့်။ သြော် ကျောချမ်းဖို့ပင်ကောင်းပါသေးတော့။ ဝတ်ကြွေးရှိလျှင် ကြေချင်ပါပြီ နောင်တော်ရယ်။ သီပေါဘုရင်သည် မောင်မောင်တုတ် အကြောင်း စဉ်းစားရင်းကပင် ခင်ခင်ကြီးဆီ စိတ်ရောက်သွားရာသည်။ လက်အုပ်ကလေးချီကာ ချီကာ မိမိရှေ့မှာ ဦးခိုက်နေရှာသူအပျိုစင်၊ သူ့ဘဝကလေး ငြိမ်းချမ်းသာယာနေရှာသည်ကို ဆွဲကာရမ်းဘား ဖြိုချမိသလို ဖြစ်နေမလား။

ပထမဆုံးစတွေ့ကတည်းကပင် အရှင်နန်းမတော်ဖုရားရဲ့ ဒေါသကို ကြောက်လွန်းသည်မို့ချမ်းသာပေးပါ။ ခွင့်သနား ပါဟု ကန်တော့ပြီး အကြိမ်ကြိမ်ပင် တောင်းပန်ခဲ့သည်။ ထိုစဉ်က ခင်ခင်ကြီးရဲ့ အလှ၊ ခင်ခင်ကြီးရဲ့အတွေးအထိ၊ ခင်ခင်ကြီးရဲ့အာရုံကို ပထမအကြိမ် ခုံမင်စွဲလန်းမိတဲ့မိမိက အာမဝန်တာ အကြိမ်ကြိမ်ခံခဲ့သည်။ "မစိုးရွံ့ပါနဲ့နှမတော်၊ မကြောက်လန့်ပါနဲ့နှမတော်၊ ဒါတွေ မောင်ဘုရား တာဝန်ယူပါ့မယ် နှမတော်။ သည်တောင်ကိုမောင်ဖြိုပါ့မယ်မြင်းမိုရ်လား"ဟု ခပ်ကြွားကြွား ပြောခဲ့သည်၊ ခပ်ကြွားကြွားဆိုခဲ့သည်။ ခပ်ကြွားကြွား အားပေးခဲ့သည်။

ယခုတော့ ရန့်သင်း၍ အဆင်းလှသော ထိုပန်းပွင့်ကလေးသည် မစိုပြေ နဂိုရ် ရေပျက်ယွင်းရှာပါပြီကော။ ဘယ်ဘဝမှာစံလို့ ဘယ်သောင်ယံမှာ နစ်မြုပ်ပျောက်ပျက်သွားသည်လည်းမသိရပေ။ ခင်ခင်ကြီးရဲ့ သတင်းစကားကို နားမှလေသံ မကြားရပါလား။ သွားပေဦးတော့နှမတော်ခင်ခင်ရေ။ သံသရာစက်ဆိုတာ ဝန်းဝိုင်းပြီး လည်ပါသတဲ့။ ကံဆုံလျှင်ဖြင့် သံသရာတစ်ကွေ့ကွေ့မှာ မောင်တော်နဲ့နှမတော်ခင်ခင် ပြန်လည်ဆုံတွေ့ကြ ပါဦးစို့လားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်သည် ထိုသို့ကြေကွဲဆို့နစ်စွာ ခံစားရရှာသောအခါ မိဖုရားစုဖုရားလတ်နှင့်ပင် သိပ်မတွေ့ဖြစ်ကြ။ ခပ်စိမ်းစိမ်းပဲနေပါ့မယ်ဟု မင်းတရားက ပြောချင်သည်လား။ ဘုရင်နှင့်မိဖုရားတို့ ယှဉ်တွဲစံပယ်နေသည်ကို အခွေ့မမြင်ရသည်မှာ ကြာပါပကော။

မည်သို့ဖြစ်စေ၊ ပထမကျော်စာမေးပွဲအောင်ခဲ့သော အဖိုးတန်ပညာရှင် မဟုတ်လား။ မင်းတရားသည် အရာရာကိုတရားနှင့်ညှိသည်။ သတိဖြင့် ဆင်ခြင်သည်။ အမြင်မှန်အောင် အားထုတ်သည်။ ကမ္ဘာသတ္တဝါဘဝတို့၏ ကမ္မ-ကံသည်၊ သတ္တေ အလုံးစုံသော သတ္တဝါတို့ကို၊ ဝိဘဇတိ အထူး ခွဲခြား၍ ဆိုသည်မဟုတ်ပါလား။ သတ္တဝါတစ်ခုကံတစ်ခုတဲ့။ နှောင်တော် မောင်မောင်တုတ်သည်လည်းကောင်း၊ နမတော်ခင်ခင်ကြီးသည်လည်း ကောင်း၊ မိမိကိုယ်တိုင်သည်လည်းကောင်း ကံနှင့်ကံ၏အကြောင်းတရားက ပြုပြင်သည်ကို ခံနေရသည်ပဲလေ။ ဤသို့ ဘုရင်မင်းတရားက တရားနှင့် ဆင်ခြင်သောအခါ နှလုံးသားက ဝေဒနာများမှာ သက်သာတန်သရွေ့ သက်သာလာခဲ့သည်။

သည်အချိန်သည်ကာလမှာ ဘုရင်မင်းတရားသည် ဘုရားဝတ်ပြုပုတီးစိပ်၊ ဝိပဿနာအားထုတ်နှင့် စိတ်အစဉ် ကြည်လင်လာသည်အထိ ဘာသာရေးလုပ်ငန်းများတွင် အချိန်သုံးခဲ့သည်။ ဗုဒ္ဓ၏တရားတော်များကို ကျပ်ကျပ်လေ့လာပွားများလေ စိတ်တည်ငြိမ်မှုရသကို တိုး၍တိုး၍ ရလေဖြစ်သည်။ အနိစ္စ အမြဲမရှိ။ ဒုက္ခ ဆင်းရဲ၏။ အနတ္တ ငါပိုင်တာ ဘာမှ မရှိပါလား။ မရှိပါလား။ မရှိပါလား။

ဘုရင်မင်းမြတ်သည် ဗုဒ္ဓ၏ တရားတော်များဖြင့် ကျင့်ကြံ နှစ်သိမ့်ဆုံးမရင်းဖြင့် မိမိ၏နှလုံးသားမှအပူမီးကို အလှူဒါနဘက်သို့ အာရုံလှည့်ခဲ့သည်။ နတ်ရွာစံခမည်းတော် မင်းတုန်းမင်းတရားကြီးဆိုလျှင် ဗုဒ္ဓကျမ်းစာ ပိဋကတ်တော်များကို အကျအန ကျောက်ထက်အက္ခရာတင်သော ပဉ္စမသံဂါယနာတင်ဘုရင်မင်းတရားကြီးအဖြစ် မော်ကွန်းမှတ်တမ်းရေးထိုးရမည့်မင်းတစ်ပါး။ အလှူဒါနများဆိုလျှင်လည်း ရတနာပုံနေပြည်တော်မှာ လက်ညှိုးထိုးလျှင် မလွဲလောက်အောင်ပဲ ကျန်ရစ်သည်။ ဘုရားသိမ်ကျောင်း၊ ဂူ၊ ပုထိုး၊ စေတီ အလီလီကို သဒ္ဓါကြည်လင်ပါရမီရှင်



တစ်ဦးအဖြစ်တည်ထားကိုးကွယ်ခဲ့သည်။ တခြားဘာသာရေးလုပ်ငန်းများအနေနှင့်လည်း ရတနာပုံနေပြည်တော်ရှိ ရဟန်းသံဃာများအတွက် ဆွမ်း သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူခဲ့သည်။ ယခု မိမိ၏ နန်းစံသက်က တစ်နှစ်၊ နှစ်နှစ်၊ သုံးလေးနှစ်။ သံသရာသို့ ပါရစ်လေအောင် အလှူဒါန ဘာတွေလုပ်ပြီးပြီလဲမေးပါဦး။

အမှန်ဆိုသော် နန်းတွင်းမှာ မိသားစုအရေးအခင်းတွေ ရှုပ်ထွေးနေ၍ သည်လိုကုသိုလ်ကောင်းမှုဘက်သို့ မလှည့်အားခဲ့။ သောကတွေများ လောဘတွေပွား၊ ဒေါသတွေထားခဲ့ချိန်မှာ ကုသိုလ်ကောင်းမှုပြုဖို့ရာ ဝေလာဝေး။ ဘုရားရှင်ကိုယ်တော်မြတ်ရှပ်ပွားတော်ရှေ့မှာ ဝပ်တွား ဦးခိုက်ရန်ပင် သတိမရ။ သတိရသော်လည်း ကောင်းမှုမပြု ဖြစ်သည်မှာအမှန်။

ယခုတော့ ဘုန်းတော်ကြီးဘုရား သီပေါမင်းသည် ဘာသာရေးလုပ်ငန်းများသို့ ခေါင်းလှည့်မိပြီ။ အလှူဒါနပြုရန် သတိသံဝေဂရလေပြီ။ ဘုရားဖက်တော့ အသက်ရှည်၊ တရားဖက်တော့ အမျက်ပြေ၊ သံဃာဖက်တော့ အခက်ဝေပါသတဲ့။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး၏ အဆုံးအမများဘက်သို့ မျက်နှာမူမိပြီဖြစ်သော သီပေါမင်းတရားသည် ဘုရားစေတီတစ်ဆူ တည်ယားကိုးကွယ်ရန် ကြိုးကုပ် အားထုတ်ပါတော့သည်။

ဤတွင် သီပေါဘုရင်သည် မာရ်အောင်ရတနာစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ အရပ်သားစကားနှင့်ပြောရလျှင် လင်တစ်ထမ်း မယားတစ်ရွက်ဆိုကြသည်မဟုတ်လား။ ဘုရင့်အလှူတော်ဆိုတော့ မိဖုရားစုဖုရားလည်း နောက်တော်ပါးက တစ်ဖဝါးမကွာပါရလိမ့်မည်။ နန်းမြို့တော်၏ အရှေ့တောင်ဘက် မဟာသီရိဟေမပန် ဥယျာဉ်တော်၌ မာရ်အောင်ရတနာစေတီတော်ကို ဘုရင်နှင့်မိဖုရားတို့ တည်ထား ကိုးကွယ်ခဲ့ကြသည်။ မာရ်အောင်ရတနာစေတီမှာ ဖိနပ်တော် ငါးဆယ့်ငါးတောင်၊ အရပ်တော်ငါးဆယ့်ခြောက်တောင် အမြင့်ရှိသော တင့်တယ်ခံ့ညားသည့် စေတီတော်ကြီးဖြစ်လေသည်။

မာရ်အောင်ရတနာစေတီတော် ဌာပနာရာ၌ သတ္တဌာန အဌာရ်သ ရွှေငွေမိုးကြိုး ပဉ္စလောဟာရတ ဆင်းတုတော်များ ငှုလုပ်၍ ဌာပနာ

www.burmeseclassic.com

www.burmeseclassic.com

ထည့်သည်။ ထီးတော်တင်ပွဲတွင် သာသနာပိုင်ဆရာတော်ဘုရား အမှူးရှိသော ရဟန်းသံဃာတော်များကိုလည်း သင်္ကန်း၊ ထီး၊ ဖိနပ်စသော ပရိက္ခရာရှစ်ပါးဖြင့် ဆည်းကပ်လှူဒါန်းခဲ့သည်။ ထီးတင်ပွဲမှာ ခြိမ့်သဲသဲ စည်ကားမြိစည်ကားပါ၏။ ပွဲလမ်းသဘင်၊ ကြည့်ချင်ပွဲတွေ အငြိမ့်တွေ မျက်လှည့်ပွဲတွေ မြေဝိုင်းဇာတ်ပါမကျန် ဘဝင်လှိုအောင် ကျင်းပနိုင်သည်။ ပွဲလမ်းသဘင်တွေမှာ ပြည်သူတွေကြိတ်ကြိတ်တိုး၏။ ပြည်သူတို့ပျော်ရွှင်နေကြသည်ကို မြင်ရသော ဘုရင်မင်းမြတ်နှင့်မိဖုရား တို့မှာ မိမိတို့လည်းပျော်ရမလို၊ ရွှင်ရမလို၊ ကြည်နူးရမလို။

သီပေါမင်းတရားသည် တွေပြားအားငယ်နေသော စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်ပြီး အလှူဒါနများကိုထိုသို့ပြု၏။ သည်အတွင်း မယ်တော် လောင်းရှည်မိဖုရားအတွက် သီးသန့်စံနန်းတော်ကို ဆောက်လုပ် လှူဒါန်းခဲ့ ၏။ မာတာပိတုဂုဏော အနန္တောဟု ဆိုရိုးရှိသည်မဟုတ်လား။ သားတော် က ရှင်ဘုရင်ဖြစ်နေပြီ။ မယ်တော်မိဖုရားက တ႑ားမမှတို့ဖြင့် ပျော်မွေ့နေရာ တွင် အဆောင်သီးသန့်မရှိ။ စံအိမ်တော်ခုံခုံထည်ထည်မရှိ။ "သားကောင်း တစ်ယောက် ကျောက်ကောင်းတစ်ပွင့်"တဲ့။ သီပေါဘုရင်သည် သားကောင်း သားမွန် ဖြစ်သည့်အတိုင်း မယ်တော်မိဖုရားအတွက် ခုံထည်တင့်တယ်သော စံအိမ်တော်ကို ဆောက်လုပ်၍ မွေးကျေးဇူးကို ဆပ်လေသည်။

ရတနာပုံရွှေနန်းတော်၏ မြောက်ဥယျာဉ်တော်၌ သီပေါဘုရင်၏ မယ်တော်မိဖုရားအတွက် ဘုံငါးဆင့်၊ ဆောင်ရံ ခုနစ်ဆောင်ရှိသော အိမ် ဖြူတော်ကို ဆောက်လုပ်စေသည်။ အိမ်ဖြူတော်ဆောက်လုပ်ရန် ကျွမ်းကျင် သောပညာရှင်၊ ဝန်ကြီး၊ သတိုးမင်းလှသီရိဥဇနာကို တာဝန်ပေးသည်။ ခမ်းနားကြီးကျယ်တင့်တယ်လှသော အိမ်ဖြူတော်မှာ မကြာမီ ပြီးစီးလေ သည်။ သီပေါဘုရင်မင်းမြတ်သည် တင့်တယ်ခံ့ညားသော အိမ်ဖြူတော် ဖြင့် မယ်တော်လောင်းရှည်မိဖုရားကို ကန်တော့လှူဒါန်းလေသည်။ မော်ကွန်းမှတ်တမ်းများအရ မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် သီပေါ ဘုရင့်မယ်တော် လောင်းရှည်မိဖုရားသည် စံအိမ်တော်သို့ ပြောင်းရွှေ့ စံမြန်းခဲ့လေသည်။



ဘုရင့်မယ်တော်သည် စံအိမ်တော်သစ်တွင် အချိန်ကြာကြာ မစံစား လိုက်ရရှာ။ ၁၂၄၄ ခုနှစ်၊ နယုန်လတွင် လောင်းရှည်မိဖုရား နတ်ရွာစံ ကံတော်ကုန်ရှာသည်။

လောင်းရှည်မိဖုရား နတ်ရွာစံသောအခါ သက်တော်က ဘာရှိသေး သို့လဲ၊ ၅၀ ကျော်မျှသာ။ မယ်တော်၏လက်တွင် သွေးတက်နာခေါ် အနာတစ်လုံးပေါက်ခဲ့၏။ ထိုအနာက ကိုက်ခဲနာကျင်လွန်း၍ အော်ဟစ်၍ ငင်နေရသည်။ စားတော်လည်းမခေါ်နိုင်၊ စက်ရာလည်း မပျော်နိုင်။ ဘုရင့် သမားတော်ကြီးများက မယ်တော်မိဖုရား၏ လက်မှအနာကို ဆေးကောင်း ဆေးမွန်တို့ဖြင့် ကုသပေးကြ၏။ သို့သော် ကံတော်ညှိုးနေသောလောင်းရှည် မိဖုရား၏ လက်အနာကို ဘယ်သမားတော်၏ ဆေးကမှ မတိုးတော့ပြီ။ မယ်တော်လောင်းရှည်မိဖုရားသည် ထိုဝေဒနာဖြင့်ပင် ကံတော်ကုန်ရှာသည်။

မယ်တော်နတ်ရွာစံတော်မူသောအခါ ကေရာဇ်သခင် တစ်ရာသော ထီးဆောင်းမင်းတို့၏ အရှင်ဘုရင့်မယ်တော်တို့အား ဖုတ်ကြည်းသင်္ဂြိုဟ် သော ရွှေဘုံနိဒါန်းလာ ထုံးစံနှင့်အညီ ခံ့ညားထယ်ဝါစွာ သင်္ဂြိုဟ်ရလေ သည်။ ရွှေနန်းတော်အတွင်း လွှတ်တော်မြောက်ဘက်တွင် မယ်တော်၏ ရုပ်ကလာပ်တော်ကို ပြင်ဆင်ထားရှိသည်။ ရွှေထီးမိုးကာထားသော မယ်တော်၏ရုပ်ကလာပ်စင်ကို ဘုရင်နှင့်မိဖုရားတို့ ကြွရောက်အသုဘရှုမြှော် ပြီး ဝပ်တွားကန်တော့ကြသည်။ ထို့နောက် မယ်တော်၏ ဥတ္တဇရုပ်ကလာပ် ကို နံ့သာမျိုးငါးပါးစုံသောထင်းဖြင့် တင့်တယ်စွာ သင်္ဂြိုဟ်တော်မူလေသည်။

သည်တွင် မေးစရာရှိလာသည်။ သီပေါဘုရင်ကပဲ အလှူဒါနတွေ ပြုသလား၊ မိဖုရားကြီး စုဖုရားလတ်ကကော အလှူဒါန ပြုတာမရှိဘူးလား။

ရှိပေသားပဲ။ တကယ်ဆို ဘုရင်မင်းမြတ်က ဤသို့ အလှူဒါန ပြုနေသည့်အချိန်တွင် စုဖုရားလတ်ကလည်း ကုသိုလ်ပွားသည်။ ဒါနများစွာ ပြုနေဆဲပါ။

သီပေါမင်းတရားသည် စိတ်အားကိုယ်အားရှိသည့်အခါ ငယ်စဉ် ဘဝကို ပြန်လည်သတိရလေသည်။ ဘာသာရေး စာပြန်ပွဲများတွင် မိမိကိုယ်တိုင် ဝင်ရောက်ဖြေဆိုခဲ့ရသောအဖြစ်ကို တွေးမိသော် ကြည်နူး မိမ်းသာဖြစ်ရသည်။ ဗုဒ္ဓဘာသာ၏ အဆီအနှစ်တရားစင်စစ်များကို ရှုတ်ဆို

www.burmeseclassic.com

www.burmeseclassic.com

သင်အံ့ရာတွင် ထူးချွန်သူအဖြစ် ဆုလာဘ်များရခဲ့သည်ကိုလည်းမေး သည်တွင်မိမိကဲ့သို့ ဘာသာရေးစာပေတွင် ထူးချွန်စွာသင်အံ့အောင် မြင်သူများကို ဘုရင်မင်းမြတ်ကဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ပဌာန်း ပါဠိတော်ကြီးနှင့်အနက်၊ ဓါရဏပရိတ်တော်နှင့်အနက်၊ မဟာသတိပဋ္ဌာန် ပါဠိတော်ကြီးနှင့်အနက်တို့ကို အထစ်အငေါ့မရှိ နှုတ်တိုက်ရွတ်ဆို အောင် မြင်သူရှိသလား။ ထိုသို့ ထူးခြားစွာ အောင်မြင်သူတို့ကို အရပ်သူအရပ်သား ဖြစ်စေ၊ မင်းညီမင်းသားဖြစ်စေ၊ ရွှေဖလား၊ ငွေဖလား၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး တိုင်းခြားဖြစ် အထည်အုပ်များ၊ အခြားအဖိုးတန်ပစ္စည်းများ ချီးမြှင့်ပေးသည်။ ဘုရင်နှင့်မိဖုရားတို့က ဤသို့ အထူးတလည် အားပေးချီးမြှင့်သောအခါ ဘာသာရေးစာပေ လေ့လာလိုက်စားသူ ကျောင်းသူကျောင်းသားများ အားကာက်ဝမ်းသာရှိကြသည်။ ဒါမှတို့ဘုရင် ဒါမှတို့မိဖုရားဟု ကြည်ညို သဒ္ဓါပွားကြသည်။ ဆုတောင်းမေတ္တာပို့ကြသည်။ တို့ဘုရင်နှင့် တို့မိဖုရား သောရန် ကင်းပါစေ။ သက်တော်ရာကျော်ရှည်ပါစေ။

ဘာသာရေးစာပေတွင် ထူးချွန်သူများကို ရွှေနန်းတော်ဦး ဘုရား ဆောင်တွင်လည်းကောင်း မြေနန်းတော်ဦးတွင်လည်းကောင်း ပရိတ်တရား တော်များ ရွတ်ဖတ်သီဆိုကြရန် စီစဉ်ပေး၏။ ထိုသို့ ပရိတ်တရားတော်များ ရွတ်ဖတ်သီဆိုပွဲသို့ တက်ရောက်ကြသော ကျောင်းသူ ကျောင်းသားများ ၁န်ကြီးမှူးမတ်များနှင့်အခြားဧည့်သည်တော်များကို မိဖုရားစုဖုရားလတ်နှင့် အပျိုတော်များက စားသောက်ဖွယ်များဖြင့် ခမ်းနားစွာ ဧည့်ခံကျွေးမွေး ခဲ့လေသည်။

မိဖုရားစုဖုရားလတ်သည် ဘာသာရေးတာဝန်များ အထင်ကရ ပြုဆောင်ခဲ့သည်တို့မှာများစွ။ ၁၂၄၅ ခုနှစ်တွင်မိဖုရားသည် မိမိ၏ နံတော်သင့်စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုစေတီတော် ကို မန္တလေးတောင်ခြေ၏ အရှေ့ဘက် အာရာဏ်ခံဥယျာဉ်အတွင်း၌ "သေလာမုနိ မဟာရာဇိန်" စေတီတော်မြတ်အဖြစ် တည်ထားကိုးကွယ် ခဲ့သည်။

ထိုစေတီတော်များကို တည်ထားခဲ့ခြင်းနှင့်ပက်သက်ပြီး သမိုင်း -ဘ်တမ်းတို့က ဤသို့ဖေါ်ပြထားသည်။



၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၃ ရက်နေ့နံနက် တစ်ချက်တီးကျော် ခြောက်မောင်းအချိန် အမြောက်သံကြား၍ ရွှေမြို့တော်ကြီးအရှေ့တောင် ဆောင့် ဇမ္ဗူမျက်ရှင်ရပ် သာယာစွာသော မြေအပြင်တွင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား နံတော်သင့် "မဟာလောကရန်နိမ်စေတီတော်" ရွှေမြို့တော်ကြီး အရှေ့မြောက်ထောင့် မန္တလေးတောင် အရှေ့ဘက် အာရုံခံ ဥယျာဉ်တော်အတွင်း အရှင်မိဖုရားခေါင်ကြီး နံတော်သင့် "ရတနာ ဘန်ဆောင် စေတီတော်" နှစ်ဆူကို အရပ်တော်နှင့် ဖိနပ်တော် သံခုနစ် ဆောင်ထား၍ ခုနစ်ရက်နှင့် ပြီးပြေအောင် ပွဲသဘင်အခမ်းအနားတို့ဖြင့် တစ်ချိန်တည်း အုတ်မြစ်စီခင်းတည်ရသည်။ မဟာလောကရန်နိမ်ဘုရားတွင် သနတ်ဝန်၊ ကင်းဝန်၊ လယ်ကိုင်းမြို့စားဝန်ကြီး အတွင်းဝန်တိုင်တား မြို့စား မြေတိုင်းဝန်ထောက် ညောင်ဝန်းဝန်ထောက်တို့ကလည်းကောင်း၊ ရတနာဘန်ဆောင်ဘုရားတွင် တောင်ခွင်မြို့စားဝန်ကြီး၊ အတွင်းဝန်ပင်း မြို့စားဝန်ထောက်၊ ဝက်မစွတ်မြို့စားဝန်ထောက်၊ ကွပ်ရှာမြို့စားဝန်ထောက်၊ သံချပ်ဝန် ဝန်ထောက်၊ မလွန်မြို့ဝန်တို့ကြီးကြပ်ရသည်။ တပေါင်းလဆန်း ၁၁ ရက်နေ့တွင် ဘုရားနှစ်ဆူလုံးရွှေထီးအထွဋ်တင်လှူသည်။[၁]

သီပေါဘုရင်နှင့် မိဖုရား စုဖုရားလတ်တို့၏ မာရ်အောင်ရတနာ စေတီ(ဝါခင်းကုန်းစေတီဟုလည်းခေါ်ဝေါ်ကြသည်)မှာ မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်၊ ကံကောက်ရပ်ကွက်တွင်တည်ထားခဲ့သည်။ ဤစေတီတော်ကြီးနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းတို့က ဤသို့ဖော် ပြလေသည်။

မာရ်အောင်ရတနာစေတီတော်ကြီးကို မန္တလေးရတနာပုံနေပြည်တော် ဒေါ်ယနန်းစံ သီပေါဘုရင်မင်းမြတ်က ၁၂၄၁ ခု၊ ကဆုန်လဆန်း ၄

---

၁။ မဟာလောကရန်နိမ် အောင်တော်မူမြတ်စွာဘုရားသမိုင်း၊ စာမျက်နှာ ၂-၃

၁၀/၉/၉၅ နေ့က မန္တလေးမြို့ မဟာလောကရန်နိမ် အောင်တော်မူဘုရားသို့ တက္ကသိုလ်စိန်တင် ဘုရားဖူးရောက်ခဲ့သည်။ နံနက် ၁၀ နာရီ အချိန်၌ပင် တားများ မော်တော်ဆိုင်ကယ်များ ဓာတ်ဘီးများဖြင့် ဘုရားဖူးလာသူများ စည်ကား နေသည်။ "ခြော် မန္တလေးသူ မန္တလေးသားတွေ ဒီဘုရားကို အားထားကိုးကွယ် နေတာ သီပေါဘုရင်မြင်ရလျှင် ဘယ်လောက်ဝမ်းသာရှာမည်လဲ" စာရေးဆရာက တွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက် အင်္ဂါနေ့တွင် ရတနာပုံရွှေမြို့တော်ကြီး၏ အရှေ့တောင်၊ နံတော် တော‌ဇအရပ်ဖြစ်သော မဟာသီရိဟေမဝန်ဥယျာဉ်တော်၌ ဖိနပ်တော် တောင်၊အရပ်တော် ၅၆ တောင်၊ တံတိုင်းမီးတားနှင့်တစ်ကွ တည် ကိုးကွယ်ခဲ့သည်။ စေတီတော်ကြီး၏ ပထမအုတ်မြစ်စတုရန်းအတော (၂၀)၊ ဒုတိယအုတ်မြစ်စတုရန်းအတောင်(၃၀)၊ တတိယအုတ်မြစ်စတု အတောင်(၆၀)၊ စတုတ္ထအုတ်မြစ်စတုရန်းအတောင်(၆၅)၊ တောင် ဌာပနာတိုက်(၄)တိုက်နှင့် ထီးတော်ကြီးကို သီပေါဘုရင်ကိုယ်တိုင် ရေ သွန်းချ လှူဒါန်းခဲ့သည်။[၁]

သီပေါဘုရင်နှင့် မိဖုရားတို့၏ ထူးခြားသော နောက်ထပ်အလှူ တစ်ရပ်မှာ မြတောင်ကျောင်းတိုက်ကြီး ဖြစ်လေသည်။ မြတော ကျောင်းတိုက်ကြီးကို မန္တလေးမြို့အနောက်ပြင် ၃၅ လမ်းနှင့် လမ်းတောင့် ရတနာဘူမိရပ် ပခန်းထိပ်ထားမင်းသမီး ဥယျာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကျောင်းတိုက်ကြီး၏ အမည်အပြည့်အ 'မင်္ဂလိရတနာရာမ' မြတောင်ကျောင်းတိုက်ဟုဖြစ်လေသည်။ ထိုကျော တိုက်ကြီးကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်၊ တပေါင်းလဆန်း (၁ ရက်နေ့တွင် သီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးစုဖုရားလတ်တို့ အလှူတော်အဖြစ် စတင်ဆောက်လုပ်ခဲ့သည်။

မူလက ထိုနေရာထိုဒေသတွင် ပခန်းထိပ်ထားမင်းသမီး ဥယျာဉ်ကြီးတည်ဆောက်ထားသည်။ ထိုဥယျာဉ်ကြီးကို မိဖုရာ

၁။ မန္တလေးမြို့ မာရ်အောင်ရတနာစေတီသို့ ၂၉၊၉၊၉၅နေ့တွင် တက္ကသို စိန်တင်နှင့် စိမ့်(ပညာရေး)တို့ သွားရောက်ဖူးမြော်ခဲ့သည်။ စေတီတော်ကြီးတွ နတ်လှေကားလေးစင်းရှိသည်။ လှေကားအောက်ခြေတွင် အမောက်ထောင် သော မြွေနဂါး၊ ယင်းအောက်တွင် မနုသီဟရုပ်နှစ်ရုပ်ကို တစ်ဘက်စီ ထွင်းထုထားသည်။ နတ်လှေကား ပထမဆင့် (ပထမပစ္စယာ)တွင် ဘီလူးရု တစ်ရုပ်၊ ဒုတိယဆင့်(ဒုတိယပစ္စယာ)တွင် ဘီလူးရုပ်တစ်ရုပ်၊ တတိယဆ (တတိယပစ္စယာ)တွင် ဘီလူးရုပ်တစ်ရုပ်စီရှိသည်။ စေတီတော်မှာ မြို့လယ်နှ အတန်ငယ်ဝေးနေ၍ ဘုရားဖူးသူ နည်းပါး၏။ သို့သော် ရှမ်းရိုးမ နောက်ခံနှ သစ်ပင်တောအုပ်ဝန်းရံလျက် ထန်းပင်များဝေဝေဆာဆာနှင့် ပတ်ဝန်းကျင်က သာယာလှပကြည်နူးဖွယ်ပင်။



ဖုရားလတ်က ထိုက်သင့်သော ငွေတော်ပေး၍ ဝယ်ယူပြီး မြတောင် ကျောင်းတိုက်ကြီးကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၂၄၄ ခုနှစ်မှစတင်၍ မြတောင်တိုက်၏ အလယ်ဗဟို မဟာရတနာဘုံ ရွှေကျောင်းတော်ကြီးနှင့် အရံကျောင်းတော်ကြီးတို့ကို ဆောက်လုပ်ခဲ့သည်။ ဤ၌ ပြောစရာဆိုစရာ ဝေဖန်နှိုင်းရှည့်ဖွယ်အချက်တစ်ရပ်ကို တွေ့လာ ရသည်။ ယင်းမှာ မိဖုရားခေါင်ကြီးစုဖုရားလတ်၏ ကောင်းမှုဖြစ်သော မဟာရတနာဘုံစံရွှေကျောင်းတော်ကြီး၏ တန်ဖိုးကို သမိုင်းဆရာတို့ ဖော် ပြချက်ပင်ဖြစ်လေသည်။ ထိုရွှေကျောင်းတော်ကြီး၏ တန်ဖိုးမှာ မြန်မာ ကျပ်ငွေ ၅၄ရဖ၆၅၆ကျပ်ဖြစ်၍ (သံပုရာသီးတစ်လုံးဖိုး)ဟု အက္ခရာပြု၍ သတ်မှတ်ထားသည်ဟု သိရသည်။[၁] ပြောင်းပြန်ကောက်ယူသော် မြန်မာ ကျပ်ငွေ ၅၄သိန်းတန်သည်ဟုသိရသည်။ ထိုခေတ်ထိုအခါ ငွေကြေး တန်ဖိုးအရဆိုလျှင် ဤအကဲဖြတ်ချက်မှာ မြင့်မားလွန်းနေပြီလား။

ဝမ်းနည်း ဖွယ်ကောင်းသည့် အချက်တစ်ခုကျန်ခဲ့၏။ ယင်းမှာ ရွှေကျောင်းတော်ကြီးကို သီပေါဘုရင်နှင့်မိဖုရားကြီး စုဖုရားလတ်တို့ ရေစက်ချမလှူဒါန်းရဘဲ နယ်ချဲ့တို့ထံပါတော်မူခဲ့သည်ဟုဆိုကြ၏။ ကြေကွဲ ဖွယ်ပါလား။

သီပေါဘုရင်နှင့်စုဖုရားတို့၏ ထူးခြားသောအလှူတစ်ခုကို ပြော ရဦးမည်။ သည်အလှူဘော်မှာ ကြုံတောင့်ကြုံခဲ တကယ့်အလှူပွဲဟုလည်း ပြောနိုင်ကြမည်။ နေပြည်တော်တစ်ဝှမ်းရှိ ငွေရှင်၊ ကြေးရှင်၊ ခနရှင်များထံ၌

၁။ မြတောင်သာသနာနှစ်တစ်ရာသမိုင်း(အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနာဘိဝံသ)

၃၀/၉/၉၅ နေ့က တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့ မန္တလေး မြို့ မြတောင်ကျောင်းတိုက်သို့ ရောက်ရှိခဲ့၏။ ကျမ်းပြုပုဂ္ဂိုလ်အကျော် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနာဘိဝံသထံ ဝင်ရောက် ဖူးမြော်ကြ၏။ ဆရာတော်မှာ သက်တော်(၇၀)ရှိပြီ။ ကျမ်းစာပေစာများဝန်းရံလျက် သွက်လက် ဖျတ်လတ်စွာ သုတေသနပြု လှုပ်ရှားနေဆဲ ဖြစ်သည်ကို အားရဖွယ်တွေ့ရ၍ တက္ကသိုလ်စိန်တင်တို့ ဝမ်းသာကြည်နူး ဦးနိုက်မိပါ၏။ ဆရာတော် ကျောင်း တိုက်မှအထွက်တွင် စာပေဝါသနာရှင် ဆရာတော်ကြီးများဖြစ်သော မြတောင် တိုက် သမ္မတစာချကျောင်းမှ ဦးနာဂိန္ဒာဘိဝံသတို့နှင့်တွေ့ဆုံ၍ စာပေရေးရာများ ဆွေးနွေးရသည်မှာ ကြည်နူးအားတက်ဖွယ်ဟု စာရေးဆရာက အားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေဖြင့်အပေါင်ခံထားပြီး အပေါင်ဆုံးကျွန်လူသား၊ ငွေဖြင့်ဝယ်ထားသော ကျွန်လူသားတို့ ရှိနေမည်ကို ဘုရင်နှင့်မိဖုရားတို့ ကြားသိရသည်။ သည်တွင်ဘုရင်နှင့်မိဖုရားတို့က ထိုငွေဝယ်ကျွန်များကို ငွေတော်ဖြင့် ရွေးယူရန်စီစဉ်လေသည်။

ပထမတွင် ငွေဝယ်ကျွန်များ၏ စာရင်းကို စံနစ်တကျ ကောက်ယူစေသည်။ ထို့နောက် ထိုကျွန်များနှင့်ပတ်သက်သော စာချုပ်စာတမ်းများကို လွှတ်တော်သို့သွင်းစေသည်။ ကျွန်ပိုင်ရှင်များကို လွှတ်တော်ဝန်ကြီးတို့က အတိအကျစစ်ဆေးမေးမြန်းရသည်။ ငွေကျွန်စာချုပ်တွေက အမှန်အကန်တွေ ဟုတ်ရဲ့လား။ အကြံအဖန်တွေဖြစ်နေလား။ ကြည့်ကြစမ်း၊ ရှုကြစမ်း၊ စစ်ဆေးကြစမ်း၊ မေးမြန်းကြစမ်း။ မေးမြန်းစစ်ဆေးပြီး အမှန်အကန်ဖြစ် ကြောင်းတွေ့လျှင် ဘုရင့်ဘဏ္ဍာတိုက်မှ ငွေထုတ်ပေးပြီး ကျွန်တို့ကို ရွေးယူရသည်။ လွတ်မြောက်လာသော ထိုကျွန်ကို ထပ်မံ၍ ကျွန်မဖြစ်စေရအောင် ရဟန်းဘောင်ဝင်စေသည်။ ရဟန်းလောင်း ၂၄၀-ပါး ရှင်လောင်း ၁၁၅၄-ပါးကို သုဓမ္မာဇရပ်တွင် သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့ သည်။ ဘုရင်နှင့်မိဖုရားတို့၏ ထူးမြတ်သော ဤအလှူတော်အတွက် ကျင်းပသောအခမ်းအနားမှာ စည်ကားကြီးကျယ်လှပါ၏။ သာသနာပိုင်ဆရာတော်နှင့်တကွ ထေရ်ကြီး ဝါကြီး သံဃာတော်ကြီးများ ထင်ရှားသော မထင်ရှားသော မိဖုရားများ၊ မင်းညီမင်းသားများ၊ မင်းသမီးများ၊ ဝန်ကြီးများ၊ မှူးကြီးမတ်ကြီးများ၊ သူတို့၏ဇနီးကတော်ကြီးများ၊ သူဌေးများ၊ သူကြွယ်များ၊ ကုန်သည်များ၊ စည်ကားစွာတက်ရောက်ကြသည်။ ဧည့်ခံကျွေးမွေးသော အစားအစာများကို တဝကြီးစား ဘုန်းတော်ကြီး ဘုရားတို့ ဟောကြားသော တရားတော်ကို နှစ်မြို့ကျစွာကြားနာကြသည်။ ထို့နောက် ဘုရင်နှင့်မိဖုရားတို့၏ ထူးမြတ်သောထိုကုသိုလ်အတွက် ပြည်သူတို့ သာဓု ကျယ်ကျယ်ခေါ်ကြရပြီ။

ဘုရင်နှင့်မိဖုရားတို့၏ အလှူတော်များတွင် မိဖုရားကြီးစုဖုရားလတ်၏ ထူးခြားသောအလှူတစ်ရပ်ကို ပြောချင်ပါသေးတော့။ စုဖုရားလတ်သည် ရဟန်းတော်များ၏ စာသင်တိုက်များကို မကြာခဏရောက်သည်။ ရဟန်းတော်များ ဆေးဝါးလိုသလား၊ သင်္ကန်းလိုသလား၊ ဆွမ်းဆန်လိုသလား



မေးမြန်းလျှောက်ထားသည်။ ဘယ်ကျောင်းမှာ ဘာလိုနေသလဲ သိရသောအခါ လှူဖွယ်ပစ္စည်းများကို ထိုကျောင်းတိုက်သို့ ချက်ချင်းပို့လှူပေးလေ့ရှိသည်။

တစ်ကြိမ်တွင် မိဖုရားကြီးစုဖုရားလတ်သည် အခြံအရံများနှင့် စာသင်တိုက်တစ်တိုက်သို့ရောက်ရှိသည်။[1] စာသင်တိုက်တွင် လိုအပ်သည့်ပစ္စည်းလေးပါးကို မေးမြန်းလေ့လာပြီး ပြန်တော့မည်အပြုဩ် ဗုဒ္ဓကျမ်းစာကို အသံကျယ်စွာ ရွတ်ဖတ်နေသော ဦးပဉ္ဇင်းတစ်ပါး၏ အခန်းသို့ ရှုပ်ကြည့်သည်။ သို့သော် ထိုဦးပဉ္ဇင်းကို မြင်ရသည်နှင့် "ဟင်" ဟု မိဖုရားက အာမေဋိတ်ပြီး ချက်ချင်းပြန်လှည့်ကာ နန်းတော်သို့ ပြန်လေသည်။[2]

မိဖုရားသည် နန်းတော်သို့ပြန်ရောက်သော် အသင့်ချုပ်လုပ်ပြီးရှိနေသော သင်္ကန်း ၅ စုံကိုယူသည်။ နန်းတော်အမှုထမ်း တစ်ဦးကို ခေါ်သည်။ သင်္ကန်း ၅ စုံကို နန်းတော်အမှုထမ်းထံအပ်၍ ဘုန်းကြီးကျောင်းသို့ပို့ခိုင်းသည်။ "ဒီကျောင်း၊ ဒီအဆောင်၊ ဒီအခန်းမှာ စာအံနေတဲ့ ဦးပဉ္ဇင်းကိုသွားပြီး လှူလိုက်ပါကွယ်၊ ပြီးတော့ နောက်ကိုလည်း ကိုယ်တော်ရဲ့ ဖွားဘက်တော်ပစ္စည်းတွေကိုလည်း လုံခြုံကော်မူအောင် ကြည့်ရှုပြီးများလည်း ဖုံးဖိနေတော်မူပါဘုရားလို့ လျှောက်ခဲ့ပါ" ဟုပြုံးပြုံးရယ်မှာတော်မူ၍ လွှတ်လိုက်လေ၏။

ထိုနန်းတော်အမှုထမ်း သင်္ကန်းလှူပြီးအပြန်တွင်မိဖုရားက စိတ်ဝင်တစားနှင့်မေးပြန်၏၊ "ကိုပဉ္စင်းက ဘာများအမိန့်ရှိလိုက်သလဲကွဲ" ဟုမိဖုရားကပြုံးရယ်ကာမေးတော်မူရာ ပြန်လာသူဒိုင်းတော်သားအမှုထမ်းကလည်း ပြုံးရယ်၍ ပြန်လျှောက်၏။ ဦးပဉ္ဇင်းက "တကာဝဲကွာ ငါတို့မှာ ဘုန်းကံနည်းပါးလို့ အစားအငတ်ငတ်၊ အဝတ် အစုတ်အပြတ်၊ ဖာထေးစပ်တဲ ပြီးမတတ်သာလို့ တစ်နေ့က သင်္ကန်းစုတ်ကို ချုပ်နေတာ မိဖုရားနဲ့ တွေ့သွားတယ်။ သူက ကိုယ်တော်တို့ စာတော့မကြိုးစားဘူး သင်္ကန်းစုတ် ချုပ်နေရတာနဲ့ ကိစ္စများ အချိန်တွေကုန်နေကြပြီလို့ဆိုသွားသကွာ၊ ဒါနဲ့ငါတို

---

၁။ ထိုစာသင်တိုက်မှာ မြတောင်တိုက်ဟု ယူဆနိုင်သည်။ မိဖုရား၏ အလှူတော်ကျောင်းတိုက်ဖြစ်သည်။

၂။ သီပေါမင်းနန်းတွင်းရေး စာ-၆၅။

www.burmeseclassic.com

www.burmeseclassic.com



မခံချင်တာနဲ့ ဒီနေ့ သူလာနေတာ အဝေးကမြင်တာနဲ့ပဲကွာ၊ ဘာ ကောင်းမတုန်း စုတ်ပေ့ဆိုတဲ့ သက်န်းကိုဝတ်ပြီး ပက်လက်လှန် နှစ်လုံးသောင် ပေါ်ချင်တာတွေ အကုန်ပေါ်ရော့ဟဲ့ဆိုပြီး ပုရပိုက်ကြီး မျက်နှာကွယ်ပြီး ငါ့ရပြီးသားစာတွေ နင်းကန်အော်ရွတ်နေတာ အသံကြားရာ သူလာကြည့်ပြီး မိဖုရားလဲပြန်သွားတာပါပဲမောင် ငါကသူလာတာကို တမင်မမြင်ယောင်ဆောင်နေလိုက်တာပါပဲ မှတ်က ဟဲ့၊ နောင်လာအုံး၊ ပြောချင်ရာ ပြောအုံးဆိုပြီး အားရပါးရကို အရွဲ့တိုက် ပစ်လိုက်တာလို့ ပြောလိုက်ကြောင်းပါ ဘုရား''ဟု သံတော်ဦးတင်သည် ထိုအခါ မိဖုရားစုဖုရားလတ်မှာ သက်န်းလှူဒါန်းရ၍ ဝမ်းလည်းသာ ပျော်လည်းပျော်နှင့် မျက်ရည်များပင် ထွက်ရှာသည်ဟုဆိုလေသည်။

မိဖုရား စုဖုရားလတ်မှာ ဤသို့ နှမြောတွန့်တိုခြင်းမရှိ၊ ဘာသာ ဘက်တွင်သာ အလှူအတန်းရက်ရောသည်မဟုတ်၊ လမ်းခရီးတွင် သက်ကြီးရွယ်အိုများတွေ့လျှင်လည်းကောင်း၊ မည်သူမဆို ရွှေတော်သို့ သွားလာလျှင်သော်လည်းကောင်း၊ ဆုတော်လာဘ်တော်များ အမြဲ ပေးကမ်း ချီးမြှင့်လေ့ရှိသည်။

ဘုရင်နှင့်မိဖုရားတို့ ထိုသို့အလှူဒါနပြုသည်ကား ကောင်းမွန်ပါ၏။ လှူဒါန်းသည်ကိုကြားရသူတိုင်းပင် လူသာဓုခေါ် နတ်သာဓုခေါ်။ သို့သော် ဘုရင်နှင့်မိဖုရားတို့မှာ စိတ်ဆန္ဒရှိတိုင်း မလှူဒါန်းနိုင်ကြ။ နိုင်ငံတော်မှာ ကဖြည်းဖြည်း ဘဏ္ဍာငွေနည်းလာသည်။ လျော့လာသည်။ ရှားပါးလာ သည်။ ထိုအခါ ဘဏ္ဍာငွေတိုးတက်ရှာဖွေရေးအတွက် ဘုရင့်အစိုးရအဖွဲ့ စီမံကိန်းများ ရေးဆွဲကြံဆကြရလေသည်။

ခ

ဘုရင့်ဘဏ္ဍာတိုက်မှာ ငွေတော်များ လျော့နည်းလာသည်ဆို၍ သတိရတာကလေး ပြောပြချင်ပါသေးရဲ့။

ဘုရင်နှင့်မိဖုရားတို့ ငွေကြေးအသုံးအစွဲများသည့်ကိစ္စကို ထိန်းသိမ်း ရန် တစ်ချိန်က နန်းတွင်းမှာ သူရဲကောင်းတစ်ဦး ပေါ်ဖူးသည်။ ဘယ်သူလဲ။ သူ့အမည်ကို သိကြသလား။ ယောအတွင်းဝန် ဦးဘိုးလှိုင်။



သီပေါမင်းသည် ၁၂၄၀ပြည့်နှစ် သီတင်းကျွတ်လတွင် နန်းတက် သည်။ သီပေါမင်း၏ ဝန်ကြီးတစ်ပါးဖြစ်သော ယောအတွင်းဝန် ဦးဘိုးလှိုင် သည် ထိုနှစ် ပြာသိုလတွင် ရာထူးမှပြုတ်ခဲ့ရှာသည်။

ယောအတွင်းဝန်ဦးဘိုးလှိုင်သည် စင်စစ်သတ္တိခဲဝန်ကြီးဖြစ်သည်။ ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ဖခင်ယင်းတောဝန်ကြီးကို ဘကြီးတော် မင်းတရားက နန်းတော်ညီလာခံတွင် လှံဖြင့်ထိုးသတ်ခဲ့ဖူး၏။ ဘကြီးတော် မင်းတရား၏သားတော် မင်းတုန်းမင်းတရားသည် ယင်းတော ဝန်ကြီး၏ သား ဦးဘိုးလှိုင်ကို နန်းတွင်း၌ ဝန်ကြီးခန့်ခဲ့သည်။ ဦးဘိုးလှိုင်သည် ရဲရင့်၏။ ပြတ်သား၏။ တိုင်းပြည်အပေါ် စေတနာထား၏။ မှားယွင်း နေသော လုပ်ရပ်ကိုတွေ့လျှင် မကြောက်မရွံ့ ပြောဆိုဝံ့သောသတ္တိ ရှိလေ၏။ တစ်ကြိမ်တွင် မင်းတုန်းမင်းကြီး၏၊ အဆောင်အရွက်တစ်ရပ်ကို ယော အတွင်းဝန်က ပြည်ရွာပျက်ကြောင်းတစ်ပါးပါပဲဟုဝေဖန်၏။ မင်းတုန်း မင်းတရားကြီး ဒေါသဖြစ်၍ လှံကိုဆွဲကာ ယောအတွင်းဝန်ကိုထိုး ချိန်ရွယ်သည်။

မင်းတုန်းမင်း ။ ''ငလှိုင် ဒါဘယ်သူ့လှံလဲ သိလား''
ဦးဘိုးလှိုင် ။ ''အရှင့်ခမည်းတော်မင်းတရား၏ လှံပါဘုရား''
မင်းတုန်းမင်း ။ ''ဒီလှံနဲ့ ဘယ်သူ့ကို ထိုးသတ်ခဲ့သလဲသိလား''
ဦးဘိုးလှိုင် ။ ''ကျွန်တော်မျိုး၏ဖခင် ယင်းတောဝန်ကြီးကို ထိုးသတ်ခဲ့ပါတယ် ဘုရား''
မင်းတုန်းမင်း ။ ''အခုလဲ၊ ငါဒီလှံနဲ့နင့်ကို အသေသာထိုးသတ် လိုက်ချင်တော့တယ်''
ဦးဘိုးလှိုင် ။ ''မှန်လှပါ၊ ထိုးပါဘုရား၊ သတ်ပါဘုရား''

ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ရင်ကော့၍ပေးသည်။[၁] မင်းတုန်း မင်းတရားကြီးလည်း လှံကိုကိုင်၍ အတွင်းတော်သို့ ဝင်လေသည်။

ကျန်ရစ်သော ဝန်ကြီးများက ''ဝန်မင်းလည်း၊ တင်းတင်းမာမာ ရဲပဲရဲလွန်းလှသဗျာ'' ဟုပြောကြသည်။ ယောအတွင်းဝန်က ''ကျုပ်တို့

---

၁။ ယောမင်းကြီးဦးဘိုးလှိုင်အတ္ထုပ္ပတ္တိ (မောင်ထင်) စာ၁၂၂။

www.burmeseclassic.com

www.burmeseclassic.com

လုံ့နှင့် ထိုးသတ်လို့သေရခြင်းကားမြတ်တယ်၊ နေရာတိုင်းမင်းလို့... စိမ်သော် မကောင်းမှုဖြစ်ပွား၍ နိုင်ငံတော်ပျက်စီးရသည်ဆိုတဲ့နာမည်... လျှင် သေရကျိုးမနပ်ဖြစ်မယ်''ဟု ပြန်ပြောလေ၏။

ထိုကဲ့သို့ရဲရင့်သော ယောအတွင်းဝန်သည် သီပေါမင်းနန်း... ပြီး ၂လအကြာတွင် "ရာဇဓမ္မသင်္ဂဟ''ကျမ်းဟု အမည်တွင်သော ... ပြုကျင့်ဖွယ်ကျမ်းတစ်စောင်ကိုရေးသား၍ ဘုရင်ထံတင်လေသည်။

သီပေါမင်းနန်းတက်ပြီးနောက် ၁၂၄၀ပြည့်နှစ် သီတင်း... လကွယ်နေ့တွင် တောင်ဥယျာဉ်အစည်းအဝေးကြီးမှ မင်းမှုမတ်... သဘောတူညီချက်ဖြင့် ဘုရင့်ဝေပုံကျဌာန(၁၄)ရပ်ကို ပိုင်းခြားသတ်မှတ်... ၏။ ယင်းဝေပုံကျဌာန(၁၄)ရပ်တို့တွင် ၁။ လယ်ယာဌာန၊ ၂။ ... အလုပ်ဌာန၊ ၃။ ကုန်းကြောင်းစစ်ဌာန၊ ၄။ အကောက်ခွန်ဌာန၊ ၅။ သာသ... ပညာဌာန၊ ၆။ ပူရိသမေဓဌာန၊ ၇။ သဿမေဓဌာန၊ ၈။ ရာဇဝတ်ဌာန၊ ၉။ တရားဌာန၊ ၁၀။ ရေကြောင်းစစ်ဌာန၊ ၁၁။ နိုင်ငံခြားဌာန၊ ၁၂။ ... ဖက်ရုံးဌာန၊ ၁၃။ မြို့ရေးရွာမှုဌာန၊ ၁၄။ စက်အလုပ်ဌာန တို့ဖြစ်ကြသည်။

ထိုဝေပုံကျ ၁၄ ဌာနမှာ စင်စစ်ဆိုသော် ယခုခေတ်ဝန်ကြီးဌာနများ နှင့် တူညီလေသည်။ ဥပမာအားဖြင့် လယ်ယာဌာနသည် ယခုခေတ် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမျိုးဖြစ်သည်။ ကုန်းကြောင်းစစ်ဌာနသည် ကာကွယ်ရေးဝန်ကြီးဌာနမျိုးဖြစ်၍ ရာဇဝတ်မှုဌာနသည် ပြည်ထဲရေးဝန်ကြီး ဌာန၊ နိုင်ငံခြားဌာနသည် နိုင်ငံခြားရေးဝန်ကြီးဌာနကို ခေါ်ဆိုတာဝန်ခံ ခြင်းဖြစ်လေသည်။ ထိုသို့ သီပေါဘုရင်အစိုးရတွင် ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် (၇)ရက်မြောက်နေ့၊ ၁၂၄၀ ပြည့်နှစ် နတ်တော် လဆန်း(၇)ရက်နေ့တွင် ယောအတွင်းဝန်ဦးဘိုးလှိုင်သည် ရာဇဓမ္မ သင်္ဂဟကျမ်းကိုရေးသားပြီး သီပေါဘုရင်အား ဆက်သလိုက်လေသည်။ ထိုကျမ်းသည် "မင်းအစရှိသော အစိုးရသူကြီးတို့ ကျင့်အပ်သောကျမ်း''ဟု ယောအတွင်းဝန်က အဓိပ္ပါယ်ဖွင့်ဆိုခဲ့၏။

---

၁။ ပုဂံဝန်ထောက်မင်း ဦးတင်ကမူ သီပေါမင်းကို ဆုံးမသောကျမ်းဟု အမှန် အတိုင်း ဖြောင့်ဆိုကြောင်း၊ ယောအတွင်းဝန်ဦးဘိုးလှိုင်အတ္ထုပ္ပတ္တိတွင် ဆရာ ဒဂုန်ဘင်က ဖော်ပြ၏။



ယောအတွင်းဝန်ဦးဘိုးလှိုင်သည် မင်းမိဖုရားတို့ ငွေသုံးလက်ဖွာမှုကို ...ကြာခဏ ကန့်ကွက်ပြောဆိုလေ့ရှိ၏။ ယခုလည်း ရှင်ဘုရင်နှင့်မိဖုရားတို့ ...ကျင့်ဖွယ်ရာ ရာဇဓမ္မသင်္ဂဟကျမ်းတွင် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးစနစ်ဇယား ... ဖော်ပြခဲ့သည်။ ယောအတွင်းဝန်ဦးဘိုးလှိုင်၏ကျမ်းကို သီပေါဘုရင်နှင့် ...ရားလတ်၊ မယ်တော်ဆင်ဖြူမရှင်တို့က သေချာစွာဖတ်ရှုကြသည်။ ...နောက် စုဖုရားလတ်က ပြောသည်ဆို၏။ "ဘဘဦးဘိုးလှိုင်က ရှင်ဘုရင် ... လခစားခန့်ချင်ပုံရတယ်''ဟု။ အမှန်ဆိုသော် ယောအတွင်းဝန်ဦးဘိုးလှိုင် ...ည် အမြော်အမြင်ကြီးသော ပညာရှင်ပင်ဖြစ်သည်။ ဘုရင့်အစိုးရ အတွင်း ...ဏ္ဍာငွေသုံးစွဲမှုကို စနစ်တကျမပြုခဲ့လျှင် တိုင်းပြည်ငါးပါးမှောက်၊ ...ည်သူတို့ဒုက္ခရောက်ဖွယ်ရှိပုံကို မြင်၍ ယောအတွင်းဝန်က ကြိုတင် ...သတိပေးခဲ့ခြင်းဖြစ်သည်။

ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းသည် မြန်မာ့ သမိုင်းတွင် အထင်ကရ မော်ကွန်းတင်ပြီးဖြစ်သွားသည်ကတော့အမှန်။ ပြီးတော့ ထိုကျမ်းကိုရေးသားဆက်သွင်းသူ ယောအတွင်းဝန် ဦးဘိုးလှိုင်ကို ...လည်း ရာထူးမှ ချက်ချင်းထုတ်ပယ်လိုက်ကြောင်း မြန်မာ့သမိုင်း အစောင် ...စောင်တွင် မော်ကွန်းမှတ်တမ်းတင်လျက်ရှိနေသည်မှာလည်း အမှန်ဖြစ် ...တော့သည်။

ယခုအခါ မေးစရာရှိလာပြီ။ သီပေါဘုရင်နန်းတက်ပြီး သုံးလေးငါး နှစ်အကြာမှာ တိုင်းနိုင်ငံပြည်အရေး ဘယ်သို့ရှိပါသေးသနည်း။

သည်မေးခွန်း၏အဖြေကို အားမနာတမ်းဖြေရသော် နိုင်ငံတော်၏ အခြေအနေမှာ အားရစရာမရှိ။ တိုးတက်ဖွံ့ဖြိုးမှုဖော်ပြရန် အကြောင်းအချက် မရှိ။ အထူးသဖြင့်ဖော်ပြရမည်က ဘုရင့်အစိုးရ၏ ဘဏ္ဍာရေးအခြေအနေ ဖြစ်တော့သည်။

ဘုရင်ဘဏ္ဍာတိုက်တွင် ငွေတော်များနည်းပါးနေပြီ။ ငွေဝင်နည်း ပြီး ငွေထွက်များနေသည်။ နှစ်အတန်ကြာ ဘုရင်နှင့်မိဖုရားတို့ စိတ်... ရှိသလို သုံးစွဲယူငင်ကြသောဒဏ်ကို ဘုရင်ဘဏ္ဍာတိုက်ကြီးသည် ...စည်း၍ ...နေရဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိစ္စမရှိ။ ပူပန်နှောင့်လို့ ကြောင့်ကျရန်မရှိ။ ဘုရင့်အ ငွေ အကြံပေးပုဂ္ဂိုလ်တွေရှိသည်၊ သူတို့က ဘုရင်ကို ထီဖွင့်ရန် အကြံပေး သည်။ မန္တလေးရတနာပုံနေပြည်တော်တွင် ရတနာပုံထီလာပါပြီ။ ထီ ဘုရင့်အစိုးရဘဏ္ဍာတိုက်၏ လိုငွေကို တစ်နည်းတဖုံဖြည့်စွမ်းနိုင်ကောင်း ရဲ့။ သည်သို့ ဘုရင်နှင့်မိဖုရားက အားသားဟန်ရှိသည်။

ဂ

စင်စစ်ဆိုလျှင် ထီစနစ်သည် သီပေါဘုရင့်အစိုးရအတွက် အ သေချာသော စီးပွားရှာနည်းဖြစ်လေသည်။ ထီလက်မှတ်များ ရောင်း သည့်ငွေထဲမှ အခွန်အကောက်နုတ်ယူ၊ ကျန်ငွေကို အောင်ဘာလေမဲဖြ ဖွင့်ပေးသည်။ နုတ်ယူလိုက်သော ငွေသည် ဘုရင့်အစိုးရအတွက် အပို ရလိုက်သောငွေ။ မြေကြီးလက်ခတ်မလွဲ အမြတ်ရလိုက်သောငွေ။ သေ တိကျသောဝင်ငွေ။

သီပေါဘုရင့်အစိုးရက ရတနာပုံထီဖွင့်ခြင်းမှာ ရတနာပုံနေပြည် တော်သား ပြည်သူအများအတွက် တိုင်း၍ရက်တဲ့ ပက္ကလာ မိုးရွာတာနှင့် အဆင်သင့်ပါဘိတော့။ ဗုဒ္ဓဘာသာမြန်မာတွေဆိုတာက ကံကိုယုံသည်၊ ကြမ္မာကို ပုံသည်။ ရှေးရေးဘဝပြုသမျှကောင်းကျိုး မကောင်းကျိုးကို ဒိဋ္ဌဓမ္မစွဲသည်။ သို့နှင့်ကံကောင်းလျှင်ထီပေါက်လိမ့်မည်ဟု အားကိုးတကြီး ရှိကြတော့သည်။ သည်တော့ ကံကိုယုံကြည်သော မြန်မာတွေ ဘုရင့်ထီရုံမှာ တိုးတိုးကြိတ်၍ ကြိတ်ကြိတ်တိုးကြပြီ။

ရတနာပုံထီမှာ နှစ်မျိုးနှစ်စားခွဲခြားထားလေသည်။ နေ့စဉ် ဖွင့်ထီနှင့် လစဉ်ဖွင့်ထီ။ ထီလက်မှတ်များကို ထီကိုယ်စားလှယ်များထံမှာ ဝယ်ယူနိုင် ကြ၏။ သည်တော့ မေးစရာရှိလာပြီ။ ထီရုံးသီးသန့် မထားဘူးလား။ အိုး... ထားတာပ။ နတ်ရွာစံ ဘဝရှင်မင်းတုန်းမင်းတရားကြီး လက်ထက် တော်တွင် ပဋ္ဌမသံဂါယနာတင်ခဲ့သော အဆောက်အအုံကြီးရှိခဲ့၏။ ယင်း အဆောက်အအုံကြီးမှာ ယခုအခါ ရတနာပုံထီ၏ ဗဟိုရုံးကြီးပါပေ။

နေ့စဉ်ဖွင့်ထီတွင် ပေါက်မဲရရှိသူသည် မိမိထိုးသားသော ထီ လက်မှတ်တန်ဖိုး၏ (၄၈)ဆကိုရရှိလေသည်။ တစ်ပဲထိုးသလား၊ (၄၈)ပဲရ



သည်။ တစ်ကျပ်ထိုးသလား၊ ၄၈ ကျပ်ရသည်။ ငွေ(၁၀)ကျပ်ထိုးသလား ၄၈၀)ကျပ် မုချရလေသည်။ ထီထိုးသူသည် မိမိနာမည်နှင့် ငွေကိုပေး ပြီး ထီလက်မှတ်ကိုဆုတ်ယူလိုက်။ နံပါတ်ပါသော ထိုလက်မှတ်သည် မိမိကံကြမ္မာ၏အဆုံးအဖြတ်။

ထီဖွင့်ချိန်မှာ နေ့စဉ်မွန်းတည့် ၁၂ နာရီတိတိ။ ရတနာပုံထီကို တာဝန်ယူရသော ဝန်ကြီးတစ်ပါးနှင့် ဘုရင့် စစ်သည်တော်များသည် ထီရုံးကြီးတွင် တာဝန်ယူလျက်ရှိ၏။ ထီနံပါတ်များထည့်ထားသော စည် ကြီးမှ နံပါတ်တစ်ခုကို ဆွဲယူပြီး ကြေညာလိုက်သည်။ တစ်ဘက်တွင် နံပါတ်ပါသော ဘော်လုံး၆၀ ထည့်ထားသော စည်ကြီးကိုအကြိမ်ကြိမ် လှည့်ပြီး ပေါက်မဲကို ဆွဲထုတ်ယူလိုက်သည်။ ဘော်လုံး ၆၀ ထဲမှ တစ်လုံး ကို ရွှေချထား၏။ စည်ကိုအောက်ဘက်လှည့်ပေးစဉ် ရွှေဘော်လုံးထွက်လာ ပါက အောင်ဘာလေမဲ။ ထီဆိုင်တစ်ဆိုင်တွင် အောင်ဘာလေမဲ တစ်မဲသာ ထားရှိလေသည်။ ရတနာပုံမြို့သူမြို့သားတို့မှာ တစ်နံနက်လုံး တစ်ကုန်းကုန်း နှင့် စီးပွားရှာကြပြီး နေ့လည် ၁၂ နာရီတွင်ထီရုံသို့ပြေးကြရာသည်။ ထီနံပါတ်ကလေးတစ်ကိုင်ကိုင် ထီကြေညာမည့် စင်မြင့်သို့ လည်တိုင် ကလေး တမော့မော့နှင့် မျှော်ကြပေရော့။

သည်မှာ ထီပေါက်သူအတွက် ပျော်တပြုံးပြုံး အုံးအုံးကျွက်ကျွက်နှင့် လက်ခုပ်သံတဖျောင်းဖျောင်း။ ထီမပေါက်သူတွေက စိတ်ပျက်လက်ပျက် ခေါင်းငိုက်ဆိုက်ချပြီး လျှောက်ပေဦးတော့ ခြေသောက်တသောင်း။

သို့သော်ကိစ္စမရှိ။ စိတ်မပျက် လက်မပျက် အားတက်နေဆဲ။ သည်ကနေ့ည ပျော်ပျော်ကြီးအိပ်လိုက်ဦးမည်။ မအိပ်မီ သမ္မာဒေဝနတ်များ ထံ ဆုအလီလီတောင်းပြီး အိပ်မက်ကောင်းရဖို့ကြိုးစားမည်။ အိပ်မက်မက် လျှင် အတိတ်ကောင်းကောက်ပြီး ထီထိုးရဦးမှာပ။ ပြီးတော့နေ့လည်၁၂ နာရီမှာ ထီရုံသို့အပြေးအလွှားသွား ထီကြေငြာချက်ကို လည်တံဆန့်ပြီး မျှော်မော့ပေဦးတော့မည်။

အကြီးတန်းထီကို ရက်(၃၀)လျှင် တစ်ကြိမ်ဖွင့်လေသည်။ တစ်ကြိမ် ဖွင့်လျှင် ပထမဆုငွေက ငွေတော်ကျပ်တစ်သောင်းတိတိ။ ငွေကျပ်တစ် သောင်းဆုရသူကို ဝန်ကြီးတစ်ပါးက “သူဌေးမင်း”ဘွဲ့မည် ရွှေစာလွှယ်

www.burmeseclassic.com

www.burmeseclassic.com



ဆုချီးမြှင့်၏။ ထို့ပြင် သူဌေးမင်းစလွယ်ကြီးလွယ်ထားသူကို ဆင်နှင့် ရတနာပုံနေပြည်တော်တဝှမ်း လှည့်လည်ပြီး အများပြည်သူကိုပြသ ဘယ်လောက်ကောင်းလိုက်ပါတဲ့ ထိကြော်ငြာနည်းပါလဲ။ ဘယ်လော ထိရောက်ပါတဲ့ ထီစည်းရုံးနည်းပါလဲ။ သတင်းစာကြော်ငြာမလို။ အသံ အသံလွှင့် မလို။ ရုပ်မြင်သံကြားမလို။ ရတနာပုံနေပြည်တော်သူနေပြည် တော်သားတို့ ထီရုံတွေကိုအားကုန်ပြေးပြီး ထီထိုးကြ။ သည်ပုဂ္ဂိုလ်ထို သူဌေးမင်းဘွဲ့ကြီးလွယ်ပြီး ဆင်တော်နှင့်မြို့တွင်းလှည့်ရအောင်။

ရတနာပုံနေပြည်တော်၏ ထီကြော်ငြာနည်းကဖြင့် အဲသည့်လော ထိရောက်ပါပေသည်။ လူတွေဆိုတာကလည်း လောဘသားကောင်တွေ မဟုတ်လား။ လေ့မျှောလေ့နှင့်လိုက် ငွေမျှောငွေနှင့်လိုက်တဲ့။ ထီထိုးပြီး မပေါက်လို့ ဆုံးရှုံးသွားသူတွေရဲ့လောဘကို အဲသည်လိုဆင်နှင့်လှည့် ပြီး "ချူ"လိုက်တော့ ထီရှုံးသူတွေက ထပ်ခါထပ်ခါထိုးသည်။ ထီမထိုးဖူး တွေ ထီမပေါက်ဖူးသူတွေကလည်း စုစုပေးဝေး ထီထိုးကြသည်။

တစ်လတစ်ကြိမ်ဖွင့်ထီလက်မှတ်တွေက စောင်ရေလေးငါးခြောက် ထောင် တစ်သောင်း။ ထီတစ်စောင်ကိုငါးကျပ်။ ထီလက်မှတ်အစောင် တစ်သောင်း ရောင်းရလျှင်ရရှိမည့်ငွေတော်က ငါးသောင်း။ မဟာသူဌေးမင်း ဆုအတွက် ငွေတစ်သောင်း ပေးလိုက် ကျန်မည့်ငွေကို ပို့လိုက်ကြစမ်း ဘုရင့်ဘဏ္ဍာတိုက်။ သော့ရိုက်ပြီးသိမ်းလိုက်ကြ။ ကောင်းပေစွ၊ကောင်းပေစွ

သို့သော်

ရတနာပုံနေပြည်တော်သားတို့မှာ ကြာရှည်လေးမြင့်ရှိကြသော် အလုပ်အကိုင်မှာ စိတ်မဝင်စား။ စီးပွားရေးလုပ်ငန်းမှာ အာရုံမရှိ။ အ ပရ နှစ်ကျိုးနှစ်ဝရှိရမည့် ကိစ္စတွေဆိုဘေးဖယ်။ တကယ်ဆန္ဒပြင်း နေသည်ကထီ။ တကယ် လောဘတက်နေသည်ကထီ။ စားလည်းထီစိတ်၊ သောက်လည်းထီစိတ်။ အိပ်လည်းထီစိတ်။ အိပ်မက်ထဲမှာလည်းထီစိတ်၊ အာရုံရောက်နေသည်က ငွေကျပ်တစ်သောင်းရဖို့၊ ပြီးတော့ သူဌေးမင်း စလွယ်ကို လွယ်ပြီး နေပြည်တော်ကြီးကို လေးဘက်လေးတန် နှံ့အောင် ဆင်စီးပြီးခြေဆန့်ဖို့။ ဒါပဲ။



ရတနာပုံထီကြောင့် ဗေဒင်ဆရာတွေပွပေါက်ထိုးသည်။ နတ်ကတော် တွေ လာဘ်ရွှင်သည်။ လူတွေက ဟိုဗေဒင်ကောင်းသည်ဆို ပြေးကြ။ ဟိုနတ်ကတော်အဟောအပြော မှန်သည်ဆို ပြေးကြ။ ပေးကြပါအုံး ဂဏန်းကောင်းကောင်းကလေး။ ဟောစမ်းပါအုံး ထီပေါက်ဖို့ကံရှိမရှိ။ ပြောစမ်းပါအုံး၊ ဘယ်နေ့မှာ ဘယ်ပန်းပန် ဘယ်တီးဆောင်းပြီး ထီရုံကို သွားရမှာလဲ။

ကြာသော် နေပြည်တော်တဝှမ်းမှာ အလုပ်လုပ်ချင်သူမရှိ။ ဈေး ရောင်းဈေးဝယ်စိတ်ပါသူမရှိ။ စိုက်ပျိုးသီးနှံ ခြံစိုက်သူတွေမရှိ။ ကုန်သည် သယ်သမား မင်းမှုထမ်းအများတို့ ထီရုံတွေမှာတရုံးရုံး။ ထီရုံက ပုဂ္ဂိုလ်ကြီး တွေက တပြုံးပြုံး။

သည်မှာပင် ပြဿနာတွေက ဟိုတစ်စ သည်တစ်စပေါ်လာ၏။ ဟိုလူ့ငွေ သည်လူကချေးပြီး ထီထိုးပစ်သည်မှာ မပေါက်။ ချေးငွေပြန် တောင်းရင်း ရန်ဖြစ်လို့ တရားရုံးရောက်။ ဟိုလူအပ်နှံထားသောငွေကို ဒီလူက အကုန်လုံးထီထိုးပစ်တာ မပေါက်။ ငွေပြန်တောင်းရင်း ရန်ဖြစ် လို့ရိုက်ကြနှက်ကြတော့ ထီမပေါက်ဘဲ ခေါင်းပေါက် ကျောပေါက် ငိုကြ ယိုကြ ဒုက္ခ။ အမေစုဆောင်းထားငွေ အဖေကယူပြီး ထီထိုးပစ်သည်။ ထီမပေါက်တော့ လင်မယား ရန်ဖြစ် ရိုက်ကြနှက်ကြ အော်ကြဟစ်ကြ။ ငိုကြယိုကြ ဒုက္ခ။ အလှူဒါနပြုရမည့် အများပြည်သူ့ငွေကို တာဝန်ရှိသူက ခေတ္တယူပြီး ထီထိုးသည်။ ထီက မပေါက်။ အချိန်တန်၍ ငွေပြန်ပေးရမည် ဆိုတော့ ငွေ မဆပ်နိုင်၍ ရုံးရောက် အချုပ်ရောက်။ အရပ်ထဲမှာလည်း ထီထိုးချင်၍ ဟိုပစ္စည်းခိုး ဒီပစ္စည်းနိူက်၊ ဟိုပစ္စည်း"ဘုံး" ဒီပစ္စည်း"ဆုံး" ဒုက္ခတွေ တစ်ပြုံကြီး သိမ်းကျုံးရကြသည်။ သို့နှင့်နေပြည်တော်တဝှမ်းမှာ အမှုအခင်းတွေပေါ ခိုးသားမှုဒိန်းတွေများ အလုအယက် အယူအငင်တွေက ဒုန့်ဒေး။

သို့နှင့် ထီပေါက်ချင်ကြသော လောဘသားကောင်တွေမှာ ပုဂံနှင့် ညောင်ဦး တောင်ကျူးမြောက်ပြေး ရှာဆော်ကြီးခွေး။ ဟိုပြေးရမလား၊ သည်ရှောင်ရမလား။ သေချာကျနမသိ။ ဒုက္ခဝန်ပိရာကြ၏။

ပညာရှိ ရှင်ဘုရင်နှင့် မိဖုရားတို့သည် တိုင်းပြည် အခြေအနေ အရပ်ရပ်ကို အကဲခတ်ပြီး ရတနာပုံထီဖွင့်ပွဲကို ရပ်လိုက်တော့သည်.

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံထီမှာ စတင်ဖွင့်သည်မှ သုံးနှစ်ကြီးများပင်ကြာခဲ့သည်။ တော်သ
သေးရဲ့။ ရှင်ဘုရင် မိဖုရားနှင့်ဝန်ကြီးမှူးမတ်များသည် သတိတမန်ဘာ
မြေကတုတ် ပညာစွမ်းချွန်းကဲ့သို့ အုပ်ခဲ့ကြပြီ။

ရတနာပုံနေပြည်တော်သူနေပြည်တော်သားတို့ ဘ၀ လုံးလုံးကြီး
မပျက်စီးခင်မှာ ထီပွဲကို ရပ်စဲခဲ့ခြင်းကောင်းမှုအတွက် အများပြည်သူ
သာဓုသုံးကြိမ်ခေါ်ကြရလိမ့်မည်။

သာဓု . . . သာဓု . . . သာဓု ။

"ဝံပုလွေတစ်ကောင်သည် စမ်းချောင်းကလေးတစ်ခုတွင် ရေသောက်ဆင်း၏။ ထိုစဉ်တွင် သိုးငယ်ကလေးတစ်ကောင်ကလည်းရေသောက်ဆင်းလာ၏။ သိုးငယ်ကလေးကိုမြင်သော် ဝံပုလွေက ကိုက်သတ်စားချင်၏။ ထို့ကြောင့် 'ဟဲ့...သိုးငယ်၊ ငါရေသောက်နေစဉ်မှာ ရေတွေနောက်ကုန်အောင် သင်လုပ်ခဲ့တယ်။ နင့်ကိုငါ ကိုက်သတ်ရလိမ့်မယ်'ဟု ပြော၏။

သိုးငယ်က "ဝံပုလွေကြီးမှားနေပါပြီ ကျွန်တော်ရေသောက်နေတာ ရေစီးရဲ့အောက်ဘက်ကပါ။ ရေနောက်အောင် ကျွန်တော်လုပ်လို့ မရနိုင်ပါ"

ထိုအခါ ဝံပုလွေကြီးကတစ်မျိုးကြံပြန်လေသည်။ "အေးကွ ငါ့ရေနောက်အောင် လုပ်တာ နင်မဟုတ်ရင် နင့်အဘိုးပဲဖြစ်မယ်။ နင့်အဘိုးအပြစ်ဒဏ် နင်ခံပေတော့"သည်သို့ပြောပြီး ဝံပုလွေကြီးသည် သိုးငယ်ကို ကိုက်သတ်စားလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀။ ဘုံဘေဘားမားသစ်ခိုးမှုကြီး

## က

ပြောစရာရှိသည်က ရတနာပုံ ရွှေနန်းတော်အတွင်းသို့ ရဲတင်းစွာဝင်လာသော ''ညောင်ရမ်းမင်းသား''နှင့် ပတ်သက်နေသော ပြဿနာ...။

သိကြပြီ မဟုတ်လား။ ဗြိတိသျှနယ်ချဲ့ အစိုးရသည် အထက်မြန်မာပြည်ကို ''နောက်ဆုံးပိတ် အိတ်နှင့်လွယ်''သိမ်းယူရန် ဆင်ကြံကြံနေသည်။ မြေခွေးကြံလည်းကြံနေသည်။ ကြည့်ပါ။

ရတနာပုံနေပြည်တော်က ထွက်ပြေးသွားသော ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားတို့ကို ဗြိတိသျှတို့က အားပေးအားမြှောက်ပြုထားသည်။ သည်မင်းသားနှစ်ပါးက အထက်မြန်မာပြည်ကို တပ်ဖွဲ့ပြီး တက်သိမ်းတော့မည့်ဆဲဆဲ အခြေအနေမျိုး သတင်းလွှင့်ထားသည်။ ပြီးတော့ သည်မင်းသားနှစ်ပါး လှုပ်လှုပ်ရှားရှားလုပ်နိုင်ဖို့ ရွှေလိုသလား ရွှေ။ ငွေလိုသလား ငွေ။ လက်နက်လိုသလားလက်နက် အဆက်မပြတ် ထောက်ပံ့သည်။ ပေးကမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို အချိန်မျိုးမှာ ရတနာပုံနေပြည်တော်အတွင်း သတင်းများ ပြန့်နေသည်။ "ညောင်ရမ်းမင်းသားက တပ်ကြီးချီပြီး ခေတ်မီလက်နက်များနဲ့ ရတနာပုံရွှေနန်းကို သိမ်းမြန်းဖို့လာတော့မယ်တဲ့။ ပြီးတော့ ညောင်ရမ်း မင်းသား ဘုရင်ဖြစ်ရင် ဆင်ဖြူမရှင်မိဖုရားက သမီးတော် စုဖုရားငယ်ကို လက်ဆက်ဖို့ လျှို့ဝှက်သဘောတူစိမ်ထားပြီဆိုပဲ"

ကဲလိုက်သည့်သတင်းတွေ၊ ချဲ့လိုက်သည့်သတင်းတွေ ဟုတ်လေ သလား၊ မဟုတ်လေသလားဖြင့်မသိရ။ ပြည်သူတို့အကြားမှ တစ်ဆင့်စကား တစ်ဆင့်နား လွှင့်ပါးနေသည်ကတော့ မကြားချင်အဆုံး။

ထိုသတင်းများသည် တခြားသူတွေအတွက် မည်မျှအရေးပါအရေး ရောက်သည်လည်းဖြင့် မသိရ။ ရတနာပုံရွှေနန်းမှာ စံမြန်းနေသော သီပေါ ဘုရင်နှင့် မိဖုရားစုဖုရားလတ်အဖို့တော့ ခေါင်းကို သံတူဖြင့်ထုနှက်သည်ထက် ထိတ်လန့်တုံလှုပ် ဖြစ်ရတော့၏။

ကြည့်ပါဦး။ ညောင်ရမ်းညီနောင်တို့က မိမိတို့ကို နန်းပလ္လင်က ဆွဲချရုံတင်မဟုတ်သေး။ ညီမတော် စုဖုရားငယ်ကိုပင် မိဖုရားခေါင်ကြီး အဖြစ် တင်မြှောက်ဦးတော့မည်ဆိုပါကလား။ ကြားရသည့်သတင်းများက ဟုတ်သလား၊ မှန်သလားဖြင့်မသိ နားခါးလှချည့်လား။

ပြီးတော့ နားဆင်ကြည့်ကြအုံး။ သည်ဆင်လုံး တွင်လုံးတွေမှာ မယ်တော်ဆင်ဖြူမရှင် မိဖုရားက အကြံပေး စီမံနေသတဲ့။ သည်သတင်းသာ အမှန်မဟုတ်ခဲ့လျှင် သတင်းကိုစီမံထုတ်လွှင့်သူကဖြင့် ရွှေဉာဏ်တော် စူးရောက်သည်တော့အမှန်။ သည်သတင်းကို မဟုတ်မမှန်ဘူးဟု အငြင်း မပွားနိုင်အောင် ဇယားချစီမံထားသည် မဟုတ်လား။ မယ်တော် ဆင်ဖြူမရှင်ဆိုတာက အစွမ်းထက်သောမိဖုရား။ ပထမကျော်ရှင်လူထွက် သီပေါမင်းသားကို စုဖုရားနဲ့လက်ဆက်ပြီး နန်းတင်ခဲ့သောသာကေမှာ ဘာကြာသေးလို့လဲ ၄၊ ၅၊ ၆နှစ်။ ယခုလည်း ညောင်ရမ်းမင်းသား ရွှေနန်းသိမ်းပွဲ လုပ်ခဲ့သော် မိမိအဖို့မှာ ဗလာပဲမဖြစ်အောင် "ကံစမ်းမဲ" လုပ်ထားပါသလား။ စဉ်းစားစရာတွေ ချင့်မျှော်စရာတွေ၊တွေးခေါ်စရာတွေ ကား များပါဘိ။

ထားတော့။ သည်သတင်းများသည် မိဖုရားစုဖုရားလတ်နားသို့



ကြားမည်အမှန်။ ရောက်မည်အမှန်။ သိမည်အမှန်။ "မင်းနားတစ်ထောင်" ဟုဆိုကြမည်မဟုတ်လား။ ပြီးတော့ အင်္ဂလိပ်စကားပုံတွင်လည်းရှိသေးသည် လေ။ "နံရံများတွင် နားရှိသတဲ့"။ သည်တော့ ညောင်ရမ်းမင်းသား နန်းတက်ပြီး စုဖုရားငယ်ကိုလက်ဆွဲလို့ မိဖုရားခေါင်ကြီးမြှောက်မည်ဆိုသော သတင်းကို စုဖုရားလတ်ကြားတော့ ထိတ်လန့်အံ့သြရှိမည်အမှန်။ မဟုတ် ဘူးပဲဆိုပါဦး၊ တကယ်လို့ဟုတ်ခဲ့လျှင် ဘယ်နှယ့်လုပ်ကြမှာတုံး။ ဘဝကြီး ဆုံးလုံးပျက်မယ့်ကိန်းမဟုတ်ပါလား။ "မိုမပြိုဘူး၊ ပြိုခဲ့သော်..."

မိဖုရားစုဖုရားလတ်သည် တွေးခေါ်တတ်သော ပညာရှင်မှန်ပါပေ ၏။ သူက အခြေအနေအဝဝကို တိကျစွာလေ့လာသည်။ ဤကိစ္စတွင် မယ်တော်ဆင်ဖြူမရှင်က နောက်မှကြိုးဆွဲနေသည်ဟုလည်း သတင်း သန့်သန့်ကြားရသည်။ ဟုတ်လေသလား၊ မဟုတ်လေသလားလည်းမသိ။ မယ်တော်ကို တိုက်ရိုက်ကြီးမေးမြန်းကြည့်၍လည်းမဖြစ်။ မေးလို့ကော ဟုတ်လျှင်တောင်ဟုတ်သည်ဟုမယ်တော်က ပြောပြမှာတဲ့လား။ စဉ်းစား ရွယ်ပါ။

သို့နှင့် စုဖုရားလတ်သည် တိကျပြတ်သားသော စီမံကိန်းတစ်ရပ်ကို နိုင်မာစွာချမှတ်လေတော့သည်။ ညောင်ရမ်းမင်းသားနှင့်ချိန်ရွယ်ထားသော ညီမငယ် စုဖုရားငယ်ကို အိမ်ထောင်ချထားလိုက်တော့မည်။

သည်တော့ မေးစရာရှိလာပြီ။ စုဖုရားငယ်လို ငယ်လည်းငယ်၊ ချောလည်းချော၊ သန့်လည်းသန့်၊ ခန့်လည်းခန့်သော ဘုရင့်သမီးတော်တစ် ပါးနှင့် လက်ထပ်ထိမ်းမြားမည့်သူက ဘယ်သူလဲ။ သူနှင်ထိုက်တန်သော ဘုန်းရှင်၊ ကံရှင်၊ တန်ခိုးရှင်က အဆင်သင့်ရှိလို့လား။

ဘယ်လိုများမေးလိုက်ပါလိမ့်။ ရှိပါသော်ကော။ ဘုရင့်သမီးတော်နှင့် လက်ဆက်မည့် ဘုန်းရှင်၊ ကံရှင်၊ တန်ခိုးရှင်၊ ရေမြေ့သနင်း ပြည့်ရှင်မင်းက အဆင်သင့်ရှိပါသော်ကော။ မိဖုရားစုဖုရားလတ်က စုဖုရားငယ်ကို သီပေါ ဘုရင်မင်းမြတ်နှင့် စုလျားရစ်ပတ် လက်ထပ်ပေးဖို့ အကြံကြီးကြံလေသည်။

တကယ်တော့ စုဖုရားလတ်သည် မောင်တော်သီပေါမင်းမြတ်ကို တစ်ဦးတည်းမူပိုင် ခင်ပွန်းလင်အဖြစ် အနိုင်ကိုင်ထားချင်သူပါ။ ဘုရင်ကို တစ်လင်တစ်မယားစနစ်ဖြင့် ချုပ်ကိုင်ထားချင်သူပါ။ ဒါကြောင့်ပဲ သီပေါ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်၏ နှလုံးသားပိုင်ရှင် ဒိုင်းခင်ခင်ကလေးကို မောင်တော်ဖုရားနှင့်အေး ကမ္ဘာသို့ ခွဲခွာစေပို့ခဲ့သည်မဟုတ်လား။ ခုတော့ ဘာဖြစ်လို့ သီပေါ မင်းတရားကို မိဖုရားအသစ်နှင့်ပေးစားဖို့ စုဖုရားလတ်က ဘာဖြစ်လို့ ကြံစည်ရသတဲ့လဲ။

ဒါကတော့ အရပ်စကားဖြင့်ပြောရလျှင် "တစ်ချက်ခုတ်၊ နှစ်ချက် ပြတ်''ဖြစ်မည်လေ။ စုဖုရားငယ်ကို မိဖုရားခေါင်အဖြစ် ပလ္လင်ပေါ်ဆွဲတင် မည့် ညောင်ရမ်းမင်းသားအုပ်စုလည်း အစီအစဉ်ပျက်အောင်။ ပြီးတော့ မောင်တော် သီပေါမင်းတရားလည်း အပျင်းတော်ပြေစေရအောင်ပေါ့။

ကြည့်ကြလေ။ လက်တွေ့ပဲမဟုတ်လား။ ယခင်က မောင်တော် သီပေါဘုရင်ကို တစ်လင်တစ်မယားစနစ်ဖြင့် ချုပ်ကိုင်မိလို့ ဒိုင်းခင်ခင် လက်ထဲပါသွားပါရောလား။ သည်သင်ခန်းစာများကို စာရွက်တွေတစ်ရွက် ချင်းပြန်လှန်ကြည့်သည်။ မောင်တော်မင်းတရားကို တအားကြီး ချုပ်ချယ် ထားရန်မသင့်။ မိဖုရားက ဤသို့ ချင့်မြော်တွေးခေါ်မိသည်ထင်ရဲ့။

သို့ဖြင့် စုဖုရားလတ်သည် ညီမငယ် စုဖုရားငယ်နှင့်တွေ့ရလေသည်။ ထိုနေ့က ညီအစ်မနှစ်ဦးသည် ပန်းဥယျာဉ်တော်ရှိ အပန်းဖြေနန်းဆောင် တွင် တွေ့ကြသည်။ အစ်မတော်စုဖုရားက တွေ့လိုသည်ဟု မှာကြား၍ စုဖုရားငယ်က လာရောက်ဖူးတွေ့ရသည်။ ညီမတော်ကို အိမ်ထောင်ပြုရန် စုဖုရားက တိုက်တွန်းသည်။ အားပေးသည်။ စည်းရုံးသည်။ "ညီမငယ် စိတ်ကူးမလွဲနှင့် အပျိုကြီးဘဝ အရိုးထုတ်ဖို့ မစဉ်းစားနှင့်၊ အိမ်ထောင် ပြုရန် ကြံစည်ပါ။ ဆုံးဖြတ်ပါ။ သည်ကိစ္စအတွက် အစ်မတော်စီမံမည်၊ သဘောတူပါ''

စုဖုရားငယ်မှာ ကိုယ့်ဖာသာကိုယ် ပုတီးစိတ်၊ ဥပုသ်စောင့်၊ အလှူ အတန်းပြုရင်း ဘာသာရေးဘက်မှာ ပျော်မွေ့နေသူမဟုတ်လား။

အစ်မတော်မိဖုရား ဘာတွေများ လာပြောနေပါလိမ့်ဟု နားမလည် နိုင်။ ပြီးတော့ ဘယ်မင်းသားနှင့်များ စုလျားရစ်ပတ်လက်ထပ်စေချင်လို့ပါ လိမ့်ဟု တွေးမိသည်။ နန်းတော်တွင်းမှာကလည်းထီးထီးမားမား မင်းသား ရယ်လို့ လူလားမြောက်သည့်အရွယ် တကယ်ပင်မရှိတော့ပြီမဟုတ်လား။



ရှိခဲ့သော မင်းသားကြီး မင်းသားလတ် မင်းသားငယ်တို့မှာ တစ်ခြားကမ္ဘာသို့ ရောက်သွားတာ ကြာခဲ့ပါပြီကော။

"အစ်မတော်က ဘယ်သူနဲ့သဘောတော်တူလို့လာပြောနေတာလဲ''

ဤသို့ စုဖုရားငယ်က သိချင်ဇောဖြင့်သွေးတိုးစမ်းကြည့်သည်။

စုဖုရားလတ်က "ဘယ်သူရှိရမလဲ၊ ညီမတော်ရဲ့မောင်တော်ဘုန်း တော်ကြီးဘုရားနဲ့ပေါ့''

"အို''

စုဖုရားငယ်၏နှုတ်မှ အာမေဋိတ်သံထွက်သွားသည်။ ဘယ့်နှယ်လဲ။ မိမိ၏အပျိုစင်ဘဝကို မြုပ်နှံရမည့်ကြင်ဘက်တော်က ဘုန်းတော်ကြီးဘုရား သီပေါမင်းတရားဆိုပါလား။ စုဖုရားငယ်၏တစ်ကိုယ်လုံး ကြက်သည်းတွေ တဖျန်းဖျန်း ထသွားလေသည်။ ကြောက်စရာကြီးပါလားကွယ်ရို။ ရွံစရာ ကြီးပါလားကွယ်ရို၊ ဘုန်းတော်ကြီးဘုရားနှင့်မေတ္တာမျှခဲ့သော ခင်ခင်ကြီး တစ်ယောက် ကြမ္မာဆိုးနှင့်တိုးပြီး လူ့လောကမှ ပျောက်ကွယ်သွားရတာ ဘာကြာသေးလို့လဲ။ ပြီးတော့ အစ်မတော်စုဖုရားကြီးဆိုလျှင်လည်း ဘမရာသနပလ္လင်ပေါ်မှာ ဘိသိက်ပွဲခံပြီးကတည်းက သီပေါဘုရင်မင်းတရား ၏ မျက်နှာကိုပင် မမြင်ရ မတွေ့ရပဲ ချောင်ထိုးခံခဲ့ရသည်ပဲ။ ပြီးတော့ သူ၏ မိဖုရားခေါင်ကြီး နန်းဆောင်မှပင် ဆင်းခိုင်းလို့ အမောတကောဆင်း ပြေးခဲ့ရသည်မဟုတ်လား။

စုဖုရားငယ်ခမြာ သည်ဇာတ်လမ်းတွေကို ကိုယ့်ရှေ့မှာ တွေ့ခဲ့ကြုံခဲ့ ပြီးဖြစ်တော့ ကြောက်ပါ၏။ လန့်ပါ၏။ စိုးရိမ်ပါ၏။ သို့နှင့် အပျိုဘဝ ဖြင့် တစ်သက်လုံးနေပါရစေတော့ အမတော်ဖုရားငယ်ဟု တောင်းပန်ရှာပါ ၏။ မရ၊ ဘယ်သို့မျှမရ။ ရွှေနန်းတော်တွင်းမှာက ဝစ်သွေး တစ်သံ တစ်မိန့်တည်းရှိသည်လေ။ စုဖုရားလတ်၏ အမိန့်သည်သာ အာဏာ ဖြစ်သည်မဟုတ်လား။

"စိုးရိမ်နောင့်လို့ ကြောင့်ကျတော်မမူပါနဲ့ ညီမတော်ငယ်ရဲ့။ အစ်မတော်ဖုရားက ညီမတော်ကို မောင်တော် ဘုန်းတော်ကြီးဘုရားနဲ့ လက်ဆက်ပေးပြီး မြောက်နန်းမိဖုရားမြှောက်ပေးမှာပါ''

www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး... လေး" စုဖုရားငယ်၏နှုတ်မှမထွက်လာပဲ စိတ်တွင်းက ထိတ်လန့်တကြား ရွတ်ဆိုမိခြင်းဖြစ်သည်။ သွားရှာသူ ခင်ခင်ကြီးလည်း ခုလိုပဲ မြောက်နန်းမိဖုရားတင်ပေးမည်ဆိုပြီး ဘဝကြီးလုံးလုံးပျက်ခဲ့ရ ပြီ မဟုတ်လား။ မြောက်နန်းမိဖုရားဆို ပိုလို့ပင် ကြောက်မိပါသေးသော် နော်။

စုဖုရားငယ်သည် အစ်မတော်နန်းမတော်ဖုရားကို လက်အုပ်ကလေး တစ်ချီချီနှင့် တောင်းပန်ရှာလေသည်။

"အစ်မတော်ဘုရားရဲ့... ညီမငယ်ငယ်ကို တကယ်စေတနာထား လျှင်တော့ နန်းပလ္လင်ပေါ် မတင်ပါနှင့်နော်။ ညီမတော်ကလေး ယခု အပျိုဘဝနှင့် အရိုးဆွေးလူဆွေးနေပါရစေ။ အိမ်ထောင်သားမွေးဘဝမျိုး မနှစ်သက်လွန်းလို့ပါ။ ယခုပဲ အစ်မတော်မှာ ဘုန်းတော်ကြီးဘုရားအတွက် ပူပန်ရ သမီးတော်ကလေးများအတွက် သောကပွားရနှင့် ဘယ်မှာချမ်းသာ လို့လဲ။ ပြီးတော့ ညီမငယ်မှာ ဘာသာရေးအလုပ်တွေကလည်းများနေသည် မဟုတ်လား... တကယ်"

"တိတ်စမ်း... စုဖုရားငယ်၊ ဒါတွေငါအကုန်သိပြီးသား၊ ကိုယ့်ထက် အသက်ကြီးတဲ့ အစ်မတော်ဘုရားက ကောင်းမယ်ထင်လို့စီမံရင် နာခံဖို့ပဲရှိ တယ်၊ ဆင်ခြေဆင်လက် ဘာမှမတက်နေနဲ့"

စုဖုရားလတ်က တိတ်စမ်းဆိုပြီး ငေါက်လိုက်တော့ စုဖုရားငယ်မှာ ငယ်ထိပ်ကို မြွေပေါက်ခံရသလို ထိတ်လန့်ပူပန်ဖြစ်ရရှာသည်။ နောက်ဆုံး စုဖုရားလတ်သည် မိမိဖြစ်ချင်တာရှိလျှင် ဖြစ်အောင်လုပ်တတ်သော သွားလေသူ နန်းမတော်မယ်နု၏မြေး၊ ဆင်ဖြူမရှင်၏ သမီးဖြစ်ကြောင်း စုဖုရားငယ် တွေးတောမိပြီ။ ယခုအခြေအနေမှာ ခေါင်းညိတ်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိပြီ။

သည်တွင် စုဖုရားငယ်က နှမ်းလျသော လေသံဖြင့် လျှောက်တင်ရ တော့သည်။

"အစ်မတော် သဘောထားရှိသလို စီစဉ်ပါတော့ဖုရား"

"အေး... ဒါဆိုရင်ကောင်းပြီ။ စီစဉ်ဖွယ်ရှိတာတွေ စီစဉ်ရမှာပေါ့"



စုဖုရားလတ်က ကျေနပ်အားရစွာဖြင့် နေရာမှထရပ်သည်။ မိဖုရား သည် နန်းဆောင်ပန်းခုံတော်မှကျော်၍ အဝေးသို့ ငေးမျှော်ကြည့်သည်။ မြနိုဝါပြာ ရောင်စုံဖြာနေသော ပန်းပွင့်ပန်းခြံများအပေါ်သို့ ရေပန်း တစ်ပွင့် က တင့်တယ်စွာ ဖြာပန်းနေ၏။ ရေပွင့် ရေပန်းတွေကို ဝင်လုဆဲနေရောင် ခြည်က ဖျန်းပက်နေသည်မို့ ရွှေရောင်ငွေရောင်တွေ ပွင့်လက် ဖြာထွက်နေ လေသည်။ မိဖုရားသည် ရေပန်းများ ဖြာလွင့်နေသော ညနေခင်းအလှကို နှမ်းလျစွာ ငေးမောကြည့်နေသည်။ သည်တဒင်္ဂတွင် မြောက်လေညှင်းက သင်းသင်းပျံ့ပျံ့ကလေး တိုက်ခတ်လာ၏။ မိဖုရားသည် သာယာသောရှုခင်း ကို ကြည့်ပြီး ညနေခင်း၏လေညှင်းကို အားပါးတရရှူသွင်းလိုက်၏။ ယခုမှပဲ စိတ်လက်ပေါ့ပါးသွားဟန် မိဖုရား၏အသွင်သဏ္ဌာန်က ကြည်လင် သွက်လက်လာတော့သည်။ အောင်ပြီ... အောင်ပြီ ညောင်ရမ်းမင်းသားကို နန်းအပ်ချင်သောအုပ်စုလုပ်ရပ်ကို သည်လိုနည်းဖြင့် ဖြိုချလိုက်ပြီ၊ စုဖုရား ငယ်ကို မောင်တော်သီပေါမင်းနှင့် လက်ဆက်တော့မည်လေ။ စုဖုရားလတ် ၏ ရင်တွင်းက ဤသို့ တိုးညှင်းစွာ ကြွေးကြော်နေမိလေသည်။

ရက်အနည်းငယ်အကြာတွင် သီပေါဘုရင်နှင့် စုဖုရားငယ်တို့၏ ဘိသိက်မင်္ဂလာလက်ထပ်ပွဲကို နည်းနည်းနှင့်ကျဲကျဲဝိုင်းပြီး ကျင်းပခဲ့သည်။

စုဖုရားငယ်ကတော့ ဘုန်းတော်ကြီးဘုရား သီပေါမင်းတရား၏ မြောက်နန်းမိဖုရားအဖြစ် တင်မြှောက်ခံခဲ့ရပြီ။

သည်မှာပင် မေးစရာရှိလာ၏။

စုဖုရားငယ်သည် မြောက်နန်းမိဖုရားအဖြစ် နန်းစည်းစိမ်ကို ဘယ်မျှ ရှည်ကြာ ခံစားလိုက်ရပါသတဲ့လဲ။

သည်းခံကြပါ။ မမေးကြနှင့်။ ဘာဖြစ်လို့လည်းဆိုတော့ စုဖုရားငယ် တစ်ယောက် မြောက်နန်းပေါ်ရောက်ခဲ့သည့်အချိန်မှာ ရတနာပုံရွှေနန်း၏ နေဝင်ချိန်သို့ရောက်နေပြီ ဖြစ်ပါ၍။

www.burmeseclassic.com

www.burmeseclassic.com



ဂ

ငယ်ငယ်တုံးက ကျောင်းမှာ ဖတ်စာသင်စဉ်က သင်ခန်းစာကလေး ကို သတိရပါသေးတော့။

"ဝံပုလွေတစ်ကောင်သည် စမ်းချောင်းကလေးတစ်ခုတွင် ရေသောက်ဆင်း၏။ ထိုစဉ်တွင် သိုးငယ်ကလေးတစ်ကောင်ကလည်း ရေသောက်ဆင်းလာ၏။ သိုးငယ်ကလေးကိုမြင်သော် ဝံပုလွေက ကိုက်သတ်စားချင်၏။ ထို့ကြောင့် "ဟဲ့ သိုးငယ်၊ ငါရေသောက်နေစဉ်မှာ ရေတွေနောက်ကုန်အောင် သင်လုပ်ခဲ့တယ်၊ နင့်ကိုငါ ကိုက်သတ်ရလိမ့်မယ်" ဟုပြော၏။

သိုးငယ်က "ဝံပုလွေကြီး မှားနေပါပြီ။ ကျွန်တော် ရေသောက်နေတာ ရေစီးရဲ့အောက်ဘက်ကပါ၊ ရေနောက်အောင် ကျွန်တော် လုပ်လို့မရနိုင်ပါ"

ထိုအခါ ဝံပုလွေကြီးက တစ်မျိုးကြံပြန်လေသည်။ "အေးကွ ငါ့ရေနောက်အောင်လုပ်တာ နင်မဟုတ်ရင် နင့်အဖိုးပဲဖြစ်မယ်၊နင့်အဖိုးအပြစ်ဒဏ် နင်ခံပေတော့" သည်သို့ပြောပြီး ဝံပုလွေကြီးသည် သိုးငယ်ကို ကိုက်သတ်စားလိုက်လေတော့သည်။

ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်ဟု ဆိုရမလို။ ယခုလည်း သိုးငယ် ရတနာပုံရွှေနန်းတော်သည် နယ်ချဲ့ဝံပုလွေနှင့် တွေ့နေရသည့် အဖြစ်မျိုးနှင့် တူနေတော့သည်။

ရတနာပုံရွှေနန်းတော်နှင့် ဗြိတိသျှအစိုးရတို့သည် ဘုံဘောဘားမား သစ်ခိုးမှုမှစတင်ပြီး ဝံပုလွေနှင့်သိုးငယ်ဇာတ်ကို အပြတ်အသတ် ကပြခဲ့ကြသည်ဟုပင် ဆိုနိုင်ကြသည်။

သိပြီးကြသားမဟုတ်လား။ ဗြိတိသျှအစိုးရနှင့် ရတနာပုံရွှေနန်းတို့၏ ယခင်က ခင်းခဲ့သော ရွှေလမ်း၊ ငွေလမ်းတို့သည် ယခုအခါ ပျက်စီးခဲ့ပြီ။ ပျက်စီးခဲ့ပြီဆိုတော့ ဘယ်တုန်းကပါလိမ့်။ အို ဘာကြာသေးလို့လဲ၊ လွန်ခဲ့သော တစ်နှစ်၊ နှစ်နှစ် ဗြိတိသျှသံအဖွဲ့ရုံးကို ရတနာပုံနေပြည်တော်မှ [illegible]ရုတ်သိမ်း [illegible]တုန်း[illegible]



ဗြိတိသျှအစိုးရနှင့် မြန်မာဘုရင့်အစိုးရအကြားတွင် အစဉ်အမြဲ ဆူးညှောင့်ခွဲသလိုဖြစ်နေသည့် ကိစ္စတစ်ခုရှိသည်။ ဒါက ညောင်ရမ်းမင်းသား ပြဿနာ။

ညောင်ရမ်းနှင့်ညောင်အုပ် မင်းသားနှစ်ပါးသည် ဓားဆွဲ၊ သေနတ်ဆွဲနှင့် ရဲရဲကြီးပုန်ကန်နေသည်မှာ နှစ်အတန် ကြာခဲ့ပါပြီကော။ အင်္ဂလိပ် မြန်မာနယ်စပ်တွင် တပ်ချပြီး မြန်မာပိုင်ကျေးရွာနယ်အချို့သို့ မကြာခဏ ဝင်ရောက်ကျူးကျော်သည်။ မြန်မာဘုရင့်အမှုထမ်းများထံမှ လက်နက်သိမ်း၊ အခွန်ဘဏ္ဍာများ လုယူခဲ့သည်မှာ အကြိမ်ကြိမ်အခါခါ။ ထိုသတင်းများက ရတနာပုံရွှေနန်းသို့ မကြာခဏရောက်သည်။ နယ်စပ်ဒေသက ဘုရင့်အမှုတော်ထမ်းများမှာ အနေရအထိုင်ရ ကြပ်ပါဘိ။ ညောင်ရမ်းတို့ဓားကြောက်ရမည်လား၊ သီပေါဘုရင့်ဓားကို ရွံ့ရမည်လား၊ ခွဲခွဲခြားခြားပင်မသိ။ နှီးရာဓားကိုကြောက်ရမည်ဆိုလျှင်လည်း နှစ်ဖက်စလုံးကပင် "နှီးရာဓား" ဖြစ်နေကြ၏။ ညောင်ရမ်းကိုယ်တော်၏ တပ်ဖွဲ့တွေကလည်း နယ်စပ်ဒေသ ကျေးရွာမြို့နယ်များသို့ နေ့နေ့ညည 'ကြွချင်သလိုကြွ" လာကြသည်။ တော်တော်ကြာ ပါသွားပြန်ပြီ။ လက်နက်တွေ၊ ခဲယမ်းမီးကျောက်တွေ။ တော်တော်ကြာပါသွားပြန်ပြီ။ ဘုရင့်အခွန်ဘဏ္ဍာတော်တွေ။ ယခုလို ဘုရင့်အစိုးရလက်နက်တွေ၊ ဘဏ္ဍာတွေပါသွားသည်ကို ရတနာပုံရွှေနန်းသို့ အစီရင်ခံသတင်းပို့တော့ အဆောင်အရွက်အစီအမံ အလွန်ညံ့ဖျင်းရမည်လား ဆိုပြီး အပြစ်ပေးသည်။ အရေးယူသည်။ ကဲ ဘယ်သို့လုပ်ကြမည်လဲ။

ဘုရင့်အစိုးရသည် ညောင်ရမ်းညီနောင်တို့ ဒုက္ခပေးသည့် အစီရင်ခံစာများကိုရတိုင်း မခံမရပ်နိုင်ဖြစ်ရသည်။ ထို့ကြောင့် ဗြိတိသျှအစိုးရထံသို့ ကန့်ကွက်စာများပို့၏။ သူပုန်သူကန် ညောင်ရမ်းမင်းသားနှင့်အဖွဲ့ကို "နှစ်နိုင်ငံလူဆိုးဓားပြများ လဲလှယ်ရေး ကတိကဝတ်အရ" အမြန်ဆုံးဖမ်းဆီးပြီးပေးအပ်ပါ။

အင်္ဂလိပ်အစိုးရသည် မြန်မာဘုရင့်အစိုးရ၏ ကန့်ကွက်စာကိုလက်မခံဘဲ ငြင်းပယ်လေသည်။ သူတို့ ငြင်းပယ်သည့် အကြောင်းပြချက်မှာ ရှင်းရှင်းပါပဲ။ ညောင်ရမ်းနှင့်ညောင်အုပ်မင်းသားတို့မှာ လူဆိုးဓား

www.burmeseclassic.com

www.burmeseclassic.com



ပြများမဟုတ်။ နိုင်ငံရေးခိုလှုံသူများ ဖြစ်သည်ဟုဆိုသည်။ နိုင်ငံရေးခိုလှုံသူများကို ဖမ်းဆီးပေးအပ်ရန် တာဝန်မရှိဟု ဗြိတိသျှတို့ကဆိုလေသည်။

သည်တွင် မြန်မာဘုရင့်အစိုးရက သဝဏ်လွှာတစ်စောင်ထပ်ပို့၏။ မညောင်ရမ်းနှင့်ညောင်အုပ်မင်းသားတို့က ကျူးကျော်နှောက်ယှက်မှုများအတွက် အင်္ဂလိပ်အစိုးရတွင် တာဝန်ရှိသည်။ လျော်ကြေးငွေကျပ်ငါးသောင်းပေးဆပ်ရမည်။ သို့သော် ဗြိတိသျှအစိုးရသည် မြန်မာအစိုးရ၏ သဝဏ်လွှာကို ဖြူသည်မဲသည်ဆိုရုံမျှပင် အကြောင်းမပြန်ဘဲ လျစ်လျူရှုထားလေသည်။ စော်ကားလေစွ။

ထိုအချိန်တွင် မြန်မာ့နန်းတွင်းသည် ပြင်သစ်အစိုးရနှင့်နီးနီးကပ်ကပ်ဆက်ဆံလာသည်။ သိကြသည်မဟုတ်လား။ သည်တုန်းက ကမ္ဘာနယ်ချဲ့အပြေးပြိုင်ပွဲကြီးတွင် ဗြိတိသျှနှင့်ပြင်သစ်တို့သည် ပန်းတိုင်ကိုလှမ်းကိုင်နိုင်ရန် သူပိုင်ကိုယ်ပိုင် ပြိုင်ဆိုင်နေချိန်၊ သည်အချိန်မှာ ပြင်သစ်မြန်မာဆက်ဆံရေးအခြေအနေများ ပိုမိုမြင့်မားတိုးတက်လာသည်ကို ဗြိတိသျှအစိုးရက မျက်ထောက်နီကြီးနှင့် ကြည့်နေမည်မလွဲ။

ခရစ်သက္ကရာဇ် ၁၈၈၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံအစိုးရထံမှ စီးပွားရေးအကူအညီ၊ စက်မှုအကူအညီများရယူရန် မြန်မာသံအဖွဲ့တစ်ဖွဲ့ ပြင်သစ်နိုင်ငံသို့သွားခဲ့သည်။ မြန်မာသံအဖွဲ့သည် ပြင်သစ်နိုင်ငံတွင် တစ်နှစ်ကျော်ကျော်နေထိုင်ခဲ့ပြီးမှ ၁၈၈၅ ခုနှစ်၊ ဧပြီလတွင်မှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ မြန်မာသံအဖွဲ့တွင် စာချုပ်တစ်ရပ်ပါရှိလာ၏။ ပြင်သစ်၊ မြန်မာစီးပွားရေးစာချုပ် ဖြစ်လေသည်။

၁၈၈၅ ခုနှစ်၊ ဇွန်လတွင် ပြင်သစ်နိုင်ငံမှ မစ္စတာဟက်စ် ဦးဆောင်သောသံအဖွဲ့ ရတနာပုံနေပြည်တော်သို့ ရောက်ရှိလာပါ၏။ ပြင်သစ်သံအဖွဲ့သည် ရတနာပုံနေပြည်တော်၌ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြပြီး သဘောတူညီချက်များရရှိလေသည်။ ပြင်သစ်၊ မြန်မာသဘောတူညီချက်များတွင် ရတနာပုံနေပြည်တော်မှ ဗြိတိသျှပိုင် တောင်ငူမြို့သို့ မီးရထားလမ်းဖောက်လုပ်ရန်၊ မန္တလေး ရတနာပုံနေပြည်တော်၌ ပြင်သစ်ဘဏ်တိုက်ဖွင့်ရန်၊ မိုးကုတ်မြေမှ ပတ္တမြားရတနာတူးဖော်ရေးလုပ်ငန်းကို ပြင်သစ်၊ မြန်မာပူးတွဲ



လုပ်ကိုင်ရန်၊ မြန်မာ့လက်ဖက်ခြောက်လုပ်ငန်းကို ပြင်သစ်တို့၏အကူအညီနှင့် ကမ္ဘာသို့ပို့နိုင်သည် အထိ တိုးချဲ့လုပ်ကိုင်ရန် စသည်တို့ဖြစ်လေ၏။

ကောင်းပေသားပဲ။ မြန်မာနှင့်ပြင်သစ်၊ ပြင်သစ်နှင့်မြန်မာ၊ စေတနာသဒ္ဓါထက်သန်စွာ စီးပွားရေးလုပ်ငန်းများ ထူထောင်မည်ဆိုသည်မှာ တိုင်းထက်အလွန်၊ တံခွန်နှင့်ကုက္ကားဟု ဆိုရတော့မည်မဟုတ်လား။ သို့သော် . . . .

ပြင်သစ်နှင့်မြန်မာဘုရင့်အစိုးရတို့ လည်ပင်းဖက်၊ လက်ချင်းယှက်နေကြသည်ကို ဗြိတိသျှအစိုးရသည် စိုးစိမ်မှုမနာလို၊ မရှုစိမ့်နိုင်။ မြန်မာပြည်မှထွက်ရှိသော မြေတွင်းမြေပေါ် သယံဇာတများအား မိမိတို့ပါးစပ်ထဲမှ သာရောက်ဆွဲယူဝါးမြိုမည်ကို ဘယ်နယ်ချဲ့သမားသည် ငုပ်တုပ်ခံနေမည်နည်း။

သည်အတွင်း အပြင်ဘမ်းအားဖြင့် စီးပွားရေးလုပ်ငန်းများပြထားပြီး အတွင်းရေးလျှို့ဝှက်စာချုပ်ဖြင့် ပြင်သစ်က မြန်မာကို လက်နက်တပ်ဆင်ပေးမည့်သတင်းကို ဗြိတိသျှသူလျှိုတို့က ရရှိသွားလေသည်။

ရတနာပုံနေပြည်တော်၌ အီတလီနိုင်ငံသား မစ္စတာအင်ဒရီနို ဆိုသူရှိနေ၏။ သူသည် အလုပ်အကိုင်အမျိုးမျိုး၊ ရာထူးအသွယ်သွယ်ကို ရယူထားသည်။ သူသည် အီတလီကောင်စစ်ဝန်ဖြစ်၏။ ထို့ပြင် ဧရာဝတီ ဖလုတ်တီလာ သင်္ဘောကုမ္ပဏီ ကိုယ်စားလှယ်လည်း လုပ်သည်တဲ့။ ဘုံဘေဘားမားထရိတ်ဒင်းကုမ္ပဏီ၏ သစ်လုပ်ငန်းကိုယ်စားလှယ်လည်း သူပါပဲ။

၁၈၈၅ ခုနှစ်၊ ဇွန်လတွင် အီတလီကောင်စစ်ဝန် အင်ဒရီနိုထံသို့ နန်းတွင်းသူလျှိုများက ပြင်သစ်မြန်မာ သဘောတူညီချက် စာတစ်စောင် ယူဆောင်လာ၏။ စာမှာ တစ်ကယ့်မဟာဗုံးကြီးတစ်လုံးဖြစ်တော့သည်။ ဗုံးဆိုမှ အချိန်ကိုက်ဗုံးကြီးဟု ဆိုရတော့မည်။ ကဲ စာကိုကြည့်ကြရအောင်။ ဘာတွေရေးထားပါလိမ့်။

စာကို ၁၈၈၅ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်နေ့စွဲဖြင့် ရေးထားသည်။ စာမှာ မြန်မာဘုရင့်အစိုးရ နိုင်ငံခြားရေးဝန်ကြီးထံသို့ ပြင်သစ်ဝန်ကြီးချုပ်က ရေးသောစာဖြစ်၏။ "နယ်စပ် တုံကင်နယ်တွင် ငြိမ်းချမ်းရေးနှင့်ငြိမ်ဝပ်ပိပြားမှုအခြေအနေများ ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် ပြင်သစ် အစိုးရသည်

www.burmeseclassic.com

www.burmeseclassic.com



တုံကင်ကိုဖြတ်၍ မြန်မာဘုရင့်နေပြည်တော်သို့ ခေတ်မီလက်နက်ခဲယမ်းမီးကျောက်များနှင့် စစ်သုံးပစ္စည်းများ ပေးပို့မည်”

တုံကင်နယ်မှာ ဆူပူထကြွမှုများဖြစ်နေသောကြောင့် ပြင်သစ်အစိုးရက လက်နက်ကိုင်တပ်များသုံး၍ နှိမ်နင်းနေရသည်။ ထိုနယ်တွင် အေးချမ်းသာယာလာလျှင် မြန်မာဘုရင့်အစိုးရထံ ခေတ်မီလက်နက်တွေကို ပို့ပေးတော့မည်ဆိုပါလား။

အိန္ဒိယဘုရင်ခံချုပ်ထံသို့ ထိုသတင်းသည် ဒုံးစိုင်းပြီးရောက်သွားသည်။ အိန္ဒိယဘုရင်ခံချုပ်က လန်ဒန်သို့ ချက်ချင်းအစီရင်ခံစာပို့၏။ ဗြိတိသျှနန်းရင်းဝန်သည် လန်ဒန်ရှိ ပြင်သစ်သံအမတ်ကို ခေါ်ယူပြီး စာရှင်းရှင်းရတော့သည်။ မြန်မာပြည်အရေးကိစ္စများ၌ ပြင်သစ်တို့ လက်ရှောင်နေကြရန်၊ အကယ်၍ မရှောင်မကြဉ်ရှိသော် ဗြိတိသျှအစိုးရနှင့် ထိပ်တိုက်တိုးမည်ဇကန်။

ဗြိတိသျှနန်းရင်းဝန်က ထိုသို့ ပြင်းထန်စွာသတိပေးစကားပြောကြားလေသည်။ ဗြိတိသျှအစိုးရသည် မိမိ “စားခွက်” လုမည် ထင်ရသောပြင်သစ်ကို ထိုသို့လှမ်း၍“မာန်ဖီ”ပြလိုက်သည်။ ထို့နောက် မြန်မာဘုရင့်အစိုးရအပေါ် ဝံပုလွေနှင့်သိုးငယ်ပုံပြင်အတိုင်းကပြရန် ဤသို့ “ဖန်တီး”ဝေသည်။

ဗြိတိသျှနှင့် မြန်မာဘုရင်ပိုင်နက် နယ်စပ်ရှိ နင်းကြမ်းသစ်တောတွင် ဘုံဘေဘားမား ရောင်းဝယ်ရေးကော်ပိုရေးရှင်း[၁] (ဘီဘီတီစီ)က အခွန်အခပေးပြီး သစ်များခုတ်လှဲနေသည်။ ခုတ်ယူပြီးသောသစ်များကို ရန်ကုန်မြို့၊ ကောင်ငူမြို့များသို့ သယ်ယူသွားပြီး ခွဲခြမ်းစိပ်ဖြာရောင်းဝယ်နေခဲ့သည်။

၁၈၈၅ ခုနှစ်၊ ဧပြီလတွင် ဘီဘီတီစီက မြန်မာ့ကျွန်းသစ်များကို အခွန်အခမပေးဘဲ ခုတ်လှဲယူနေသည်ဆိုသော သတင်းများ ထွက်လာ၏။ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာ့ဘုရင့်အစိုးရသည် ဗြိတိသျှအစိုးရထံ အကြောင်းကလေး ထိထိရောက်ရောက် စာရေး ပို့လေသည်။

“ဘီဘီတီစီသည် ကျွန်းသစ်အလုံးပေါင်း ရှစ်သောင်းခုတ်လှဲသွားပြီးနောက် သစ်အလုံးပေါင်း သုံးသောင်းနှစ်ထောင်အတွက်သာ အခွန်ငွေပေးဆောင်ခဲ့သည်။ ထိုပြစ်မှုအတွက် မြန်မာဘုရင့်လွှတ်တော်က ကြားနာစစ်ဆေးပြီး ထိရောက်သောပြစ်ဒဏ်ပေးမည်” မြန်မာဘုရင့်အစိုးရသည် ပြောသလိုလုပ်၍ လုပ်သလိုလည်း ပြောခဲ့လေသည်။ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် တာဝန်ရှိပုဂ္ဂိုလ်များကို ခေါ်ယူစစ်ဆေးသည်။ ထို့နောက် ထိရောက်သော စီရင်ဆုံးဖြတ်ချက်ကို တစ်ချက်လွှတ် ချမှတ်လေသည်။

“ဘီဘီတီစီ သစ်ကုမ္ပဏီသည် စတာလင်ပေါင် တစ်သိန်းခုနစ်သောင်းတန်ဖိုးရှိသော ကျွန်းသစ်များ ခိုးယူခုတ်လှဲခဲ့သည်။ ထို့ကြောင့် ခိုးယူသွားသောတန်ဖိုး၏နှစ်ဆ၊ စတာလင်ပေါင် သုံးသိန်းလေးသောင်း ပြစ်ဒဏ်ပေးဆောင်စေ”

မြန်မာဘုရင့်လွှတ်တော်၏ စီရင်ဆုံးဖြတ်ချက်သည် ပြတ်သားတိကျလှပါပေ၏။ ထိရထက်မြက်ခဲ့သည်လည်း မှန်ပါပေ၏။ ထို့ကြောင့်ပင်ဖြစ်မည်။ ဗြိတိသျှအစိုးရသည် အထက်တွင် ဖော်ပြခဲ့သော ဝံပုလွေနှင့် သိုးငယ်ပုံပြင်အတိုင်း ကျကျနန ကပြရန် စီစဉ်လေတော့သည်။

ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့တော့မည်လေ။

၁။ Bombay Burma Trading Corporation (B. B. T. C)



www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ သီပေါဘုရင်၏ ရဲရင့်သော စစ်ချီအမိန့်

က

မြန်မာဘုရင့် လွှတ်တော်သည် ဘီဘီတီစီ သစ်ကုမ္ပဏီ အပေါ်တွင် ချမှတ်လိုက်သော စီရင်ဆုံးဖြတ်ချက်ကို တည်မြဲရန် အကောင် အထည်ဖော်လေသည်။

"ဘီဘီတီစီမှ ခုတ်လှဲပြီးသော ကျွန်းသစ်လုံးများကို ဧရာဝတီမြစ်အတွင်း မျှောချလာလျှင် မြန်မာဘုရင့်တပ်မတော်က တားလိုက်ကြ၊ ဆီးလိုက်ကြ၊ ပိတ်ပင်ထိန်းချုပ်လိုက်ကြ" မြန်မာဘုရင့်လွှတ်တော်၏အမိန့်က ထိုသို့တိကျသည်။ ပြတ်သားသည်။ ပြင်းထန်သည်။ ဗြိတိသျှအစိုးရကို နောက်ခံပြုထားသော ဘီဘီတီစီသစ်ကုမ္ပဏီသည် မြန်မာဘုရင့်အစိုးရ၏ အမိန့်အသံကို ကြားရသောအခါ ကြီးစွာတုန်လှုပ်ချောက်ချားသွားလေသည်။



ဘီဘီတီစီက အိန္ဒိယပြည်ဘုရင်ခံချုပ်ထံ ဖြစ်ပုံပျက်ပုံအလုံးစုံကို တင်ပြအစီရင်ခံ၏။ မြန်မာဘုရင့်အစိုးရသည် ဘီဘီတီစီ၏ လုပ်ငန်းများပြိုကွဲပျက်စီးစေရန် ကြံစည်နေလေပြီ။ အားထုတ်နေလေပြီ။ ဗြိတိသျှနေမဝင်အင်ပါယာကို ခြိမ်းခြောက်စော်ကားနေလေပြီ။ ဗြိတိသျှအစိုးရကယ်ပါ။

ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ ဘုရင့်အစိုးရထံသို့ အကြောင်းပြန်ကြားစာပို့လာသည်။ သို့သော် ဗြိတိသျှအစိုးရက သစ်ခိုးယူ ခုတ်လှဲမှုကိစ္စကို တစ်ခွန်းတစ်ပါဒမျှမပြော။ မဆို။ သစ်ခုတ်လှဲမှုနှင့် လုံးဝမပတ်သက်သော စာသားများ ပါဝင်သည့် ပြန်ကြားစာဖြစ်ပါ၏။ ကြည့်ပါ။

**ကျွန်းသစ်ခုတ်လှဲမှုပြဿနာအတွက် ဆွေးနွေးရန် ဗြိတိသျှသံအဖွဲ့တစ်ဖွဲ့ ရတနာပုံနေပြည်တော်သို့လာမည်။ သံအဖွဲ့ကိုကာကွယ်ရန် ဗြိတိသျှလက်နက်ကိုင်တပ်ဖွဲ့ကစ်ဖွဲ့နှင့် စစ်သင်္ဘောတစ်စင်း ထားရှိရန်။**

**ဘီဘီတီစီ သစ်လုပ်ငန်း၏ ဆောင်ရွက်မှုများကို မြန်မာဘုရင့်အစိုးရက တားဆီးခြင်းမပြုရန်။**

**မြန်မာနိုင်ငံသည် မိမိ၏ နိုင်ငံခြားဆက်သွယ်ရေးကိစ္စများကို ဗြိတိသျှအစိုးရ၏ ခွင့်ပြုချက်ကိုရယူပြီးမှ ဆောင်ရွက်ရန်။**

ဗြိတိသျှအစိုးရက ထိုသဝဏ်လွှာကိုပို့ပြီး ရာဇသံလည်း ပေးလိုက်သေးသည်။ ဤသဝဏ်လွှာကို သဘောတူ မတူ အမြန်ဆုံး အကြောင်းပြန်ပါ။ အကြောင်းမပြန်လျှင် ထိရောက်သောအရေးယူမှုကို ဆောင်ရွက်ရပေလိမ့်မည်။

တော်တော်လည်း စော်ကားမော်ကားရှိလှပေသော ဗြိတိသျှတို့ရာဇသံပေလား၊ မြန်မာဘုရင့်အစိုးရသည် အချုပ်အခြာ အာဏာပိုင်နိုင်ငံတော်အစိုးရဖြစ်သည်မဟုတ်လား။ ဘာအကြောင်းကြောင့်များ တိုင်းခြားအစိုးရတစ်ဖွဲ့၏ ဩဇာအာဏာကို လိုက်နာ ကျင့်သုံးရမှာတဲ့လဲ။ လွဲမှားလိုက်ပါဘိလေ။

သီပေါဘုရင်သည် အရေးပေါ်ညီလာခံကို ခေါ်ယူကျင်းပလေသည်။ ထိုညီလာခံကို သမိုင်းတွင် 'စစ်ညီလာခံ' ဟု ခေါ်ဆိုရလိမ့်မည်။ ထိုစဉ်ကရန်သူက သေနတ်ထောင်ပြီး စကားပြောလာပြီ။ သည်သို့ဆိုလျှင် မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သေနတ်ကိုင်ပြီး စကားပြောဖို့ပဲ ရှိတော့သည်မဟုတ်လား။ ဓားကိုဓားချင်း၊ လှံကိုလှံချင်း ရင်ဆိုင်ရမည်မဟုတ်လား။

စစ်ညီလာခံသို့ သီပေါဘုရင်မင်းမြတ်၊ မိဖုရားကြီးစုဖုရားလတ်၊ ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီး၊ လေှသင်းအတွင်းဝန် စသော ဝန်ကြီးမှူးကြီးများ စုံညီစွာ တက်ရောက်ကြသည်။

ဗြိတိသျှအစိုးရ၏ စော်ကားမော်ကားနိုင်လှသော ရာဇသံကို ညီလာခံမှာဖတ်ပြသည်။ ရာဇသံကိုကြားသောအခါ ညီလာခံ ပရိသတ်တို့ ဒေါသမီးတောက်ကြသည်မှာ တက်တခေါက်ခေါက်။

ပထမဆုံးစတင်လျှပ်ရှားသူမှာ တိုင်တားမင်းကြီးဖြစ်သည်။ တိုင်တားမင်းကြီး ဦးဖိုးသည် ရဲရင့်၏။ ပြတ်သား၏။ ပွင့်လင်း၏။ သူက ညီလာခံသို့ အောင်မြင်ခန့်ညားသောအသံဖြင့် ဤသို့တင်လေသည်။

"မှန်လှပါ။ ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော ဘုရင်မင်းမြတ်အစိုးရ၏ အတိုင်းမသိကြီးမားလှသော သိက္ခာတော်ကို ပြောင်ပြောင်တင်းတင်း စော်ကားလာသော မိစ္ဆာကောင်နယ်ချဲ့ကုလားဖြူတို့ကို ပင်လယ်ထဲသို့ မောင်းချနိုင်သည်အထိ တိုက်ခိုက်သင့်ကြောင်းပါဘုရား"

ကင်းဝန်မင်းကြီးက တိုင်တားမင်းကြီးကို ဆန့်ကျင်၍တင်လေသည်။ "တင်ပါသည်ဘုရား၊ အရာရာကို နှိုင်းနှိုင်းချိန်ချိန် သုခမိန်အမူအကျင့်ဖြင့် သင့်တင့်စွာ နှလုံးသွင်းစေချင်ပါသည်ဘုရား၊ ရွှေဉာဏ်ရှင်တို့ ဆင်ခြင်တိုင်းထွာပြီး ဆောင်ရွက်သင့်သောအချိန်သို့ ရောက်နေပါပြီဘုရား၊ နိုင်ငံတော်၏ အနာဂတ်အတွက် အဆုံးအဖြတ်ပေးမည့် အချိန်ကာလလည်း ဖြစ်နေပါပြီဘုရား၊ ဘာဖြစ်လို့လည်းဆိုလျှင်. . . ."

ကမ္ဘာကို အကြိမ်ကြိမ် ဝန်းပတ်ခရီးသွားခဲ့သော ကင်းဝန်မင်းကြီးသည် အမြော်အမြင်ကြီးလှပါပေ၏။ သူက ဗြိတိသျှအစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်မည့်အစား ကြီးသောအမှုငယ်စေ၊ ငယ်သောအမှုပပျောက်စေရအောင် ဆောင်ရွက်သင့်ကြောင်း လျှောက်တင်သည်။ ခေတ်မီလက်နက်ကြီးရှင် ဗြိတိသျှစစ်တပ်ကြီးကို ယှဉ်ပြိုင်တိုက်ခိုက်ခြင်းဖြင့် ကုန်းဘောင်မင်းဆက်နိုင်ငံတော်ကြီး နိဂုံးကမ္ပတ် အဆုံးသတ်မည့်အန္တရာယ်ကို လွယ်လွယ်ဖိတ်ခေါ်မိသလို ဖြစ်တော့မည်ဟု လျှောက်ထား ပန်ကြားလေသည်။



သို့သော်

ကင်းဝန်မင်းကြီး၏ လျှောက်တင်ချက်ကို မိဖုရားစုဖုရားလတ်က လက်မခံချေ။ ကင်းဝန်မင်းကြီးသည် သတ္တိကြောင်သည်ဟု ကုန်ဆောင်သွားပါသော မိဖုရားက ရဲရဲကြီးဆုံးဖြတ်သည်။[၁] ထိုအခါ သီပေါဘုရင်ကလည်း အခြေအနေအရပ်ရပ်ကို ညှိနှိုင်းပြီး မိဖုရား၏ အဆုံးအဖြတ်ကို ထောက်ခံလေသည်။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားကြီး စုဖုရားလတ်တို့က ဗြိတိသျှတို့နှင့် စစ်တိုက်တော့မည်ဟု ဆုံးဖြတ်လေပြီ။ ညီလာခံအတွင်းက မည်သူတစ်စုံတစ်ယောက်သည် ဘုရင်နှင့် မိဖုရားတို့၏ တိုက်ပွဲခေါ်သံကို တားဆီးဝံ့မှာလဲ။

ညီလာခံ၏ ဆုံးဖြတ်ချက်ကိုအတည်ပြုရန် လွှတ်တော်ကို ဆင့်ခေါ်လိုက်လေသည်။

ဗြိတိုက်တော်တွင် လွှတ်တော်ညီလာခံကြီးကို ကျင်းပလေသည်။ ဘုရင့်ညီလာခံ ဆုံးဖြတ်ချက်ကို အတည်ပြုရန်၊ လွှတ်တော် ညီလာခံကို ခေါ်ဆိုရခြင်းဖြစ်သည်။

လွှတ်တော်ညီလာခံသို့ ဘုရင်နှင့်မိဖုရားတို့ မတက်ရောက်ကြ။ ဗြိတိုက်ညီလာခံသည် ဆွေးနွေးညှိနှိုင်းဖွယ်ရာကိစ္စများကို လွတ်လပ်စွာ ညှိနှိုင်းနိုင်ကြပါစေ၊ ဆွေးနွေးနိုင်ကြပါစေ၊ ဆုံးဖြတ်နိုင်ကြပါစေ။

သို့သော်. . . . .

---

၁။ "ရန်သူက ဓားဆိုလျှင်ဓား၊ လှံဆိုလျှင်လှံ၊ သေနတ်ဆိုလျှင် သေနတ်၊ ရင်ဆိုင်ရန်အသင့်ရှိရမည်ပေါ့။ သည်အဖိုးအို ကင်းဝန်ကြီး ဘာဖြစ်လို့ သတ္တိကြောင်နေရတာလဲ၊ ဘာဖြစ်လို့သွေးပျက်နေရတာလဲ၊ ဟဲ့ ကောင်မလေးတွေ၊ ယောကျ်ားဖြစ်ပြီး ယောကျ်ားသွေးမရှိတဲ့ ကင်းဝန်မင်းကြီးကို သနပ်ခါးလိမ်းပေးရအောင် ကျောက်ပြင်နဲ့သနပ်ခါတုံး ပေးလိုက်ကြစမ်း"

မှန်သည်၊ မှားသည်တော့ဖြင့်မသိ။ ရတနာပုံနန်းတွင်းက ထွက်လာသော ပါးစပ်ရာဇဝင်တွေက စုဖုရားလတ်၏စကားကို ထိုသို့ မှတ်တမ်းတင်ခဲ့ကြသည်။ နယ်ချဲ့ကုလားဖြူတွေအပေါ် ဒေါသစောင်းမာန် ဝတ်ထန်နေသော မိဖုရားက ကင်းဝန်မင်းကြီး ဦးကောင်း၏ ရှုမြင်ပုံကို မကျေနပ်၍ ဤသို့ တုံ့ပြန်ခဲ့သည်ဟုလည်း ပါးစပ်ရာဇဝင်ဆရာတို့က ဆိုကြပြော ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်က ဘုရင်နှင့်မိဖုရားအားရစရာမရှိချေ။ ပထမထွက်ပေါ်လာသော ဆုံးဖြတ်ချက်မှာ "ဗြိတိသျှအစိုးရနှင့် ချစ်ကြည်ရင်းနှီးစွာ တိုင်ပင်ဆွေးနွေးသင့်ကြောင်း"

ထိုဆုံးဖြတ်ချက်သတင်းသည် ဥယျာဉ်တော်အတွင်း စံမြန်းနေကြသော ဘုရင်နှင့်မိဖုရားထံ ရောက်ရှိလာ၏။ သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့ ဒေါသကြီးစွာ ဖြစ်ကြရရှာ၏။ ဥယျာဉ်တော်တွင်ရှိနေသော မယ်တော်ဆင်ဖြူမရှင်၏ ဖျောင်းဖျဆွေးနွေးမှုကိုပင် ဘုရင်နှင့်မိဖုရားတို့ ဂရုမထားနိုင်ကြပြီ။ စုဖုရားလတ်သည် မောင်တော်မင်းတရားကို လက်ဆွဲပြီး ဗြဲတိုက်တော်သို့ လျင်မြန်စွာသွား၏။ လွှတ်တော်သို့ အမောတကောင်၏။ ညီလာခံတွင် အရေးတကြီးဝင်ရောက်ကြားနာ၏။ ဘုရင်နှင့်မိဖုရား၏ ရှေ့မှောက်တွင် ကျင်းပသော လွှတ်တော်၏အဆုံးအဖြတ်သည် ဘုရင်နှင့်မိဖုရား၏ သဘောထားနှင့် တစ်သားတည်းထွက်ပေါ်လာလေပြီ။

လွှတ်တော်မှ သဝဏ်လွှာနှစ်စောင်ထွက်လာသည်။ သဝဏ်လွှာတစ်စောင်က ဗြိတိသျှအစိုးရထံ ရဲရင့်စွာပြန်ကြားလိုက်သော "အဖြေ"

သဝဏ်လွှာတစ်စောင်က မြန်မာဘုရင့်နိုင်ငံတော်တစ်ဝှမ်းရှိ လူညီးနေလေ့အောင်း မြင်းဇောင်းမကျန် ပြည်သူအပေါင်းတို့ထံ တိုက်ပွဲခေါ်လိုက်သော ဘုရင့်စစ်မိန့်ကြွေးကြော်သံ။

ခ

မြန်မာဘုရင့်နိုင်ငံတော်တွင် စစ်မောင်းသံတဒူဒူ ကြားကြရပြီ။ "ရဲရင့်သော မြန်မာ့သွေးကိုပြကြလော့။ ဝင့်ကြွားသော မြန်မာ့ဒေါင်းလံကို လွှင့်ကြလော့။ အမျိုး ဘာသာ သာသနာအတွက် မြန်မာတိုင်း မြန်မာတိုင်း အသက်ကိုစွန့်ရန် အသင့်ပြင်ကြလော့" ဤသို့ တိုက်ပွဲခေါ်သံကို ရဲရဲကြီးကြွေးကြော်ခဲ့ပြီ။

"မိစ္ဆာဒိဋ္ဌိ ကုလားဖြူများသည် ဘာသာ သာသနာတော်နှင့် ငါတို့၏ အမျိုးသားယဉ်ကျေးမှုကိုဖျက်ဆီးပြီး နိုင်ငံကိုကျွန်ပြုရန် စစ်ပြင်ဆင်လျက်ဖြင်းထန်သောရာဇသံကိုပေးနေပြီ။ တရားမျှ...သော နိုင်ငံကြီးသားပီသစွာဖြင့် ငါတို့၏သဘောထားကို ပြန်ကြားလိုက်ပြီ။ မိစ္ဆာကုလားဖြူများသည်



ငါတို့နိုင်ငံကို အချိန်မရွေး လာရောက်နိုင်သည်ဖြစ်၍ ရန်သူကို ရေကြောင်း၊ ကြည်းကြောင်းတို့မှတိုက်ခိုက်ရန် ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော ဘုရင်မင်းမြတ်ကိုယ်တိုင် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ အမြောက်တပ်၊ လှေတပ်များကိုဦးစီးလျက် အရာရှိအရာခံ အကြပ်တပ်သားများနှင့်အတူ စစ်ပြင်ဆင်မှု ပြုလုပ်နေလေပြီ။

ဘုရင့်အမှုတော်ထမ်းများနှင့် ပြည်သူအပေါင်းတို့သည် မိစ္ဆာဒိဋ္ဌိများ၏ ရန်မှ နိုင်ငံတော်ကို ပူးပေါင်းကာကွယ်ကြလော့။ ကျေးရွာ မြို့နယ်များတွင် ဓါတိုင်းကဲ့သို့ ငြိမ်းချမ်းသာယာ၍ နိုးသား၊ မုဒိန်း၊ ဓားပြတို့၏ရန်မှ ကင်းဝေးရန် မြို့စား၊ ရွာစား၊ အရာထမ်းအမှုထမ်းတို့က တာဝန်ယူ ကြီးကြပ်ကွပ်ကဲကြ။

မန္တလေးရွှေမြို့တော်ရှိ မြန်မာတပ်မတော်ကို ခံတပ်အသီးသီးသို့ စေလွှတ်တိုက်ခိုက်တော့မည်။ ဘာသာ သာသနာနှင့် အမျိုးသားနိုင်ငံတော်ကို ကာကွယ်လိုကြသော သူရဲကောင်းများသည် မိမိတို့နှင့်သင့်လျော်သော တပ်အသီးသီးတွင် ဝင်ရောက်အမှုထမ်းကြ။ ထိုသို့ အမှုထမ်းကြသူများကို ဆုတော်လာဘ်တော်များ ချီးမြှင့်မည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လိုသည့် သူရဲကောင်းများစာရင်းကို အရာထမ်းအမှုထမ်းတို့က ကောက်ယူပြီး သက်ဆိုင်ရာ တပ်ဖွဲ့တပ်ရင်းများသို့ အမြန်တင်ပို့ကြ"

သီပေါဘုရင်အစိုးရအဖွဲ့သည် ပြည်တွင်း၌ စစ်ရေးလှုံ့ဆော်ချက်များကို ထိုသို့ ဆောင်ရွက်နေစဉ်မှာပင် ဗြိတိသျှတို့ပေးပို့လာသော ရာဇသံကို ဤသို့ ရဲဝံ့စွာ ပြန်ကြားခဲ့လေသည်။

"အကြည်တော် မဟာမင်းကြီး၏အတွင်းဝန် ဆိုင်းမ်ထံမှပေးပို့သော သဝဏ်လွှာကို ရရှိပါ၏။ သဝဏ်လွှာတွင်ပါရှိသော အကြောင်းအရာများနှင့် ပတ်သက်၍ ဘုရင့်အစိုးရလွှတ်တော်တွင် ဆွေးနွေးညှိနှိုင်းကြပြီးနောက် အောက်ပါအတိုင်း ညီညွတ်စွာ ဆုံးဖြတ်ပြန်ကြားပါသည်"

ဘုံဘေဘားမား သစ်ကုမ္ပဏီ၏ ကျူးလွန်ခဲ့သောဖြစ်မှုအတွက် မြန်မာအစိုးရက ချမှတ်ခဲ့သောဒဏ်ငွေမှာ သင့်မြတ်လျော်ကန်သည်ဟု လွှတ်တော်က ယူဆသည်။

မြန်မာအစိုးရက ချမှတ်ခဲ့သော ဒဏ်ငွေ နှစ်ဆယ့်သုံးသိန်းကျပ်ကို ဘုရင့်ရွှေတိုက်တော်သို့ ဘီဘီတီစီက တင်သွင်းခဲ့လျှင် သစ်လုပ်ငန်း ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုမည်။

မန္တလေးနေပြည်တော်တွင် ဗြိတိသျှသံအဖွဲ့ထားရှိရန် ဆန္ဒရှိခဲ့လျှင် ယခင်အခါများကဲ့သို့ပင် ထားရှိခွင့်ပြုမည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးနှင့်ပတ်သက်၍ မဟာမင်းကြီးအား သိရှိစေလိုသောအချက်မှာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးနှင့် ပြည်ပရေးရာတို့မှာ ထိုနိုင်ငံ၏ ရှိနှင့်ပြီးသော ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာဘုရင့်အစိုးရသည် ပြင်သစ်၊ အီတလီနှင့်အခြားနိုင်ငံများစွာနှင့် အကျိုးတူကိစ္စများ ချစ်ကြည်စွာဆောင်ရွက်ဆက်ဆံနိုင်ခွင့်ရှိရမည်သာဖြစ်သည်။

မြန်မာဘုရင့်အစိုးရ၏ ရဲရင့်ပြတ်သားစွာပြန်ကြားချက်ကို ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အက်ရှ်လေးအိဒင် သင်္ဘောက ရန်ကုန်မြို့သို့ ယူဆောင်လာခဲ့၏။ ဘုရင့်လွှတ်တော်၏ ရဲရင့်သော ပြန်ကြားစာ ရန်ကုန်မြို့သို့ရောက်ချိန်တွင် မြန်မာနိုင်ငံတော်အတွင်း၌ သီပေါဘုရင်၏ တိုက်ပွဲခေါ်သံကြေညာချက်သည် ပြည်သူများအတွင်းသို့ ပြန့်နှံ့ပြန့်နေ ပြီးနေလေပြီ။

ဘုရင့်တပ်မတော်သားတို့သည် တစ်ရွာဝင်တစ်ရွာထွက်နှင့် တပ်သားသစ်များစုဆောင်းနေသည်။ မိသားစု တစ်စု တစ်စုက တပ်မတော်သား ၂ ဦးစီ ပါဝင်ကြရမည်ဖြစ်သည်။ ထို့ပြင် ထိုတပ်မတော်သားများ၏ လက်နက်ခဲယမ်းနှင့် ရိက္ခာအတွက်ပါ တာဝန်ယူကြရသည်။

မြန်မာ့ရေတပ်မတော်သည် အင်အားနည်းလှသည်။ သင်္ဘော အနည်းငယ်နှင့် အမြောက်အနည်းငယ်သာရှိ၏။ လက်ဖြင့် လှော်ခတ်ရသော တိုက်ပွဲဝင်လှေကား များစွာရှိ၏။ ခေတ်မီလက်နက်များတပ်ဆင်ထားသော ကုလားဖြူတပ်နှင့်ရင်ဆိုင်ရန်မှာ မြန်မာ့ရေတပ်နှင့် လှေသင်္ဘောတို့မှာ အရေအတွက်ရော အင်အားစွမ်းရည်ပါ နည်းပါးလှ၏။ သို့သော် မြန်မာဘုရင့်ဝန်ကြီးများနှင့် ဘုရင်မင်းမြတ်ကိုယ်တိုင်ကပင် ရေတပ်ပါရဂူအဖြစ် ခန့်ထားသော အီတလီအမျိုးသား မိုဟင်နရီ၏ ကြွားဝါပိုကဲသော စကားများကို ယုံကြည်လျက် မြန်မာ့ရေတပ်ကို အထင်ကြီးလျက်ရှိနေလေသည်။

ဗြိတိသျှတပ်များကို မန္တလေးနေပြည်တော်သို့ချီတက်ရန် သရက်မြို့တွင် စုရုံးပြင်ဆင်နေခဲ့၏။ တပ်ကိုဦးစီးမည့်သူမှာ မေဂျာဂျင်နရယ်ပရင်ဒါးဂတ်စ်ဖြစ်၏။ ပရင်ဒါးဂတ်စ်သည် ဗြိတိသျှတပ်မတော်တွင် အမြင့်ဆုံး သူရဲကောင်းဆုဖြစ်သော V.C(ဗွိတိုးရီးယားခရော့စ်) ဘွဲ့ရထားသူဖြစ်၍ အင်း သူကား အိန္ဒိယနိုင်ငံ၌ မျိုးချစ်တော်လှန်ရေးသမားများကိုနှိမ်နင်းရာ၌ နာမည်ကျော်ကြားခဲ့သူ ဖြစ်သည်။ မဒရပ်တပ်မတော်မှာ သူကြောင့် ထင်ရှားခဲ့သည်ဆို၏။

ပရင်းဒါးဂတ်စ်နှင့်အတူ လိုက်ပါကွပ်ကဲမည့်သူမှာ ကာနယ်စလေဒင်ဖြစ်သည်။ စလေဒင်မှာ မန္တလေးနန်းတွင်း၌ အတွေ့အကြုံရှိသူဖြစ်သည်။ ပရင်းဒါးဂတ်စ်၏ မန္တလေးမြို့သိမ်းတိုက်ပွဲတွင် အထူးပါဝင်ကူညီနိုင်မည့်သူဟု မျှော်လင့်ထားကြသည်။

ဗြိတိသျှတပ်မတော်တွင် ခြေလျင်တပ်မဟာ သုံးတပ်ပါဝင်၍ တပ်မဟာတိုင်းတွင် အိန္ဒိယတိုင်းရင်းသားများနှင့် ဗြိတိန် အမျိုးသားတပ်သားများကို ပူးတွဲတာဝန်ချထားသည်။ ထိုတပ်မဟာများနှင့်အတူ အမြောက်တပ်နှင့် ရေတပ်သင်္ဘောတပ်ဖွဲ့ကို ပူးတွဲတာဝန်ပေးထားသည်။

မြန်မာ့တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် လှေသင်းအတွင်းဝန်က တာဝန်ယူထားသည်။ မြန်မာ့ရေတပ်မတော်တွင် အကြံပေးပါရဂူအဖြစ် အီတလီအမျိုးသား ကွမ်မိုတိုနှင့်မိုဟင်နရီတို့က တာဝန်ယူထားသည်။

မြန်မာဘုရင့်တပ်မတော်နှင့် ဗြိတိသျှတပ်ဖွဲ့တို့သည် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပထမဦးဆုံး ထိပ်တိုက်တိုးခဲ့ကြသည်။ ဘုရင့်ရေတပ်သင်္ဘောအချို့သည် ရေတပ်တိုက်လှေများခြံရံ၍ အထက်မင်းလှမြို့နှင့် သရက်မြို့အကြား လှုပ်ရှားနေကြသည်။

ဗြိတိသျှစစ်တပ်သည် ထိုသတင်းကိုကြားသော် ရေတပ်ကွန်မင်ဒါ ကာလပ်တားဘတ်စ်က အိပ်ချ်၊ အမ်၊ အက်စ် ရောဝတီ အမည်ရှိ ရေတပ်သင်္ဘောဖြင့် ချက်ချင်းထွက်လိုက်လာသည်။ ထိုသင်္ဘောနှင့်အတူ "ကက်သလင်း" အမည်ရှိ ရေတပ်သင်္ဘောကို ထည့်ပေးလိုက်သည်။

မြန်မာ့ရေတပ်သင်္ဘောတွင် အီတလီ စစ်အကြံပေးပါရဂူ ကွမ်မိုတိုပါဝင်ခဲ့သည်။ ကွမ်မိုတို၏ စစ်သေနင်္ဂဗျူဟာမှာ ဤသို့ဖြစ်သည်။ တိုက်ပွဲမြစ် လှေကြီးတစ်စင်းကို ချွန်ထက်နေသော သံချောင်း၊ သစ်သားချောင်းကြီးများ အပြည့်တင်လျက် မြစ်ကျဉ်းတစ်နေရာတွင် နစ်မြုပ်တားဆီးထားရန်ဖြစ်သည်။ ၁၀–ပေ၊ ၁၅–ပေခန့် အရှည်ရှိသော သံချောင်း၊ သစ်ချောင်းများပါ

www.burmeseclassic.com

www.burmeseclassic.com



ဝင်သော လှေကြီးသည် မြစ်ကျဉ်းဒေသမှနေ၍ ဧရာဝတီမြစ်ကို ပိတ်ဆို့ထား နိုင်ပေတော့မည်။ အီတလီပညာရှင်က ထိုသို့တွေးမျှော်လေသည်။

သို့သော် ကွမ်မိုတို၏အကြံအစည်မှာ လက်တွေ့လုပ်မပြလိုက်ရ ကွမ်မိုတိုကိုယ်တိုင် ဧရာဝတီမြစ်ကျဉ်းကို ရှာဖွေလေ့လာနေစဉ် ဗြိတိသျှ ရေတပ်သင်္ဘော ဧရာဝတီနှင့် ကက်သလင်းတို့ မြစ်ကြောင်း၌ "ဘွား" ခနဲ ပေါ်လာခဲ့သည်။ ဗြိတိသျှသင်္ဘောများက အမြောက်နှင့်လှမ်းပစ်သဖြင့် အီတလီပညာရှင် ကွမ်မိုတိုနှင့် တပ်မတော်သားများသည် လှေသင်္ဘော များကို စွန့်ခွာပြီး ကမ်းပေါ်သို့ ပြေးတက်သွားခဲ့ရလေသည်။ စွန့်ခွာသွား သော သင်္ဘောပေါ်မှ စစ်နှင့်ပတ်သက်သောစာရွက်စာတမ်းများကို ဗြိတိသျှ တို့ ရရှိသွားခဲ့ခြင်းမှာ မြန်မာတို့ဘက်က ကြီးမားသော အဆုံးအရှုံးသာ တည်း။

နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဗြိတိသျှသင်္ဘောစစ်အုပ်စုသည် နယ်စပ်မျဉ်းကိုကျော်ဖြတ်၍ ဧရာဝတီမြစ်ကြောင်းကို ဆန်တက် လေသည်။ ဗြိတိသျှရေတပ်သင်္ဘောအုပ်စုကို ဧရာဝတီမြစ် ဝဲယာကမ်းပေါ်မှ မြန်မာ့ တပ်မတော်သားများက ရဲဝံ့စွာ ခုခံတိုက်ခိုက်ကြလေသည်။ အင်အားချင်း ကွာမမျှ၊ လက်နက်စွမ်းရည်ချင်းက အဆများစွာကွာသည်။ သို့နှင့်ဗြိတိသျှ ရေတပ်သည် ဧရာဝတီ မြစ်ကမ်းဝဲယာရှိ မြန်မာခံတပ်များကို သိမ်းပိုက် နိုင်ခဲ့လေသည်။ မြန်မာ့ခံတပ်ကြီးရှိရာ မင်းလှမြို့သို့ ချီတက်ရန် လမ်းပွင့် သွားသည်။

မင်းလှမြို့မှာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင်ရှိသည်။ မင်းလှ မြို့စား၏အိမ်နှင့်ရုံးတော်ကို ခံတပ်များဖြင့် ဝန်းရံထားသည်။ မင်းလှခံတပ် နှင့်မျက်နှာချင်းဆိုင်တွင် ကွေ့ချောင်းခံတပ်ရှိသည်။ ကွေ့ချောင်းကားအီတလီ အင်ဂျင်နီယာပညာရှင်တို့၏ အစီအမံဖြင့် မွမ်းမံထားသော ခံတပ်ဖြစ်သည်။

နိုဝင်ဘာ ၁၅-ရက်နေ့တွင် ဗြိတိသျှတပ်များသည် ရေတပ်သင်္ဘော ပေါ်မှနေ၍ ဆိပ်ကမ်းပေါ်သို့ တက်ခဲ့ကြသည်။ ထိုအချိန်တွင် ဧရာဝတီ မြစ်အတွင်းမှ ဗြိတိသျှစစ်သင်္ဘောများသည် ကွေ့ချောင်းခံတပ်နှင့် မင်းလှ ခံတပ်များဆီသို့ အမြောက်ကြီးများဖြင့် လှမ်းပစ်နေကြသည်။



ဗြိတိသျှကမ်းတက်တပ်ဖွဲ့သည် ကွေ့ချောင်းခံတပ်ကို ကြည်းကြောင်း မှ ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။ မြန်မာတပ်မတော် သားတို့သည် သူ့ကျွန် မခံ စိတ်ဓာတ်မာန်ဖြင့် ရဲဝံ့စွာ ခုခံကြပါသေး၏။

သို့သော် အင်အားချင်းမမျှ၍ ကွေ့ချောင်းခံတပ်သည် ရန်သူ့လက်သို့ ကျသွားလေသည်။ ကွေ့ချောင်းခံတပ်ကို ဗြိတိသျှတို့ ရပြီးနောက် မင်းလှ ခံတပ်သည် အခက်အခဲများစွာဖြင့် တိုက်ခိုက်ရပြီးနောက် ဗြိတိသျှတပ်များ လက်သို့ ကျသွားလေ၏။ မြန်မာတပ်သား ရာပေါင်းများစွာသည် လှေခွက် ချည်းကျန် အလံမလှဲစိတ်ဓာတ်ဖြင့် မင်းလှခံတပ်၌ ခုခံတွန်းလှန်ခဲ့သည် မှန်ပါ၏။ သို့သော် လက်နက်ခဲယမ်းအင်အား အဆများစွာသာလွန်နေသော ဗြိတိသျှတို့ကို မြန်မာတို့ မတားဆီးနိုင်ကြ။

ဗြိတိသျှစစ်တပ်သည် နိုဝင်ဘာ ၁၉ ရက်နေ့တွင် ဧရာဝတီမြစ် ကြောင်းမှ ဆန်တက်လာခဲ့ပြန်သည်။ မကွေးမြို့ဆိပ်ကမ်းသို့ ရောက်သော် မြန်မာ့တပ်မတော်မှ အီတလီအမျိုးသား စစ်အကြံပေးပုဂ္ဂိုလ် ကွမ်မိုတိုနှင့် မိုဟင်နရီတို့သည် ဗြိတိသျှတပ်ဖွဲ့ထံ လက်နက်ချဝင်ရောက်ခဲ့ကြသည်။ မြန်မာဘုရင့်ထံမှ အခွင့်ထူးများကို မြိုးမြိုးမျက်မျက် ခံစားစံစားရပြီးသော ထိုနိုင်ငံခြားသားတို့သည် မြန်မာဘုရင် စစ်ရှုံးတော့မည်ကို မြင်ရသောအခါ ဗြိတိသျှတို့ ခြေသလုံးကို ပြေးဖက်ရန်မှလွဲ၍ ဘာလုပ်နိုင်ကြမည်နည်း။

၈

ဧရာဝတီ မြစ်ကြောင်းရှိ စစ်မြေဒေသတို့မှရရှိသော သတင်းများက နန်းတွင်း၌ အမျိုးမျိုးဖြစ်နေလေသည် သီပေါဘုရင်နှင့် မိဖုရားတို့မှာ ဘယ်သတင်းကို ယုံရမည်လည်းမမှန်းဆနိုင်။ ဝန်ကြီးများထံက ရရှိသော အစီရင်ခံစာများက မြန်မာဘုရင့်တပ်မတော်သည် ရဲရင့်သော တိုက်ပွဲများ ဆင်နွှဲပြီး ရန်သူ့အပေါ် အောင်ပွဲအလီလီခံယူနေသည်တဲ့။

ထိုသတင်းများကို ပထမစတင်ကြားရစဉ်က သီပေါဘုရင်သည် ဝမ်းသာအားရဖြစ်မိသည်။ မိဖုရားကြီး စုဖုရားလတ်လည်း အတိုင်းမသိ ဝမ်းသာမိသည်။ ထို့ကြောင့် နန်းတော်တွင်းမှာ အောင်ပွဲသဘင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရက်ဆက်ကျင်းပပြီး ဆုတော်လာဘ်တော်တွေပေး ဆိုင်းတခြိမ့်ခြိမ့် ခြိမ့် တသိမ့်သိမ့်။

သို့သော် . . .

အစီရင်ခံစာသတင်းတွေက အောင်ပွဲခံသည်ဟုကြားရပြီး အချို့ သတင်းတွေက မြန်မာတပ်တွေ အရှုံးကြီးရှုံးနေသည်ဟု ဆိုသည်။ နေ ပြည်တော်တွင်းမှာ ပြည်သူတို့သည် မျက်နှာမကြည်မသာ စိုးရိမ်စိတ်ကဲအား ဟိုမေးငေါ့ပြီး တိုးတိုးတိတ်တိတ်မေး၊ သည်မေးထိုးပြီး လှို့လှို့ဝှက်ဝှက် ပြော စစ်ရှုံးသောသတင်းတွေကို အခမဲ့ဖြန့်ဝေနေကြသည်။

နောက်ဆုံးတွင် ဧရာဝတီမြစ်ကြောင်းချီ ဗြိတိသျှတပ်များနှင့်မြန်မာ တပ်မတော်တို့၏ ပြင်းထန်သောတိုက်ပွဲများအကြား တပ်မတော်သားများစွာ တို့မှာ အမိနိုင်ငံအတွက် အသက်ပေးခဲ့ကြရကြောင်း သတင်းသည် ဘွင်းဘွင်းကြီးပေါ်လေပြီ။ မြန်မာ့ခံတပ်ကြီးများ ပြိုကွဲဆုံးရှုံးကုန်ပြီဆိုသော သတင်းများသည် ဘုရင်မင်းမြတ်နှင့် မိဖုရားတို့၏နားသို့ အဆီးအတားမရှိ ရောက်ခဲ့လေပြီ။

သည်တော့မှပင် သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့က ရောက်ါ ကျွမ်းနေသော နိုင်ငံတော်လူမမာကြီးကို နောက်ဆုံးဆေး တစ်ခွက်တိုက် ကြည့်ရန် ကြိုးပမ်းရတော့သည်။ ကင်းဝန်မင်းကြီးကိုခေါ်၏။ ညီလာခံ တစ်ရပ်ကျင်းပရန် ခေါ်ယူလိုက်၏။ ထိုညီလာခံက ကင်းဝန်မင်းကြီး ဦးကောင်းကို အာဏာကုန်လွှဲလေသည်။ ဗြိတိသျှအစိုးရစစ်တပ်များ နေပြည်တော်သို့ ချီတက်စေပို့ခြင်းမပြုရန် ကင်းဝန်မင်းကြီးသည် သင့်တင့် သော အစီအမံများကို ဆောင်ရွက်ပါလေတော့။

သို့သော် အခြေအနေအရပ်ရပ်သည် နောက်ကျခဲ့ပါပကော။ အလာ ကောင်းသော်လည်း အခါနှောင်းခဲ့ပြီ။ ကင်းဝန်မင်းကြီး ဦးကောင်းသည် မိမိအား ဘုရင်မင်းမြတ်ကလွှဲအပ်လိုက်သော အခွင့်အာဏာကိုသုံးပြီး သေလု လုလူမမာနှင့်တူသော နိုင်ငံတော်ကို မဟာဆေးတော်ကြီးတိုက်ကျွေးရန် စီစဉ်ပါ၏။ မေးစိနေပြီဖြစ်သော လူမမာသည် ဆေးသောက်ရန် ပါးစပ်ပင် ဟနိုင်ပြီတည်း။



ကင်းဝန်မင်းကြီးသည် မြန်မာဘုရင်မင်းမြတ်ထံမှ စစ်ပွဲပြေငြိမ်းလို ကြောင်း သဝဏ်လွှာကို မြန်မာဘုရင့်အရာရှိတစ်ဦးထံ အပ်နှင်းပြီးဗြိတိသျှ စစ်သင်္ဘောသို့ စေလွှတ်လိုက်၏။ ထိုသဝဏ်လွှာ၌ "မြန်မာဘုရင့်အစိုးရသည် အင်္ဂလိပ်ပြည်သူတို့နှင့် ချစ်ကြည်ရင်းနှီးလိုပါသည်။ ယခုကဲ့သို့ မိတ်ဆွေရင်း မပီသဘဲ ကျူးကျော်တိုက်ခိုက်လာခြင်းအတွက် များစွာစိတ်မကောင်း ဖြစ်ရသည်။ အင်္ဂလိပ်အစိုးရထံမှ ပေးပို့ထားသော အကြောင်းအရာများကို မြန်မာဘုရင့်အစိုးရက သဘောတူလိုက်လျောမည်" ဟူသော သဘောထား ကို ရေးသားပေးပို့လေသည်။

မြန်မာဘုရင့်ထံမှ သဝဏ်လွှာကို မန္တလေးနေပြည်တော်အောက်ဘက် မိုင် ၂၀ အကွာရှိ ဧရာဝတီမြစ်အတွင်း၌ချရပ်ထားသော ဗြိတိသျှ သင်္ဘော အုပ်စုသို့သွားပို့သည်။ သဝဏ်လွှာကို ကာနယ်စလေဒင်က လက်ခံ ရယူ၏။ သို့သော် ဗြိတိသျှဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်သည် မြန်မာဘုရင့် သဝဏ်လွှာကို တုံ့ပြန်ရာ၌ ရင့်သီးလွန်းပေစွ။ သူက "မြန်မာဘုရင်နှင့် တပ်မတော်က လက်နက်ချအညံ့ခံလျှင် ဘုရင်မင်းမြတ်၏အသက်အန္တရာယ် ကို မထိပါးရန် ကတိပြုသည်။ မြန်မာဘုရင်သည် လက်နက်ချအညံ့ခံမည် သို့မဟုတ် လက်နက်မချဆိုသည်ကို နောက်တစ်နေ့ နံနက် ၄ နာရီမထိုးမီ အကြောင်းပြန်ကြားပါ။ သို့မဟုတ်လျှင် မိမိတို့တပ်များသည် မန္တလေး နေပြည်တော်သို့ အမြန်ချီတက်သိမ်းပိုက်ရလိမ့်မည်"

သည်ပြန်ကြားချက်ကို မြန်မာအရာရှိများက မန္တလေးနေပြည်တော် သို့ ကြေးနန်းဖြင့် ပေးပို့ကြသည်။ နောက်တစ်နေ့နံနက် လင်းသည်အထိ မြန်မာဘုရင်မင်းမြတ်ထံမှ အဖြေအမည်းတစ်စုံတစ်ရာ အကြောင်းပြန်ကြား ချက်မလာ။ ဤတွင် ဗြိတိသျှစစ်ဗိုလ်ချုပ်သည် သင်္ဘောတပ်ဖွဲ့မှ အမြောက်ကြီးကို စတင်ပစ်ခတ်ချီတက်ရန် အမိန့်ပေးလိုက်၏။ တိုက်ပွဲ ပြန်စပြီ။

ထိုအချိန်တွင် . . .

ဧရာဝတီမြစ်ပြင်၌ လှေတော်တစ်စင်း သုတ်ခြေတင်ပြီး ဆိုက်ဆင်းလာ သည်ကိုတွေ့ရ၏။ လှေတော်တွင် မြန်မာဘုရင့်အရာရှိ တစ်ဦးပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ၌ ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသော သီပေါဘုရင်မင်းမြတ်၏အစိုးရအဖွဲ့မှ ပြန်ကြားလွှာတစ်စောင်ပါရှိလာသည်။ သဝဏ်လွှာက ဘာတဲ့လဲ၊ ဘာရေးထားသလဲ။

"မြန်မာဘုရင်မင်းမြတ်အစိုးရသည် အကြွင်းမဲ့လက်နက်ချလိုက်ပြီဖြစ်ကြောင်း"

## ၁၂။ စစ်ရှုံးခြင်းမြင်ကွင်းကျယ်

### က

ဗြိတိသျှတို့ထံ မြန်မာဘုရင်မင်းမြတ်၏ နောက်ဆုံးသဝဏ်လွှာကို ပြန်ကြားခဲ့ပြီးနောက် စိတ်အထိခိုက်ဆုံး ဖြစ်ရသူမှာ ဘယ်သူဖြစ်မည်ထင်ကြသလဲ။

စုဖုရားလတ်။

မိဖုရားစုဖုရားလတ် ဖြစ်လေသည်။

တိုင်းနိုင်ငံ တစ်ဝှမ်းလုံးဆုံးရှုံးလက်လွှတ်ရပြီဆိုခြင်းကို သိလိုက်ရသော မိဖုရားသည်ယူကြုံးမရ အပူလုံးကြွပြီး ဆောက်တည်ရာမရ ဖြစ်ရှာလေသည်။

ဗြိတိသျှစစ်သင်္ဘောများ မန္တလေးဆိပ်ကမ်းသို့ လှမ်းချီလာပြီဆိုသည်နှင့် မိဖုရားစုဖုရားလတ်က အပျိုတော်မိန်းကလေးများကိုခေါ်ယူပြီး နန်းမြင့်ဆောင်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှားထွက်ခွာသွားသည်။[၁] မိဖုရားစုဖုရားလတ်သည် နန်းမြင့် မျှော်စင်သို့ရောက်သော် မျှော်စင်ပေါ်ရှိ အစောင့်စစ်သားကို အောက်မှလှမ်း အော်၍မေး၏။

"ကုလားဖြူစစ်သင်္ဘောတွေ ချီလာပြီလား၊ ဆိပ်ကမ်းကို ရောက်လာကြပြီလား"

နန်းမြင့်ပေါ်မှ စစ်သားကပြန်ဖြေသည်။ "မှန်လှပါ၊ ကုလားဖြူ စစ်သင်္ဘောတွေ ဆိပ်ကမ်းရောက်လာပါပြီ၊ ကုလားဖြူတပ်သားတွေ ကမ်းပေါ်ဆင်းလာပါပြီဘုရား"

မိဖုရားသည် မျှော်စင်သို့မော့ကြည့်နေရင်းက စစ်သား၏အဖြေကို ကြားရသည်။ ကြားပင်ကြားရသော်လည်း"နား"ကမယုံချင်။ မယုံရဲ။ မယုံဝံ့။ သည်တွင် စုဖုရားလတ်သည် ကြားရသောထိုသတင်းကို မျက်မြင် ကိုယ်တွေ့ဖြစ်ရအောင် နန်းမြင့်မျှော်စင်သို့ ပြေးတက်ကြည့်လေသည်။ အပျိုတော်တွေက အောက်မှာနေရစ်ခဲ့ကြသည်။ မိဖုရားတစ်ပါးတည်း စိတ် လိုက်မာန်ပါဖြင့် နန်းမြင့်မျှော်စင်ကို ပြေးတက်ခဲ့ခြင်းဖြစ်သည်။

နန်းမြင့်ပေါ်သို့ မိဖုရားရောက်ပြီ။ ရောဝတီ မြစ်ဆိပ်ဖက်သို့ မိဖုရား မျှော်ကြည့်၏။ မြင်ပြီ။ တွေ့ပြီ။ ကုလားဖြူစစ်သင်္ဘောတွေ အများကြီးပါ လား။ သဲသဲလှုပ်လှုပ်ရှိလှသည်။ ထိုအခါတွင် မိဖုရားသည် ဧရာဝတီ မြစ်ဆိပ်ကမ်းသို့ သေချာစွာထပ်ကြည့်၏။ ထပ်ကြည့်၍ ထပ်တွေ့သည်က ကုလားဖြူစစ်သားများ သင်္ဘောတွေပေါ်ကဆင်းလာသည့်မြင်ကွင်း၊ သေနတ်တွေတထမ်းထမ်း လှံစွပ်တွေတထောင်ထောင်နှင့် နေရောင်တွင် ဖွေးဖွေးလက်လက် အရောင်ထွက်နေသည်ကို မိဖုရားမြင်ရပြီ။

---

၁။ ၂၈.၉.၉၅ နေ့က တက္ကသိုလ်စိန်တင်သည် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်(အသစ်)သို့သွားရောက်ခဲ့၏။ နန်းမတော်စုဖုရားလတ်၏ အဆောင် ကို လေ့လာတွေ့ရှိခဲ့၏။ နန်းမြင့်မျှော်စင်သို့လည်းတက်၍ လေ့လာ ဓါတ်ပုံရိုက်ခဲ့ သည်။ စုဖုရားလတ်၏ နန်းမတော်ဆောင်နှင့်နန်းမြင့်မျှော်စင်မှာ ကိုက်၃၀၀ခန့် ဝေးကွာမည်ထင်ရသည်။ စုဖုရားလတ်အမောတကောပြေးလွှား သွားရောက်ခဲ့ပုံကို စာရေးဆရာက စိတ်အာရုံတွင် စိတ်မကောင်းစွာ ပြန်မြင်မိလေသည်။



မိဖုရားသည် ထိုမြင်ကွင်းကိုကြည့်ပြီး ရင်ထဲမှ ဆို့တက်လာဟန် ရှိသည်။ အသက်ရှူလို့ပင်မဝ။ "ဆုံးပြီ။ ရှုံးပြီ။ တိုင်းပြည်တော့ဆုံးပါပြီ၊ ရှုံးပါပြီ။" စုဖုရားလတ်သည် မဆည်နိုင် မတာနိုင်သောခံစားမှုဖြင့် နန်း မြင့်ပေါ်မှ ပြေးဆင်းလာရသည်။ မျှော်စင်အောက်သို့ရောက်သောအခါ မိဖုရားသည် ဆုံးဖြတ်စဉ်းစားနိုင်သောစွမ်းအား ကုန်ဆုံးသွားပြီထင်ပါရဲ့။ မိဖုရားက မိမိကိုယ်ကို မြေပြင်တွင်လှဲချလိုက်သည်။ မိဖုရား၏ဆံကေသာမှာ ဖိုးရိုးဖားရား၊ အဝတ်အစားတွေက ဖရိုဖရဲ၊ မျက်လုံးအိမ်က မျက်ရည်တွေ တွေတွေစီးကျရင်းက မိဖုရားသည် အော်ဟစ်ငိုကြွေးမိရှာသည်။

"ဆုံးပြီ၊ ရှုံးပြီ၊ မောင်တော်ဘုန်းတော်ကြီးဘုရားနဲ့ တိုင်းပြည်အလုံး ဒုက္ခကြီးရောက်အောင်လုပ်မိတာ ငါပါပဲ၊ ငါပဲ၊ ငါ့ကြောင့် စစ်လည်းရှုံး၊ တိုင်းပြည်လည်းဆုံးပါပြီ။ ဒီအဖြစ်ဆိုးကြုံရအောင် လုပ်မိတာ ငါပဲ... ငါပဲ"

မိဖုရားသည် မြေပြင်တွင်လဲနေရာမှ ဒူးထောက်၍ထ၏။ နှုတ်မှ လည်း နှောင်တစကားတွေ မြည်တမ်းရင်း ငိုကြွေးနေပြန်သည်။

အပျိုတော်ကလေးတွေမှာ အရှင်မိဖုရားကြီးအနားသို့ မကပ်ဝံ့ကြ။ ဖျောင်းဖျဆောင်းပန်၊ မပြုဝံ့ရှာကြ။ မိဖုရား၏၊ ဖြစ်ပုံ ပျက်ပုံ ခံစားနေရပုံကို၊ မကြည့်ရက်၍ ငိုကြွေးပြီး၊ ရှောင်ပြေးကြရှာသည်။

မိဖုရားသည် ရင်ကိုထုရင်းငိုနေသည်။ ငိုရင်းလည်း၊ ရင်ကိုဘုသည်။ "ရင်ထုမနာ"ဆိုသည်မှာ တကယ်ပဲဖြစ်လိမ့်မည်။ မိဖုရားဖြစ်နေပုံကိုပဲ ကြည့်ပါ။ အဝေးကပင်မြင်နိုင်ပါသည်။

၁၅ ိနစ်ခန့်ကြာအောင် မိဖုရားသည် ငိုကြွေးနေရှာ၏။ ငို၍ ဝလောက်အောင်ရှိတော့မှ မိဖုရားက နေရာမှထရပ်လေသည်။ ထိုအခါကျ တော့မှသာ အပျိုတော်ကလေးများသည် မိဖုရားအပါးသို့ကပ်ဝံ့ကြမည်။ တစ်ဦးက မိဖုရား၏ ပြေကျနေသောဆံကေသာကို ပြင်ဆင်ထုံးဖွဲ့ပေးသည်။ တစ်ဦးက ဖရိုဖရဲ ဖြစ်နေသော မိဖုရား၏ အဝတ်အစားများကို နေသား တကျဖြစ်အောင် ဆွဲဆန့်ပေးသည်။ တစ်ဦးက မိဖုရားကိုယ်မှာကပ်နေသော ဖုံမှုန့်သဲမှုန့်များကို လက်ဖြင့်ပွတ်သပ်ပြီး အသာအယာခါပေးနေသည်။ မိဖုရားသည် ထိုအခါမှ သက်ပြင်းရှည်ကြီးတစ်မှျင်ကို ဆွဲရှူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်တော်ဘုရား ဘယ်မှာစံနေပါလိမ့်၊ သည်လိုအားငယ်ဖွယ်အချိန်၌ မိဖုရားသည် မောင်တော် ဘုန်းတော်ကြီးဘုရားအနားမှာ ရှိသင့်သည် မဟုတ်လား။ မိဖုရားသည် ယခုမှပင် မောင်တော်ဘုရားကိုသတိရမိတော့ သည်။ "မောင်တော်ဘုရားရေ၊ အားငယ်တော်မမူပါနှင့်၊ လောကဓံတရား၏ ဖိစီးမှုကို မောင်တော် နှမတော်တို့ ရင်စည်းလို့ခံလိုက်ကြစို့ရဲ့"

မိဖုရားသည် မောင်တော်ဘုန်းတော်ကြီးဘုရားထံသို့ ကြွလှမ်းမည့် အပြုတွင် အပျိုတော်များကိုအမိန့်ပေးလိုက်သည်။

"ကဲ...အမိတို့....နန်းတော်ထဲက အမြန်ဆုံးရှောင်ကြ၊ ရှားပြ ကုလားဖြူ စစ်သားတွေ နန်းတော်ထဲဝင်လာပြီ။ ညီးတို့ကိုဆွဲလား ရမ်းလား လုပ်တာ မမြင်ပါရစေနဲ့အမိတို့ရဲ့"

မိဖုရားသည် မောင်တော်ဘုန်းတော်ကြီးဘုရားထံသို့ ကြွလှမ်းရန် ပြင်သည်။ မောင်တော်ဘုရားနှင့်တွေ့ဆုံပြီး အခြေအနေ အရပ်ရပ်ကို ရင်ဆိုင် ရန် အားပေးစကားပြောမည်။ ပြီးတော့...

အဆောင်တော်သို့ပြန်ပြီး ဖီးလိမ်းဝတ်စားပြင်ဆင်ရမည်။ မြန်မာ နန်းစဉ်ရတနာများကို မောင်တော်ဘုန်းတော်ကြီးဘုရားကိုလည်း ဆင်သစေ မည်။ မိမိလည်းဝတ်ဆင်ခြယ်သမည်။ ဘုန်းတော်အလွန်တရားကြီးမြတ် တော်မူသော ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ ရတနာခုနစ်ပါးတို့၏အရှင် တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့၏သခင် ဘုရင်ကေရာဇ်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့၏ ဘုန်းကံနှင့်အညီ ဝတ်ဆင်ခြယ်သပြီး နယ်ချဲ့ကုလား ဖြူ အကြီးအမှူးတို့ကို လက်ခံတွေ့ဆုံမည်။

အချိန်က နံနက် ၁၁ နာရီ။

သမိုင်းမှတ်တမ်းများကို ပြန်လှန်ကြည့်ရှုလျှင် အသေအချာတွေ့ရ မည့်နေ့ရက် အချိန်နာရီက ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက် ၁၁ နာရီ။

ဗြိတိသျှတပ်များသည် မန္တလေးရတနာပုံနေပြည်တော် သမိုင်းဝင် ဂေါ်ဝိန်ဆိပ်ကမ်းသို့ နံနက် ၁၁ နာရီတိတိတွင် ဝင်လေသည်။

မူလအစီအစဉ်အရ ကင်းဝန်မင်းကြီးကိုယ်တိုင် ဆိပ်ကမ်းသို့ဆင်းကြို မည်။ ကင်းဝန်မင်းကြီးမရောက်လာသေးလျှင် ဗြိတိသျှစစ်တပ်ကြီး



နေပြည်တော်တွင်းသို့ မဆင်းလာပါနှင့်ဟု ကြိုတင်မှာထားခဲ့သည်။ ထို့ ကြောင့် ဂျင်နရယ် ပရင်းဒါးဂတ်စ်သည် ကင်းဝန်မင်းကြီး ရောက်လာ မည့်အချိန်ကို ခေတ္တမျှစောင့်ဆိုင်းနေသေး၏။ ကင်းဝန်မင်းကြီးနှင့် ဂျင်နရယ် ပရင်းဒါးဂတ်စ်တို့ တွေ့ဆုံပြီး မိနစ်အနည်းငယ်ကြာဆွေးနွေးကြမည်။ ထို့နောက်မှသာ နေပြည်တော်ကို ဗြိတိသျှတပ်က သိမ်းယူရန်စီစဉ်ထား သည်။

သို့သော် ကင်းဝန်မင်းကြီးက အချိန်မီ ဆိပ်ကမ်းသို့ရောက်မလာ သဖြင့် အစီအစဉ်ကိုပြောင်းရသည်။ ဗြိတိသျှတပ်သည် ကင်းဝန်မင်းကြီး မပါဘဲ ရတနာပုံနေပြည်တော်ကို ချီတတ်သိမ်းယူရတော့မည်။

ဗြိတိသျှတပ်သည် ဘင်ခရာသံ တညံညံဖြင့် ရတနာပုံနေပြည်တော် သို့ဝင်လေသည်။ ဗြိတိသျှစစ်တပ်ကို ကောင်းချီးပေးမည့်သူမရှိ။ ကြိုဆို မည့်သူနတ္ထိ။ ဝမ်းသာအယ်လဲပျူငှာပြမည့်သူဝေလာဝေး။ ဘယ်လိုလုပ် ပြီးကြိုဆိုကြရမည်နည်း။ ဤစစ်တပ်ကား သူတစ်ပါးနိုင်ငံကို လက်နက် အားကိုးဖြင့် ကျူးကျော်ရန်လာသောစစ်တပ်၊ သူတစ်ပါးနိုင်ငံကို ကျူးကျော်ရန် လာသော လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်လား။

ဗြိတိသျှတပ်၏ ဘင်ခရာသံ တညံညံကို မကြားဖူးကြသော ခွေးတွေ က ဘင်ခရာတပ်ဖွဲ့အားမှလိုက်ပါပြီး ဟောင်နေကြသည်။ ထိုအချိန်က ရတနာပုံနေပြည်တော်မှာ ဘင်ခရာသံနှင့် ခွေးဟောင်သံများသာ ဆူညံနေ လေသည်။

ဗြိတိသျှတပ်နှင့် ကင်းဝန်မင်းကြီးတို့သည် နန်းမြို့အရှေ့တံခါးတွင် တွေ့ဆုံကြ၏။ ကင်းဝန်မင်းကြီးက ဆင်စီးလျက် ဗြိတိသျှတပ်မဟာမှူး ကာနယ်စလေဒင်နှင့်တွေ့ကြသည်။

ကင်းဝန်မင်းကြီးဦးဆောင်သော ဗြိတိသျှစစ်ဗိုလ် ကာနယ်စလေဒင် တို့အဖွဲ့သည် ညီလာခံခန်းမဆောင်သို့ ဦးတည်လာခဲ့ကြသည်။ ကင်းဝန် မင်းကြီးက ကာနယ်စလေဒင်ကို မေတ္တာရပ်ခံ၏။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့သည် ယခုပင် ဗြိတိသျှစစ်အရာရှိများကို လက်ခံတွေ့ဆုံကြ မည်။ သို့သော် ဗြိတိသျှစစ်တပ်ကို နန်းမြို့အတွင်းသို့ မဝင်ပါစေနှင့်။ ပြဿနာအရပ်ရပ် ရှုပ်ထွေးပွေလီခြင်းမဖြစ်စေရန် ဗြိတိသျှတပ်ကို

www.burmeseclassic.com

www.burmeseclassic.com



နန်းမြို့အပြင်မှာပင်ထားရှိစေရန် ကင်းဝန်မင်းကြီးကပြောဆိုနေ၏။ ကာနယ်စလေဒင်က ကင်းဝန်မင်းကြီးပြောသည်ကို နားလည်သဘောပေါက်၏။ ထို့ကြောင့် ဗြိတိသျှစစ်တပ်များကို နန်းမြို့အပြင်မှာပင်ထားရှိခဲ့သည်။

ကာနယ်စလေဒင် စကားပြန် နီကိုလပ်စ်၊ ဧရာဝတီ ဖလုတ်တီလာကုမ္ပဏီမှ ကပ္ပိတန်မော်ဂန်တို့သည် ကင်းဝန်မင်းကြီးနှင့်အတူ ညီလာခံခန်းမဆောင်သို့ ဝင်ရောက်ကြသည်။[၁]

ကာနယ်စလေဒင်သည် ယခင်က ဤညီလာခံခန်းမဆောင်သို့ အကြိမ်များစွာ ဝင်ရောက်ခစားဖူးပါ၏။ ယခုတစ်ခေါက် ဝင်ရောက်ခစားရာတွင် ယခင်အကြိမ်များနှင့် လားလားမှမတူတော့ပြီ။ ယခင်ကဆိုလျှင် သေနတ်နှင့်ဓားကို နန်းမြို့အပြင်မှာ ထားခဲ့ရသည်။ ညီလာခံခန်းမ မဝင်မီမှာပင် ရှူးဖိနပ်ကို ချွတ်ရသည်။ ယခုသော်ကား . . .

ဓားကိုကိုင်လျက်၊ သေနတ်ကိုခါးထိုးလျက်၊ ရှူးဖိနပ်ကိုစီးလျက် ညီလာခံခန်းမဆောင်သို့ ရဲရဲကြီးဝင်လေပြီ။ ဩော် ကာနယ်စလေဒင်က စစ်နိုင်သူပေကိုး . . .။

ဘုန်းတော်ကြီးမြတ်သော သီပေါဘုရင်မင်းမြတ်သည် မင်းမြောက်တန်ဆာပါးပါးကို ဆင်သလျက် သီဟာသနပလ္လင်တက်ဝယ် ခံ့ထယ်စွာ စံစားနေလေ၏။ သူ့အပါးမှ မိဖုရားကြီး စုဖုရားလတ်လည်း အတူရှိနေသည်။ ဤမြင်ကွင်းကား ကုန်းဘောင်မင်းဆက် ဘုရင်တစ်ပါးအနေဖြင့် နန်းပလ္လင်ထက်ဝယ် နောက်ဆုံးစံမြန်းခွင့်ရရှိခြင်းပေတည်း။

---

၁။ ၂၀ .၉ .၉၅ နေ့က စာရေးဆရာတက္ကသိုလ်စိန်တင်သည် မန္တလေးမြို့ မြနန်းစံကျော် ရတနာပုံရွှေနန်းတော်သို့ ရောက်ရှိခဲ့၏။ ရွှေနန်းဘော်ကြီးအဝင်ဂိတ်ဝတွင် ဓါတ်ပုံရိုက်ကင်မရာပါရှိသူများ အခွန် (၅၀)ကျပ်ပေးဆောင်ပါဟု စာတမ်းရေးထားသဖြင့် အခွန်ဆောင်ရင်း ဝန်းကျင်တစ်ခွင်ကို မျက်စိကစားကြည့်သည်။ ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့က ဗြိတိသျှတပ်များ နန်းမြို့အပြင်မှ ချရပ်နေပုံ ကာနယ်စလေဒင်နှင့် ဆင်စီးလာသော ကင်းဝန်မင်းကြီးတို့တွေ့ဆုံကြပုံများကို စာရေးဆရာက မျက်စိထဲတွင် တရေးရေးမြင်မိ၏။ ဩော် ရတနာပုံနေပြည်တော်သားတို့ နယ်ချဲ့ ကျွန်ဘဝရောက်ရှိပုံကို ပြန်တွေးရင်းဝင် အသက်ရှူကျပ်လာပါသေးမိသည်။



ဘုရင်မင်းမြတ်သည် ရာဇဏ္ဍြေကိုဆောင်လျက်ရှိသော်လည်း စိုးရိမ်တကြီလန့်နေသော မျက်လုံးများဖြင့် ကာနယ်စလေဒင်ကို လှမ်းကြည့်နေရှာသည်။ ထို့နောက် စိတ်တည်ငြိမ်မှုရအောင် ကြိုးစားသည့်ဟန်ဖြင့် ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိပြီး ဖွာနေလိုက်သည်။ ဆေးပေါ့လိပ်ကို ကိုင်ထားသော ဘုရင်မင်းမြတ်၏လက်ချောင်းကလေးများမှာ တုံခါလျက်ရှိ၏။ ဒါက ဘာကိုပြဆိုနေသလဲ။

နိုင်ငံတော် အဝှမ်းနှင့်တကွ နန်းပလ္လင်၏ အရိုက်အရာအားလုံး ပြည်သူပြည်သားအားလုံးကို တိုင်းခြားနယ်ချဲ့ ကျွန်အဖြစ် ကျရောက်မည် ဆဲဆဲ အချိန်မဟုတ်လား။ ပုထုဇဉ်သားကောင် မင်းတရားသည် ထိုမျှတော့ ခံစားရပေမည်လေ။

ဘုရင်မင်းမြတ်၏ဘေးတွင် မိဖုရားကြီး စုဖုရားလတ်ရှိနေသည်။ မြန်မာ့နန်းစဉ်ရတနာများကို ခံ့ညားစွာဆင်ယင်ထားသော မိဖုရား၏မျက်နှာမှာ တင်းမာခက်ထန်သည်လည်းမဟုတ်။ ပျော့ညံ့အရှုံးပေးနေသည်လည်း မဟုတ်။ ကုန်းဘောင်သွေး ကုန်းဘောင်မာန် ကုန်းဘောင်ဟန်အပြည့် ဖြင့် ရာဇဏ္ဍြေကိုခံ့ထည်စွာ ဆောင်ထားသည့်ပုံသဏ္ဍာန်။

ရွှေနန်းတော်၏ ညီလာခံခန်းမဆောင်သို့ အဆောင်အယောင် အပြည့်ဖြင့် ခံ့ညားစွာဝင်ရောက်လာသော ကာနယ်စလေဒင်ဆိုသည့် ကုလားဖြူစစ်အရာရှိကို မိဖုရားက သာမန်ဧည့်သည်တစ်ဦးထက်ပို၍ အသိ အမှတ်ပြုလိုဟန်မရှိ။ စုဖုရားလတ်သည် ထိုအခါတဒင်္ဂတွင် မောင်တော် ဘုန်းတော်ကြီးဘုရားဘက်သို့ စောင်းငဲ့ကြည့်လိုက်၏။ ပြီးတော့ ဘာမှစိုးရိမ် ရန်မရှိ၊ ရဲရဲရင့်ရင့်နေပြလိုက်စမ်းပါ ဆိုသည့်သဘော တိုးတိုးညင်သာ အားပေးစကားပြောနေသည်။

ဗြိတိသျှတပ်မှ ကာနယ်စလေဒင်သည် ညီလာခံခန်းမဆောင်မှာပင် အခြေအနေကိုအကဲခတ်နေ၏။ ညီလာခံခန်းမဆောင်မှာ အပ်ကျသံပင်ကြားရမလောက် တိတ်ဆိတ်ငြိမ်သက်နေသည်။ ထို့ပြင် မိဖုရားစုဖုရားလတ်၏ စူးရှတောက်ပြောင်သောအကြည့်သည်၊ ကာနယ်စလေဒင်၏ မျက်နှာကို မီးစနှင့် ထိုးနေသလားဟု ထင်မှတ်ယ် အရောင်တလက်လက်တောက်နေသည်။ သီပေါဘုရင်၏ ရာဇဏ္ဍြေဆောင်ထားသော မျက်နှာတော်ကား

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ညှိုးနွမ်းနေသည်ဟုထင်ရ၏။ ဆိုးဝါးလှသည်ကား သီဟာသနပလ္လင်၏ဘေး၌ သီးခြားသလွန်တော်တွင် နေရာယူစံစားနေသော မိဖုရားကြီးဆင်ဖြူမရှင်၏ မီးရောင်မီးပွင့်များ လက်နေသလားထင်မှတ်မှား ရအောင် ကြည့်နေသောမျက်လုံးအစုံ။ သေချာစွာကြည့်လျှင် ဒေါသ အခိုးအငွေ့များ တရိပ်ရိပ် ထွက်နေသည်လားဟုပင်ထင်ရသော မိဖုရားကြီး၏ မျက်လုံးတို့က နဂါးစင်စစ်သာဖြစ်ဘိမူ ကာနယ်စလေဒင်ကို ပြာကျ လောင်ကျွမ်းစေတော့မည့် အသွင်။

နယ်ချဲ့ကုလားဖြူ တပ်မှူးကာနယ်စလေဒင်သည် ဘုရင်မင်းမြတ်၏ ရှေတော်၌ ရှူးဖိနပ်စီး ဓားကိုင်ပြီး ရပ်နေရသည်ကိုပင် မလုံမလဲ။ ဤသို့ ဖြစ်နေရသည့်အချိန်၌ မိဖုရားနှစ်ပါးတို့၏ စူးရှထက်မြက်သော မျက်လုံး နှစ်စုံကို ဆက်ပြီးရင်မဆိုင်ဝံ့ဟန်ဖြစ်နေသည်။ ထို့ကြောင့် သူက တင်စရာ ရှိသည်ကို အမြန်တင်လျှောက်ရန် ကင်းဝန်မင်းကြီးကို တိုးတိုးညင်သာ သတိပေးနေလေသည်။

ကင်းဝန်မင်းကြီးက ကာနယ်စလေဒင် တင်လျှောက်လိုသည်များကို ဘုရင်မင်းမြတ်ထံ လျှောက်ကြားပေး၏။ ဘုန်းတော်ကြီးလှသော ဘုရင်မင်းမြတ်နှင့် မိသားစု၏အသက်ကို စောင့်ရှောက်ကာကွယ်ပေးရန် ဗြိတိသျှအစိုးရက အာမခံပါကြောင်း၊ ဘုရင်နှင့်မိဖုရား မိသားစုတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရန် သင့်လျော်သော တစ်နေရာသို့ ခေါ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်းကို စလေဒင်က တင်လျှောက်လေသည်။

သီပေါဘုရင်မင်းမြတ်က မိမိအနေဖြင့် ချွင်းချက်မရှိ လက်နက်ချကြောင်း၊ သို့သော် ယခုချက်ချင်း နေပြည်တော်မှ စွန့်ခွာမသွားလိုသေး။ လိုအပ်သောပြင်ဆင်မှုများပြုလုပ်ပြီးမှ ထွက်ခွာလိုကြောင်း ပြန်ကြားမိန့်မြွက်ခဲ့သည်။

ကာနယ်စလေဒင်သည် သီပေါဘုရင်၏ တုန့်ပြန်မိန့်ဆိုချက်ကို ကြားရသောအခါ ထိတ်လန့်သွားဟန်ရှိ၏။ သည်ကနေ့ နံနက်ပင် မိမိတို့ သူလျှိုအထောက်တော်များထံမှ သတင်းစကားကြားရသေးသည် မဟုတ်



လား။ သီပေါဘုရင်သည် တပ်ဖွဲ့လူအင်အားများစွာဖြင့် ရွှေဘိုမြို့သို့ ဘိတ်တဆိတ်ထွက်ခွာမည်တဲ့။

သည်လိုသတင်းကြားထားရသည်မို့ သီပေါဘုရင်ကို ရွှေနန်းတော်၌ အချိန်ကြာမြင့်စွာ ထားရှိရန်အရေး ကာနယ်စလေဒင် ရင်လေးရာသည် ထင်ရဲ့။ သူက တိကျပြက်သားစွာဖြင့် အရေးကြီးသောစကားကိုတင်လေသည်။

“ဘုရင်မင်းမြတ်၏ဆန္ဒကို မလိုက်လျောနိုင်ပါသဖြင့် မိမိအလွန်ဝမ်းနည်းပါကြောင်း၊ သို့သော် ယခုချက်ချင်း ဘုရင်မင်းမြတ်နှင့် မိဖုရားမိသားစုကို ခေါ်ဆောင်သွားမည်မဟုတ်ပါကြောင်း၊ ယနေ့တစ်ညတာမျှ နန်းတော်ထဲ၌ စံမြန်းနေထိုင်ပြီး ပြင်ဆင်ဖွယ်ရှိသည်တို့ကို ပြင်ဆင်စုဆောင်းနိုင်ပါကြောင်း၊ နက်ဖြန်နံနက်ရောက်မှသာ ဘုရင်မင်းမြတ်နှင့်မိသားစုကို ဧရာဝတီမြစ်အတွင်း၌ ဆိုက်ကပ်ထားသော သင်္ဘောပေါ်သို့ ပင့်ခေါ်မည်ဖြစ်ပါကြောင်း”

တင်လျှောက်ဖွယ်ရှိသည်တို့ကို တင်လျှောက်ပြီးသောအခါ ကာနယ်စလေဒင်သည် သီပေါဘုရင်မင်းမြတ်အား အရိုအသေပြု၍ နန်းတွင်းမှ ထွက်ခွာလာခဲ့သည်။ ထိုအချိန်အထိ နန်းမြို့အတွင်းသို့ ဗြိတိသျှတပ်များကို ဝင်ခွင့်မပြုသေး။ ဘရစ်ဂေးဒီးယားဝှိုက်ဦးစီးသော စစ်တပ်များကို နန်းမြို့အပြင်မှသာ ဝိုင်းဝန်းထားရန် တာဝန်ချထားသည်။

စလေဒင်သည် အခြေအနေအရပ်ရပ်ကို တင်ပြအစီအရင်ခံရန် ဧရာဝတီမြစ်ဆိပ်ရှိ ဂျင်နရယ်ပရင်ဒါးဂတ်စ်ထံသို့သွား၏။ သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့မှာ ဘယ်ဆီဘယ်လမ်း မှန်းဆ၍မရသော ခရီးအတွက် လိုအပ်သမျှ ပစ္စည်းပစ္စယများ စုဆောင်းပြင်ဆင်ရန် ကြိုးပမ်းကြရပြီ။

ညနေပိုင်းတွင် ဝန်ကြီးအချို့နှင့် ဘုရင့်အရာရှိများက နန်းတွင်းမှ အပျိုတော်များ မင်းမှုထမ်းများကို နန်းမြို့အပြင်သို့ ထွက်ခွင့်[illegible] ဗြိတိသျှတပ်မှူးထံသို့ မေတ္တာရပ်ခံ၏။ ဗြိတိသျှစစ်ဗိုလ်က[illegible] မိမိတာဝန်မယူနိုင်၊ စစ်ဦးစီးမှူးထံ သွားပြောကြပါဟု [illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်တွင် ဝန်ကြီးများသည် ဓါဝန်ဆိပ်ကမ်းရှိ ဗြိတိသျှ စစ်ဗိုလ်ချုပ်ထံသွားပြီး အခြေအနေအရပ်ရပ်ကို တင်ပြကြသည်။

ဂျင်နရယ်ပရင်းဒါးဂတ်စ်သည် နန်းမြို့အတွင်းမှ သီပေါဘုရင် ထွက်ပြေးလွတ်မြောက်သွားမည်ကို အလွန်စိုးရိမ်နေဟန်ရှိသည်။ သူက "နန်းမြို့အတွင်းက အပျိုတော်တွေ မင်းမှုထမ်းတွေ အိမ်ပြန်ခွင့်ပြုဖို့ဆိုတာ တော့ သိရပါပြီ။ သီပေါဘုရင်က ရွှေဘိုမြို့ကို ထွက်ပြီး ဗြိတိသျှစစ်တပ်ကို ခုခံမယ်လို့ သတင်းတွေကြားရတယ်။ အကယ်၍ ဘုရင်က မိန်းမပျိုတစ်ဦး အသွင် ဝတ်ဆင်ပြီး နန်းတွင်းက ထွက်ခွာသွားလျှင် ဘယ့်နှယ်လုပ်ရပါ့"

ဩော် သူစိုးရိမ်မည်ဆိုလည်း အပြစ်မဆိုသာပေဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရတနာပုံနန်းတွင်းမှာ ယောကျ်ားက မိန်းမလိုဝတ်၊ မိန်းမက ယောကျ်ားလိုဝတ်ခဲ့သောဖြစ်ရပ်ဇာတ်လမ်းတွေက မကြားချင်မှ အဆုံး မဟုတ်လား။ သီပေါဘုရင်လည်း ထိုဇာတ်လမ်းတွေအတိုင်း ကပြခဲ့သော် ဘယ်သို့လုပ်ရပါမလဲ။ ဘယ်သို့တားဆီးနိုင်မလဲ။ ပြောကြပါအုံး၊ ဆိုကြပါအုံး။ စဉ်းစားပေးကြပါအုံး။ နယ်ချဲ့စစ်ဗိုလ်ကြီးက ထိုသို့ ပြန်ပြော၏။ သည်တွင် ဝန်ကြီးများက တိကျသေချာသောစကားကို အပိုအလိုမရှိ ပြောကြသည်။

ဘုရင်မင်းမြတ် ရှောင်ခွာထွက်ပြေးမည်မဟုတ်။ "မင်းတို့စကား မိုးကြိုးသွား"တဲ့။ ဘုရင်မင်းမြတ်တို့စကားသည် မှသားမဟုတ်၊ လှည့်ဖျား လိမ်လည်မည်မဟုတ်။ မိုးကြိုးသွားနှယ် ရှူးရှထက်မြက်သောစွမ်းရည်ရှိ သည်။ ဘုရင်မင်းမြတ်သည် မိန်းမအသွင် ဝတ်ဆင်ပြီး ထွက်ပြေးသွားမည် ဟု စိုးစိမ့်မှု မစိုးရိမ်သင့်။ အကယ်၍ ထိုသို့ဖြစ်ခဲ့လျှင် မိမိတို့ဝန်ကြီးများအဖွဲ့၏ အသက်ကိုပေးလျော်မည်။

ဝန်ကြီးများက မိမိတို့အသက်ကို အာမခံတင်ပြီး ရဲဝံ့စွာပြောတော့မှ ဗြိတိသျှစစ်ဗိုလ်ချုပ်လည်း စိတ်ချယုံကြည်တော့သည်။ ရတနာပုံနန်းတွင်းမှ အပျိုတော်များ မင်းမှုထမ်းများ အိမ်သို့ပြန်ရန်ခွင့်ပြုမည်။



ခ

ဂျင်နရယ်ပရင်းဒါးဂတ်၏အမိန့်ဖြင့် နန်းမြို့အတွင်းရှိအပျိုတော်များ အိမ်ပြန်ခွင့်ပြုကြောင်းသတင်းသည် နန်းမြို့အတွင်း၌တမဟုတ်ခြင်း ပြန့်သွား၏။ အပျိုတော်များသည် ချက်ချင်းပင် မိမိတို့ယူနိုင်သမျှ တစ်ထမ်း တစ်ပိုးသယ်ပိုး၍ အိမ်သို့ပြန်ကြသည်။ ထိုအချိန်တွင် ဘုရင်နှင့်မိဖုရားတို့မှာ မိမိတို့ နန်းဆောင်အသီးသီးတွင်စံမြန်းရင်း သယ်ဆောင်သွားရမည့် နန်းစဉ် ရတနာပစ္စည်းများကို စုဆောင်းထုပ်ပိုးလျက်ရှိသည်။

ထိုအချိန်တွင် ဘုရင်နှင့်မိဖုရားတို့အား တိုင်တားမင်းကြီး ဦးဖိုးဦးစီး သော ဘုရင့်ကိုယ်ရံတော်တပ်က လုံခြုံစွာ အကာအကွယ်ပေးလျက်ရှိ၏။

သည်တွင် ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။

နန်းတွင်းမှ ရုံရွှေတော် အပျိုတော်အမှုထမ်းများသည် မိမိတို့ သယ်ပိုး နိုင်သမျှပစ္စည်းများကို သည်ပိုးပြီး အိမ်ပြန်ကြသည်။ မနိုင်၍ထားခဲ့ရသော ပစ္စည်းများကို နောက်တစ်ချီပြန်ပြီး"ကဲ့"ကြပြန်သည်။ ထိုအချိန်၌ နန်းတွင်း နန်းပြင် လူဝင် လူထွက် ရှုပ်ထွေးနေသည်။ ရတနာပုံနန်းတွင်းသို့ပြန်ဝင် ပြီး ပစ္စည်း"ကဲ့"သူများတွင် အရပ်သူအရပ်သားများ ပါလာကြသည်။ နန်းမြို့အတွင်းသို့ တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်ကြပြီ။ လိုချင်သမျှ ပစ္စည်းအဝဝကို သူ့ထက်ငါ အလုအယက် ယူငင်ဆွဲသယ်နိုင်ကြပြီဆိုသော ကောလာဟလသတင်းက ရတနာပုံနန်းပြင်သို့ လွင့်ပြန်လာလေ၏။

ဩော် လူဆိုသည်မှာ လောဘသားကောင်တွေပဲ မဟုတ်ပါလား။

ဖြစ်ရပ်က အတော်ကလေးအရုပ်ဆိုးသည်။ နန်းတွင်းသူတို့သည် နန်းတော်အပြင်သို့ရောက်သည်နှင့် သူတို့ဘာတွေ ကဲ့ဝှက်သယ်ယူခဲ့ ကြကြောင်းသတင်းက မောင်းကြေးနင်းမခတ်ရဘဲ ပြန့်လွင့်သွားသည်။ သည်တော့ စီးပွားဥစ္စာနွမ်းပါးဆင်းရဲသော အရပ်သူမိန်းမတစ်သိုက် မကြာမီ နန်းတွင်းသို့ဝင်လာကြသည်။ သူတို့သည် အိုးခွက်ပန်းကန်မှအစ ရွှေငွေစ ရသမျှပစ္စည်းများကို သယ်ယူပြီးပြန်လာခဲ့ကြသည်။ နန်းမြို့အပြင်မှ စောင့်ကြပ်နေကြသော ကုလားဖြူ ကုလားမဲ တပ်သားတွေအနေဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်း ဝင်ထွက်နေသူများကို ဘယ်သူကနန်းတွင်းသူ ဘယ်သူက အရပ်သူဟူ၍ ခွဲခြားမသိကြ။

အမှောင်ရောက်လာသောအခါ အခြေအနေကပိုဆိုးလာ၏။ မိန်းမကြီး၊ မိန်းမလတ်၊ မိန်းမငယ်၊ ကလေးဘုစုခရုပါမကျန် နန်းတော်ထဲသို့ ပြေးဝင်လာလိုက် ပြေးထွက်ကြလိုက်နှင့် ဝရုန်းသုန်းကားဖြစ်နေကြပြီ။ မိန်းမတစ်သိုက်သည် မှောင်ထဲမှာ မီးတိုင်တကားကားဖြင့် ဟိုအခန်းဝင် သည်အခန်းထွက်ဖြင့် ရသမျှပစ္စည်းပစ္စယ ကိုလီမုတ်စပါမကျန် အော်ကြီး ဟစ်ကျယ် ရှာဖွေယူငင်နေကြသည်။ ကျယ်လောင်ကျယ်လောင် စကားပြောသံများ၊ ရယ်မောသံများ၊ ရယ်မောသံများသည် နန်းတော်တွင်း၌ ကမ္ဘာပျက်နေသလား ထင်မှတ်မှားရပြီ။

ဘုန်းတော်ကြီးဘုရား သီပေါမင်းတရားနှင့် မိဖုရားစုဖုရားလတ်တို့မှာ ကြုံနေရသောအရေးအခင်းကို လက်ပိုက်ကြည့်နေရသည်။ ဘာမျှမပြောသာ။ ဘာမျှမဆိုသာ။ မည်သို့မျှမတားဆီးသာ။ နောက်ဆုံးတွင် ဘုရင်မင်းမြတ်နှင့် မိဖုရားတို့သည် စိုးရိမ်စိတ်ပွားလာကြသည်။ မီးတုတ်တကားကားနှင့်လူအုပ်ကြီးက ဘုရင်နှင့်မိဖုရားတို့စံမြန်းနေသောအဆောင်သို့ ဝင်လာကြသော် မခက်ပါလား။ ဘဝပျက်ရချည့်။

သီပေါဘုရင်က တိုင်တားမင်းကြီးကိုခေါ်သည်။ ကာနယ်စလေဒင်နှင့် သွားရောက်တွေ့ဆုံပြီး အခြေအနေကို ထိန်းသိမ်းတားဆီးရန် တိုင်တားမင်းကြီးအား စေလွှတ်လိုက်သည်။ ကာနယ်စလေဒင်မှာ သီပေါဘုရင်နှင့်မိဖုရားတို့၏ အဆောင်အနီးမှ သီးခြားအဆောင်တစ်ခုတွင် လဲလျောင်းအနားယူ အိပ်စက်ရန်ပြင်ဆင်နေသည်။

စလေဒင်သည် ဘုရင့်နန်းတော်အတွင်း၌ ဖြစ်ပျက်နေသောအရေးအခင်းကို ကိုယ်တွေ့မျက်မြင်ဖြစ်သွား၏။ ထို့ကြောင့် အရာရှိတစ်ဦးကိုခေါ်ပြီး ဟမ့်ရှာယာတပ်ရင်းမှ တပ်စုတစ်စုကို ဘုရင်နှင့်မိဖုရားတို့အဆောင်အား ဝန်းရံစောင့်ကြပ်စေဟု တာဝန်ပေးလိုက်သည်။ ထိုအချိန်၌ နန်းမြို့အတွင်း စည်းမရှိ ကမ်းမရှိ ဝင်ထွက်သွားလာနေကြသော အရပ်သူမိန်းမတစ်သိုက် အနည်းငယ်တန့်သွားသည်။ ဘုရင့်နန်းဆောင်သို့ နီးနီးစပ်စပ် မကပ်ရဲကြပြီ။



နောက်တစ်နေ့ နိုဝင်ဘာလ ၂၉ ရက်နေ့။

သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားစုဖုရားလတ်တို့သည် ရေမိုးချိုး ခံ့ထည်သစ်လွင်သော အဝတ်အစားများကို သန့်ပြန့်စွာဝတ်ဆင်ပြီး ဥယျာဉ်တော်အတွင်းရှိ မွေ့ရာသီစံနန်းတော်သို့ ထွက်ကြွစံမြန်းနေကြသည်။ ထိုအချိန်တွင် သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်ကို သယ်ဆောင်သွားမည့် သူရိယသင်္ဘောသည် ဧရာဝတီမြစ် ဂေါဝိန်ဆိပ်ကမ်းတွင် အသင့်ပြင်ဆင်ထားရှိသည်။ ဗြိတိသျှစစ်တပ်က မင်းနှင့်မိဖုရားနှစ်ပါးကို ရတနာပုံနေပြည်တော်မှ အမြန်ဆုံးခေါ်ယူသွားလိုကြသည်။ နေပြည်တော်တွင် သီပေါဘုရင်မရှိတော့မှသာလျှင် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစွာ အုပ်ချုပ်နိုင်လိမ့်မည်ဟု ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က ယူဆလေသည်။

ယိုနေ့နံနက်တွင် ဂေါဝိန်ဆိပ်ကမ်းမှ ဗြိတိသျှစစ်တပ်သည် ယမန်နေ့ကလိုပင် ဘင်ခရာသံတညံညံနှင့်၊ ခွေးဟောင်သံ တစီစီနှင့်၊ နန်းတော်သို့ စည်ကားစွာ ချီတက်လာပြန်သည်။ ယခုတစ်ကြိမ်တွင် ဗြိတိသျှတပ်နှင့်အတူ ဂျင်နရယ် ပရင်းဒါးဂတ်စ်လည်း လိုက်ပါလာသည်။

ဗြိတိသျှစစ်တပ်ကြီး မန္တလေးနန်းတော်သို့ ဝန်းပတ်ချီတက်လာချိန်တွင် သီပေါဘုရင်နှင့်မိဖုရားတို့သည် ထူးထူးခြားခြား သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပဖြစ်ကြသည်။

ဗြိတိသျှစစ်ဆင်ရေးအဖွဲ့နှင့် အတူပါလာသော လန်ဒန်တိုင်း သတင်းစာတိုက်မှ ရန်ကုန်သတင်းထောက် အီးကေမွိုင်လင်နှင့် သီပေါဘုရင်တို့ တွေ့ဆုံမေးမြန်းခန်းမှာ ဤသို့ဖြစ်လေသည်။

သီပေါဘုရင်နှင့်အတူ မိဖုရားစုဖုရားလတ်၊ စုဖုရားကြီးနှင့် မယ်တော်ဆင်ဖြူမရှင်တို့လည်း မွေ့ရာသီစံနန်းတော်တွင် အတူတကွ စံမြန်းလျက်ရှိသည်။ ဗြိတိသျှတို့ဘက်မှ စလေဒင်နှင့် လန်ဒန်တိုင်းသတင်းထောက် စကားပြန်တစ်ဦးတို့ ပါရှိကြပြီး အမေးအဖြေတို့မှာ ဤသို့ဖြစ်လေသည်။

---

၁။ လန်ဒန်တိုင်း **London Times** သတင်းစာ၊ ၅.၁၂.၁၈၈၅ နေ့ထုတ် သတင်းစာတွင် သတင်းစာရှင်းပွဲ သတင်းဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သတင်းယူနေချိန်တွင် ကာနယ်စလေဒင်နှင့် သတင်းထောက်မှိုင်လင်တို့သည် မတ်တပ်ရပ်လျက်ရှိသည်။ စလေဒင်သည် မြန်မာဘုရင်အား ပထမဆုံးအကြိမ် ဖိနပ်စီးလျက် ဦးမတုပ်ဘဲ တွေ့ခွင့်ရသူဟု သတင်းထောက်မှိုင်လင်က ရေးသားခဲ့သည်။

စုဖုရားလတ်သည် ဘုရင်မင်းမြတ်၏ဘေးတွင်ထိုင်လျက် ဘုရင်နှင့်သတင်းထောက် အပြန်အလှန်ပြောနေသည်ကို ဂရုတစိုက် နားထောင်နေသည်။ တစ်ခါတစ်ရံ၌ မိဖုရားကိုယ်တိုင် ဝင်ပြောသည်။

သတင်းထောက်မှိုင်လင်က "သီပေါဘုရင်သည် ကြံ့ခိုင်တောင့်တင်းသည်။ မျက်နှာထားသိမ်မွေ့သည်။ ငယ်ရွယ်နုပျိုသူ လူချောလူရည်သန့်တစ်ဦးဖြစ်သည်။ ကုန်းဘောင်မင်းနွယ်တို့တွင် ထူးခြားသော လက္ခဏာတစ်ခုဖြစ်သော နောက်သို့လျောကျသွားသော မဟာနဖူးမျိုး မရှိသူဖြစ်သည်" ဟု သေချာစွာရေးလေသည်။

**စလေဒင်** ။ လန်ဒန်တိုင်းသတင်းစာတိုက်က သတင်းထောက် မစ္စတာမှိုင်လင်က အရှင်နှစ်ပါးကို အလေးအမြတ်ပြုပါတယ်။ မိန့်တော်မူလိုတဲ့အကြောင်းအရာများရှိလျှင် မှတ်သားပြီး သတင်းစာမှာ ရေးလို့ရပါတယ်။

**သီပေါဘုရင်** ။ လန်ဒန်တိုင်းသတင်းစာကို ကိုယ်တော်ရှင်မြတ် ကောင်းကောင်းသိတယ်။ အင်္ဂလိပ်ပြည်သူတို့ရဲ့ သဘောထား အယူအဆတွေကို သိရှိလေ့လာချင်လို့ ဝန်ကြီးတွေက သတင်းစာကိုမှာယူပြီးမှန်မှန်ဖတ်ရှုပါတယ်။ ယခုလိုအခွင့်သာခိုက်မှာ မြန်မာဘုရင်ရဲ့သဘောထားဆန္ဒကို အင်္ဂလိပ်ပြည်သူများ ကြားနာစေလိုပါတယ်။ လန်ဒန်သတင်းထောက်ကြီးကလည်း ဘုရင့်စကားကြားနာရသမျှကို တစ်လုံးမကျန်ရေးသားတင်ပြဖို့ မေတ္တာရပ်ခံတယ်။

ထိုအချိန်တွင် ဘုရင်ပြောသမျှကို သတင်းထောက်မှိုင်လင်က လိုက်လံရေးသားသည်။ ရေးသားပြီးသမျှကို ပြန်လည်ဖတ်ပြသည်။

**သီပေါဘုရင်** ။ ကိုယ်တော်ရှင်မြတ်ဟာ ပါးစပ်ပိတ်နေချင်ပါတယ်။ ကိုယ်တော်တို့မှာရှိသမျှ အင်္ဂလိပ်တွေကိုပေးပြီးပြီ။ ဒီအချိန်မှာ နိုင်ငံတော်ကို ကာနယ်စလေဒင်ပဲ အုပ်ချုပ်စေချင်တယ်။ ကိုယ်တော်ရှင်မြတ်ဟာ ဘုရင်အပြင်နဲ့ မကောင်းတဲ့အကြံဉာဏ်တွေ အပေးခံရတဲ့သူပါ။ ဝန်ကြီးအဖွဲ့မှာ



အမြော်အမြင်ကြီးသူ၊ သစ္စာသမာဓိရှိသူ အလွန်ရှားပါတယ်။ သူတို့အသုံးမကျလို့ မဖြစ်သင့်ဖြစ်ထိုက်တာတွေဖြစ်ခဲ့တာ အလွန်နာကြည်းစရာပေပဲ။

**စုဖုရားလတ်** ။ (စကားပြန်ဘက်သို့လှည့်၍ပြော)သူတို့ကိုပြောလိုက်စမ်းပါ။ တို့မှာ အပျိုတော်(၃၀၀)ရှိခဲ့တယ်။ မနေ့ကညနေမှာ (၁၆)ယောက်ပဲရှိတော့တယ်။ တို့မှာ အသက်ရှင်နေတဲ့ ကလေးနှစ်ယောက်ရှိတယ်။ သုံးယောက်က ကွယ်လွန်ပြီဖြစ်လို့ မြောက်ဥယျာဉ်တော်မှာ မြှုပ်ခဲ့ရပြီ။

**သီပေါဘုရင်** ။ "မောင်မင်းတို့ အင်္ဂလိပ်တွေက ဆွေတော်မျိုးတော်မင်းညီမင်းသားအားလုံးကို ကိုယ်တော်ရှင်မြတ် သတ်ခဲ့တယ်လို့ ထင်နေကြတယ်။ အမှန်က ဒီလိုမဟုတ်ဘူး။ သူတို့အားလုံးဟာ လူသတ်အာဏာပါးကွက်သားတွေလက်ချက်နဲ့ သေဆုံးခဲ့ကြတာပါပဲ။ ကိုယ်တော်ကိုလည်းအစောင့်အကျပ်တွေချထားခံရတာပါပဲ။ ကိုယ်တော်ကိုယ်တိုင် အသတ်မခံရတာကတော့ ကျုပ်ဟာ အလွန်အေးချမ်းတဲ့ သားတော်တစ်ယောက်ပါလို့ ခမည်းတော်မင်းတရားကြီး နတ်ရွာမစံခင်က မိဖုရားကြီးကို ပြောကြားခဲ့တဲ့စကားကြောင့်ပါ။ ပုဏ္ဏားတော်တွေ ဇာတာဖွဲ့တော့ ကျုပ်ဇာတာဟာ ရှေ့ဆုံးက ထွက်လာခဲ့တယ်။ ကိုယ်တော်ရှင်မြတ် ရှင်ဘုရင်ဖြစ်ပြီးလို့ (၅)လ ကြာသည်အထိ ဘယ်ကိစ္စတွေထဲမှာမှမပါဝင်၊ မဆောင်ရွက်ခဲ့ပါဘူး။ ဆွေတော်မျိုးတော်တွေကို မသတ်ပါနဲ့၊ အကျဉ်းပဲချထားပါလို့ အမိန့်ပေးခဲ့ပါတယ်။ ဒါကလည်း နိုင်ငံတော်မှာ ဆူဆူပူပူမဖြစ်အောင်လို့ပါ။ မင်းညီမင်းသားတွေကိုသတ်ဖို့ ဝန်ကြီးများကအမိန့်ပေးတော့ ကိုယ်တော်က အိပ်ရာထဲမှာ အိပ်နေတာ။ နောက်(၈)လအကြာမှာ မင်းညီမင်းသားတွေကိုသတ်ခဲ့တဲ့ ရနောင်မင်းသားက ကိုယ်တော်ရှင်မြတ်ကိုသတ်ဖို့ ရန်ရှာပြန်သေးတယ်"

"မောင်မင်းတို့ အင်္ဂလိပ်တွေက ဘာမဆို ကိုယ်တော်ရှင်မြတ်လုပ်တာပဲလို့ ထင်နေကြတယ်၊ နောက်ကွယ်မှာ ဘာတွေ ဖြစ်နေခဲ့တယ်ဆိုတာကို ဘာမှမသိကြဘူး၊ ကိုယ်တော်ဟာ နန်းတော်ထဲက အပြင်ကို တစ်ခါမှမထွက်ခဲ့ဖူးဘူး၊ ကိုယ်တော်ဟာ အရက်သမားမဟုတ်ဘူးဆိုတာ အင်္ဂလိပ်တွေ သိစေချင်ပါတယ်၊ ကိုယ်တော်ရှင်မြတ်ဟာ ဘာသာတရားကိုင်းရှိုင်းတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ၊"

www.burmeseclassic.com

www.burmeseclassic.com



"အခုနေအခါမှာတော့ ကိုယ်တော်ရှင်မြတ်ဟာ နန်းစဉ်ရတနာ အားလုံးကို လက်လွှတ်လိုက်ပြီ။ လူမျိုးကြီးတွေဖြစ်တဲ့ အင်္ဂလိပ်တွေက ကိုယ်တော်ရဲ့လက်စွပ်နဲ့ မိဖုရားရဲ့လက်ဝတ်ရတနာတွေကို ကိုယ်တော်တို့ လက်မှာ ဆက်လက်ထားရှိဖို့ မကန့်ကွက်ဘူးလို့ ယူဆပါတယ်"

**စလေဒင်** ။ အရှင်နှစ်ပါးတို့ ဆက်လက်ဆင်မြန်းတော်မူကြပါ၊ အင်္ဂလိပ်များက ဘာမှမကန့်ကွက်ပါဘူး။

**သီပေါဘုရင်** ။ လန်ဒန်တိုင်းသတင်းထောက်ကြီးကိုလည်း နောက်ထပ်တွေ့ဆုံလိုပါသေးတယ်၊ ဂျင်နရယ်ပရင်းဒါးဂတ်စ်နဲ့အတူ နောက်ထပ်တစ်ခေါက် လာရောက်စေချင်ပါသေးတယ်။

သတင်းထောက်မှိုင်လင်နှင့် သီပေါဘုရင်တို့ တွေ့ဆုံခန်းမှာ ထိုမျှသာဖြစ်၏။ အချိန်ကလည်း များစွာမရ။ သီပေါဘုရင်နှင့်မိဖုရား မိသားစုတို့ကို သူရိယသင်္ဘောပေါ်သို့ ခေါ်ဆောင်သွားရမည့် မဟာတာဝန်ကြီးက စလေဒင်၏ ပခုံးပေါ်၌ ရှိနေသေး၏။ သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်ကို သူရိယသင်္ဘောပေါ်သို့ ပင့်ဆောင်ရန် ဗြိတိသျှဗိုလ်ချုပ်ကြီး ဂျင်နရယ်ပရင်းဒါးဂတ်စ်နှင့် တပ်ဖွဲ့သည် နေမွန်းတိမ်းသည်အထိ ရွှေနန်းတော်အပြင်မှ စောင့်ဆိုင်းနေကြ၏။

ဂ

သီပေါဘုရင်က ဥယျာဉ်တော် နွေရာသီနန်း၌ စံမြန်းနေစဉ် စလေဒင်ကို စကားတစ်ခွန်းပြောလိုက်သည်။

"စလေဒင် . . . ကျုပ်တို့မိသားစု ပစ္စည်းတွေ သိမ်းဆည်းလို့မပြီးသေးဘူး၊ ဒါကြောင့် ရွှေနန်းတော်မှာ နောက်ထပ်တစ်ရက် ဆက်နေဖို့ စီစဉ်ချင်တယ်"

စလေဒင်သည် နန်းတော်ပြင်ပသို့ ထွက်လာပြီး ဂျင်နရယ် ပရင်းဒါဂတ်စ်ကို အကျိုးအကြောင်းပြောပြ၏။ ဂျင်နရယ် ပရင်းဒါဂတ်စ်သည် ခေါင်းကိုခါရမ်း၍ပြလေသည်။ ဘုရင်မင်းမြတ်၏အလိုဆန္ဒကို မလိုက်လျောနိုင်ကြောင်း စစ်ဗိုလ်ချုပ်ကြီးက ပြတ်သားစွာ အဖြေပေးလေသည်။



ဩော် . . . ကြေကွဲဝမ်းနည်းဖွယ်ကောင်းလေစွ။ နယ်ချဲ့သမားအကျွန်ဖြစ်ရတော့မည့် ကဏ္ဍအစမှာပင် လွတ်လပ်ခြင်းကို ဆုံးရှုံးခဲ့ရပါပေါ့လား။ တစ်ချိန်သောအခါက တစ်သွေး၊ တစ်သံ၊ တစ်မိန့် တည်ခဲ့သော ဧကရာဇ်ဘုရင်မင်းမြတ်။ ယခုတော့ သူတစ်ပါး၏ ကျွန်ဘဝသို့ ရောက်ရတော့မည့်ကာလမှာပင် လွတ်လပ်မှုအဝဝ ဆုံးရှုံးခဲ့ရပါပကောလား။

စလေဒင်သည် သီပေါဘုရင်ထံသို့ ပရင်းဒါးဂတ်စ်၏အဖြေကို လာရောက်တင်လျှောက်၏။ သီပေါဘုရင်က ဂျင်နရယ်ပရင်းဒါးဂတ်စ်နှင့် တွေ့ဆုံမည်ဟုမိန့်ကြားလိုက်သည်။ ဤတွင်စလေဒင်သည် နန်းတော်ပြင်ပသို့ထွက်ပြီး ဂျင်နရယ်ပရင်းဒါးဂတ်စ်ထံ သတင်းပို့ရပြန်လေသည်။

ထိုအခါတွင် ဟမ့်ရှာရာတပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် နန်းတော်အတွင်းသို့ ကြိုတင်ချီတက်သွား၏။ ဂျင်နရယ် ပရင်းဒါးဂတ်စ် အတွက် လုံခြုံရေးဖြစ်သည်ဆို၏။ တပ်ခွဲသည် ဥယျာဉ်တော်ဝန်းကျင်သို့ သွားရောက်ကြသည်။ ထို့နောက် တပ်စုနှစ်စုခွဲပြီး မျက်နှာချင်းဆိုင်နေရာယူကြလေသည်။

သည်တော့မှပင် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်နှင့် အရာရှိများသည် မြန်မာအစိုးရဝန်ကြီးအချို့နှင့်အတူ ဥယျာဉ်တော်ရှိ နွေရာသီစံနန်းသို့ လမ်းလျှောက်ဝင်လာကြသည်။

ဂျင်နရယ် ပရင်းဒါးဂတ်စ်သည် သီပေါဘုရင်နှင့်မိဖုရားစုဖုရားလတ်၏ ရှေ့သို့ရောက်သည်နှင့် အရှင်နှစ်ပါးကို ဦးညွှတ်၍ အလေးပြုလိုက်သည်။ ထို့နောက် သီပေါဘုရင်မင်းမြတ်၏အနီးသို့ တိုးကပ်ပြီး လက်ဆွဲနှုတ်ဆက်ရန် ညာဘက်လက်ကို ဘုရင့်ထံကမ်းလိုက်၏။ သို့သော် ပရင်းဒါးဂတ်စ်ခမျာ အဆင်မပြေရှာ။ သီပေါဘုရင်နှင့်လက်ဆွဲနှုတ်ဆက်ရန် ကမ်းလာသော စစ်ဗိုလ်ချုပ်၏လက်သည် လေထဲတွင် စက္ကန့်အနည်းငယ်ကြာမျှ မြှောက်ထားရပြီး ပြန်ရုပ်သွားရရှာသည်။ မှားလိုက်ပလေ၊ ပရင်းဒါးဂတ်စ်ရယ်၊ တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့၏ဘုရင်၊ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုဋ္ဌာ ရတနာခုနစ်ပါးတို့၏အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဘ[illegible] ဘုန်းတော်ကြီးဘုရား သီပေါဘုရင်မင်းမြတ်ကို၊ တန်းတူရည်တူ[illegible] ယောက်နှယ် လက်ဆွဲနှုတ်ဆက်ရန် သူမို့ကြံစည်ရက်ပ[illegible] သီပေါ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်က ပရင်းဒါးဂတ်စ်ကမ်းလာသောလက်ကို ဆွဲကိုင်နှုတ်ဆက်ရန်ဝေးစွ၊ မျက်စေ့ကစားပြီး ကြည့်ပင်မကြည့်။

သည်ဖြစ်ရပ်ကို မြန်မာဘုရင့်ဝန်ကြီးများ မမြင်လိုက်ကြရ။ ဘာဖြစ်လို့လည်းဆိုတော့ ဝန်ကြီးများသည် ဘုရင့်ခြေတော်ဦးနိုက် ကြမ်းပြင်မှာ မျက်နှာအပ်၍ မော်၍ပင် ကြည့်ခွင့်မရှိ၍ဖြစ်သည်။

သီပေါဘုရင်မင်းမြတ်နှင့် ဂျင်နရယ်ပရင်းဒါးဂတ်စ်တို့အကြား စလေဒင်က စကားပြန်အဖြစ် ဆောင်ရွက်ပေးရသည်။

ဘုရင်မင်းမြတ်က ပထမဆုံးတောင်းဆိုသောအချက်မှာ လုံခြုံရေးဖြစ်သည်။

**သီပေါဘုရင်** ။ "စလေဒင်... ကိုယ်တော်ရှင်မြတ်နဲ့ မိသားစုအတွက် အသက်အန္တရာယ်မရှိရအောင်၊ လုံခြုံရေးကိုတာဝန်ယူပေးဖို့၊ ပရင်းဒါးဂတ်စ်ကို ပြောပါ"

**စလေဒင်** ။ "ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က ဘုရင်မင်းမြတ်နဲ့ မိသားစုရဲ့ အသက်အန္တရာယ်လုံခြုံရေးအတွက် အစစအရာရာ တာဝန်ယူကြောင်း ကတိပြုပါတယ်"

**သီပေါဘုရင်** ။ "လမ်းခရီးအတွက်လည်း လုံခြုံရေးစိစဉ်ပါ"

**စလေဒင်** ။ "ဘုရင်မင်းမြတ်နဲ့ မိသားစုအတွက် ခရီးထွက်ဖို့၊ သင်္ဘောမှာ အဆင်သင့်ဖြစ်နေပါပြီ။ သင်္ဘောသို့ သွားရာခရီးလမ်းမှာရော သင်္ဘောပေါ်မှာပါ၊ ဘုရင်မင်းမြတ်နဲ့မိဖုရား၊ သားသမီး မိသားစု အတွက် လုံခြုံရေးကို ဂျင်နရယ် ပရင်းဒါးဂတ်စ်က တာဝန်ယူကြောင်း ကတိပြုပါတယ်"

ပရင်းဒါးဂတ်စ်နှင့်လည်းကောင်း၊ စလေဒင်နှင့်လည်းကောင်း သိပ်များများစကားပြောရန်မရှိ။ ဘုရင်မင်းမြတ်အနေဖြင့်လည်း သည်ပုဂ္ဂိုလ်နှင့် စကားသိပ်မပြောချင်။ သည်တော့ ပြောဖွယ်ဆိုဖွယ်ကိစ္စသည်မှာပင်ပြတ်သွား၏။

**သီပေါဘုရင်** ။ "ကဲ သူတို့နဲ့စကားပြောဖို့ကဒါပဲ။ မေးစရာရှိတာက ကိုယ်တော်ရှင်မြတ်နဲ့အတူလိုက်ပါဖို့ ဝန်ကြီးတွေထဲက ဘယ်သူရှိသလဲ တင်ကြလျှောက်ကြပါအုံး"

BURMESE CLASSIC .com



မေးသူကမေးပြီး ဖြေသူတွေဖြေကြပေတော့။ ဘုရင်မင်းမြတ်နှင့်အတူ မည်သူတွေလိုက်ပါကြမည်နည်း။

ဘုရင့်ခြေတော်အစုံသို့ ဦးခိုက်ပြီး ဝပ်တွားနေကြသော ဝန်ကြီးများကို သနားဖို့ပင် ကောင်းပါသေးတော့။ ဝန်ကြီးများသည် တစ်ဦးနှင့်တစ်ဦး ကြားနိုင်ရုံမျှ လေသံဟလျက် ဘယ်သူလိုက်မှာလဲ တိုင်ပင်မေးမြန်းကြရာသည်။ သို့သော် ဝန်ကြီးတစ်ပါးကမျှ ဘယ်ဆီယော်ရမ်း မျှော်မှန်း၍မရသော ထိုခရီးကိုလိုက်ပါရန် ဆန္ဒမထုတ်ဖော်။ သြော် ကံဇာတာညှိုးနွမ်းလို့ အနိမ့်နန်းသို့ စံမြန်းရမည့်ဆဲဆဲကာလမှာ ကိုယ်တော်ရှင်မြတ်ကို သံယောဇဉ်ထားမည့် ဝန်ကြီးတစ်ပါးမျှမရှိတော့ပါကလား။ ဘုရင်မင်းမြတ်နှင့် လိုက်ပါမည့် ဝန်ကြီးတစ်ပါးမျှ ခေါင်းမဖော်တော့ပါကလား။

သည်အချိန်မှာ ဝန်ကြီးတစ်ပါးက ခေါင်းကိုမော့ လက်ကိုမြှောက်၍ တင်လျှောက်လာသည်။ တိုင်တားမင်းကြီးဦးဖိုး။ "ဘုန်းတော်ကြီးဘုရား မိသားစုနှင့်အတူ သေအတူရှင်မကွာ နောက်တော်ပါးက တစ်ဖဝါးမခွာ လိုက်ပါမည်ဖြစ်ပါကြောင်း တင်ဝံ့ပါသည် ဘုရား"

သီပေါဘုရင်မင်းမြတ်သည် တိုင်တားမင်းကြီးဦးဖိုး၏ လျှောက်တင်သံကို ကြားရသောအခါ အနည်းငယ်ကျေနပ်ပီတိဖြစ်ဟန်ပြ၏။ သည်မျှနှင့် အားမရနိုင်သေး။ ကင်းဝန်မင်းကြီးဦးကောင်းကို မေးရဦးမည်။

**သီပေါဘုရင်** ။ "ကင်းဝန်ဘိုးဘိုးကော မလိုက်တော့ဘူးလား"

**ကင်းဝန်မင်းကြီး** ။ "ဘုန်းတော်ကြောင့် နိုင်ငံတော်အတွင်းမှာ ဆောင်ရွက်ဖွယ်များ ရှိနေကြောင်းပါဘုရား၊ လိုအပ်မည်ဆိုလျှင်ဘုရင်မင်းမြတ်နှင့်အတူ လိုက်ပါပါမည်ဘုရား"

သီပေါဘုရင်မင်းမြတ်သည် ကင်းဝန်မင်းကြီးဦးကောင်း၏ လျှောက်တင်သံကိုကြားရသောအခါ မျက်နှာတော်ညှိုးနွမ်းသွားရာသည်။ ဘာမျှဆက်လက်မိန့်ကြားရန်၊ ဆန္ဒမရှိတော့ပြီ။ သြော်... ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက် ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ မင်းချမ်းသာဆိုသည်မှာ တကယ့်ကို ရေပွက်ပမာပေပဲ။ ခုပဲကြည့်တော့လေ။ ကိုယ်တော်ရှင် မြတ်နောက်တော်ပါးမှာ လိုက်ပါမည့်ဝန်ကြီးတွေ တစ်ဦးတစ်လေပဲ ရှိပါတော့ကလား။

www.burmeseclassic.com

www.burmeseclassic.com



နေမွန်းတိမ်းပြီ။

နွေရာသီစံနန်းတော်မှ သီပေါဘုရင်ခင်းမြတ်နှင့် မိဖုရား မိသားစုသည် ထွက်ခွာကြွလှမ်းရန် အရိပ်အယောင်မျှပင် မပြကြသေး။ ဂျင်နရယ်ပရင်းဒါးဂတ်စ်သည် စလေဒင်ကို လှမ်းကြည့်၏။ စိတ်မရှည်တော့ဟန်မျက်နှာထားက ပရင်းဒါဒဂတ်စ်၏ပြီးတော့ သီပေါဘုရင်ကိုကြည့်၏။ နောက်လက်ပတ်နာရီကိုကြည့်၏။ မျက်နှာမှာ ပေါ်လွင်နေသည်။

**ပရင်းဒါးဂတ်စ်** ။ "ဆောင်ရွက်ရန်ကိစ္စများ၊ အချိန်မီဆောင်ရွက်ဖို့ ဘုရင်ကိုလျှောက်ထားပါစလေဒင်"

**စလေဒင်** ။ "ဘုရင်မင်းမြတ်နဲ့မိသားစု၊ ခရီးထွက်ခွာရန် အချိန်ရောက်ပါပြီ"

**သီပေါဘုရင်** ။ "အချိန်အနည်းငယ်စောင့်ပါအုံး စလေဒင်"

**စလေဒင်** ။ "ဗိုလ်ချုပ်ကြီးခင်ဗျား၊ ဘုရင်က၊ အချိန်အနည်းငယ်ပေးရန်တောင်းဆိုပါတယ်"

**ပရင်းဒါဂတ်စ်** ။ "၁၀ မိနစ်ပေးပါတယ်"

ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်သည် ထိုသို့ပြောပြီး၊ ဘုရင်မင်းမြတ်အား ဦးညွှတ်အလေးပြု၍ နေရာမှထွက်ခွာခဲ့သည်။ သူနှင့်ပါလာသောအရာရှိများလည်း လိုက်ပါသွား၏။ အစောင့်တပ်သားများနှင့် စလေဒင်တို့သာ နွေရာသီ နန်းတော်အတွင်း၌ ကျန်ရစ်ခဲ့လေသည်။

ဘုရင်နှင့်မိဖုရားသည် ဉယျာဉ်တော်အတွင်းရှိ ရေပန်းမှ ရေတဖွားဖွား ပန်းထွက်နေသည်ကို အမှတ်မထင်ငေးကြည့်နေ၏။ ရေပန်းတို့မှ လွင့်ပျံလာသော ရေမှုန့်များကိုကြည့်ပြီး အရှင်နှစ်ပါးတို့ရင်မှာမအေးနိုင်။ ရေငွေ့ပူများဆူပွက်ကျလာသလားထင်ရပြီ။

## ၁၃။ ထွက်တော်မူနန်းကခွာတယ်

### က

အချိန်ရောက်ပြီ။

သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့၊ ရတနာပုံ ရွှေနန်းမှ ထွက်ခွာရန် ပေးထားသည့် ၁၀ မိနစ်၊ အချိန်စေ့ပါပြီ။

သီပေါဘုရင်မင်းမြတ်သည် နွေရာသီစံနန်းမှ ထွက်ခွာရန်၊ ပြင်ဆင်လေ၏။ ဘုရင်မင်းမြတ်နှင့် အတူ မိဖုရားစုဖုရားလတ်၊ စုဖုရားငယ်၊ စုဖုရားကြီးတို့ ညီအစ်မသုံးဦး မယ်တော်ဆင်ဖြူမရှင်မိဖုရားကြီးတို့ အတူတကွ လိုက်ပါကြမည်။ ဘုရင်မိသားစုနောက်မှ အပျိုတော်အချို့နှင့် အမျိုးသမီးငယ်ကလေးများလည်းလိုက်ပါကြသည်။ အပျိုတော်ကလေးများသည် ငွေဖိုင်တစ်နိုင်ထုပ်ပိုးထားသော ကိုယ်ပိုင်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ကလေးများကို အချို့ကစွက်လျက် အချို့ကလက်ကဆွဲလျက် မျက်နှာမသာမယာဖြင့် လိုက်ပါလာကြသည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားမိသားစုသည် ညီလာခံခန်းမသို့ဝင်ပြီး ပြိုးပြိုးပြက်ပြက် အရောင်လက်နေသော သီဟာသနပလ္လင်တော်ကို ခေတ္တရပ်ကြည့်၏။ တောက်ပြောင်ဝင်းလက်နေသော စုလစ်မွန်းချွန်နှင့်၊ လက်ရာမြောက်လှပေသည့် ပန်းပုလက်ရာအဖြာဖြာနှင့်၊ ဟင်္သာပြဒါးရောင်တောက်လှသော ယွန်းအနုပညာတို့ဖြင့် ထုံမွမ်းသော ဤရွှေနန်းပလ္လင်ကို ဘုရင်မင်းမြတ်နှင့် မိဖုရားတို့သည် မြတ်နိုးတွယ်တာစိတ်ဖြင့် ခေတ္တရပ်ဆိုင်း၍ ကြည့်၏။ တစ်ချိန်က တိုင်းနိုင်ငံပြည်အရေး ဆွေးနွေးဆုံးဖြတ်ခဲ့ရာ သီဟာသနပလ္လင်မဟာကို သည်တစ်ကြိမ်သာ ရှုခွင့်ရတော့မည်။ နောက်တစ်ကြိမ် နောက်တစ်ခါ နန်းပလ္လင်ပေါ်မှာ စံမြန်းခွင့်ကား အဝေးကြီးဝေးသွားပါပြီ။

ငယ်ငယ်ရွယ်ရွယ်၊ နုနုနယ်နယ် ဘုရင်နှင့်မိဖုရားတို့သည် ညီလာခံခန်းမဆောင်မှ ပလ္လင်ကြီးကို အပြီးတိုင် ရှုမဝ၊ ကြည့်မဝ၊ မြတ်နိုးတွယ်တာမဝ ဖြစ်နေကြသည်။ အနီးတွင် အဖွားအိုမိဖုရားကြီးသည် မျက်ရည်စေ့လျက် ရပ်နေသည်။ မိဖုရား ဆင်ဖြူမရှင်၏ စိတ်အစဉ်တွင် ဘာတွေများမြင်နေပါလိမ့်။ မိမိဆင်ခဲ့သော ရုပ်သေးရွှေနန်းသည် ဇာတ်သိမ်းမကောင်းဖြစ်ရပုံကို နှမြောတသ ဝမ်းနည်းနေရှာသလား။

အရေးထဲ အရာပေါ်ဆိုရမည်လားမသိ။ ဘုရင်နှင့်မိဖုရားမိသားစုတို့ သီဟာသနပလ္လင် လွမ်းခန်းဖွင့်နေစဉ် ကာနယ်စလေဒင်က ဘုရင်ကို အနီးကပ်၍ သတိပေးနေသည်။ အချိန်သိပ်မရတော့သည့်အကြောင်း။

သည်အခါမှ ဘုရင်၊ မိဖုရားနှင့်မိသားစုသည် ရွှေနန်းတော်အရှေ့တံခါးဆီသို့ ထွက်ချီလာကြလေသည်။ ဘုရင်နှင့်မိဖုရားတို့ နောက်တွင် ဝင်လုဆဲဆဲနေ၏အလင်းရောင်က ပြိုးပြိုးပြောင်ပြောင်ဖြစ်နေသော ရွှေနန်းဆောင်ကို လွှမ်းခြုံသိုင်းပတ်ထား၏။ နန်းရွှေ မြို့တံခါးကို ကျော်ဖြတ်ရန်မှာ မိနစ်အနည်းငယ်သာကြာလေသည်။ ဘုရင်နှင့်မိဖုရားတို့၏ ဝဲယာဝန်းကျင်၌ ဗြိတိသျှတပ်သားတို့သည် ခြံရံ၍ စောင့်ကျပ်နေကြ၏။



ဘုရင်မင်းမြတ်နှင့် မိဖုရားစုဖုရားလတ်မိသားစုကို ၄ မိုင်ခန့်ကွာ ဂေါဝိန်ဆိပ်ကမ်းသို့ပို့ဆောင်ရန် နန်းတော်ပြင်ပတွင် လူထမ်းသော ရွှေဝေါတော်များ အဆင်သင့်ထားရှိသည်။ ဘုရင်မင်းမြတ်က ဝေါကိုမစီးချင်။ အမိုးမပါ၊ အကာအမဲ့ သည်ရွှေဝေါတော်များပေါ်၌ လူမြင်သူမြင်ခံ၍ စစ်ရှုံးခဲ့သော ဟောဒီမျက်နှာကြီးတွေကို မပြချင်ဘူးထင်ပါရဲ့။ ဘုရင်က ဝေါကို မဆီးချင်ဘူးဆို၍ အစီအစဉ်တစ်မျိုးပြောင်းရသည်။

သည်တွင် ဝန်ကြီးတစ်ပါးက နွားဆွဲသော ဘိရိုလှည်းကို ရှာဖွေစီစဉ်ပေးသည်။ ဘုရင်နှင့်မိဖုရား မိသားစုသည် အမိုးအကာပါသော ထိုနွားလှည်းပေါ်သို့ တက်ရောက်နေရာယူကြသည်။ မကြာမီ မြန်မာနိုင်ငံ၏ ပြည့်ရှင်မင်းတရားနှင့် မိဖုရားဆွေမျိုးတစ်စု လိုက်ပါလာသော ဘိရိုလှည်းသည် ဧရာဝတီမြစ်ဆိပ်သို့ဦးတည်၍ ထွက်ခွာလာပါပြီ။

ဘုရင်နှင့် မိဖုရားတို့စီးလာသော ဘိရိုလှည်းကို ဗြိတိသျှစစ်တပ်က ရှေ့နောက်ဝဲယာ ဝန်းရံ၍ချီတက်လာ၏။ ဗြိတိသျှ စစ်တပ်သည် တိတ်တိတ်ဆိတ်ဆိတ်မဟုတ်။ ဘင်ခရာသံတညံညံဖြင့် အောင်စည် အောင်မောင်းဆော်နှက်သည့် ပုံစံဖြင့်ချီတက်လာ၏။ ဗြိတိသျှစစ်တပ်၏ ဘင်ခရာသံမှာ အဝေးမှကြားနေရသော မြန်မာပြည်သူတို့နားတွင် မသာယာ။ ဇာတ်ထဲပွဲထဲက မျောက်မင်းအုံ့သံကို ကြားရသည့်နှယ်ရှိတော့သည်။ မျိုးချစ် စိတ်ဓာတ်အခြေခံရှိသော မြန်မာအမျိုးသားတို့မှာ အားမတန်၍ မာန်လျှော့ခဲ့ရသော အဖြစ်ဆိုးကြောင့် အံတကြိတ်ကြိတ်။

ရွှေနန်းတော်မှ ထွက်ခွာလာခဲ့၍ ၂ မိုင်ခန့်မျှခရီးပေါက်သောအခါ ရှေ့နောက်ဝဲယာဝန်းကျင်တစ်ခုလုံးမှာ မှောင်ရိပ်သန်းခဲ့ပြီ။ ဂျင်နရယ်ပရင်းဒါးဂတ်စ်သည်လည်းကောင်း၊ ကာနယ်စလေဒင်သည်လည်းကောင်း လွှမ်းခြုံလာသောအမှောင်ရိပ်ကြောင့် စိုးတထိတ်ထိတ်ဖြစ်နေကြသည်။ မြန်မာလက်နက်ကိုင်တပ်ဖွဲ့က ရုတ်တရက်ဝင်စီးပြီး ဘုရင်နှင့်မိဖုရားတို့ လုပြေးခဲ့သော် မခက်ပါလား။

ထိုအချိန်တွင် ဘုရင်နှင့် မိဖုရားတို့လိုက်ပါလာသော ဘိရိုလှည်းဆီမှ လက်ခုပ်သံတစ်ချက်နှစ်ချက်ထွက်လာသည်။ ဘိရိုလှည်းဝန်းကျင်မှ အင်္ဂလိပ်စစ်သားတို့က လက်ခုပ်သံကြားရာသို့ လှည့်ကြည့်သည်။ ဘိရို

www.burmeseclassic.com

www.burmeseclassic.com


လှည်းအတွင်းမှ မိဖုရားစုဖုရားလတ်က ဆေးပေါ့လိပ်ကိုပြပြီး မီးခြစ်ခြစ်ဟန်လုပ်ပြသည်။ မီးခြစ်ပါသလား။ ပါရင်ခဏပေးစမ်းပါဆိုသည့်သဘော။ လက်ဟန် ခြေဟန်ဖြင့် ပြောနေ၏။

စစ်သားတစ်ဦးက မိဖုရားပြောလိုသောစကားကို နားလည်ဟန်ရှိသည်။ ဘောင်းဘီအိတ်ထဲမှ သစ်သားမီးခြစ်တစ်လုံးထုတ်ယူပြီး မိဖုရားထံ ပြေးသွားပြီး ကမ်းပေး၏။ မိဖုရားစုဖုရားလတ်သည် စစ်သားထံမှ မီးခြစ်ကိုယူပြီး ဣန္ဒြေရရပင် ဆေးပေါ့လိပ်ကို မီးညှိ၏။ ပြီးတော့ ကျေးဇူးတင်သည့်သဘောပြုံး၍ ခေါင်းငြိတ်ပြပြီး မီးခြစ်ကိုပြန်ပေးလိုက်သည်။

သည်တွင် စဉ်းစားဖွယ်ဖြစ်၏။ မိဖုရားစုဖုရားလတ်သည် အမှန်တကယ်ပဲ ဆေးလိပ်သောက်ချင်လို့လား။ ဆေးပေါ့လိပ် ဖွာချင်ပါလျက် မီးခြစ်မပါလာတာကော ဟုတ်လို့လား။ ဒါမှမဟုတ် နင်တို့ဖမ်းဆီး ခေါ်ဆောင်လာတာလောက်တော့ အပြော့ပေါ့ယော့။ ငါတို့က ဆေးလိပ်သောက်တောင်မပျက်ဘူးဟု မိဖုရားက ပြောချင်လေသလား။ သည်အဖြေများကို မိဖုရားစုဖုရားလတ်ကိုယ်တော်တိုင်သာလျှင် သေချာစွာပေးနိုင်လိမ့်မည်ထားတော့။

မကြာမီ ဘီရိုလှည်းသည် ဂေါ်ဝိန်ဆိပ်ကမ်းသို့ရောက်ပါပြီ။ ဆိပ်ကမ်းရှိ ဗြိတိသျှစစ်သင်္ဘောများသည် မီးတဇိနိဆိနိထွန်းထားသည်။ စစ်သင်္ဘောများအလယ်၌ "သူရိယ"အမည်ရှိ မီးသင်္ဘောတစ်စီး။ ဘုရင်နှင့်မိဖုရားကို သူတစ်ပါးနိုင်ငံသို့ ပို့ဆောင်ပေးမည့် သင်္ဘော။

ဘီရိုလှည်းသည် သူရိယသင်္ဘောရှေ့တည့်တည့်တွင်ရပ်လိုက်သည်။ ဘီရိုလှည်းကို ဗြိတိသျှစစ်သားတစ်စုက ဝန်းရံကာဆီးထား၏။ ထိုသို့ဝန်းရံခြင်းမပြုလျှင်လည်းမဖြစ်။ မနီးမဝေးမှ မြန်မာတိုင်းရင်းသားပြည်သူအများသည် သူတို့ဘုရင်နှင့်မိဖုရားကို နောက်ဆုံးအကြိမ် ကြည့်ရှုခြင်းဖြင့် ဝန်းရံကြည့်ရှုနေကြသည်။ ပြည်သူများသည် အရှင်နှစ်ပါးကို ဦးတည်၍ ရှိခိုးကန်တော့နေကြသည်။ သည်အတွင်း ငိုရှိုက်သံများလည်း ကြိုကြားကြိုကြား ပေါ်လာလေသည်။ "မိမိတို့မှာ အမိမဲ့သား ရေနည်းငါးဖြစ်ရပါပြီ။ ကယ်မည့်သူဝေး၍ သောင်ပြင်လွှတ်သောခွေးကဲ့သို့ ဘေးရန်အသွယ်သွယ် အမှန်တကယ်ပင် ရင်ဆိုင်နေရပါပြီ"ဟု မပြောသော်လည်းပြောဘိသို့၊ မဆိုသော်လည်း ဆိုဘိသို့၊ မငိုသော်လည်း ငိုဘိသို့။

သို့သော် ကိစ္စမရှိ။ စိုးရိမ်ဖွယ်မရှိ။ သောကပွားဖွယ်မရှိ။ သည်ကိစ္စကား စင်စစ် နိုင်ငံရေးပေပဲ။ အင်အားကြီးသူ ဗြိတိသျှက အင်အားနည်းသူ မြန်မာပြည်သူတို့အပေါ်တွင် တစ်ဖက်သတ် ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူသွားသော နိုင်ငံရေးပေပဲ။ နိုင်ငံရေးဆိုသည်မှာ အတက်အကျရှိသည်။ အကွေ့အကောက်များသည်။ အလှည့်အပြောင်းလည်း ကြုံရတတ်သည်။ ယခုတစ်ကြိမ် သူက အပေါ်စီးလုပ်သွားလို့ အားငယ်ရန်မရှိ၊ ဝမ်းနည်းရန်မမြင်၊ သောကပွားရန်မလို။ တစ်နေ့သောအခါ၊ သည်နယ်ချဲ့ကောင်တွေထက် မိမိတို့ အင်အားသာသည့်အခါ အဖြေကို ပြောင်းပြန်လှန်ပစ်နိုင်မည် မဟုတ်ပါလား။

သည်အတွေးဖြင့်၊ သည်အမြင်ဖြင့်၊ သည်အယူအဆဖြင့် မျိုးချစ်မြန်မာခေါင်းဆောင်တို့သည် သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့ ဘီရိုလှည်းပေါ်မှဆင်းသည့်ရှုခင်းကို အထေးမှကြည့်ပြီး တက်တခေါက်ခေါက်။[၁]

## ၁

သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့မိသားစုသည် သူရိယသင်္ဘောပေါ်သို့ တက်ရန်အဆင်သင့်ဖြစ်နေပြီ။ ဂေါ်ဝိန်ဆိပ်ကမ်းမှာ အနည်းငယ်မှောင်နေသည်။ ထို့ကြောင့် ဗြိတိသျှ စစ်အရာရှိတစ်ဦးက ရေနံဆီမီးမှန်အိမ်တစ်လုံးကို မြှောက်ထားပြီး ဘုရင်နှင့်မိဖုရားကို လမ်းပြပေးသည်။ ထိုအချိန်တွင် သီပေါဘုရင်သည် ညာလက်ကမိဖုရားစုဖုရားလတ်ကိုတွဲသည်။ ဘယ်လက်က မိဖုရားစုဖုရားငယ်ကိုတွဲသည်။ ပြီးတော့ ဆင်ခြေလျှောဖြစ်နေသော သင်္ဘောကုန်းပေါ်သို့ လှမ်းတက်ရန်ပြင်သည်။ သို့သော် ဘုရင်မင်းမြတ်၏ ခြေထောက်များက ကုန်းဘောင်ပေါ်သို့ မနင်းမိ။ သည်

---

၁။ ၁၈၈၆ ခုနှစ် ဧပြီလတွင် မြန်မာတော်လှန်ရေး တပ်ဖွဲ့ဝင်များသည် [illegible] မန္တလေးမြို့ရှိ ဗြိတိသျှနယ်ချဲ့ စစ်စခန်းများကို တစ်နေ့တည်း [illegible] ဝင်စီးပြီး တိုက်ခိုက်ခဲ့ကြသည်။

www.burmeseclassic.com



မြေ၊ သည်ရေ၊ သည်တော၊ သည်တောင်၊ သည်ပြည်သူ၊ သည်နိုင်ငံကို မင်းတရား၏ ခြေထောက်များက သံယောဇဉ်ထားနေသည်ထင်ပါရဲ့။ မီးရောင်မှိန်မှိန်မှာ မြင်နေရသည့် ကုန်းဘောင်ပေါ်သို့ ခြေထောက်က မနင်းမိ။ မလှမ်းမိ။

အခြေအနေအရပ်ရပ်ကို မိဖုရားစုဖုရားလတ်က အကဲခတ်မိသည်။ မောင်တော်မင်းတရား ခြေလှမ်းမှားတော့မည့်ပုံကို ပြည့်စုံစွာ အကဲခတ်မိသည်။ သည်နယ်ချဲ့မိစ္ဆာကောင်တွေရှေ့မှာ မောင်တော်မင်းတရား ဘာဖြစ်လို့များ ခြေလှမ်းတုံ့ဆိုင်းနေရသတဲ့လဲ။ မိဖုရားစုဖုရားလတ်သည် မောင်တော်ဘုရင်မင်းမြတ်၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဘုရင်မင်းမြတ်ကလည်း ပြန်ကြည့်သည်။ သည်တွင် မိဖုရားစုဖုရားလတ်က ကုန်းဘောင်သွေးကိုပြသည်။ နန်မတော်မယ်နု၏ မြေးဖြစ်ကြောင်းကို ပြသည်။ ဆင်ဖြူမရှင်မိဖုရား၏ သမီးတော်ဖြစ်ကြောင်းကိုပြသည်။ မိဖုရားသည် သီပေါဘုရင်၏ညာလက်ကို ခပ်နာနာကလေး ဆုပ်ကိုင်လိုက်၏ပြီးတော့ မိဖုရား၏ ခြေလှမ်းတို့က ကုန်းဘောင်ပြားကို တအားဖိနင်း၍ ရှေ့မှဦးဆောင်တက်သွားသည်။ သီပေါမင်းတရားက မိဖုရားနောက်မှ ခပ်သွက်သွက်ကလေး နင်းတက်သွားလိုက်ရသည်။[၁] မြင်ကြပြီမဟုတ်လား။ မိဖုရားစုဖုရားလတ်ဆိုတာ ဘယ်ဘဝသို့ရောက်ရောက် ဘယ်ခရီးသို့ပဲ ပေါက်ပေါက် ဘယ်တော့မှ အောက်ကျခံလိမ့်မည်မဟုတ်။ ဘယ်တော့မှ မာန်လျှော့လိမ့်မည်မဟုတ်။ ဘယ်တော့မှအားငယ်လိမ့်မည်မဟုတ်။

ဘုန်းတော်ကြီးဘုရား သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားစုဖုရားလတ် မိသားစု သူရိယသင်္ဘောပေါ်သို့ရောက်သည်နှင့် သင်္ဘောသည် ကုန်းဘောင်

---

၁။ ၂၈.၉.၉၅ နေ့က တက္ကသိုလ်စိန်တင်သည် မန္တလေးမြို့ ဂေါ်ဝိန် ဆိပ်ကမ်းသို့ ရောက်ခဲ့သည်။ လှေသင်္ဘောများ စည်ကားနေသော ဂေါ်ဝိန် ဆိပ်ကမ်းကိုငေးမော ပြီး စာရေးဆရာ အတွေးဖြာမိသည်။ နယ်ချဲ့၏ကျွန်ဘဝသို့ ရောက်ခဲ့ရသော မြန်မာသမိုင်းဝင် ဆိပ်ကမ်းမဟုတ်ပါလား။ ဆိပ်ကမ်းတွင် ကုန်ထမ်းနေသော လုပ်သားများ၊ ခရီးသွားများ၊ သင်္ဘော မော်တော်ဘုတ်များပေါ်မှ လူအများသည် အလုပ်မပျက် အကိုင်မပျက်၊ သည်နေရာ သည်ဒေသ၌ မြန်မာ့ဦးစွန်းမြေသို့ ယွန်းခဲ့ရသည့်အဖြစ်ဆိုးကို မည်သူမျှ သတိတရ မရှိကြသည့်နယ်တည်း။



ကိုသိမ်းပြီး ဂေါ်ဝိန်ဆိပ်ကမ်းမှ ခွာလေသည်။ သင်္ဘောကိုမြစ်လယ်၌ ကျောက်ချရပ်ထားလိုက်၏။

ရတနာပုံရွှေနန်း၏ နေဝင်ချိန်ဓာတ်လမ်းသည် ဤသို့ဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပြီ။ ထိုအချိန်၌ ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကောင်းကင်တိမ်သားတို့မှာ နေဂင်ဆည်းဆာ၏သဘာဝအတိုင်း လင်းလက်တောက်ပဆဲရှိနေ၏။ ဝင်သွားသော သူရိယနေမင်းကြီးသည် နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်၌ အရှေ့ဘက်ကောင်းကင်စွန်းမှ ထွန်းလက်လာဦးမည်ဆိုသည့် နိမိတ်ပုံပင်ဖြစ်ပါလိမ့်မည်။

တက္ကသိုလ်စိန်တင်

၂၉.၁၁.၉၅

(သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ် နယ်ချဲ့လက်သို့ ပါတော်မူသည့် နှစ်၁၁၀ ပြည့်နေ့)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အထောက်အကူရယူသောစာအုပ်များ


၁။ Into Hidden Burma - Maurice Collis

၂။ The Deposed King Thibaw of Burma(Myanmar) in India (1885-1916) - W.S.Desai

၃။ Mandalay The Golden - E.C.V Foucar

၄။ Burma After the Conquest - Grattan Gerry

၅။ Thibaw's Queen - H.Fielding

၆။ The Pagoda War - A.T.Q.Stewart

၇။ The Lacquer Lady - Tennyson Jesse

၈။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး(တတိယတွဲ)- ဦးမောင်မောင်တင်

၉။ နန်းခလေ့မှတ်တမ်းများ - မြကေတု

၁၀။ မန္တလေးမဟာရာဇဝင်တော်ကြီး -စစ်ကဲမင်းထင်ရာဇာ

၁၁။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည် - လူထုဦးလှ

၁၂။ ရတနာသိခမဟာရာဇဝင် - ထိပ်တင်ဒွေး

၁၃။ ဒိုင်းခင်ခင် - စိမ့် (ပညာရေး)

၁၄။ စာဆိုတော် - ဒဂုန်ခင်ခင်လေး

၁၅။ သီပေါမင်း နန်းတွင်းရေးမှင့် မြင်ကွန်းမင်း အတွင်းရေးအတ္တုပ္ပတ္တိ - အသျှင်ဥတ္တမဗုဒ္ဓိ

၁၆။ ကုန်းဘောင်ရွှာပုံတော် - အိုးဝေဦးညိုမြ


www.burmeseclassic.com